ရမ္မာဝတီပြည်သုမေဓာရှင်ရသေ့အဖြစ်မှစ၍
ကုသိနာရုံပြည်မလ္လာမင်းတို့၏
အင်ကြင်းရဂုံပင်မင်းစုံတွင်
ရွှေဘုံနိဗ္ဗာန်ခိုလှုံဝင်စံသည်အထိ
ဗုဒ္ဓမြတ်စွာစောသတ္တာ၏ ခြင်းရာဖြစ်ပုံအကြောင်းစုံကို

**ဒီပဲယင်းမြို့**

**သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်အရှင်**

စီရင်ဖွင့်ဆိုရေးသားအပ်သော

မူလမဟာဗုဒ္ဓဝင်ဟုဆိုအပ်သည့်

# တထာဂတဥဒါနဒီပနီ

## တတိယတွဲ

---

ဦးခင်စိုးအမှူးရှိသောပါဠိဆရာများ
ကြပ်မ,ကြည့်ရှု ပြင်ဆင်သည်။

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

**H 389—A** [ဟံသာဝတီ]

# နိဒါန်း

**ကျမ်းပြု ဆရာတော်**

ဤ တထာဂတဥဒါန ဒီပနီ ကျမ်းကို စီရင်တော်မူသော ကျမ်းပြုဆရာတော် အရှင်မြတ်သည်ကား– ဒိပဲယင်းမြို့ အနောက်တောင်ထောင့် ဇေယျဝဓု အမည်ရှိသော မြို့သူကြီးမင်း ဆောက်လုပ်လှူဒါန်းအပ်သည့် ၃–ထပ်ရွှေကျောင်းကြီးဝိဟာရ၌ ၄–ဖြာဗုဒ္ဓရိယာပထ မျှတရှင်ပြီး သီတင်းသုံး နေထိုင်တော်မူသော **သိရိသဒ္ဓမ္မာဘိလင်္ကာရ** ဘွဲ့အမည်ရှိ **ဒိပဲယင်း** ဆရာတော်ဘုရားကြီးပင် ဖြစ်လေသည်။

အဆိုပါ ဆရာတော်ဘုရားကြီးသည် သမ္မာသမ္ဗောဓိဘုရားဆုကြီးကိုတောင်းတော်မူသော အာဇာနေယျပုဂ္ဂလဝိသိသ် မဟာကရုဏာစိတ်လွှန်ကဲသူဖြစ်သည်အားလျော်စွာ ပညာပါရမီ ဖြည့်ရန်အလို့ငှာ၎င်း,သတ္တဝါအများ သဒ္ဓါတရားတိုးပွား၍ နိဗ္ဗာန်တိုင် အကျိုးများရန်အလို့ငှာ၎င်း ဤ**တထာဂတဥဒါနဒီပနီကျမ်း**ကိုပြုစီရင်တော်မူခဲ့လေသည်။

**ကျမ်း၏ အခြင်းအရာ**

"ဥဒါနကထာဝဒါနော၊အဖြစ်အပျက်နှင့်ယှဉ်သော ဥဒါန်းစကားကို ကြားဆိုတော်မူတတ်ထသော"ဟု ဤကျမ်း၏ နိဂုံးတွင် ဆိုထားသည်ကို ထောက်၍ **ဥဒါန–သဒ္ဒါ**သည် အဖြစ်အပျက်, အကြောင်းအရာ ဟု အဓိပ္ပါယ်ရပေသည်၊ သို့ဖြစ်၍ "တထာဂတဥဒါနဒီပနီ၊ ဘုရားသခင်၏ အဖြစ်အပျက်, ဘုရားသခင်၏ အကြောင်းအရာတို့ကို ထင်ထင်ရှားရှား,ပေါ်ပေါ်လွင်လွင်,ကျယ်ကျယ်ပြန့်ပြန့်ပြဆိုသော ကျမ်း"ဟု ဆိုရာကျပေသည်။

ထိုအတိုင်းလည်းမှန်နေပေသည်၊ ဘုရားသခင်၏ အဖြစ်အပျက်, အကြောင်းအရာများကိုပြဆိုသော မြန်မာစကားပြေကျမ်းများမှာ ဗုဒ္ဓဝင်ဝတ္ထု, ဇိနတ္ထပကာသနီ,ဗုဒ္ဓုပ္ပတ္တိကထာစသည်ဖြင့် များစွာရှိလေသည်၊ ထိုကျမ်းများတို့ထက်(သာသနာ-၂၃၁၆၊ကောဇာသက္ကရာဇ်၁၁၃၄-ခုနှစ်၌ ထွက်ပေါ်လာသော)ဤတထာဂတဥဒါနဒီပနီကျမ်းသည် ၂-ဆကျော်ခန့် ကျယ်ပြန့်နေသည့်အပြင် ထိုကျမ်းတို့ထက်ရှေးကျ၍ ထိုကျမ်းတို့မှီရာ မူလကျမ်းကြီးတဆူဖြစ်ပေသည်၊ တို့ကြောင့်ဤကျမ်းကြီး

ကို မူလမဟာဗုဒ္ဓဝင်ဟူ၍ဂင်း, မူလမဟာဇိနတ္ထပကာသနီ ဟူ၍ဂင်း, မူလမဟာဗုဒ္ဓါပဒါနကထာဟူ၍ဂင်း ခေါ်ဆိုပါက ခေါ်ဆိုနိုင်ကြောင်း ပညာရှိကဝိသူမွန်အပေါင်းတို့ ကောင်းကောင်းကြီးဝန်ခံကြရပေသည်။

**ဟံသာဝတီ၏ အာသီသ**

ကျွန်ုပ်တို့ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၏အာသီသ တောင့်တရင်းနှလုံးသွင်းမှာ–ပါဠိတော်များ, အဋ္ဌကထာများ, ဋီကာများ, ယောဇနာများ, ဂန္ထန္တရများနှင့်တကွ ရှေးဆရာတော်ကြီးများရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ မတိမ်ကော မပပျောက်စေရန်ဂင်း, မြတ်စွာဘုရားသခင်ဖြစ်တော်မူသော မသူတော်တရားကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်ဂင်း, ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာတည်စေရန်ဂင်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော်ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ၌ **တထာဂတဥဒါနဒီပနီ** ကျမ်းတတိယတွဲကို ရှင်းလင်းသေသပ်သော အထားအသို အပိုအလိုမရှိသော ပုဒ်ပါဌ် အဖြတ်အရပ် ကျ-န သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် **ပါဠိဆရာကြီးဦးခင်စိုး** [သာသနဓဇသိရိပဝရဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာ သုတ်သင်ပြင်ဆင်စေကာ စက်တင်ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၀။ | ကောလိယနှင့် ကပိလဝတ်ရန်စစ်ကို ငြိမ်းစေတော်မူသည်ကိုပြခြင်း | .... | ၁ |
| ၁၆၁။ | ရဟန်းပြုသောမင်းသားငါးရာတို့ကို ပြခြင်း | .... | ၆ |
| ၁၆၂။ | သုဒ္ဓေါဒနမင်းကြီး ဝေဒနာဖြစ်သည်ကို ပြခြင်း | .... | ၁၆ |
| ၁၆၃။ | မိထွေးတော်ရဟန်းပြုသည်ကို ပြခြင်း | .... | ၂၂ |
| ၁၆၄။ | မိထွေးတော်၏ ရှေးအကြောင်းကိုပြခြင်း | .... | ၂၈ |
| ၁၆၅။ | ယသောဓရာ ဘိက္ခုနီမပြုသည်ကို ပြခြင်း | .... | ၂၉ |
| ၁၆၆။ | ရူပနန္ဒာထေရီမအကြောင်းကို ပြခြင်း | .... | ၃၀ |
| ၁၆၇။ | နာဂဒီပသို့ ကြွတော်မူသည်ကိုပြခြင်း | .... | ၃၆ |
| ၁၆၈။ | ဥပ္ပလဝဏ်ထေရီမအကြောင်းကိုပြခြင်း | .... | ၃၈ |
| ၁၆၉။ | ခေမာမိဖုရားအကြောင်းကို ပြခြင်း | .... | ၃၉ |
| ၁၇၀။ | ခေမာမိဖုရား၏ ရှေးကောင်းမှုကိုပြခြင်း | .... | ၄၂ |
| ၁၇၁။ | ဇမ္ဗုပတိမင်း၏ အကြောင်းကိုပြခြင်း | .... | ၄၂ |
| ၁၇၂။ | အရှင်ပိဏ္ဍောလထေရ် ပြာဋိဟာပြခြင်း | .... | ၇၀ |
| ၁၇၃။ | မြတ်စွာဘုရား ယမကပြာဋိဟာပြတော်မူခြင်း | .... | ၇၄ |
| ၁၇၄။ | တာဝတိံသာ၌ တရားဟောတော်မူခြင်း | .... | ၈၉ |
| ၁၇၅။ | နတ်ပြည်မှ ရတနာစောင်းတန်းဖြင့် ဆင်းသက်တော်မူခြင်း | .... | ၉၅ |
| ၁၇၆။ | စိဉ္စမာဏ မိန်းမယုတ်အကြောင်းကို ပြခြင်း | .... | ၁၀၀ |
| ၁၇၇။ | မဟာပဒုမမင်းသား၏အကြောင်းကို ပြခြင်း | .... | ၁၀၃ |
| ၁၇၈။ | စိဉ္စမာဏစွပ်စွဲခြင်း၏ ရှေးအကြောင်းကိုပြခြင်း | .... | ၁၀၅ |
| ၁၇၉။ | နကုလပိတာ, နကုလမာတာတို့ကိုပြခြင်း | .... | ၁၀၆ |
| ၁၈၀။ | ဗောဓိမင်းသားအကြောင်းကို ပြခြင်း | .... | ၁၀၇ |
| ၁၈၁။ | ပဉ္စဂ္ဂဒါယကပုဏ္ဏားအကြောင်းကို ပြခြင်း | .... | ၁၁၁ |
| ၁၈၂။ | မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့ကို ပြခြင်း | .... | ၁၁၄ |
| ၁၈၃။ | ကောသမ္ဗီပြည် သူဌေးသုံးယောက်တို့ကိုပြခြင်း | .... | ၁၁၉ |

(ဃ)

# မာတိကာ


ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၁၀၄။ သာမာဝတီ, မာဂဏ္ဍီတို့အကြောင်းကို ပြခြင်း .... ၁၂၅
၁၀၅။ ကောသမ္ဗီရဟန်းတို့ အဓိကရုဏ်းကြောင့် တော၌ ဒသမဝါကပ်တော်မူခြင်း .... ၁၃၀
၁၀၆။ ဧကာဒသမဝါ၌ ကသိဘာရဒွါဇ ပုဏ္ဏားအား ဟောချွတ်တော်မူခဏ်း .... ၁၄၂
၁၀၇။ ဒွါဒသမဝါ ဝေရဉ္ဇာမြို့၌ ဝါဆိုတော်မူသည်ကို ပြခြင်း .... ၁၄၇
၁၀၈။ ဘုရားရှင်တို့၏ ဒေသစာရီကြွတော်မူရာ မဏ္ဍလ ၃-ပါးတို့ကိုပြခြင်း .... ၁၅၆
၁၀၉။ ရှင်သုဒိန်ကို အကြောင်းပြု၍ ပဌမပါရာဇိက ပညတ်တော်မူခြင်း .... ၁၅၇
၁၉၀။ စားကြွင်းစား ငါးရာတို့ကိုအကြောင်းပြု၍ ဝါလောဒကဇာတ်ကို ဟောတော်မူခြင်း .... ၁၅၀
၁၉၁။ ရှင်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ကိုဟောတော်မူခြင်း .... ၁၅၉
၁၉၂။ တေရသမဝါ၌ ဝိတက်သုံးပါးနှိပ်စက်သော ရှင်မေဃိယထေရ်အား တရားဟောတော်မူခြင်း .... ၁၅၉
၁၉၃။ စုဒ္ဒသမဝါ၌ သာရိပုတ္တထေရဝတ္ထုကို ဟောတော်မူခြင်း .... ၁၆၃
၁၉၄။ အရှင်ရာဟုလာအား စူဠရာဟုလောဝါဒသုတ်ကိုဟောတော်မူခြင်း .... ၁၆၄
၁၉၅။ အရှင်ရာဟုလာအား မာရ်နတ်သား ချောက်လှန့်ရာတွင် ဟောတော်မူသောတရားကိုပြခြင်း .... ၁၆၅
၁၉၆။ ပန္နရသမဝါ၌ မဟာနာမ်မင်းကြီး၏ ပြဿနာကိုဖြေတော်မူခြင်း .... ၁၆၇
၁၆၇။ သုပ္ပဗုဒ္ဓမြေမျိုရာ၌ ဟောသော ဒေသနာကို ပြခြင်း .... ၁၆၉

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၈။ | မဟာနာမ်မင်းကြီးအား ဘုရားကိုနှစ်သက်စေနိုင်သူကို ဟောပြတော်မူခြင်း | .... | ၁၇၂ |
| ၁၉၉။ | သိကြား၏ပြဿနာ ၄–ပါးကိုဖြေဟော်မူခြင်း | .... | ၁၇၃ |
| ၂၀၀။ | သောဥသမဝါ၌ အာဠဝကဘီလူးအား ချွတ်တော်မူခြင်း | .... | ၁၇၉ |
| ၂၀၁။ | သတ္တရသမဝါ၌ သီရိမာကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၀၁ |
| ၂၀၂။ | ဝေါနဋ္ဌ ဥပါသကာကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၀၆ |
| ၂၀၃။ | အဋ္ဌာရသမဝါ၌ မေဃိယထေရ်နှင့် ရက်ကန်းသည်သမီးကိုအကြောင်းပြု၍ တရားကို ဟောတော်မူခြင်း | .... | ၂၀၈ |
| ၂၀၄။ | ကေူနဝီသတိမဝါ၌ ကုက္ကုဋမိတ္တ မုဆိုးမယားကိုကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၁၅ |
| ၂၀၅။ | ကုက္ကုဋမိတ္တမုဆိုးလင်မယား သား ချွေးမတို့၏ အတိတ်ဝတ္ထုကိုဟောတော်မူခြင်း | .... | ၂၂၀ |
| ၂၀၆။ | ဝီသတိမဝါ၌ အာနန္ဒာသူဌေးကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၂၃ |
| ၂၀၇။ | မြတ်စွာဘုရားပေးအပ်သော ဆုရှစ်ပါးကိုယူ၍ ရှင်အာနန္ဒာလုပ်ကျွေးခြင်း | .... | ၂၂၅ |
| ၂၀၈။ | အရှင်အာနန္ဒာ အလုပ်အကျွေးဆုကို ပန်ခဲ့ဘူးသော ရှေးဝတ္ထုကိုပြခြင်း | .... | ၂၃၀ |
| ၂၀၉။ | မာရ်နတ်ကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၃၁ |
| ၂၁၀။ | အင်္ဂုလိမာလထေရ်ကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၃၃ |
| ၂၁၁။ | ပသေနဒီ ကောသလမင်းကြီး၏ အသဒိသဒါနကိုပြခြင်း | .... | ၂၄၁ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁၂။ | သုန္ဒရီ ပရိဗိုဇ်မ စွပ်စွဲသည်ကိုပြခြင်း | .... | ၂၄၀ |
| ၂၁၃။ | ဂရဲဟဒိန္နနှင့် သိရိဂုတ္တတို့အကြောင်းကိုပြခြင်း | .... | ၂၅၁ |
| ၂၁၄။ | နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမတော်မူခြင်း | .... | ၂၆၂ |
| ၂၁၅။ | မြတ်စွာဘုရားသခင် ဗကဗြဟ္မာအား ဆုံးမချေချွတ်တော်မူခြင်း | .... | ၂၆၇ |
| ၂၁၆။ | စူဠသုဘဒ္ဒါနှင့် ဥဂ္ဂသူဌေးတို့ကို အကြောင်းပြု၍ တရားဟောတော်မူခြင်း | .... | ၂၇၅ |

# တထာဂတဥဒါနဒီပနီ

## တတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁၆၀။ ကောလိယနှင့် ကပိလဝတ်ရန်စစ်ကို ငြိမ်းစေတော်မူသည်ကိုပြခြင်း

လေးဝါမြောက် ရာဇဂြိုဟ်၌ဝါဆိုပြီးသော် အထူးထူးသော တရားဒေသနာတို့ဖြင့် များစွာသော ဝေနေယျတို့ကို ကယ်ချွတ်ပြီးသော် ငါးဝါမြောက်ဝေသာလီပြည် မဟာဝုန်တော၌ စုလစ်မွန်ချွန်တပ်သော စရပ်၌ ဝါဆိုတော်မူ၏၊ ဝေသာလီ၌ ငါးဝါမြောက် ဝါဆိုတော်မမူမီ သက္ကတိုင်း၌နေတော်မူလျက် "သုသုခံ ဝတ ဇီဝါမ" အစရှိသော တရားဒေသနာကို ဟောတော်မူ၏၊ ငြင်းခုံခြင်းကို ငြိမ်းစိမ့်သောငှာ ဆွေတော် မျိုးတော်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာကီဝင်မင်းမျိုး, ကောလိယမင်းမျိုးတို့သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်အကြား၌ စီးသော ရောဟိဏီမည်သော မြစ်ငယ်ကို ဆည်ပေါင်ရိုးတခုတည်း၌ မုရင်းလယ်လုပ်ကြကုန်၏။

## နှစ်ပြည်ထောင်ရန်ပွဲအစ

နယုန်လ၌ ကောက်ပင်တို့သည် ညှိုးကုန်သည်ရှိသော် နှစ်ပြည်သား တို့၏ လယ်လုပ်သားတို့သည် စည်းဝေးကြကုန်၍ ကောလိယပြည်သား တို့က ဆိုကုန်၏၊ "ဤမြစ်ရေကို နှစ်ဘက်သားတို့က ယူကုန်သော် သင်တို့အားလည်း မလောက်၊ ငါတို့အားလည်း မလောက်၊ ငါတို့၏ ကောက်သည်ရေတကြိမ်သွင်းသဖြင့်ပြီးလတ္တံ့၊ ဤရေကိုငါတို့အားပေး ကုန်လော့"ဟူ၍ဆို၏၊ ကပိလဝတ်ပြည်သားတို့က ဆိုကုန်၏၊ "သင်တို့ မှကား-ကျီတို့၌စပါးကိုပြည့်စေ၍နေကုန်သော်ငါတို့သည်နီစွာသောရွှေ, ပတ္တမြားညို, သလွဲမည်းတို့ကိုယူ၍ တောင်း, အိတ်အစရှိသည် လက်စွဲ ကုန်လျက် သင်တို့၏ အိမ်တခါးရင်း၌ သွားအံ့သောငှာ မတတ်နိုင်၊ ငါတို့၏ကောက်သည်လည်း ရေတကြိမ်သွင်းသဖြင့်ပြီးလတ္တံ့၊ငါတို့အား ရေကိုပေးကုန်လော့" ဟု ဆို၏၊ "ငါတို့မပေးကုန်၊ ငါတို့ကလည်း မပေးကုန်၊" ဤသို့ စကားကိုပွားစေ၍ တယောက်သောသူသည်ထ၍ တယောက်သောသူကိုသတ်လေ၏၊ထိုသူသည်လည်း ထ၍ သတ်လေ၏၊ ဤသို့ အချင်းချင်းသတ်ကြ၍ မင်းမျိုးတို့၏အဖြစ်ကိုထိပါး၍ ငြင်းခုံခြင်း ကို ပွားစေကုန်၏။

ကောလိယလယ်လုပ်တို့ကဆိုကုန်၏၊"သင်တို့သည်ကပိလဝတ်ပြည်၌ နေကုန်သော မင်းသားငယ်တို့ကိုယူ၍ ကြိမ်းဝါးကုန်၊ အကြင်သူတို့ သည် ခွေး, မြေခွေးသည်တို့ကဲ့သို့ မိမိ၏နှမတို့နှင့်တကွ အိမ်ထောင်ကုန် ၏၊ ထိုသူတို့၏ ဆင်, မြင်း, ဒိုင်းလွှား, လက်နက်တို့သည် ငါတို့အား အဘယ်သို့ပြုနိုင်ကုန်လတ္တံ့ နည်း"ဆိုကုန်၏၊ကပိလဝတ်လယ်လုပ်တို့က လည်း ဆိုကုန်၏၊ "သင်တို့သည် နူနာစွဲကုန်သော သူငယ်တို့ကိုယူကုန် ၍ ကြိမ်းဝါးကုန်၊ အကြင်သူတို့သည် ကိုးကွယ်ရာမဲ့ အလားမရှိကုန် သည်ဖြစ်၍ တိရစ္ဆာန်တို့ကဲ့သို့ ကလောခေါင်း၌နေကုန်၏၊ ထိုသူတို့၏ ဆင်, မြင်း, ဒိုင်းလွှား, လက်နက်တို့သည် ငါတို့အား အဘယ်သို့ ပြုနိုင် ကုန်လတ္တံ့နည်း" ဟုဆိုကုန်၏၊ ထိုလယ်လုပ်တို့သည်သွား၍ ထိုလယ် အမှု၌ စီရင်ကုန်သောအမတ်တို့အားကြားကုန်၏၊ အမတ်တို့သည် မင်း မျိုးတို့အား ကြားလေကုန်၏၊ ထိုသို့ကြားကုန်သောကြောင့် **သာကီဝင် မင်းသား** တို့သည် နှမနှင့်အိမ်ထောင်ကုန်သော ငါတို့၏အစွမ်းကိုရှင်း,

အားကိုရင်း ပြကုန်အံ့-ဟု စစ်ထိုးအံ့သောငှာ စီရင်ကုန်၍ ထွက်ကုန်၏၊ **ကောလိယမင်းသား** တို့သည်လည်း ကလောခေါင်း၌ အောင်းနေသော သူတို့၏အစွမ်းအားကိုပြကုန်အံ့-ဟု စစ်ထိုးခြင်းငှာ စီရင်ကုန်၍ ထွက်ကုန်၏။

မြတ်စွာဘုရားသည် ထိုညဉ့်မိုးသောက်ထ၌ မဟာကရုဏာ သမာပတ်မှထ၍ ပစ္ဆိမယာမကိစ္စဖြင့် လောကကိုကြည့်တော်မူသော် ဤသို့ စစ်ထိုးအံ့သောငှာ ထွက်ကုန်သည်တို့ကိုမြင်ကုန်၍ ငါသွားသည်ရှိသော် ထိုသူတို့၏ ငြင်းခုံခြင်းသည် ငြိမ်းလတ္တံ့လော, မငြိမ်းလတ္တံ့လော-ဟု ဆင်ခြင်တော်မူသော် ထိုစစ်မြေပြင်အရပ်သို့ ငါသွား၍ ခိုက်ရန်ငြိမ်းစိမ့်သောငှာ သုံးပါးကုန်သော ဇာတ်တော်တို့ကို ဟောအံ့၊ ခိုက်ရန်ငြိမ်းလတ္တံ့၊ ထို့နောင်မှ ညီညွတ်ခြင်းကိုပြုအံ့သောငှာ ဇာတ်နှစ်ပါးတို့ကိုဟော၍ **အတ္တဒဏ္ဍသုတ်** ကိုဟောအံ့၊ ထိုတရားကိုကြား၍ နှစ်ပြည်၌နေကုန်သော နှစ်ရာ့ငါးကျိပ်ကုန်သော မင်းသားတို့ကို ပေးလတ္တံ့၊ ထိုမင်းသားတို့ကို ငါရဟန်းပြုရအံ့၊ ထိုအခါ၌ ကြီးစွာသောနတ်တို့၏ အစည်းအဝေးသည်ဖြစ်လတ္တံ့-ဟု မြင်တော်မူ၍ ထိုနှစ်ပြည်သားတို့ စစ်စီရင်၍ထွက်ကုန်သောအခါ၌ တစုံတယောက်သော ရဟန်းအား မကြားမူ၍ ကိုယ်တော်ထီးတည်းသာ သပိတ်, သင်္ကန်းကိုယူ၍ ထိုသူတို့ စစ်ဆိုင်ရာအရပ်သို့ကြွ၍ နှစ်ဘက်သော စစ်သည်တို့၏အကြား ရောဟိဏီမြစ်၏ အထက်ကောင်းကင်မှ ထက်ဝယ်ဖွဲ့၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကိုလွှတ်၍ နေတော်မူ၏။

ကပိလဝတ်ပြည်သားတို့သည် မြတ်စွာဘုရားကိုမြင်၍ "ငါတို့အဆွေမြတ်ဖြစ်သော ဆရာဘုရားသည် ကြွလာ၏၊ ငါတို့၏ငြင်းခုံခြင်းဖြစ်သော အဖြစ်ကို မြတ်စွာဘုရားမြင်တော်မူချေ၏၊ မြတ်စွာဘုရား ကြွတော်မူလာသော် ငါတို့သည် သူတပါးတို့ကိုယ်၌ လက်နက်ကိုချအံ့သောငှာ မတတ်ကောင်း၊ ကောလိယပြည်သားတို့သည် ငါတို့ကိုသတ်လိုသော် သတ်စေကုန်၊ နှောင်ဖွဲ့လိုသော်ဖွဲ့စေကုန်"ဟုကြံ၍လက်နက်ကိုစွန့်ပစ်၍ ဘုရားကိုရှိခိုး၍ နေကုန်၏၊ ကောလိယ ပြည်သားတို့သည်လည်း ထို့အတူကြံ၍ လက်နက်ကိုစွန့်၍ ဘုရားကိုရှိခိုး၍ နေကုန်၏၊ မြတ်စွာဘုရားသည် သိတော်မူလျက် "မင်းမြတ်တို့....အဘယ့်ကြောင့်လာကုန်

သနည်း'' ဟု မေးတော်မူ၏၊ ''အရှင်ဘုရား…ရေဆိပ်ကစားအံ့သော ငှာ, မြစ်ရေကစားအံ့သောငှာ, တော-တောင် ကစားအံ့သောငှာ လာသည်မဟုတ်ကုန်၊ ဤအရပ်၌ စစ်မြေပြင်ဖြစ်၍ လာကုန်၏''ဟု လျှောက်ကုန်၏။

''မင်းမြတ်တို့… အဘယ်ကိုမှီ၍ငြင်းခုံခြင်းဖြစ်ကြသနည်း''ဟု မေးတော်မူသော် ''ရေကိုမှီ၍ဖြစ်ပါသည်''ဟု လျှောက်ကုန်၏၊ ''ရေသည် အဘိုးမည်မျှ ထိုက်သနည်း''ဟုမေးတော်မူသော်''အဘိုးနည်း၏အရှင်ဘုရား''ဟု လျှောက်ကုန်၏၊ ''မင်းမျိုးတို့သည်ကား အဘိုး ဘယ်မျှ ထိုက်ကုန်သနည်း မင်းမြတ်တို့'' ဟုမေးတော်မူသော် ''မင်းမျိုးတို့ သည်ကား အဘိုးအတိုင်းမသိ ထိုက်ကုန်၏'' ဟုလျှောက်ကုန်သဖြင့် ''မင်းမြတ်တို့…အဘိုးနည်းသော ရေကိုမှီ၍ အဘိုးအတိုင်းမသိထိုက် သောမင်းမျိုးတို့ကို ဖျက်ကုန်ရာသလော၊ ငြင်းခုံခြင်း၌ သက်သာရာမည် သည်မရှိ၊ မင်းမြတ်တို့…ငြင်းခုံခြင်း၏ အစွမ်းအားဖြင့် အရာမဟုတ် သည်၌ ရန်ကိုပြု၍ ရုက္ခစိုးနတ်တယောက်နှင့် ခြင်္သေ့မင်းတို့ဘွဲ့သော ရန်ငြိုးသည် ဤဘဒ္ဒကမ္ဘာပတ်လုံးတိုင်အောင် ရောက်၏''ဟု မိန့် တော်မူ၍ **ဗန္ဒနဇာတ်** ကိုဟောတော်မူ၏။

ထို့နောင်မှ ''မင်းမျိုးတို့သည်ကား သူတပါး၏အဘို့နှင့် ယှဉ်သော မည်သည်မဖြစ်ရာ၊ သူတပါး၏အဘို့နှင့် ယှဉ်သည်ဖြစ်၍ ယုန်ငယ်တခု ၏စကားကြောင့် ယူဇနာသုံးဆယ် အပြင်ကျယ်သော ဟိမဝန္တာတော ၌ အခြေလေးချောင်း သားအပေါင်းတို့သည် သမုဒ္ဒရာသို့ ပြေးဝင် ဘူးကုန်ပြီ၊ ထို့ကြောင့် သူတပါးတို့၏ အဘို့ကိုမပြုရာ'' ဟု မိန့်တော် မူ၍ **ဒုဒ္ဒုဘဇာတ်**ကို ဟောတော်မူ၏၊ ထို့နောင်မှ ''မင်းမြတ်တို့… တရံတခါ၌ အားနည်းသောသူသည်လည်း အားကြီးသောသူ၏ ဘေး ရန်အခွင့်ကိုမြင်၏၊ တရံတခါ အားကြီးသောသူသည်ပင် အားနည်း သောသူ၏ဘေးရန်၌ အခွင့်ကိုမြင်၏၊ နှံစုတ်ငှက်ငယ်သည်လျက်လည်း ဆင်ပြောင်ကြီးကို သတ်နိုင်ဘူး၏''ဟု မိန့်တော်မူ၍ **လဋုကိကဇာတ်**ကို ဟောတော်မူ၏၊ ဤသို့ ငြင်းခုံခြင်းငြိမ်းစိမ့်သောငှာ သုံးပါးသောဇာတ် တို့ကိုဟောပြီး၍ ညီညွတ်ခြင်းကိုပြုအံ့သောငှာ နှစ်ပါးသောဇာတ်တို့ကို ဟောတော်မူ၏၊ ''မင်းမြတ်တို့… ညီညွတ်ကုန်သောသူတို့အား တစုံ

တယောက်သောသူသည် ယုတ်သောအခြင်းအရာကို ရှုအံ့သော၄ှာ မတတ်နိုင်''ဟု မိန့်တော်မူ၍ **ရုက္ခဓမ္မဇာတ်**ကို ဟောတော်မူ၏။

ထို့နောင်မှ''မင်းမြတ်တို့..ညီညွတ်သောသူတို့အားတစုံတယောက်သောသူသည် အပေါက်ကိုရှုအံ့သော၄ှာ မတတ်နိုင်၊ အကြင်အခါ၌ အချင်းချင်းငြင်းခုံခြင်းကိုပြုကုန်၏၊ထိုအခါ၌ ထိုသူတို့ကို တံငါသားသည် သတ်ယူ၍သွားလေကုန်၏၊ ငြင်းခုံခြင်း၌ သက်သာရာမည်သည်မရှိ''ဟု မိန့်တော်မူ၍ **ဝဋ္ဋကဇာတ်**ကို ဟောတော်မူ၏၊ အဆုံး၌လည်း **အတ္တဒဏ္ဍ**သုတ်ကိုဟောတော်မူ၏။

သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။ ။

သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။ ။

သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။ ။

ဟူသော ဤဒေသနာတော်ကိုလည်း ဟောတော်မူ၏။

ထိုနှစ်ပြည်ထောင် မင်းသားတို့သည် ညီညွတ်ကုန်၍ အကယ်၍ မြတ်စွာဘုရားမကြွလာအံ့၊ငါတို့သည် မိမိတို့လက်နက်ဖြင့် အချင်းချင်း သတ်၍ သွေးသည်မြစ်ကဲ့သို့စီးလတ္တံ့၊ ငါတို့၏ သား,သမီး,ညီ,နှမတို့ကို အိမ်တံခါး၌ မမြင်ရကုန်ရာ၊ သတင်းစကားအပြန်အလှန်ကိုမျှ ဆောင်မည့်သူမရှိရာပြီ၊ မြတ်စွာဘုရားကိုမှီ၍ ငါတို့သည် အသက်ကိုရအပ်ပြီ၊ အကယ်၍ ဘုရားမြတ်သည် လူ၏ဘောင်၌နေအံ့၊ ကျွန်းငယ်နှစ်ထောင် အရံရှိသော ကျွန်းကြီးလေးကျွန်းတို့၌ မင်းအဖြစ်သည် ရောက်ရာပြီ၊ အထောင်မက များစွာသောသားတို့သည် ဖြစ်ရာကုန်ပြီ၊မင်းသားအခြံအရံရှိသည်ဖြစ်၍ ကြည်လင်ရာပြီ၊-ထိုစည်းစိမ်ကိုစွန့်၍ တောထွက်၍ ဘုရားဖြစ်တော်မူပြီ၊ မင်းသားရဟန်း အခြံအရံရှိသည်ဖြစ်၍သာလျှင် ကြွတော်မူစေသတည်း-ဟု နှစ်ပြည်ထောင် မင်းသားတို့သည် နှစ်ရာ့ငါးကျိပ်စီသောမင်းသားတို့ကို လှူကြကုန်၏။

## ၁၆၁။ ရဟန်းပြုသောမင်းသားငါးရာတို့ကိုပြခြင်း

ထိုငါးရာကုန်သောမင်းသားတို့ကို မြတ်စွာဘုရားသည် ရဟန်းပြုစေ၍ ထိုငါးရာသောရဟန်းတို့ကို အလေးအမြတ်ပြုလိုသဖြင့် မဟာဝုန်တောသို့ ကြွတော်မူလေ၏၊ ကိုယ်တော်၏အလိုအားဖြင့် ကြွတော်မူသည်မဟုတ်၊ရဟန်းပြုကုန်ပြီးသော မင်းသားတို့အားကား မမွေ့လျော်ခြင်းသည်ဖြစ်၏၊ ခင်ပွန်းဟောင်းတို့သည်လည်း "အရှင့်သားတို့သည် ဆန့်ကျင်ပါစေကုန်၊ အိမ်၌နေစေသတည်း"၊ ဤသို့စသည်တို့ကိုဆို၍ သတင်းစကားစေကုန်၏၊ ထိုငါးရာသောရဟန်းသစ်တို့သည် အလွန်ဆန့်ကျင်ကုန်၏၊ဘုရားမြတ်သည် ထိုရဟန်းမြတ်တို့၏ မမွေ့လျော်သောအဖြစ်ကိုသိ၍ ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရားနှင့်တကွ နေကုန်လျက် ဆန့်ကျင်ကုန်၏၊ထိုရဟန်းတို့အားကုဏာလအိုင်၌ ကျေးဇူးကိုဆို၍ ထိုအိုင်သို့ဆောင်၍မမွေ့လျော်ခြင်းကိုဖျောက်အံ့-ဟု ကုဏာလအိုင်၏ ကျေးဇူးကိုဆိုတော်မူ၏၊ထိုရဟန်းတို့သည် ထိုကုဏာလအိုင်ကို ရှုလိုကုန်သည်ဖြစ်၏။

"ချစ်သားရဟန်းတို့....ကုဏာလအိုင်ကိုရှုလိုကြကုန်သလော"ဟု မေးတော်မူ၍ "အရှင်ဘုရား....ရှုလိုပါကုန်၏"ဟု လျှောက်ကုန်သော် "အကယ်၍ ရှုလိုကုန်အံ့၊လိုက်လှည့်ကုန်၊ငါသွားအံ့"ဟု မိန့်၏၊"တန်ခိုးကြီးသောသူတို့၏သွားရာကို အကျွန်ုပ်တို့ အဘယ်သို့လိုက်နိုင်ပါကုန်အံ့နည်း"ဟု လျှောက်သော် သင်တို့သည် သွားလိုသောစိတ်ကိုဖြစ်စေကုန်၊ ငါ၏အာနုဘော်ဖြင့်ယူ၍သွားအံ့" ဟု မိန့်တော်မူ၍"ကောင်းပြီအရှင်ဘုရား"ဟု ဝန်ခံကုန်၏၊ ဘုရားမြတ်စွာသည် ငါးရာသောရဟန်းတို့ကိုယူ၍ကောင်းကင်ဖြင့်ပျံ၍ကုဏာလအိုင်၌တည်၍"ချစ်သားရဟန်းတို့....ဤကုဏာလအိုင်၌အကြင်ငါးတို့အမည်ကိုသိလိုကုန်အံ့၊ထိုငါးတို့၏ အမည်ကိုမေးကုန်"ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် မေးကုန်၏၊ ဘုရားလည်း မေးတိုင်းကိုဖြေတော်မူ၏၊ ငါးတို့ကိုသာမဟုတ်၊ထိုတော၌ သစ်ပင်တို့၏ အမည်ကိုရင်း, တောင်ခြေရင်း၌ အခြေနှစ်ချောင်း, အခြေလေးချောင်းရှိသောငှက်တို့၏ အမည်ကိုရင်း မေးစေ၍ ဖြေတော်မူ၏။

ထိုအခါ နှစ်ခုသောငှက်တို့သည် နှုတ်သီးဖြင့် ကိုက်အပ်သော လှံတံပေါ်၌ ကုဏာလ ငှက်မင်းသည် နေလျက် ရှေ့မှရင်း,နောက်

မှရင်း, နံပါးနှစ်ဘက်တို့၌ရင်း များစွာသော ကုဏာလ ငှက် အပေါင်းတို့ဖြင့် ခြံရံလျက်လာလတ်၏၊ ငါးရာသော ရဟန်းတို့သည် ကုဏာလ ငှက်မင်းကိုမြင်၍ "အရှင်ဘုရား···· ဤလှံတံပေါ်တွင် စီး၍ လာသော ငှက်ကြီးသည် ဤငှက်တို့၏မင်းဖြစ်လတ္တံ့၊ဤငှက်အပေါင်းတို့ သည် ဤငှက်မင်း၏အခြံအရံဖြစ်ကုန်လတ္တံ့၊ ဤသို့အကျွန်ုပ်တို့မှတ်ကုန် ၏"ဟုလျှောက်ကုန်၏၊ "ချစ်သားတို့···ဆိုတိုင်းဟုတ်၏၊ဤငှက်မင်းသည် ငါ၏အနွယ်တည်း၊ ငါ၏အဆက်တည်း"ဟု မိန့်တော်မူ၍ "ယခုအခါ ၌ အကျွန်ုပ်တို့အား ဤငှက်မင်းသည် ငါ၏ အနွယ်အဆက်တည်းဟူ သော အကြောင်းစကားကို ဆို၏၊ ထိုစကားကို ကြားပါလိုသည်"ဟု လျှောက်ကုန်သော် "ထိုသို့တပြီးကား နာလင့်ကုန်"ဟု မိန့်တော်မူ၍ ဂါထာသုံးရာတို့ဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်ကို ဟော တော်မူ၏။

## ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း

ဟောတော်မူသောအဆုံး၌ ငါးရာသော ရဟန်းတို့၏ မမွေ့လျော် ခြင်းသည် ပျောက်ကုန်၍ **သောတာပတ္တိဖိုလ်၌** တည်ကုန်၏၊ သောတာ ပတ္တိမဂ်ကို ရသဖြင့် ထိုရဟန်းတို့အား ကောင်းကင်ပျံနိုင်ခြင်း စသော တန်ခိုးသည်ရောက်၏၊မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသောတာ ပန်မျှသည်ဖြစ်စေဦး-ဟုကောင်းကင်ဖြင့်ပျံ၍မဟာဝုန်တောသို့ကြွတော် မူ၏၊ထိုရဟန်းတို့သည် သွားသောအခါ ဘုရားတန်ခိုးဖြင့် ပျံကုန်၍ ပြန် သောအခါ မိမိတန်ခိုးဖြင့်လျှင် မြတ်စွာဘုရားကို ခြံရံ၍ မဟာဝုန်တော ၌ သက်ကုန်၏၊ မြတ်စွာဘုရားသည် ခင်းအပ်သော နေရာ၌နေ၍ "ချစ်သားတို့····လာကုန်လော့၊ ထိုင်ကုန်လော့၊ အထက်မဂ်သုံးပါး၏ အစာဖြစ်သော ကိလေသာတို့ကို ပယ်ခြင်းငှာ ကမ္မဋ္ဌာန်းကို ဆိုအံ့"ဟု ကမ္မဋ္ဌာန်းပေးတော်မူ၏၊ ထိုရဟန်းတို့သည်ငါတို့၏မမွေ့လျော်သောအ ဖြစ်ကိုသိ၍ကုဏာလဒိုင်သို့ဆောင်၍မမွေ့လျော်ခြင်းကိုဖျောက်ခြင်းငှာ ဇာတ်တော်ကို ဟောသဖြင့် သောတာပန်ဖြစ်စေ၍ အထက်မဂ်အလို့ငှာ ကမ္မဋ္ဌာန်းပေးတော်မူ၏၊ငါတို့မွေ့လျော်၍နေခြင်းငှာ မသင့်-ဟုကြံကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်၍ အသီးအသီးတောင်ဝှမ်း,သစ်ပင်ရင်းအစ ရှိသည်တို့သို့သွား၍ ကမ္မဋ္ဌာန်းစီးဖြန်းလေကုန်၏။

မြတ်စွာဘုရားလည်း ဤရဟန်းတို့သည် သဘောအားဖြင့် မလွတ်သော ကမ္မဋ္ဌာန်းရှိကုန်၏၊ ရအပ်သော အကြောင်းရှိသော ရဟန်းအား ပင်ပန်းခြင်း၏အကြောင်းသည် မရှိ၊ သွားတိုင်း,သွားတိုင်းသော ရဟန်းတို့သည် 'ကမ္မဋ္ဌာန်းကို ပွားစေ၍ ရဟန္တာဖြစ်၍ မိမိတို့ရအပ်သော ကျေးဇူးကို ကြားလာလတ္တံ့၊ ဤရဟန်းတို့လာကုန်သည်ရှိသော် တသောင်းသော စကြဝဠာ၌ရှိသော နတ်တို့သည် ဤစကြဝဠာ၌ စည်းဝေးလာကုန်လတ္တံ့၊ ကြီးစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်လတ္တံ့၊ဆိတ်ငြိမ်ရာအရပ်၌ ငါနေအံ့-ဟု ကြံတော်မူ၍ ဆိတ်ငြိမ်ရာ၌ ဘုရားနေရာကိုခင်း၍ နေတော်မူနှင့်၏၊ ရှေးဦးစွာ ကမ္မဋ္ဌာန်းကိုယူ၍ သွားသောရဟန်းသည်ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏၊ ထို့နောင်မှ တပါးသောရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်၏၊ ဤသို့လျှင် ငါးရာသော ရဟန်းတို့သည် ရဟန္တာ အဖြစ်သို့ ရောက်လေကုန်၏။

ရှေးဦးစွာ ရဟန္တာဖြစ်သော ရဟန်းသည် "မြတ်စွာဘုရားအား အကြောင်းကိုကြားအံ့-ဟု ထက်ဝယ်ကိုဖြေ၍ နေရာထိုင်ကို ခါပြီးလျှင် ထ၍ ဘုရားရှိရာသို့ ရှေးရှုလာ၏၊ ဤအတူ ရဟန်းတယောက်လည်း ဖြစ်၏၊တယောက်လည်းဖြစ်၏၊ဤသို့လျှင် ငါးရာသော ရဟန်းတို့သည် ဆွမ်းစားစရပ်သို့ဝင်ကုန်သကဲ့သို့ အစဉ်အတိုင်းလာကုန်၏၊ ရှေးဦးစွာ လာသော ရဟန်းသည် ဘုရားကိုရှိခိုး၍ နေရာကိုခင်း၍ တင့်အပ်သော အရပ်၌ထိုင်၍ မိမိရသောဂုဏ်ကို ကြားလို၍ "ငါမှတပါး တစုံတယောက်သော ရဟန်းသည် ရှိသလော"ဟု နောက်ကို ပြန်၍ လာသောခရီးကို ကြည့်သော် တပါးသောရဟန်းကို မြင်၏၊ တပါးကိုလည်း မြင်ပြန်၏၊ ဤသို့လျှင်အလုံးစုံသော ငါးရာသော ရဟန်းတို့သည် အစဉ်အတိုင်းလာကုန်၍ ထိုင်ကုန်၍တဦးသည် တဦးအားရှက်၍ မဆိုဘဲ နေကုန်၏၊ ဤကဲ့သို့အချင်းချင်းရှက်၍ မဆိုဘဲနေကြကုန်၏၊ ရဟန္တာတို့အား နှစ်ပါးသောအခြင်းအရာတို့သည် ဖြစ်ကုန်၏၊ "ငါရသော ကျေးဇူးကို နတ်နှင့်တကွသောလူသည် လျင်စွာသိပါအံ့၊ ကောင်းစွ"ဟူသော စိတ်သည်လည်းဖြစ်၏၊ ကျေးဇူးကိုရသော အဖြစ်ကိုကား ရွှေအိုးကို ရသောယောက်ျားသည်သူတပါးအား မကြားလိုသကဲ့သို့လည်းဖြစ်၏။

ဤသို့လျှင် ရဟန္တာဖြစ်စကို ငါးရာသော အရိယာအပေါင်း စည်းဝေးပြီးသော် အရှေ့ယုဂန္ဓိုရ်အဝန်း၌ တိမ်တိုက်, ဆီးနှင်း, မီးခိုး,မြူ, ရာဟု၊ ဤငါးပါးသော အညစ်အကြေးမှ လွတ်သော အရှေ့မျက်နှာအရပ်မှ မြောက်အပ်သော ငွေဖြင့်ပြီးသော ကြေးမုံကြီးကဲ့သို့ရင်း, အကွပ်ဝန်း၌ ကိုင်၍လှည့်လည်အပ်သော ငွေစကြာ၏အသရေကဲ့သို့ရင်း တောက်ပသော အသရေရှိသော နယုန်လပြည့်နေ့ည လဝန်းသည် ဘုရားဖြစ်ခြင်းဖြင့် တန်ဆာဆင်အပ်သော လူအပေါင်းအား မွေ့လျော်ဘွယ်ကို ပြုအံ့သောငှါ တက်လတ်၍ လေ၏ခရီး၌ သွား၏၊ ဤသို့သဘောရှိသောခဏ၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည်၏အနီး မဟာဝုန်တော၌ များစွာကုန်သော ရဟန္တာသစ်ဖြစ်ကုန်သော ငါးရာကုန်သောရဟန္တာတို့ဖြင့် ခြံရံလျက်နေသည်ဖြစ်၍—

မဟာသမ္မတမင်းမျိုး၌ ဖြစ်သောဘုရားသည် မဟာသမ္မတမင်းမျိုး၌ ဖြစ်ကုန်သော ငါးရာသော ရဟန္တာတို့ဖြင့်,မင်းသမီး၏ ဝမ်းတိုက်၌ ဖြစ်သော ဘုရားသည် မင်းသမီး၏ဝမ်းတိုက်၌ဖြစ်ကုန်သော ရဟန္တာသစ်တို့ဖြင့်,ထီးဖြူကိုစွန့်၍ လက်သို့ရောက်သော စကြာမင်း၏ စည်းစိမ်ကိုစွန့်၍ ရဟန်းပြုသောဘုရားသည် ထီးဖြူကိုစွန့်၍ လက်သို့ ရောက်သော စကြာမင်း၏စည်းစိမ်ကိုစွန့်၍ ရဟန်းပြုကုန်သော ငါးရာကုန်သော ရဟန္တာသစ်တို့ဖြင့်ခြံရံလျက် စင်ကြယ်သောအရပ်၌ စင်ကြယ်သော ညဥ့်အဘို့၌ ကိလေသာမှ စင်ကြယ်သော မြတ်စွာဘုရားသည် စင်ကြယ်သောအခြံအရံရှိသည်ဖြစ်၍, ရာဂ, ဒေါသ, မောဟကင်းပြီးသော ဘုရားသည် ရာဂ, ဒေါသ, မောဟကင်းပြီးသော အခြံအရံရှိသည်ဖြစ်၍, ကိလေသာတဏှာ ကင်းပြီးသော ဘုရားသည် ကိလေသာတဏှာကင်းကုန်ပြီးသော အခြံအရံရှိသည်ဖြစ်၍, ငြိမ်သက်ယဉ်ကျေးတော်မူသော ဘုရားသည် ငြိမ်သက်ယဉ်ကျေးကုန်ပြီးသော ရဟန္တာသစ်တို့ဖြင့် ခြံရံကုန်သည်ဖြစ်၍ အလွန်လျှင် တင့်တယ်တော်မူ၏။

### နတ်ဗြဟ္မာတို့လာရောက်ဖူးမျှော်ကြခြင်း

ထိုအခါမဟာဝုန်တော၌နေသောနတ်တို့သည် ''အချင်းတို့····ဘုရားကိုဖူးမြင်အံ့သောငှါ သွားကုန်အံ့၊ ဘုရားကိုဖူးမြင်ရခြင်းသည် ကျေးဇူး

ကြီး၏၊ တရားကိုနာရခြင်းသည် ကျေးဇူးကြီး၏၊သံဃာကိုဖူးမြင်ရခြင်းသည် ကျေးဇူးကြီး၏၊ အချင်းတို့....သွားကုန်အံ့''ဟူ၍ ဟစ်ကုန်၏၊ ဤသို့ပြင်းစွာသောအသံကိုပြုလျက်လာကုန်၍ မြတ်စွာဘုရားကိုင်း, ထိုခဏာ၌ရဟန္တာဖြစ်သော ငါးရာသော ရဟန္တာတို့ကိုင်း ရှိခိုး၍တင့်အပ်သောအရပ်၌ ရပ်ကုန်၏။

ထိုသို့သောနည်းဖြင့် အဆင့်ဆင့်ဟစ်ကုန်သော နတ်တို့၏ အသံကို အဆင့်ဆင့်ကြားကုန်၍ တကောသအတွင်း, ဂါဝုတ်ခွဲ, တဂါဝုတ်, တယူဇနာအတွင်းအစရှိသော အစွန်းအားဖြင့် ယူဇနာသုံးထောင်အပြန့်ကျယ်သောဟိမဝန္တာတော၌ နတ်တို့သည်ငှင်း၊သုံးကြိမ်ပွားသောအားဖြင့် ခြောက်သန်း, သုံးသိန်းကုန်သော မြို့တို့၌ငှင်း၊ ကိုးသန်း, ကိုးသိန်းသော ကျေးရွာ, ခရိုင်တို့၌ငှင်း၊ ကိုးသန်း, ခြောက်သိန်းကုန်သော သင်္ဘောဆိပ်တို့၌ငှင်း၊ ငါးဆယ့်ခြောက်ရပ်သော ရတနာတည်ရာအရပ်တို့၌ငှင်း၊ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းတို့၌ငှင်း၊ အရှေ့ကျွန်း, မြောက်ကျွန်း, အနောက်ကျွန်းတို့၌ငှင်း၊ အရံကျွန်းငယ် နှစ်ထောင်တို့၌ငှင်း၊ အလုံးစုံသော ဤစကြဝဠာတိုက်၌ငှင်း၊ နှစ်ခုမြောက်သော စကြဝဠာ, သုံးခုမြောက်သော စကြဝဠာတို့၌ငှင်း၊ ဤသို့သောနည်းဖြင့် လူ့ပြည်ကသည် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် တသောင်းသောစကြဝဠာတို့၌ငှင်း၊ အသညသတ်, အရူပဗြဟ္မာ, သမာပတ်ဝင်စားသောနတ်, ဗြဟ္မာတို့ကိုထား၍ အလုံးစုံသောနတ်တို့သည် အဆင့်ဆင့်ဟစ်ကုန်သဖြင့် ကြားကုန်၍ ဤစကြဝဠာ၌ချည်း ထိုခဏာ၌ စည်းဝေးလာကုန်၏။

ဤစကြဝဠာတိုက်သည် လူ့ပြည်မှ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် အပ်ကျည်၌ အပ်တို့ဖြင့်ပြည့်သကဲ့သို့ နတ်,ဗြဟ္မာတို့ဖြင့်ပြည့်၏၊လူ့ပြည်မှဗြဟ္မာ့ပြည်တိုင်အောင် မြင့်သော့အဖြစ်ကား သီဟိုဠ်ကျွန်း၌ ကြေးပြာသာဒ်ကျောင်း၌ ခုနစ်ခုကုန်သော စုလစ်အထွဋ်တို့ဖြင့် မျှသော ကျောက်ကို ဗြဟ္မာ့ပြည်အနိကဋ္ဌမှ လူ့ပြည်သို့ ချလိုက်သည်ရှိသော် လေးလမှမြေသို့ရောက်၏၊ ဤမျှလောက်သော အရပ်၌ မြေ၌ရပ်၍ အထက်သို့မြောက်အပ်သော ပန်းပွင့်, အခိုး, အထုံ, အမှုံ တို့သည်

အထက်သို့တက်အံ့သောငှါ အထက်ကောင်းကင်၌ ရပ်၍ အောက်သို့ချ လိုက်သော အခိုး, အထုံ,အမှုံ, ပန်းပွင့်တို့သည် အောက်သို့ကျအံ့သော ငှါ အကြားမရ၊ အခြားမဲ့ နတ်,ဗြဟ္မာ တို့ဖြင့်သာလျှင် ပြည့်၏။

ဥပမာကား—စကြဝဠာမင်း၏ နေရာအရပ်သည် မကျဉ်းမြောင်း သည်ဖြစ်၏၊ လာလာတိုင်းသောတန်ခိုးကြီးသော မင်းတို့သည် နေရာ မရကုန်၊ နောက်နောက်၌ နေရာကျဉ်းမြောင်းသည်ဖြစ်၏၊ ထို့အတူ မြတ်စွာဘုရားနေတော်မူရာ အရပ်သည် မကျဉ်းမြောင်းသည်ဖြစ်၏၊ လာတိုင်းလာတိုင်းကုန်သော တန်ခိုးကြီးသော နတ်တို့သည်၎င်း,ဗြဟ္မာ တို့သည်သာ၎င်း နေရာကိုရကုန်၏၊ မြတ်စွာဘုရားနှင့်နီးသောအရပ်၌ သားမြီးဖြင့် ထိုးလောက်ရုံမျှသောအရပ်၌ တကျိပ်သော တန်ခိုးကြီး သောနတ်၊ နှစ်ကျိပ်သော တန်ခိုးကြီးသောနတ်၊သုံးကျိပ်, လေးကျိပ်, ငါးကျိပ်, ခြောက်ကျိပ်သော တန်ခိုးကြီးသောနတ်တို့သည် သိမ်မွေ့ ငယ်လှစွာသော ကိုယ်ကိုဖန်ဆင်း၍ နေရကုန်၏။

## ဗြဟ္မာကြီးလေးယောက်ဂါထာဖြင့် လျှောက်ခြင်း

ထိုအခါ သုဒ္ဓါဝါသ အကနိဋ္ဌဗြဟ္မာ့ပြည်၌ ဗြဟ္မာကြီး လေးယောက် တို့သည် သမာပတ်ဝင်စား၍နေသဖြင့် ကျန်ရစ်၍ သမာပတ်မှ ထပြီး သော် ဗြဟ္မာ့ဘုံတို့ကိုကြည့်၍ ဆွမ်းစားပြီးသော်မွန်းလွဲအခါ၌ဆွမ်းစား စရပ်ကဲ့သို့ဆိတ်ဆိတ်ညံ့ညံ့ဖြစ်ကုန်သော ဗြဟ္မာ့ဘုံတို့ကိုမြင်၍ "ဗြဟ္မာတို့ သည် အဘယ်သို့သွားလေကုန်သနည်း"ဟု ဆင်ခြင်သော် များစွာ သောနတ်အပေါင်းတို့၏ အစည်းအဝေးသို့ သွားကြောင်းကိုသိ၍ ဤ အခါသည်ကား များစွာသော နတ်, ဗြဟ္မာအပေါင်းတို့၏ အစည်း အဝေးတည်း၊ ငါတို့သည်ကျန်ရစ်ချေပြီ၊ ကျန်ရစ်ကုန်သော ငါတို့အား နေရာမရဖြစ်ကြ၏၊ထို့ကြောင့်ငါတို့လက်ချည်းမသွားကုန်မူ၍တဂါထာစီ ကုံးသီ၍ သွားကုန်အံ့၊ ထိုဂါထာဖြင့် ကြီးစွာသော အစည်းအဝေး၌ ငါတို့လာကြောင်းကိုသိစေကုန်အံ့၊မြတ်စွာဘုရားကျေးဇူးကိုဆိုကုန်အံ့" ဟု ကြံကုန်၍ ဗြဟ္မာ့ပြည်ကပင် တဂါထာစီကုံးသီ၍ ဥပမာကား-အား ရှိသော ယောကျ်ားသည် ခွေသောလက်ကို ဆန့်သကဲ့သို့ ဗြဟ္မာ့ဘုံ၌ ကွယ်ခဲ့၍ တယောက်သောဗြဟ္မာသည် အရှေ့စကြဝဠာနား၌ သက်၏၊ တယောက်သောဗြဟ္မာသည် တောင်စကြဝဠာနား၌သက်၏၊တယောက်

သည် အနောက်စကြဝဠာနား၌ သက်၏၊ တယောက်သည် မြောက်စကြဝဠာနား၌ သက်၏၊ ထို့နောင်မှ—

၁။ အရှေ့စကြဝဠာနား၌ သက်သော ဗြဟ္မာသည် နီလကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကိုဝင်စား၍ ညိုသောရောင်ခြည်ကိုလွှတ်၍ စကြဝဠာတသောင်းမှ လာသော နတ်, ဗြဟ္မာတို့အားပတ္တမြားညိုဖြင့်ပြီးသော မိန်ညိုကိုစွပ်သကဲ့သို့ ဖြစ်စေ၍ မိမိ၏နောက်မှလာသောအဖြစ်ကိုသိစေ၏။

၂။ တောင်စကြဝဠာနား၌ သက်သော ဗြဟ္မာကြီးသည် ရွှေသော ကသိုဏ်းလျှင်အာရုံရှိသော စတုတ္ထဈာန်ကို ဝင်စား၍ ရွှေသော ရောင်ခြည်ကိုလွှတ်၍ အလုံးစုံသော နတ်, ဗြဟ္မာတို့အား ရွှေပြားဖြင့်ရုံဘိသကဲ့သို့ ဖြစ်စေလျက် မိမိလာသော အဖြစ်ကို သိစေ၏၊ ဘုရား၏ခရီးကိုမှူကား-တစုံတယောက်သော သူသည် လွန်အံ့သော၄ါမတတ်နိုင်သဖြင့် ဘုရား၏ခရီးတိုင်အောင်လာ၍ ဘုရားကို ရှိခိုး၍ရပ်၏။

၃။ အနောက်စကြဝဠာနား၌ သက်သော ဗြဟ္မာသည် နီသော ကသိုဏ်းလျှင် အာရုံရှိသောဈာန်ကို ဝင်စား၍ နီသောရောင်ခြည်ကိုလွှတ်၍ အလုံးစုံသောနတ်, ဗြဟ္မာတို့ကို ကမ္ဗလာနီဖြင့်ရုံသကဲ့သို့ဖြစ်စေလျက် မိမိလာသောအဖြစ်ကိုသိစေ၍ထို့အတူ ရှိခိုး၍ ရပ်၏။

၄။ မြောက်စကြဝဠာနား၌ သက်သော ဗြဟ္မာကြီးသည် ဖြူသော ကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကိုဝင်စား၍ ဖြူသောရောင်ခြည်ကိုလွှတ်၍ ဘုရားမှတပါးသော တသောင်းသောစကြဝဠာမှ လာသော နတ်, ဗြဟ္မာတို့အား မြတ်လေးပန်းပုဆိုးကိုရုံဘိသကဲ့သို့ဖြစ်စေ၍ မိမိနောက်မှလာသော အဖြစ်ကို သိစေလျက် ထို့အတူဘုရားကိုရှိခိုး၍ရပ်၏။

ဤသို့မြတ်စွာဘုရားအထံသို့လာ၍ ရပ်ကုန်ပြီးသော နတ်, ဗြဟ္မာကြီးလေးယောက်တို့သည် မိမိတို့ကုံးသီခဲ့သော ဂါထာကို အသီးအသီး လျှောက်ကုန်ပြီး၍ မိမိတို့သက်ရာ စကြဝဠာတံတိုင်းနားသို့ပြန်၍ နေရလေကုန်၏။

### မာရ်နတ်နှောင့်ရှက်သည်ကိုတားမြစ်တော်မူခြင်း

ထိုကြီးစွာသော အစည်းအဝေး၌ များသော စစ်သည်ရှိသော **မာရ်နတ်သား**သည် များစွာသော နတ်,ဗြဟ္မာတို့၏ အစည်းအဝေး၌ မင်္ဂလာအန္တရာယ် ဖြစ်စိမ့်သော်ငှါ မိမိ၏စစ်သည်တို့ကို စေလွှတ်၏၊ မိမိလည်းလက်ဖြင့် မြေကိုခတ်၍ ကြောက်မက်ဘွယ်သော အသံကိုပြု၏၊ လျှပ်စစ်ပြိုးပြက်ထစ်ကြိုးလျက် ပြင်းစွာရွာသော မိုယ်းကဲ့သို့ ပြင်းစွာ ကြိမ်းဝါးခြင်းကိုပြု၏၊ မြတ်စွာဘုရားသည်လည်း "မာရ်နတ်သားသည် ကြီးစွာသော အစည်းအဝေးကိုမြင်၍ မင်္ဂလာအန္တရာယ်ကို ပြုအံ့-ဟု ပရိသတ်တို့၏ အကြား,အကြား၌ မိမိစစ်သည်ကိုစေ၏၊ မိမိသည်လည်း ကြောက်မက်ဘွယ်သောအသံ,အဆင်းကိုပြု၏-ဟု သိတော်မူ၏၊ အကြင် အခြင်းဖြင့် ပရိသတ်သည် ထိုမာရ်နတ်၏ အသံကိုမကြား, အရုပ်ကို မမြင်၊ ထိုအခြင်းဖြင့် မိဋ္ဌာန်တော်မူ၏၊ ဤသို့မိဋ္ဌာန်ခြင်းသည် ဘုရားတို့၏ သဘောတည်း၊ အကြင်အစည်းအဝေး၌ မင်္ဂလာရခြင်းသည်မဖြစ် လတ္တံ့၊ ထိုအစည်းအဝေး၌ မာရ်နတ်၏ ခြိမ်းချောက်ခြင်းကိုမြစ်တော် မမူ၊ အကြင်အစည်းအဝေး၌ မင်္ဂလာရခြင်းသည် ဖြစ်လတ္တံ့၊ ထို အစည်းအဝေး၌ မာရ်နတ်၏ ကြောက်မက်ဘွယ်သောအသံ, အဆင်း ကိုပရိသတ်တို့သည် မကြား, မမြင်အောင်မိဋ္ဌာန်၏။

ထိုအခါ၌ ပရိသတ်တို့သည် မာရ်နတ်၏ ကြောက်မက်ဘွယ်သော အသံ, အဆင်းကို ဘုရားတန်ခိုးတော်အားဖြင့် မကြား,မမြင်ရ၍ ထိတ် လန့်ခြင်း ကင်းရကား-တစုံတယောက်သော သူသည်မျှ မာရ်နတ်၏ အလိုသို့မပါသဖြင့် မာရ်နတ်သည် ပြင်းစွာအမျက်ထွက်၍ ပြန်လေ၏၊ ထိုအခါ၌မြတ်စွာဘုရားသည် ပရိသတ်ကို ကြည့်တော်မူသော် မြေမှသည် စကြဝဠာမျက်နှာ၁၀အပိုင်းအခြားဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည် တိုင်အောင် နတ်,ဗြဟ္မာတို့၏ အစည်းအဝေးကိုမြင်၍ ကြံတော်မူ၏၊ဤနတ်တို့၏ ကြီး စွာသောအစည်းအဝေးကို ဤငါးရာသောရဟန်းတို့သည် ဤမျှလောက် အစည်းအဝေးကြီး၏-ဟု မသိကုန်၊ ထိုရဟန်းတို့အားကြားအံ့-ဟု ကြံ တော်မူ၍ နတ်တို့သည် အဘယ်သို့ ကြံသနည်း-ဟု ဆင်ခြင်တော်မူပြန် သော် ခံတွင်းကိုဖွင့်၍ လက်ကိုသွင်း၍ နှလုံးသားကို သုံးသပ်သကဲ့သို့ နတ်တို့၏အလိုကိုသိ၍ "စကြဝဠာတသောင်းမှလာကုန်သော အလုံးစုံ

သောနတ်တို့၏ အမည်ကိုကြားအံ့''ဟု ကြံတော်မူပြီးမှ ထိုနတ်တို့ကို ကျွတ်ထိုက်, မကျွတ်ထိုက်အားဖြင့် နှလုံးပြု၍ ကျွတ်ထိုက်သော သတ္တဝါတို့ကိုပိုက်၍''ဤမျှသောနတ်တို့သည် ရာဂစရိုက်ပြောကုန်၏၊ ဤမျှသည် ဒေါသစရိုက်ပြောကုန်၏၊ ဤသို့အစရှိသဖြင့် ဆင်ခြင်၍ ထိုထိုသို့သော စရိုက်နှင့်လျော်စွာ တရားကိုဟောအံ့''ဟု မှတ်ပြီး၍–

ဤနတ်တို့သည် အတ္တဇ္ဈာသယဖြင့် သိအံ့လော၊ ဤသို့စသည်ဖြင့် ဆင်ခြင်တော်မူသော်''ပုစ္ဆာဝသိကဖြင့် သိအံ့သည်''ဟု မြင်တော်မူ၍ ''ဤရဟန်းငါးရာတို့တွင် တစုံတယောက်သည် နတ်တို့၏အလိုကိုယူ၍ စရိုက်နှင့်လျော်စွာ ပြဿနာမေးအံ့သောငှါ တတ်နိုင်အံ့လော''ဟု ဆင်ခြင်သော် ထိုငါးရာတို့တွင် တစုံတယောက်ကိုမမြင်၍ ရှစ်ကျိပ်သော မဟာသာဝက, လကျာရံ, လက်ဝဲရံတို့ကိုဆင်ခြင်ပြန်သော် မမြင်၍ အကယ်၍ ပစ္စေကဗုဒ္ဓါဘုရားဖြစ်အံ့၊ ပစ္စေကဗုဒ္ဓါသည် တတ်နိုင်အံ့လော-ဟု ဆင်ခြင်သော် ပစ္စေကဗုဒ္ဓါကိုလည်းမမြင်၍ ငါသို့သောဘုရားသည်သာလျှင် နတ်တို့၏အလိုကိုယူ၍ မေးအံ့သောငှါတတ်နိုင်ရာ၏၊ ငါမှတပါးသောဘုရားသည် တစုံတခုသောအရပ်၌ရှိသလော-ဟု အဆုံးမရှိသောလောကဓာတ်တို့၌ ဉာဏ်တော်ဖြင့် ကြည့်တော်မူသော် ဘုရားတပါးကိုမမြင်မူ၍ အကယ်၍ ငါဘုရားသည်ပင်မေး၍ ငါဘုရားသည် ပင်ဖြေအံ့၊ဤသို့ ဖြေသဖြင့်လည်း ဤနတ်တို့သည် မသိနိုင်ကုန်လတ္တံ့၊ ဘုရားတဆူသည်မေး၍ ဘုရားတဆူဖြေသော်ကား အံ့ဘွယ်သည်လည်း ဖြစ်လတ္တံ့၊ နတ်တို့သည်လည်း ထိုးထွင်း၍သိခြင်းငှါ တတ်နိုင်ကုန်လတ္တံ့၊သို့ကြောင့် ဘုရားတဆူဘန်ဆင်းအံ့ ကြံတော်မူ၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှထ၍''သပိတ်-သင်္ကန်း ယူခြင်း,ကွေးခြင်း, ဆန့်ခြင်းအစရှိသော အပြုအမူ ငါနှင့်တူသောဘုရား တဆူသည် ဖြစ်စေသတည်း''ဟု မိဋ္ဌာန်တော်မူ၏။

### နိမ္မိတဘုရားတဆူဖန်ဆင်း၍ တရားဟောခြင်း

ကာမာဝစရကြိယာဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြင့် ပရိကံကို ပြု၍ အရှေ့ယုဂန္ဓိုရ်တောင်အဝန်းမှထွက်သော လဝန်းကိုခွဲ၍ထွက်သကဲ့သို့ ရူပါဝစရကြိယာ ပဉ္စမဈာန်စိတ်ဖြင့် ဘုရားတဆူ ဘန်ဆင်းတော်မူ၏၊နတ်အပေါင်းတို့သည်နိမ္မိတဘုရားတဆူကိုမြင်၍ ယနေ့လဝန်းတဆူ

သည်တက်၏၊ထိုအခါ လက်ို ခ ါ၍ အနီးသို့ရောက်လတ်သော် လမဟုတ်၊ နေတက်သည်ဟု ဆိုကုန်၏၊ တရွေ့ထက်တရွေ့နီးပြန်သော် နေမဟုတ်၊ နတ်၏ဗိမာန်တည်းဟု ဆို၏၊တဘန်နီးပြန်လတ်သော် နတ်ဗိမာန်လည်း မဟုတ်၊ တယောက်သောနတ်သားတည်းဟု ဆို၏၊ တဘန်အနီးသို့ ရောက်ပြန်လတ်သော် နတ်သားမဟုတ်၊ ဗြဟ္မာမင်းတည်း-ဟု ဆို၏၊ တဘန်နီးပြန်သဖြင့်"အချင်းတို့....ဗြဟ္မာမင်းမဟုတ်၊ ဘုရားတဆူသည် ဖြစ်၏"ဟု ဆို၏။

ထိုအစည်းအဝေး၌ ပုထုဇဉ်နတ်တို့သည် ကြံကုန်၏၊ "တဆူသော ဘုရားမြတ်အားလျက် ဤမျှလောက်သော နတ်,ဗြဟ္မာ အစည်းအဝေး သည်ဖြစ်၏၊ နှစ်ဆူသောဘုရားတို့အားကား အဘယ်မျှလောက်သော အစည်းအဝေးပရိသတ်ကြီးသည် ဖြစ်လတ္တံ့နည်း"ဟု ကြံကုန်၏၊ အရိယာဖြစ်သောနတ်တို့သည် ကြံကုန်၏၊ "တခုသောလောကဓာတ်၌ နှစ်ဆူသောဘုရားမြတ်တို့သည် မဖြစ်ကုန်၊ မချွတ် ဤအရှင်ဂေါတမဘုရား သည်လျှင် ကိုယ်တော်နှင့်တူသော ဘုရားတဆူကို ဘန်ဆင်းတော်မူ၏" ဟု ကြံကုန်၏၊ ထိုအခါ နတ်,ဗြဟ္မာအပေါင်းတို့မြင်စဉ်ပင်လျှင် နိမ္မိတဘုရားသည် အနီးသို့ရောက်တော်မူ၍ အရှင်ဂေါတမဘုရားကို ရှိမခိုးမူ၍ ရှေ့တူရူအရပ်၌ အမျှဘန်ဆင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏၊ မြတ်စွာဘုရားအားလည်း သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့သည် ထင်ရှားဖြစ်ကုန်၏၊နိမ္မိတဘုရားအားလည်း ထင်ရှားဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်ခြောက်သွယ်တို့ သည် နိမ္မိတဘုရား၏ကိုယ်တော်၌ ခတ်မိကုန်၏၊ နိမ္မိတဘုရားမှထွက် သော ရောင်ခြည်တော်ခြောက်သွယ်တို့သည် အရှင်ဂေါတမဘုရား၏ ကိုယ်တော်၌ ခတ်မိကုန်၏။

ဘုရားနှစ်ဆူအရောင်တို့သည် အထက်သို့တက်လတ်၍ အကနိဋ္ဌ ဗြဟ္မာ့ဘုံကိုထိ၍ တဘန်ပြန်၍ နတ်တို့၏ထိပ်ပေါ်အဆုံး၌ သက်၍ စကြဝဠာတံတိုင်းဆိုက်အောင်တည်လေ၏၊ အလုံးစုံသော စကြဝဠာ တိုက်သည် ရွှေမိုး,ရွှေခြင်ဖြင့်စီအပ်သော စေတီအိမ်ကဲ့သို့တင့်တယ်၏၊ တသောင်းသောစကြဝဠာ၌ နတ်,ဗြဟ္မာတို့သည် တခုသောစကြဝဠာ၌ တပေါင်းတည်းစုကုန်၍ ဘုရားနှစ်ဆူတို့၏ ရောင်ခြည်တော်အတွင်း၌

ဝင်၍တည်ကုန်၏၊ထိုအခါ နိမ္မိတဘုရားသည်ထိုင်လျက် အရှင်ဂေါတမဘုရား၏ ဗောဓိပလ္လင်၌ ကိလေသာကိုပယ်ခြင်းကို ချီးမွမ်းတော်မူလို၍ "ပုဗ္ဗာဓိ မုနိ ပဟုတမည်" အစရှိသောဂါထာကိုရွတ်၏၊မြတ်စွာဘုရားသည်လည်း "နတ်တို့အား စိတ်၏ကြံခြင်းကို ဖြစ်စေခြင်းငှါလာတိုင်းလာတိုင်းသော နတ်တို့၏ အမည်ကို ကြားဦးအံ့"ဟု ကြံဖော်မူ၍ "အာစိက္ခိဿာမိ ဘိက္ခဝေ" အစရှိသည်ဖြင့် မဟာသမယသုတ်ကိုဟောတော်မူ၏၊ သုတ္တန်ဟောသောအဆုံး၌ ကုဋေတသိန်းသောနတ်တို့သည် ရဟန္တာအဖြစ်သို့ရောက်ကုန်၏၊ သောတာပန်အစရှိသော နတ်တို့၏ အရေအတွက်သည်ကား-မရှိသလျှင်ကတည်း။

---

## ၁၆၂။ သုဒ္ဓေါဒနမင်းကြီးဝေဒနာဖြစ်သည်ကိုပြခြင်း

ဤသို့လျှင် ကပိလဝတ်ပြည်၏အနီး မဟာဝုန်တော၌ မဟာသမယသုတ်ကိုဟောတော်မူပြီးသော် ဝေသာလီပြည်သို့ကြွတော်မူ၍ဝေသာလီကိုအမှီပြု၍ အပိုင်းအခြားနှင့်တကွဖြစ်သော မဟာဝုန်တော၌ စုလစ်အထွဋ်တပ်သောစရပ်၌ငါး‌ဝါမြောက်ဝါဆိုတော်မူ၏၊ဝေသာလီ၌ဝါဆိုတော်မူသောအခါ လင်းနို့အကျင့်ကိုကျင့်သော လျှိုကပ်သောပုဏ္ဏားကိုအကြောင်းပြု၍"ကိံ တေဇဋာ" အစရှိသောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဖွဲ့မင်းဇာတ်အစရှိသောတရားဒေသနာတော်ဖြင့် များစွာသောလူနတ်တို့ကို ကယ်ချွတ်တော်မူ၏၊ "သဗ္ဗေသင်္ခါရာ" အစရှိသောတရားဒေသနာကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝေသာလီ၌ ဝါဆို၍ ဝါခေါင်လ ရောက်သောအခါ၌ ခမည်းတော်မင်းကြီးအား ပြင်းစွာသောဝေဒနာသည်ဖြစ်၏၊ထိုအနာကို မိထွေးတော်ဂေါတမီအစရှိသောဆွေတော်, မျိုးတော်အပေါင်းတို့သည် ငြိမ်းစိမ့်သောငှါ မတတ်နိုင်ကုန်။

မင်းကြီးသည် ပြင်းစွာသောဝေဒနာဖြင့် နှိပ်စက်သည် ဖြစ်၍ သေရာညောင်စောင်း၌ အိပ်လျက် "ဩော်-ဆင်းရဲစွ,ဆင်းရဲစွ"ဟုဆို၍ တခပြောင်းပြန်ပြန် ဆင်းရဲလျက် ငါ၏သားဘုရားသည် ဤသို့ရောက်ပါမူကား-ပြင်းစွာသော ဝေဒနာတက်သော ငါ၏ဦးခေါင်းကို သုံးသပ်

လတ္တံ့၊ ငါ့သားရှင်နန်သည်၎င်း, အရှင်အာနန္ဒာသည်၎င်း နံပါးနှစ်ဘက်တို့ကို ဆုပ်နယ်သုံးသပ်လတ္တံ့၊ ငါ၏မြေးရာဟုလာသည် ငါ၏ကျောက်ကို သုံးသပ်လတ္တံ့၊ဤသို့အဘန်တလဲလဲအောက်မေ့ တ,ဆို၏၊ ထိုအခါမြတ်စွာဘုရားသည် မိုးသောက်ယံအခါ၌ ကရုဏာသမာပတ်မှထတော်မူ၍ ပစ္ဆိမယာမကိစ္စ၌တည်၍ ဝေနေယျတို့ကို ကြည့်တော်မူသော် ပြင်းစွာနာသည်ဖြစ်၍ သေရာညောင်စောင်း၌ အိပ်သော သနားဘွယ်မြည်တမ်းခြင်းနှင့်တကွဖြစ်သော **ခမည်းတော်**ကိုမြင်၍ "ငါ၏ခမည်းတော်သည် ပြင်းစွာနာ၏၊ ငါ၏ရောက်လာခြင်းကိုတောင့်တ၏၊ ယခုငါသွားအံ့"ဟု ကြံတော်မူ၍ နေရာတော်မှထ၍ ကိုယ်, လက်သုံးသပ်တော်မူပြီးသော် ဝေသာလီပြည်မှဆွမ်းရပ်ပြီးသော်ဆွမ်းခံရွာမှဖဲ၍ အရှင်အာနန္ဒာကိုခေါ်၍ "ချစ်သားအာနန္ဒာ....ယခုအခါ၌ ငါ၏ခမည်းတော်မင်းကြီးအား ထက်သောပြင်းစွာသော အနာသည်ဖြစ်၏၊ ငါ၏လာခြင်းကိုတောင့်တ၏၊ ယခုငါသွားအံ့၊ ခမည်းတော်ကိုဖူးမြင်ချေအံ့၊ သင်သည်ရဟန်းသံဃာအား ကြားချေလော့"ဟု မိန့်တော်မူ၏။

## ဘုရားရှင်ကြွလာတော်မူခြင်း

အရှင်အာနန္ဒာသည်လည်း"ကောင်းပြီ"ဟုဝန်ခံ၍ သံဃာတော်အားကြားပေ၏၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိသော သံဃာတော်အပေါင်းတို့သည် သပိတ်,သင်္ကန်းကိုယူ၍ မြတ်စွာဘုရားသို့ ကပ်လာကုန်၏၊ "ချစ်သားရဟန်းတို့....ယနေ့လျှင် သုဒ္ဓေါဒနမင်းကြီးသည် ပြင်းစွာသော အနာဖြင့် နှိပ်စက်သည်ဖြစ်၍ ငါ၏ရောက်ခြင်းကိုတောင့်တ၏၊ ထိုမင်းကြီးအားဖူးမြင်အံ့သောငှာ သွားအံ့၊ ဤမြင်ခြင်းသည်ကား-အဆုံးစွန်သောမြင်ခြင်းပင်တည်း"ဟု မိန့်တော်မူ၍ ငါးရာသော ရဟန်းတို့ဖြင့်ခြံရံလျက် မြတ်စွာဘုရား၏ အာနုဘော်ဖြင့် ကောင်းကင်ခရီးသို့ပျံတက်၍ကပိလဝတ်သို့ ကပ်တော်မူလေ၍ နန်းပြာသာဒ်သို့တက်၍ ပြင်းစွာနာသော ခမည်းတော်၏ ဦးခေါင်းရင်း၌ ခင်းအပ်သောပလ္လင်၌နေလျက် ကြုံသောကိုယ်ရှိသောခမည်းတော်ကိုမြင်၍ ဓမ္မသံဝေဂကိုဖြစ်စေ၍ "ခမည်းတော်မင်းကြီး....အသို့နည်း၊ ခံ၏လော၊ ဗျာရိယာပုထိလေးပါးမျှ၏လော၊ ဒုက္ခဝေဒနာသည် ဆုတ်ပါ၏လော၊ ရှေ့သို့မတက်သလော" ဤသို့မေးတော်မူ၏။

မင်းကြီးသည်မြတ်စွာဘုရားစကားကိုကြား၍မျက်ရည်ဖြင့်ပြည့်သော မျက်စိတို့ဖြင့် "ဘုန်းတော်ကြီးလှသော အရှင်ဘုရား....အကျွန်ုပ်အား မခံ့ပါ၊ အကျွန်ုပ်အား ဒုက္ခဝေဒနာတို့သည် နောက်သို့မဆုတ်ကုန်၊ ရှေ့သို့တက်ကုန်၏"ဟူ၍လျှောက်၏၊ထိုသို့လျှောက်သော် မြတ်စွာဘုရားသည် "မင်းကြီး....မကြံလင့်"ဟု မိန့်တော်မူ၍ လက်ျာလက်မောင်းတော်ကိုဆန့်၍—

၁။ အကယ်၍ငါသည် ခပ်သိမ်းသော လောကတို့၏ အကျိုးစီးပွားအလို့ငှာလေးသင်္ချေနှင့်ကမ္ဘာတသိန်းပတ်လုံး ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး,စရိယသုံးပါးတို့ကို ဖြည့်ကျင့်၍ ဘုရားအဖြစ်သို့ရောက်သည် မှန်အံ့၊ ဤသို့သော သစ္စာစကားကြောင့် ခမည်းတော်မင်း၏ ဦးခေါင်းတော်၌ ငါ၏လက်ထိကာမျှ၌ ခပ်သိမ်းသော ဒုက္ခဝေဒနာသည် ငြိမ်းစေသတည်း"ဟု မိဋ္ဌာန်တော်မူ၍ လက်ျာလက်ဖြင့် ခမည်းတော်မင်း၏ ဦးခေါင်းကို သုံးသပ်၏၊ မြတ်စွာဘုရားလက်တော်ထိကာမျှ၌ ဦးခေါင်း၌ ဝေဒနာသည် ငြိမ်း၏။

၂။ ထို့နောင် အရှင်အာနန္ဒာသည် သစ္စာပြုလို၍ မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်ဘုရား.... အကြင်အရပ်၌ အာနန္ဒာသည်ရှိ၏၊ ထိုအရပ်၌ မြတ်စွာဘုရားသည်ရှိ၏၊အကြင်အရပ်၌ မြတ်စွာဘုရားသည် ရှိ၏၊ ထိုအရပ်၌ အာနန္ဒာသည်ရှိ၏၊ အကျွန်ုပ်သည် အရှင်ဘုရားကို အရိပ်ကဲ့သို့ အစဉ်လိုက်သည် အကယ်၍ဖြစ်အံ့၊ ဤသို့သော သစ္စာစကားကြောင့် ဘကြီးမင်း၏ လက်ျာလက်မောင်းကို အကျွန်ုပ်၏ လက်ဝါးဖြင့် ထိကာမျှ၌ လက်ျာဘက်၌ရှိသော ဝေဒနာသည် ငြိမ်းစေသတည်း"ဟု သစ္စာပြု၍ လက်ျာလက်မောင်းကို သုံးသပ်၏၊ ထိုခဏ၌ မင်းကြီး၏လက်ျာလက်မောင်း၌ရှိသော ဝေဒနာသည် ငြိမ်း၏။

၃။ ထိုအခါ အရှင်နန်သည် သစ္စာပြုလို၍ မြတ်စွာဘုရားကို ရှိခိုး၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... အရှင်ဘုရားတို့၏ စကားကို လိုက်နာ၍ အကျွန်ုပ်သည် အာသဝေါတရားကုန်သည်ဖြစ်သည်မှန်အံ့၊ အကျွန်ုပ်၏လက်ဖြင့် ခမည်းတော်မင်းကြီး၏လက်ဝဲဘက်ကို သုံးသပ်ကာမျှ၌ လက်ဝဲဘက်၌ရှိသော ဝေဒနာသည် ငြိမ်းစေသတည်း"ဟု မိဋ္ဌာန်၏၊ ထိုခဏ၌ လက်ဝဲဘက်၌ရှိသော ဝေဒနာသည်ငြိမ်း၏။

၄။ မြေးတော်ရာဟုလာသည်လည်း သစ္စာပြုလိုသဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ဝေဿန္တရာ၏ အဖြစ်၌ တည်သော ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ဇူဇကာပုဏ္ဏားအားလှူ၏၊ ထိုအခါ အကျွန်ုပ်သည် အရှင်ဘုရား၏စကားကို လိုက်နာ၏၊ ဤသစ္စာစကားကြောင့် အကျွန်ုပ်၏လက်သည် အဘိုးမင်းကြီး၏ ကျောက်ကို ထိကာမျှ၌ ကျောက်၌ရှိသော ဝေဒနာသည် ငြိမ်းစေသတည်း''ဟု ကျောက်ကိုဆုပ်နယ်၏၊ ထိုခဏ၌ ကျောက်၌ ဝေဒနာ အစရှိသော အလုံးစုံသော ဝေဒနာသည် ငြိမ်း၏။

### သုဒ္ဓေါဒနမင်းကြီးပရိနိဗ္ဗာန်ပြုခြင်း

ထိုအခါ မင်းကြီးသည် အနာမှကင်းသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာထ၍ မြတ်စွာဘုရားကို ရှိခိုး၍နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် မင်းကြီး၏အားနည်းသော အသက်ကြွင်းရှိသော အဖြစ်ကို သိတော်မူ၍ ''ငါ၏ခမည်းတော်သည် ခုနစ်ရက်မြောက်သောနေ့၌ ပရိနိဗ္ဗာန်ပြုလတ္တံ့''ဟုမြင်၍ ခမည်းတော်မင်းကြီးအား အရဟတ္တဖိုလ်၏ ဥပနိဿယသည် ရှိ၏လော, မရှိလော-ဟု ဆင်ခြင်တော်မူသော် ''ရှိ၏''ဟု မြင်တော်မူ၍ ခပ်သိမ်းသော နေ့,ညဉ့်ပတ်လုံးတရားဟောတော်မူ၍ ခုနစ်ရက်မြောက်သောနေ့၌ ခပ်သိမ်းသော သင်္ခါရတရားတို့၏ အမြဲမရှိသောအဖြစ်ကို ပြတော်မူခြင်းငှာ—

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

ဟူသောတရားကိုဟောတော်မူ၏။

မင်းကြီးသည် တရားဒေသနာကို အစဉ်မှီးသဖြင့် ဝိပဿနာကို ပွားစေ၍ ရူပရာဂ,မာန,ဥဒ္ဓစ္စအစရှိသော ကိလေသာတို့ကို အကြွင်းမရှိပယ်၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ပြီး၍ ''အရှင်ဘုရား....အကျွန်ုပ်သည်သံသရာတည်းဟူသောအနှောင်အဖွဲ့မှ လွတ်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ၊ စင်စစ်သော်ကား-အကျွန်ုပ်

၏အသက်သည် နည်းလှစွာ၏၊ ယခုအခါ၌ပင် အကျွန်ုပ်သည် ပရိနိဗ္ဗာန် ပြုရအံ့''ဟု မြတ်စွာဘုရားကို ရှိခိုး၍လျှောက်၏၊''မြတ်သောမင်းကြီး…. ယခုအခါ၌ ပရိနိဗ္ဗာန်ပြုခြင်း၏အခါကို သိတော်မူလော့''ဟူ၍ မြတ်စွာ ဘုရားသည် မိန့်တော်မူ၏၊ မင်းကြီးသည် ''အရှင်ဘုရား….ကောင်းပါ ပြီ''ဟု ဆို၏။

သာကီဝင်မင်းသားအပေါင်းတို့သည်၎င်း, ပဇာပတိဂေါတမီ အစ ရှိသော မောင်းမအပေါင်းတို့သည်၎င်း ဆံကိုဖရိုဖရဲဖြကြကုန်၍ ရင်ကို ခတ်သည် ဖြစ်ကုန်၍ ပြင်းစွာငိုကြွေးကုန်၏၊ ထိုရောအခါ မင်းကြီးသည် လည်း ထိုအလုံးစုံသောသူတို့ကို သက်သာစိမ့်သောငှာ ''သင်တို့သည် မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်၊ ဤသေခြင်းတရားသည် ဖြစ်ခြင်း သဘောရှိသော လောက၏ဓမ္မတာတည်း၊ ချစ်နှစ်လိုအပ်သောသူတို့နှင့် အထူးထူးဖြစ်၍ ကွေကွင်းရခြင်းသည် လောက၏ဓမ္မတာတည်း၊အကြင် လောက၏သဘောသည် ဖြစ်တတ်၏၊ ထိုလောက၏ သဘောသည် ပျက်တတ်၏၊ လောက၌မပျက်သောအဖြစ်ကို အတီမှာလျှင် ရနိုင်အံ့ နည်း''ဟု နှစ်သိမ့်စေ၍ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုး၍''ဘုန်း တော်ကြီးသော ရှင်ပင်ဘုရား…. ဘဝများစွာ သံသရာ၌ ကာယကံ, ဝစီကံ,မနောကံဖြင့် ပြစ်မှားမိသော အပြစ်ကို အကျွန်ုပ်အား သည်းခံ ပါ''ဟု ကန်တော့၍ အသရေရှိသော အိပ်ရာ၌လျောင်း၍ ဝါခေါင် လပြည့်စနေနေ့ နေထွက်အခါတွင် ပရိနိဗ္ဗာန်ပြုလေ၏။

### ဘုရားရှင်ကိုယ်တိုင် သင်္ဂြိုဟ်တော်မူခြင်း

မြတ်စွာဘုရားသည် မင်းကြီး၏ ပရိနိဗ္ဗာန်ပြုသောအဖြစ်ကိုသိ၍ ဓမ္မ သံဝေဂကိုဖြစ်စေ၏၊''ချစ်သားရဟန်းတို့‥ခမည်းတော်မင်းကြီးကို ရှုပါ ကုန်လော့၊မမြင့်မီပင်လျှင်သေခြင်းတည်းဟူသောအနိစ္စသို့ရောက်၏၊ခပ် သိမ်းသော သတ္တဝါအပေါင်းတို့သည် သေတတ်သော သဘောရှိကုန် ၏၊ သေခြင်းသဘောကို မစွန့်နိုင်ချေကုန်၊ ထို့ကြောင့် သင်ချစ်သား ရဟန်းတို့သည် မဂ်,ဖိုလ်ရခြင်း၏အကြောင်းဖြစ်သော အကျင့်၌ မမေ့ မလျော့ခြင်းနှင့် ပြည့်စုံကုန်''ဟု မိန့်တော်မူ၏၊မဟာပဇာပတိဂေါတမီ အစရှိသော အလုံးစုံသောသူတို့သည် ရင်တီး လက်ခတ် ပြင်းစွာသော

အသံဖြင့် ငိုကြွေးကုန်၏၊ထိုအလုံးစုံတို့ကို၊မြတ်စွာဘုရားသည် အနိစ္စနှင့် စပ်သောတရားစကားဖြင့် သက်သာရာ ရစေ၍ **အရှင်မဟာကဿပ** ကို ခေါ်တော်မူ၍ "ချစ်သား ကဿပ....ငါသည် ခမည်းတော်မင်းကြီးကို သဂြိုဟ်အံ့၊ အကောင်ဖုတ်ရာသင်းချိုင်းမြေကိုသိချေလော့"ဟုမိန့်တော်မူ၏။

အရှင်မဟာကဿပသည်"ကောင်းပြီ"ဟုဝန်ခံ၍မုတင်ကိုဆောင်ကုန်သော တပည့်ငါးရာခြံရံလျက် သာကီဝင်မင်းသားတို့နှင့်တကွ မင်းကြီး၏အကောင်ဖုတ်အံ့သော အရပ်သို့သွား၍ ထိုအကောင်ဖုတ်ရာ မြေကို စီရင်၍ ဆန်းကြယ်စွာထင်းပုံ၏၊ထိုအခါ စကြဝဠာတသောင်း၌ နေကုန်သော သိကြား, သုယာမ, သန္တုသိတ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီအမှူးရှိကုန်သောနတ်တို့သည်၎င်း၊ ဗြဟ္မာအပေါင်းတို့သည်၎င်း ငါးရာကုန်သော စုလစ်မွန်ချွန် အထွဋ်တပ်သော အလောင်းတင်ပြာသာဒ်တို့ကို၎င်း, စန္ဒကူးနံ့သာထင်းတို့ကို၎င်း, ငါးရာသော အထွဋ်တို့ကို၎င်း ယူခဲ့ကုန်၍ အရှင်မဟာကဿပနှင့်တကွ ထင်းပုံကြကုန်၏၊ ပြီးပြီးသော အကြောင်းကို အရှင်မဟာကဿပပြန်၍ ဘုရားအား ကြားလျှောက်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ကိုယ်တိုင်မင်းကြီး၏ ဦးခေါင်းကိုကြွချီ၍ ရေကိုသွန်း၍ အရှင်သာရိပုတ္တရာသည် မင်းကြီးကိုယ်ကို ပွတ်သပ်၍ ရေချိုး၍ ပတ္တမြားညို ညောင်စောင်း၌တင်၍ ရတနာခုနစ်ပါးစီခြယ်သော ရွှေထမ်းစင်၌တင်၍ သာကီဝင် မင်းအပေါင်းတို့သည် အညီအညွတ်စည်းဝေးကုန်၍ ထီး, တံခွန်, ကုက္ကား, စာမရီသားမြီးယပ်တို့ကိုဆောင်း၍ စည်ကြီး, ဒုံမင်း, ခရုသင်း, ပတ်သာ အစရှိကုန်သော ပဉ္စင်္ဂတူရိယာတို့ကို တီးမှုတ်ကုန်လျက် **မင်းကြီး၏အလောင်းတော်** ကို ထမ်း၍ သင်းချိုင်းသို့ဆောင်၏။

ကောင်းကင်၌ နတ်တို့သည်၎င်း, ဂန္ဓဗ္ဗနတ်တို့သည်၎င်း နတ်၌ စည်, စောင်းငြင်းတို့ကို တီးမှုတ်ကုန်လျက် ကောင်းကင်ခရီးဖြင့် သွား၍ ခြံရံကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းအပေါင်းတို့ဖြင့် ခြံရံလျက် သင်းချိုင်းသို့လိုက်၍ **မြတ်စွာဘုရားကိုယ်တိုင်** အလောင်းတင်သောညောင်စောင်းကိုချီ၍ ထင်းပုံသို့တင်၏၊ ထိုအခါ သိကြားမင်းသည် နတ်, လူနှစ်ပါးတို့၏အပေါင်းဖြင့်ခြံရံလျက် ထင်းပုံကိုလကျာရစ်လည်၍ တန်ခိုး

ကြီးသော မဏိဇောတိရသ မီးကိုကိုင်၍ မင်းကြီး၏ထင်းပုံကို မီးဖုတ်လို သည်ဖြစ်၍ ရပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် "သိကြားမင်း.... ဘုရားခမည်းတော်၏ထင်းပုံကို သင်သည်ရှေးဦးစွာ မဖုတ်လင့်၊ငါဘုရား သည် ရှေးဦးစွာ ဖုတ်အံ့" ဟု မိန့်တော်မူ၍ သိကြားမင်း၏ လက်မှ ပဉ္စမြားမီးကိုယူ၍ စုလစ်မွန်ချွန်စီသော ထင်းပုံကို မြတ်စွာဘုရားသည် ဖုတ်၏၊ သိကြားအစရှိသော နတ်တို့သည်လည်း ဖုတ်ကုန်၏။

ဘုရားအစရှိသော နတ်တို့သည် မင်းကြီး၏ အလောင်းတော်ကို မီးဖုတ်သောအခါ သာကီဝင်မင်းအပေါင်းတို့သည်၎င်း,မဟာပဇာပတိ ဂေါတမီ အစရှိသော မောင်းမအပေါင်းတို့သည်၎င်း ပြင်းစွာသော အသံဖြင့် ငိုကြွေးကုန်၏၊မြတ်စွာဘုရားသည် အနိစ္စသဘောနှင့်စပ်သော တရားစကားဖြင့် ထိုအလုံးစုံသောသူတို့ကို နှစ်သိမ့်စေ၏၊ ထိုအစည်း အဝေး၌ နှစ်သောင်း, လေးထောင်သော တရားနာပရိသတ်တို့သည် မဂ်,ဖိုလ် အကျွတ်တရားကိုရကြကုန်၏၊မြတ်စွာဘုရား၏ဘိုးတော်အဉ္ဇန မင်းနှင့် အရှင်ဒေဝိလရသေ့တို့ထားအပ်သော **သက္ကရာဇ် ၁၀–ခု** ဝါဆို လပြည့်စနေနေ့ နေထွက်အခါဖွား၍**သက္ကရာဇ် ၁၀၇–ခု**"မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ငါးဝါမြောက်"ဝေသာလီပြည် မဟာဝုန် တော ကုဋာဂါရသာလာ၌ ဝါဆိုတော်မူသောနှစ် ဝါခေါင်လပြည့် စနေမနေ့ နေထွက်အခါတွင် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုတော်မူ သည်၊အသက်တော် **ကိုးဆယ့်ခုနစ်နှစ်** တည်း။

[ဤမျှသော စကားအစဉ်သည်ကား- မြတ်စွာဘုရား ရာဇဂြိုဟ်၌ စတုတ္ထဝါဆိုပြီးသည်မှစ၍ ဝေသာလီ၌ ငါးဝါမြောက်ဝါဆိုတော်မူသော အခါ သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုသည်တိုင်အောင် ဆိုသောစကား အစဉ်တည်း။]

---

## ၁၆၃။ မိထွေးတော်ရဟန်းပြုသည်ကိုပြခြင်း

ဤသို့ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန် ပြုသည်ရှိသော် ဆွေတော် မျိုးတော်ချည်းဖြစ်ကုန်သော ကပိလဝတ်ပြည်, ကောလိယ ပြည်,ဒေဝဒဟပြည်, သက္ကရပြည်,သုပ္ပဝါသပြည်, ဝေရဉ္ဇပြည်အား

ဖြင့် ဤခြောက်ပြည်သားတို့သည်ချောက်ချားကုန်၏၊ ထိုပြည်တို့၌ မင်းအစရှိကုန်သော များစွာသောသူတို့သည် သုဒ္ဓေါဒနမင်းသေသည်ကိုကြား၍ ငိုကြွေးမြည်တမ်းကုန်လျက် မင်းကြီးကိုရည်၍ ကြီးစွာလှူဒါန်းပူဇော်ခြင်းကိုပြုအံ့သောငှာ အားထုတ်ကုန်၏၊မြတ်စွာဘုရားသည်လည်း ရဟန်းသံဃာတို့နှင့်တကွ ထိုထိုသို့သော မင်းအစရှိသော သူတို့သည် ဘိတ်မန်အပ်ကုန်သည်ဖြစ်၍ ထိုထိုသို့သောအရပ်တို့သို့သွား၍ ထိုမင်းစသောသူတို့၏ ကြီးစွာလှူဒါန်းပူဇော်အပ်သော ဝတ္ထုကို သုံးဆောင်ဘုဉ်းပေး၍ "မာတာ ပိတာစ ဘာတာစ" အစရှိသော ဂါထာတို့ကို ဟောတော်မူ၏။

## မိထွေးတော်ရဟန်းပြုခွင့်တောင်းခြင်း

ဤသို့မြတ်စွာဘုရားသည် ထိုထိုသို့သော မင်းအစရှိသောသူတို့၏ အလှူဝတ္ထုကိုသုံးဆောင်၍အနုမောဒနာပြုပြီးသော်ရေဟဏီမြစ်နား၌ ဆွေတော်ရှစ်သောင်း, မျိုးတော်ရှစ်သောင်း မင်းအပေါင်း တို့သည် ဆောက်အပ်သော နိဂြောဓာရုံကျောင်းတော်၌ နေတော်မူသောအခါ မိထွေးတော် **မဟာပဇာပတိဂေါတမီ**သည် မြတ်စွာဘုရားသို့ ကပ်လာ၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ "အရှင်ဘုရား.... အကျွန်ုပ်သည် တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော သုတ်, အဘိဓမ္မာ,ဝိနည်း၌ မာတုဂါမသည် အိမ်ရာထောင်သောလူ၏ဘောင်မှ ထွက်၍ အိမ်ရာမထောင်သော ရဟန်း၏ဘောင်၌ ရဟန်းအဖြစ်ကို အလိုရှိပါ၏"ဟု လျှောက်၏၊ "မိထွေးတော် ဂေါတမီ....မာတုဂါမသည် ရဟန်းပြုခြင်းငှာ မလျှောက်ပတ်၊ မာတုဂါမ၏ ရဟန်းအဖြစ်ကို သင်အလိုမရှိလင့်၊ မနှစ်သက်လင့်"ဟု မြတ်စွာဘုရားပယ်တော်မူ၏။

မိထွေးတော်သည်နှစ်ကြိမ်,သုံးကြိမ်မြောက်အောင်"ရှင်ပင်ဘုရား... မာတုဂါမသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, အဘိဓမ္မာ,ဝိနည်း၌ ရဟန်းအဖြစ်ကိုရပါလို၏"ဟု တောင်း၏၊ မြတ်စွာဘုရားလည်း "မိထွေးတော်ဂေါတမီ....ငါဘုရား၏ သာသနာ၌ မာတုဂါမသည် ရဟန်းပြုခြင်းငှာ မလျှောက်ပတ်၊ မာတုဂါမ၏ရဟန်းအဖြစ်ကိုသင်မနှစ်သက်လင့်"ဟု သုံးကြိမ်မြောက်ပယ်တော်မူ၏၊"မြတ်

စွာဘုရားသည် မာတုဂါမအား သာသနာတော်၌ရဟန်းပြုခြင်းကို ခွင့်ပြုတော်မမူပါ''ဟု နှလုံးမသာဖြစ်၍ မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ သွားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ မွေ့လျော်သောအတိုင်းနေ၍ ဝေသာလီပြည်သို့ကြွ၍ မဟာဝုန်တော၌ ကူဋာဂါရသာလာ၌ နေတော်မူလေ၏။

## ဝဇ္ဇီမင်းသားရဟန်း ရဟန္တာဖြစ်ခြင်း

ပဉ္စမဝါကျွတ်တော်မူသောအခါ၌''ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ''အစရှိသောတရားကိုဟောခြင်း၏အကြောင်းကား-ဝဇ္ဇီတိုင်း၌ မင်းသားတယောက်သည် အလှည့်အားဖြင့်ရောက်သော် မင်း၏အဖြစ်ကိုစွန့်၍ ရဟန်းပြု၍ အရည်ကင်ခုတင်ဆောက်တည်၍ အမှတ်မရှိတခုသောတောအုပ်၌ နေ၏၊ ထိုအခါ တန်ဆောင်မုန်းလပြည့်နေ့၌ ဝေသာလီပြည်၌ စတုမဟာရာဇ်နတ်တို့နှင့် တစပ်ထည်းကဲ့သို့ပြု၍ အလုံးစုံသောမြို့၌ တံခွန်, ကြက်လျှာ,ကုက္ကား အစရှိသည်တို့ဖြင့် တန်ဆာဆင်၍ တည့်ပတ်လုံးစည်ကြီး, မုရိုးစည်, ပတ်သာ, ဒုံမင်း,ခရုသင်း, ကြေးနင်း, မောင်း, ငြင်းစောင်း အစရှိသည်တို့ကို တီးမှုတ်ကုန်၏။

ထိုအသံကိုကြား၍ ခုနစ်ထောင့်ခုနစ်ရာ့ခုနစ်ဆောင်သော ပြာသာဒ်တို့ဖြင့် မင်းပြုကုန်သော ခုနစ်ထောင့် ခုနစ်ရာ့ ခုနစ်ယောက်သောမင်းတို့သည်၎င်း,ထိုမျှလောက်သောအိမ်ရှေ့မင်းတို့သည်၎င်း,ထိုမျှလောက်သော စစ်သူကြီးတို့သည်၎င်း တန်ဆာဆင်ခြင်းနှင့် စပ်ကုန်သည်ဖြစ်၍ နက္ခတ်သဘင်ကစားအံ့သော၄ာ ခရီးမသို့ သက်ကုန်သည်ရှိသော်အရည်ကင်ဆောက်တည်သော ဝဇ္ဇီမင်းသားရဟန်းသည် အတောင်ခြောက်ဆယ်မျှသောစင်္ကြံ၌စင်္ကြံသွားသော်ကောင်းကင်၏အလယ်၌တည်သောလမင်းကိုမြင်၍ စင်္ကြံစွန်း၌တံကဲကိုမှီ၍ရပ်လျက်ဦးရစ်ပေါင်းထုပ် အစရှိသောတန်ဆာမှကင်းသောကြောင့် စွန့်အပ်သောထင်းတုံးကဲ့သို့ မိမိကိုယ်ကိုကြည့်၍ ''ငါ၏ကိုယ်အောက်ယုတ်သောသူသည် ရှိပါလေအံ့လော''ဟု ကြံလျက် အမြဲတောရခုတင်အစရှိသော ကျေးဇူးနှင့်ယှဉ်သော ရဟန်းသည် ထိုခဏ၌ မမွေ့လျော်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ဝိုကြွေးလျက်—

ကေကောဟံ အရညေ ဝိဟရာမိ၊
အပဝိဋ္ဌံ ပဝနသ္မိံ ဒါယုကံ။
ကောဒိသိကာယ ရတ္တိယာ၊
ကောသု ဒါနိ အမ္မေဟိ ပါဝိဿောတိ။ ။

ဟူ၍ မြည်တမ်း၏၊ ထိုအခါ၌ ထိုတော၌ စောင့်နေသောနတ်သည် ဤရဟန်းကို ထိတ်လန့်စေအံ့ဟု ကြံ၍—

ကေကော တွံ အရညေ ဝိဟရတိ၊ အပဝိဋ္ဌံ ပဝနသ္မိံ ဒါယုကံ။
တဿ တေ ဗဟုကာ ပိယာယန္တိ၊နေရယိကာ သဂ္ဂဂါမိနောတိ။

ဟူ၍ ဆို၏၊ ထိုနတ်သားဆိုသော စကားကိုကြား၍ ကြောက်ထိတ်လန့်သဖြင့် မိုးသောက်သောအခါ မြတ်စွာဘုရားထံသို့ကပ်လာ၍ ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းအကြောင်းကိုသိတော်မူသဖြင့် အိမ်ရာထောင်ခြင်း၌ ဆင်းရဲများသောအဖြစ်ကို ထင်ရှားပြတော်မူလိုသည်ဖြစ်၍ ဤတရားဒေသနာကို ဟောတော်မူ၏။

ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ၊ဒုရာဝါသာ ဃရာ ဒုက္ခာ။
ဒုက္ခော သမာနေ သံဝါသော၊ဒုက္ခာနုပတိ တန္ဒဂူ။
တသ္မာ နစန္ဒဂူ သိယာ၊နစ ဒုက္ခာနုပတိတော သိယာတိ။ ။

ဟူ၍ ဟောတော်မူ၏၊ထိုဒေသနာအဆုံး၌ ထိုရဟန်းသည် ရဟန္တာအဖြစ်သို့ရောက်လေ၏။

### မိထွေးတော်ရဟန်းပြုခွင့်ရခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူသောအခါ၌ ကပိလဝတ်, ကောလိယနှစ်ပြည်သားတို့ ရေလုအငြင်းအခုံဖြစ်ကြရာတွင် ရဟန်းပြုကုန်သော ငါးရာသောရဟန်းတို့၏ ခင်ပွန်းဟောင်းဖြစ်ကုန်သော **သာကီဝင်မင်းသမီး** ငါးရာတို့သည် မိမိတို့၏ ခင်ပွန်းတို့သည် ရဟန်းပြုလေကုန်ပြီးသည်ဖြစ်၍ လူ၏အဖြစ်၌ မမွေ့လျော်နိုင်ကုန်သောကြောင့် မဟာပဇာပတိဂေါတမီအထံသို့ ကပ်လာ၍ မြတ်စွာဘုရားဟောကြားအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း၌

ရဟန်းပြုခြင်းငှါ အလိုရှိသောအဖြစ်ကို ကြားလျှောက်ကုန်၏၊ ထိုအခါ မဟာပဇာပတိဂေါတမီလည်း သာသနာတော်၌ ရဟန်းပြုလိုသော ဆန္ဒမကုန်သေးသည်ဖြစ်၍ "ကောင်းပြီဝန်ခံ၍" ထိုနန်းတော်၌ပင်လျှင် မဟာပဇာပတိဂေါတမီသည် ထိုအလုံးစုံသော သာကီဝင်မင်းသမီးတို့၏ ဆံကိုငင်း,မိမိဆံကိုငင်း ဖြတ်စေ၍ ဖန်ရည်ဆိုးသော သင်္ကန်းတို့ကို ဝတ်၍ ရဟန်းအသွင်ကိုယူကုန်၍ မြတ်စွာဘုရားရှိတော်မူရာ ဝေသာလီပြည်သို့လာကုန်၍ အစဉ်သဖြင့် မဟာဝုန်တော၌ ကူဋာဂါရသာလာသို့ရောက်၍ ဖူးဖူးပေါက်သောခြေတို့ဖြင့်၎င်း, မြူကပ်သောကိုယ်တို့ဖြင့်၎င်း ပင်ပန်းဆင်းရဲခြင်း, နှလုံးမသာယာခြင်း ရှိကုန်သည်ဖြစ်၍ ကူဋာဂါရစရပ်၏တံခါးမုခ်ဝ၌ရပ်ကုန်၍ **အရှင်အာနန္ဒာ**ကိုခေါ်၍ မြတ်စွာဘုရားထံ၌ မိထွေးတော်မှစ၍ သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းပြုပါရအံ့သောအကြောင်းကို တောင်းပန်လျှောက်ကြားစေ၏။

ထိုအခါ ဤသို့မိန့်တော်မူ၏၊ "အာနန္ဒာ····သာသနာတော်၌ မာတုဂါမတို့၏ရဟန်းအဖြစ်ကို သင်အလိုမရှိလင့်၊ အာနန္ဒာ····သာသနာတော်၌ မာတုဂါမသည် ရဟန်းပြုဘိမူကား သာသနာတော်သည် အခွန့်ရှည်စွာ မတည်သည်ဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသ ည်ဤသို့လျှောက်၏၊ "အရှင်ဘုရား····မိထွေးတော်ဂေါတမီသည် အရှင်ဘုရားအား ကျေးဇူးကြီးပေသည်၊နို့ရည်ပေး၍ မွေးကျွေးသုတ်သင်ပေသည်၊ မိထွေးတော်ကိုအကြောင်းပြု၍ မာတုဂါမတို့အား သာသနာတော်၌ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပါ"ဟု လျှောက်၏၊ ထိုအခါ၌မြတ်စွာဘုရားသည် "မာတုဂါမတို့သည် **အဋ္ဌဂရုဓမ္မ**ကို အကယ်၍ အရိုအသေအလေးအမြတ်ပြု၍ ကျင့်နိုင်ကုန်အံ့၊ မာတုဂါမတို့အား ရဟန်းအဖြစ်ကိုခွင့်ပြုအံ့"ဟု ကြံတော်မူ၍ ဤသို့မိန့်တော်မူ၏၊ "အာနန္ဒာ····မိထွေးတော်ဂေါတမီသည်ငါ့အားကျေးဇူးကြီးပေသည် ဖြစ်၍မိထွေးတော်ဂေါတမီအားရဟန်းအဖြစ်ကိုခွင့်ပြုစေလိုမူ အကယ်၍ မိထွေးတော်သည် အဋ္ဌဂရုဓမ္မကို အရိုအသေအလေးအမြတ်ပြု၍ အသက်ရှိသော ကာလပတ်လုံး မလွန်ကျူးမူ၍ ကျင့်နိုင်သည်ဖြစ်အံ့၊ ထိုသို့ကျင့်ခြင်းသည်လျှင် မိထွေးတော်အား ပဉ္စင်းအဖြစ်သည် ဖြစ်စေတော့"ဟု မိန့်တော်မူ၍ အဋ္ဌဂရုဓမ္မ၏သရုပ်ကိုလည်းဟောတော်မူ၏။

ထိုအကြောင်းကိုအရှင်အာနန္ဒာသည် မိထွေးတော်အားကြားပေ၏၊ ထိုအခါ၌ မိထွေးတော်သည် ဤသို့ဆို၏၊ "အသက်တော်ရှည်သော အရှင်အာနန္ဒာ.... ဥပမာကား ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော် တန်ဆာဆင်လိုသောသဘောရှိသော မိန်းမပျိုသည်ဖြစ်စေ, ယောကျ်ားပျိုသည်ဖြစ်စေ ကြာညိုပန်းကိုဖြစ်စေ, မိုးစွေပန်းကိုဖြစ်စေ, ကြက်ရုံးပန်းကိုဖြစ်စေ ရ၍ လက်နှစ်ဘက်တို့ဖြင့်ခံယူ၍ ဝမ်းမြောက်ဝမ်းသာ မြတ်သောအင်္ဂါ ဟုဆိုအပ်သော ဦးခေါင်း၌ တင်ထားဆင်ယင်ရသကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း ဤရှစ်ပါးသောဂရုဓမ္မတို့ကို ဝမ်းမြောက်ဝမ်းသာ နှလုံးဖြင့်ခံယူ၍ အသက်ရှည်သောကာလပတ်လုံး အရှိအသေအလေး အမြတ်ပြု၍ မလွန်ကျူးမူ၍ ကျင့်ပါအံ့"ဟု ဆို၏၊ ထိုအကြောင်းကို အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား "အရှင်ဘုရား.... မိထွေးတော်ဂေါတမီသည် ရှစ်ပါးသော ဂရုဓမ္မတရားကို မလွန်ကျူးမူ၍ ကောင်းစွာကျင့်ပါအံ့ဟု ဝန်ခံပါလေပြီ"ဟု လျှောက်၏။

ထိုအခါမြတ်စွာဘုရားသည် "အာနန္ဒာ.. မိထွေးတော်သည် အဋ္ဌဂရုဓမ္မကိုဝန်ခံမူရဟန်းဖြစ်ပြီ"ဟုမိန့်တော်မူ၏၊ဤသို့မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီအား အဋ္ဌဂရုဓမ္မကို ဝန်ခံစေသဖြင့် ရဟန်းပဉ္စင်း အဖြစ်ကို ပေးတော်မူ၏၊ ဤသို့ မြတ်စွာဘုရား အဋ္ဌဂရုဓမ္မကို ခွင့်ပြု၍ ဝန်ခံသော နေ့၌ပင်လျှင် မိထွေးတော်ဂေါတမီ ပဉ္စင်းရဟန်းဖြစ်၏၊ ထိုအခါ၌ ယသောဓရာအစရှိသော သာကီဝင်မင်းသမီး ငါးရာတို့သည် လည်းမြတ်စွာဘုရားအထံ၌ဘိက္ခုနီပဉ္စင်းအဖြစ်ကိုရကုန်၏၊မိထွေးတော် ပဇာပတိဂေါတမီသည် ပဉ္စင်းအဖြစ်သို့ရောက်လျှင် မြတ်စွာဘုရားဟော တော်မူသောတရားကိုနာ၍ ကမ္မဋ္ဌာန်း ဝိပဿနာကိုပွားစေ၍ ရဟန္တာ ဖြစ်၏၊ နောက်အခါဇေတဝန်ကျောင်းတော်၌ မထေရ်မတို့ကို တေဒဂ် ထားရာတွင်ရတ္တညူအရာ၌ တေဒဂ်ရ၏၊ငါးရာသောသာကီဝင်မင်းသမီး ရဟန်းမိန်းမတို့သည် နောက်အခါနန္ဒကောဝါဒသုတ်ကို ဟောတော်မူ သည်၏ အဆုံး၌ ရဟန္တာဖြစ်ကုန်၏။

## ၁၆၄။ မိထွေးတော်၏ရှေးအကြောင်းကိုပြခြင်း

မိထွေးတော်၏ ရှေးကောင်းမှုကား-လွန်လေပြီးသောအခါ ပဒုမုတ္တရဘုရားလက်ထက်၌ ဤမိထွေးတော်သည် အမျိုးအိမ်၌ဖြစ်၍ မြတ်စွာဘုရား တရားတော်ကိုရ၍ ရဟန်းမိန်းမတယောက်ကို ရတ္တညူအရာ၌ တေဒဂ်ထားသည်ကိုမြင်၍ ကုသိုလ်ကောင်းမှုပြု၍ ထိုဆုကိုတောင်း၏၊ အသက်ထက်ဆုံး ကုသိုလ်ပြု၍ ကမ္ဘာတသိန်းကိုလွန်၍ဗာရာဏသီပြည် ဝယ် သူဌေးအိမ်ကျွန်မငါးရာတွင် အကြီးဖြစ်၏၊ ဝါလနီးသော အခါ၌ **အရှင်ပစ္စေကဗုဒ္ဓါ**တို့သည် ဂန္ဓမာဒနတောင်ဂူမှ ဣသိပတနတောသို့ လာ၍ မြို့၌ဆွမ်းခံ၍ ညအခါ ဣသိပတနတော၌ ဝါဆိုကုဋီအလို့ငှါ လက်အမှုကိုတောင်း၍ မရသဖြင့် ပြန်ခဲ့သော် ကျွန်မအကြီးသည် ရေခပ်၍ပြန်သည်နှင့်ကြုံ၍ ရှိခိုး၍"အရှင်ကောင်းတို့သည် မြို့တွင်းသို့ဝင်ခါမျှဖြင့်ပြန်ကုန်သည်၊ အကြောင်းအသို့နည်း" ဟုမေး၍"ဝါဆိုကုဋီကို ပြုအံ့သောငှါ သူဌေးအိမ်၌လက်အမှုကိုတောင်းလာသည်"ဟုဆိုသော် "ရတော်မူ၏လော"မေး၍ မရဟုဆိုလျှင် "အရှင်တို့....သူဌေးတို့သာ ကုဋီကိုပြုကောင်းသလော၊သူဆင်းရဲတို့သည်ပြုကောင်းပါ၏ လော"ဟု မေး၍ တတ်နိုင်သောသူသည် ပြုရ၏" ဆိုလျှင် "အကျွန်ုပ်ပြုပါအံ့"ဟု လျှောက်ခဲ့၍ နက်ဖြန်အကျွန်ုပ်တို့အိမ်သို့ဆွမ်းခံကြွပါ"ဟု ဘိတ်မန်၍ ရေခပ်ခရီး၌ အိုးကိုချ၍ လာတိုင်းသောကျွန်တို့ကို ရပ်နေစိမ့်သောငှါ ချုပ်၍ အလုံးစုံသော ကျွန်မတို့လာသောအခါ—

"အမယ်တို့သည် အမြဲပင်လည်း ကျွန်အဖြစ်ကို လိုကုန်သလော၊ ဤအဖြစ်မှတည်းလွတ်လိုကုန်သလော"မေး၍ "ယနေ့ပင် လွတ်လိုပါတော့သည်"ဆိုလျှင် "ရှင်မတို့....ငါသည် အရှင်ပစ္စေကဗုဒ္ဓါတို့အား ကျောင်းဆောက်အံ့"ဟု လျှောက်၍ နက်ဖြန်ဆွမ်းဘိတ်လိုက်ပြီ၊ မင်းယောကျ်ားတို့ကို တနေ့ဘို့မျှလက်အမှုကို ပေးစေကုန်"ဟု ဆို၍ဝန်ခံသဖြင့် ညအခါ၌ သားခင်ပွန်းတို့ တောမှရောက်လျှင် ကျွန်မ အကြီး၏ အိမ်၌ စည်းဝေးကုန်၍ ထိုအကြောင်းကို ညီညွတ်၍ မိုးသောက်လျှင် အရှင်ပစ္စေကဗုဒ္ဓါတို့အားဆွမ်းလှူ၍ တော၌ သစ်, ဝါးရှာ၍ **ဝါဆိုကုဋီ** ကိုဆောက်လှူ၍ ဝါတွင်းသုံးလပတ်လုံး အလှည့်ဖြင့် ဆွမ်းကျွေးကုန်၏၊

မိမိ၏အလှည့်၌ မတတ်နိုင်ကုန်သော် ကျွန်မအကြီးအား •ကြွားရ၏၊ ကျွန်မအကြီးသာလုပ်ကျွေး၏၊ ဝါကျွတ်လျှင် ဝါဆိုသင်္ကန်းတထည်စီလှူကုန်၏၊ဤသို့ကောင်းမှုပြု၍ အသက်၏အဆုံး၌နတ်ပြည်၌ဖြစ်လေကုန်၏။

နတ်ပြည်မှစုတေ့သော် ဗာရာဏသီပြည်၏ အနီး၌ အိမ်ခြေငါးရာရှိသော ရက်ကန်းသည်ရွာ၌ ဖြစ်လေကုန်၏၊ ကျွန်မအကြီးသည် ရက်ကန်းသည်ကြီးအိမ်၌ဖြစ်၏၊ ထိုအခါ ပဒုမဝတီမိဖုရား၏ သားဖြစ်ကုန်သော ရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် မင်းကြီးဘိတ်မန်အပ်သည်ဖြစ်၍ မင်းအိမ်တံခါးသို့လာကုန်သော် တစုံတယောက်သော သူကိုမျှမမြင်၍ မြို့မှထွက်၍ရက်ကန်းသည်ရွာသို့ လာကုန်သော် မိထွေးတော်အလောင်းရက်ကန်းသည်မကြီး မြင်၍ သဒ္ဓါလေးမြတ်သဖြင့် နှုံးဆော်ညီညွတ်၍ ဆွမ်းလုပ်ကျွေးသဖြင့် ကောင်းမှုပြု၍နတ်ပြည်,လူ့ပြည်ကျင်လည်ပြီးသော် ငါတို့ဘုရားဖြစ်ခါနီး၌ ဒေဝဒဟပြည် အဥ္စနမင်းကြီး၏ အိမ်၌ ဘုရားမယ်တော် မဟာမာယာ၏ ညီမတော် ပဇာပတိဂေါတမီဖြစ်လာ၏၊ သုဒ္ဓေါဒနမင်းကြီးသည် မယ်တော်မာယာလွန်လျှင် မိထွေးတော်ဂေါတမီကို မိဖုရားမြှောက်၏၊ သမီးနန္ဒာ, သားနန္ဒာ-ဟု သမီး, သားနှစ်ယောက် မြင်၏၊ မင်းကြီး ပရိနိဗ္ဗာန်လွန်လျှင် ရဟန်းပြု၍ ရဟန္တာမဖြစ်၍ ၅၀၀ညီတော် ကိုရ၏။

---

## ၁၆၅။ ယသောဓရာ
## ဘိက္ခုနီမပြုသည်ကို ပြခြင်း

သမီးနန္ဒာသည် အလွန် အဆင်းလှမြတ်သောကြောင့် နောက်ကာလ၌ ဇနပဒကလျာဏီတွင်၏၊ ယသောဓရာနှင့် ဇနပဒကလျာဏီသည်ကား “ရှင်သိဒ္ဓတ်မင်းသားလည်း ဘုရားဖြစ်ခဲ့ပြီ၊ သားတော်ရာဟုလာလည်း ရဟန်းပြုခဲ့ပြီ၊ဇနပဒ ကလျာဏီမှာလည်း မယ်တော်မဟာပဇာပတိလည်း ရဟန်းပြုခဲ့ပြီ၊ ခင်ပွန်းဖြစ်မည့်သူ မောင်တော်နန္ဒမင်းသားလည်း ရဟန်းပြုခဲ့ပြီ၊ ငါတို့ချည်းအိမ်တွင်နေ၍ မကောင်းပြီ”ဟု ကြံကုန်၍ မဟာပဇာပတိဂေါတမီထံသို့သွား၍ ရဟန်းပြုလေကုန်၏။

ယသောဓရာသည် နောက်အခါ၌ ဝိပဿနာကို ပွားစေ၍ ရဟန္တာ မဖြစ်၏၊ **ဗိမ္ဗာထေရီ**ဟူ၍လည်းတွင်၏၊ ဘဒ္ဒကစ္စနာထေရီဟူ၍လည်း တွင်၏၊ အဘိညာဉ်အရာ၌ တေဒဂ်ရ၏၊ တနေရာတည်း၌နေလျက် တခုသော အာဝဇ္ဇန်းဖြင့် ကမ္ဘာတသိန်းအလွန်နှင့်တကွ တသင်္ချေတိုင်အောင်ရှေး၌ ဖြစ်ဘူးသောခန္ဓာကို အောက်မေ့ဆင်ခြင်နိုင်၏၊ ကမ္ဘာတသင်္ချေနှင့် တသိန်းတိုင်တိုင် ရှေးခန္ဓာကိုအောက်မေ့နိုင်သော ရဟန္တာကား အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်,ဗာကုလမထေရ်,ရာဟုလာမယ်တော် ဗိမ္ဗာထေရီ ဤလေးပါးသာတည်း။

ဗိမ္ဗာထေရီအား မဟာဘိညာပတ္တအရာ၌ တေဒဂ် ရခြင်း၏ အကြောင်းကောင်းမှုကား ပဒုမုတ္တရဘုရားလက်ထက်၌အမျိုး၏အိမ်၌ ဖြစ်၍ မြတ်စွာဘုရားတရားတော်ကို နာသောအခါ၌ ပဒုမုတ္တရဘုရား သခင်သည်ရဟန်းမိန်းမတယောက်ကိုမဟာဘိညာပတ္တအရာ၌တေဒဂ် ထားတော်မူသည်ကိုမြင်၍ အလှူကောင်းမှုကိုပြု၍ ထို **မဟာဘိညာပတ္တ** အရာကို ဆုတောင်းသတည်း။

---

## ၁၆၆။ ရူပနန္ဒာထေရီမအကြောင်းကိုပြခြင်း

ဇနပဒကလျာဏီကား- အဆင်းလှသောကြောင့် ရဟန်းပြုသော အခါ၌ **ရူပနန္ဒာထေရီ** ဟုတွင်၏၊ ထိုရူပနန္ဒာ ရဟန်းပြုသည်မှစ၍ မြတ်စွာဘုရားသည် အဆင်းကိုရည်၍ "ရူပံအနိစ္စံဒုက္ခံအနတ္တာ"ဟု ဟောတော်မူသည်ကို ကြား၍ မိမိအဆင်းလှသည်၏ အဖြစ်ကြောင့် ဤသို့ရှုချင်ဘွယ် ကြည်ညိုဘွယ်သောအဆင်း၏ အဖြစ်ကိုကဲ့ရဲ့သလော" ဟု မြတ်စွာဘုရားအား ခစားရာသို့မလိုက်၊ အဆုံးအမခံအလှည့်ရောက် သော်လည်း တပါးသောရဟန်း မိန်းမကိုစေ၍ အဆုံးအမကို ဆောင် စေ၏၊ သာဝတ္ထိပြည်သူတို့သည် နံနက်အလှူပေး၍ဥပုသ်ဆောက်တည်၍ ညအခါ ပန်းနံ့သာလက်စွဲကုန်လျက် ဇေတဝန်ကျောင်းတော်သို့သွား၍ တရားနာ၏၊ ဘိက္ခုနီသံဃာတို့သည် တရားနာ၏၊ မြို့တွင်းသို့ပြန်ကုန် သော် မြတ်စွာဘုရား ကျေးဇူးတော်ကို ဆိုကုန်လျက် ဝင်ကုန်၏၊ လူအပေါင်းတို့သည် လေးပါးသော အကြောင်းဖြင့် ဘုရား၌ကြည်ညို ကုန်၏။

၁။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရား၏ အဆင်းတော်ကိုမြင်၍ ကြည်ညိုကုန်၏၊ မြတ်စွာဘုရား အဆင်းတော်ကိုမြင်၍ မကြည်ညိုသော သူတို့သည်ကား အနည်းငယ်သာတည်း။

၂။ အသံ၌ပမာဏပြုကုန်သောသူတို့သည်အရာမကသောကောင်းမှုကို မှီ၍ဖြစ်သော ဘုရားကျေးဇူးအသံကိုဂုဏ်း, အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော တရားဟောသော အသံကိုဂုဏ်း ကြား၍ ကြည်ညိုကုန်၏။

၃။ ခေါင်းပါးခြင်း၌ ပမာဏ ပြုကုန်သော သူတို့သည် သင်္ကန်းသုံးထည်သာ ဆောင်ခြင်းစသော ခေါင်းပါးခြင်းကို စွဲ၍ ကြည်ညိုကုန်၏။

၄။ တရားကို ပမာဏပြုကုန်သော သူတို့သည် မြတ်စွာဘုရား၏ သီလတော်သည် ဤသို့သဘောရှိ၏၊ သမာဓိသည် ဤသို့သဘော ရှိ၏၊ သီလအစရှိသော ကျေးဇူးတို့ဖြင့် အတုမရှိသော ပုဂ္ဂိုလ်တည်း၊ ဤသို့ကြည်ညိုကုန်၏။

### ရူပနန္ဒာထေရီတရားနာသွားခြင်း

မြတ်စွာဘုရားကျေးဇူးတို့ကို ဆိုကုန်သော ထိုကြည်ညိုကုန်သော သူတို့၏ ခံတွင်းသည် မဆံ့သလျှင်ကတည်း၊ ရူပနန္ဒာသည်လည်း ဘိက္ခုနီမတို့၏ဂုဏ်း, တရားနာလာကုန်သော ယောကျ်ား, မိန်းမတို့၏ဂုဏ်း အထံမှ မြတ်စွာဘုရားကျေးဇူးတော်စကားကို ကြား၍ "ဤသူတို့သည် ငါ၏မောင်ကြီးဘုရား၏ကျေးဇူးကို အလွန်လျှင်ဆိုကုန်၏၊ ငါ၏အဆင်း၌ အပြစ်ကို ဆိုလတ်သော်လည်း အဘယ်လောက် ဆိုအံ့နည်း၊ ငါသည် ဘိက္ခုနီမတို့နှင့်အတူသွား၍ ငါ့ကိုယ်ကိုမပြမူ၍ ဘုရားကို ဖူးမြင်၍ တရားကိုနာ၍ လာအံ့"ဟု ကြံ၍ဂုဏ်း, ဘိက္ခုနီမတို့သည် အလှည့်ရောက်လျှင် ကိုယ်တိုင်လာ၍ ဆုံးမခံစေ၊ တပါးကိုစေ၍ မခံစေနှင့်ဟု ဘုရားမြတ်သဖြင့် နေရစရာအခွင့်မမြင်သဖြင့်ဂုဏ်းယနေ့ငါသည်တရားနာလိုက်အံ့" ဟု ဘိက္ခုနီမတို့အားကြား၏၊ ဘိက္ခုနီမတို့သည် "ကြာမြင့်မှရူပနန္ဒာ

သည် မြတ်စွာဘုရားအား ခစားလိုသော စိတ်ရှိသည်ဖြစ်၏၊ ယနေ့ မြတ်စွာဘုရားသည် ရူပနန္ဒာကိုမှီ၍ ဆန်းကြယ်သော တရားစကားကို ဟောလတ္တံ့”ဟု ဆိုကုန်၍ ဝမ်းမြောက်ဝမ်းသာ ရူပနန္ဒာနှင့် အတူ တကွလိုက်ကုန်၏။

ထိုရူပနန္ဒာသည်ကား ဘိက္ခုနီမကျောင်းမှ ထွက်သောကာလမှစ၍ ငါသည် ငါ၏ကိုယ်ကို မြတ်စွာဘုရားကိုမပြအံ့-ဟုကြံ၏၊ မြတ်စွာဘုရားသည်လည်း “ယနေ့ရူပနန္ဒာသည် ငါ့အားခစားလာလတ္တံ့၊ အဘယ်သို့သဘောရှိသော တရားဒေသနာသည် ရူပနန္ဒာအား လျောက်ပတ်မည်နည်း”ကြံတော်မူ၍ ရူပနန္ဒာသည်အဆင်းကိုအလေးအမြတ်ပြု၏၊ မိမိကိုယ်၏အဆင်း၌ အားကြီးသော ချစ်ခြင်းရှိ၏၊ ဆူးဖြင့်ဆူးကိုထွင်ထုတ်သကဲ့သို့ ရုပ်ကိုနှိပ်နင်းတတ်သောတရားသည်လျှင် လျောက်ပတ်၏”ဟု ဆုံးဖြတ်တော်မူပြီး၍ ထိုရူပနန္ဒာ၏စရိုက်နှင့်လျော်သဖြင့် ထိုရူပနန္ဒာသည် ဇေတဝန်ကျောင်းတော်တွင်းသို့ဝင်သောအခါ အလွန်အဆင်းလှစွာသောတဆယ့်ခြောက်နှစ်အရွယ်ရှိသော နီသောအဝတ်ကိုဝတ်သော ခပ်သိမ်းသောတန်ဆာဆင်သော ယပ်ကိုကိုင်၍ မြတ်စွာဘုရား၏အနီး၌ ထိုင်၍ ယပ်လေခပ်သောမိန်းမတယောက်ကို ဘန်ဆင်းတော်မူနှင့်၏၊ ထိုဘန်ဆင်းသောမိန်းမကို မြတ်စွာဘုရားနှင့် ရူပနန္ဒာသည်သာမြင်၏။

## ရူပနန္ဒာထေရီ သောတာပန်တည်ခြင်း

ရူပနန္ဒာသည် ဘိက္ခုနီမတို့နှင့်တကွဝင်၍ ဘိက္ခုနီမတို့၏ နောက်၌ ထိုင်၍ ငါးပါးသောထိခြင်းဖြင့် မြတ်စွာဘုရားကိုရှိခိုး၍ ဘိက္ခုနီမတို့၏ အကြား၌ထိုင်လျက် မြတ်စွာဘုရားကို ခြေဘဝါးတော်မှစ၍ကြည့်သည်ရှိသော် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ဖြင့် တောက်ပသော တလံမျှလောက်သော ရောင်တော်အဝန်းဖြင့် ခြံရံအပ်သော မြတ်စွာဘုရား၏ကိုယ်တော်ကိုမြင်၍ တဘန်လပြည့်ဝန်း၏ အသရေနှင့်တူသော အသရေရှိသောမျက်နှာတော်ကိုကြည့်ပြန်သော် မြတ်စွာဘုရား၏အနီး၌ယပ်ခပ်၍နေသော မိန်းမကိုမြင်၍ ထိုမိန်းမကိုကြည့်ပြီး၍ ရူပနန္ဒာသည်မိမိကိုယ်ကိုကြည့်ပြန်သော် ရွှေဟင်္သာမ၏ရှေ့၌ ကျီးမကဲ့သို့ မိမိ

ကိုယ်ကိုအောက်မေ့၏၊ တန်ခိုးဖြင့်ပြီးသော မိန်းမအရုပ် အဆင်းကို မြင်သောအခါမှစ၍ ထိုရူပနန္ဒာ၏မျက်စိတို့သည်ငင်ကုန်၏၊ ဤမိန်းမ ၏ဆံပင်တို့သည်တင့်တယ်လှစွ, နဖူးသည်တင့်တယ်လှစွ၊ ဤသို့စသည်ဖြင့် အလုံးစုံသောကိုယ်အစိတ်တို့၏ အသရေဖြင့် ကောင်းစွာငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ထိုဘန်ဆင်းသောမိန်းမ၌အားကြီးစွာသောချစ်ခြင်း သည်ဖြစ်၏၊"ဤသို့အလွန်လှပတင့်တယ်စွာသောမိန်းမသည်လျက်ဘုရား ၏အနီး၌ ကျင်လည်ရ၏၊ ငါသည်ကား ငါ၏အဆင်းသာ လှသည် မှတ်၍ ငါ့မောင်ကြီးဘုရားကို မဆည်းမကပ်နေမိ၏"ဟူသော အကြံ ဖြစ်၏။

မြတ်စွာဘုရားသည် ထိုရူပနန္ဒာ၏ထိုဘန်ဆင်းသောမိန်းမ၌မွေ့လျော် သောစိတ်ရှိသောအဖြစ်ကိုသိ၍ တရားဟောတော်မူလျက်ပင် ထိုဘန် ဆင်းသော မိန်းမအဆင်းကို တဆယ့်ခြောက်နှစ်ရွယ်ကို လွန်စေ၍ အသက်နှစ်ဆယ်ရွယ်ပြု၍ပြတော်မူ၏၊ ရူပနန္ဒာသည်ကြည့်၍ ဤမိန်းမ သည်ရှေးနှင့်မတူ-ဟု အတန်ငယ်တပ်ခြင်းကင်းသောစိတ်ရှိ၏၊ မြတ်စွာ ဘုရားသည်ဘန်ဆင်းသောမိန်းမ၏အရုပ်ကို အစဉ်သဖြင့် တကြိမ်သာ ဘွားပြီးသောမိန်းမ၏အဆင်းကို, အလတ်သောမိန်းမ၏ အဆင်းကို, မိန်းမအို၏အဆင်းကို, အိုလှစွာသောမိန်းမအို၏အဆင်းကို ပြု၍ပြ၏၊ ထိုရူပနန္ဒာသည်လည်း အစဉ်သဖြင့် ဤနေရာတွင်ပင်ဤတဆယ့်ခြောက် နှစ်ရွယ်သည်လည်းကွယ်၏၊ နှစ်ဆယ်ရွယ်သည်လည်း ကွယ်၏၊ ဤသို့ အစရှိသဖြင့်အတန်ငယ်, အတန်ငယ်တပ်ခြင်းကင်း၍ အိုသောအရုပ် ဖြစ်သောအခါ၌ အလျင်းတပ်ခြင်းကင်း၏၊ သွားကျိုးသော ဆံဖြူသော နံရိုးပြိုင်းပြိုင်းကိုင်းသော တောင်ဝှေးစွဲလျက် တုန်လှုပ်သောမိန်းမကို မြင်၍အလွန်လျှင်တပ်ခြင်းကင်း၏။

မြတ်စွာဘုရားသည် ထိုအခါ၌ အနာဖြင့်နှိပ်စက်သောမိန်းမကိုပြု၍ ပြ၏၊ထိုဘန်ဆင်းသောမိန်းမသည်ထိုခဏ၌သာလျှင် တောင်ဝှေးကိုဋင်း, ယပ်ကိုဋင်းစွန့်ပစ်၍ ပြင်းစွာမြည်တမ်းခြင်းကို မြည်တမ်းလျက်လဲ၍ မိမိကျင်ကြီး,ကျင်ငယ်၌ လူးလဲ၍နစ်၏၊ ထိုအခြင်းအရာကို ရူပနန္ဒာ မြင်၍ အလွန်တပ်ခြင်းကင်း၏၊ မြတ်စွာဘုရားသည် ထိုမိန်းမသေခြင်းကို ပြု၏၊ ထိုဘန်ဆင်းသောမိန်းမသည် ထိုခဏ၌ ဖူးဖူးရောင်သောအဖြစ်

သို့ရောက်၍ ကိုးပါးသောအဝတ်တို့မှ သွေးပြည်တို့သည်၎င်း,ပိုးလောက်တို့သည်၎င်း ယိုစီးကုန်၏၊ ကျီးအစရှိသည်တို့သည် စည်းဝေးကုန်၍ လုယက်ဆိတ်ဆွကုန်၏၊ ရူပနန္ဒာသည်ကြည့်၍ ဤယပ်ခပ်သောမိန်းမသည် ဤနေရာ၌ပင် အိုခြင်းသို့ရောက်လေ၏၊ နာခြင်းသို့ရောက်လေ၏၊ သေခြင်းသို့ရောက်လေ၏၊ ဤငါ၏ကိုယ်အားလည်း ဤအတူပင်အိုခြင်း, နာခြင်း,သေခြင်းတို့သို့ရောက်လတ္တံ့-ဟု မိမိကိုယ်ကိုအနိစ္စအားဖြင့်မြင်၏၊အနိစ္စအားဖြင့် မြင်ပြီးသောကြောင့် ဒုက္ခ,အနတ္တအားဖြင့် ဖြစ်သည်ကို မြင်၏၊ ထိုအခါ ဘဝသုံးပါးတို့သည် ပြောင်ပြောင်တောက်သကဲ့သို့ လည်၌ဘွဲ့သော အကောင်ပုပ်ကဲ့သို့ ရူပနန္ဒာအား ထင်ကုန်၏။ ကမ္မဋ္ဌာန်းသို့ရှေးရှုစိတ်သည်ပြောင်း၏။

မြတ်စွာဘုရားသည် ထိုရူပနန္ဒာ၏ အနိစ္စအားဖြင့် မြင်သောအဖြစ်ကိုသိ၍“ရူပနန္ဒာသည် မိမိကိုယ်တိုင် မိမိ၏တည်ရာကိုပြုခြင်းငှါတတ်နိုင်လတ္တံ့လော”ဟု ကြည့်တော်မူသော်မတတ်နိုင်၊ တည်ရာအကြောင်းကိုရခြင်းငှါအပ်၏”ဟုကြံ၍ တရားဟောတော်မူလို၍—

အာတုရံ အသုစိံ ပူတိံ၊ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။
ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုယော သုညတော ပဿ၊မာ လောကံ ပုန အာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တာ စရိဿသီတိ။ ။

ဟူသော သုတ်ကိုဟောတော်မူ၏၊ ရူပနန္ဒာသည် ဒေသနာတော်သို့အစဉ်မှီးသဖြင့် ဉာဏ်ကိုခစေ၍ **သောတာပတ္တိဖိုလ်၌**တည်လေ၏။

## ရူပနန္ဒာထေရီရဟန္တာဖြစ်ခြင်း

ထိုအခါ၌ ထိုရူပနန္ဒာအား အထက်မဂ်ဖိုလ်သုံးပါးတို့၏ ဝိပဿနာအခြံအရံကိုပေးလို၍ သုညတကမ္မဋ္ဌာန်းကို ဟောအံ့သောငှါ “ရူပနန္ဒာ…ဤသင်၏ကိုယ်၌ အနှစ်သည်မရှိ-ဟုအမှတ်ကိုပြုလော့၊ဤကိုယ်၌ အနည်းငယ်မျှသော အနှစ်သည်မရှိ၊ သုံးရာသောအရိုးတို့ကို ဆောက်၍ပြုအပ်၏၊ ဤကိုယ်သည်အရိုးဖြင့်ပြီးသောမြို့မည်၏”ဟု မိန့်၍ ဤတရားတော်ကိုဟော၏။

အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာစ မစ္စုစ၊ မာနော မက္ခောစ ဩဟိတောတိ။ ။

ဟူ၍ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ရူပနန္ဒာသည်ရဟန္တာ အဖြစ်သို့ရောက်၏၊ နောက်အခါ၌ ဘိက္ခုနီမတို့ကို တေဒဂ်ထားရာတွင် ဈာနာဘိရတာအရာ၌ တေဒဂ်ရ၏။

နန္ဒေ၊ ရူပနန္ဒာ။ သမုဿယံ၊ သုံးရာသော အရိုးတို့ဖြင့် ဆောက် အပ်သော။ ဥဂ္ဃရန္တံ၊ အလွန်ယိုစီးသော။ ပဂ္ဃရန္တံ၊ ကိုးပေါက်သော အဝ တို့မှ ယိုစီးတတ်သော။ ဗာလာနံ၊ သူမိုက်တို့သည်။ အဘိပတ္ထိတံ၊အလွန် တောင့်တအပ်သော၊အာတုရံ၊ ကျင်နာတတ်သော။ အသုစိံ၊မစင်အတိ ပြွမ်းသော။ ပုတိံ၊ အကောင်ပုပ်ကို။ ပဿ၊ ရှုလော့။

ဣဒံ၊ ဤသေသောအကောင်သည်။ ယောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဧတံ၊ ထိုသင်၏ကိုယ်သည်။ ယောတိ၊ ၏။ ဧတံ- ယထာ၊ ထိုသင်၏ကိုယ်ကဲ့သို့။ ဣဒံ၊ ဤအကောင်ပုပ်သည်။ အဟောသိ၊ ဖြစ်ဘူးပြီ။ ဓာတုယော၊ ဓာတ်တို့ကို။ သုညတော၊ ဆိတ်သောအားဖြင့်။ ပဿ၊ ရှုလော့။ လောကံ၊ လောကကို။ ပုန၊ တဖန်။ မာအာဂမိ၊ မလာလင့်။ ဘဝေ၊ ဘဝ၌။ ဆန္ဒံ၊ တပ်ခြင်းဆန္ဒကို။ ဝိရာဇေတွာ၊ ကင်း စေ၍။ ဥပသန္တာ၊ ကိလေသာ ငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ သွားရ လတ္တံ့။

[ဤကား-သုတ္တန်အနက်။]

နန္ဒေ၊ ရူပနန္ဒာ။ အဋ္ဌီနံ၊ အရိုးတို့ဖြင့်။ သမုဿယံ၊ ဆောက်အပ် သော။ မံသလောဟိတလေပနံ၊ အသား,အသွေးတို့ဖြင့် လိမ်းကျံသော။ နဂရံ၊ ကိုယ်ဟူသောမြို့ကို။ ကတံ၊ ပြုအပ်၏။ ယတ္ထ၊ အကြင်ကိုယ်၌။ ဇရာစ၊ အိုခြင်းသည်၎င်း။ မစ္စုစ၊ သေခြင်းသည်၎င်း။ မာနောစ၊ ငါအဆင်းလှ၏-ဟု မာန်ယစ်ခြင်းသည်၎င်း။ မက္ခောစ၊ ကျေးဇူးချေခြင်း သည်၎င်း။ ဩဟိတော၊ ကျန်၏။

[ဤကား-နောက်တရားအနက်။]

ရှေးကောင်းမှုကား-ပဒုမုတ္တရာဘုရားဖြစ်သောအခါ အမျိုး၏ သမီး ဖြစ်၍ မြတ်စွာဘုရားတရားကိုနာသော် ဈာနာဘိရတအရာ၌ တေဒဂ် ထားသည်ကိုမြင်၍ ထိုဘိက္ခုနီမကဲ့သို့ဖြစ်လို၍ အလှူပေး၍ ဈာနာဘိ ရတအရာ၌ တေဒဂ်ဆုကို တောင်း၏။

---

## ၁၆၇။ နာဂဒီပသို့ကြွတော်မူသည်ကိုပြခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ငါးဝါမြောက် သီတင်းသုံး နေတော်မူပြီးလျှင် ဒေသစာရီကြွတော်မူသောအားဖြင့် လှည့်လည်၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ နာဂဒီပ ကျွန်း၌ မဟောဒရနဂါး၏ တူဖြစ်သော စူဠောဒရနဂါးသည် ပတ္တမြား ပလ္လင်ကို လုကြသဖြင့် စစ်ဖြစ်ကြ၏၊ လုကြသောအကြောင်းကား-ဤသို့ တည်း၊ မဟာသမုဒ္ဒရာ၌ ငါးယူဇနာရှိသောအရပ်ကို မဟောဒရ နဂါး သည် မင်းပြု၏၊ မဟောဒရနဂါးမင်း၏ နှမဖြစ်သော ကဏ္ဏာမည်သော နဂါးမသည် ဝဍ္ဎမာဒနတောင်၌ မင်းပြုသော နဂါးနှင့် အိမ်ထောင်ဖြစ် ကြ၍ စူဠောဒရနဂါးမင်းကိုမြင်၏၊ ကဏ္ဏာအဘ နဂါးမင်းသည် မိမိ၏ ပတ္တမြားပလ္လင်ကို သမီးကဏ္ဏာအားပေး၏၊ ကဏ္ဏာသေလွန်သည် ရှိသော် မဟောဒရ နဂါးမင်းသည် "ဤပတ္တမြားပလ္လင်သည် ငါ့အဘ၏ ပလ္လင် ဖြစ်သည်၊ ငါသားအကြီးသာရကောင်းသည်"ဆို၏၊ စူဠောဒရက လည်း"ငါ၏အဘိုးသည် ဤပလ္လင်ကိုငါ၏အမိအားပေးသည်၊ အမိလွန် လျှင် သားဖြစ်သော ငါသာလျှင်ရကောင်းသည်"ဆို၍ "ငါ၏ဦးရီးလုယူ သော် ငါစစ်ထိုးမည်"ဟု ကြုံးပ၏၊ စစ်သည်ရှစ်သိန်းစီရှိ၏။

ရှင်တော်ဘုရား မြင်တော်မူ၍ ငါးဝါဆိုပြီးသည့်နောက် ဟန်ခူး လပြည့်နေ့ ဇေတဝန်ကျောင်းတော်ပါးတွင် လင်းလွန်းပင်ကို စောင့် သော သမိဒ္ဓိသုမန အမည်ရှိသော နတ်ကို အကြောင်းကြား၍သင်ရုက္ခစိုး သည် လင်းလွန်းပင်နှင့်တကွ လိုက်ခဲ့ဟု ခေါ်တော်မူ၍ လင်းလွန်းပင်ကို အမိုးပြု၍ ကောင်းကင်ခရီးဖြင့် နာဂဒီပကျွန်းသို့ ကြွတော်မူလေ၏၊ ဇေတဝန်ကျောင်းတော်စောင့်သော နတ်ကို မခေါ်မူ၍ ကျောင်းတော် ပါး၌ လင်းလွန်းပင်စောင့်နတ်ကို အဘယ့်ကြောင့် ခေါ်လေသနည်း

ဟူကုံခြားအံ့၊ ထိုလင်းလွန်းပင် နတ်သည် ရှေးဘဝ၌ နာဂဒီပတွင် လူဖြစ်သောအခါ လင်းလွန်းရွက်ကို အရည်ပြု၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူဘူး၏၊ ထိုကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှ စုတေ့သော် ဇေတဝန်ကျောင်းတော်ပါး လင်းလွန်းပင်၌ ရုက္ခစိုးနတ် ဖြစ်လာလတ်၏၊ ထိုလင်းလွန်းပင်နတ်သည် ဤသို့နာဂဒီပ၌ ကျင်လည်ဘူးသောသူဖြစ်၍ ခေါ်တော်မူသတည်း။

မြတ်စွာဘုရားသည် နာဂဒီပသို့ ရောက်တော်မူလျှင် နဂါးတို့ဦးရီး နှစ်ယောက်တို့၏ မြင်သာရာကောင်းကင်၌ လင်းလွန်းပင်နှင့်တကွ ရပ်တော်မူ၍ မျက်မှောင်တော်ကဲ့သို့ ညိုသော ရောင်ခြည်တော်ကိုလွှတ်၍ အမိုက်ကို ဖြစ်စေ၏၊ နဂါးတို့သည် အလွန်ကြောက်ထိတ်လန့်ကုန်၏၊ ထိုအခါ လက်ျာစွယ်တော်မှ ဖြူသောရောင်ခြည်တော်ကိုလွှတ်၍ နဂါးတို့ကို မြင်စေ၏၊ နဂါးတို့လည်း ရှိသေစွာရှိခိုး၍နေကုန်၏၊ ထိုအခါ ခိုက်ရန်ငြိမ်းစိမ့်သောငှါ တရားဟောတော်မူ၏၊ တရားတော်ကိုကြားလျှင် နဂါးတို့ ခိုက်ရန်စဲ၍ ပတ္တမြားပလ္လင်ဖြင့် မြတ်စွာဘုရားကို ပူဇော်၏၊ ထိုအခါ မြတ်စွာဘုရား ကောင်းကင်မှသက်၍ ပတ္တမြားပလ္လင်၌ နေတော်၏၊ နဂါးတို့သည် နတ်၏ဆွမ်းဖြင့် လုပ်ကျွေး၍ သရဏဂုံပဉ္စသီ ဆောက်တည်ကုန်၏၊ ကလျာဏီသို့ ဝင်သောအရပ်၌နေသော မဟောဒရ၏ ဦးရီးဖြစ်သော **မဏိအက္ခိက**မည်သော နဂါးသည် နဂါးစစ်သည် တသိန်းနှင့် စစ်ကူလာ၏။

နတ်,လူတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည် ကြွတော်မူလာ၍ နဂါးတို့ခိုက်ရန်မဖြစ်ကြပြီ၊ ညီညွတ်သဖြင့် ချမ်းသာခြင်းကို ရကုန်ပြီဟူ၍ ကြားလျှင် မဏိအက္ခိကနဂါးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိမိတွင်ပါသော နဂါးတို့နှင့်တကွ သရဏဂုံပဉ္စသီလ ဆောက်တည်ကုန်၏၊ နဂါးတို့သည် လျှောက်တောင်းပန်ကုန်၏၊ "ရှင်ပင်ဘုရားသည် အကျွန်ုပ်တို့အား သနားတော်မူသဖြင့် အကျွန်ုပ်တို့ အရပ်သို့ ကြွတော်မူလာသည်၊ အရှည်သဖြင့် ကိုးကွယ်၍ အကျိုးစီးပွားများပါအံ့သော အကြောင်းဖြင့် အကျွန်ုပ်တို့၏အရပ်၌ ကိုးကွယ်ဘို့ရာ ကိုယ်စားတော်ထားတော်မူပါ"ဟု လျှောက်တောင်းပန်ကုန်၏၊ ထိုသို့တောင်းပန်ကုန်သောကြောင့် သမိဒ္ဓိနတ်ကို **လင်းလွန်းပင်**နှင့်တကွ ပတ္တမြားပလ္လင်

၏အနီး၌ နေရစ်စေ၍ "နဂါးတို့····ငါမြိုခို၍လာသော ဤလင်းလွန်းပင် သည်လည်း 'ငါ၏ပရိဘောဂစေတီဖြစ်၏၊ငါထိုင်နေသောပတ္တမြားပလ္လင် သည်လည်း ပရိဘောဂစေတီဖြစ်၏၊ သင်တို့အကျိုးစီးပွားကို အလိုရှိ၊ သော် ဤငါ၏ပရိဘောဂစေတီနှစ်ဆူကို ကိုးကွယ် ဆည်းကပ်ရစ်ကုန်၊ ငါဆုံးမသော တရားစကားကို အဘန်တလဲလဲ အောက်မေ့၍သရဏဂုံ ပဥ္စသီလကို အမြဲဆောက်တည် ကျင့်ရစ်ကုန်"ဟု မိန့်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်တော်မူခဲ့၏။

---

## ၁၆၈။ ဥပ္ပလဝဏ်ထေရီမအကြောင်းကိုပြခြင်း

"မဓုဝ မညတိ" အစရှိသောတရားကို ဇေတဝန်ကျောင်းတော်၌ ဟောတော်မူ၏၊ အကြောင်းကား—ဥပ္ပလဝဏ်သည် ပဒုမုတ္တရမြတ်စွာ ဘုရားခြေတော်ရင်း၌ တန်ခိုးအရာ၌ ဧတဒဂ်ရခြင်းဆုကို တောင်း၍ ကမ္ဘာတသိန်း ကာလပတ်လုံး ကုသိုလ်ပြုလျက် လူ့ပြည်, နတ်ပြည် ကျင်လည်၍ ငါတို့ဘုရားလက်ထက် နတ်ပြည်မှစုတေ၍ သာဝတ္ထိပြည်၌ သူဌေးအိမ်၌ဖြစ်၍ ကြာညိုပန်းအဆင်းနှင့် တူသောကြောင့် **ဥပ္ပလဝဏ္ဏာ** ဟူသောအမည်ကို မှည့်ကုန်၏၊ အဆင်းလှခြင်း၏ ကျော်စောသံကို ကြား၍ ဇမ္ဗူဒီပါကျွန်း၌ မင်း,သူဌေးတို့သည် "သမီးကိုငါတို့အားပေး လော့"ဟု ပဏ္ဏာနှင့်စေကုန်၏၊ မစေသောသူမည်သည်မရှိ၊ ထို့ကြောင့် သူဌေးသည် ငါသည်အလုံးစုံသောသူတို့၏အလိုကို ပြည့်စေအံ့သောငှါ မတတ်နိုင်၊ တခုသော အကြောင်းကို ပြုအံ့ဟု ကြံ၍ သမီးကိုခေါ်၍ "သမီး···· ရဟန်းပြုပါလော့"ဆို၏၊ ထိုသမီးသည် ပစ္ဆိမဘဝိကသူ ဖြစ်သောကြောင့် ထိုစကားကိုကြားလျှင် အကြိမ်တရာချက်သောဆီကို ထိပ်၌ သွန်းသကဲ့သို့ဖြစ်၍ "ကောင်းပြီရဟန်းပြုပါအံ့"ဆို၍ အဘ သည် သမီးအား ကြီးစွာသော ပူဇော်သက္ကာရပြု၍ ဘိက္ခုနီမတို့၏ ကျောင်းသို့ပို့၍ ရဟန်းပြု၏။

ထိုဥပ္ပလဝဏ်သည် ရဟန်းပြု၍ မကြာမြင့်မီ ဥပုသ်အိမ်၌ ပြုအပ် သော အလှည့်ရောက်၍ ဆီမီးညှိ၍ တံမြက်လှည်း၍ ဆီမီး၌နိမိတ်ကို ယူ၍ အဘန်တလဲလဲကြည့်လျက် တေဇောကသိုဏ်းလျှင် အာရုံရှိသော

ဈာန်ကိုဖြစ်စေ၍ ထိုဈာန်ကို အခြေပြု၍ ရဟန္တာ အဖြစ်သို့ ရောက်၏၊ နောက်အခါ **တန်ခိုးကြီးသောအရာ၌** တေဒဂ်ရ၏၊ မြတ်စွာဘုရား လက်ဝဲရံရဟန္တာမဖြစ်၏၊ ထိုအခါဘိက္ခုနီမတို့အား တောနေခြင်းကို မပယ်သေးဖြစ်၍ တော၌ကုဋိပြု၍ ညောင်စောင်းခင်း၍ တင်းတိမ်ရံလျက်နေ၍ သာဝတ္ထိပြည်သို့ဆွမ်းခံဝင်သောအခိုက် မထေရ်မ-လူဖြစ်စဉ်ကာလကပင် တပ်သောစိတ်ရှိသော ဦးရီးသားဖြစ်သောလုလင်သည် ဆွမ်းခံမပြန်ခင် ထိုကုဋိသို့သွား၍ ညောင်စောင်းအောက်၌ နေနှင့်၍ မထေရ်မဆွမ်းခံပြီးလျှင်ကုဋိသို့ဝင်၍ညောင်စောင်းထက်နေသောအခါ ညောင်စောင်းအောက်မှထွက်၍ အနိုင်အထက်အလိုရှိတိုင်းပြု၍ သွားလေသော် မြေမျိုလေ၏၊ ထိုအကြောင်းကို ဘိက္ခုနီမတို့အား ကြား၍ မြတ်စွာဘုရားအားကြားလျှောက်သောကြောင့်—

မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါစ ပစ္စတိ ပါပံ၊ အထ ဒုက္ခံနိဂစ္ဆတိ။ ။

ဟူ၍ဟောတော်မူသတည်း။

[ဤမျှလောက်သောစကားသည် မိထွေးတော်ဂေါတမီ ရဟန်းပြုသည်မှစ၍ ဆဋ္ဌမြောက် ဝါမဆိုမီတိုင်အောင် ဆိုသောစကားအစဉ်တည်း။]

## ၁၆၉။ ခေမာမိဖုရားအကြောင်းကိုပြခြင်း။

ဇေတဝန်ကျောင်းတော်၌ မွေ့လျော်တော်မူသောအတိုင်း နေပြီး၍ ဒေသစာရီကြွတော်မူ၍ ဆဋ္ဌမြောက်ဖြစ်သောဝါ၌ သမုဒ္ဒရာကမ်းနား၌ ချရားပင်အတိရံ၍ တန်ဆာဆင်အပ်သော မကုဠတောင်ကျောင်းတော်၌ ဝါဆိုတော်မူ၏၊ မကုဠတောင်၌ဝါဆိုတော်မူသောအခါ၌လည်း များစွာသောတရားဒေသနာတော်တို့ဖြင့် များစွာသောလူ,နတ်,ဗြဟ္မာတို့ကို သံသရာတည်းဟူသောဝဲဩဃမှ ထုတ်ဆယ်တော်မူ၍ နိဗ္ဗာန်တည်းဟူသောရွှေပြည်မြို့သို့ ဆောင်ပို့တော်မူ၏၊ မကုဠတောင်၌ ခြောက်ဝါမြောက် ဝါဆိုတော်မူပြီးလျှင် ဒေသစာရီ ကြွတော်မူသောအားဖြင့် ရာဇဂြိုဟ်ပြည် **ဝေဠုဝန်ကျောင်းတော်**၌ သီတင်းသုံးနေတော်မူသောအခါ "ယေ ရာဂရတ္တာ" အစရှိသော တရားဒေသနာကို ဟောတော်မူ၏။

ဟောတော်မူခြင်း၏အကြောင်းကား—

ဗိမ္ဗိသာရမင်းကြီး၏ ခေမာအမည်ရှိသော မိဖုရားကြီးသည် ပဒုမုတ္တရ ဘုရားခြေတော်ရင်း၌ ကုသိုလ်ကောင်းမှုပြု၍ လက်ျာရံမဟာပညာအရာ၌ တေဒဂ်ရ ရဟန္တာမဆုကိုတောင်းသဖြင့် အလွန်အဆင်းလှသဖြင့်ရှုချင်ဘွယ်,ကြည်ညိုဘွယ်ရှိ၏၊ မြတ်စွာဘုရားသည် အဆင်း၏အပြစ်ကို ဟောသည်ဟုကြား၍ မြတ်စွာဘုရားထံသို့ ဆည်းကပ်အံ့သောငှာအလိုမရှိ၊ဗိမ္ဗိသာရမင်းသည် ထိုခေမာမိဖုရား၏ မြတ်စွာဘုရား၏ အထံသို့မဆည်းကပ်သောအဖြစ်ကိုသိ၍ ဝေဠုဝန်ဥယျာဉ်၏ကျေးဇူးနှင့်စပ်သော **သီချင်း** တို့ကိုဖွဲ့စေ၍ ကခြေသည်မတို့ကိုသီစေ၏၊ ထိုကခြေသည်တို့၏ သီချင်းသံကိုကြား၍ ထိုခေမာမိဖုရားအားမမြင်ဘူး, မကြားဘူးသကဲ့သို့ဖြစ်၍ "အဘယ်ဥယျာဉ်ကိုဖွဲ့သီကုံးသနည်း" မေး၍ "အရှင်မိဖုရားတို့၏ ဝေဠုဝန်ဥယျာဉ်ကိုဖွဲ့သီသည်"ဟု လျှောက်သော် ဥယျာဉ်ကိုရှုကြည့်ခြင်းငှာသွားလိုသည်ဖြစ်၍ မင်းကြီးအားပန်၏။

ဥယျာဉ်သို့သွားသော် မြတ်စွာဘုရားကိုမဖူးမြင်မူ၍ကား ပြန်လာအံ့သောငှာ မရအပ်ဟုမင်းကြီးဆို၏၊ မိဖုရားသည် မင်းကြီးအားစကားတုံ့မပေးမူ၍သွား၏၊ မင်းကြီးသည် ထိုမိဖုရားနှင့်တကွ သွားသောယောကျ်ားတို့ကို မိဖုရားသည် ဥယျာဉ်မှပြန်သော် မြတ်စွာဘုရားကိုဖူးမြင်သော်ကောင်း၏၊ ဖူးမြင်ခြင်းငှာမဝင်သော် **မင်းအာဏာ**ဖြင့် မြတ်စွာဘုရားကိုဖူးမြင်စေကုန်ဟုမှာလိုက်၏၊ မိဖုရားသည်ဥယျာဉ်၌ တနေ့ပတ်လုံးနေ၍ပြန်ချိန်တန်သော် ဘုရားကိုမဖူးမမြင်မူ၍ပြန်မည်ပြု၏၊ ထိုအခါ၌ မင်းချင်းယောကျ်ားတို့သည် အလိုမရှိသောမိဖုရားကို မင်းအာဏာဖြင့် ဘုရားအထံသို့ဆောင်လေကုန်၏၊ မြတ်စွာဘုရားသည် မိဖုရားလာသည်ကိုသိ၍ တန်ခိုးတော်ဖြင့်နတ်သမီးတယောက်ဘန်ဆင်း၍ မြတ်စွာဘုရားအနီး၌ယပ်ခပ်၍နေစေ၏၊မိဖုရားသည် **နိမ္မိတနတ်သမီး**ကိုမြင်၍"ငါသည်စဉ်းငယ်ပျက်သောသဘောရှိ၏၊နတ်သမီးနှင့်တူသောအဘို့ရှိသောမိန်းမပျိုသည်လျက် မြတ်စွာဘုရားအနီး၌ တည်ရာ၏၊ ငါသည်ထိုမိန်းမ၏ခြေဆုပ်,ယပ်ခပ်မျှလည်းမလောက်၊စဉ်းငယ်အဆင်း၌မာန်တက်သောစိတ်အားဖြင့် ပျက်ချေ၏"ဟုကြံ၏။

ထိုမိန်းမကိုအဘန်တလဲလဲရှုလျက်တည်၏၊ ထိုအခါခေမာမိဖုရား၏ ရှုစဉ်ပင်လျှင် မြတ်စွာဘုရား၏တန်ခိုးတော်အားဖြင့် ပဌမအရွယ်လွန်၍မဇ္ဈိမအရွယ်၌တည်၏၊ မဇ္ဈိမအရွယ်ကိုလွန်၍ ပစ္ဆိမအရွယ်၌တည်၏၊ ထို့နောင် အရေတွန့်ခြင်း,သွားကျိုးခြင်း အစရှိသည်ကိုပြု၍အရိုးသာ ကြွင်းသည်တိုင်အောင် ဘန်ဆင်း၍ပြတော်မူ၏၊ ထိုအခါ ခေမာမိဖုရားသည် တိဟိတ်ပဋိသန္ဓေနေသသူဖြစ်၍ "ဤသို့သဘောရှိသော ကိုယ်အဆင်းနှင့်ပြည့်စုံသော နတ်သမီးသည်လည်း တခဏခြင်းဖြင့် ဤသို့အိုခြင်း, နာခြင်း, သေခြင်းသည်ဖြစ်ဘိ၏၊ ငါ့အားလည်း ဤသို့သော သဘောသည်လျှင်ဖြစ်လတ္တံ့"ဟူ၍ ကြံ၏၊ ထိုသို့ကြံသောအခါ၌ မြတ်စွာဘုရားသည် "အာတုရံ အသုစိံ ပူတိံ" အစရှိသောသုတ်ကို ဟောတော်မူ၏၊ တရားတော်အဆုံး၌ ခေမာမိဖုရားသည် **သောတာပတ္တိဖိုလ်**၌ တည်၏၊ထို့နောင်မှ—

ယေ ရာဂရတ္တာနုပတန္တိ သောတံ၊သယံ ကတံ မက္ကဋကောဝ ဇာလံ။

ဧတံပိ ဆေတွာန ဝဇန္တိ ဓီရာ၊အပေက္ခိနော ကာမသုခံ ပဟာယာတိ။

ဟူသောတရားတော်ကိုဟော၏၊ ဒေသနာတော်အဆုံး၌ ခေမာမိဖုရားသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ **ရဟန္တာ**မဖြစ်၏၊လူသည်ရဟန္တာဖြစ်သဖြင့် ပရိနိဗ္ဗာန်ပြုအပ်သည်လည်း ဖြစ်ရာ၏၊ ရဟန်းသော်လည်းပြုအပ်၏၊ခေမာမိဖုရားသည် မိမိအာယုသင်္ခါရကိုကြည့်သော် အကြွင်းများသောအဖြစ်ကိုသိ၍ ရဟန်းပြုအံ့-ဟု ကြံ၍ မင်းကြီးကိုခွင့်တောင်းအံ့ဟု မြတ်စွာဘုရားကိုရှိခိုး၍ နန်းတော်သို့ပြန်၍ မင်းကြီးကိုရှိမခိုးမူ၍ ရပ်၏၊ထိုသို့ရပ်သဖြင့် မိဖုရားသည် အရိယာတို့၏ တရားသို့ ရောက်ပြီဟု သိ၍၊ "မိဖုရား····သင်သည် မြတ်စွာဘုရားကိုဖူးမြင်၏လော"ဟု မင်းကြီးမေး၏၊"အရှင်မင်းကြီး····အရှင်မင်းကြီးတို့၏ ဖူးမြင်အပ်ခြင်းကား အနည်းငယ်မျှသာ၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကောင်းသောဖူးမြင်ခြင်းကိုပြုအပ်ပြီ၊ အကျွန်ုပ်အား ရဟန်းပြုခြင်းကိုခွင့်ပြုပါ" ဟု လျှောက်၏၊"ကောင်းပြီမိဖုရား"ဟု မင်းကြီးဝန်ခံ၍ ကြီးစွာသောပူဇော်သက္ကာရကိုစီရင်၍ရွှေထမ်းစင်ဖြင့်မိဖုရားကိုထမ်း၍ ဘိက္ခုနီမတို့၏အထံသို့ပို့၍ ရဟန်းပြုစေ၏၊မြတ်စွာဘုရား**လက်ျာ**ရံ ရဟန္တာမဖြစ်၏၊ နောက်အခါ **မဟာပညာ**အရာ၌ တေဒဂ်ရ၏။

## ၁၇၀။ ခေမာမိဖုရား၏ ရှေးကောင်းမှုကိုပြခြင်း

ထိုမိဖုရား၏ရှေးကောင်းမှုကား—ပဒုမုတ္တရမြတ်စွာဘုရားဖြစ်တော်မူသောအခါ ဟံသာဝတီပြည်၌ သူတပါးနှင့်စပ်သောအရာ၌ ခေမာထေရီ အလောင်းသည်ဖြစ်၍ တပည့်သားတော် လက်ျာရံအရှင်ဒေဝလမထေရ်အား မုံ့ကျွဲသဲသုံးခုလှူ၍ "အရှင်ဘုရားကဲ့သို့ တဆူသောဘုရား၏အထံ၌ ပညာကြီးသောရဟန္တာမဖြစ်ရပါလို၏"ဟုဆုတောင်း၏၊နောက်အခါ၌ မိမိဆံကိုစွန့်၍ မထေရ်အားအလှူပေး၍ တောင်းမြဲတိုင်းဆုကိုတောင်း၏၊ ဤသို့အသက်ထက်ဆုံး ကောင်းမှုပြု၍ ကမ္ဘာတသိန်းပတ်လုံး လူ့ပြည်, နတ်ပြည်ကျင်လည်၍ ဤကမ္ဘာ၌ **ကဿပဘုရားရှင်**လက်ထက် ဗာရာဏသီ၌ ကိကီမင်းကြီး၏ သမီးခုနစ်ယောက်တွင် အလတ်ဖြစ်၍ အနှစ်နှစ်သောင်းပတ်လုံး အိမ်၌ပင် သတို့သမီးအဖြစ်ဖြင့် ဉပုသ်သုံး၍ ထိုအခါ ညီအမခြောက်ယောက်တို့နှင့် တကွမြတ်စွာဘုရားအား ပရိဝုဏ်ဆောက်လှူ၍ ဘုရားတဆူနှင့်တဆူအကြားလူ့ပြည်,နတ်ပြည်ကျင်လည်ခဲ့၍ ငါတို့ဘုရားဖြစ်တော်မူသောအခါ မဒ္ဒတိုင်းသာဂလပြည်မင်းမျိုး၌ဖြစ်၍ အရွယ်ရောက်သော် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း၏မိဖုရားဖြစ်လာ၏။

---

## ၁၇၁။ ဇမ္ဗုပတိမင်း၏အကြောင်းကိုပြခြင်း

※ရာဇဂြိုဟ်ပြည်ကိုဆွမ်းခံအမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူသောအခါ ဇမ္ဗုပတိမင်း အမှူးရှိသောတထောင်သော အမတ်တို့ကိုငှင်း, ကဥ္စနဒေဝီမိဖုရား အမှူးရှိသောတထောင်သောအမတ်မယားတို့ကိုငှင်း ချွတ်ကယ်တော်မူ၏၊အကြောင်းကား—ပဥ္စာလတိုင်း ပဥ္စာလပြည်၌ ဇမ္ဗုပတိမင်းသည် မင်းပြု၏၊ထိုမင်းပဋိသန္ဓေနေသောအခါနန်းရင်ပြင်၌ **တဆယ့်ရှစ်တောင်**အစောက်ရှိသောရွှေသည်တိုင်ပေါက်၏၊ ဘွားသောအခါ မြေမှ ရွှေအိုးတို့သည် ပေါက်ကုန်၏၊သစ်ပင်ဖျားမှ ရွှေအိုးတို့သည် ကျလေကုန်၍ ရေမှပေါ်လာကုန်၏၊ဝေပုလ္လတောင်မှ မဏိဇောတိရသပတ္တမြားခြေနင်းတရံတို့သည် မင်း၏ခြေတို့မှခံလာကုန်၏၊ "ဤမင်းသားသည် ဇမ္ဗုဒီပါကျွန်းကို အစိုးရ

---

*ဤဇမ္ဗုပတိမင်း၏အကြောင်းသည် ဇင်းမယ်ပဏ္ဏာသ၌သာ လာရှိလေသည်။

လတ္တံ့၊အထက်တယူဇနာ, အောက်တယူဇနာပိုင်လတ္တံ့၊ နဂါးပြည်ကို အစိုးရလတ္တံ့ ”ဟု ကြားကုန်၏၊ “ပတ္တမြားခြေနင်းကိုစီး၍ အထက် ကောင်းကင်သို့ တယူဇနာမြင့်အောင် ပျံတက်လတ္တံ့ ”ဟု ကြားကုန်၏။

### ဗိမ္ဗိသာရမင်းထံမြားနှင့်ခြေနင်းလွှတ်ခြင်း

ထိုမင်းသားသည် သတ္တိသားတို့ ကိစ္စကို ပြုသောအခါ၌ မြားဖြင့် မြေ၌ဂုင်း, ရေ၌ဂုင်း, ကောင်းကင်၌ဂုင်းပစ်၏၊ တဆယ့်ခြောက်နှစ်ပတ် လုံး အတတ်သင်ပြီးသော မင်းသားသည် တနှစ်၌တယူဇနာ, နှစ်နှစ်၌ နှစ်ယူဇနာ၊ဤသို့သောနည်းဖြင့် ခုနစ်နှစ်၌ ခုနစ်ယူဇနာ ရောက်အောင် ပစ်၏၊မြေထဲသို့ပစ်သော် တယူဇနာဝင်၏၊ ရေ၌ပစ်သော် အခိုးထွက်၍ တယူဇနာပြေး၏၊နဂါးပြည်ကိုပစ်သော်ဖွဲပြာကဲ့သို့ဖြစ်၏၊ဇမ္ဗူဒိပါကျွန်း၌ တရာ့တယောက်သောမင်းတို့ကို ချခေါ်သောအခါ မြားကိုတမန်ပြု၍ တရာ့တယောက်သောမင်းတို့၏နား၌ သီသကဲ့သို့ဝင်၍ မြား၏ အစွမ်း ဖြင့်ဆောင်၏။

ကဋ္ဌနဒေဝီမိဖုရားနှင့်တကွ ပဉ္စာလပြည်၌ကေရာဇ်မင်း၏ အဘိသိက် ကိုခံ၍ တလခြောက်တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့၌ တပြင်ကျယ်၌ နေလျက် ကြယ်အပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်းကို မြင်၍ “ငါ၏တင့်တယ်ခြင်းသည် လပြည့်ဝန်းနှင့်တူ၏၊ တရာ့တယောက်သော မင်းအစရှိကုန်သော အခြံအရံတို့သည်ကား-ကြယ်အပေါင်းနှင့်တူ၏” ဟုကြံ၍ ညဥ့်ဦးယံ၌ မင်းခြောက်တန်ဆာ ငါးပါးတို့ဖြင့် တန်ဆာဆင်၍ ပတ္တမြားခြေနင်းကိုစီး၍ ခြေနင်း၏ အာနုဘော်ဖြင့် ကောင်းကင်သို့ ပျံတက်၍ တရာ့တယောက်သော မင်းတို့၏အထံသို့ လှည့်လည်သည်ရှိ သော် ထိုမင်းတို့သည် မြင်ကုန်သဖြင့် ပူဇော်သက္ကာရ ပြုကုန်သဖြင့် ပြန်လည်၏၊ ထိုအခါ ရာဇဂြိုဟ်ပြည်မှ ဗိမ္ဗိသာရမင်း၏ နန်းတော် ပြာသာဒ်ကိုမြင်၍“ဤပြာသာဒ်သည်အစောက်လည်းမြင့်၏၊ အထွဋ် စုလစ်မွန်ချွန်လည်းများစွာ၏၊အဘယ်သူသည် ဤပြာသာဒ်ကို အစိုးရသ နည်း”ဟု အမျက်ကိုဖြစ်စေ၍ အထွဋ်ကို ခြေနင်းဖြင့် ကျော်၏။

မြတ်စွာဘုရား၏ ဥပါသကာဖြစ်သဖြင့် မြတ်စွာဘုရား၏ တန်ခိုး အားဖြင့်ချော်၍ အထွဋ်ဖြင့် ပုဆစ်ဒူးကိုခတ်မိ၍ သွေးယိုသည်ကိုမြင်၍

အလွန်အမျက်ပြင်းစွာထွက်သဖြင့် သန်လျက်ကို နုတ်၍ ခုတ်ပြန်သော်လည်း ဘုရား၏တန်ခိုးတော်အားဖြင့် နုတ်တို့သည် သံဖြင့်ပြီးသော အထွင့်ဘန်ဆင်း၍ သန်လျက်သည် ပျက်စီး၏၊ ထိုမင်းသည်ပြင်းစွာ အမျက်ထွက်သဖြင့် ရှိနှင့်စေဦး၊ ငါ၏နန်းတော်သို့ပြန်၍ အဆိပ်နစ်သောမြွားကိုစေ၍ ထိုသူ၏နားကိုဘောက်သီ၍ ငါ၏နေရာသို့ဆောင်စေအံ့''ဟုကြံ၍ မိမိနေရာသို့ပြန်ပြီးသော် အမတ်တို့၏ မျက်မှောက်၌လေးကိုဖြန့်၍ အမျက်ဖြင့် ပြင်းစွာနှိပ်စက်သည်ဖြစ်၍ သန်လျက်စွဲလျက်ခုန်၏။

ထိုမင်းကိုမြင်၍ ''အရှင်မင်းကြီး....ဤအမှုကို အဘယ့်ကြောင့် ပြုတော်မူသနည်း၊ အကျွန်ုပ်တို့ကို အမျက်ထွက်တော်မူသလော''ဟု အမတ်တို့မေးကုန်၏၊ ခပ်သိမ်းသော အမတ်တို့သည် ခြသေ့်ဟောက်သကဲ့သို့ ကြောက်လန့်၍ ရင်ဖြင့်မြေ၌ဝပ်ကုန်၏၊ ''အိုအမတ်တို့.... သင်တို့အား ငါသည်အမျက်မထွက်၊ တပါးသောသူတို့ကို ထွက်၏''ဟုဆို၍ အဆိပ်နစ်သောမြွားကို လက်ဝါး၌တင်၍ ''အို-မြွား....သင်သည် သွား၍ ဤအရပ်မှသည် တောင်မျက်နှာအရပ်၌ မင်း၏နားကို ထိုးဘောက်သီ၍ ဤအရပ်သို့ဆောင်ချေ''ဆို၍ စေလွှတ်၏၊ ထိုမြွားသည် ကောင်းကင်ဖြင့်သွား၍ နဂါးကိုထိတ်လန့် စေတတ်သော ဂဠုန်ကဲ့သို့ ပြု၍ ဗိမ္ဗိသာရမင်း၏ ဦးခေါင်းကိုဖြတ်အံ့၊ ရင်ကိုခွဲအံ့၊ ငါသည် မဟာဇမ္ဗုပတိမင်း၏ တမန်တည်း၊ ငါ၏ရှေ့တူရူ၌ မတည်လင့်၊ ဤသို့ခြသေ့်ကဲ့သို့ မြည်လျက်ပြေး၏။

### မြွားနှင့်ခြေနင်းကိုဘုရားရှင်တားမြစ်တော်မူခြင်း

ဗိမ္ဗိသာရမင်းကြီးသည် မိုးသောက်ထအခါ ပြာသာဒ်၏ အထွဋ်၌ သည်းစွာသောအသံကိုကြား၍ ကြောက်ထိတ်လန့်သည်ဖြစ်၍ နေထွက်သောအခါ ဝေဠုဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ''ဘုန်းတော်ကြီးသောအရှင်ဘုရား...ညဉ့်အခါ၌ပြာသာဒ်၏အဖျား၌ ခြိမ်းချောက်သောအသံကိုကြား၏၊ အဘယ်ကဲ့သို့ဖြစ်လတ္တံ့နည်း'' ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ''မြတ်သော မင်းကြီး....ဇမ္ဗုပတိမင်းသည် သင်မင်းကြီးကို အမျက်ထွက်၍ နဂါး၏အဆိပ်နစ်သော မြွားကိုစေ၍ သင်မင်းကြီး၏ နားကိုဘောက်သီ၍မိမိနိုင်ငံသို့ဆောင်လတ္တံ့''ဟု

မိန့်တော်မူ၏၊ မင်းကြီးသည် အလွန်ကြောက်သဖြင့် "အရှင်ဘုရား.... အဘယ်သို့ပြုပါရအံ့နည်း"ဟု လျှောက်၏၊ "မြတ်သော မင်းကြီး.... မစိုးရိမ်လင့်"ဟု မိန့်တော်မူ၏။

ထိုသို့ပြောဟောစဉ်ပင် ဗိမ္ဗိသာရမင်းကြီး၏ ဦးခေါင်းကို ဖြတ်အံ့၊ ဇမ္ဗုပတိမင်း၏ အာဏာတည်း"ဟု ပြင်းစွာဟစ်ကြော်၍ မြွားသည် ရောက်လာ၏၊ ထိုအသံကို အလုံးစုံသော ပြည်သူတို့သည် ကြားကုန်၍ ပြင်းစွာကြောက်ထိတ်လန့်ကုန်၏၊ မြွားသည်နန်းတော်၌ မင်းကြီးကို မရ၍ ထီးဖြူကိုဖျက်ဆီး၍ဝေဠုဝန်ကျောင်းတော်သို့ရှေးရှု၍လာလတ်၏၊ ထိုမြွားလာလတ်သည်ကို မြတ်စွာဘုရားမြင်တော်မူ၍ "မြတ်သော မင်းကြီး....မြွားသည် လာလတ်ပြီ"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် မြွားကိုမြင်၍ မိမိကိုယ်၏ အဖြစ်ဖြင့် တည်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ရှင်ပင် ဘုရားသည် အကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်၏"ဟု ဦးခေါင်းဖြင့်ဘုရားခြေတော်၌ဆိုက်၍ မှောက်ခုံဝပ်၏၊ ထိုအခါ လူတို့ကိုအစဉ်သနားတော်မူသော မြတ်စွာ ဘုရားသည်တခုသောစက်ကိုဘန်ဆင်း၍ "အို-မြတ်သောစက်..သင်သည် ငါ့အာဏာတမန်တည်း၊ သွား၍ထိုမြွားကိုပစ်ချေ"ဟု စေလွှတ်တော် မူ၏၊ မြတ်စွာဘုရား စက်သည်ကောင်းကင်သို့တက်၍ ဇမ္ဗုပတိမင်း၏ တမန်ကို ရင်ကိုခွဲအံ့၊ ဦးခေါင်းကိုဖြတ်အံ့"ဟု ပြင်းစွာမြည်လျက် မြွားသို့ရှေးရှု သွားလေ၍ ထိုမြွားနှင့်ခတ်မိသော အသံသည် မိုးကြိုးစက်ကဲ့သို့ ဖြစ်၍ အလုံးစုံသောလောကကို လောင်သောမီး၏ အခိုးကဲ့သို့ ထွက်၏။

မြွားသည် မခံနိုင်၍ပြေးလေသော် မြတ်စွာဘုရား၏ နိမ္မိတစက် တော်သည် အစဉ်လိုက်လေ၏၊ မြွားသည် မိမိနေရာရွှေကျောင်းသို့ဝင်၍ ပုန်းလေ၏၊ ထိုမြွားကို ဇမ္ဗုပတိမင်းမြင်၍ အစွယ်ကျိုးသော မြွေကဲ့သို့ ဖြစ်၍ ဇောတိရသပတ္တမြားခြေနင်းကိုယူ၍ "သင်သည်သွား၍ ဗိမ္ဗိသာရ မင်း၏ခြေကို နှောင်ဘွဲ့၍ ဆောင်ချေလော့"ဟု စေလွှတ်ပြန်၏၊ပတ္တမြား ခြေနင်းနှစ်ခုတို့သည် တရာသော ဦးခေါင်းရှိသော အကုဋေသော ပါးပျဉ်းရှိသော နဂါးမင်း၏အသွင်ကို ဘန်ဆင်း၍ ငရဲမီးခိုးကဲ့သို့ အခိုး ကိုလွှတ်လျက်အခိုး၏အတွင်း၌ တောက်ပကုန်သော အလျှံတို့ကို လွှတ်

လျက်ရာဇဂြိုဟ်ပြည်သို့ ရှေးရှုလာ၍ခွဲအံ့,ဖြတ်အံ့ဟု ပြင်းစွာမြည်တမ်း၍ နန်းတော်သို့ဝင်၍ ပလ္လင်၌ မင်းကိုမမြင်သော် ပလ္လင်ကို ဖျက်ဆီး၍ ဝေဠုဝန် ကျောင်းတော်သို့ ရှေးရှုလာကုန်၏၊ မြတ်စွာ ဘုရားသည် ထိုလာကုန်သော နဂါးလုလင်တို့ကို မြင်၍ "မြတ်သောမင်းကြီး.... ထိုလာကုန်သော နဂါးနှစ်ခုတို့သည် မင်းကြီး၏ရန်သူတည်း"ဟု မိန့်တော်မူသော် အလွန်ကြောက်ခြင်းဖြစ်၍ ရင်ဖြင့်ညွတ်၏။

မြတ်စွာဘုရားသည် "မင်းကြီး....မကြောက်လင့်"ဟု မိန့်တော်မူ၍ ဦးခေါင်းအသောင်းရှိသော အသိန်းသော အတောင်ရှိသော ကြီးစွာသော **ဂဠုန်**ကို ဖန်ဆင်း၍ လွှတ်၏၊ထိုဂဠုန်သည် ကောင်းကင်သို့ ပျံတက်၍ အတောင်သံတို့ဖြင့် အသိန်းသော မိုဃ်းကြိုးစက်အသံကဲ့သို့ လောင်တတ်သော အခိုးကဲ့သို့ဖြစ်၍ "နဂါး၏ ဦးခေါင်းတို့ကို ဖြတ်အံ့,ခွဲအံ့၊ သင်တို့သည် ငါ၏အစာဖြစ်ပြီ"ဟု ခြိမ်း၍လာလတ်၍ နဂါးတို့ကို ဖမ်းယူလိုသကဲ့သို့ဖြစ်၏၊ ထိုနဂါးတို့သည် အလွန်ကြောက်ကုန်၍ ဂဠုန်မှဖဲ၍မြေ၌လျှိုးငုပ်၍မိမိတို့နေရာအရပ်သို့ပြေးလေကုန်၏၊ ဇမ္ဗုပတိမင်းသည် ပြေးလာသော နဂါးတို့ကိုမြင်၍ အတောင်နှစ်ဘက်ပြတ်သော ငှက်ကဲ့သို့ဖြစ်၍ ပြင်းစွာစိုးရိမ်ခြင်းဖြစ်၏။

### ဇမ္ဗုပတိမင်းနှင့်သိကြားမင်း

မြတ်စွာ ဘုရားသည် ဇမ္ဗုပတိမင်းကို ကြည့်တော် မူသော် အရဟတ္တဖိုလ်၏ ဥပနိဿယကိုမြင်၍ သိကြားမင်းကို ခေါ်တော်မူ၍ "သိကြားမင်း....သင်သည် သွား၍ ရာဇာဓိရာဇာက ခေါ်ချေစေသောကြောင့် လာသည်-ဟု ဆို၍ ဇမ္ဗုပတိမင်းကို ခေါ်ချေ"ဟု စေတော်မူ၏၊ ထိုသိကြားမင်းသည် ပဉ္စာလပြည်သို့သွား၍ အလုံးစုံသော ပြည်ကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေ၍ နန်းတွင်းသို့ဝင်၍ အမတ်တို့၏ရှေ့မှရပ်၍ ဤသို့ခေါ်၏၊"အို-ဇမ္ဗုပတိမင်း....သင်သည်ပဉ္စာလပြည်ကိုမှီ၍ အခိုင်အမာမနေလင့်၊မင်းတကာတို့ကို အစိုးရသော ရာဇာဓိရာဇာအားလက်ဆောင်ပဏ္ဏာကို အဘယ့်ကြောင့် မဆက်လာသနည်း၊ အို–တောင်သူမင်း....တော၌ သမင်ကဲ့သို့ ရာဇာဓိရာဇာ၏အထံသို့ အဘယ့်ကြောင့် မလာဘဲသင်နေသနည်း၊ ယခုသင့်ကို ငါအပါခေါ်ရမည်၊ မနေသာဘူး၊ အဆောတလျင်လိုက်ခဲ့"ဟု ဆို၏။

ထိုစကားကိုကြားသော် ဇမ္ဗုပတိမင်းသည် တုန်လှုပ်သော နှလုံးရှိသည်ဖြစ်၍ "ဤတမန်၏ အဆင်းအရောင်သည် အလွန်တင့်တယ်၏၊ ဤတမန်သည်ပင်လျှင် ငါတို့ထက် တန်ခိုးကြီးမြတ်သည် ဖြစ်လတ္တံ့၊ ထိုသို့ဖြစ်သော်လည်း တမန်နှင့်လျော်စွာ ပြုအပ်သောဝတ်ကိုဆိုဦးအံ့" ဟု ကြံ၍ "အိုလုလင်....တမန်မည်သည် ပညာရှိသည်ဖြစ်ရာ၏၊ နူးညံ့သော စိတ်ရှိသည်,သာယာသောစကားကို ဆိုသည်ဖြစ်ရာ၏၊ လက်အုပ်ချီ၍ ဖြည်းညှင်းစွာစကားပြောဟောပြီးမှ စေလိုက်သည့်သတင်းစကားကို ကြားရာ၏၊ သင်သည် တမန်တို့ပြုရသော ဝတ်ကို မသိ"ဟု ဆို၏၊ ထိုအခါ သိကြားမင်းဆို၏၊ "မင်းကြီး....ပညာရှိသော တမန်မည်သည် ဒေသ,ကာလကိုသိ၏၊အကြင်မင်းသည် အခြံအရံနည်း၏၊ ဘုန်းနည်း၏၊ထိုမင်းအား ရှိခိုးခြင်းကိုဇင်း,အရိုအသေကိုဇင်း မပြုအပ်ဟူ၍ သိ၏၊ သင်သည်တောတွင်း ပစ္စန္တရစ်၌နေ၍ ဘုန်းတန်ခိုး နည်းသောကြောင့် သင့်အား ရှိခိုးခြင်း,အရိုအသေပြုခြင်းကိုငါမပြုသည်"ဟုဆို၏။

ဇမ္ဗုပတိမင်းသည် အမျက်ထွက်၍"အလုံးစုံသော ဇမ္ဗုဒိပါကျွန်း၌ ငါနှင့်တူ၍ ဘုန်းတန်ခိုးကြီးသောမင်းသည် အဘယ်မှာရှိသနည်း"ဟု ထ၍ လက်ပန်းပေါက်ခတ်၍ အဆိပ်နစ်သောမြှားကိုယူ၍ တမန်၏ နားကိုပစ်၏၊ ရာဇာဓိရာဇာ၏ တမန်ဖြစ်သော သိကြားမင်းသည် **တခုသောစက်**ကို ဘန်ဆင်း၍ မြှားကိုပစ်၏၊ စက်သည် မိုယ်းကြိုးစက်ကဲ့သို့ ပြင်းစွာမြည်၍ မြှား၏အသွားကို ခတ်မိလေ၏၊ မြှားသည် ပြေးလေ၍ ခြိုသို့ပုန်းဝင်လေ၏၊ စက်သည်လိုက်လေ၍ ခြိုကိုလောင်လေ၏၊ မြှားသည် မြေ၌ငုပ်လေ၏၊ စက်သည်လည်း မြေ၌ငုပ်လေ၍ လိုက်လေ၏၊မြှားသည် ရေ၌ငုပ်၍ပြေးလေ၏၊စက်သည်လည်းရေ၌ငုပ်၍ ရေကိုအခိုးအလျှံတက်စေ၏၊မြှားသည် မြေ၌ပြေးလေ၏၊စက်သည် မြှားပြေးလေရာလိုက်၍ မြေကိုအခိုးအလျှံတက်စေ၏၊ မြှားသည် ကောင်းကင်၌ပြေးလေ၏၊စက်သည်လည်း ကောင်းကင်၌လိုက်လေ၏၊မြှားသည် တောင်သို့ပြေးဝင်လေ၏၊စက်သည်လည်း မြှားပြေးရာလိုက်၍ ဖွဲပြာဖြစ်စေ၏၊မြှားပြန်လည်၍ မင်းကြီး၏ ဦးရစ်သို့ဝင်လေ၏၊ စက်သည်လည်း လျင်စွာလိုက်၍ ဦးရစ်ကိုအလျှံတောက်စေ၏၊မင်းသည် ဦးရစ်ကိုချွတ်၍ ပြေးလေ၏၊မြှားကိုစက်သည်ခတ်မိ၍ မီးထ၏။

ထိုအခါ တထောင်သောအမတ်တို့သည် ထ၍ပြေးကုန်၏၊ အလုံးစုံသော ပဉ္စာလပြည်ကို အလျှံဖြစ်စေ၏၊အလုံးစုံသောသူတို့သည် ကြောက်ကုန်၍ ပြင်းစွာမြည်တမ်းကုန်၏၊ ဇမ္ဗုပတိမင်းသည် သိကြားမင်းတမန်ကို"ဤတမန်သည် အလွန်ကြမ်းကြုတ်၏၊ မိမိအရှင်၏ အာဏာခေတ်အခါ၌သာ စိတ်ရှိတိုင်းမပြု၊ ငါ၏ပြည်ကိုမီးတိုက်၏"ဟု ဆို၏၊ ထိုအခါ "မြတ်သောမင်းကြီး….သင်၏ အစိုးရသောအရာသည်မရှိ၊ အဘယ့်ကြောင့် ဤသို့ဆိုသနည်း၊ မင်းကြီး….သင်၏တန်ခိုးကို ငါ့အားသင်ပြပြီ၊ ငါ၏တန်ခိုးကို မင်းကြီးရှုလော့"ဟု ဆို၏၊"အို-တမန်….သင်၏ တန်ခိုးကို ငါမြင်ရပြီ၊သင်၏တန်ခိုးကိုငြိမ်းပါစေလော့"ဟုဆို၏၊ သိကြားမင်းသည် "ကောင်းပြီ"ဟု စက်ကိုငြိမ်းစေ၏၊ ဇမ္ဗုပတိမင်းသည် နှလုံးမသာသည်ဖြစ်၍ ဤသို့ကြံ၏၊ "ငါသည် ရှေးအခါ၌ အလုံးစုံသော ဇမ္ဗုဒီပါကျွန်းကို လက်ဝါးပြင်ကဲ့သို့အစိုးရ၏၊ ယခုမူကား အစိုးရသော တပါးသောသူရှိ၏"ဟု ကြံ၍ နှလုံးမသာဖြစ်၍ တမန်ကဆို၏။

"လာလော့မင်းကြီး…. သွားကုန်အံ့"ဟုဆို၏၊ "တမန်…. ငါမလိုက်ဘူး၊ သင်၏သခင်ကိုငါပင်အစိုးရ၏၊ သင်သွားလော့" ဟုဆို၏၊ တမန်ကလည်း "မင်းကြီး….ငါ၏ အရှင်ရာဇာဓိရာဇာသည် ကေသရရာဇာခြင်္သေ့မင်းကဲ့သို့ အမျက်ထွက်တတ်၏၊ သင်တယောက်မလာဘဲနေသောကြောင့် တပြည်လုံးမီးလောင်လတ္တံ့၊ဤပြည်သည်ငယ်လှစွာ၏၊ အဘယ်သူမြင်နိုင်ဝံ့တော့မည်နည်း၊မင်းကြီး…လာလော့၊ရာဇာဓိရာဇာ၏ အဘယပုရပြည်ကြီးကိုရှုလှည့်"ဟု ဆို၏၊ "တမန်….သင်သည်ကဲ့သို့မဆိုလင့်၊ငါသည်အလုံးစုံသော ဇမ္ဗုဒီပါကျွန်း၌ အစိုးရ၏၊ အဘယ့်ကြောင့် ငါလိုက်ရအံ့နည်း"ဆို၏၊ "တောင်သူမင်း…. အလုံးစုံသော ဇမ္ဗုဒီပါကျွန်းကို ငါတို့သခင် ရာဇာဓိရာဇာသည် အစိုးရသည်၊ အကြာမနေလင့်၊ "မင်းယုတ်…. လျင်လျင်လာ၊ အကယ်၍ မလာနေသော် သင်အရှက်ရလတ္တံ့"ဟု သိကြားဆို၍ စက်ကိုပစ်လိုက်၏၊စက်သည် မင်း၏ခြေတို့ကိုနှောင်ဘွဲ့၍ ထလော့, ထလော့ဟု ဆို၍ စက်သည် မင်းကိုငင်သော် မင်းသည် ရွှေအင်းပျဉ်မှကျ၍ အမတ်တထောင်တို့၏ ရှေ့မှ အရှက်ရသည်ဖြစ်၍ အောက်သို့ ဦးခေါင်းညွှတ်လျက်နေ၏၊ စက်၏

အစွမ်းဖြင့် မင်း၏ဦးရစ်ကိုင်၍ ပစ်လိုက်၏၊ တဥသဘမျှသောအရပ်၌ ကျ၏၊စက်၏အစွမ်းဖြင့် မင်းကိုင်၍ ပြာသာဒ်မှချ၏။

အမတ်တို့သည် မင်းကြီး၏ခြေ,လက်တို့ကိုကိုင်၍ လုကုန်၏၊ထက်စွာသောစက်ဖြင့် ထိပါးရာအရေစုတ်ပြတ်၍ သွေးထွက်၏၊ ထိုသွေးကိုမြင်၍ မင်းကြီးသည်ကြောက်၍"အမောင်တမန်....တနေ့မျှငံ့ပါဦး၊ ဗိုလ်ပါ ရုံးစု၍ နက်ဖြန်နံနက်စောစော ရာဇာဓိရာဇာ၏ခြေတော်ရင်းသို့လိုက်ပါအံ့"ဟု တောင်းပန်၏၊ထိုအခါ"မင်းကြီး....ကောင်းပြီ၊ ငါသွားနှင့်လေအံ့၊ နက်ဖြန်မူကား စောစောလာ၍ ငါတို့အရှင်မင်းကြီး၏အထံသို့ရောက်စေ၊မရောက်၍ ငါလာပြန်ရသော် ငါ၏စက်သည် မင်းကြီး၏ ခြေတို့ကိုဖြတ်လတ္တံ့"ဟူ၍ သိကြားမင်းဆိုခဲ့၏၊ မြတ်စွာဘုရားအား ထိုအကြောင်းကိုလျှောက်လာ၏။

## ဇမ္ဗုပတိမင်းကိုချွတ်ရန် ကြံတင်စီမံခြင်း

မြတ်စွာဘုရားလည်း "ဤအခါသည် များစွာသောသူတို့သည် မဂ်, ဖိုလ်ရလတ္တံ့သော အခါတည်း"ဟု မြင်တော်မူ၍ "များစွာသော နတ်တို့သည် ဤအရပ်သို့လာစေသတည်း"ဟု မိန့်တော်မူ၏၊ မြေကြီးသည် ပြင်းစွာတုန်လှုပ်၏။

ကာလရာဇာနဂါးမင်းကိုလည်း "နဂါးမင်း....သား, မယားတို့နှင့် တကွလာခဲ့"ဟု ခေါ်တော်မူသဖြင့် နဂါးမင်းလာ၍ "အရှင်ဘုရား.... အဘယ့်ကြောင့်ခေါ်တော်မူသနည်း"ဟုလျှောက်၏၊"နဂါးမင်းအကြင်ခရီးဖြင့် ဇမ္ဗုပတိမင်းသည် လာလတ္တံ့၊ထိုခရီး၌သင်သည် ကြီးစွာသော ဂင်္ဂါမြစ်ဘန်ဆင်း၍ နဂါးသမီးတို့ကို မိမိတို့၏အရုပ်ကိုစွန့်၍ နတ်သမီး အရုပ်ကိုဘန်ဆင်း၍ ဂင်္ဂါ၌ ရတနာ့ခုနစ်ပါးကို ဈေးခင်း၍ရောင်းဝယ်စေ၊နဂါးမိဖုရား ဝိမလာဒေဝီကို ဈေးသည်မအကြီးပြုစေ၊ သင်နဂါးမင်းသည်လည်း အထောင်မကသော နဂါးလုလင်တို့ကိုခေါ်၍ လူ့အသွင်ဘန်ဆင်း၍ ဝယ်ခြင်းကိုပြုလေ"ဟု စေတော်မူ၏၊ ကာလရာဇာ နဂါးမင်းသည်"ကောင်းပါပြီ"ဟု ဝန်ခံ၍နဂါးပြည်မှ ရတနာ့ခုနစ်ပါးတို့ကိုယူခဲ့စေ၍ ထိုထိုသို့သောအရပ်၌ ဈေးခင်းကျင်း၍ ရောင်းဝယ်ခြင်းကိုပြုကုန်၏။

ဂန္ဓုန်မင်းသည်လည်း သား,မယားတို့နှင့်တကွလာ၍ အမိန့်တော်ကိုခံသဖြင့် "ဂဠုန်မင်း....သင်သည် များစွာသော ဂဠုန်တို့နှင့်တကွလူအရုပ်ကိုပြု၍ ပန်းဘဲ,ပန်းထိမ်အမှုကို ပြုလေ"ဟု စေတော်မူသဖြင့် ဂဠုန်မင်းသည် ဘုရားအမိန့်တော်ကို ဦးထိပ်ရွက်၍ အကုဋေမကသော ဂဠုန်တို့နှင့်တကွလာ၍ ထိုမင်းလာလတ္တံ့သောခရီး၌ ပန်းဘဲအမှု,ရွှေပန်းထိမ်အမှုတို့ကိုပြုကုန်၏။

ဆဒ္ဒန်အမျိုးမှ ရှစ်သောင်းသော ဆင်တို့သည်လာကုန်၍ မင်္ဂလာဆင်ထားရာ၌တည်ကုန်၏၊ ဝလာဟကမြင်းမျိုး မှရှစ်သောင်းသောမြင်းတို့သည်လာကုန်၍ မင်္ဂလာမြင်းထားရာ၌တည်ကုန်၏၊ ရှစ်သောင်းသော ကရဝိက်ငှက်တို့သည် လာကုန်၍ သာယာစွာသောအသံဖြင့် တွန်ကုန်၏၊ ကျေးအပေါင်းတို့သည် စန္ဒကူးနံ့သာတို့ကိုယူ၍ လာကုန်၏၊ ကိန္နရာမို့, ကိန္နရီမ တို့သည်လာကုန်၏၊ ဂန္ဓဗ္ဗနတ်တို့သည်လာကုန်၍ နတ်တို့၏စည်,စောင်းငြင်းတို့ကို တီးမှုတ်ကုန်၏၊စတုမဟာရာဇ်နတ်မင်း လေးယောက်တို့သည် မိမိတို့၏အခြံအရံနှင့်တကွလာကုန်၍ အရပ်လေးမျက်နှာ၌စောင့်ကုန်၏။

မြတ်စွာဘုရားသည် ဝေဠုဝန်ဥယျာဉ်၌ ရှစ်သောင်း,လေးထောင်သောရွှေဗိမာန်တို့ကိုဘန်ဆင်း၍ ထိုထိုသို့သောဗိမာန်တို့၌ တသိန်း,တသိန်းကုန်သော တပည့်တို့သည် ဗြဟ္မာမင်း၏အရုပ်ကဲ့သို့ ဘန်ဆင်း၍ နေကုန်၏၊ ထိုဗိမာန်တို့၏အလယ်၌ အထောင်မကသော တံခါးတိုင်ရှိသော ဘုံဆင့်တရာရှိသော ကြီးစွာသောဗိမာန်ကို ဘန်ဆင်းတော်မူ၏၊ ရွှေခြူကွန်ယက်တို့ဖြင့် ချောက်ချားသောထီးဖြူတို့ကို ထိုဗိမာန်၌ မြတ်စွာဘုရားဘန်ဆင်းတော်မူ၏၊ ထီးဖြူအောက်၌ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော ရာဇပလ္လင်ဘန်ဆင်း၍ အထူးထူးသော အရောင်အဆင်းတို့ဖြင့် တောက်ပလျက် ဗြဟ္မာမင်း၏အရုပ်ကိုကဲ့သို့ ဘန်ဆင်း၍ မြတ်စွာဘုရားနေတော်မူ၏။

မြတ်သောအဆင်းရှိသော နှစ်ယောက်သောနတ်သမီးတို့ကိုဘန်ဆင်း၍လက်ဝဲ,လက်ျာတို့၌တည်စေကုန်၏၊ မဟာဗြဟ္မာကြီး သည် ထီးဖြူကိုဆောင်းရ၏၊ မြတ်စွာဘုရား၏ နောက်တော်၌ အသိန်းမကသော

**ဂန္ဓဗ္ဗနတ်**တို့သည် များစွာသော စည့်စောင်းငြင်းတို့ကို တီးမှုတ်ကုန်၏၊ အသိန်းမကသောဂန္ဓဗ္ဗနတ်သမီးတို့သည် ကကုန်,သီကုန်၏၊ထို့နောင်မှ အရှင်ရာဟုလာသည် **စကြဝတေးမင်း** ကဲ့သို့ဘန်ဆင်း၍ အခြံအရံများစွာနှင့်နေ၏၊ မဟာကပ္ပိနမထေရ်သည်**စကြဝတေးမင်း**ကဲ့သို့ အခြွေအရံနှင့်တကွနေ၏၊ ထို့နောင်မှ တသောင်း, ခြောက်ထောင်ကုန်သော တပည့်တို့သည် **ပဒေသရာဇ်မင်းငယ်**ကဲ့သို့ ပြု၍ နေကုန်၏၊ နေနတ်သား, လနတ်သားတို့သည် တံခါးစောင့်အသွင်ကိုယူကုန်၏၊ စောင်းတန်းလှေကားအောက်၌ ကောင်းကင်၌သွားတတ်ကုန်သော နတ်သမီးတို့သည် ရက်ကန်းယက်သောအမှုကိုပြုကုန်၏။

တံတိုင်းအတွင်း၌ မြေသည် ဖလ်ဖြင့်ပြီး၏၊ အတောင်ရှစ်ဆယ်မြင့်သောရွှေဖြင့်ပြီးသောတံတိုင်းရံ၏၊တံခါးအဝင်ပြင်လမ်းနှားနှစ်ဘက်တို့၌တသိန်းသောဆင်ပြောင်တို့ကိုချည်ကုန်၏၊မြေကားရွှေဖြင့်ပြီး၏၊ အပ၌ပတ္တမြားနီတံတိုင်းရံ၏၊တံခါးခုံနှစ်ဘက်တို့၌အသိန်းမကသောဝလာဟကမြင်းတို့ကိုချည်ကုန်၏၊မြေကား-ပတ္တမြားနီဖြင့်ပြီး၏၊ပတ္တမြားပြောက်တံတိုင်းရံ၏၊ တံခါးခုံနှစ်ဘက်တို့၌ အထူးထူးသောရတနာဖြင့်ပြီးသော ဒိုင်း,လွှားကာ, ချပ်ဝတ်, မိန်ညို, မောက်တို, ဓား,လှံ လက်နက်နှင့်တကွ အသိန်းမကသော စစ်သည်သူရဲတို့သည်နေကုန်၏၊ မြေကား-ဝဇိရစိန်ဖြင့်ပြီး၏၊ ပတ္တမြားပြောက်တံတိုင်းရံ၏၊ တံခါးဝနှစ်ဘက်အပ၌ အသိန်းမကသော ခြေသည်စသည်တို့နေကုန်၏၊ မြေကား-ကြေးနီဖြင့်ပြီး၏၊ သံတံတိုင်းရံ၏၊ တံခါးဝနှစ်ဘက်ပြင်တို့၌ အသိန်းမကသော စစ်သည်သူရဲတို့သည် နေကုန်၏၊ ကြေးဖြင့်ပြီးသော မြေတို့ကိုကြေးနီတံတိုင်းရံ၏၊ တံခါးဝပြင်နှစ်ဘက်တို့၌ သန်လျက် လက်စွဲကုန်သော အသိန်းမကသော စစ်သည်တို့သည် နေကုန်၏၊ မြေကား-ကြေးဖြူအတိပြီး၏၊ ငွေဖြင့်ပြီးသော တံတိုင်းရံ၏၊အပ၌ တံခါးဝနှစ်ဘက်တို့၌ များစွာသောစစ်သည်တို့သည် တည်ကုန်၏။

အရှင်သာရိပုတ္တရာသည် **စစ်သူကြီး**ကဲ့သို့ဖြစ်၍ အသိန်းမကသော အခြွေအရံတို့နှင့်တကွ လက်ျာနံပါး၌ အမှုကိုစီရင်၍အရှင်မောဂ္ဂလာန်သည် ချပ်ဝတ်, မိန်ညိုကိုဝတ်လျက် **ဗိုလ်မှူး**ပြု၍ လက်ဝဲနံပါး၌ အမှုကို

စိရင်၏၊ ထိုတံတိုင်း၏အပ၌ ပြဟ္မာအပေါင်းတို့သည် ရွှေပန်းထိမ်အမှုကိုပြုလုပ်ကုန်၏၊ ထို့နောင်မှ ရွှေအိမ်ဈေးသည်ခင်းကျင်း၏၊ ထိုဈေး၌ သုဇာတာသည် အခြွေအရံနှင့်တကွနေ၏၊ထို့နောင်မှ ငွေအိမ်ဈေးသည် ကျင်းပ၏၊ သုဓမ္မာသည် အခြံအရံနှင့်တကွ ထိုဈေး၌နေ၏၊ ထို့နောင်မှ အထူးထူးသော အဝတ်ပုဆိုးတို့ကို ဈေးခင်း၏၊ သုစိတ္တာသည် အခြံအရံနှင့်တကွ ထိုဈေး၌နေ၏၊ ထို့နောင်ကွမ်းဈေးသည် ခင်းကျင်း၏၊ လနတ်သမီးသည်အခြံအရံနှင့်တကွ ထိုဈေး၌နေ၍ရောင်း၏၊ ထို့နောင် ထမင်းဈေးခင်းကျင်း၏၊ ဂန္ဓဗ္ဗနတ်သမီးသည် အခြံအရံနှင့်တကွ နေ၍ရောင်း၏၊ ထို့နောင် ငါး, အမဲ, ဟင်းမျိုးဈေးခင်းကျင်း၏၊ ထိုဈေး၌ ကိန္နရီမတို့သည်အခြံအရံနှင့်တကွ ထိုဈေး၌ရောင်း၏၊ ထို့နောင် နဂါးလုလင်, နဂါးသတို့သမီးတို့သည် ရေခပ်သောအမှုကို ပြုကုန်၏၊ ထို့နောင် ဥယျာဉ်,ရေကန်တို့သည် ဖြစ်ကုန်၏၊ထိုမျှလောက်သောအလုံးစုံတို့ကို မြတ်စွာဘုရားသည် ဖန်ဆင်းတော်မူပြီး၍ မင်းတကာတို့ထက်မြတ်သောမင်း၏အသွင်ကိုပြုတော်မူ၏။

### ဇမ္ဗုပတိမင်း ကြွချီလာစဉ်

ထိုအခါ ဇမ္ဗုပတိမင်းသည် တရာ့တယောက်သော မင်းတို့နှင့် တသိန်းသောအမတ်တို့ဖြင့် ခြံရံလျက် စစ်အင်္ဂါလေးပါးနှင့်တကွ ပဉ္စာလမြို့မှထွက်၍ ဇမ္ဗုပတိမင်းသည် "မြေ၌ သွားရသော် ကောင်းအံ့လော,ကောင်းကင်၌သွားရသော်ကောင်းအံ့လော"ဟုကြံ၍"ငါသည် အကယ်၍ကောင်းကင်ဖြင့် သွားအံ့၊ ငါ၏တန်ခိုးသည် များစွာမထင်ပေါ်လတ္တံ့၊မြေ၌သွားမူကားငါ၏တန်ခိုးသည်အလွန်ထင်ပေါ်လတ္တံ့" ဟုကြံ၍ ဆင်စီး၍သွား၏၊ ထိုမင်းသည် ခရီးသွားဆဲကြံ၏၊ "အကယ်၍ ရာဇာဓိရာဇာကို ငါသည်အောင်အံ့၊လနတ်သား,နေနတ်တို့နှင့် စစ်ထိုးအံ့၊ ရာဇာဓိရာဇာမှ ငါသည် ရှုံးချေမူကား တရာ့တယောက်သော မင်းတို့ကိုရာဇာဓိရာဇာအား ငါပေး၍ပြန်အံ့"ဟု ကြံ၏၊မြတ်စွာဘုရားသည် ဇမ္ဗုပတိမင်းမြို့မှထွက်သည်ကိုမြင်၍ **မာဃသာမဏေယ်** ကိုခေါ်၍ "သာမဏေ····သင်သည်သွားချေ၍ ဇမ္ဗုပတိမင်းလာရာ ယူဇနာတရာ့ခြောက်ဆယ်ကို သင့်တန်ခိုးဖြင့် ချုပ်၍ ခရီး၌ သစ်ငုတ်, ခလုတ်, ကုန်း,ကျင်းနိမ့်မြင့်မရှိမူ၍ညီညွတ်စွာတယူဇနာမျှရှိစေ၍ဖန်ဆင်းချေ"

ဟု စေတော်မူသဖြင့် မာဃသာမဏေသည် ဘုရားစေခန့်တော်မူတိုင်း ဖြစ်စေ၏။

ဇမ္ဗူပတိမင်းသည် နံနက်စောစောနေမထွက်မီ ဖန်ဆင်းအပ်သော ခရီးကိုဆင်စီး၍ရောက်လာ၏၊ မြတ်စွာဘုရားသည် ''တမန်အဆင့်စေဦးအံ့''ကြံတော်မူ၍ မာဃသာမဏေကိုခေါ်၍မိန့်၏၊ ''သာမဏေ.... သင်သွား၍ ဇမ္ဗူပတိမင်းကို ဆင်စီး၍မလာစေနှင့်၊ခြေဖြင့်သွား၍လာစေ'' ဟုမိန့်တော်မူ၏၊ မာဃသာမဏေသည် မင်း၏အရုပ် ကိုဖန်ဆင်း၍ တခဏခြင်းသွား၍ ဇမ္ဗူပတိမင်း၏ရှေ့မှရပ်၍ ''မင်းကြီး....ဆင်မှဆင်းလော့'' ဟူ၍ဆို၏၊ ထိုမင်းသည်အမျက်ထွက်၍ ''မိမိ၏ ဗိုလ်ပါတို့ကို ဖမ်းကုန်လော့၊ သတ်ကုန်လော့'' ဟုဆို၏၊ ခပ်သိမ်းသော သူရဲတို့သည် ဖမ်းအံ့သောငှါ လာသောအခါ၌ သာမဏေသည် တန်ခိုးဖြင့် မြေကိုလှုပ်စေ၍ လဲစေ၏၊ များစွာသော စစ်သည်တို့သည် ကြောက်၍ပြေးလေကုန်၏၊ သာမဏေသည် ကြောက်မက်ဘွယ်သောအရုပ်ကိုဖန်ဆင်း၍ ဆင်ကိုအမြီး၌ကိုင်၍ပစ်လိုက်၏၊ ထိုမင်းသည် ကြောက်ခြင်းပြင်းစွာဖြစ်၍မြေ၌သွား၏၊အမတ်တို့သည် ရှေ့မှသွားကုန်၏၊ တရာ့တယောက်သောမင်းတို့သည် နောက်မှလိုက်ကုန်၏၊ ဇမ္ဗူပတိမင်းသည် ပတ္တမြားခြေနင်းကိုစီး၍ မြေ၌သွား၏၊ အဆိပ်နစ်သောမြှားကိုယူ၍သွား၏။

### ဇမ္ဗူပတိမင်း မြို့ပြင်သို့ ရောက်လာခြင်း

ဇမ္ဗူပတိမင်းသည် မြစ်နား သို့ရောက်လျှင် ဥစ္စာ ဘဏ္ဍာနှင့်တကွဖြစ်သော တထောင်သောရွှေလှေတို့ကိုမြင်၍''ဤပြည်ကြီးသည် ယူအပ်သောဥစ္စာများစွာ၏''ဟုကြံ၍သွား၏၊ထို့နောင်ရတနာခုနစ်ပါးဈေးကိုမြင်၍ နဂါးမဝိမလာဒေဝီသည် ''မင်းကြီး..ဤရေကိုယူ၍ သောက်လော့''ဟု ဆို၏၊ထိုမင်းသည်ရေကိုသောက်၍''ဤရေသည်ငါတို့ပြည်မှရေထက် မြိန်မြတ်လှ၏''ဟုကြံ၍သွားလေသော် ရွှေဖြင့်ပြီးသောပြအိုး, တန်ဆောင်း, အထွဋ်တို့ကိုမြင်၍ ရပ်လျက်ကြည့်၏၊ ''ဤပြည်သည် ငါ၏ပြည်ထက် အလွန်မြတ်သောပြည်တည်း''ဟု ကြံ၍ သွားလေသော် ဆဒ္ဒန်အိုင်မှလာသော ရှစ်သောင်းသောဆင်တို့ကိုမြင်လေ၏၊ ''ငါ၏ဆင်တို့ထက် အလွန်မြတ်သောဆင်တို့တည်း''ဟု ကြံ၍သွားလေသော်

ရှစ်သောင်းသော ဝလာဟကမြင်းတို့ကိုမြင်၍“ဤမြင်းတို့သည်ငါ၏မြင်းတို့ထက်မြတ်ချေ၏”ဟု ဆို၍သွားလေသော် ကရဝိက်ငှက်တို့၏တွန်မြူးသံကိုကြား၍ “ဤအသံတို့သည် ငါ၏စည်, စောင်းငြင်း အသံထက်အလွန်သာယာလှ၏၊ အံ့ဘွယ်ရှိစွတကား”ဟု အသံကိုနာလျက် အံ့သြ၍နေ၏။

မာယသာမဏေသည် လုလင်ငယ်၏အရုပ် ဖြင့်လာ၍“မင်းကြီး.... မရပ်လင့်၊ ငှက်တို့၏စည်, စောင်းငြင်း အသံကို နားမထောင်လင့်၊ လာလော့၊ လျင်စွာသွားလော့” ဟုဆို၏၊ ထိုမင်းသည်လျင်စွာသွား၍ စန္ဒကူးပွင့်တို့ကိုချီ၍လာကုန်သော ကျေးအပေါင်းတို့ကိုရှု၍ သွားပြန်သော် ကကုန်, သီကုန်သော ကိန္နရီမတို့ကိုမြင်၍ “ဤကိန္နရီမတို့သည် ငါ၏မိဖုရား ကဥ္စနဒေဝီထက်လှပေ၏”ဟု ကြံ၍သွားပြန်သော် ဂန္ဓဗ္ဗနတ်တို့၏ စောင်းငြင်း တီးမှုတ်သောအသံကို ကြား၍ အံ့သြ၍သွားပြန်သော်အရပ်လေးမျက်နှာ၌စောင့်ကုန်သောစတုမဟာရာဇ်နတ်မင်းကြီးတို့ကိုမြင်၍ “ဤသူတို့သည် ရာဇာဓိရာဇာမင်း ဖြစ်လတ္တံ့” ဟု ကြောက်ထိတ်လန့်သည်ဖြစ်၍ ထိုင်အံ့သော အခြင်းအရာကို ပြု၏၊ မာယသာမဏေဆို၏၊“ဇမ္ဗူပတိမင်း....မထိုင်လင့်၊ရာဇာဓိရာဇာသည် ရှေ့မှာ နေတော်မူသည်၊ သွားဦးလော့၊ ဤသူတို့သည် အစောင့်မျှသာတည်း”ဟု ဆို၏။

ထိုစကားကိုကြားသော် “အစောင့်ဖြစ်သော သူတို့စဉ်လျက် ဤမျှလောက်ဖြစ်သော် မင်းတကာတို့ထက်မြတ်သော မင်းသည်ကား- အလွန်လျှင်မြတ်ချေအံ့သည်”ဟုကြံ၍သွားပြန်သော် ဥယျာဉ်,ရေကန်တို့ကိုမြင်၍သွားပြန်သော် ရေတော်ခပ်နဂါးသမီး, နဂါးလုလင်တို့ကိုမြင်လေ၏၊ သွားပြန်သော် သေရည်သေရက်ဟင်းမျိုး ဈေးသို့ရောက်လေ၍ ကိန္နရီ,ကိန္နရာတို့သည်ဆိုကုန်၏၊“အို–မင်းကြီး....အမတ်တို့နှင့်တကွလာ၍ ဤသေကိုယူ၍သောက်လော့၊ဤဟင်းမျိုးကိုစားလော့”ဟုဆို၏၊ ထိုမင်းသည် ထိုစားဘွယ်, သောက်ဘွယ်တို့ကိုမြင်၍ စားချင်, သောက်ချင်သဖြင့် “ဤအိမ်ဈေးသည်မအကြီးသည် ငါ၏မိဖုရားထက်လှစွာ၏”ဟု ကြံလျက် သွားပြန်သော် ထမင်းဈေးသို့ရောက်၍ ဂန္ဓဗ္ဗနတ်သမီးတို့သည် “မင်းကြီး....အမတ်ပေါင်းနှင့်တကွလာ၍ ထမင်း

စားပါလော့''ဟုဆို၏၊ ဂန္ဓဗ္ဗနတ်သမီးကိုမြင်၍ ''ဤဈေးသည်မအကြီးသည်ကဥ္စနဒေဝီထက် မွန်မြတ်၏''ဟု ကြံ၍သွားပြန်သော် ကွမ်းဈေးသို့ရောက်လေ၍ လနက်သမီးသည် ''အို–မင်းကြီး....အမတ်တို့နှင့်တကွလာလော့၊ ကွမ်းဘိုးလည်းပေးခဲ့၊ ကွမ်းကိုလည်းစားလော့''ဆို၏။

ထိုမင်းသည် ''ဤကွမ်းဈေးသည်မအကြီးသည် ငါ၏မိဖုရားထက် လှစွာ၏''ဟုကြံ၍ သွားပြန်သော် ပန်းဈေးသို့ရောက်လေ၏၊ နေနတ်သမီးသည်ဆို၏၊ ''မင်းကြီး..လာလှည့်၊ ပန်းဘိုးပေး၍ပန်းပန်လေ''ဟုဆို၏၊ မင်းကြီးသည် ထိုနေနတ်သမီးကိုမြင်၍ ''ဤဈေးသည်မအကြီးသည် လှစွာ၏၊ ငါ၏ကဥ္စနဒေဝီသည် ကျွန်မမျှဖြစ်ခဲ့ပြီ''ဆို၍ သွားပြန်လေသော် သစ်သီးကြီး,ငယ်ဈေးသို့ ရောက်ပြန်လေ၏၊ သုနန္ဒာသည်ဆို၏၊ ''အို-မင်းကြီး....အဘိုးပေး၍ သစ်သီးကြီး,ငယ်ကိုစားလော့''ဟုဆို၏၊ မင်းကြီးသည် သုနန္ဒာကိုမြင်၍ ရှက်ကြောက်စွာသွားလေသော် ပုဆိုးဈေးသို့ရောက်လေ၍ ''မင်းကြီး....လာလှည့်၊အဘိုးပေး၍ကြိုက်ရာပုဆိုးကို ဝတ်လေ''ဟု သုစိတ္တာဆို၏၊ ထိုမင်းသည် သုစိတ္တာကိုမြင်၍ တပ်သောစိတ်ရှိသဖြင့် ဖြောင့်ဖြောင့်မသွား၊ ခရီးနားဖြင့် သွားလေသော် ငွေပန်းဈေးသို့ရောက်လေ၏၊ သုဓမ္မာသည် ခေါ်၏၊ ''အို-တောတွင်းမင်း....ဤငွေပန်းတို့ကို တန်ဆာဆင်လေလော့''ဟုဆို၏၊ ထိုမင်းသည် သုဓမ္မာကိုမြင်၍ တပ်သောစိတ်ရှိလှသောကြောင့် ခံတွင်းမှ ကွမ်းကိုထွေးမိ၏။

သွားပြန်လေသော် ရွှေပန်းဈေးသို့ရောက်လေ၏၊ သုဇာတာသည် ဆို၏၊''အို–မင်းဆင်းရဲ....လာလှည့်၊ ဤရွှေပန်းတို့ကို ပန်လေလော့'' ဟုဆို၏၊ထိုမင်းသည်သုဇာတာကိုမြင်၍ နောက်ပြန်သွား၏၊မင်းကြီး....ခရီးကိုဖြောင့်ဖြောင့် ရှေ့သို့မျက်နှာထား၍ သွားလော့''ဟု မာယာသာမဏေဆို၍သွားပြန်ရသော်မင်းသည်ရှက်လှ၍ ကိုယ်မှချွေးထွက်၏၊ ရှေ့သို့သွားသော် ပန်းထိမ်,ပန်းဘဲလုပ်ရာသို့ရောက်လေ၏၊မဟာဗြဟ္မာကြီးသည် ''အို–မကောင်းသောမင်း....လာခဲ့လော့၊ ဈေးရောင်းဝယ်ကစားလော့''ဟုဆို၏၊ ထိုမင်းသည် မဟာဗြဟ္မာကြီးကိုမြင်၍ ''ဤသူသည် ရာဇာမိရာဇာဖြစ်ချေပြီ''ဟု နေရာအရပ်ကိုကြည့်၏၊''မင်းကြီး....

သွားဦးလော့၊ ဤသူတို့သည် ရွှေပန်းထိမ်သည်တို့တည်း''ဟု မာဃ သာမဏေဆို၍ သွားပြန်သော် မြို့တံခါးသို့ဝင်လေ၏။

**ဇမ္ဗူပတိမင်း မြို့တွင်းသို့ဝင်ခြင်း**

လက်ဝဲနံပါး၌ တသိန်းသောစစ်သည်တို့နှင့်တကွ နေသော **ရှင်မောဂ္ဂလာန်**ကိုမြင်၍ ထိုးပစ်အံ့သကဲ့သို့ထင်၍ကြည့်၏၊ လက်ျာနံပါး၌တသိန်း သောသူတို့နှင့် တကွနေသော **ရှင်သာရိပုတ္တရာ**ကိုမြင်၍ ဖြတ်အံ့သကဲ့သို့ ထင်၍ကြည့်ပြီးသော် မြေဖြူတံတိုင်းသို့ဝင်၍ ဆေးဒန်းမြင်းသိလာမြေ ကိုနင်း၍ ခရီး၌ သန်လျက်, ချပ်ကာလက်စွဲကုန်သော တသိန်းသော သူရဲတို့ကိုမြင်၍ ကြောက်လန့်စွာကြည့်၍သွားပြန်သော် ကြေးနီတံတိုင်း သို့ဝင်၍ ကြေးနီဖြင့်ပြီးသော မြေကိုနင်း၍ မြိမြိစွာဘွဲ့အပ်သော ဓား လက်နက်ရှိကုန်သော တသိန်းသောစစ်သည်တို့ကိုမြင်၍ ဦးခေါင်းကို ဖြတ်အံ့သကဲ့သို့ထင်လျက် ကြောက်လန့်စွာသွားရသော် သံတံတိုင်းသို့ ဝင်၍ ကြေးနီမြေကိုနင်း၍ မြိမြိစွာဘွဲ့အပ်သော တသိန်းသောလှံ စစ်သည်တို့ကိုမြင်၍ ယခုပင်ထိုးအံ့သကဲ့သို့ထင်လျက် နံပါးတဘက်ဖြင့် သွား၍ ပတ္တမြားပြောက်တံတိုင်းသို့ဝင်၍ ဝဇိရစိန်မြေကိုနင်း၍ မြိမြိစွာ ဘွဲ့အပ်သော တသိန်းသော သိန္ဓောမြင်းတို့ကိုမြင်၍ ကြောက်လန့်စွာ ဖြစ်၍ သွားလေသော် မြတံတိုင်းသို့ဝင်၍ ပတ္တမြားမြေကိုနင်း၍ တသိန်း သောသူရဲတို့ကိုမြင်၍ ကြောက်လန့်စွာသွား၍ ဖလ်တံတိုင်းသို့ဝင်၍ ရွှေမြေကိုနင်း၍ တသိန်းသော ဆဒ္ဒန်ဆင်တို့ကိုမြင်၍ မင်းသည်ကြောက် လန့်စွာသွား၍ရွှေတံတိုင်းသို့ဝင်၍ ဖလ်မြေကိုမြင်၍ ရေထင်၍ မနင်း ဝံ့၍ ရပ်သော် ''မင်းကြီး····လျင်စွာသွားလော့''ဟု မာဃသာမဏေ ဆို၏။

ရေအမှတ်ဖြင့် ပုဆိုးကိုပင့်၏၊ ရေနက်၍ ကျမည်ကိုလည်း ကြောက် ၏၊ ''မင်းကြီး····ဤမြေသည် ရေမဟုတ်၊ ဖလ်မြေတည်း'' ဟု မာဃ သာမဏေဆို၏၊ မြတ်စွာဘုရား၏ ပရိသတ်တို့ကို မြင်၍ရပ်၏၊ ရှက်လှ စွာ၍ ကိုယ်မှချွေးတို့သည် ထွက်ကုန်၍ သွားပြန်လေသော် ရက်ဘန်း သည်တို့ကိုမြင်၍ အာကာသစာရီမည်သော နတ်သမီးသည် ဆို၏၊ ''တောင်သူ လယ်ထွန်မင်း····လာခဲ့လော့၊ ဝါချည်ပုဆိုးကို ပယ်၍

ဤငါတို့ရွှေချည်ပုဆိုးကိုဝတ်လော့''ဟုဆို၏၊ ဇမ္ဗူပတိမင်းသည် အမျက်ထွက်၍ ''သင်တို့၏မင်းကို ငါအောင်၍ မင်းပြုရသော် သင့်အားကြီးသော မင်း၏ဒဏ်ကိုပေးအံ့''ဆို၍ ရွှေစောင်းတန်းကို တက်လေသော် တံခါး၌ စောင့်နေသော **နေနတ်သား,လနတ်သား**တို့ကို မြင်၍ ''ဤသူတို့သည် ရာဇာဓိရာဇာဖြစ်ချေပြီ''ဟုထင်၍အလွန်ကြောက်လန့်စွာဖြစ်၍ နောက်သို့ဆုတ်လိုသဖြင့် ရပ်၏၊ မာဃသာမဏေသည်ဆို၏၊ ''ဤသူတို့သည် တံခါးစောင့်သာတည်း၊ ရာဇာဓိရာဇာမဟုတ်သေး''ဟု ဆို၍ သွားပြန်ရသော် **ပဒေသရာဇ်** မင်းငယ်တို့ကဲ့သို့ တသောင်းခြောက်ထောင်သော **တပည့်**တို့ကို မြင်၍ ပြင်းစွာကြောက်လန့်လျက် ''ရာဇာဓိရာဇာပင်ဖြစ်ချေပြီ''ဟု ကြံ၍ နောက်သို့ဆုတ်ယောင်ပြု၏။

''ဇမ္ဗူပတိမင်း....ဤသူတို့ ရာဇာဓိရာဇာမဟုတ်သေး၊ သွားကုန်ဦး''ဟု မာဃသာမဏေဆို၏၊ ဇမ္ဗူပတိမင်းသည် ထိုတသောင်းခြောက်ထောင်သော တပည့်တို့၏ အလယ်၌ မသွားဝံ့ဖြစ်၍ ကုန်းကွလျက်သွားသော် စကြဝတေးမင်းကဲ့သို့ **အရှင်ကပ္ပိနမထေရ်**ကို မြင်၍ ''ဤသူသည်ကား ရာဇာဓိရာဇာပင်ဖြစ်ချေပြီ''ဟု ထင်လျက် ကြောက်လန့်စွာ ဖြစ်၍ရပ်၏၊ ''မင်းကြီး....ဤသူသည် ဥစ္စာစောင့်သာတည်း''ဟု မာဃသာမဏေဆို၍ ရွှေသို့ဝင်ပြန်ရသော် စကြဝတေး မင်းကြီးကဲ့သို့ **အရှင်ရာဟုလာ**ကိုမြင်၍ ''ဤသူသည် စင်စစ်ရာဇာဓိရာဇာဖြစ်ချေပြီ''ဟု ကြောက်လှစွာ၍ နောက်သို့ဆုတ်၏၊ ''မင်းကြီး....ဤသူသည်လည်း ရာဇာဓိရာဇာမဟုတ်သေး၊ ဘဏ္ဍာစိုးသာတည်း''ဟု သာမဏေဆို၍ ရွှေသို့တိုးပြန်ရသော် ဗြဟ္မာမင်းကဲ့သို့ **အရှင်အနုရုဒ္ဓါ**ကိုမြင်၍ ''ဤသူသည် ရာဇာဓိရာဇာဖြစ်တော့သည်''ဟုအောက်မေ့၍ ပုဆစ်တုပ်မည်ပြု၏၊ ''ရာဇာဓိရာဇာမဟုတ်သေး၊ ဝင်ဦးလော့၊ ဤသူသည်နန်းတော်စောင့်သာတည်း''ဟုဆို၍ ဝင်ပြန်ရသော် တသိန်းသော ဗြဟ္မာတို့ကိုမြင်၍ ''ဤသူတို့သည် ရာဇာဓိရာဇာဖြစ်ချေပြီ''ဟု မှတ်၏။

''မင်းကြီး.... ဤသူတို့သည်လည်း ရာဇာဓိဇာရာမဟုတ်သေး၊ နတ်စစ်သည်တို့တည်း''ဟု ဆိုသဖြင့် ရွှေသို့တိုး၍ ထိုနတ်စစ်သည်တို့၏ အလယ်၌ ကြက်သီးမွေးညှင်းထလျက်သွားရပြန်သော် တပါးသောသူတို့သည် ပုဆိုးကိုင်ကုန်၏၊ တပါးသောသူတို့သည် ပခုံးကို ဆွဲလိုက်

ကုန်၏၊တပါးသောသူတို့ကလည်း"တိုင်းစောင့်မင်း····ငါတို့၏အထက် ၌မသွားလင့်"ဆိုကုန်၏၊ ဇမ္ဗုပတိမင်းသည် ကြောက်လန့်စွာ ဖြစ်သဖြင့် ပုဆစ်တုပ်၍ သွား၏၊ ဂန္ဓဗ္ဗနတ်သမီးတို့သည် စည်, စောင်း, ပြင်းတို့ကို ရှေးထက်တီး၍ တီးမှုတ်ကုန်၏၊ ဗြဟ္မာတို့သည် ထီးကိုဘွင့်၍ ကာကုန် ၏၊ ထိပ်တော်၌ အပုံအစုဖြစ်၍ ထွန်းသော ကေတုမာလာတည်း ဟူသော မှန်ကင်းပန်းဖြင့် တန်ဆာဆင်လျက် ခြောက်သွယ်သော ရောင်ခြည်တို့ဖြင့် တောက်ပလျက် တသိန်းသော ပတ္တမြားအရောင်တို့ ဖြင့်တောက်ပသော ရာဇပလ္လင်၌ နေတော်မူသော မြတ်စွာဘုရားကို ဇမ္ဗု ပတိမင်းသည် မြင်၍ မိမိကိုယ်၏ အဖြစ်ဖြင့် တည်ခြင်းငှါ မတတ်နိုင် သည်ဖြစ်၍ "ဤသူသည်ကား ရာဇာဓိရာဇာမင်းဖြစ်တော့သည်လော" ဟု မာဃသာမဏေကိုမေး၏၊ "ဩော်–မင်းကြီး···· ဤရတနာပလ္လင် ထက် နေတော်မူသောသူသည် ငါတို့အရှင် ရာဇာဓိရာဇာပင်တည်း" ဟုသာမဏေဆိုသော စကားကိုကြားလျှင် ကျားကိုကြောက်သောခွေး ကဲ့သို့ အလွန်ကြောက်လှသည်ဖြစ်၍ ထိုအရပ်၌ဝပ်၏၊တရာ့တယောက် သော မင်းတို့သည်၎င်း,တသိန်းသော အမတ်တို့သည်၎င်း အပ၌နေရ ကုန်၏။

## ဇမ္ဗုပတိမင်းဘုရားနှင့်တန်ခိုးပြိုင်ခြင်း

လွန်မြတ်သော ကရုဏာတော် ရှိသော မြတ်စွာ ဘုရားသည် ကြောက်လှစွာသောမင်းကို သနားတော်မူသဖြင့် ဗြဟ္မာမင်း၏အသံနှင့် တူသော အသံတော်ဖြင့် "ဇမ္ဗုပတိမင်း··သင်သည် ငါ၏ အထံသို့လာ လော့"ဟု ခေါ်တော်မူ၏၊ အကယ်၍ မြတ်စွာဘုရားသည် ရှေးဦးစွာ ခေါ်တော်မမူပါအံ့၊ဇမ္ဗုပတိမင်းသည် ခြောက်တပ်သောနှလုံးရှိသဖြင့် ထိုနေရာ၌ပင် ပျက်စီးခြင်းသို့ရောက်ရာ၏၊ ဇမ္ဗုပတိမင်းသည် ပုဆစ်ဖြင့် တွား၍သွား၍ မြတ်စွာဘုရားအထံသို့ရောက်၍ သက်သာရာကိုရသဖြင့် မြတ်စွာဘုရားကို ရှိမခိုးမူ၍နေ၏၊ မြတ်စွာဘုရားအသံတော်ကို ကြား ၍၎င်း,အဆင်းတော်ကို မြင်၍၎င်း"ဤမင်းတကာတို့ထက် မြတ်သော မင်းသည် အသံလည်း သာယာလှပေ၏၊ အဆင်းလည်း တင့်တယ်၏၊ အခြံအရံလည်း များပေ၏၊ ငါ့ထက်အထူးသဖြင့် မြတ်သည်ဖြစ်လတ္တံ့၊ တန်ခိုးသော်ကား ငါ့ထက်မကြီးလတ္တံ့"ဤသို့ ထိုမင်းသည် ကြံ၏။

ထိုအကြံကိုသိ၍ မြတ်စွာဘုရားသည် "မင်းကြီး.... ငါသည် အသံလည်းသာယာ၏၊ အဆင်းလည်း သူတကာတို့ထက် တင့်တယ်၏၊ အခြံအရံလည်း များ၏၊ တန်ခိုးလည်းသင့်ထက်ကြီးမြတ်၏၊ အဘယ့်ကြောင့် သင်သည် ဤသို့ကြံသနည်း"ဟု မိန့်တော်မူ၏၊ ဇမ္ဗုပတိမင်းသည် ထိုစကားကို ကြား၍ "ဤရာဇာဓိရာဇာသည် အကြံကိုပင် သိဘိ၏ တကား"ဟု ကြံ၏၊ မြတ်စွာဘုရားသည် ထိုအကြံကို သိတော်မူပြန်၍ "မင်းကြီး.... ဤရာဇာဓိရာဇာသည် သူတပါး၏ စိတ်ကို သိယောင် တကား"ဟုအဘယ့်ကြောင့်ဆိုသနည်း၊"ငါသည်ယခုအခါ၌မင်းကြီး၏ အကြံကိုထား၍ ရှေးဦးစွာလာစက သင်၏အကြံကိုပင်သိ၏၊အဘယ်သို့ သင်ကြံသနည်း-ဟူတုံအံ့၊ ငါသည် ကောင်းကင်ခရီးဖြင့် သွားရသော် ကောင်းအံ့လော၊ မြေ၌ခြေဖြင့် သွားရသော် ကောင်းအံ့လောဟု ကြံပြီး၍ ကောင်းကင်ဖြင့်သွားသော် ငါ၏တန်ခိုးသည် မထင်ပေါ် လတ္တံ့၊မြေ၌ သွားသော် ငါ၏တန်ခိုးသည် များစွာထင်ပေါ်လတ္တံ့-ဟူ၍ ကြံ၏၊ ရာဇာဓိရာဇာသည် ငါ၏ဂုဏ်ကို မြင်သောအခါ၌ ငါ၏ အောင်ခြင်းသည်ဖြစ်လတ္တံ့၊ ထိုအခါ နေနတ်သား, လနတ်သားတို့ကို ငါစစ်ထိုးအံ့၊အကယ်၍တည်း ရာဇာဓိရာဇာမှ ငါသည်ရှုံးအံ့၊တရား တယောက်သောမင်းတို့ကို ရာဇာဓိရာဇာအား ငါပေးအံ့-ဟုကြံ၍ လာသည်မဟုတ်လော"ဟု ဘုရားမိန့်ပြီး၍ "မင်းကြီး....အောင်အပ် သောကျေးဇူးသည် သင့်အားရှိမူ ထိုကျေးဇူးကို ငါ့အားပြလော့"ဟု မြတ်စွာဘုရား မိန့်တော်မူလေသော် "ကောင်းပြီအရှင်မင်းကြီး..ငါ၏ ဂုဏ်ကိုပြ၍ အရှင်မင်းကြီးရှုံးသော် အဘယ်ပြုလတ္တံ့နည်း"ဟု ဆို၏။

"ဇမ္ဗုပတိမင်း.... သင်၏အောင်ခြင်းသည် အကယ်၍ ဖြစ်လတ္တံ့၊ သင့်ကို ငါရှိခိုးအံ့၊ ငါ၏အောင်ခြင်းဖြစ်မူကား၊ ငါ့အား သင်ရှိခိုးပါအံ့ လော"ဟု မြတ်စွာဘုရား မိန့်တော်မူသော် "ကောင်းပြီ အရှင်မင်း မြတ်"ဟု ဆို၍ ဇမ္ဗုပတိမင်းသည်ထ၍ **အဆိပ်တပ်သောမြှား** ကိုယူ၍ လေသာနန်းတံခါးကိုပစ်၏၊ ထိုမြှားပြေးလေသောအခါ၌ မြတ်စွာ ဘုရားသည် ဘန်ဆင်း၍လွှတ်သော **ဝဇီရစိန်စက်**ကိုတွေ့လေသဖြင့် မြှား သည်ကြောက်လန့်သည်ဖြစ်၍ နစ်ပြန်လေ၏၊ ထိုစက်သည် ပြေးလာ၍ ထိုမြှားကိုလောင်လေ၏၊ ထိုမင်းသည် ထိုသို့လောင်သည်ကိုမြင်၍

လက်ျာ,လက်မောင်း ပြတ်သကဲ့သို့ဖြစ်၍ မိမိပရိသတ်၏ဝိုင်း, မြတ်စွာဘုရားပရိသတ်၏ဝိုင်း အလယ်၌ အလွန်ရှက်လှစွာ၍ တကိုယ်လုံးမှချွေးတို့သည် ယိုကျန်၍ နှလုံးမသာ ပြင်းစွာဖြစ်၍နေ၏၊ မြတ်စွာဘုရားသည် "မင်းကြီး....မကြောက်လင့်၊ ငါ၏မြှားကိုယူလော့"ဟု မိန့်တော်မူ၏၊ လက်ချောင်းပမာဏရှိသော မြှားကိုဘန်ဆင်း၍ပေးတော်မူ၏၊ထိုမြှားကို ဇမ္ဗုပတိယူသောအခါ၌ မြင့်မိုရ်တောင်ကိုချီရသကဲ့သို့ဖြစ်၍ ယူခြင်းငှာ မတတ်နိုင်သဖြင့်တည်၏။

မြတ်စွာဘုရားသည် "ဇမ္ဗုပတိမင်း....သင့်အား တပါးသော တန်ခိုးရှိမူ ငါ့အားပြဦးလော့"ဟု မိန့်တော်မူ၏၊ ထိုအခါ မာန်ခက်ထန်သော သဘောရှိသောထိုမင်းသည် "ကောင်းပြီ အရှင်မင်းကြီး" ဟု ပတ္တမြားဘိနပ်ကိုစွပ်၍ လေသာနန်းတံခါးသို့ပျံတက်၏၊ မြတ်စွာဘုရားသည် တခုသောစက်ကို စကြဝဠာကိုလောင်သော မီးပုံကြီးကဲ့သို့ ဘန်ဆင်း၍ အလျှံထွက်စေ၏၊ဇမ္ဗုပတိမင်းသည် ကြောက်လန့်ခြင်းပြင်းစွာဖြစ်သဖြင့် ပြန်လည်၍ မြတ်စွာဘုရားထံ၌ဝပ်လျက်နေ၏၊ မြတ်စွာဘုရားသည် တခုသော ဝဇီရစိန်မြှားကိုထစေ၏၊ ထိုမြှားစက်သည် စကြဝဠာအဆုံးတိုင်အောင်ပြေး၍ ပြန်လည်၍ ဇမ္ဗုပတိမင်း၏ပတ္တမြားဘိနပ်သို့ ရှေးရှုသက်၍ ပတ္တမြားဘိနပ်ကိုဖွဲ့ပြာဖြစ်စေ၏၊ ထိုအခါ ဇမ္ဗုပတိမင်းသည် ကျီး၏အလယ်၌ခင်ပုပ်ငှက်ငယ်ကဲ့သို့ ချိုးပြီးသော အစွယ်ရှိသော မြွေကဲ့သို့ဖြစ်၍ အလွန်ညှိုးငယ်သည်ဖြစ်၍ ကြံစရာအပေါက် မမြင်သည်ဖြစ်၍နေ၏၊ ဇမ္ဗုပတိမင်းသည် ရှုံးပြီးလျက် မြတ်စွာဘုရားကို ရှိမခိုးနေ၏။

### ဇမ္ဗုပတိမင်းကို ငရဲနှင့်ခြောက်ခြင်း

မြတ်စွာဘုရားမိန့်တော်မူ၏၊"မင်းကြီး..ရှေးဦးစွာ စစ်မထိုးမီကာလ၌ ရှုံးသောသူသည် အောင်သောသူကို ရှိခိုးစတမ်းဟူ၍ ကတိကဝတ်ပြုကြသည်၊ ယခုငါသည် အောင်ပြီ၊ ရှေးကပြုသော ကတိကဝတ်အတိုင်း သင်သည် ငါ့ကိုရှိခိုးလော့"ဟုဆို၏၊ "အရှင်မင်းကြီး..သင်မင်းကြီးတို့၏အရပ်၌ သင်မင်းကြီးသည် အားကြီး၏၊အကျွန်ုပ်၏အရပ်၌ အကျွန်ုပ်သည်အားကြီး၏"ဟု ဇမ္ဗုပတိမင်းကဆိုပြန်၏၊ "ဇမ္ဗုပတိမင်း....သင်

၏အရပ်၌ သင်သည် အားကြီးသော် ရှေးဦးက ငါ၏တမန်တော်သည် သင်၏တိုင်းသို့ ရောက်လေ၏၊ ငါ၏တမန်သည် သင့်ကိုအောင်လေ၏၊ ငါ၏တမန်စက်သည် သင်၏ခြေကိုနှောင်ဘွဲ၏၊ သင်သည်ရှုံး၏၊ ဤပြည်ကြီး၌လည်း ယခုရှုံးပြန်၏၊ ဤသို့ မြတ်စွာဘုရားမိန့်တော်မူသော် ဇမ္ဗုပတိဆို၏၊"အရှင်ရာဇာဓိရာဇာ····ကေရာဇ်မင်းမည်သည် အသက်ကို စွန့်သော် စွန့်မည်သာ၊တပါးသောမင်းကိုရှိမခိုး"ဟူ၍ ဆို၏။

မြတ်စွာဘုရားက "မင်းကြီး····သူတော်ကောင်း မည်သည်ကား အသက်ကိုပင်သော်လည်းစွန့်၍ သစ္စာစကားကိုသာစောင့်၏၊မင်းမည်သည်ကား စူးစမ်းဆင်ခြင်၍ပြုရာ၏၊ အကြင်မင်းသည် မစူးစမ်း မဆင်ခြင်ဘဲ သူတော်ကောင်းတယောက်၏အထံ၌ သစ္စာမစောင့် ဘောက်ပြန်၏၊ထိုမင်းသည် ငရဲသို့လားရာ၏၊ အကြင်မင်းသည် သစ္စာကိုစောင့်၏၊ ထိုမင်းသည် နတ်ပြည်သို့လားရာ၏၊အကြင်မင်းသည် သိလျက်ပျက်စကားဆို၏၊ ထိုမင်းသည် အလျှင်းပင် ငရဲသို့လားရလတ္တံ့"ဟု ဘုရားမိန့်၏၊ ထိုစကားကို ကြားသော် ဇမ္ဗုပတိမင်းရယ်၏၊ ရယ်ပြီး၍ "ရာဇာဓိရာဇာ····ငရဲသည် အတိမှာရှိအံ့နည်း၊ အကြင်သူသည် အလှူကောင်းမှုကိုပြု၏၊ မကောင်းမှုကိုလည်း ပြု၏၊ ထိုသူသည်ဆိတ်၏၊ ဤသို့ ငါသိ၏၊ ငရဲရှိ၏ဟူသည်ကို ငါမယုံ" ဤသို့ဇမ္ဗုပတိဆို၏၊ မြတ်စွာဘုရားက "ဇမ္ဗုပတိ····အကြင်သူသည် ရတနာသုံးပါးအထံ၌ သိလျက် ပျက်စကားကိုဆို၏၊ ထိုသူကို ပျက်သောကိုယ်၏ အဖြစ်၌ပင် ငရဲစသည် လား၍နှိပ်စက်လတ္တံ့"ဟူ၍ မိန့်တော်မူ၏။

ထိုစကားကို ဇမ္ဗုပတိကြား၍ ပြင်းစွာရယ်၍ "အရှင်မင်းကြီး·· ငရဲလား၍ ငါ့ကိုအကယ်နှိပ်စက်ကုန်အံ့၊ ငါယုံ၏၊ ငါသည် မုသားဆို၏၊ ငရဲလား၍ ငါ့ကိုမနှိပ်စက်မူကား သင်မင်းကြီးသည် မဟာမုသာဝါဒကြီးဖြစ်လတ္တံ့"ဟု ဇမ္ဗုပတိဆို၏၊မြတ်စွာဘုရားသည်"ဇမ္ဗုပတိ···· သင်၏စကားသည်ဖြစ်စေတော့"ဟူမိန့်တော်မူ၍ တေဇောကသိုဏ်းကို ဝင်စား၍ တန်ခိုးဖြင့်ငရဲမီးကိုကျစေ၏၊ မြေအပြင်မှ မီးသည်ဖြစ်လတ်၍ ရှေးဦးစွာ ခပ်သိမ်းသော သူတို့ကိုလွန်၍ ဇမ္ဗုပတိကိုရည်၍ အခိုးသည် ထလတ်၏၊ထိုမင်းသည်"ငါသည် အသို့ဖြစ်လတ္တံ့နည်း"ဟုအောက်သို့ ကြည့်သော် ငရဲမီးခိုးကိုမြင်၍ ငါ့အားမကောင်းသော အပြစ်သည်

ဖြစ်၏၊ ငါ့အားသာ ငရဲမီးသည် တက်လတ်သည်လော''ဟု ကြံ၍ နှာခေါင်းဖြင့် ထွက်သက်,ဝင်သက်မဆံ့သည်ဖြစ်၍ ငါ့အားအခိုးသည် ဖြစ်၏၊ သူတပါးတို့အား ဖြစ်ပါလေသလော''ဟု ကြည့်သော် အလျှံ တောက်သော ငရဲမီးကိုမြင်၍ ကြောက်လန့်ခြင်းပြင်းစွာဖြင့် ''အရှင်မင်းကြီး....မီးသည်လောင်၏၊ မျက်နှာကိုလောင်၏''ဟု မြည်တမ်း၏။

မြတ်စွာဘုရားသည် အလုံးစုံသော အခြံအရံနှင့်တကွ ကွယ်တော်မူခဲ့၏၊ ငရဲမီးသည် တောက်လတ်သော် အလုံးစုံသော နန်းတော်ကို လောင်သကဲ့သို့ထင်၏၊ ဇမ္ဗုပတိမင်းသည်၎င်း, ထိုမင်း၏အခြွေအရံတို့သည်၎င်း ပြင်းစွာမြည်တမ်းကုန်၏၊ ''မင်းတကာတို့ထက် မြတ်တော်မူသော အရှင်မင်းမြတ်..အရှင်မင်းမြတ်၏ကျေးဇူးတော်ကို မြတ်သော ဦးခေါင်း၌ထား၍ အကျွန်ုပ်တို့သည် ရှိခိုးပါကုန်အံ့၊မီးကို မလောင်ပါစေနှင့်''ဟု ဟစ်ကုန်၏၊ မြတ်စွာဘုရားသည် အခြံအရံနှင့်တကွ ကိုယ်တော်ကိုပြ၍ မီးကိုငြိမ်းစေ၏၊ ဇမ္ဗုပတိမင်းသည် သက်သာရာကို ရပြန်၍''ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်မင်းကြီး...အလုံးစုံသော ဇမ္ဗုဒီပါကျွန်း၌ အကျွန်ုပ်သာလျှင် မြတ်လှတော့သည် မှတ်မိချေ၏၊ ယခုအခါ မင်းတကာတို့ထက်မြတ်သော အရှင်မင်းကြီးသည် အကျွန်ုပ်တို့ထက်မြတ်လှပေ၏၊ အကျွန်ုပ်သည် အရှင်ရာဇာဓိရာဇာကို ရှိခိုးပါ၏''ဟု ဇမ္ဗုပတိမင်းသည် ဦးခေါင်း၌တင်သော လက်အုပ်ဖြင့် မြတ်စွာဘုရားသို့ ညွတ်၍ ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၏၊ ဇမ္ဗုပတိမင်းရှိခိုးသောအခါ အလုံးစုံသော ထိုမင်း၏အခြံအရံတို့သည် ရှိခိုးကုန်၏။

မြတ်စွာဘုရားသည် ဇမ္ဗုပတိမင်းအား ခရီးမှားသောသူသည် ခရီးကို တွေ့သကဲ့သို့ သင်မင်းကြီးသည် မဂ်ဖိုလ်ရခြင်း၏ အကြောင်းကို တွေ့အပ်သည်ဖြစ်၏၊ဤသို့အစရှိသည်ဖြင့် တရားများစွာဟောတော်မူသော်လည်း ဇမ္ဗုပတိသည် နှစ်သက်ခြင်းမရှိလိုသည်ဖြစ်၍ ''မင်းကြီး.... သင်၏မြို့သည် အဘယ်မျှလောက် ယူဇနာရှိသနည်း''ဟု မေးတော်မူ၏၊ ''ယူဇနာ ခြောက်ဆယ်ရှိ၏ အရှင်မင်းကြီး''ဟု လျှောက်သော် ''မင်းဆက်အတီမျှ ရှိသနည်း'' ဟူ၍မေးပြန်၏၊ ''ဆယ်ကုဋေရှိပြီ''ဟု လျှောက်သဖြင့် ထိုအလုံးစုံသောသူတို့သည် ရှိကုန်သေးသလော''ဟု

မေးပြန်၏၊ ''မရှိ''ဟူ၍လျှောက်သော် ''အတီမှာရှိလေသနည်း''ဟု မေးတော်မူ၍ ''သေလေကုန်ပြီ''ဟု လျှောက်သော်''သင်သည်ရအပ်သောထိုမင်းတို့၏ မင်းမြှောက်တန်ဆာငါးပါးတို့သည် ရှိကုန်သေး၏လော''ဟု မေးတော်မူ၍''ရှိသေး၏''ဟု လျှောက်သော် ''မင်းကြီး…. ထိုကဲ့သို့ဖြစ်ငင်း သင်၏သေသောအခါတိုင်အောင် သင်၏အထံ၌ ထိုမင်းမြှောက်တန်ဆာငါးပါးသည် တည်၏၊ သင်သေသောအခါ၌ ထိုမင်းမြှောက်တန်ဆာတို့ကိုစွန့်၍တယောက်အထီးတည်း သွားရ လတ္တံ့၊ မင်းကြီး….ခပ်သိမ်းကုန်သော မင်းတို့သည် သေသောအခါ၌ ချစ်စွာသော သား,မယား,ဥစ္စာ,ဆင်,မြင်းတို့ကို ယူ၍ သွားသောသူ မည်သည်ရှိသလော''ဟု မေးတော်မူ၏။

''အရှင်မင်းကြီး… ယူဆောင်၍ သွားသော သူမည်သည်မရှိ၊ တယောက် အထီးတည်းသာ သွားကြလေ၏''ဟု လျှောက်သော် ''မင်းကြီး….သင်သည် သေရအံ့သော အဖြစ်ကိုမသိ၊ နားထောင်လော့''ဟု မိန့်တော်မူ၍''မစ္ဆုနာသက်ရောနတ္ထိ''အစရှိသောတရားကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ ''မင်းတကာတို့ထက်မြတ်သော မင်းကြီး….အရှင်မင်းကြီးသည် ခပ်သိမ်းသော သူတို့၏ သေခြင်းကိုသိ၏၊ အရှင်မင်းကြီးသည်ကား သေခြင်းသို့ မရောက်လတ္တံ့လော'' ဟု ဇမ္ဗုပတိမေးပြန်၏၊ ''မင်းကြီး….ခပ်သိမ်းသောသူတို့သည် သေကုန်သကဲ့သို့ ငါသည်လည်း သေရလတ္တံ့''ဟုဘုရားမိန့်တော်မူသော်''အရှင်မင်းကြီး….အရှင်မင်းကြီးစကားတော်သည် မှန်သည်ဖြစ်စေ၊ သေကုန်သောသူတို့သည် အဘယ်၌ဖြစ်လေကုန်သနည်း၊မင်းသေသော် မင်းပင်ဖြစ်ပြန် သလော၊ ပုဏ္ဏားသေသော် ပုဏ္ဏားပင် ဖြစ်ပြန်သလော၊ သူဆင်းရဲသေသော် သူဆင်းရဲပင်ဖြစ်ပြန်သလော၊အရှင်ရာဇာဓိရာဇာသည် သိတော်မူ၏လော''ဟုလျှောက်ပြန်၏၊''မင်းကြီး….ငါသိ၏''ဟု မိန့်တော်မူသော် ''ဘုန်းတော်ကြီးမြတ်သော အရှင်ရာဇာဓိရာဇာ…. ခပ်သိမ်းသောအကျွန်ုပ်၏အဆွေအမျိုးတို့သည် အဘယ်၌ဖြစ်လေကုန်သနည်း''ဟု မေး၏၊ ''ဇမ္ဗုပတိမင်း….တရားစောင့်ကုန်သော သင်၏ဆွေမျိုးတို့သည် နတ်ပြည်၌ ဖြစ်လေကုန်၏၊ တရားမစောင့်ကုန်သော သင်၏ ဆွေမျိုးတို့သည် ငရဲသို့လားလေကုန်၏''ဟု မိန့်တော်မူ၏။

"အရှင်မင်းကြီး....ထိုငရဲကို အကျွန်ုပ်မြင်ရမှ ယုံနိုင်ပါအံ့" ဟု ဇမ္ဗုပတိလျှောက်သော်"မင်းကြီး....ငရဲ၌ခံရသော သင့်အဆွေအမျိုးတို့ကို မြင်သောအခါ၌ သင်သည် ကြောက်လတ္တံ့"ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ ဇမ္ဗုပတိမင်းက အကျွန်ုပ်မကြောက်ဘူး-အရှင်မင်းကြီး" ဟုလျှောက်၏၊ထိုအခါ မြတ်စွာဘုရားသည် ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ဝင်စား၍ အဝီစိငရဲတိုင်အောင် မြေကို ခွဲ၍ တေဇောကသိုဏ်းကို ဝင်စား၍ ငရဲမီးလျှံကိုထွက်စေ၍ "ဇမ္ဗုပတိ... သင်သည် အဆွေအမျိုးတို့ကို ရှုလော့"ဟုမိန့်တော်မူ၏၊"အရှင်ရာဇာဓိရာဇာ....မီးသည် အလွန်တောက်လှသောကြောင့် အဆွေအမျိုးတို့ကို မမြင်နိုင်ပါ"ဟုဇမ္ဗုပတိလျှောက်သော်မြတ်စွာဘုရားသည် မီးတောက်ကိုငြိမ်းစေ၍ ဇမ္ဗုပတိမင်းအားကြည့်စေ၍ "မင်းကြီး....ဤသူသည် သင်၏အဘိုးတည်း၊ ဤသူသည်အဘွားတည်း၊ ဤသူသည်အဘတည်း၊ ဤသူသည်အမိတည်း၊ဤသူတို့သည် သင်၏ အဆွေအမျိုးတို့တည်း" ဟု မြတ်စွာဘုရားပြတော်မူ၏။

ထိုငရဲခံရသော သူတို့သည် ကိုးယူဇနာ, ရှစ်ယူဇနာသောအရပ်တို့၌ အိပ်ရကုန်၏၊ ခြေဖျားကသည် ဦးခေါင်းတိုင်အောင် အလျှံတောက်ကုန်၏၊ ထိုအခါ ငရဲထိန်းတို့သည် ပြေးလာကုန်၍ လှံဖြင့်ထိုးကုန်၏၊ သန်လျက်ဖြင့်ဦးခေါင်းကိုဖြတ်ကုန်၏၊တစည်းတို့ဖြင့် ရွေကုန်၏၊ပြင်းစွာငိုမြည်တမ်းကုန်၏၊ ထိုငိုမြည်တမ်းသံကိုကြားကုန်၏၊ "မင်းကြီး.... အဆွေအမျိုးတို့ကို မမြင်သေးသော် ယခုရှုပါလော့၊ သင်မင်းကြီးသည် မကြောက်လော"ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊"အရှင်မင်းကြီး.... ကြောက်ပါ၏" ဟု ဇမ္ဗုပတိမင်းလျှောက်သောအခါ မြတ်စွာဘုရားသည် ငရဲကို ကွယ်စေ၏၊

ဇမ္ဗုပတိမင်းကိုနတ်ပြည်ဖြင့်မြှောက်ခြင်း

ဇမ္ဗုပတိမင်းလျှောက်၏။ "အရှင်မင်းကြီး....အဘယ်အမှုကိုပြု၍ သတ္တဝါတို့သည်ငရဲသို့လားရကုန်သနည်း"ဟုလျှောက်၏၊"မင်းကြီး.... လောက၌ အကြင်သူတို့သည် မကောင်းမှုကိုပြုကုန်၏၊ ထိုသူတို့သည် ငရဲသို့လားကုန်၏၊ မင်းကြီး....အကြင်သူတို့သည် အဂတိလေးပါးသို့

လိုက်ကုန်၍ အသက်သတ်ခြင်းအစရှိသည်ကိုပြုကုန်၏၊အမိ, အဘတို့၌ ပြစ်မှားကုန်၏၊ တရားမဟုတ်သည်ကိုယူကုန်၏၊ ထိုသူတို့သည် မချွတ် လျှင် ငရဲသို့လားရကုန်၏''ဟု မိန့်တော်မူသောကာလ ''အရှင်ရာဇာဓိ ရာဇာ....ဤအကြောင်းကိုအကျွန်ုပ်သိရပြီ၊အချို့ကုန်သော အကျွန်ုပ်၏ အဆွေအမျိုးတို့သည် နတ်ရွာသို့ လားရကုန်၏''ဟု အရှင်မင်းကြီး မိန့်တော်မူ၏၊ ထိုအဆွေအမျိုးတို့ကို ပြတော်မူပါလော့၊ အကျွန်ုပ် သည် မြင်ပါရချင်၏'' ဟု လျှောက်သော် ''မင်းကြီး....ရှုလော့''ဟု မြတ်စွာဘုရား မိန့်တော်မူ၍ စတုမဟာရာဇ်အစရှိသော **ကာမာဝစရ နတ်ပြည်ခြောက်ထပ်၌** ဖြစ်ကုန်သောရွှေဗိမာန်, ငွေဗိမာန်, ပတ္တမြား ဗိမာန်တို့၌ နေကုန်သော ထိုမင်း၏ အဆွေအမျိုးဖြစ်သောနတ်တို့ကို ပြတော်မူ၏။

တယောက်သောနတ်သားသည် နတ်သမီးတထောင် အခြံအရံရှိ၏၊ တယောက်သောနတ်သားသည် တသိန်းသောနတ်သမီး အခြံအရံရှိ၏၊ ဤသို့အစရှိသည်ဖြင့် ပြတော်မူ၏၊ ဇမ္ဗုပတိမင်းသည် ထိုနတ်သား, နတ်သမီးတို့၏ ဗိမာန်ကိုမြင်၍ ထိုဗိမာန်တို့၌တပ်ခြင်း, ချစ်နှစ်လိုခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားကိုလျှောက်၏၊ ''ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော အရှင်ရာဇာဓိရာဇာ....ထိုနတ်သား, နတ်သမီး တို့သည် အဘယ်ကောင်းမှုကိုပြုသောကြောင့် ဤဗိမာန်တို့ကိုရလေကုန် သနည်း''ဟု လျှောက်၏၊ ''မင်းကြီး...တပါးသော နတ်သည် ဤလော က၌ ဘုရားဖြစ်သောအခါ ကျောင်းဆောက်၍လှူ၏၊ တပါးသော နတ်သည် မီးပုံးဆေးလှူ၏၊ တပါးသောနတ်သည် ရွှေဗိတာန်ကိုပြု၍ လှူ၏၊ တပါးသောနတ်သည် မြတ်စွာဘုရားဆင်းတုတော်ကို ဆည်းကပ် ကိုးကွယ်၏၊ တပါးသောနတ်သည် ပုထိုးစေတီကိုဆည်းကပ်၏၊ တပါး သောနတ်သည် တရားနာ၏၊တရားကိုလှူဒါန်းပူဇော်၏၊ရေလှူ၏၊ ပစ္စည်း လေးပါးလှူ၏၊ စရပ်လှူ၏၊ တံတားလှူ၏၊ စရုံးအိမ်လှူ၏၊ ရွှေပန်းလှူ၏၊ ဆီမီးလှူ၏၊ ပံသုကူသင်္ကန်းလှူ၏၊ ကထိန်သင်္ကန်းလှူ၏၊ ညောင်စောင်း အင်းပျဉ်လှူ၏၊ ဤသို့သောကောင်းမှုကို ပြုသောကြောင့် ထိုထိုသို့သော သင်၏ အဆွေအမျိုးနတ်တို့သည် ထိုထိုသို့သော ဗိမာန်ကို ရကုန်၏''ဟု မိန့်တော်မူ၏။

ထိုစကားကို ဇမ္ဗုပတိမင်းကြား၍ "မဟာရာဇာဓိရာဇာ..အလုံးစုံသော ဇမ္ဗုဒီပါကျွန်း၌ အကျွန်ုပ်သည်မြတ်၏၊ အကျွန်ုပ်ထက်လည်း အရှင်မင်းကြီးမြတ်တော်မူ၏၊ အရှင်မင်းကြီးထက်လည်း ဤအကျွန်ုပ်၏ အဆွေနတ်တို့သည် မြတ်လေကုန်သေး၏၊ အကျွန်ုပ်သည် နတ်၏အဖြစ်ကို အဘယ်ကဲ့သို့ပြု၍ ရပါအံ့နည်း"ဟု ဇမ္ဗုပတိလျှောက်၏၊ မြတ်စွာဘုရားသည်"မင်းကြီး....အလိုရှိသော် ရလတ္တံ့"ဟု မိန့်တော်မူ၍"ဒါနံ သဂ္ဂသောပါနံ" အစရှိသော တရားကိုဟောတော်မူ၏၊ "ဇမ္ဗုပတိမင်းကြီး....အလှူပေးခြင်းသည် နတ်ပြည်စောင်းတန်းဖြစ်၏၊ အလှူပေးခြင်းသည် နတ်ပြည်တံခါးကို ဖွင့်ပေ၏၊ အလှူကောင်းမှုသည် ခပ်သိမ်းသောအလိုကို ပေးတတ်၏၊ စကြဝတေးမင်း၏ ပတ္တမြားသဘွယ်ဖြစ်၏၊ အလှူပေးခြင်းသည် ပဒေသာပင်သဘွယ်ဖြစ်၏၊ အလှူပေးသောကြောင့် နတ်ချမ်းသာကိုရ၏၊ နတ်၌ဖြစ်သောအသက်ရှည်ခြင်း,အဆင်းလှခြင်း,အခြံအရံများခြင်းတို့ကိုရ၏၊နတ်၌ဖြစ်သောသီခြင်း,ကခြင်းတို့ဖြင့် မွေ့လျော်ရ၏။

### ဇမ္ဗုပတိမင်းကို နိဗ္ဗာန်ညွှန်ပြတော်မူခြင်း

ဤနတ်၌ဖြစ်သော စည်းစိမ်ချမ်းသာတို့ကို နတ်တို့သည်ချစ်အပ်၏၊ နှစ်လိုအပ်၏၊ ဤအလုံးစုံသော စည်းစိမ်ချမ်းသာသည် အမြဲမရှိ၊ အနိစ္စသဘောသာတည်း၊ ဒုက္ခသဘောသာတည်း၊ အနတ္တသဘောသာတည်း၊ ပြုပြင်အပ်သောသဘောရှိ၏၊အကြောင်းကိုစွဲ၍ဖြစ်၏၊တပ်ခြင်းမကင်းရာသဘောရှိ၏၊ ဤစည်းစိမ်ချမ်းသာ တည်းဟူသော ကာမဂုဏ်ကိုမှီ၍ အဘသည်သားကိုသတ်၏၊ သားသည်အဘကိုသတ်၏၊ အမိသည်သမီးကိုသတ်၏၊ သမီးသည်အမိကိုသတ်၏၊ မောင်သည်နှမကိုသတ်၏၊ နှမသည်မောင်ကိုသတ်၏၊ အစ်ကိုသည်ညီကိုသတ်၏၊ ညီသည်အစ်ကိုကိုသတ်၏၊ ဤသို့အစရှိသည်ဖြင့် သတ်ကုန်သောကြောင့် ဇမ္ဗုပတိမင်း... ဤဝတ္ထုကာမ, ကိလေသာကာမဂုဏ်တို့ကို ပယ်အပ်သည်သာလျှင်တည်း၊တပ်ခြင်းကင်းအပ်သည်သာလျှင်တည်း၊မချစ်အပ်,မနှစ်လိုအပ်" ဟူ၍ မိန့်တော်မူသော်"အရှင်ရာဇာဓိရာဇာ....အဘယ်ကိုကား ချစ်အပ်သနည်း"ဟု ဇမ္ဗုပတိမင်းက မေးလျှောက်၏။

"ဇမ္ဗုပတိမင်းကြီး....နိဗ္ဗာန်ကို ချစ်အပ်၏၊ နိဗ္ဗာန်ကိုနှစ်လိုအပ်၏၊ နိဗ္ဗာန်ကိုသာယာအပ်၏၊ နိဗ္ဗာန်၌သာလျှင် မွေ့လျော်အပ်၏"ဟု မြတ်

စွာဘုရားကမိန့်တော်မူသော်“အရှင်မင်းကြီး…. နိဗ္ဗာန်သည်•အဘယ် သို့ဖြစ်သနည်း” ဟု မေးလျှောက်ပြန်၏၊ “မင်းကြီး…. နိဗ္ဗာန်သည် ကား–စုတေခြင်းမရှိ၊ နိဗ္ဗာန်သည်မြဲသောသဘောရှိ၏၊ နိဗ္ဗာန်သည် ကင်းသောဥပမိရှိ၏၊ နိဗ္ဗာန်သည်မြတ်သောချမ်းသာခြင်းမည်၏၊ မင်း ကြီး….ဆိတ်ငြိမ်ရာချမ်းသာနှင့်ယှဉ်သောသူအား ချမ်းသာ၏၊ကြွားအပ်, နာအပ်သောတရားရှိသော ကမ္ဗဋ္ဌာန်းဘာဝနာရှုသောသူအား ကြောင့် ကြမရှိသည်ဖြစ်၍ ချမ်းသာ၏၊ နိဗ္ဗာန်သည်ငြိမ်သက်၏၊ ထိုနိဗ္ဗာန်ကို သင်မင်းကြီးသည် ချစ်ခြင်း,နှစ်လိုခြင်းကိုပြုလေ၊ ထိုနိဗ္ဗာန်၌မွေ့လျော် ခြင်းကိုပြုလေ၊ နိဗ္ဗာန်ကိုနှစ်သက်လေ”ဟု မိန့်တော်မူသော် မြတ် စွာဘုရား၏စကားတော်ကို ဇမ္ဗုပတိမင်းကြား၍ ထိုမင်း၏နှလုံးသည် ငြိမ်း၏၊ စိတ်သည်တည်ကြည်၏၊ သဒ္ဓါစိတ်သည်ဖြစ်၏၊ “ဘုန်းတော် ကြီးမြတ်တော်မူသော အရှင်မင်းကြီး….အရှင်မင်းကြီး တရားတော်ကို မင်းမြောက်တန်ဆာငါးပါးဖြင့် ပူဇော်ပါ၏”ဟု ပူဇော်၏၊ ထိုဇမ္ဗုပတိ မင်းအတူ တရာ့တယောက်သောမင်းတို့သည်လည်း များစွာပူဇော်ကုန် ၏။

“ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ရာဇာဓိရာဇာ…. ထိုနိဗ္ဗာန်ကို အကျွန်ုပ်သည် အဘယ်သို့မှု၍ရပါအံ့နည်း”ဟု လျှောက်၏၊ “မင်းကြီး….ထိုနိဗ္ဗာန်ကို သင်မင်းကြီးသည်ရလတ္တံ့”ဟု မိန့်တော်မူ၍ “ဤမင်းကို ငါတို့၏ရဟန်းအသွင်အပြင်ကိုသိစေ၍ ဤမင်းကိုရဟန်းပြု စေအံ့”ဟု ကြံတော်မူ၍ အလုံးစုံဘန်ဆင်းအပ်သော မင်းနေပြည်ကြီး ၏အခြင်းအရာကို ကွယ်စေ၍ ပကတိသော ဝေဠုဝန်ကျောင်းတော်ကို ဖြစ်စေ၍ မြတ်စွာဘုရားလည်း ဗြဟ္မာမင်း၏အရုပ်ကိုကွယ်စေ၍ ပကတိ သော ဘုရားအရုပ်တော်ကို ဖြစ်စေ၏၊ ဇမ္ဗုပတိမင်းသည် သုံးဆယ့် နှစ်ပါးသောလက္ခဏာတော်ကြီးတို့ဖြင့်တန်ဆာဆင်အပ်သောရှစ်ဆယ် သော လက္ခဏာတော်ငယ်တို့ဖြင့် ပြိုးပြိုးပြက်ထွန်းပသောကေတုမာလာ မည်သော မှန်ကင်းဖြင့်တင့်တယ်သော ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်လျက် တန်ဆောင်မုန်းလအခါ လပြည့်ဝန်း၏ အသရေကဲ့သို့ တင့် တယ်သော မျက်နှာတော်ရှိသော မြတ်စွာဘုရား၏ အရုပ်တော်ကို ဇမ္ဗု ပတိမင်းမြင်၍ “ဤယခုအခါ၌ပင် လူ၏အရုပ်သည်ပျောက်၏၊ ရဟန်း

၏အရပ်သည်ဖြစ်၏၊ "ယြော်-တန်ခိုးအာနုဘော် ကြီးစွတကား၊ယြော်-အံ့ဘွယ်ရှိစွတကား" ဟု ထိုမင်းသည်ကြုံ၍ မြတ်စွာဘုရားကိုကြည့်၏။

**ဇမ္ဗုပတိမင်းအား ဒုလ္လဘတရားလေးပါးဟောခြင်း**

မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ "ဇမ္ဗုပတိမင်းကြီး....အကြင်သူသည် အလုံးစုံသော ဟိမဝန္တာတော၌ ရှိသောပန်းတို့ဖြင့် အသက်ရှိသော ကာလပတ်လုံး အထောင်မကသော ဘုရားအား ပူဇော်ခြင်းကိုပြု၏၊ ထိုပူဇော်ခြင်း၏အကျိုးသည် တကြိမ်ရဟန်းပြုရသောအကျိုးကိုမတူရာ၊ ဤသို့အစရှိသဖြင့် ရဟန်းပြုခြင်း၏အကျိုးကို ဟောတော်မူ၍ "မင်းကြီး....နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ သံဃာရတနာဟု ဆိုအပ်သော လောကုတ္တရာအဝတ်ဟု ဆိုအပ်သော ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လှည့်လော့၊ လောကုတ္တရာခရီးကို သွားလှည့်လော့၊ သင်မင်းကြီးသည် သေခြင်းမရှိသော နိဗ္ဗာန်တည်းဟူသောပြည်ကြီး၌ နေလှည့်လော့"ဟု မိန့်တော်မူ၍ "မင်းကြီး....ရခဲခြင်းသည်ကား-လေးပါးတည်း။

၁။ ဘုရားနှင့်တွေ့ကြုံရခဲ၏။

၂။ ရဟန်းအဖြစ်ကိုလည်းရခဲ၏။

၃။ သဒ္ဒါတရားနှင့်ပြည့်စုံခြင်းကိုလည်းရခဲ၏။

၄။ လူ့အဖြစ်ကိုလည်းရခဲ၏။

မင်းကြီး....သင်သည် ရခဲခြင်းလေးပါးတွင် ငါဘုရားအား တွေ့ရပြီ၊ လာလှည့်လော့၊ ငါနှင့်အတူတကွသေခြင်းမရှိသော နိဗ္ဗာန်ပြည်ကြီးသို့ သွားလှည့်လော့"ဟူ၍ မိန့်တော်မူ၏၊ဇမ္ဗုပတိမင်းသည် မြတ်စွာဘုရားစကားတော်ကိုကြား၍ မင်းတကာတို့၏အရှင်ဖြစ်တော်မူသောမင်းမြတ်သည် ငါ၌အလွန်ချစ်ခင်လေးမြတ်ပေ၏၊ငါ့အား အကျိုးစီးပွားပြုပေ၏၊ ငါ့အား နတ်ရွာနိဗ္ဗာန်ခရီးကိုကြားပေ၏၊ ငါ၏ပြည်ကိုရင်း, ငါ၏စည်းစိမ်ချမ်းသာကိုရင်း, ငါ၏အသက်ကိုရင်း ခံတော်မူပါစေသတည်း"ဟု ကြုံ၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဘုရား....အရှင်ဘုရားအား အကျွန်ုပ်၏ကိုယ်ကိုရင်း,အသက်ကိုရင်း, ပဉ္စာလရာဇ်ပြည်ကိုရင်း ဆောင်နှင်းပါ၏၊ အကျွန်ုပ်သည် အရှင်ဘုရား၏ အထံတော်၌ ရဟန်းပြုပါအံ့၊အကျွန်ုပ်ကို ရဟန်းပြုတော်မူပါလော့" ဟူ၍ လျှောက်၏။

## ဇမ္ဗုပတိမင်း ရဟန္တာဖြစ်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုမင်းအား ရဟန်းအဖြစ်၌ ဥပနိဿယသည် ရှိသလော၊ မရှိသလော"-ဟု ဆင်ခြင်တော်မူသည်ရှိသော် ထိုမင်းသည် ကဿပမြတ်စွာဘုရားလက်ထက်၌ ကုန်သည်အမျိုး၌ဖြစ်၍ ကမ္ဗလာရောင်း အရပ်တပါးသို့သွားရာ၌ ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရားကိုတွေ့၍ မိမိကမ္ဗလာကို နေရာခင်းပြု၍ကဿပမြတ်စွာဘုရားအား"တောင်းသော ဆုသည်ပြည့်စုံလတ္တံ့"ဟု ကြိမ်ပြီးလျှင် ဆွမ်းလည်းလှူ၏၊ ပဲခွပ်လည်းတစင်းလှူ၏၊ အပ်လည်း တစင်းလှူ၏၊ဤသို့ကောင်းမှုပြု၍"အရှင်ဘုရား.... ဤကောင်းမှုကြောင့် အကျွန်ုပ်သည် ရဟန္တာအဖြစ်သို့ရောက်သည်တိုင်အောင်ဖြစ်တိုင်းသော ဘဝတို့၌ ဆင်းရဲခြင်းမှလွတ်ရပါလို၏"ဟု ဆုတောင်း၏၊ ကဿပမြတ်စွာဘုရားလည်း"ဒါယကာ...တောင်းသည့်ဆုနှင့်ပြည့်လတ္တံ့."ဟုကြားတော်မူ၏၊ထိုကုန်သည်သည် အိမ်သို့ပြန်သောအခါ မယားအားကြား၏၊မယားလည်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍"ဘဝဆက်တိုင်းအတူတကွဖြစ်ရပါလို၏၊ နိဗ္ဗာန်ကိုသင်နှင့်အတူ ရပါလို၏"ဟု ဆုတောင်း၏။

ထိုညွှန့်လွန်သဖြင့် သိကြားမင်းသည် ဝိသုကြံနတ်သားကိုစေ၍ ထိုကုန်သည်၏လယ်၌ အစောက်ကိုးယူဇနာရှိသော ဘုံခုနစ်ဆင့်ရှိသော ရွှေခြုံကွန်ယက်တို့ဖြင့် တန်ဆာဆင်သော ပြာသာဒ်လေးဆောင် ဘန်ဆင်းလာ၏၊ထိုကုန်သည်သည် ထိုပြာသာဒ်တို့၌ လူ့ချမ်းသာကိုခံစား၍ စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်၏စည်းစိမ်ချမ်းသာကိုခံစား၍ ငါတို့ဘုရားဖြစ်သောအခါ ပဉ္စာလရာဇ်ပြည်၌ ဇမ္ဗုပတိမင်းဖြစ်လာ၏၊ ကမ္ဗလာလှူဘူးသောကြောင့် ပတ္တမြားခြေနင်းရ၏၊ ဇမ္ဗုဒီပါတကျွန်းလုံးကို အစိုးရ၏၊ ပဲခွပ်လှူဘူးသောကြောင့် သန်လျက်ရ၏၊ အပ်လှူဘူးသောကြောင့် မြှားစကြာရ၏၊ ဟေတိကမ္ဘူ့ရဟန္တာဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍"မင်းကြီး...လာလော့၊ တရားကိုငါသည်ကောင်းစွာဟောအပ်ပြီ၊ ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကျင့်လော့"ဟု ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ျာလက်တော်ကိုဆန့်၍ ခေါ်ထော်မူလျှင် ဇမ္ဗုပတိမင်းနှင့်တကွ တရာ့တယောက်သောမင်းတို့

သည်၎င်း,တသိန်းသောအမတ်တို့သည်၎င်း ဇေတဝန်၌ရဟန်းချည်းဖြစ်လေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အားအနိစ္စကမ္မဋ္ဌာန်းကိုပေးတော်မူ၏၊ထိုအလုံးစုံသော ဇေတဝန်၌ရဟန်းတို့သည် ရဟန္တာချည်းဖြစ်လေကုန်၏၊ ဇမ္ဗူပတိမထေရ်သည် ကဥ္စနဒေဝီအား၎င်း, သား-သိရိဂုတ္တအား၎င်း သတင်းစကားမှာလိုက်၍ ထိုသတင်းစကားကိုကြားလျှင် ထိုကဥ္စနဒေဝီသည် အမတ်တို့၏မယားများနှင့်တကွလာကုန်၍မြတ်စွာဘုရားထံသို့ မာဃသာမထေဿသည် ခရီးကိုချုပ်သဖြင့် နေ့ခြင်းလာ၍ရောက်လျှင် မိထွေးတော်ဂေါတမီ ရဟန္တာမအထံ၌ ရဟန်းပြု၍ရဟန္တာမချည်း ဖြစ်ကုန်၏။

## ၁၇၂။ အရှင်မိဏ္ဍောလထေရ်ပြာဋိဟာပြခြင်း

ခြောက်ဝါမြောက် မကုဠတောင်၌ ဝါဆိုတော်မူပြီး၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ“ယေဗျာနုပဿနာ” အစရှိသောတရားကိုဟောတော်မူ၏၊ ဟောတော်မူခြင်းအကြောင်းကား-ဤသို့လျှင်တည်း၊ အခါတပါးသော် ရာဇဂြိုဟ်ပြည်၌ ရာဇဂြိုဟ်သူဌေးသည် ဘေးရန်မှ လွတ်စိမ့်သော၄ှာ၎င်း, မေ့လျော့သော တန်ဆာတို့ကို စောင့်အံ့သော၄ှာ၎င်း ကွန်ဖြင့်စည်းရံ၍ဂင်္ဂါမြစ်၌ရေကစား၏၊ ထိုရေအခါ ဂင်္ဂါမြစ်ညာကမ်းနား၌ ရောက်သော စန္ဒကူးနံ့သာနီအပင်သည် မြစ်ရေတိုက်၍ အမြစ်ဖုဖွားမြစ်ရေ၌မျောလေသော် ထိုထိုသို့သောကျောက်တို့၌ ထိခိုက်ဖန်များသဖြင့်ဖရိဖရဲကြေကြေသဖြင့် ရေအိုးလုံးပမာဏရှိသော တခုသောအမျက်မသည်ကျောက်တို့ဖြင့်ပွတ်ခိုက်မိသည်ဖြစ်၍ မြစ်ရေတံပိုးဖြင့် သုတ်သင်အပ်သည်ဖြစ်၍ ပြေပြစ် ချောမောစွာ မျောလာ၍ ထိုသူဌေး၏ကွန်၌ငြိလေ၏။

“ထိုပိုက်၌ငြိသောဝတ္ထုသည် အဘယ်နည်း” ဟု သူဌေးကမေး၏၊ “သစ်ဖုတည်း”ဟုဆိုသောကြောင့် ထိုသစ်ဖုကိုဆောင်စေ၍ “ဤသစ်သားသည် အဘယ်သစ်သားနည်း”ဟု စိတ်အံ့သော၄ှာပဲခွပ်စွန်းဖြင့် ရွေ

စေသော် စိတ္တတ်သောအဆင်းရှိသော စန္ဒကူးနံ့သာနီမှန်းသိ၍ သူဌေးသည်သမ္မာဒိဋ္ဌိ အယူရှိသည်လည်းမဟုတ်၊မိစ္ဆာဒိဋ္ဌိ အယူရှိသည်လည်း မဟုတ်၊ အလတ်သောသဘောရှိ၏၊ထိုသူဌေးသည်ကြံ၏ "ငါ၏အိမ်၌ စန္ဒကူးနံ့သာသည်များ၏၊ ဤစန္ဒကူးဖြင့် အဘယ်သို့ပြုအံ့နည်း" ဟု ကြံပြီးသော် ဤလောက၌ ငါတို့သည် ရဟန္တာဟုဆိုသောသူ များကုန်၏၊ ငါတို့သည် ရဟန္တာဟုမသိကုန်၊ ဤစန္ဒကူးနံ့သာတုံးကို ပွတ်သမားတို့ ကိုသပိတ်ခံစေ၍ ဆိုင်းဖြင့် အတောင်ခြောက်ဆယ်မျှသော ဝါး၌ဆွဲ၍ ကောင်းကင်၌ရှိစေ၍ "အကယ်၍ ရဟန္တာရှိအံ့၊ ကောင်းကင်ဖြင့်လာ၍ ဤသပိတ်ကို ယူစေကုန်သတည်း" ဟုဆိုအံ့၊ အကြင်သူသည် ထိုသပိတ်ကိုယူ၏၊ ထိုသူကို သား, မယားနှင့်တကွ ကိုးကွယ်အံ့-ဟု ကြံ၍ ထိုသူဌေးသည် မိမိကြံသောအတိုင်းသပိတ်ကိုပွတ်စေ၍ဝါးအဆက်ဆက်ဖြင့် အတောင်ခြောက်ဆယ်မျှသောဝါး၌ဆွဲ၍ ကောင်းကင်၌ထောင်၍ "ဤလောက၌ ရဟန္တာရှိအံ့၊ ကောင်းကင်ဖြင့်လာ၍ ဤသပိတ်ကို ယူစေ" ဟု ဆို၏။

ခြောက်ယောက်သော တိတ္ထိဆရာတို့သည် "ဤသပိတ်သည် ငါတို့အား လျောက်ပတ်၏၊ ငါတို့အားပေးကုန်လော့" ဟုဆို၏၊ "ကောင်းကင်ဖြင့်လာ၍ ယူကုန်လော့" ဟု သူဌေးကဆို၏၊ ထိုအခါ ခြောက်ရက်မြောက်သောနေ့၌ နာဋပုတ္တနိဂဏ္ဌသည် တပည့်တို့ကို "သင်တို့သူဌေးအိမ်သို့သွား၍ ဤသပိတ်သည် ငါတို့ဆရာအားလျောက်ပတ်၏၊အနည်းငယ်မျှသောအကြောင်းကြောင့် ကောင်းကင်ဖြင့်သွားခြင်းကို ပြုသဖြင့် ဒါယကာ....အဘယ်ပြုအံ့နည်း၊ငါတို့ဆရာအား ဤသပိတ်ကိုလှူလော့၊ ဟုဆိုချေကုန်" ဟူ၍စေ၏၊ ထိုတပည့်တို့သည်သွား၍ ဆရာသင်တိုင်း သူဌေးကိုဆိုကုန်၏၊ ကောင်းကင်ဖြင့်လာ၍ ယူနိုင်သော သူသည် ယူလော့" ဟု သူဌေးကဆို၏၊ နာဋပုတ္တနိဂဏ္ဌသည်လိုချင်လှ၍ တပည့်တို့ကိုအမှတ်ပေး၏၊ "ငါသည်လတ်တဘက်ကိုရင်း, ခြေတဘက်ကိုရင်း မိုယ်းပေါ်ကိုမြှော်၍ သပိတ်ကိုယူအံ့သောငှာ ပျံအံ့သကဲ့သို့ဖြစ်အံ့၊ သင်တို့သည် ဆရာ....အဘယ်သို့ပြုသနည်း၊ သစ်သားသပိတ်တလုံးကြောင့် လျှို့ဝှက်အပ်သော ရဟန္တာ၏အဖြစ်ကို လူအပေါင်းအား မပြလင့်-ဟု ဆို၍ လက်ကိုရင်း, ခြေကိုရင်း ကိုင်ငင်ကုန်၍ ငါ့ကိုမြေ၌ လှဲကြကုန်"

ဟု မှာထား၍ တပည့်တို့နှင့်တကွ ထိုသူဌေးသပိတ်ကိုဆွဲ၍ထားရာသို့ သွား၍ ဝါးရင်း၌ရပ်၍ သူဌေးကိုဆို၏။

"ဒါယကာသူဌေး....ဤသပိတ်သည် သူတပါးအား မလျောက်ပတ်၊ ငါ့အားသာလျောက်ပတ်၏၊ အနည်းငယ်သော သပိတ်ကြောင့် ကောင်းကင်ပျံခြင်းကိုအလိုမရှိလင့်၊သပိတ်ကို ငါ့အားလှူလော့"ဟု ဆို၏၊"အရှင်ဘုရား....ကောင်းကင်ဖြင့်ပျံ၍ ယူတော်မူ"ဟုသူဌေးကဆို၏၊ ထိုသူဌေးဆိုလေလျှင် နာဋပုတ္တသည် တပည့်တို့ကို "ဖဲကုန်လော့, ဖဲကုန်လော့" ဟု မောင်းမဲ၍ ကောင်းကင်၌ ပျံအံ့-ဟု လက်တဘက်ကိုဋင်း, ခြေတဘက်ကိုဋင်း ကြွ၏၊ ထိုအခါ ထိုနာဋပုတ္တကို တပည့်တို့သည် "ဆရာ....အဘယ့်ကြောင့် ဤအမှုကိုပြုမည်နည်း၊ ယုတ်ညံ့စွာသော သစ်သားသပိတ်အကြောင်းကြောင့် ဖုံးလွှမ်းအပ်သော ဂုဏ်ကို လူအပေါင်းအားပြသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု လက်,ခြေတို့၌ကိုင်၍မြေ၌လဲစေကုန်၏၊ထိုနာဋပုတ္တသည် သူဌေးကိုဆို၏၊"ဤတပည့်တို့သည် ငါ့ကိုပျံအံ့သောငှာ မပေး၊ ထိုငါ့အား သပိတ်ကို လှူလော့-သူဌေးကြီး"ဟု ဆို၏၊"အရှင်ဘုရား....ပျံ၍ယူတော်မူ" ဟု သူဌေးက ဆို၏။

ဤသို့ တိတ္ထိတို့သည် ခြောက်ရက်ပတ်လုံး လုံ့လပြုကုန်၍ သပိတ်ကိုမရကုန်၊ ခုနစ်ရက်မြောက်သောနေ့၌ အရှင်မောဂ္ဂလာန်, အရှင်ပိဏ္ဍောလတို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံအံ့-ဟုတခုသောကျောက်ဖျာ၌ရပ်၍ သင်္ကန်းကိုရုံကုန်၏၊ ထိုအခါ၌ သေသောက်ကြူးတို့သည် စကားကိုဖြစ်စေကုန်၏၊"အချင်းတို့....ခြောက်ယောက်ကုန်သော တိတ္ထိဆရာတို့သည် လောက၌ ငါတို့သည် ရဟန္တာဖြစ်ကုန်၏-ဟု ရှေး၌ပြောဆိုကုန်၏၊ရာဇဂြိုဟ် သူဌေးသည် သပိတ်ကို ဝါးဖျား၌ ဆွဲ၍ ရဟန္တာဖြစ်သူ ကောင်းကင်၌ပျံ၍ယူစေဟု ထားသည်၊ယနေ့ခုနစ်ရက်ရှိပြီ၊တယောက်သော ရဟန္တာသည်မျှလည်းပျံ၍ ယူသောမည်သည်မရှိ၊ ယခုလောက၌ ရဟန္တာမရှိသောအဖြစ်ကိုငါတို့သိရကုန်ပြီ"ဟု စကားကိုဖြစ်စေကုန်၏၊ ထိုစကားကို ကြား၍ အရှင်မောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလကို ဆို၏၊ "အရှင်ပိဏ္ဍောလ....ဤသေသောက်ကြူးတို့၏စကားကို ငါ့ရှင်သည် ကြား၏လော၊ ဤသူတို့သည် မြတ်စွာဘုရားသာသနာတော်ကို

နှိပ်စက်သကဲ့သို့ ပြောဆိုကုန်၏၊ ငါ့ရှင်သည်လည်း တန်ခိုးကြီး၏၊ ငါ့ရှင်....ကောင်းကင်ဖြင့်သွား၍ ထိုသပိတ်ကို ယူလော့''ဟု ဆိုလျှင် ရှင်ပိဏ္ဍောလဆို၏။

''ငါ့ရှင်မောဂ္ဂလာန်.... တန်ခိုးကြီးသော ရဟန်းတို့တွင် အရှင်သည် အလွန်မြတ်၏၊ အရှင်သည်လျှင် ထိုသပိတ်ကိုယူလော့၊ ငါ့ရှင် မယူသည်ရှိသော် ငါသည်ပင်ယူအံ့''ဟု ဆို၏၊ ''ငါ့ရှင်ပိဏ္ဍောလ.... သင်ယူချေလော့''ဟု အရှင်မောဂ္ဂလာန် ဆိုသဖြင့် အရှင်ပိဏ္ဍောလ ဘာရဒွါဇသည် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား ၍ သက်န်းရုံရာ ကျောက်ဖျာကို သုံးဂါဝုတ်ရှိအောင် ဘန်ဆင်း၍ ကျောက်ဖျာကို ခြေမကြွား၍ညှပ်၍ လဲဝါစုကိုကဲ့သို့ယူ၍ ကောင်းကင်သို့ ပျံလေ၍ ရာဇဂြိုဟ်ပြည်၏အထက်၌ ခုနစ်ပတ်လှည့်လည်၏၊ ထိုကျောက် ဖျာသည် သုံးဂါဝုတ်ပမာဏရှိသော ရာဇဂြိုဟ်မြို့ကို ပိတ်အုံ့သကဲ့သို့ ထင်၏၊ မြို့၌နေသောသူတို့သည် ကျောက်ဖျာဘိ၍ သေအံ့သည်မှ ကြောက်ကုန်၍ စံကောအစရှိသည်တို့ကို ခေါင်းပေါ်၌ မိုးကုန်၏၊ထိုထို သို့သောအရပ်၌ ပုန်းကုန်၏။

ခုနစ်ပတ်စေ့သောအခါ၌ အရှင်ပိဏ္ဍောလသည် ကျောက်ဖျာကို ထက်ခြမ်းခွဲ၍ ကိုယ်တော်ကိုပြ၏၊ လူများအပေါင်းသည် ရှင်ပိဏ္ဍောလ ကိုမြင်၍ ''အရှင်ပိဏ္ဍောလ.... ကျောက်ဖျာကို မြဲမြဲကိုင်တော်မူပါ၊ အလုံးစုံသော သူတို့ကို မဖျက်ဆီးပါလင့်''ဟု ဟစ်ကုန်၏၊ အရှင် ပိဏ္ဍောလသည် ကျောက်ဖျာကို ခြေဖျားဖြင့်တွန်း၍ လွှတ်လိုက်၏၊ ထိုကျောက်ဖျာသည် မိမိနေရာ၌ကျ၍ နေလေ၏၊ မထေရ်သည် သူဌေး၏ အိမ်အထက်၌ရပ်၏၊ သူဌေးသည် မထေရ်ကိုမြင်၍ ရင်ဖြင့်ဝပ်၍ ''သက်တော်မူပါ အရှင်ဘုရား''ဟု တောင်းပန်၍ သက်လာသော မထေရ်ကို နေရာ၌နေစေ၍ သပိတ်ကိုချစေ၍ စတုမဓုဖြင့် ပြည့်စေ၍ မထေရ်အားလှူ၏၊ အရှင်ပိဏ္ဍောလသည် သပိတ်ကိုယူစေ၍ ကျောင်း သို့ ရှေးရှုသွားလေ၏၊ ထိုရှောအခါ တောသို့သွားသော သူသည်ဝင်း, ဆိတ်ငြိမ်ရာ၌ ဝင်၍နေသော သူတို့သည်ဝင်း အရှင် ပိဏ္ဍောလ ပြာဋိဟာကို မမြင်ရကုန်၊ထိုသူတို့သည် တပေါင်းတည်းစည်းဝေးကုန်၍

အရှင်ပိဏ္ဍောလသို့လိုက်၍ "အရှင်ဘုရား....ပြာဋိဟာကို အကျွန်ုပ်တို့အားပြတော်မူပါဦး"ဟု လိုက်၍တောင်းပန်၏။

ထိုအခါ အရှင်ပိဏ္ဍောလသည် ထိုသူတို့အား အထိုက်အလျောက်ပြာဋိဟာပြ၍ ကျောင်းသို့သွားလေ၏၊ မြတ်စွာဘုရားသည် အစဉ်လိုက်သော များစွာသော လူအပေါင်းတို့၏ အသံကို ကြား၍ "အာနန္ဒာ....ဤအသံသည်ကား အဘယ်အသံနည်း"ဟု မေးတော်မူ၍ "အရှင်ဘုရား.... ပိဏ္ဍောလဘာရဒွါဇသည် ကောင်းကင်၌ပျံ၍ သူဌေးသပိတ်ကိုယူ၍ ပိဏ္ဍောလ၏အထံ၌ ပြာဋိဟာပြပါဟု တောင်းပန်ကုန်သော သူတို့၏ အသံတည်း"ဟု လျှောက်သည်ရှိသော် အရှင်ပိဏ္ဍောလကိုခေါ်၍ ပိဏ္ဍောလကို "သင်သည် ပြာဋိဟာပြသည်ဟု ကြား၏၊ ထိုစကားမှန်သလော"ဟု မေးတော်မူ၍ "မှန်ပါ၏ အရှင်ဘုရား"ဟု လျှောက်သော် "ပိဏ္ဍောလ....အဘယ်ကြောင့် သည်အမှုကို သင်ပြုဘိသနည်း"ဟု ကဲ့ရဲ့တော်မူ၍ သပိတ်ကို အစိတ်စိတ်ခွဲစေ၍ မျက်စဉ်းဆေးအလို့ငှါ ရဟန်းတို့အားပေးဝေစေ၏၊လူတို့အား တန်ခိုးပြာဋိဟာမပြအပ်"ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

---

## ၁၇၃။ မြတ်စွာဘုရားယမကပြာဋိဟာပြတော်မူခြင်း

တိတ္ထိတို့သည် ထိုအကြောင်းကိုကြား၍"ရဟန်းဂေါတမ၏တပည့်တို့သည် ဂေါတမထားသော သိက္ခာပုဒ်ကိုအသက်ဟူသောအကြောင်းကြောင့်လည်း မလွန်ပေကုန်လတ္တံ့၊ ဂေါတမသည်လည်း ထိုသိက္ခာပုဒ်ကိုစောင့်လတ္တံ့သလျှင်ကတည်း၊ငါတို့သည် ယခုအခါ၌ အခွင့်ရပြီ"ဟု ထိုတိတ္ထိတို့သည် မြို့ခရီး၌"ငါတို့သည် မိမိဂုဏ်ကို စောင့်ကုန်လျက် သစ်သားသပိတ်ကြောင့် ရဟန္တာ၏ဂုဏ်ကို ရှေး၌ လူအပေါင်းတို့အား မပြကုန်၊ ရဟန်းဂေါတမ၏ တပည့်တို့သည် သစ်သားသပိတ်တလုံးကြောင့် မိမိဂုဏ်ကို လူအပေါင်းတို့အား ပြကုန်ပြီ၊ ရဟန်းဂေါတမသည် ဆန်းပြားလိမ်မာသည်၏ အဖြစ်ကြောင့် ထိုသပိတ်ကိုခွဲစေ၍ သူတပါးတို့အား ပြာဋိဟာမပြအပ်ဟု သိက္ခာပုဒ်ကိုပညတ်သည်၊ ယခုအခါ ငါတို့သည် ရဟန်းဂေါတမနှင့် ပြိုင်၍ပြာဋိဟာပြကုန်အံ့"ဟု ပြောဆိုကုန်လျက် သွားလာလှည့်ပတ်ကုန်၏။

## ဘုရားနောက်သို့တိတ္ထိတို့လိုက်ခြင်း

ထိုစကားကို ဗိမ္ဗိသာရမင်းကြား၍ မြတ်စွာဘုရား အထံသို့လာ၍ "အရှင်ဘုရား ••အရှင်ဘုရားတို့သည် ပြာဋိဟာပြခြင်းကို မပြုခြင်းငှါ တပည့်ရဟန်းတို့အားသိက္ခာပုဒ်ကိုပညတ်တော်မူသလော"ဟုလျှောက်၏၊ "မြတ်သောမင်းကြီး····ပညတ်၏"ဟုမိန့်တော်မူသော် "ယခုအခါ၌ တိတ္ထိတို့သည် အရှင်ဘုရားတို့နှင့် ပြိုင်၍ ပြာဋိဟာပြကုန်အံ့-ဟူ၍ဆိုကုန်၏၊ အရှင်ဘုရားတို့သည် အဘယ်သို့ပြုကုန်အံ့နည်း"ဟု လျှောက်ပြန်၏၊ "မြတ်သောမင်းကြီး····ထိုတိတ္ထိတို့ပြာဋိဟာပြသော် ငါလည်းပြအံ့" ဟု မိန့်တော်မူ၏၊ အရှင်ဘုရားတို့သည် သိက္ခာပုဒ်ပညတ်သည် မဟုတ်တုံလော"ဟုလျှောက်ပြန်သော်"မြတ်သောမင်းကြီး····ငါသည် ငါ၏ကိုယ်အား သိက္ခာပုဒ်မပညတ်၊ တပည့်တို့အားသာ ပညတ်သည်" ဟုမိန့်တော်မူ၏၊ "အရှင်ဘုရား····ကိုယ်တော်ကိုလွှတ်၍ တပါးသောသူတို့အားသာ သိက္ခာပုဒ်ပညတ်ခြင်းသည် သင့်ပါအံ့လော" ဟု လျှောက်ပြန်၏။

ထိုသို့ဆိုသော် မင်းကြီးကိုပင်ငါမေးဦးအံ့၊ "သင်မင်းကြီး၏ဥယျာဉ်သည်ရှိ၏လော"ဟုမေးတော်မူ၍ "ရှိပါ၏"ဟုလျှောက်၏၊ "မင်းကြီး•• ဥယျာဉ်တော်၌ သရက်သီး စသည်တို့ကို လူများစားသည်ရှိသော် ထိုစားသောသူအား အဘယ်ကဲ့သို့ပြုအပ်မည်နည်း"ဟု မေးတော်မူ၏၊ "ဒဏ်ပေးခြင်းကို ပြုအပ်၏"ဟု လျှောက်သော် "သင်မင်းကြီးသည် စားခြင်းငှါရပါအံ့လော"ဟု မိန့်တော်မူသော် "ရပါ၏ အရှင်ဘုရား အကျွန်ုပ်အားဒဏ်သည်မရှိ၊ မိမိဥစ္စာကိုစားရပါ၏"ဟူ၍လျှောက်၏၊ "မြတ်သောမင်းကြီး····ယူဇနာ၃၀၀ နှင့် သုံးရာရှိသော သင်မင်းကြီး၏ နိုင်ငံ၌ သင်မင်းကြီး၏ အာဏာသည် ဖြစ်သဖြင့် သင်၏ဥယျာဉ်တော်၌ သရက်သီးစသည်တို့ကိုစားခြင်းငှါရ၏၊ဒဏ်မရှိသကဲ့သို့ ထို့အတူငါ၏ အာဏာသည်လည်း စကြဝဠာကုဋေတသိန်း၌ဖြစ်၏၊ မိမိ၏သိက္ခာပုဒ်ကို ပညတ်ခြင်း၌ လွန်ကျူးသော မည်သည်မရှိ၊ သူတပါးတို့အားလွန်ကျူးခြင်းသည်ရှိ၏၊မြတ်သောမင်းကြီး····ငါသည်ယမိုက်ပြာဋိဟာကိုပြအံ့" ဟု မိန့်တော်မူ၏။

ထိုစကားကိုတိတ္တိတို့ကြား၍ "ယခုအခါငါတို့ပျက်ခဲ့ပြီ၊ ရဟန်းဂေါတမသည်တပည့်တို့အားသာ သိက္ခာပုဒ်ကိုပညတ်၏၊ မိမိကိုယ်တိုင်ပင်ပြာဋိဟာကိုပြုလို၏၊ငါတို့သည်အဘယ်သို့ပြုပါအံ့နည်း"ဟူ၍တိုင်ပင်ကုန်၏၊ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအား မေးလျှောက်၏၊ "အဘယ်အခါ၌ ပြာဋိဟာကို ပြုကုန်အံ့နည်း"ဟု မေးလျှောက်၏၊ "မင်းကြီး....တပေါင်းလမှ လေးလလွန်သဖြင့် ဝါဆိုလပြည့်နေ့၌ပြာဋိဟာပြုအံ့"ဟုမိန့်တော်မူ၏၊"အရှင်ဘုရား..အဘယ်အရပ်၌ပြုအံ့နည်း" ဟုလျှောက်ပြန်သော် "မင်းကြီး....သာဝတ္ထိပြည်၌ ပြုအံ့"ဟု မိန့်တော်မူ၏၊ အဘယ့်ကြောင့် မြတ်စွာဘုရားသည် ဝေးသောအရပ်ကို ညွှန်းတော်မူသနည်း ဟူမူကား၊ ထိုသာဝတ္ထိပြည်သည် ခပ်သိမ်းသောဘုရားတို့၏ ပြာဋိဟာပြုတော်မူရာဖြစ်သောကြောင့် ညွှန်းတော်မူသတည်း၊ တနည်းလည်း-များစွာသော လူအပေါင်းတို့၏ စည်းဝေးခြင်းငှါ ဝေးသောအရပ်ကို ညွှန်းသတည်း။

တိတ္ထိတို့သည် ထိုစကားကိုကြားကုန်၍ ဤတပေါင်းလမှ လေးလလွန်သဖြင့် ရဟန်းဂေါတမသည် သာဝတ္ထိပြည်၌ ပြာဋိဟာပြုလတ္တံ့၊ ယခုအခါ ဂေါတမကိုမလွတ်မူ၍ ငါတို့လိုက်ကုန်အံ့၊ လူများတို့သည် ငါတို့လိုက်သည်ကိုမြင်ကုန်၍"အဘယ့်ကြောင့် ဤသို့ပြုကုန်သနည်း"ဟု မေးကုန်သော် "ငါတို့သည် ဂေါတမနှင့်ပြိုင်၍ ပြာဋိဟာပြုကုန်အံ့-ဟု ဆိုကုန်၍ ထိုဂေါတမပြေး၏၊ ငါတို့သည် ဂေါတမအား ပြေးခြင်းငှါ မပေးမူ၍ အစဉ်လိုက်ကုန်သည်-ဟု ဆိုကုန်အံ့"ဟု တိုင်ပင်ကုန်၏၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ဆွမ်းခံ၍ရာဇဂြိုဟ်ပြည်မှထွက်တော်မူ၏၊တိတ္ထိတို့သည်မြတ်စွာဘုရား၏ နောက်မှထွက်ကုန်၍ မြတ်စွာဘုရား ဆွမ်းစားရာ,ညဉ့်တည်းတော်မူရာအရပ်တို့၌ တိတ္ထိတို့သည် အစဉ်လိုက်ကုန်၍ ဆွမ်းစားခြင်း, တည်းနေခြင်းတို့ကိုပြုကုန်၏။

တိတ္ထိတို့ကိုလူတို့မေးကုန်သော် မိမိတို့ကြံသောအတိုင်း ဆိုကုန်၏၊ လူများအပေါင်းသည် ပြာဋိဟာကိုမြင်ရကုန်လတ္တံ့-ဟု အစဉ်လိုက်ကုန်၏၊ အစဉ်သဖြင့်မြတ်စွာဘုရားသည် သာဝတ္ထိသို့ ရောက်တော်မူ၏၊ တိတ္ထိတို့သည်မြတ်စွာဘုရားနှင့်တကွသွား၍အလုပ်အကျွေးတကာတို့ကိုနှိုးဆော်၍ တသိန်းသောအသပြာကိုရ၍ရှားသည်တိုင်တို့ဖြင့် မဏ္ဍပ်ကြီးစွာပြု၏၊

ကြာညိုဘက်တို့ဖြင့်မိုး၍ "ဤမဏ္ဍပ်၌ ငါတို့ပြာဋိဟာပြကုန်အံ့"ဟု နေကုန်၏။ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားသို့ကပ်၍"အရှင်ဘုရား....တိတ္ထိတို့သည် မဏ္ဍပ်ကိုပြုအပ်ပြီ၊အကျွန်ုပ်သည် အရှင်ဘုရားအလို့ငှါ မဏ္ဍပ်ဆောက်အံ့"ဟု လျှောက်သော် "မင်းကြီး....မသင့်၊ ငါ့အားမဏ္ဍပ်ဆောက်မည့်သူရှိ၏" ဟု မိန့်တော်မူသဖြင့် "အရှင်ဘုရား....အကျွန်ုပ်မှတပါးသော အဘယ်သူသည် ဆောက်နိုင်လတ္တံ့နည်း"ဟု လျှောက်သော် "မြတ်သောမင်းကြီး....သိကြား နတ်မင်းသည် ဆောက်လတ္တံ့"ဟု မိန့်တော်မူ၏။

"အရှင်ဘုရားသည် အဘယ်၌ ပြာဋိဟာပြအံ့နည်း"ဟု လျှောက်သော် "မင်းကြီး.... ကဏ္ဍမ္ဗသရက်ပင်ရင်း၌ပြအံ့" ဟု မိန့်တော်မူ၏၊ တိတ္ထိတို့သည် ရဟန်းဂေါတမသည် သရက်ပင်ရင်း၌ပြာဋိဟာပြလတ္တံ့သတည်း"ဟု ကြားကုန်၍ မိမိတို့ အလုပ်အကျွေးတကာတို့ကို ကြား၍ သာဝတ္ထိပြည် ထက်ဝန်းကျင် တယူဇနာအတွင်း၌ရှိသော သရက်ပင်တို့ကို ယနေ့ပေါက်သည့် သရက်ပင်ကိုမျှမကျန်ရ၊ တူးဆွ၍ နုတ်ပစ်စေကုန်၏။မင်း၏ဥယျာဉ်တော်၌ သရက်ပင်သာမနုတ်ဝံ့၍ကျန်၏၊ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူအံ့သောငှာ ဇေတဝန်ကျောင်းတော်မှ ရှေးရှုထွက်တော်မူ၏။

### ကဏ္ဍဥယျာဉ်မှူး သရက်သီးကပ်လှူခြင်း

မင်း၏ဥယျာဉ်၌စောင့်သော ကဏ္ဍအမည်ရှိသောသူသည် ပိုးရွက်, ခါချဉ်တို့သည် ပြုအပ်သောဘက်ထုပ်၏အတွင်း၌ သရက်သီးမှည့်တလုံးကိုမြင်၍ ထိုသရက်သီးမှည့်၏အနံ့ဖြင့် နားလာကုန်သော ကျီးတို့ကို ပုံ့စေ၍ ထိုသရက်သီးကိုဆွတ်၍မင်းကြီးအားဆက်အံ့-ဟု ယူ၍လာသော် ခရီးအကြား၌ မြတ်စွာဘုရားကိုမြင်၍ "ဤသရက်သီးမှည့်ကို စားပြီးသော် မင်းကြီးသည် ရှစ်သပြာမျှသောဥစ္စာကို ငါ့အားပေးရာ၏၊ ထိုရှစ်သပြာသည် ငါ့အား ဤဘဝတွင်ပင် အသက်မမွေးလောက်၊ ဤသရက်သီးကို ငါသည် အကယ်၍ မြတ်စွာဘုရားအားလှူအံ့၊ အဆုံးမရှိသော ဘဝကာလပတ်လုံး ငါ့အား အကျိုးစီးပွားကိုဆောင်လတ္တံ့"ဟု ကဏ္ဍသည်ကြံ၍ မြတ်စွာဘုရားအား သရက်သီးကိုလှူလေ၏၊ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုကြည့်၍ အရှင်အာနန္ဒာသပိတ်တော်ကိုကပ်၍

မြတ်စွာဘုရားသပိတ်တော်ဖြင့် သရက်သီးကိုခံ၍ ထိုခံရာအရပ်၌ပင် ထိုင်အံ့သောအခြင်းအရာကိုပြ၏။

အရှင်အာနန္ဒာသည် ဒုကုဋ်တော်ကိုခင်း၍ပေး၏၊ထိုသင်္ကန်းအခင်း၌ နေတော်မူသော မြတ်စွာဘုရားအား သောက်ရေစစ်၍ကပ်၏၊ထိုသရက်မှည့်ကိုနယ်၍ အဖျော်ပြု၍ ကပ်၏၊ မြတ်စွာဘုရားသည် ထိုသရက်ဖျော်ကိုသောက်၍ ကဏ္ဍကို''ဤသရက်စေ့ကို ဤအရပ်၌ မြေကြီးကိုယက်၍ စိုက်လော့''ဟု မိန့်တော်မူ၏၊ကဏ္ဍသည်လည်း မြတ်စွာဘုရားမိန့်တော်မူတိုင်းစိုက်လေ၏၊ မြတ်စွာဘုရားသည် ထိုသရက်သီးစေ့၏အထက်၌ လက်တော်ကိုဆေး၏၊ လက်တော်ဆေးတော်မူသောခဏ၌ပင် ထွန်တုံးမျှ ပင်စည်လုံးပတ်ရှိသော **အတောင်ငါးဆယ်**အစောက်မြင့်သော သရက်ပင်ပေါက်၏၊အရပ်လေးမျက်နှာတို့၌ တခက်စီ, အထက်၌ အခက်အားဖြင့် ခက်မငါးခက်တို့သည် ဖြစ်ကုန်၏၊ထိုခက်မတို့သည်လည်း အတောင်ငါးဆယ်စီမြင့်ကုန်၏၊ထိုခဏ၌ပင် ထိုသရက်ပင်သည် အသီး,အပွင့်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၏၊ တပါးတပါးသောအရပ်၌ သရက်သီးမှည့်ခိုင်ကို ဆောင်သည်ဖြစ်၏၊ နောက်မှလာကုန်သောရဟန်းတို့သည် သရက်သီးမှည့်ကိုစားကုန်လျက် သွားရကုန်၏။

ဤသို့သဘောရှိသောသရက်ပင်သည်ပေါက်၏-ဟု ပသေနဒီကောသလမင်းကြီးသည်ကြား၍ ထိုသရက်ပင်ကို တစုံတယောက်သောသူသည် မခုတ်ဖြတ်စေလင့်-ဟု အစောင့်ထား၏၊ကဏ္ဍမည်သောဥယျာဉ်စောင့်သည် စိုက်သောကြောင့် ထိုသရက်ပင်သည် **ကဏ္ဍမ္ဗသရက်ပင်**ဟု တွင်၏၊သေသောက်ကြူးတို့သည် သရက်သီးမှည့်ကိုစား၍''ဟယ်အချင်းတို့....တိတ္ထိတို့နှင့် ရဟန်းဂေါတမသည် ကဏ္ဍမ္ဗသရက်ပင်ရင်း၌ ပြာဋိဟာပြုလတ္တံ့-ဟု မြို့ထက်ဝန်းကျင် တယူဇနာအတွင်း၌ ယနေ့ပေါက်သောသရက်ပင်ငယ်မျှမကျန်ရ နုတ်ခုတ်၍ပစ်သည်၊ ကဏ္ဍမ္ဗသရက်ပင်သည်မှာဟယ်တို့''ဟုဆိုကုန်၍ စားဖတ်သရက်စေ့တို့ဖြင့် ပစ်ခတ်ကုန်၏။

## သိကြားမင်းတိတ္ထိတို့ကိုထွက်ပြေးစေခြင်း

ထိုအခါသိကြားမင်းသည် **လေနတ်သား**ကိုစေ၏၊''တိတ္ထိတို့၏မဏ္ဍပ်ကို လေတို့ဖြင့်ခွါလွှင့်၍ ကျင်ကြီးစွန့်ရာမြေ၌ကျစေ''ဟု စေ၏၊ သိကြား

စေတိုင်း လေနတ်သားပြု၍၊ **နေနတ်သားကိုလည်း** ''နေဗိမာန်ကိုနှိမ့်၍ တိတ္ထိတို့ကိုနှိပ်စက်၍ ပူစေလော့''ဟု စေ၏၊ နေနတ်သားသည် ထိုဆိုတိုင်းပြု၏၊တဘန်လေနတ်သားကို''လေပွေကိုထစေ၍ တိတ္ထိတို့၏ကိုယ်၌ မှုံတင်အောင်တိုက်လော့''ဟု စေ၏၊ လေနတ်သားသည် ထိုဆိုတိုင်းကို ပြု၏၊ တိတ္ထိတို့၏ ယိုသောချွေးရှိသောကိုယ်၌ မြူတို့သည် လွင့်ကပ်ကုန်သည်ဖြစ်၍ မြေနီတောင်ပို့နှင့်တူကုန်၏၊**မိုယ်းတိမ်စောင့်သောနတ်ကို**''ကြီးစွာသောမိုယ်းပေါက်တို့ကို တိတ္ထိတို့၏ကိုယ်၌ကျစေ''ဟုစေ၏၊ထိုမိုယ်းတိမ်နတ်သည်လည်း စေတိုင်းပြု၏၊ ထိုအခါ တိတ္ထိတို့၏ ကိုယ်သည် ပြောက်ကျားသောနွားနှင့်တူ၏၊ ထိုတိတ္ထိတို့သည် သိကြားမင်းနှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပျက်ခြင်းကြီးပျက်သဖြင့် မျက်နှာပြုမိရာအရပ်သို့ ချည်းပြေးလေကုန်၏။

ဤသို့ တိတ္ထိတို့ပြေးလေကုန်ပြီးသော် ပူရဏကဿပမည်သောတိတ္ထိတို့၏ အလုပ်အကျွေးဖြစ်သော လယ်ထွန်သွားလေသော တကာ တယောက်သည်''ယခုအခါ အရှင်မြတ်တို့၏ ပြာဋိဟာပြုအံ့သောအခါ တည်း၊ သွား၍ပြာဋိဟာကို ကြည့်ချေအံ့''ဟု နွားတို့ကိုလွှတ်လိုက်၍ နံနက်ကယူခဲ့သော ယာဂုအိုးကိုဇင်း, ဘွဲ့ကြိုးလက်ကိုင်ကြိုးတို့ကိုဇင်း ယူ၍ လာသည်ရှိသော် နွားပြောက်ကဲ့သို့ ပြေးလာသော ပူရဏ ကိုမြင်၍ ''အရှင်ဘုရား....အရှင်ဘုရားတို့၏ ယမိုက်ပြာဋိဟာကို ကြည့်အံ့ ဟု အကျွန်ုပ်လာပါသည်၊ အဘယ်သို့ ပြေးတော်မူလိမ့်နည်း''ဟု ဆီး၍ ဆိုသော် ''တကာ....တကာနှင့် ပြာဋိဟာနှင့်အရာလား၊သင်၏လက်၌ ပါသော ဖျဉ်းအိုးနှင့်ဘွဲ့ကြိုးကိုသာ ငါ့အားပေးပါ''ဟု တောင်းယူ၍ အစိရဝတီမြစ်နားသို့ပြေး၍ ဖျဉ်းအိုးကိုဘွဲ့ကြိုးနှင့်လည်မှာဘွဲ့၍ ရေနက်ရာ၌ခုန်ဆင်း၍ ရေပွက်တို့ကိုထစေလျက် သေ၍ အဝီစိငရဲ၌ဖြစ်လေ၏။

**သာဝကတို့တန်ခိုးပြခွင့်တောင်းကြခြင်း**

မြတ်စွာဘုရားသည် ထိုကဏ္ဍမ္ဗသရက်ပင်ရင်း၏ အနီး ကောင်းကင်၌ **ရတနာစင်္ကြံ** ဘန်ဆင်းတော်မူ၏၊ ထိုရတနာစင်္ကြံ၏ အရှေ့နားအစွန်းသည် အရှေ့စကြဝဠာမျက်နှာဝအနား၌ ဖြစ်၏၊ အနောက်စင်္ကြံစွန်းသည် အနောက်စကြဝဠာမျက်နှာဝအနား၌ဖြစ်၏၊ ဘန်ဆင်းတော်-

မူသော ရတနာစင်္ကြံကား ကပိလဝတ်ပြည်သို့ ပဌမ ကြွတော်မူသော ဆွေတော်,မျိုးတော်တို့၏ အစည်းအဝေး၌ ဘန်ဆင်းတော်မူသောစင်္ကြံ ကဲ့သို့ပင်တည်း၊ တပေါင်းလပြည့်ကပင် ဤလမှလေးလလွန်သောအခါ သာဝတ္ထိပြည်၌ ယမိုက်ပြာဋိဟာပြအံ့-ဟု ဗိမ္ဗိသာရမင်းကြီးအားမိန့် တော်မူသောစကားကို ကြား၍ယမိုက်ပြာဋိဟာကိုကြည့်လို၍ သာဝတ္ထိ ပြည်သို့ စည်းဝေးလာကြသည့် ပရိသတ်ကား ဝါဆိုလပြည့်နေ့၌ အ လျား,အနံ့ တဆယ့်နှစ်ယူဇနာရှိ၏၊ အဝန်းအားဖြင့် သုံးဆယ့်ခြောက်ယူဇ နာရှိသည်ဖြစ်သတည်း၊ ထိုအခါ ဝါဆိုလပြည့်နေ့၌ မွန်းမတ်တိမ်းသည် ရှိသော် "ယခုအခါ၌ ပြာဋိဟာပြချိန်တန်ပြီ"ဟု ဂန္ဓကုဋိရွှေကျောင်း တော်မှထွက်၍ မုခ်ဦး၌ရပ်တော်မူ၏။

၁။ ထိုအခါ ကြီးသောတန်ခိုးရှိသော **ဃရဏီ**အမည်ရှိသော အနာ ဂါမ်ဒါယိကာမသည် မြတ်စွာဘုရားသို့ကပ်၍ "အရှင်ဘုရား....အ ကျွန်ုပ်ကဲ့သို့ အနာဂါမ်တည်သောသမီးတော်သည် ရှိပါလျက် အရှင် ဘုရားတို့အား ပင်ပန်းတော်မူရအံ့သောကိစ္စသည်မရှိ၊ အကျွန်ုပ်သည် ပြာဋိဟာကိုပြပါအံ့"ဟု လျှောက်၏၊ "ဃရဏီ....သင်သည် အဘယ် ကဲ့သို့ပြာဋိဟာပြလတ္တံ့နည်း"ဟုမိန့်တော်မူသော်"အရှင်ဘုရား....တခု သောစကြဝဠာနားတိုင် မြေတပြင်လုံး၌ ရေဖြင့်ပြည့်အောင် ဘန်ဆင်း ၍ အကျွန်ုပ်ကိုယ်ကို ရေကြက်မဟန်ဘန်ဆင်းလျက် ငုပ်၍သွားပြီးလျှင် အရှေ့စကြဝဠာနား၌ပေါ်၍ အကျွန်ုပ်ကိုယ်ကိုပြပါအံ့၊ ထို့အတူ အ နောက်စကြဝဠာ၌ပြပါအံ့၊ တောင်စကြဝဠာ၌ပြပါအံ့၊ မြောက်စကြ ဝဠာ၌ ပြပါအံ့၊ ဤသူသည် အဘယ်သူနည်းဟု မေးသည်ရှိသော် ဤသူ သည်ဃရဏီအမည်ရှိသော ဥပါသိကာမတည်းဟု ဆိုသဖြင့် ရှေးဦးစွာ ဤမိန်းမ၏တန်ခိုးသည် ဤမျှလောက်ရှိ၏၊ မြတ်စွာဘုရား၏ တန်ခိုး တော်သည်ကား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ကြံ၍ တိတ္ထိတို့သည် အရှင်ဘုရားတို့ကိုမမြင်ဘဲဖြင့် ပြေးလေကုန်လတ္တံ့."ဟု လျှောက်၏။

ထိုအခါ ဃရဏီမည်သောဒါယိကာမကိုမြတ်စွာဘုရားသည်"ဃရ ဏီ....ဤသို့သဘောရှိသော ပြာဋိဟာပြုခြင်းငှါစွမ်းနိုင်အံ့သောသင်၏ အာနုဘော်ကိုငါသိ၏၊ ထိုသို့သိသော်လည်း သင်၏အလို့ငှါ ဤပန်းဆုပ်

ကိုင်မတ္တဲ့”ဟု ပယ်တော်မူ၏၊ ထိုယရဏီသည် “မြတ်စွာဘုရားသည် ငါ့အားခွင့်ပြုတော်မမူ၊ငါ့ထက်အလွန်ပြာဋိဟာပြခြင်းငှာ စွမ်းနိုင်သော တပါးသောသူရှိသေးသည်ထင်၏”ဟုကြံ၍ တင့်အပ်သောအရပ်၌ နေလေ၏။

၂။ ထို့နောင် ရှင်အနာထပိဏ်သည် မြတ်စွာဘုရားသို့ကပ်၍“အရှင်ဘုရား....အကျွန်ုပ်ကဲ့သို့သဘောရှိသော ဥပါသကာသည် ရှိလျက် အရှင်ဘုရားတို့အား ပင်ပန်းရခြင်းကိစ္စမည်သည်မရှိရာ၊ အကျွန်ုပ်သည် ပြာဋိဟာပြပါအံ့”ဟုလျှောက်၏၊“သင်သည်အဘယ်သို့ ပြလတ္တံ့နည်း” ဟုမေးတော်မူသော်“အရှင်ဘုရား....အကျွန်ုပ်သည်တဆယ့်နှစ်ယူဇနာ ရှိသော ဗြဟ္မာမင်း၏ကိုယ်ကိုဘန်ဆင်း၍ ဤပရိသတ်၏အလယ်၌ ကြီးစွာသောမိုယ်း၏ ထစ်ကြိုးခြင်းအသံနှင့်တူသော အသံဖြင့် ဗြဟ္မာ၏ လက်ပမ်းပေါက်ကိုခတ်အံ့၊ ဤအသံသည်အဘယ်အသံနည်း-ဟုလူများ မေးသော် ရှင်အနာထပိဏ်၏ ဗြဟ္မာမင်း၏လက်ပမ်းပေါက်ခတ်သော အသံတည်း-ဟုဆိုကုန်လတ္တံ့၊ တိတ္ထိတို့သည် ဒါယကာ၏တန်ခိုးအာနုဘော်သည်လျက် ဤမျှလောက်ရှိ၏၊ မြတ်စွာဘုရားတန်ခိုးအာနုဘော်သည်ကား အဘယ်သို့လျှင် ဖြစ်လတ္တံ့နည်း-ဟုကြောက်ကုန်၍ အရှင်ဘုရားကိုမမြင်ဘဲပင်ပြေးလေကုန်လတ္တံ့”ဟုလျှောက်၏၊ မြတ်စွာဘုရားသည်“ဒါယကာ....သင်၏တန်ခိုးကို ငါသိ၏၊ဤပန်းထုပ်ကိုသင်၏အလို့ငှာမတ္တဲ့”ဟုပယ်တော်မူ၏။

၃။ ထိုအခါ ဘွားသည်မှ ခုနစ်နှစ်သာရှိသေးသော ပဋိသမ္ဘိဒါ လေးပါးသို့ရောက်သောစီရာအမည်ရှိသောသာမဏေယ်မသည်မြတ်စွာ ဘုရားသို့ကပ်၍ “အရှင်ဘုရား....အကျွန်ုပ်သည် ပြာဋိဟာပြပါအံ့”ဟု လျှောက်၏၊“စီရာ....သင်အဘယ်ကဲ့သို့ပြာဋိဟာပြလတ္တံ့နည်း”ဟုမေးတော်မူသော် “အရှင်ဘုရား....အကျွန်ုပ်သည် မြင်းမိုရ်တောင်ကိုရင်း, စကြဝဠာတောင်ကိုရင်း, ဟိမဝန္တာတောင်ကိုရင်း ဆောင်ချေ၍ ပရိသတ်၏အလယ်၌ အစဉ်သဖြင့်ထား၍ အကျွန်ုပ်သည် ရွှေဟင်္သာမယ်ဖြစ်၍ တတောင်မှတတောင် ဆင်းသက်လူးလာ မငြိမယှက်သွားပါအံ့၊ ဤသူသည် အဘယ်သူနည်း-ဟုလူများအပေါင်းမေးသော် စီရာသာမဏေယ်မတည်း-ဟူ၍ ဆိုကုန်လတ္တံ့၊ တိတ္ထိတို့သည် ခုနစ်နှစ်မျှ

သာအသက်ရှိသော သာမဏေယ်မ၏တန်ခိုးသည်လျက် ဤသို့စင်ရှိ၏၊ မြတ်စွာဘုရားတန်ခိုးတော်သည် အဘယ်သို့ သဘောရှိသည်ဖြစ်လတ္တံ့နည်း-ဟုကြံကုန်၍ အရှင်ဘုရားတို့ကိုမမြင်စေမူ၍ ပြေးလေကုန်လတ္တံ့” ဟု လျှောက်၏၊ ထိုသာမဏေယ်မကိုလည်း ပယ်တော်မူ၏။

၄။ ထိုအခါ ပဋိသမ္ဘိဒါလေးပါးသို့ရောက်သော ဘွားသည်မှ ခုနစ်နှစ်သာရှိသေးသော **စုန္ဒ**အမည်ရှိသော သာမဏေယ်သည် မြတ်စွာဘုရားသို့ကပ်၍“အရှင်ဘုရား…အကျွန်ုပ်သည် ပြာဋိဟာပြုပါအံ့” ဟု လျှောက်၏၊ “စုန္ဒ….သင်အဘယ်သို့ ပြုလတ္တံ့နည်း”ဟု မေးတော်မူသော် “အရှင်ဘုရား….အကျွန်ုပ်သည် ဇမ္ဗုဒိပ်ကျွန်း၏ တံခွန်သဘွယ်ဖြစ်သော ဇမ္ဗုသပြေပင်ကို ပင်စည်၌ ကိုင်သဖြင့်ဆောင်ခဲ့၍ ဤပရိသတ်အလယ်၌လှုပ်ခွေ၍ ဇမ္ဗုသပြေသီးတို့ကို ဤပရိသတ်တို့အား စားစေပါအံ့၊တာဝတိံသာမှ ပင်လယ်ကသစ်ပင်ကိုဆောင်၍ အပွင့်ကိုလှုပ်ခွေ၍ ပန်စေပါအံ့”ဤသို့လျှောက်သော် မြတ်စွာဘုရားသည်“စုန္ဒ….သင်၏တန်ခိုးကို ငါသိ၏”ဟု မိန့်တော်မူ၍ “သင်၏အရာမဟုတ်”ဟု ပယ်တော်မူ၏။

၅။ ထိုအခါ ဥပ္ပလဝဏ်ထေရီမသည် မြတ်စွာဘုရားသို့ကပ်၍ “အရှင်ဘုရား….အကျွန်ုပ်ပြာဋိဟာပြုပါအံ့”ဟုလျှောက်သော် “အဘယ်သို့ ပြုလတ္တံ့နည်း”ဟု မေးတော်မူသဖြင့် “အရှင်ဘုရား….အကျွန်ုပ်သည် တဆယ့်နှစ်ယူဇနာရှိသော ဤပရိသတ်ကို မြင်စေ၍ သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိသော ပရိသတ်ဖြင့်ခြံရံသော စကြဝတေးမင်းဖြစ်၍ အရှင်ဘုရားတို့ကို ရှိခိုးအံ့”ဟု လျှောက်၏၊မြတ်စွာဘုရားသည်“သင်၏ အာနုဘော်ကိုငါသိ၏”ဟု မိန့်တော်မူ၍ ဥပ္ပလဝဏ်၏ ပြာဋိဟာပြုခြင်းကို ပယ်တော်မူ၏။

၆။ ထိုအခါ ရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားသို့ကပ်၍ “အရှင်ဘုရား….အကျွန်ုပ် ပြာဋိဟာပြုပါအံ့”ဟု လျှောက်၏၊ “အဘယ်သို့ ပြုလတ္တံ့နည်း”ဟု မေးတော်မူသော် “အရှင်ဘုရား…. အကျွန်ုပ်သည် မြင်းမိုရ်တောင်ကိုသွားကြား၌ထား၍ မုန်ညင်းစေ့ကို ကဲ့သို့ပြုပါအံ့”ဟု လျှောက်၏၊ “ဤမှတပါး အဘယ်သို့ ပြုလတ္တံ့နည်း”ဟု မေးသော်

"အရှင်ဘုရား....ဤမြေကိုသင်ဖြူးကဲ့သို့လိပ်၍လက်ချောင်းကြား၌ထားပါအံ့"ဟုလျှောက်၏၊"ဤမှတပါးအဘယ်သို့ပြအံ့နည်း"ဟု မေးတော်မူသော်"ဤမြေကြီးကိုအိုးထိန်းသည်၏စက်ပျဉ်ကဲ့သို့လည်စေ၍ပြောင်းပြန်လှန်၍မြေဆီအရသာကို လူများအားစားပါစေအံ့"ဟုလျှောက်၏၊ "ဤမှတပါး အဘယ်သို့ပြလတ္တံ့နည်း"ဟု မေးတော်မူပြန်သော် "ဤမြေကြီးကို လက်ဝဲလက်ဝါး၌တင်၍ သတ္တဝါအပေါင်းတို့ကို လက်ျာလက်ဝါး၌ထားအံ့"ဟု လျှောက်၏၊ "ဤမှတပါး အဘယ်သို့ပြလတ္တံ့နည်း"ဟုမေးတော်မူပြန်သော်"မြင်းမိုရ်တောင်ကိုထီးရိုးပြု၍မြေကြီးကိုမြင်းမိုရ်တောင်အထက်၌ထား၍ ထီးကိုင်၍သွားသော ရဟန်းကဲ့သို့လက်တဘက်ဖြင့်ကိုင်၍ ကောင်းကင်၌လူများအပေါင်းကိုမြင်စေလျက်စင်္ကြံသွားပါအံ့"ဟု လျှောက်၏။

မြတ်စွာဘုရားသည် "မောဂ္ဂလာန်....သင်၏တန်ခိုးကိုငါသိ၏" ဟုမိန့်တော်မူ၍ ထိုအရှင်မောဂ္ဂလာန်အားလည်း "ဤပန်းထုပ်ကိုသင်၏အလို့ငှာမဟုတ်"ဟု ပြာဋိဟာပြခြင်းကိုပယ်တော်မူ၏၊ အရှင်မောဂ္ဂလာန်သည် ငါ့အားမြတ်စွာဘုရားခွင့်မပြု၊ ငါ့ထက်အလွန် ပြာဋိဟာပြခြင်း၌စွမ်းနိုင်သသူ ရှိသေးယောင်တကား"ဟု နောက်သို့ဆုတ်၍ လျှောက်ပတ်သောအရပ်၌ နေတော်မူလေ၏၊ထိုရောအခါ၌ အရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရားသည်"မောဂ္ဂလာန်....သင်၏အလို့ငှာ ဤပန်းထုပ်ကိုငါမဟုတ်၊ ငါသည်**အတုမရှိသောဝန်**ကို ရွက်ဆောင်သည်ဖြစ်၏၊ငါ၏ဝန်ကိုရွက်ဆောင်နိုင်သော ငါမှတပါးသောသူမည်သည်မရှိ၊ ယခုအခါ၌ငါ၏ဝန်ကို ရွက်ဆောင်နိုင်သောသူမည်သည် မရှိခြင်းကိုလည်း မအံ့အပ်သေး၊ အဟိတ်ပဋိသန္ဓေနေသော အခါ၌လည်း ငါ၏ဝန်ကိုရွက်ဆောင်နိုင်သော တပါးသောသူမည်သည် မရှိသည်သာလျှင်တည်း"ဟုမိန့်တော်မူသောကြောင့် အရှင်မောဂ္ဂလာန် တောင်းပန်တော်မူသဖြင့် **ကဏှဉသဘဇာတ်**ကို ဟောတော်မူ၏၊ ထိုဇာတ်ကို ဟောတော်မူပြီးနောက် **နန္ဒိဝိသာလနွားမင်းဇာတ်**ကိုလည်း ဟောတော်မူပြန်၏။

### ဘုရားရှင်ယမိုက်ပြာဋိဟာပြတော်မူခြင်း

ဤဇာတ်နှစ်ပါးကို ဟောတော်မူပြီး၍ မြတ်စွာဘုရားသည် ရတနာစင်္ကြံသို့ တက်တော်မူ၍ ရှေ့မှတဆယ့်နှစ်ယူဇနာ, နောက်မှတဆယ့်နှစ်

ယူဇနာ,, လက်ဝဲတဆယ့်နှစ်ယူဇနာ, လက်ျာတဆယ့်နှစ်ယူဇနာ, အဖြောင့်အားဖြင့် နှစ်ဆယ့်လေးယူဇနာ ရှိသော ပရိသတ်၏အလယ်၌ စကြံသွားနေတော်မူလျက် ယမိုက်ပြာဋိဟာကိုပြတော်မူ၏၊အဘယ်ကဲ့သို့ ပြတော်မူသနည်းဟူမူကား—

အဘိညာဉ်၏အခြေဖြစ်သော တေဇောကသိုဏ်းလျှင် အာရုံရှိသော ရူပါဝစရကြိယာ စတုတ္ထဈာန်ကိုဝင်စားတော်မူ၍ အထက်ကိုယ်တော်တပိုင်းမှ မီးကိုဖြစ်စေ၏၊ အာပေါကသိုဏ်းလျှင် အာရုံရှိသောဈာန်ကိုဝင်စား၍ အောက်ကိုယ်တော်တပိုင်းမှ ရေကိုဖြစ်စေ၏၊ အောက်ကိုယ်တော်မှ မီးကိုဖြစ်စေ၍ အထက်ကိုယ်တော်မှ ရေကိုဖြစ်စေ၏၊ ရှေ့ကိုယ်တော်တခြမ်းမှ မီးကိုဖြစ်စေ၍ နောက်ကိုယ်တော်တခြမ်းမှ ရေကိုဖြစ်စေ၏၊နောက်ကိုယ်တော်တခြမ်းမှ မီးကိုဖြစ်စေ၍ ရှေ့ကိုယ်တော်တခြမ်းမှ ရေကိုဖြစ်စေ၏၊ လက်ျာကိုယ်တော်တခြမ်းမှ မီးကိုဖြစ်စေ၍ လက်ဝဲကိုယ်တော်တခြမ်းမှ ရေကိုဖြစ်စေ၏၊ လက်ဝဲကိုယ်တော်တခြမ်းမှ မီးကိုဖြစ်စေ၍ လက်ျာကိုယ်တော်တခြမ်းမှ ရေကိုဖြစ်စေ၏။

လက်ျာနားတွင်းတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲနားတွင်းတော်မှ ရေကိုဖြစ်စေ၏၊လက်ဝဲနားတွင်းတော်မှမီးကိုဖြစ်စေ၍ လက်ျာနားတွင်းတော်မှ ရေကိုဖြစ်စေ၏၊လက်ျာမျက်လုံးတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲမျက်လုံးတော်မှ ရေကိုဖြစ်စေ၏၊ လက်ဝဲမျက်လုံးတော်မှ မီးကိုဖြစ်စေ၍ လက်ျာမျက်လုံးတော်မှ ရေကိုဖြစ်စေ၏၊လက်ျာနှာခေါင်းတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲနှာခေါင်းတော်မှ ရေကိုဖြစ်စေ၏၊ လက်ဝဲနှာခေါင်းတော်မှ မီးကိုဖြစ်စေ၍ လက်ျာနှာခေါင်းတော်မှ ရေကိုဖြစ်စေ၏၊ လက်ျာပခုံးထွတ်တော်မှ မီးကိုဖြစ်စေ၍ လက်ဝဲပခုံးထွတ်တော်မှ ရေကိုဖြစ်စေ၏၊ လက်ဝဲပခုံးထွတ်တော်မှ မီးကိုဖြစ်စေ၍ လက်ျာပခုံးထွတ်တော်မှ ရေကိုဖြစ်စေ၏၊ လက်ျာလက်မောင်းတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲလက်မောင်းတော်မှ ရေကိုဖြစ်စေ၏၊ လက်ဝဲလက်မောင်းတော်မှ မီးကိုဖြစ်စေ၍ လက်ျာလက်မောင်းတော်မှ ရေကိုဖြစ်စေ၏။

လက်ျာနံဘေးတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲနံဘေးတော်မှ ရေကိုဖြစ်စေ၏၊ လက်ဝဲနံဘေးတော်မှ မီးကိုဖြစ်စေ၍ လက်ျာနံဘေးတော်မှ

ရေကိုဖြစ်စေ၏၊ လက်ျာခြေတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲခြေတော်မှ ရေကိုဖြစ်စေ၏၊ လက်ဝဲခြေတော်မှ မီးကိုဖြစ်စေ၍ လက်ျာခြေတော်မှ ရေကိုဖြစ်စေ၏၊ လက်ချောင်းတော်တို့မှ မီးကိုဖြစ်စေ၍ လက်ချောင်းတော်ကြားမှ ရေကိုဖြစ်စေ၏၊ လက်ချောင်းတော်ကြားတို့မှ မီးကိုဖြစ်စေ၍ လက်ချောင်းတော်တို့မှ ရေကိုဖြစ်စေ၏၊မွေးညှင်းတော်တချောင်း, တချောင်းမှ မီးကိုထွက်စေ၍ မွေးတွင်းတော်တခု,တခုတို့မှ ရေကိုဖြစ်စေ၏၊ မွေးတွင်းတော် တခု, တခုမှ မီးကိုထွက်စေ၍ မွေးညှင်းတော်တချောင်း,တချောင်းမှ ရေကိုထွက်စေ၏။

ဆံအမွေးတော်တို့မှင်း, မျက်စိတော်တို့၏ ညိုသောအရပ်တို့မှင်း ညိုသောရောင်ခြည်တော်ကို ထွက်စေ၏၊အရေတော်မှင်း,မျက်စိတော်တို့၏ ရွှေသောအရပ်တို့မှင်း ရွှေသောရောင်ခြည်တော်တို့ကို ထွက်စေ၏၊ အသွေးတော်တို့မှင်း, မျက်စိတော်တို့၏ နီသောအရပ်တို့မှင်း နီသောရောင်ခြည်တော်တို့ကို ထွက်စေ၏၊ အရိုးတို့မှင်း,သွားတို့မှင်း, မျက်စိတို့၏ဖြူသောအရပ်တော်တို့မှင်း ဖြူသောရောင်ခြည်တော်တို့ကို ထွက်စေ၏၊ ထိုထိုသို့သော ကိုယ်တော်အရပ်တို့မှ မောင်းသော ရောင်ခြည်တော်, ပြိုးပြိုးပြက်သောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

ဤသို့ အစည်းအဝေး၌ မြတ်စွာဘုရား၏စိတ်တော်ကိုယူ၍ ပြဿနာ မေးခြင်းငှာ စွမ်းနိုင်သော တပါးသောသူမမြင်၍ နိမ္မိတဘုရားဖန်ဆင်းတော်မူ၏၊ နိမ္မိတဘုရား မေးတော်မူသောပြဿနာကို မြတ်စွာဘုရား ဖြေတော်မူ၏၊ မြတ်စွာဘုရား မေးတော်မူသောပြဿနာကို နိမ္မိတဘုရား ဖြေတော်မူ၏၊မြတ်စွာဘုရား စင်္ကြံသွားတော်မူသောအခါ နိမ္မိတဘုရား ရပ်လည်းရပ်၏၊ ထိုင်လည်းထိုင်၏၊ လျောင်းလည်းလျောင်း၏၊ နိမ္မိတဘုရား စင်္ကြံသွားတော်မူလျှင် မြတ်စွာဘုရားရပ်၏၊ ထိုင်၏၊ လျောင်း၏၊ ဤသို့ဆိုအပ်ပြီးသော ယမိုက်ပြာဋိဟာကို မြတ်စွာဘုရားသည် ထိုရတနာစင်္ကြံ၌ စင်္ကြံသွား၍ ပြတော်မူ၏၊ စင်္ကြံသွားလျက် တရားရုံခါ,ရုံခါ ဟောတော်မူ၏၊ နိမ္မိတဘုရားလည်း စင်္ကြံသွားလျက် ရုံခါ တရားဟောတော်မူ၏။

ဤသို့ မီး,ရေအစုံအစုံသော ယမိုက်ပြာဋိဟာပြရာ၌ တေဇောကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ဈာန်၏အစွမ်းအားဖြင့် မီးထွက်

၏၊အာပေါကသိုဏ်းလျှင် အာရုံရှိသောဈာန်သမာပတ်၏ အစွမ်းအား ဖြင့် ရေထွက်၏၊မီးထွက်တော်မူရာမှ ရေထွက်၏၊ ရေထွက်ရာမှမီးထွက် ၏၊မီး,ရေတို့သည်တပြိုင်နက်ထွက်ကုန်သကဲ့သို့အစုံ,အစုံလျှင်ဖြစ်ကုန်၏၊ မီးအစုံနှင့် ရေအယဉ်တို့ မရောနှောကုန်၊ မီးကို ထွက်စေသည်လည်း တဇ္ဇနိ, ရေကိုထွက်စေသည်လည်းတဇ္ဇနိ၊ မြတ်စွာဘုရား၏ စိတ်တော် အလွန်လျင်လှသောကြောင့် အစုံအစုံ မီး,ရေထွက်သကဲ့သို့ဖြစ်၏၊ရောင် ခြည်တော် ခြောက်သွယ်တို့၌ နီလကသိုဏ်းဈာန်၏ အစွမ်းအားဖြင့် ညို သောရောင်ခြည်တော်ထွက်၏၊ပီတကသိုဏ်းဈာန်၏အစွမ်းအားဖြင့် ရွှေ သောရောင်ခြည်တော်ထွက်၏၊ဤသို့စသည်ဖြင့် **ရောင်ခြည်တော်** ခြောက် သွယ်တို့သည် ရှေ့, နောက်အစဉ်သဖြင့် ထွက်ကုန်၏၊ ဘဝင်စိတ်တော် အလွန်လျင်သောကြောင့် ရောင်ခြည်တော်ခြောက်သွယ် အစုံထွက်သကဲ့ သို့ဖြစ်၏။

ဤမီး, ရေတို့သည် ဗြဟ္မာ့ပြည်တိုင်အောင်တက်၍ စကြဝဠာတံတိုင်း နား၌ကျကုန်၏၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ဖျဉ်းအိုး တို့မှ သွန်အပ်သော ကြည်လှစွာသော ရွှေရည်ကဲ့သို့,ယန္တရားကျည်မှ ထွက်သော ရွှေရည်ကဲ့သို့ တခုသော စကြဝဠာတိုက်မှထွက်၍ ဗြဟ္မာ့ ပြည်တိုင်အောင်ထိ၍ တဖန်ပြန်၍ စကြဝဠာတံတိုင်းနားကို ယူလေကုန် ၏၊ တခုသော စကြဝဠာတိုက်သည် ရွှေမိုး, ရွှေခြင်စီအပ်သော ဇော မိအိမ်သို့ဖြစ်၏၊ တပြိုင်နက်သောအလင်းသည်ဖြစ်၏၊ ထိုနေ့၌ မြတ်စွာ ဘုရားသည် စင်္ကြံသွားလျက် ယမိုက်ပြာဋိဟာပြတော်မူ၏၊ အကြား, အကြား၌ တရားဟောတော်မူ၏၊ ဟောတော်မူသော်လည်း လူ အပေါင်းတို့ အားထုတ်ခြင်းကင်းသည်ကိုမပြုမူ၍ ဩဝါဒကိုပေး၏။

ထိုအခါလူများအပေါင်းသည် ကောင်းချီးသံကိုဖြစ်စေကုန်၏၊ထိုဖြစ် စေသော မြတ်စွာဘုရားသည် များစွာသော လူအပေါင်းတို့၏ စိတ်ကို ကြည့်တော်မူလျက် တယောက်,တယောက်သော သူအား တဆယ့် ခြောက်ပါးသော အခြင်းအရာ၏ အစွမ်းဖြင့် စိတ်ကိုသိတော်မူ၏၊ အကြင်, အကြင်သို့သောသူသည် အကြင်တရား၌ကြည်ညို၏၊ အကြင် ပြာဋိဟာ၌ကြည်ညို၏၊ ထိုထိုသို့သောသူတို့၏ အလိုဖြင့် တရားကိုဟော တော်မူ၏၊ ထိုထိုသို့သောသူတို့၏ အလိုနှင့်လျော်စွာ ပြာဋိဟာကို ပြ

တော်မူ၏၊ ဤသို့တရားဟောတော်မူလျက် ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ၌ **အကုဋေနှစ်ဆယ်** ကုန်သော ဝေနေယျတို့အား သစ္စာလေးပါးတရားကို သိခြင်းသည်ဖြစ်၏။

### တာဝတိံသာသို့ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာပြတော်မူပြီးသော် ရှေးဘုရားတို့သည် ဤယမိုက်ပြာဋိဟာကိုပြ၍ အဘယ်အရပ်၌ ဝါဆိုတော်မူသနည်း-ဟု ဆင်ခြင်တော်မူသော် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူ၍ မယ်တော်မိနတ်သားအား အဘိဓမ္မာပိဋကတ်ကို ဟောတော်မူ၏-ဟု မြင်တော်မူ၏၊ လကျ်ာခြေတော်ကိုချီ၍ ယုဂန္ဓိုရ်တောင်၏ ထိပ်၌ထားတော်မူ၍ ထို့နောင် လက်ဝဲခြေတော်ကို ချီတော်မူ၍ မြင်းမိုရ်တောင်၏ထိပ်၌ထားတော်မူ၏၊ ဤသို့ ယူဇနာ ခြောက်သန်း,ရှစ်သိန်းအပြင်၌ ထားတော်မူသောအခါ သုံးဘဝါးအကြိမ်တို့သည် ဖြစ်ကုန်၏၊ နှစ်လှမ်းတို့သည် ဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် ခြေတော်ကိုဆန့်၍ နင်းသည်-ဟု မမှတ်အပ်၊ မြတ်စွာဘုရား၏ ခြေတော်ကို ချီသောအခါ၌ ထိုတောင်တို့သည် ခြေတော်ရင်း၌ လာ၍ခံကုန်၏၊ နင်းတော်မူပြီးသော် ထ၍ မိမိတို့၏တည်ရာ၌ တည်လေကုန်၏။

သိကြားမင်းသည် မြတ်စွာဘုရားကိုမြင်၍ **ပဏ္ဍုကမ္ဗလာ** ကျောက်ဖျာ၌ မြတ်စွာဘုရားသည် ဝါဆိုတော်မူလိုသည်ထင်၏၊ ဤဝါတွင်း သုံးလပတ်လုံး **များ**စွာသောနတ်တို့အား ကျေးဇူးများသည်ဖြစ်လတ္တံ့၊ ဤကျောက်ဖျာ၌ မြတ်စွာဘုရား နေတော်မူသော်ကား နတ်တို့သည် လက်ကိုမျှ ဤကျောက်ဖျာ၌ တင်အံ့သောငှာ မဝံ့ကုန်လတ္တံ့၊ ဤကျောက်ဖျာသည် အလျားမှ ယူဇနာခြောက်ဆယ်ရှိ၏၊ အနံမှ ယူဇနာငါးဆယ်,အထုတဆယ့်ငါးယူဇနာဖြင့် ကျယ်ဝန်းလေ၏၊ မြတ်စွာဘုရားနေတော်မူပြီးသော်ကား အချည်းနှီးကဲ့သို့ဖြစ်လတ္တံ့-ဟု သိကြားကြံ၏၊ မြတ်စွာဘုရားသည် ထိုသိကြား၏ အလိုကိုသိ၍ **ဒုကုဋ်တော်** ကို ကျောက်ဖျာအလုံးကို ဖုံးလွှမ်းမိစေလျက် ပစ်တော်မူလိုက်၏၊ သိကြားမင်းကြံပြန်၏၊ ရှေးဦးစွာ သင်္ကန်းကိုမူကား ကျောက်ဖျာကို ဖုံးအုပ်မိစေလျက် ပစ်တော်မူ၏၊ ကိုယ်တော်သည်ကား အနည်းငယ်မျှသောအရပ်၌သာ နေထိုင်တော်မူလတ္တံ့-ဟုကြံပြန်၏။

ထိုသိကြားမင်း၏ အလိုကို သိတော်မူ၍ နိမ့်သော အင်းပျဉ်ငယ်၌ ပံသုကူဆောင်သော မထေရ်ကြီးကဲ့သို့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကို သက်န်း၏အတွင်း၌ပြု၍ ထိုင်နေတော်မူ၏၊ ယမိုက်ပြာဋိဟာ ပြတော်မူရာ၌ လူများအပေါင်းသည် မြတ်စွာဘုရား နတ်ပြည်သို့ကြွတော်မူသောခဏ၌ ကြည့်သော်မမြင်၍ လ,နေတို့၏ဝင်သောအခါကဲ့သို့ဖြစ်၍—

ဂတော န စိတ္တကူဋံ ဝါ၊ ကေလာသံ ယုဂန္ဓရံ။
န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။ ။

ဤဂါထာကိုရွတ်ဆို၍ မြည်တမ်းကြကုန်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။စိတ္တကူဋံဝါ၊ စိတ္တကုဋ်တောင်သို့ရင်း။ ကေလာသံဝါ၊ ဇကေလာသတောင်သို့ရင်း၊ ယုဂန္ဓရံဝါ၊ ယုဂန္ဓိုရ်တောင်သို့ရင်း။ ဂတောနု၊ ကြွတော်မူလေသလော။ လောကဇေဋ္ဌံ၊ လူသုံးပါးတို့ထက် ကြီးတော်မူထသော။ နရာသဘံ၊ လူ, နတ်တို့ထက် အာသဘမြွက်တော်မူထသော။သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နော၊ငါတို့သည်။ နဒက္ခေမု၊ မမြင်ပါကုန်ပြီတကား။

ဤသို့မြည်တမ်းကြကုန်၏၊တပါးသော သူတို့သည်ကား-ဤသို့ဆိုကုန်၏၊ "မြတ်စွာဘုရားတို့မည်သည် ဆိတ်ငြိမ်ရာ၌မွေ့လျော်တော်မူ၏၊ဤမျှလောက်သော ပရိသတ်၏အလယ်၌ ဤသို့သဘောရှိသော ပြာဋိဟာကို ငါသည်ပြခဲ့ပြီ-ဟု ထိုမြတ်စွာဘုရားသည် ရှက်သဖြင့် တိုင်းတပါးသို့သော်ရင်း,ဇနပုဒ်တပါးသို့သော်ရင်း သွားလေတော့သည် ဖြစ်လတ္တံ့၊ ယခုအခါ ငါတို့မမြင်ရကုန်ပြီ"ဟု ဤဂါထာကိုရွတ်၍ မြည်တမ်းငိုကြွေးကြကုန်၏။

ပဝိဝေကရတော ဓီရော၊ နယိမံ လောကံ ပုနေဟိ။
န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။ ။

ပဝိဝေကရတော၊ ဆိတ်ငြိမ်ရာ၌မွေ့လျော်သော။ ဓီရော၊ မြတ်စွာဘုရားသည်။ ဣမံလောကံ၊ ဤလူ့ပြည်သို့။ ပုန၊ တဘန်။ နဧဟိ၊ မပြန်လာလတ္တံ့။ လောကဇေဋ္ဌံ၊ သော။ နရာသဘံ၊ သော။ သမ္ဗုဒ္ဓံ၊ ကို။ နော၊ ငါတို့သည်။ နဒက္ခေမု၊ မမြင်ရပါကုန်။

ဤသို့ဆို၍ ငိုမြည်တမ်းကုန်၏၊ ထိုလူများတို့သည် ''အရှင်ဘုရား···· မြတ်စွာဘုရားသည် အဘယ်မှာရှိတော်မူသနည်း''ဟုအရှင်မောဂ္ဂလာန်ကိုမေးကုန်၏၊ အရှင်မောဂ္ဂလာန်သည်လည်း ''သူတပါးတို့၏ဂုဏ်သည် ထင်ရှားစေသတည်း''ဟု ကြံ၍ ''အရှင်အနုရုဒ္ဓါကို မေးကြကုန်''ဟု ဆို၏၊ ထိုသူတို့သည် ''အရှင်ဘုရား···· မြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိလေသနည်း''ဟုအရှင်အနုရုဒ္ဓါကိုမေးလေကုန်သော် ''တာဝတိံသာ၌ ဝါဆို၍ မယ်တော်မိ နတ်သားအား အဘိဓမ္မာတရားကိုဟောအံ့ဟုကြွလေ၏''ဆိုသော်''အဘယ်အခါ၌ လာပါအံ့နည်း''ဟု မေးပြန်သဖြင့် ''သုံးလပတ်လုံးအဘိဓမ္မာပိဋကတ်ကို ဟော၍ သီတင်းကျွတ်လပြည့်နေ့၌ လာလတ္တံ့''ဟု မိန့်တော်မူသော် ငါတို့သည် မြတ်စွာဘုရားကိုမမြင်ရဘဲ မသွားကုန်ပြီဟု ထိုပြာဋိဟာပြရာ အစည်းအဝေးအရပ်၌ သစ်တပ်ဖွဲ့ကုန်၏၊ မိုဃ်းသုံးလပတ်လုံး ကောင်းကင်သည်သာ ထိုသူတို့အား အမိုးဖြစ်၏၊များစွာသော ပရိသတ်၏ကိုယ်၌ ကျင်ကြီး,ကျင်ငယ် မည်သည်မထင်၊ မြေကြီးသည် ဟင်းလင်းအပေါက်ကိုပေး၏၊ သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိသောအရပ်သည် သန့်ရှင်းစင်ကြယ်သော မြေအပြင်ရှိ၏။

ပြာဋိဟာမပြမီ ရှေးဦးက မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်ကို ''သင်သည် ဤပရိသတ်အား တရားဟောလော့၊ စူဠအနာထပိဏ်သည် အာဟာရပေးလတ္တံ့''ဟု မိန့်၏၊ ထို့ကြောင့် ဝါတွင်း သုံးလပတ်လုံး စူဠအနာထပိဏ်သည် ထိုမျှလောက်သော ပရိသတ်အား ည,နံနက် ယာဂု, ထမင်း, ခဲဘွယ်, လက်ဘက်,ပန်း,နံ့သာတို့ကို ပေး၏၊ အရှင်မောဂ္ဂလာန်သည် တရားဟော၏၊ ထိုသူတို့မေးသော ပြဿနာကိုဖြေ၏။

## ၁၇၄။ တာဝတိံသာ၌ တရားဟောတော်မူခြင်း

မြတ်စွာဘုရားသည် လူ့ပြည်၌,ဝါဆိုလပြည့်ကျော်အထွက် တရက်နေ့အခါကို မှတ်၍ တာဝတိံသာနတ်ပြည်၌ မဟာသုဒဿန အမည်ရှိသော နတ်မြို့၏အရှေ့မြောက်ယွန်း၌ မဟာဝန်ဥယျာဉ်၌ရောက်သော ပင်လယ်ကသစ်ပင်ရင်း၌ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ ခုနစ်ဝါမြောက်ဝါကို ဆိုတော်မူ၏၊ ထိုကျောက်ဖျာ၏ နူးညံ့ခြင်းကား သိကြားထ၍

နေလျှင် ပုဆစ်ဒူးမျှနစ်၏၊ ထိုင်၍နေလျှင် ချက်မျှနစ်၏၊ လျောင်း၍နေလျှင် ကိုယ်တခြမ်းနစ်၏၊ သိကြားစသော ကာမာဝစရနတ်တို့၏ ကိုယ်ကား သုံးဂါဝုတ်အလုံးအရပ်ရှိ၏၊ ဤကား ဘန်ဆင်း၍ နေသော ကိုယ်တည်း။

**အကုံရ, ဇာနုကနတ်သားတို့ကိုတရားဟောခြင်း**

တာဝတိံသာ၌ မယ်တော်မိနတ်သားအား တရားဟောခြင်းငှါ ဝါဆိုသော မြတ်စွာဘုရားကို တသောင်းသော စကြဝဠာတိုက်၌ နေကုန်သော အလုံးစုံသောနတ်တို့သည် လာကုန်၍ ခြံရံကုန်၏၊ ထိုနတ်တို့တွင် တစုံတယောက်သောနတ်သည်မျှ အဆင်းအရောင်ဖြင့် မြတ်စွာဘုရားထက်သာ၍ မတင့်တယ်ကုန်၊ ခပ်သိမ်းသော နတ်တို့ကိုလွှမ်း၍ မြတ်စွာ ဘုရားအားသာ တင့်တယ်တော်မူ၏၊ ဤသို့ ခပ်သိမ်းသော နတ်တို့ကို ကိုယ်တော်၏ အရောင်ဖြင့် အလွှမ်းဖြစ်၍ နေတော်မူပြီးသော မြတ်စွာဘုရား၏ မယ်တော်ဖြစ်ဘူးသော နတ်သားသည် တုသိတာနတ်ပြည်မှလာ၍ လက်ျာနံပါး၌နေ၏၊ ဇာနုကနတ်သားသည်လည်း လက်ျာပုဆစ်ဒူးတော်အနီး၌နေ၏၊ အကုံရနတ်သားသည် လက်ဝဲပုဆစ်ဒူးတော်အနီး၌နေ၏၊ တန်ခိုးကြီးသော နတ်တို့သည် နောက်လာပြန်ကုန်သော် အကုံရနတ်သားသည် နောက်သို့ဆုတ်၍ မြတ်စွာဘုရားမှ တဆယ့်နှစ်ယူဇနာကွာသောအရပ်၌နေရလေ၏၊ ဇာနုကနတ်သားသည်ကား ရှေးနေမြဲတိုင်း၌ပင်နေနိုင်၏။

မြတ်စွာဘုရားသည် ထိုနတ်သားနှစ်ယောက်ကိုကြည့်၍ မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သောအလှူခံဟု ဆိုအပ်သောတပည့်ရဟန်းတို့အား လှူအပ်သော အလှူ၏ အကျိုးကြီးသော အဖြစ်ကို ခပ်သိမ်းသောသူတို့အား သိစေလို၍ **အကုံရနတ်သား**ကို ခေါ်၍မိန့်တော်မူ၏၊ "အကုံရ....သင်သည် ရှည်စွာသော အခွင့်အကြား၌ အနှစ်တသောင်း အတိုင်းအရှည်ရှိသော ကာလပတ်လုံး တဆယ့်နှစ်ယူဇနာ အတိုင်းအရှည်ရှိသော ခံလောက်အစဉ်ကိုပြု၍ ထမင်းရည်ချောင်းစီးမျှ ကြီးစွာသော အလှူကိုလှူ၏၊ ထိုသင်သည် ယခုငါ၏အနီး၌ နေပြီးမှ တဆယ့်နှစ်ယူဇနာတိုင်အောင် ဆုတ်ပြန်၍ နေရခြင်းသည် အကြောင်းအဘယ်သို့နည်း"ဟုမေးတော်မူ၏၊ ထိုမေးသောအသံတော်သည် ႞မြ

အပြင်တိုင်အောင်ရောက်၏၊ မြေအပြင်၌ စည်းဝေးသော အလုံးစုံသော ပရိသတ်သည်လည်း ထိုအသံကိုကြားရ၏။

ဤသို့မြတ်စွာဘုရားမေးအပ်သော အင်္ကုရနတ်သားသည် "ကိံ မယှံ တေနဒါနေန" အစရှိသောဂါထာကိုရွတ်၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....မြတ်သောအလှူခံပုဂ္ဂိုလ်မှဆိတ်သော ကြီးစွာသော အကျွန်ုပ်၏ အလှူကြောင့် အကျွန်ုပ်အား တန်ခိုးအဘယ်သို့ကြီးနိုင်ချေအံ့၊ ထိုဣန္ဒကနတ်သားသည် အနည်းငယ်သော အကြင်အလှူကိုပြု၏၊ ထိုအလှူကြောင့် လမင်းသည် ကြယ်အပေါင်းတို့ကိုလွှမ်း၍ တင့်တယ်သကဲ့သို့ အကျွန်ုပ်တို့ကို လွှမ်း၍ ဣန္ဒကတင့်တယ်လေ၏" ဟု လျှောက်၏၊ ထို့နောင်မြတ်စွာဘုရားသည် "ဣန္ဒက....သင်သည်အဘယ့်ကြောင့် လက်ျာပုဆစ်ဒူးတော်ပါးမှ မခွါမူ၍ နေမြဲတိုင်းနေနိုင်သနည်း" ဟု ဣန္ဒကနတ်သားကို မေးတော်မူသော် "အရှင်ဘုရား....လယ်ထွန်ယောက်ျားသည် အနည်းငယ်မျှဖြစ်သော မျိုးစေ့ကို ကောင်းသောလယ်မြေ၌ စိုက်ကြဲရသကဲ့သို့ မြတ်သောအလှူခံကိုအကျွန်ုပ်ရပေသည်" ဟု **အလှူခံဒက္ခိဏေယျ**ကို ထင်စွာဖြစ်စေလို၍—

ဥဋ္ဌင်္ဂလေ ယထာခေတ္တေ၊ ဗီဇံ ဗဟုမ္ပိ ရောပိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ကဿကံ။ ။

တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ဒါယကံ။ ။

ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပံပိ ရောပိတံ။
ပမာဒါ ယေ ပဝဿန္တေ၊ ဖလံ တောသေတိ ကဿကံ။ ။

တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။
အပ္ပကံပိ ကတံ ဒါနံ၊ ပုညံ ဟောတိ မဟပ္ဖလန္တိ။ ။

ဟူသောလေးဂါထာတို့ဖြင့် ဣန္ဒကလျှောက်၏။

ဤဂါထာတို့၌ အဓိပ္ပါယ်ကား "ဘုန်းတော် ကြီးမြတ်တော်မူသော အရှင်ဘုရား....ကျတ်တီးကုန်းခင်၌များစွာသော မျိုးစေ့ကို စိုက်သော်လည်း ပြန့်ပြောစွာအသီးမဖြစ်၊ ထိုမျိုးစေ့သည်လယ်လုပ်ယောက်ျားကို

လည်း မနှစ်သက်စေနိုင်သကဲ့သို့ ထို့အတူ သီလသီတင်း မရှိသော အလှူခံတို့၌ များစွာပေးလှူသောအလှူသည် အကျိုးပြန့်ပြောသည်မဖြစ်၊ ဒါယကာကိုလည်းမနှစ်သက်စေနိုင်၊ကောင်းသောလယ်မြေ၌ မျိုးစေ့ကို အနည်းငယ်မျှစိုက်ပျိုးသော်လည်း မိုးယံရွာသောအခါ ပြန့်ပြောစွာ သီးသည်ဖြစ်၍ လယ်လုပ် ယောကျ်ားကို နှစ်သက်စေ သကဲ့သို့ ထို့အတူ သီလဂုဏ်နှင့် ပြည့်စုံသော အလှူခံတို့၌ အနည်းငယ်ပြုအပ်သော ကောင်းမှုသည် အကျိုးကြီးမြတ်သည်ဖြစ်၏''ဟု ဆိုလိုသည်။

ထိုဣန္ဒကနတ်သား၏ ရှေးကောင်းမှုကား-လူဖြစ်သောအခါဆွမ်းခံ ရွာတွင်းသို့ ဝင်သော အရှင်အနုရုဒ္ဓါအား မိမိစားဘို့ရာ ထမင်းမှ တယောက်မမျှသော ဆွမ်းကိုလှူ၏၊ ထိုကောင်းမှုသည် အင်္ကုရမင်း အနှစ်ရှစ်သောင်းကာလပတ်လုံး တဆယ့်နှစ်ယူဇနာရှိအောင် ခုံလောက် စဉ်ပြု၍ ထမင်းရည်ချောင်းစီးအောင် လှူသောအလှူထက် အကျိုးကြီး သည်ဖြစ်၏၊ ဤသို့ဣန္ဒကလျှောက်သော် ''အင်္ကုရ····အလှူမည်သည်ကို ရွေးချယ်၍ လှူအပ်၏၊ ဤသို့ရွေးချယ်၍ လှူသောအလှူသည် ကောင်း သောလယ်မြေ၌စိုက်သောမျိုးစေ့ကဲ့သို့ အကျိုးကြီးသည်ဖြစ်၏၊သင်သည် ရွေးချယ်၍ အလှူမပေး၊ ထို့ကြောင့်သင်၏အလှူသည် အကျိုးကြီးသည် မဖြစ်''ဟု မိန့်တော်မူ၍-

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ။
ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေတိ။ ။

ဟူသောတရားကိုဟောတော်မူပြီး၍ ရွေးချယ်အပ်သော ပုဂ္ဂိုလ်ကို ဤသို့ဟောတော်မူ၏။

တိဏဒေါသာနိ ခေတ္တာနိ၊ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။ ။

အစရှိသော တရားတို့ကိုဟောတော်မူ၏၊ ထိုတရားတော် အဆုံး၌ အကုံရ, ဇုန္ဒကနတ်သားတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

## အဘိဓမ္မာတရားဟောတော်မူခြင်း

ထိုဝါတွင်းအခါ၌ နတ်ပရိသတ်၏ အလယ်၌ နေတော် မူလျက် မယ်တော် ဖြစ်ဘူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ အစရှိသည်ဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူ၏၊ ဤသို့ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ ပိဋကတ်ကို ဟောတော်မူသော မြတ်စွာဘုရားသည် ဆွမ်းခံချိန် ရောက်သောအခါ၌ "ငါလာသည့် တိုင်အောင် ဤမျှ လောက်သော တရားကိုဟောစေသတည်း"ဟု နိမ္မိတဘုရားကို ဘန် ဆင်း၍ ကံ့ဝေါ်နွယ်ဒန်ပူကိုစား၍ အနဝတတ်အိုင်နား၌ မျက်နှာ တော်သစ်၍ ဥတ္တရကုရုကျွန်းမှဆွမ်းကိုဆောင်၍ အနဝတတ်အိုင်နား၌ ဆွမ်းစားခြင်းကိစ္စကိုပြု၏၊ အရှင်သာရိပုတ္တရာသည် ထိုဆွမ်းစားရာ၌ ဝတ်ကြီး,ဝတ်ငယ်ကိုပြုလာ၏၊ မြတ်စွာဘုရားသည် ဆွမ်းစားပြီးသော် "သာရိပုတ္တရာ....ယနေ့ဤမျှလောက်သောတရားကို ငါဟောအပ်ပြီ၊ သင်သည်သင်၏တပည့်ရဟန်းသစ်ငါးရာတို့အား သင်စေ"ဟုမိန့်မှာ၏၊ ယမိုက်ပြာဋိဟာကိုကြည်ညို၍ ငါးရာသောအမျိုးသားတို့သည် အရှင် သာရိပုတ္တရာအထံ၌ ထိုဝါဦးတွင်ရဟန်းပြုကုန်၏၊ ထိုရဟန်းတို့ကိုရည် ၍ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကိုမှာတော်မူ၏။

မှာတော်မူပြီး၍ နတ်ပြည်သို့ မသွားတည့်သေးမူ၍ နိမ္မိတဘုရား ဟောသောအရာမှစ၍ အလုံးစုံသောတရားကို ဟောတော်မူ၏၊ ရှင် သာရိပုတ္တရာသည်ပြန်ခဲ့၍ ထိုရဟန်းငါးရာတို့အားဟော၏၊ ထိုရဟန်း ငါးရာတို့သည် မြတ်စွာဘုရားနတ်ပြည်၌ နေတော်မူစဉ် အဘိဓမ္မာခုနစ် ကျမ်းကို တတ်သည်ဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ကဿပဘုရားဖြစ် သောအခါလင်းနို့မျိုး၌ ဖြစ်ကုန်၍တခုသောလိုဏ်၌ တွဲလွဲဆွဲကုန်လျက် နှစ်ယောက်သောမထေရ်တို့သည် စင်္ကြံသွားကုန်၍ အဘိဓမ္မာကို သရ ဇ္ဈာယ်သောအသံ၌နိမိတ်ကိုယူကုန်၏၊ ထိုလင်းနို့တို့သည်ဤသည်ကား ခန္ဓာ,ဤသည်ကား အာယတန, ဤသည်ကား ဓာတ်ဟူ၍မသိကုန်မူ၍

အသံ၌နိမိတ်ယူကာမျှဖြင့် လင်းနို့အဖြစ်မှစုတေ့သော် နတ်ပြည်၌ ဖြစ်လေကုန်၏၊ ဘုရားနှစ်ဆူအကြားကာလပတ်လုံး လူ့ချမ်းသာ, နတ်ချမ်းသာကိုခံစား၍ ငါတို့ဂေါတမမြတ်စွာဘုရားသည် လူတွင်ထင်ရှားဘုရားဖြစ်တော်မူသောအခါ ထိုနတ်ပြည်မှစုတေ့ခဲ့၍သာဝတ္ထိပြည်၌ ဖြစ်ကုန်၍ ယမိုက်ပြာဋိဟာပြတော်မူသောအခါထိုပြာဋိဟာကို ကြည်ညို၍ အရှင်သာရိပုတ္တရာအထံ၌ ရဟန်းပြု၍ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ အဘိဓမ္မာကိုတတ်ကုန်၏။

မြတ်စွာဘုရားသည် အနဝတတ်အိုင်နား၌ ဆွမ်းဘုဉ်းပေးပြီးသော် အရှင်သာရိပုတ္တရာအား အဘိဓမ္မာကိုဟောပြီး၍ စန္ဒကူးနံ့သာတော၌ နေတော်မူပြီးမှ ဇေတဝန်ကျောင်းတော်၌ သာဝတ္ထိပြည်သူတို့၏ တရားနာသောအခါ ညနေချမ်းမှ နတ်ပြည်သို့ကြွတော်မူ၏၊ မြတ်စွာဘုရားလာသည်ကိုငှင်း, နိမ္မိတဘုရားဘန်ဆင်း၍ ကြွသွားသည်ကိုငှင်း နတ်, ပြဟ္မာ ပရိသတ်အပေါင်းတို့သည် မသိကုန်၊ သစ္စာလေးပါးတရားကို သိခြင်းသည်ဖြစ်ကုန်၏၊ မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သားသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ပြာဋိဟာပြတော်မူရာ၌ သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိသော ထိုပရိသတ်သည်လည်း သီတင်းကျွတ်လဆန်းကိုးရက်နေ့၌ အရှင်မောဂ္ဂလာန်သို့ကပ်၍ "အရှင်ဘုရား.... မြတ်စွာဘုရားသည် နတ်ပြည်မှသက်အံ့သောနေ့ကို သိအောင်ပြုပါ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကိုမမြင်ရဘဲ မသွားကုန်"ဟု လျှောက်ကုန်၏။

အရှင်မောဂ္ဂလာန်သည် ထိုစကားကိုကြား၍ ထိုတကာတို့လျှောက်ရာအရပ်၌ပင် မြေ၌ငုပ်လျှိုး၍ မြင့်မိုရ်တောင်ခြေရင်းသို့သွား၍ မြင့်မိုရ်တောင်ကိုတက်သည်နှင့်အတူ မြင်စေသတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ပတ္တမြားရတနာ၌ သီသောဖြေ့တေ့သော ဝါသောအဆင်းရှိသောကမ္ဗလာချည်ကြိုးကဲ့သို့ထင်လျက် မြင့်မိုရ်တောင်၏ အလယ်ဖြင့်တက်၏၊ လူတို့သည်အရှင်မောဂ္ဂလာန်ကိုတယူဇနာတက်ပြီ၊ နှစ်ယူဇနာတက်ပြီ၊ ဤသို့စသည်ဖြင့် မျှော်လျက်ကြည့်ကုန်၏၊ မထေရ်သည် မြတ်စွာဘုရားခြေတော်ကို ဦးခေါင်းဖြင့်ရွက်သကဲ့သို့ မြင့်မိုရ်ထိပ်၌ပေါ်၍ မြတ်စွာဘုရားကိုရှိခိုး၍ "ဘုန်းတော်ကြီးသောအရှင်ဘုရား.. ပရိသတ်

တို့သည် အရှင်ဘုရားကိုဖူးမြင်ပြီး၍သွားပါကုန်လို၏၊ အဘယ်အခါ၌ နတ်ပြည်မှသက်တော်မူပါလတ္တံ့နည်း''ဟု လျှောက်၏။

''မောဂ္ဂလာန်....သင်၏ အစ်ကိုကြီးဖြစ်သော သာရိပုတ္တရာသည် အဘယ်အရပ်၌ရှိသနည်း''ဟု မြတ်စွာဘုရားမေးတော်မူ၍ ''အရှင် ဘုရား....နောင်တော်သာရိပုတ္တရာ သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်တော်မူ၏''ဟုလျှောက်သော် ''မောဂ္ဂလာန်....ယနေ့မှ ခုနစ်ရက်မြောက် ဖြစ်သော မဟာပဝါရဏာနေ့၌ သင်္ကဿနဂိုရ်ပြည်၏အရှေ့တံခါးအနီး၌ ငါသက်တော်မူလတ္တံ့၊ ငါ့ကိုဖူးမြင်လိုသောသူတို့သည် သင်္ကဿနဂိုရ် ပြည်သို့လာစေကုန်၊ သာဝတ္ထိပြည်မှ သင်္ကဿပြည်သည် ယူဇနာသုံး ဆယ်ကွာ၏၊ ဤမျှသောခရီး၌ တစုံတယောက်သောသူအား ဆန်ရေ ရိက္ခာထုပ်ယူခြင်းမည်သည်မရှိစေလင့်၊ ဥပုသ်သီလ ဆောက်တည်ကုန် သည်ဖြစ်၍ အဦးဖြစ်သောကျောင်း၌ တရားနာအံ့သောငှါ သွားကုန် သကဲ့သို့ သင်တို့သွားကုန်ရာ၏ဟု ပရိသတ်တို့အား သင်ကြားလေ''ဟု မှာတော်မူလိုက်၏၊အရှင်မောဂ္ဂလာန်လည်း''ကောင်းပြီအရှင်ဘုရား'' ဟု ဝန်ခံ၍ သာဝတ္ထိသို့ပြန်၍ ထိုပရိသတ်တို့အား ထိုအကြောင်းကို ကြားတော်မူ၏။

---

## ၁၇၅။ နတ်ပြည်မှ ရတနာစောင်းတန်းဖြင့် ဆင်းသက်တော်မူခြင်း

မြတ်စွာဘုရားသည် ဝါကျွတ်သော် သီတင်းကျွတ် လပြည့်နေ့ တာဝတိံသာ၌ ပဝါရဏာပြု၍ လူ့ပြည်သို့ သက်အံ့သော အကြောင်း ကို သိကြားမင်းအား ကြားတော်မူ၏၊ သိကြားမင်းသည် လက်ျာရွှေ စောင်းတန်း, လက်ဝဲငွေစောင်းတန်း, အလယ်၌ ပတ္တမြားစောင်း တန်းအားဖြင့် စောင်းတန်းသုံးသွယ်တို့၏ခြေသည် သင်္ကဿပြည် အရှေ့ တံခါးဝ၌ချ၏၊ စောင်းတန်းဦးသည် မြင့်မိုရ်တောင်ထိပ်၌ဖြစ်၏၊ ထို စောင်းတန်းတို့တွင်လက်ျာရွှေစောင်းတန်းသည်ကား နတ်တို့အားသက် စိမ့်သောငှါ, လက်ဝဲငွေစောင်းတန်းကား ဗြဟ္မာတို့ သက်စိမ့်သောငှါ ဖြစ်၏၊ အလယ်ပတ္တမြားစောင်းတန်းကား မြတ်စွာဘုရား သက်တော်မူ ရာဖြစ်၏၊ မြတ်စွာဘုရား မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ နတ်ပြည်မှ

သက်သော မြာနီဟာ ကိုပြုလို၍ အထက်ကိုကြည့်တော်မူ၏၊ ဗြဟ္မာ့ပြည်တိုင်အောင် ဟင်းလင်းတပြင်တည်းဖြစ်၏၊အောက်သို့ကြည့်တော်မူသော် အဝီစိတိုင်အောင် ဟင်းလင်းတပြင်တည်းဖြစ်၏၊ တူရူဖြစ်သော အရပ်, ထောင့်အရပ်တို့ကို ကြည့်တော်မူသော် အသိန်းမက များစွာသော စကြဝဠာတို့သည် ဟင်းလင်းတပြင်တည်းဖြစ်ကုန်၏။

လူတို့သည်နတ်တို့ကိုမြင်ရကုန်၏၊ထိုနေ့၌မြတ်စွာဘုရား၏တင့်တယ်ခြင်းကိုကြည့်၍ သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်၌ တယောက်သောသူသည်မျှ ဘုရားဆုကို မတောင်းသောသူ မည်သည်မရှိ၊ တောင်းသောသူချည်းသာတည်း၊ နတ်တို့သည် ရွှေစောင်းတန်းဖြင့် သက်ကုန်၏၊ ဗြဟ္မာတို့သည် ငွေစောင်းတန်းဖြင့် သက်ကုန်၏၊ မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်း ဖြင့်သက်တော်မူ၏၊ ပဥ္စသိခနတ်သားသည် ဗေလုဝစောင်းကိုယူ၍ မြတ်စွာဘုရား၏ လက်ျာနံပါး၌ရပ်၍ စောင်းဖြင့်ပူဇော်ခြင်းကိုပြုလျက် သက်၏၊ မာတလိနတ်သားသည် လက်ဝဲနံပါး၌သက်၏၊ မဟာဗြဟ္မာသည် မြတ်စွာဘုရားကို ထီးမိုး၍ နောက်မှလိုက်၏၊ သုယာမနတ်သားသည် သားမြီးယပ်ကိုင်၍ ယပ်ခတ်၍လိုက်၏၊ မြတ်စွာဘုရားသည် ဤသို့သောအခြံအရံဖြင့် သက်တော်မူ၍ သင်္ကဿပြည်၏ အရှေ့တံခါးဝ စောင်းတန်းရင်း၌ ရပ်တော်မူ၏။

အရှင်သာရိပုတ္တရာသည်လာ၍ မြတ်စွာဘုရားကို ရှိခိုး၍ အကြင့်ကြောင့် ဤအခါမှရှေး၌ ထိုသို့ ဆိုအပ်ပြီးသော သဘောရှိသော မြတ်စွာဘုရား၏ တင့်တယ်ခြင်းဖြင့် နတ်ပြည်မှ သက်တော်မူသော မြတ်စွာဘုရားကိုမမြင်စဘူး၊ ထို့ကြောင့်"နမေဒိဋ္ဌပုဗ္ဗောဣတော"အစရှိသည်ဖြင့် မိမိနှစ်သက်ခြင်းကို ပြ၍"ဘုန်းတော် ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား....ယနေ့သည် ခပ်သိမ်းသောလူ, နတ်တို့သည် အလွန်ချစ်မြတ်နိုးကုန်၏" ဟူ၍ လျှောက်၏၊ ထိုအခါ အရှင်သာရိပုတ္တရာကို မြတ်စွာဘုရားသည် "ချစ်သား သာရိပုတ္တရာ....ဤသို့သဘောရှိသော ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော ဘုရားတို့မည်သည် 'ကား ချစ်မြတ်နိုးအပ်သည်သာလျှင် ဖြစ်ကုန်၏"ဟု-မိန့်တော်မူ၏။

ယေ ဈာနပသုတာ ဓီရာ၊ နိက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။ ။

ဟူသော တရားဒေသနာတော်ကိုဟောတော်မူ၏၊ ဒေသနာတော်၏ အဆုံး၌ အကုဋေသုံးဆယ်မျှကုန်သော ဝေနေယျတို့သည် အကျွတ်တရားရကုန်၏၊ အရှင်သာရိပုတ္တရာ၏တပည့် ငါးရာသောရဟန်းတို့သည် ရဟန္တာဖြစ်လေကုန်၏။

ခပ်သိမ်းသော ဘုရားတို့သည် ယမိုက်ပြာဋိဟာပြပြီးလျှင် နတ်ပြည်၌ ဝါဆိုတော်မူ၍ သက်ဆင်းသည်၏ အရှေ့တံခါး၌ နတ်ပြည်မှသက်ခြင်း, ထိုသက်ရာအရပ်၌ **လက်ျာခြေဘဝါးတော်အရာ** ကို တည်စေခြင်းသည် ဘုရားတကာတို့၏ မရွေ့သောအရာတည်း၊ မြတ်စွာဘုရားသည် ထိုအရပ်၌ ရပ်တော်မူလျက် ပုထုဇဉ်, သောတာပန်, သကဒါဂါမိ, အနာဂါမိ,ရဟန္တာပုဂ္ဂိုလ်တို့အား ထိုထိုသို့သောပုဂ္ဂိုလ်တို့နှင့်လျော်ပတ်စွာပြဿနာကို မေးတော်မူ၏၊ ပုထုဇဉ်တို့သည် မိမိတို့၏အရာ၌ ပြဿနာကိုဖြေနိုင်ကုန်၏၊ သောတာပန်တို့၏အရာ၌ပြဿနာကိုမဖြေနိုင်ကုန်၊သောတာပန်တို့သည်လည်း မိမိတို့၏အရာ၌ပြဿနာကို ဖြေနိုင်ကုန်၏၊သကဒါဂါမိတို့၏အရာ၌ ပြဿနာကို သောတာပန်တို့သည်မဖြေနိုင်ကုန်၊အနာဂါမိတို့၏အရာ၌ သကဒါဂါမိတို့မဖြေနိုင်၊ ရဟန္တာတို့၏ အရာ၌ အနာဂါမိတို့မဖြေနိုင်၊ရှင်မောဂ္ဂလာန်၏အရာ၌ ပြဿနာကို မဟာသာဝကတို့သည်မဖြေနိုင်၊ အရှင်သာရိပုတ္တရာ၏အရာ၌ အရှင်မောဂ္ဂလာန်မဖြေနိုင်၊ မြတ်စွာဘုရား၏အရာ၌ ပြဿနာကို အရှင်သာရိပုတ္တရာမဖြေနိုင်သည်ဖြစ်၍ အရှင်သာရိပုတ္တရာသည် အရှေ့အရပ်ကိုအစပြု၍ ခပ်သိမ်းသော အရပ်ကို ကြည့်၏၊ ခပ်သိမ်းသောအရပ်၌ ဟင်းလင်းတပြိုင်တည်းမြင်၏။

ထိုအခါ အထက်၌ဗြဟ္မာ့ပြည်တိုင်အောင်,အောက်မြေ၌တည်သော နဂါး-ဂဠုန်တို့ပြည်တိုင်အောင် အလုံးစုံသောနတ်,လူတို့သည် လက်အုပ်ချီကုန်၍ "အရှင်သာရိပုတ္တရာ....ဤအကျွန်ုပ်တို့အရပ်၌ မြတ်စွာဘုရားမေးတော်မူသော ထိုပြဿနာကို ဖြေတတ်သောသူမည်သည်မရှိပါ၊ထိုအရှင်ဘုရားနေတော်မူရာအရပ်၌သာလျှင် စုံစမ်းတော်မူပါကုန်" ဟု ဆိုကုန်၏။

ယေ သန်တမဂ္ဂါ တရေထါယေစ သေက္ခါ ပုထုဇ္ဇနာ၊
တေသံ ပညာယ ပဗ္ဗာဝ၊ ဒုတိယာ ပဇ္ဇောရ မေ ဖြူဟိတိ။ ။

ဟူသော မြတ်စွာဘုရားအရာ၌ ပြဿနာကို အရှင်သာရိပုတ္တရာ ကြား၍ "မြတ်စွာဘုရားသည် သေက္ခတို့၏ အကြင်အာဂမနပဋိပဒါကို ငါ့အားမေး၏-ဟူ၍ ပြဿနာ၌ယုံမှားခြင်းကင်း၏၊ ခန္ဓာအစရှိသည်တို့ တွင်ကား အဘယ်ခန္ဓာဖြင့် ဤပဋိပဒါကိုဖြေသည်ရှိသော် ငါသည် မြတ် စွာဘုရားအလိုတော်ကိုယူအံ့သောငှာ တတ်နိုင်ပါအံ့နည်း-ဟု ငါ၏ အလို၌ ယုံမှား၏၊"ထိုသာရိပုတ္တရာသည် ပင်ပန်း၏၊ငါသည်နည်းမပေး သော် သာရိပုတ္တရာသည် ဖြေအံ့သောငှာ မတတ်နိုင်လတ္တံ့၊ ထိုသာရိ ပုတ္တရာအား ငါသည်နည်းပေးအံ့"ဟု မြတ်စွာဘုရားကြံတော်မူ၍ နည်း ပေးတော်မူလိုသော မြတ်စွာဘုရားသည်—

ဘူတ မိဒ သာရိပုတ္တ သမနုပဿီတိ။

ဟူ၍ ဟောတော်မူ၏၊ မြတ်စွာဘုရားအား ဤသို့စိတ်တော်ရှိသည် ဖြစ်၏၊ သာရိပုတ္တရာသည် ငါ၏အလိုကိုယူ၍ ဖြေသည်ရှိသော် ခန္ဓာ၏ အစွမ်းဖြင့်ပြေလတ္တံ့၊မြတ်စွာဘုရားသည် နည်းပေးတော်မူသဖြင့် အရှင် သာရိပုတ္တရာအားထိုပြဿနာသည် အရာသောနည်းဖြင့်၎င်း,အထောင် သောနည်းဖြင့်၎င်း ထင်၏၊ ထိုရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားပေး တော်မူသောနည်း၌တည်၍ ပြဿနာကိုဖြေ၏၊ မြတ်စွာဘုရားကိုထား၍ ဘုရားမှတပါးသောသူသည် ရှင်သာရိပုတ္တရာ၏ပညာကိုမှီခြင်းငှာ စွမ်း နိုင်သောသူမည်သည်မရှိ၊ထို့ကြောင့်သာလျှင် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ရှေ့တော်၌ရပ်၍ "အရှင်ဘုရား.... တကမ္ဘာပတ်လုံး မိုဃ်းရွာသည်ရှိသော် ဤမျှသောမိုဃ်းပေါက်သည် သမုဒ္ဒရာ၌ကျ၏၊ ဤမျှသောမိုဃ်းပေါက်သည် မြေ၌ကျ၏၊ ဤမျှသည် တောင်၌ကျ၏-ဟု ရေတွက်၍ အမှတ်ကိုယူခြင်းငှာ စွမ်းနိုင်ပါ၏"ဟူ၍မကြောက်မရွံ့သော စကားကိုဆို၏၊မြတ်စွာဘုရားသည် "သာရိပုတ္တရာ....သင်ရေတွက်ခြင်း ငှာစွမ်းနိုင်သောအဖြစ်ကိုငါသိ၏"ဟု မိန့်တော်မူ၏၊ ထို့ကြောင့် အရှင် သာရိပုတ္တရာ၏ ပညာတော်အားလည်း နှိုင်းယှဉ်စရာ ဥပမာမရှိသည် သာတည်း၊ထို့ကြောင့်—

ဂင်္ဂါယ ဝါဠုကာ ခီယေ၊ ဥဒကံ ခီယနမေဝ။ •
မဟိယံ မတ္တိကာ ခီယေ၊ န ခီယေ မမ ဗုဒ္ဓိယာ။ ။
ဟူ၍ အရှင်သာရိပုတ္တရာဆိုတော်မူ၏။

အဓိပ္ပါယ်ကား–"ဘုန်းတော်ကြီးသော အရှင်ဘုရား····တခုသော ပြဿနာကို ဖြေသည်ရှိသော် သဲတဆုပ်ကိုပစ်၍မှတ်အံ့၊ ဂင်္ဂါမှ ရေတပေါက်ကိုပစ်၍မှတ်အံ့၊ မြေမှ မြေမှုန့်တလုံးကိုပစ်၍ မှတ်အံ့၊ ထိုသို့မှတ်သဖြင့် ပြဿနာအရာ, အထောင်စသည်တို့ကိုဖြေသော် ဂင်္ဂါစသည်တို့၌ သဲအစရှိသည်တို့သည်လျှင် ကုန်ခြင်းသို့ရောက်ရာ၏၊ အကျွန်ုပ်၏ပညာသည်ကား ကုန်ခြင်းသို့မရောက်ရာ"ဟူလိုသည်။

ဤသို့စင်ကြီးသောပညာရှိသောမထေရ်သည် မြတ်စွာဘုရား၏အရာ၌ မြတ်စွာဘုရား၏ ပြဿနာ၏အစကိုငင်း,အဆုံးကိုငင်း မမြင်နိုင်သောကြောင့် မြတ်စွာဘုရားမေးတော်မူအပ်သောနည်း၌ တည်၍ ဖြေတော်မူ၏၊ ထိုသို့ရှင်သာရိပုတ္တရာဖြေသည်ကိုကြား၍ ရဟန်းတို့သည် "မြတ်စွာဘုရားမေးသောပြဿနာကိုအလုံးစုံသောရဟန်းအပေါင်းသည်မဖြေနိုင်၊ အရှင်သာရိပုတ္တရာတပါးသာ ဖြေနိုင်သည်"ဟု စကားကိုဖြစ်စေကုန်၏၊ထိုစကားကို မြတ်စွာဘုရားကြားတော်မူ၍"ချစ်သားတို့···သာရိပုတ္တရာသည် ယခုအခါ၌သာ ခပ်သိမ်းသောသူတို့၏ မဖြေနိုင်သောငါ၏ပြဿနာကိုဖြေသည်မဟုတ်၊ ရှေး၌လည်း ဖြေဘူးသည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်သဖြင့်–

ပရောသဟဿံပိ သမာဂတာနံ၊
ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
ဧကောဝ သေယျော ပုရိသော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံတိ။ ။

ဟူသော ဂါထာကို အကျယ်ချဲ့၍ ပရောသဟဿဇာတ်ကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ များစွာသော ဝေနေယျတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏၊ ထိုအခါ၌ ရှေးဘုရားတို့သည် နတ်ပြည်၌ ဝါဆိုတော်မူ၍ သက်သောအခါ ခြေတော်ရာချမြဲ ဖြစ်သော သင်္ကဿနဂိုရ်ပြည် အရှေ့တံခါးဝ၌ လူ, နတ်

တို့ ကိုးကွယ်စိမ့်သော၄ာ လက်ျာခြေဘဝါးတော်ရာကို ချတော်မူ၍ မွေ့လျော်တော်မူတိုင်း ထိုအရပ်၌နေတော်မူ၍ သာဝတ္ထိပြည်သို့ ကြွတော်မူလေ၏။

[ဤမျှသောစကားအစဉ်သည်ကား-ရာဇဂြိုဟ်ပြည်၌ပြာဋိဟာပြတော်မူအံ့သော အကြောင်းဝတ္ထုဖြစ်သည်မှစ၍ သာဝတ္ထိပြည်၌ ပြာဋိဟာပြတော်မူပြီးသော် နတ်ပြည်၌ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင်သင်္ကဿနဂိုရ်ပြည်အရှေ့တံခါး၌ နတ်ပြည်မှ သက်တော်မူသည်တိုင်အောင် ဆိုသောစကားအစဉ်တည်း။]

## ၁၇၆။ စိဉ္စမာဏာမိန်းမယုတ်အကြောင်းကိုပြခြင်း

မြတ်စွာဘုရားသည် ခုနစ်ဝါမြောက် နတ်ပြည်၌ ဝါဆိုတော်မူပြီး၍ သင်္ကဿနဂိုရ်ပြည်၌ နတ်ပြည်မှ သက်တော်မူ၍ ခြေတော်ရာချပြီး၍ ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဇမ္ဗုဒီပါကျွန်းကို လွှမ်းမိုး၍စီးသော မြစ်ကြီးငါးစင်းကဲ့သို့ မြတ်စွာဘုရားအား လာဘ်သပ္ပကာပူဇော်သက္ကာရသည် အတိုင်းမသိ ပြန့်ပြောသည်ဖြစ်၏၊ တိတ္ထိတို့သည်ကား နေထွက်သောအခါ ပိုးမြေမြှုံးကဲ့သို့ ဖြစ်ကုန်၍ ယုတ်သော လာဘ်ပူဇော်သက္ကာရရှိကုန်သည်ဖြစ်၍ နှလုံးမသာဆင်းရဲကြီးစွာဖြစ်ကုန်လျက် ခရီးမ၌ရပ်ကုန်၍ "ရဟန်းဂေါတမသည်သာလျှင် ဘုရားဖြစ်သလော၊ ငါတို့သည်လည်း ဘုရားဖြစ်ကုန်၏၊ ရဟန်းဂေါတမအား လှူခြင်းသည်သာလျှင် အကျိုးကြီးသလော၊ ငါတို့အား လှူသော်လည်း အကျိုးကြီးကုန်၏၊ ငါတို့အားလည်း လှူကုန်လော့၊ ပူဇော်သက္ကာရ ပြုကုန်လော့"ဟု လူတို့ကို ဆိုပြောဟောကုန်သော်လည်း လာဘ်ပူဇော်သက္ကာရကို မရကုန်မူ၍ ဆင်းရဲကြီးစွာနှလုံးမသာ ချသော မျက်နှာ,လည်ကုပ်ရှိကုန်သည်ဖြစ်၍ အောက်သို့ မျက်နှာပြုကုန်လျက် အဘယ်သို့သော အကြောင်းဖြင့် ရဟန်းဂေါတမ၏ကျေးဇူးမဲ့ကို လူတို့အား ပြောကြား၍ လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးကုန်ရအံ့နည်း-ဟု ကြံကုန်၏။

ထိုရောအခါ သာဝတ္ထိပြည်၌ စိဉ္စမာဏာအမည်ရှိသော တယောက်သော ပရိဗိုဇ်မသည် မြတ်သောအဆင်းကိုဆောင်၏၊ တင့်တယ်ခြင်းသို့

ရောက်၍၊ နတ်သမီးကဲ့သို့ ကိုယ်မှအရောင်တို့သည် ပြိုးပြိုးပြက်ထွက်ကုန်၏၊ ထိုသို့သောအခါ တယောက်သော တိတ္ထိသည် ဤသို့ဆို၏၊ "စိဥ္စမာဏာဝိကာကိုစွဲ၍ ရဟန်းဂေါတမအား ကျေးဇူးမဲ့ကို ဖြစ်စေ၍ လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးကုန်အံ့"ဟု ဆို၏၊ ထိုအလုံးစုံသော တိတ္ထိတို့သည်"ဤအကြောင်းကားသင့်၏"ဟု ဝန်ခံကုန်၏၊ထိုရောအခါ စိဥ္စမာဏာဝိကာသည် တိတ္ထိတို့၏ ကျောင်းသို့သွား၍ ရှိခိုး၍ ရပ်လေသော် တိတ္ထိတို့သည် ထိုစိဥ္စမာဏာဝိကာနှင့်တကွ စကားမပြောမဆိုနေကုန်၏၊ထိုစိဥ္စမာဏာသည်"အရှင်တို့....အကျွန်ုပ်အား အဘယ်အပြစ်ရှိသနည်း၊အကျွန်ုပ်သည် သုံးကြိမ်ရှိခိုးပါ၏၊အရှင်ကောင်းတို့—အကျွန်ုပ်အား အဘယ်အပြစ်ရှိသနည်း၊ အဘယ့်ကြောင့် အကျွန်ုပ်ကိုစကားမပြောသနည်း"ဟုဆို၏၊

"နှမ စိဥ္စမာဏာ....ရဟန်းဂေါတမသည် ငါတို့ကို ညှဉ်းဆဲလျက် လာဘ်ပူဇော်သက္ကာရမရှိသည်ကိုပြု၍ သွားလာသည်ကို သင်မသိပါသလော"ဟု ဆိုကုန်သော် "အရှင်ကောင်းတို့.... အကျွန်ုပ်မသိပါ၊ အဘယ်သို့လျှင် ဤအမှု၌ အကျွန်ုပ်သည် ပြုရမည်နည်း"ဟု မေး၏၊ "နှမစိဥ္စမာဏာ....ငါတို့၏ချမ်းသာခြင်းကို အကယ်၍ သင်သည်အလိုရှိပါအံ့၊ နှမကိုစွဲ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေ၍ လာဘ်ပူဇော်သက္ကာရကို နှမဖျက်ဆီးပါလော့"ဟု ဆိုကုန်၏၊ ထိုစိဥ္စမာဏာသည်"အရှင်ကောင်းတို့....ကောင်းပါပြီ၊ဤအမှုသည် အကျွန်ုပ်အားဝန်မလေး၊ မစိုးရိမ်ကုန်လင့်"ဟု ဆို၍သွားလေ၍ မိန်းမမာယာလေးဆယ်တို့၌လိမ္မာလှသည်၏အဖြစ်ကြောင့်ထိုနေ့မှစ၍သာဝတ္ထိပြည်သူတို့၏တရားနာ၍ ဇေတဝန်ကျောင်းတော်မှထွက်သောအခါ၌ကြမ်းပိုးအဆင်းနှင့်တူသော ခြုံထည်နီကိုခြုံ၍ ပန်းနံ့သာစသည်ကို လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ ရှေးရှုလာ၏။

"စိဥ္စမာဏာ....ဤအခါ၌ အဘယ်သို့သွားအံ့နည်း"ဟု မေးကုန်သော် "သင်တို့အား ငါ၏သွားရာအရပ်ဖြင့် အဘယ်ပြုအံ့နည်း" ဆို၍ ဇေတဝန်ကျောင်းတော်အနီး၌ တိတ္ထိတို့၏ ကျောင်းသို့ဝင်၍ ထိုတိတ္ထိတို့နှင့် ပျော်ပါးအိပ်နေ၍ နံနက်စောစောကလျှင် မြတ်စွာဘုရားကို ရှိခိုး

အံ့-ဟု မြို့မှထွက်ကုန်သော သရဏဂုံဆောက်တည်သော ဒါယကာ, ဒါယိကာမ အပေါင်းတို့ကို ဇေတဝန်ကျောင်းတော်မှ ပြန်သကဲ့သို့ ထင်စေ၍ မြို့တွင်းသို့ဝင်လာ၏၊ "အဘယ်အရပ်၌ အိပ်နေခဲ့သနည်း" မေးသောသူတို့ကို "သင်တို့အား ငါ၏အိပ်ရာနေရာဖြင့် အဘယ်ပြုအံ့နည်း"ဟု ဆို၏၊ ဤကဲ့သို့ နေ့တိုင်းပြု၍ တလခွဲလွန်သဖြင့် မေးသော သူတို့ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းဂေါတမနှင့် အတူတကွ တခုသော ဂန္ဓကုဋိ၌ အိပ်နေသည်ဖြစ်၏" ဟုပြောဆို၏။

"ပုထုဇဉ်တို့အား ဤစကားသည် မှန်သလော၊ မမှန်သလော"ဟု ယုံမှားခြင်းကိုဖြစ်စေ၍ သုံးလေးလလွန်သဖြင့် ပုဆိုးကြမ်းညစ်တို့ဖြင့် ဝမ်းကိုရစ်ပတ်၍ ကိုယ်ဝန်ဆောင်သော အဆင်းကိုယူ၍ အပေါ်၌ နီသောပုဆိုးကိုရုံ၍ရဟန်းဂေါတမကိုစွဲ၍ရသည့်ကိုယ်ဝန်-ဟုမိုက်သော သူတို့ကိုယုံမှတ်စေ၍ ရှစ်လ, ကိုးလလွန်သဖြင့် ဝမ်း၌ လိပ်ခွံသဏ္ဍာန် ခုံးခုံးသစ်ပျဉ်ကိုဘွဲ့၍ အပေါ်၌ပုဆိုးရုံ၍ လက်, ခြေ, ကျောက်ဆစ်တို့ကို နွားမေးရိုးဖြင့် ပုတ်ခတ်စေ၍ ကိုယ်လက်ဖောရောင် သဏ္ဍာန်ပြု၍ ညှိုးနွမ်းသော ဣန္ဒြေရှိသည်ဖြစ်၍ ညချမ်းသောအခါ မြတ်စွာဘုရားသည် တန်ဆာဆင်အပ်သော တရားဟောပလ္လင်၌ထိုင်၍ တရားဟောတော်မူသော မြတ်စွာဘုရား၏ တရားသဘင်သို့သွား၍ မြတ်စွာဘုရား၏ ရှေ့တူရူမှရပ်၍ "ရဟန်းကြီး....လူများအပေါင်းအား တရားဟောတော်မူပေ၏၊ သင်၏အသံလည်း သာယာပေ၏၊ သွားတော်ပိတ်ခြင်းလည်း ကောင်းစွာစေ့စပ်ပေ၏၊ ငါတမူကား သင့်ကိုစွဲ၍ ပဋိသန္ဓေကိုရ၍ ရင့်သောကိုယ်ဝန်ရှိသည်ဖြစ်ပြီ၊ ငါ့အား သားဖွားအိမ်ကိုလည်း သင်ဆောက်၍မပေး၊ ထောပတ်, ဆီအစရှိသည်ကိုလည်း မပေး၊မိမိသည် မပြုလိုသော်လည်း အလုပ်အကျွေးဖြစ်ကုန်သော ဒါယကာတို့တွင် ကောသလမင်းကြီးကို သော်၎င်း, အနာထပိဏ်သူဌေးကို သော်၎င်း တယောက် ယောက်ကို ဤမိန်းမငယ်အား ပြုအပ်သည်နှင့်ယှဉ်သော အလုံးစုံကို ပြုပါဟူ၍မဆို၊ မွေ့လျော်ပျော်ပါးမည်ကိုသာ တတ်ခဲ့၏၊ ကိုယ်ဝန်၏ အစောင့်အရှောက်ကို မသိပါ"ဟု မစင်စုကိုကိုင်၍ လဝန်းကို ဖျက်စီးအံ့သောငှာ လုံ့လပြုသကဲ့သို့ ပရိသတ်တို့၏ အလယ်၌ မြတ်စွာဘုရား ကို စွပ်စွဲဆဲရေး၏။

မြတ်စွာဘုရားသည် ဟောတော်မူသောတရားကိုထား၍ ကောသ ရာဇာခြင်္သေ့မင်းသည် မြူးတူးစပ်ယှဉ် ဟောက်ဘိမူသကဲ့သို့ "နှမ စိဉ္စမာဏ····သင်ဆိုတိုင်းသော စကားအမှုကို ပြုအပ်သောအဖြစ်, မပြုအပ်သော အဖြစ်ကို ငါသာလျှင်သိ၏"ဟု မိန့်တော်မူသော် "ဩော်-ရဟန်းကြီး····သင်ပြုအပ်သည်၏ အဖြစ်ကြောင့်သာလျှင် ဤ ကိုယ်ဝန်ပဋိသန္ဓေသည် ဖြစ်ပါတော့သည်" ဟု စိဉ္စမာဏဆိုသောခဏ ၌ သိကြားမင်း၏နေရာသည် ပူသောအခြင်းအရာပြု၏၊ သိကြားမင်း ဆင်ခြင်သော် စိဉ္စမာဏသည်မြတ်စွာဘုရားကိုမဟုတ်မမှန်သောစကား ဖြင့် စွပ်စွဲ ဆဲရေးသည်ကိုသိ၍ ဤအကြောင်းကို သုတ်သင်အံ့-ဟု **နတ်သားလေးယောက်** တို့နှင့်တကွလာ၍ နတ်သားလေးယောက်တို့သည် ကြွက်ငယ်လေးခုပြုကုန်၍ သစ်ပျဉ်ဝမ်းကိုဖွဲ့သော ကြိုးငယ်လေးခုကို တပြိုင်နက်ထည်းဖြင့် ကိုက်ဖြတ်ကုန်၏၊ လေနတ်သားသည် ခြုံရုံသော တဘက်ကို ချီကြွပင့်၍လွှင့်လိုက်၏၊ သစ်ပျဉ်ပြားဝန်းအောက်သို့ကျ သော် စိဉ္စမာဏ၏ ခြေဘဝါးနှစ်ဘက်တို့သည် ပြတ်ကုန်၏။

တရားနာ ပရိသတ်တို့သည်လည်း "သူယုတ်မ····မြတ်စွာဘုရားကို နင်မဟုတ်မမှန်စကားဖြင့် စွပ်စွဲဆဲရေးသည်တကား"ဟု ဦးခေါင်းထက် ၌ တံတွေး ထွေးကုန်၍ အုတ်ခဲ, လှံတံတို့ဖြင့် ပစ်ခတ်ရိုက်ကုန်လျက် ဇေတဝန် ကျောင်းတော်မှ နှင်ထုတ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရား၏ မျက်စိဖြင့်မြင်ကောင်းသောခရီးကိုစိဉ္စမာဏ၏လွန်သောအခါ၌မြေကြီး သည် နှစ်ဖြာကွဲ၍ဟင်းလင်းအကြားကိုပေးလင့်၏၊ အဝီစိမှမီးလျှံသည် တက်လတ်၍ ထိုစိဉ္စမာဏသည် အမိ, အဘတို့သည် ပေးအပ်သော ကမ္ဗလာနီကိုရုံသကဲ့သို့အဝီစိငရဲမီးလျှံဖြင့် ရစ်ပတ်ခြုံရုံလျက် အဝီစိ၌ဖြစ် လေ၏၊ထိုတိတ္ထိတို့အား လာဘ်သပ္ပကာယုတ်သည်ထက်သာ ယုတ်လေ ၏၊မြတ်စွာဘုရားအား အတိုင်းထက်အလွန်လာဘ်သပ္ပကာပြန့်ပွား၏။

---

## ၁၇၇။ မဟာပဒုမမင်းသား၏အကြောင်းကိုပြခြင်း

တနေ့သ၌ တရားသဘင်၌ "ငါ့ရှင်တို့···စိဉ္စမာဏဝိကာသည် ဤသို့ မြတ်သောကျေးဇူးရှိသော အလှူခံဖြစ်သောမြတ်စွာဘုရားကို မဟုတ် မမှန်သောစကားဖြင့် ဆဲရေး၍ ကြီးကျယ်စွာပျက်စီးခြင်းသို့ ရောက်

လေပြီ''ဟုရဟန်းတို့သည်စကားကိုဖြစ်စေကုန်၏၊မြတ်စွာဘုရားကြွလာတော်မူ၍ ''ချစ်သား ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း''ဟု မေးတော်မူ၏၊ ''ဤမည်သော စကားကြောင့်တည်း''ဟုလျှောက်ကုန်သော် ''ချစ်သားရဟန်းတို့....ယခုသာမဟုတ်၊ ရှေး၌လည်း ဤစိဉ္စမာဏဝိကာသည် မဟုတ်မမှန်သော စကားဖြင့် ငါ့အား စွပ်စွဲ၍ ပျက်စီးခြင်းသို့ရောက်လေပြီ''ဟု မိန့်တော်မူ၍—

နာဒိဋ္ဌာ ပရတော ဒေါသံ၊ အဏုံထူလာနိ သဗ္ဗသော။
ဣဿရော ပနယေ ဒဏ္ဍံ၊ သာမံ အပ္ပဋိဝေက္ခိယ။ ။

ဟူသောဂါထာဖြင့် တန်ဆာဆင်အပ်သော မဟာပဒုမဇာတ် ကို အကျယ်ချဲ့၍ ဥဒါဒသနိပါတ်၌ ဟောတော်မူ၏။

ထိုအခါ ဤစိဉ္စမာဏသည် ဘုရားလောင်း မဟာပဒုမမင်းသား၏ မယ်တော်၏ ရန်သူဖြစ်သောမိဖုရားဖြစ်၍ ဘုရားလောင်းကိုမေထုန်သံဝါသဖြင့် ဘိတ်မန်၍ ထိုဘုရားလောင်း၏ စိတ်ကိုမရ၍ မိမိသည်ပင် မိမိကိုယ်ကို ဆိတ်ဆွဲ ကုပ်ဖွဲ့သော အမှုကိုပြု၍ နာယောင်ကိုပြု၍ ''သင်မင်းကြီး၏သားသည် အလိုသို့မလိုက်သော ငါ့ကို ဤသို့ဖျက်ဆီးခြင်းအမှုကိုပြု၏''ဟု မင်းအားလျှောက်၏၊ မင်းသည် အမျက်ထွက်၍ သားကိုခိုးသူချ ကမ်းပါးပြတ်၌ ပစ်စေ၏၊ တောင်ဂူမ်း၌ နေသော နတ်သည်ခံလင့်၍ နဂါးမင်း၏ပါးပျဉ်းတိုက်၌ ထားပေ၏၊နဂါးမင်းသည် နဂါးပြည်သို့ ဆောင်၍ ထက်ဝက်သောပြည်ဖြင့် မြတ်နိုးတနာဘိတ်မန်၏၊ ထိုဘုရားလောင်းသည် ထိုနဂါးပြည်၌ တနှစ်ပတ်လုံးနေခဲ့၍ ရဟန်းပြုလိုသဖြင့် ဟိမဝန္တာတောသို့သွား၍ ရဟန်းပြု၍ ဈာန်,အဘိညာဉ်ကိုဖြစ်စေ၏၊

ထိုအခါ ဘုရားလောင်းရသေ့ကို တယောက်သော မုဆိုးမြင်၍ မင်းကြီးအားကြား၏၊ မင်းကြီးသည် ထိုသူ၏အထံသို့ သွား၍ စကားပြောဟော၍ အလုံးစုံသော အကြောင်းကိုသိ၍ စကား ပြောဟော၍ ဘုရားလောင်း ရသေ့ကို ပြည်ဖြင့် ဘိတ်မန်၍ ''ငါ့အား မင်းအဖြစ်ဖြင့်အလိုမရှိပြီ၊ သင်မင်းကြီးသည် ဆယ်ပါးသော မင်းကျင့်တရားကိုမပျက်စေမူ၍ အဂတိသို့လိုက်ခြင်းကိုပယ်၍ တရားသဖြင့်မင်းပြု

လော့” ဟုဆိုးမ၍ ထိုမင်းသည် နေရာမှထ၍ ငိုမြည်တမ်း၍ မြို့သို့ သွားသည်ရှိသော် ခရီးအကြား၌ အမတ်တို့ကိုမေး၏၊“ငါသည် အဘယ် သူကိုမှီ၍ ဤသို့ အကျင့်နှင့်ပြည့်စုံသော သားနှင့် ကင်းခြင်းသို့ ရောက် သနည်း”မေး၏၊“အရှင်မင်းကြီး….မိဖုရားကြီးကိုမှီ၍ ရောက်သည်”ဟု ဆိုသော် မင်းကြီးသည် ထိုမိဖုရားကို ခြေမိုယ်းမျှော်ကိုင်၍ ခိုးသူချကမ်း ပါး၌ ပစ်ခဲ့၍ မြို့သို့ဝင်၍ တရားနှင့်ညီသဖြင့် မင်းပြု၏။

“ထိုအခါ မဟာပဒုမမင်းသားသည် ယခုအခါ ငါဘုရားဖြစ်၏၊ အမိ၏ရန်သူဖြစ်သော မိဖုရားကြီးသည် ဤစိဉ္စမာဏာဝိကာဖြစ်၏” ဟု ဇာတ်ကိုပေါင်း၍ “ချစ်သားရဟန်းတို့….မှန်သော သစ္စာစကားဟု ဆိုအပ်သော တခုသော တရားကိုပယ်၍ မုသာဝါဒတည်ကုန်သော စွန့်အပ်သော တမလွန်လောကရှိသော သူတို့အား မပြုအပ်သော မကောင်းမှုမည်သည်မရှိ”ဟု မိန့်၍–

ဧကမ္မံ အတီတဿ၊ မုသာဝါဒဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ ။

ဟူသောတရားကို ဟောတော်မူ၏၊ တရားဟောသော အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက် ကုန်၏။

---

## ၁၇၈။ စိဉ္စမာဏာစွပ်စွဲခြင်း၏ရှေးအကြောင်းကိုပြခြင်း

ဤသို့ စိဉ္စမာဏာ၏စွပ်စွဲခြင်းကို အဘယ် မကောင်းမှုကြောင့် မြတ် စွာဘုရားသည် ခံတော်မူရသနည်းဟူအံ့၊ လွန်လေပြီးသော အခါ၌ ဘုရားလောင်းသည် မုနာဠိအမည်ရှိသော သေသောက်ကြူးဖြစ်၍ အ နီးသို့ရောက်လာသော သုရဘိအမည်ရှိသောအရှင်ပစ္စေကဗုဒ္ဓါကို“ဤ ရဟန်းသည် သီလမရှိ၊ ယုတ်သောအကျင့်ရှိ၏”ဟုစွပ်စွဲမိသောကြောင့် အနှစ်များစွာ ငရဲခံပြီး၍ ယခုကိုယ်တော်အဖြစ်၌ တိတ္ထိတို့စေသဖြင့် စိဉ္စမာဏာ၏ စွပ်စွဲခြင်းကိုခံရသတည်း။

---

## ၁၇၉။ နကုလပိတာ,နကုလမာတာတို့ကိုပြခြင်း

သာဝတ္ထိမှခွါ၍ ကြွတော်မူပြန်သော် ဘဂ္ဂါယန ဇနပုဒ်သို့ရောက်၍ ထိုဇနပုဒ်၌ သံသုမာဂိရိမြို့ကို ဆွမ်းအမှီပြု၍ ဘေသကလာတောအုပ်၌ ရှစ်ဝါမြောက်ဝါဆိုတော်မူ၏၊ ထိုအခါ သံသုမာဂိရိ၌နေသော နကုလပိတာ,နကုလမာတာအမည်ရှိသောဒါယကာ,ဒါယိကာမတို့သည် တရားနာပရိသတ်တို့နှင့်တကွ မြတ်စွာဘုရားအထံသို့ရောက်၍ ရှေးဦးစွာမြင်သဖြင့် သား-ဟူသောအမှတ်ကိုဖြစ်စေ၍ နကုလပိတာ, နကုလမာတာတို့သည် မြတ်စွာဘုရားခြေကိုကိုင်၍ ခြေတော်ရင်း၌ ဝပ်ကုန်၍ "ချစ်သား····ဤမျှလောက်သောကာလပတ်လုံး ငါတို့ကိုစွန့်ပစ်၍ အဘယ်အရပ်၌ သင်ချစ်သားသည် နေချေဘိသနည်း"ဟု ဆို၍ငို၏၊ဤနကုလပိတာသည် ရှေး၌ အဖြစ်ငါးရာပတ်လုံး မြတ်စွာဘုရား အဘဖြစ်ဘူး၏၊ အဖြစ်ငါးရာပတ်လုံး ဘထွေးဖြစ်ခဲ့ဘူး၏၊အဖြစ်ငါးရာပတ်လုံး ဦးရီးဖြစ်ခဲ့ဘူး၏၊ နကုလမာတာသည်လည်း အဖြစ်ငါးရာပတ်လုံး အမိဖြစ်ခဲ့ဘူး၏၊အဖြစ်ငါးရာပတ်လုံး မိထွေးဖြစ်ခဲ့ဘူး၏၊ အဖြစ်ငါးရာပတ်လုံး မိကြီးဖြစ်ခဲ့ဘူး၏။

ဤသို့လျှင်တထောင့်ငါးရာသောအဖြစ်တို့ပတ်လုံးအစဉ်မပြတ်သော ချစ်ခြင်းရှိသည်၏အဖြစ်ကြောင့် မြတ်စွာဘုရားကို တကြိမ်မြင်ကာမျှဖြင့် သားဟူသောအမှတ်သည်ဖြစ်၏၊ မိမိတို့၏ပကတိသဘောဖြင့် တည်အံ့သော ငှာမတတ်နိုင်ကုန်၊ မြတ်စွာဘုရားလည်း အကြင်မျှလောက် ထိုသူတို့၏စိတ်သည်အမှတ်ရသော အဖြစ်သို့မရောက်၊ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့သည်ဖဲကုန်လော့ဟုမဆိုမူ၍ ထိုသူတို့အား ဖြစ်ငြိတိုင်းသောစိတ်ဖြင့်သတိကိုရ၍ လျစ်လျူသောစိတ်သည် ဖြစ်သောအခါ၌ ထိုသူတို့၏အလိုကိုသိတော်မူ၍ တရားတော်ကိုဟောတော်မူ၏၊ တရားဒေသနာတော်အဆုံး၌ နှစ်ယောက်သောသူတို့သည်**သောတာပတ္တိဖိုလ်**၌တည်လေကုန်၏။

မြတ်စွာဘုရားသည် နောက်ကာလ၌ ထိုသူတို့သည် အိုမင်းသောအခါ၌ ထိုသံသုမာဂိရိမြို့သို့ကြွတော်မူ၏၊ ထိုသူတို့သည် မြတ်စွာဘုရားရောက်လာ၏ဟုကြားလျှင် မြတ်စွာဘုရားအထံသို့ကပ်၍ ရှိသေစွာ ရှိခိုး

၍ မြတ်စွာဘုရားကိုဆွမ်းဘိတ်၍ မိုးသောက်သောနေ့၌ အထူးထူးသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ ဆွမ်းဘုဉ်းပေးပြီးသော် မြတ်စွာ ဘုရားသို့ကပ်၍တင့်အပ်သောအရပ်၌နေကုန်လျက် နကုလပိတာသည် မြတ်စွာဘုရားကို၌သို့လျှောက်၏၊''ဘုန်းတော်ကြီးသောအရှင်ဘုရား·· နကုလမာတာသူကြွယ်မကို ငယ်စဉ်ကပင် အငယ်ဖြစ်သောအကျွန်ုပ် အား အကြင်အခါမှစ၍ဆောင်အပ်၏၊ ထိုအခါမှစ၍ နကုလမာတာကို စိတ်ဖြင့်မျှသော်လည်း မလွန်ကျူးဘူးပါ၊ ကိုယ်ဖြင့်ကား အဘယ်မှာ လွန်ကျူးပါအံ့နည်း၊ အရှင်ဘုရား····အကျွန်ုပ်တို့သည် ဤမျက်မှောက် သောကိုယ်၏အဖြစ်၌ အချင်းချင်း မြင်ချင်ကြကုန်၏၊ တမလွန်ဘဝ၌ လည်း အချင်းချင်းမြင်ရပါလို၏''ဟု လျှောက်၏။

နကုလမာတာသည်လည်း ''အရှင်ဘုရား····အကျွန်ုပ်ကို အငယ်ကပင် အငယ်ဖြစ်သော နကုလပိတာသူကြွယ်သို့ ဆောင်သော အခါမှစ၍ နကုလပိတာသူကြွယ်ကိုစိတ်ဖြင့်သော်မှ မလွန်ကျူးဘူးပါ၊ ကိုယ်ဖြင့် ကား အဘယ်မှာလွန်ကျူးအံ့နည်း၊ ဤမျက်မှောက်သော ကိုယ်၏ အဖြစ်၌ အကျွန်ုပ်တို့သည် အချင်းချင်းမြင်ချင်ကြကုန်၏၊ နောင်ဘဝ၌ လည်းမြင်ချင်ကြပါလို၏''ဟု အလွန်အကျွမ်းဝင်သောအဖြစ်ဖြင့် သား, သမီးတို့၏အထံ၌မျှသော်လည်း မဆိုစကောင်းသောစကားကိုလျှောက် ဆို၏၊ ထို့ကြောင့်''မြတ်စွာဘုရား၌ အကျွမ်းဝင်ကုန်သောဒါယကာတို့ တွင် နကုလပိတာသည်လွန်မြတ်၏၊ ဘုရား၌အကျွမ်းဝင်သော ဥပါသိ ကာမတို့တွင် နကုလမာတာသည်လွန်မြတ်၏''ဟု တေဒဂ် ထားတော် မူသည်။

---

## ၁၈၀။ ဗောဓိမင်းသားအကြောင်းကိုပြခြင်း

''အတ္တာနဉ္စေ ပိယံ ဇညာ'' အစရှိသောတရားကို ဘေသကလာ တောအုပ်၌ ဝါဆိုတော်မူသောအခါ သုံသုမာဂိရိမြို့၌ ဗောဓိမင်းသား ကို အကြောင်းပြု၍ ဟောတော်မူ၏၊အကြောင်းကား-ဗောဓိမင်းသား သည်ဝိတြကာရအမည်ရှိသော လက်သမားကို ဇမ္ဗူဒီပါကျွန်း၌ အတု မရှိသော ကောကနဒ အမည်ရှိသောပြာသာဒ်ကို ပြုစေ၍ ပြီးလျှင်''ဤ ပြာသာဒ်၌အမှုပြီးပြီလော'' လက်သမားကိုမေး၍ ''ပြီးပြီအရှင်မင်း

သား''ဟု လက်သမားလျှောက်လျှင်''ဤပြာသာဒ်ကဲ့သို့မြို့တပါး၌ သင်ပြုဘူးပြီလော'' ဟု မေးပြီး၍ ''ဤပြာသာဒ်သည် ရှေးဦးစွာသော အကျွန်ုပ်၏အမှုတည်း''ဟု လျှောက်သော်''ဤလက်သမားသည် တပါးသောမြို့တို့၌ ဤပြာသာဒ်ကဲ့သို့ပြုပြန်သော် ငါ၏ပြာသာဒ်သည်အံ့ဘွယ်မရှိဖြစ်လတ္တံ့၊ ထို့ကြောင့်နောင်မပြုရအောင် လက်ကိုဖြတ်ခြင်းငှာ ၎င်း,မျက်စိကိုထုတ်ခြင်းငှာ၎င်း, သတ်ခြင်းငှာ၎င်းသင့်၏''ဟုကြံ၍ ထိုအကြံကို မိမိ၏အဆွေခင်ပွန်းဖြစ်သော သဒ္ဓိဝကပုတ္တအားကြား၏။

[redacted]

မယားတို့ကို ထိုငှက်ရုပ်၏ ဝမ်း၌ နေစေ၍ လေသာတံခါးဖြင့်ထွက်၍ ပျံလေ၏၊"အို-အရှင်မင်းသား..အရှင်မင်းသားတို့၏လက်သမားသည် ပြေးခဲ့ပြီ"ဟူ၍ ဆိုကုန်စဉ် ဂဠုန်ရုပ်ဖြင့် လက်သမားကောင်းကင်၌ပျံ၍ ဟိမဝန္တာ၌သက်၍ တခုသော မြို့ကိုစီရင်၍ ကဋ္ဌဝါဟနအမည် ရှိသည် ဖြစ်၍ မင်းပြုလေ၏။

ဗောဓိမင်းသားလည်း ပြာသာဒ်ထက် မင်္ဂလာပြုအံ့-ဟု မြတ်စွာဘုရားကို သံဃာတော်နှင့်တကွ ပင့်၍ ပြာသာဒ်၌ လေးပါးသော နံ့သာမျိုးတို့ဖြင့် ထုံအပ်သည်ကိုပြု၍ တံခါးခုံမှစ၍ ပုဆိုးအခင်းကိုခင်း၏၊ ထိုဗောဓိမင်းသားသည် သား, သမီးရလိုသောကြောင့် "အကယ်၍ငါသည် သား,သမီးကိုရလတ္တံ့၊ ဘုရားမြတ်စွာသည် ဤပုဆိုးအခင်းကို နင်းလတ္တံ့"ဟု ကြံ၍ ခင်းသတည်း၊ မြတ်စွာဘုရားကြွတော်မူလာသော အခါ ထိုမင်းသားသည် ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍"ဝင်တော်မူပါ အရှင်ဘုရား"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ပုဆိုးအခင်းကိုမနင်းဘဲရပ်၏၊ မင်းသားသည်နှစ်ကြိမ်, သုံးကြိမ်တိုင်အောင်"ပုဆိုးအခင်းကို နင်း၍ ဝင်တော်မူပါ"ဟု လျှောက်သဖြင့် မြတ်စွာဘုရားဝင်တော်မမူဘဲ အရှင်အာနန္ဒာကို ကြည့်၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရား ကြည့်တော်မူသော အမှတ်ဖြင့် ပုဆိုးအခင်းကို နင်းတော်မမူလိုသည်-ဟုသိ၍ "မင်းသား....ပုဆိုးကို ပယ်ဘိ၊ ပုဆိုးအခင်းကိုနင်းတော်မမူလတ္တံ့၊ မြတ်စွာဘုရားသည် နောင်လာလူအပေါင်းကို ရှုကြည့်တော်မူ၏"ဟုဆို၍ ပုဆိုးအခင်းကို ရုပ်ပြီးသော် ဝင်တော်မူသောမြတ်စွာဘုရားကို ပြာသာဒ်တွင်း၌ ခင်းအပ်သော နေရာ၌နေစေ၍ မွန်မြတ်သောယာဂုခဲဘွယ်တို့ဖြင့်လုပ်ကျွေး၍ ရှိခိုးလျက် တင့်အပ်သော အရပ်၌နေ၍ ဤသို့ လျှောက်၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....အကျွန်ုပ်သည်ရှင်ပင်ဘုရား၏ ကျေးဇူးတော်ကို သိသည်ဖြစ်ပါ၍ အမိဝမ်း၌ ပဋိသန္ဓေနေသည့်ကာလ၌ အရှင်ဘုရားကို ကိုးကွယ်ပါသည်၊ နှစ်ကြိမ်မြောက်ဘွားသောကာလ၌ ကိုးကွယ်ပါသည်၊ သုံးကြိမ်မြောက်သိကြားလိမ်မာသောအခါ၌ကိုးကွယ်ပါသည်၊အကျွန်ုပ်၏၊ ပုဆိုးအခင်းကို အဘယ့်ကြောင့် နင်းတော်မမူပါသနည်း" ဟု လျှောက်၏။

"မင်းသား….မင်းသားသည် သားကိုဓင်း, သမီးကိုဓင်း ငါရအံ့၊ မြတ်စွာဘုရားသည် ဤအခင်းကို နင်းလတ္တံ့-ဟုကြံ၍ ခင်းသောကြောင့် ငါမနင်းသည်"ဟု မိန့်တော်မူသော် "အရှင်ဘုရား….အကျွန်ုပ်သည် သား, သမီးတို့ကို မရပြီလော"ဟု လျှောက်သဖြင့် "မရလတ္တံ့"ဟု မိန့်၏၊ "အဘယ့်ကြောင့် မရလတ္တံ့နည်း"ဟု လျှောက်ပြန်သော် "မင်းသား….ရှေးဘဝ၌ မယားနှင့် တကွသော သင်သည် တူသော မကောင်းမှုကို ပြုခဲ့သောကြောင့် မရလတ္တံ့"ဟု မိန့်တော်မူသော် "အဘယ်ကာလ၌ ပြုခဲ့ဘူးသနည်း" ဟုလျှောက်၏၊ ထိုအခါမြတ်စွာ ဘုရားသည် လွန်လေပြီးသော အကြောင်းကိုဆောင်ပေ၏။

"မင်းသား….ရှေးကာလ၌ သင်သည် မယားနှင့်တကွ သင်္ဘော၌ လိုက်လေသော် သင်္ဘောသည်သမုဒ္ဒရာအလယ်၌ပျက်၍ သင်္ဘောသား တို့သေလေကုန်၏၊ သင်တို့လင်မယားသည် ပျဉ်တခုကိုရသဖြင့် ကျွန်း တခုသို့ဝင်လေ၏၊ ဤကျွန်းမှာ စားစရာမရှိသဖြင့် ထိုကျွန်း၌နေသော များစွာသောငှက်တို့၏ အဥတို့ကို ပြုတ်၍ စားကုန်၏၊ အဥကုန်လျှင် ငှက်ငယ်တို့ကိုသတ်၍ စားကုန်၏၊ ဤသို့သောနည်းဖြင့် ပဌမအရွယ်, မဇ္ဈိမအရွယ်,ပစ္ဆိမအရွယ်တို့၌ မကောင်းမှုကိုပြု၍ အသက်မွေးကုန်၏၊ တပါးသောအရွယ်၌မျှ အပ္ပမာဒသို့မရောက်ကုန်၊ မကောင်းမှုမှမကြဉ် ကုန်၊ ဤသို့တူသောမကောင်းမှုကို သင်တို့ပြုသောကြောင့် သင်တို့သား, သမီးတို့ကိုမရအံ့သတည်း၊မင်းသား….အရွယ်သုံးပါးတွင် တပါးပါး၌ မကောင်းမှုကို ကြဉ်သော်ဓင်း, သင်တို့နှစ်ယောက်တွင် တယောက် ယောက်သည် မကောင်းမှုမှ ကြဉ်ပါသော်ဓင်း ထိုကြဉ်သော သူကိုစွဲ၍ သား, သမီးရရာ၏၊ ထို့ကြောင့် မင်းသား….ကိုယ်ကိုချစ်သောသူသည် အရွယ်သုံးပါးတို့၌ မမေ့မလျော့ ကိုယ်ကိုစောင့်ရာ၏၊ သုံးပါးလုံး၌ မတတ်နိုင်သော် တပါးသောအရွယ်၌ စောင့်အပ်၏"ဟု မိန့်တော်မူ၍—

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။

ဟူသော ဓမ္မဒေသနာကို ဟောတော်မူ၏။

**အနက်**။ ။အတ္တာနံ၊ ကိုယ်ကို။ ပိယံ၊ ချစ်အပ်၏။ ဣတိ၊ ဤသို့။ စေဇညာ၊ အကယ်၍သိအံ့။ နံအတ္တာနံ၊ ထိုကိုယ်ကို။ သုရက္ခိတံ၊ အရွယ်

သုံးပါး၌ ကောင်းစွာ စောင့်ရှောက်ခြင်းကို။ ရက္ခေယျ၊ စောင့်ရာ၏။ တိဏ္ဏံ၊ အရွယ်သုံးပါးတို့တွင်။ အညတရံ၊ တပါးပါးသော။ ယာမံ၊ အရွယ်ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရာ၏။

ဤတရားတော်အဆုံး၌ ဗောဓိမင်းသား သောတာပတ္တိဖိုလ်၌တည်လေ၏၊ ပရိသတ်တို့အားလည်း များသောအကျိုးရှိသည်ဖြစ်၏၊ ဤသို့ အစရှိသော တရားဒေသနာတော်တို့ဖြင့် ရှစ်ခုမြောက်ဝါ၌ များစွာသော ဝေနေယျတို့အား အကျွတ်တရား ပေးဝေတော်မူ၍ အဋ္ဌမဝါကျွတ်တော်မူလျှင် ဒေသစာရီ လှည့်လည်တော်မူသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။

---

## ၁၈၁။ ပဉ္စဂ္ဂဒါယကပုဏ္ဏားအကြောင်းကိုပြခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ ထိုသာဝတ္ထိပြည်၌ ပဉ္စဂ္ဂဒါယက အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ "ယဒဂ္ဂတော မဇ္ဈတောဝါ" အစရှိသော တရားတော်ကို ဟောတော်မူ၏၊ ဟောခြင်း၏အကြောင်းကား-ထိုပဉ္စဂ္ဂဒါယက ပုဏ္ဏားသည် ကောက်သည်လယ်၌ရှိစဉ် ခေတ္တဂ္ဂမည်သော အလှူကို လှူ၏၊ တလင်း၌ရှိစဉ် ခလဂ္ဂမည်သောအလှူကိုပေး၏၊တလင်း၌စပါးစု သော အခါ ခလဘဏ္ဍဂ္ဂဟူသောအလှူကို လှူ၏၊ ထမင်းအိုး၌ရှိစဉ် ဥက္ခလိဂ္ဂဟူသောအလှူကိုလှူ၏၊ လင်ပန်း၌ ခူးသောအခါ ပါတျဂ္ဂဟူ သောအလှူကိုလှူ၏၊ ဤငါးပါးသော အဂ္ဂဒါနအဦး အလှူကို လှူ၏၊ ရောက်လာသောသူအား အဦးမပေးမူ၍စားသော မည်သည်မရှိ၊ ထို့ကြောင့် ထိုပုဏ္ဏားအား ပဉ္စဂ္ဂဒါယက အမည်သည်ဖြစ်၏။

မြတ်စွာဘုရားသည် တနေ့သ၌ ထိုပုဏ္ဏားတို့အား အောက်မဂ် သုံးပါးတို့၏ ဥပနိဿယကိုမြင်တော်မူ၍ ထိုပုဏ္ဏား ထမင်းစားသော အခါ၌ ပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ အိမ်တံခါး၌ ရပ်တော်မူ၏၊ ထို ပုဏ္ဏားသည်တံခါးဝ၌ အတွင်းသို့မျက်နှာပြု၍စား၏၊ တံခါး၌ရပ်သော မြတ်စွာဘုရားကို ထိုပုဏ္ဏားမမြင်၊ ပုဏ္ဏားကို လုပ်ကျွေး၍ နေသော ပုဏ္ဏေးမသည် မြင်၍ကြံ၏၊ "ဤပုဏ္ဏားသည် ငါးပါးသော အရာတို့၌

အဦးလှူ၍စား၏၊ ယခုအခါ ရဟန်းဂေါတမလာ၍ တံခါး၌ ရပ်၏၊ အကယ်၍ ပုဏ္ဏားသည် ထိုရဟန်းဂေါတမကိုမြင်၍ မိမိထမင်းကို မစားမူ၍လှူချေအံ့၊ တဖန်ငါသည် ချက်ပြုတ်ခြင်းငှာ မတတ်နိုင်လတ္တံ့၊ ဤသို့ပြုသော် ပုဏ္ဏားသည် ဂေါတမကိုမမြင်လတ္တံ့”ဟုကြံ၍ မြတ်စွာဘုရားအား မိမိကျောက်ကုန်းဖြင့်ကိုင်း၍ မွန်းတည့်အခါ လပြည့်ဝန်းကို လက်ဝါးဖြင့်ဖုံးလွှမ်းသကဲ့သို့ ထိုပုဏ္ဏား၏နောက်၌ ဖုံးလွှမ်းလို၍ ရပ်၏၊ထိုသို့ရပ်လျက် သွားလေပြီလော၊ မသွားသေးလော-ဟု ဘုရားကိုစောင်းငဲ့၍ ကြည့်၏၊ မြတ်စွာဘုရားလည်း ရပ်မြဲရပ်၏။

အသံကိုကြား၍ ကြည့်သော် ပုဏ္ဏားမြင်မည် စိုးသောကြောင့် “ကန်တော့ပါ၏” ဟု ပြင်းပြင်းမဆိုမူ၍ နောက်သို့ဆုတ်၍ ပုဏ္ဏား မကြားအောင်“ကန်တော့ပါ၏”ဟုဖြည်းညှင်းစွာဆို၏၊ပုဏ္ဏေးမ၏အလိုကိုမပြည့်စေအံ့ကြံတော်မူ၍ မြတ်စွာဘုရားသည်“ငါမသွားလတ္တံ့”ဟု ဦးခေါင်းတော်ကိုလှုပ်၏၊ လောကကို အလေးအမြတ်ပြုတတ်သော မြတ်စွာဘုရားသည် ငါမသွားလတ္တံ့ဟု ဦးခေါင်းကိုလှုပ်သော် ပုဏ္ဏေးမသည် မိမိသဘောဖြင့် တည်တံ့ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ပြင်းစွာရယ်၏၊ထိုခဏ၌ မြတ်စွာဘုရားသည် အိမ်တွင်းသို့ ရွှေရှု ခြောက်သွယ်သော နောင်ခြည်တော် တို့ကိုလွှတ်၏၊ မြတ်စွာဘုရားအား ကျောက်ကိုပေး၍နေသော ပုဏ္ဏားသည် ပုဏ္ဏေးမ၏ရယ်သံကို ကြား၍၎င်း, မြတ်စွာဘုရား၏ အရောင်တော်တို့ကိုမြင်၍၎င်း ပြန်၍ ကြည့်သော် မြတ်စွာဘုရားကိုမြင်လေ၏။

မြတ်စွာဘုရားတို့သည် ရွာ၌၎င်း, တော၌၎င်း မင်္ဂဖိုလ်ရခြင်း၏ အကြောင်းနှင့် ပြည့်စုံကုန်သော သတ္တဝါတို့အား ကိုယ်တော်ကိုမပြမူ၍ မဖဲကုန်၊ ပုဏ္ဏားသည် မြတ်စွာဘုရားကိုမြင်ပြီး၍ “ပုဏ္ဏေးမ....သင်သည်ငါ့ကိုဖျက်ဆီး၏တကား၊ ငါတို့အိမ်သို့လာ၍ တံခါးဝ၌ရပ်သော မင်းသားကိုမြင်လျက် ငါ့အား မကြားခြင်းသည်ဝန်လေးသောအမှုကို သင်ပြု၏”ဟုဆို၍ ထက်ဝက်စားပြီးသော ထမင်းခွက်ကိုယူ၍ မြတ်စွာဘုရားအထံသို့လာ၍ “အိုအရှင်ဂေါတမ..အကျွန်ုပ်သည် ငါးပါးသော အရာတို့၌ အဦးလှူ၍စားပါသည်၊ ဤထမင်းခွက်အလယ်၌ထက်ဝက်ခွဲ၍

တဘို့သော ထမင်းကို စားမိချေပြီ၊ တဘို့သည်ရှိပါသေး၏၊ ဤအကျွန်ုပ်၏ ထမင်းကို အလှူခံတော်မူပါ'' ဟု လျှောက်၏။

မြတ်စွာဘုရားသည်''သင်၏စားကြွင်းထမင်းကိုငါအလိုမရှိ''ဟုမဆိုမူ၍ ''ပုဏ္ဏား....အဦးထမင်းသည်လည်း ငါ့အား လျှောက်ပတ်၏၊ အလယ်၌ ထက်ဝက်ခွဲ၍ စားသောထမင်းသည်လည်း ငါ့အားလျှောက်ပတ်၏၊အဆုံးစွန်ဖြစ်သော ထမင်းလုပ်သည်လည်း ငါ့အားလျှောက်ပတ်၏၊ပုဏ္ဏား....သူတပါးဝတ္ထုကိုမှီ၍ အသက်မွေးသောငါတို့၌ပြတ္တာနှင့်တူ၏'' ဟု မိန့်တော်မူ၏။

ယဒဂ္ဂတော မဇ္ဈတော ဝါ၊ သေသတော ပိဏ္ဍံ လဘေယျ။
ပရဒတ္တူပဇီဝိနာ၊ အလဒ္ဓဘောဇနာနိပိ။
နိပစ္စဝါဒိတံ စာပိ၊ဓီရာ မုနိ ဝေဒယန္တိ။ ။

**အနက်**။ ပြာဟ္မဏ၊ပုဏ္ဏား။အဂ္ဂတောဝါ၊အဦးမှဂုင်း။မဇ္ဈတောဝါ၊ အလယ်၌ခွဲ၍စားသော ထမင်းမှဂုင်း။ သေသတော၊ အကြွင်းမှဂုင်း။ ယံပိဏ္ဍံ၊အကြင်ဆွမ်းကို။ပရဒတ္တူပဇီဝိနာ၊သူတပါးတို့ပေးသော အစာကိုမှီ၍ အသက်မွေးသော ငါတို့သည်။လဘေယျ၊ရကုန်ရာ၏။ တံပိဏ္ဍံ၊ထိုဆွမ်းကို။ဘုဥ္ဇထ၊စားကုန်ရာ၏။အလဒ္ဓဘောဇနာနိပိ၊ အစားကိုမရကုန်မူ၍။နိပစ္စဝါဒိတံ၊မိမိကိုယ်ကိုနှိမ့်ချ၍ ဆိုလေ့ရှိသောသူကို။ ဓီရာ၊ဘုရားစသော ပညာရှိတို့သည်။မုနိ၊ရဟန်းဟူ၍။ဝေဒယန္တိ၊ပြောကြားကုန်၏။

ပုဏ္ဏားသည် ထိုစကားကိုကြား၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ အံ့သြဘွယ်ရှိစွ၊ တကျွန်းလုံး၏ အရှင်ဖြစ်သော မင်းသားသည် လျက်လည်း သင်၏စားကြွင်းကို ငါအလိုမရှိ-ဟု မဆိုမူ၍ ဤသို့ဆိုအပ်ဘိ၏ တကား-ဟု အံ့သြလျက် တံခါး၌ရပ်လျက်ပင် မြတ်စွာဘုရားကို ပြဿနာမေး၏၊''အရှင်ဂေါတမ.... အရှင်ဘုရားတို့သည် တပည့်သားတော်တို့ကို ရဟန်းဟူ၍ ဆိုကုန်၏၊ အဘယ်မျှလောက်သော အကြောင်းဖြင့် ရဟန်းဖြစ်သနည်း'' ဟု မေး၏၊ မြတ်စွာဘုရားသည် ဤပုဏ္ဏားအား အဘယ်သို့သဘောရှိသောတရားသည်လျှောက်ပတ်မည်နည်းဟု စူးစမ်းသော်''ဤသူနှစ်ယောက်တို့သည်ကဿပဘုရားဖြစ်သောအခါ၌နာမရူပ ဟု ဆိုအပ်သောရဟန်းတို့၏စကားကိုကြားဘူးကုန်၏၊နာမ်,ရုပ်ကိုမစွန့်

၍ တရားကို ထိုသူ,ထိုသူတို့အားထင်ရှားပြခြင်းငှာသင့်၏''ဟု ကြံတော်မူ၍''ပုဏ္ဏားး····နာမ်၌၎င်း,ရုပ်၌၎င်း မတပ်မူ၍ ငြိခြင်းကင်းသော သူသည် ရဟန်းမည်၏''ဟု မိန့်တော်မူ၍—

သဗ္ဗသော နာမရူပသ္မိံ၊ယဿ နတ္ထိ မမာယိတံ။
အသတာစ န သောစတိ၊သဝေ ဘိက္ခူတိ ဝုစ္စတိ။ ။

ဟူသော တရားတော်ကိုဟောတော်မူ၏၊တရားတော်အဆုံး၌ ပုဏ္ဏားခင်ပွန်းတို့သည် အနာဂါမိဖိုလ်၌ တည်လေကုန်၏၊ ဤသို့အစရှိသော တရားဒေသနာတော်တို့ဖြင့် များစွာသော ဝေနေယျတို့ကို ကယ်ချွတ်တော်မူ၏။

---

## ၁၈၂။ မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့ကိုပြခြင်း

မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူ၍ ကုရုရာဇ်တိုင်းသို့ ရောက်၍ မာဂဏ္ဍိယပုဏ္ဏားရွာ၌ နေတော်မူသောအခါ၌ မာဂဏ္ဍိယပုဏ္ဏားသမီးခင်ပွန်းကိုအကြောင်းပြု၍''ဒိသွာန တဏှာ အရတိ''အစရှိသောတရားဒေသနာကိုဟောတော်မူ၏၊ဟောတော်မူခြင်း၏အကြောင်းကား - ကုရုရာဇ်တိုင်း၌ မာဂဏ္ဍိယပုဏ္ဏားရွာ၌ ပုဏ္ဏားသည်လည်း မာဂဏ္ဍိယမည်၏၊ ပုဏ္ဏေးမသည်လည်း မာဂဏ္ဍိယမည်၏၊ သမီးသည်လည်း မာဂဏ္ဍိယမည်၏၊မာဂဏ္ဍီ၏ ဘထွေးသည်လည်း မာဂဏ္ဍိယပင်မည်၏၊သမီးမာဂဏ္ဍီသည်ကား အလွန်အဆင်းလှမြတ်၏၊နတ်သမီးနှင့်တူသော ကိုယ်ရှိ၏၊ ထို့ကြောင့် မင်း, ပုဏ္ဏား, သူဌေး,သူကြွယ် အမျိုးဖြစ်သောသူတို့သည် ကြီးစွာသော လက်ဆောင်ပဏ္ဏာဖြင့် ''ငါတို့အားသမီးကို ပေးပါ'' ဟူ၍ မာဂဏ္ဍိယမည်သော အဘပုဏ္ဏားအား စေတောင်းကုန်သော်လည်း ''သင်တို့သည် ငါ၏သမီးအား မလျောက်ပတ်ကုန်''ဟုဆို၏၊ ထိုပုဏ္ဏားသည် သမီးအား လျောက်ပတ်သောလင်ကို မရနိုင်ရှိ၏။

ထိုအခါ တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်သောအခါ လောကကိုကြည့်တော်မူသော် ပုဏ္ဏားသမီးခင်ပွန်းတို့သည်ဉာဏ်တော်၏အတွင်း၌ထင်၍ အကြောင်းအသို့နည်း-ဟု ဆင်ခြင်တော်မူသော်ထိုသူတို့အား အနာဂါမိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ ကိုယ်တော်တိုင်

သပိတ်,သက်နန်းကိုယူတော်မူ၍ မြို့၏အပ၌ ထိုပုဏ္ဏား မီးလုပ်ကျေးရာသို့ ကြွတော်မူလေ၏၊ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ အဆင်းတော်၏ တင့်တယ်ခြင်းသို့ ရောက်သော ကိုယ်တော်ကိုကြည့်၍ ဤလောက၌ ဤ ယောကျ်ားနှင့်တူသော ယောကျ်ားသည်မရှိ၊ ဤသူသည် ငါ၏သမီးအား လျောက်ပတ်၏၊ ဤသူအားမွေးကျွေးစိမ့်သောငှာ ငါ၏သမီးကိုပေးအံ့-ဟုကြံ၍ "ရဟန်း....ငါ့အား တယောက်သောသမီးသည်ရှိ၏၊ ငါသည် ဤမျှလောက်သောကာလပတ်လုံး ထိုသမီးအား လျောက်ပတ်သော ယောကျ်ားကိုမမြင်၊သင်သည် ငါ့သမီးအား လျောက်ပတ်၏၊ ငါ့သမီး သည် သင့်အားလျောက်ပတ်၏၊ သင်တို့အား ခြေရင်းအလုပ်အကျွေးကို ရအပ်၏၊ငါ၏သမီးသည်လည်း လင်ကိုရအံ့သောငှာအပ်၏၊ထိုသမီးကို သင့်အား ငါသည်ပေးပါအံ့၊သမီးကိုဆောင်ပါချေအံ့၊ငါလာသည်တိုင် အောင် ဤအရပ်တွင်နေနှင့်ပါ" ဟု ဆို၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏စကားကို နှစ်လည်း မနှစ်သက်၊ ပယ်လည်းမပယ်၊ တစုံတခုကိုမဆိုမူ၍ ဆိတ်ဆိတ်သာ နေတော်မူ၏၊ ထိုပုဏ္ဏားသည် လျင်စွာအိမ်သို့သွား၍ "အို-ပုဏ္ဏေးမ, ပုဏ္ဏေးမ.... သင်၏သမီးနှင့် လျောက်ပတ်သော ယောကျ်ားကို ငါမြင်ပြီ၊ လျင်စွာ သမီးကို တန်ဆာဆင်လော့"ဟု သမီးမာဂဏ္ဍီကို တန်ဆာဆင်စေ၍ ပုဏ္ဏေးမနှင့်တကွယူ၍ မြတ်စွာဘုရားအထံသို့ သွားလေ၏။

တမြို့လုံး ချောက်ချား၏၊ "ဤပုဏ္ဏားသည် ဤမျှလောက်သော ကာလပတ်လုံး ငါ၏သမီးနှင့်ထိုက်တန်သောသူ မရှိ-ဟုတစုံတယောက် သောသူအား မပေးမူ၍ ယခုမှသမီးနှင့် လျောက်ပတ်သော သူကို မြင်ပြီဆို၏၊ အဘယ်သို့သဘောရှိသောသူနည်း၊ ထိုသူကိုငါတို့လည်း ကြည့်ပါကုန်အံ့"ဟု များစွာသော လူအပေါင်းသည် ထိုပုဏ္ဏားနှင့် အတူ ထွက်ကုန်၏။

သမီးကိုယူ၍ ပုဏ္ဏား သွားသောအခါ၌ မြတ်စွာဘုရားသည် ထိုပုဏ္ဏား"သည်တွင် နေနှင့်ပါ"ဆိုရာ၌ မနေမူ၍ ထိုအရပ်၌ ခြေဘဝါး တော်ရာကို ပြခဲ့ပြီးလျှင် သွား၍ တပါးသောအရပ်၌ နေတော်မူနှင့်၏၊ [မြတ်စွာ ဘုရားတို့၏ ခြေတော်ရာသည် "ဤအရပ်၌ ထင်စေ"ဟူ၍

မိဋ္ဌာန်၍နှင်းတော်မူရာ၌သာထင်တော်မူ၏၊ တပါးသောအရပ်၌ မထင်၊ "အကြင်သူသည် ငါ၏ခြေရာကို မြင်စေ"ဟု မိဋ္ဌာန်၏၊ ထိုသူသည်သာ မြင်၏၊ ထိုမိဋ္ဌာန်တော်မူသူကိုမမြင်စေခြင်းငှာ ဆင်အစရှိသော သတ္တဝါတို့သည်မူလည်း နင်းစေကုန်၊ မိုဃ်းကြီးပင်သော်လည်း သည်းစွာရွာစေ၊ ဝေရမ္ဘလေပင်သော်လည်း ခတ်စေ၊ တစုံတယောက်သော သူသည် ပျက်စီးစေအံ့သောငှာမတတ်နိုင်၊ ]ထိုအခါ၌ ပုဏ္ဏေးမသည် ပုဏ္ဏားကို "သင်မြင်သော ယောက်ျားသည် အဘယ်မှာနည်း"ဟု မေး၏၊ "ပုဏ္ဏေးမ‥ထိုယောက်ျားကို ဤအရပ်၌ ငါမှာခဲ့ပါသည်၊ အဘယ်သို့ သွားလေသနည်း"ဟု ထိုမှ,ဤမှကြည့်သော် ခြေဘဝါးတော်ရာကိုမြင်၍ ကား "ပုဏ္ဏေးမ‥‥ဤခြေရာသည် ထိုသူ၏ခြေရာပင်တည်း"ဟု ပြ၏။

ပုဏ္ဏေးမမြင်သော် ပုဏ္ဏေးမသည် ဗေဒင်သုံးပုံကို လေ့ကျက်ဆောင်သောကြောင့် လက္ခဏာဗေဒင်ကိုရွ၍လက္ခဏာကိုစူးစမ်း၍"ပုဏ္ဏား‥ ဤခြေရာသည် ကာမဂုဏ်ငါးပါးကို ခံစားသောသူ၏ ခြေရာမဟုတ်" ဆို၍—

ရတ္တဿ ဥက္ကုဋိတံ ယံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ သမသာနုပိဠိတံ။
မူဠ္ဟဿ ဟောတိ အဝကမိုတပဒံ။
ဝိဝဋ္ဋစ္ဆဒဿ ဤဒိသံ ပဒသိ။ ။

ဟူသော ဂါထာကိုရွတ်၏၊ ထိုအခါ ပုဏ္ဏေးမကို "ပုဏ္ဏေးမ‥‥ သင်သည် ရေအိုးခွက်၌ လမင်းကိုကဲ့သို့,အိမ်၏အလယ်၌ ခိုးသူကိုကဲ့သို့ ဗေဒင်ကိုမြင်တတ်သော အလေ့ရှိ၏၊ သင်တိတ်တိတ်သာနေပါ"ဟု ပုဏ္ဏားဆိုသော် "သင်သည် ငါ့ကို ဆိုလိုသမျှဆိုတော့၊ ပြုလိုသမျှ ပြုတော့၊ဤခြေရာသည် ကာမဂုဏ်ငါးပါးကို ခံစားသောသူ၏ ခြေရာ မဟုတ်"ဟု ပုဏ္ဏေးမဆို၍ ထိုမှ,ဤမှကြည့်သော် မြတ်စွာဘုရားကိုမြင်၍ "ပုဏ္ဏေးမ‥‥ဤယောက်ျားသည် ငါမှာခဲ့သော ယောက်ျားပင်တည်း" ဟု ဆို၍ ပုဏ္ဏားသွား၍ "ရဟန်း‥‥ငါ၏သမီးကို သင့်အား မွေးကျွေးစိမ့်သောငှာ ပေးပါ၏"ဆို၏၊ မြတ်စွာဘုရားသည် ငါ့အားသင်၏ သမီးဖြင့် အလိုရှိ၏ဟူ၍၎င်း, အလိုမရှိ ဟူ၍၎င်း မဆိုမူ၍ "ပုဏ္ဏား‥‥

သင့်အား ငါတခုသောအကြောင်းကိုဆိုအံ့၊ သင်နာအံ့လော”ဟု မိန့်တော်မူ၍ “ရဟန်း ..ဆိုလော့၊ နာပါအံ့”ဟု ဆိုသဖြင့် တောထွက်တော်မူသည်မှစ၍ အတိတ်ကိုဆောင်တော်မူ၏။

“ပုဏ္ဏား....ငါသည် မင်း၏စည်းစိမ်ကိုစွန့်၍ ကဏ္ဍကမြင်းသို့တက်၍ ဆန်လျှင် အဘော်ရှိသည်ဖြစ်၍ တောထွက်တော်မူသော် မာရ်နတ်သည် မြို့တံခါး၌ရပ်၍ သိဒ္ဓတ်မင်းသား....တောမထွက်လင့်၊ ပြန်လော့၊ ဤနေ့မှ ခုနစ်ရက်မြောက်၌စကြာရတနာသည်ရောက်လတ္တံ့-ဟု ဆိုသော် မာရ်နတ်.... ဤအကြောင်းကို ငါလည်းသိ၏၊ ထိုစကြာရတနာဖြင့် ငါအလိုမရှိ-ဟုဆို၏၊ထိုအခါ၌ အဘယ်အလို့ငှာသင်တောထွက်သနည်းမေး၍ သဗ္ဗညုတဉာဏ်အလို့ငှာ တောထွက်၏ ဆိုသော် ထိုသို့တပြီးကားယနေ့မှစ၍ သင်သည် ကာမဝိတက် အစရှိသည်တို့တွင် တပါးပါးကိုသင်ကြံအံ့၊ သင်အားပြုအပ်သောအမှုကို ငါသိအံ့-ဟု ဆို၍ မာရ်နတ်သည် ထိုအခါမှစ၍ ယုတ်သော အခြင်းအရာကိုရှု၍ ခုနစ်နှစ်ပတ်လုံး ငါ၏နောက်၌အရိပ်ကဲ့သို့ လိုက်၏။

ငါသည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်၍ မြတ်သောယောကျ်ား၏လုံ့လကိုမှီ၍ ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိပြီး၍ ဝိမုတ္တိချမ်းသာကိုခံစားလျက် ပဉ္စမသတ္တာဟ အဇပါလညောင်ပင်ရင်း၌နေသောအခါ မာရ်နတ်သည် ဤမျှလောက်သော ကာလပတ်လုံး ငါအစဉ်လိုက်၍ ယုတ်သောအခြင်းအရာကို ရှုသော်လည်း ဤသိဒ္ဓတ်မင်းသားအား တစုံတခုမျှ ချွတ်ယွင်းသောအမှုကို မမြင်၊ယခုအခါ၌ ဤမင်းသားသည် ငါ၏အရာကိုလွန်ပြီ-ဟု နှလုံးမသာသည်ဖြစ်၍ ခရီးမ၌ တဆယ့်ခြောက်ကြောင်းသော အရေးတို့ကို ကိုင်၍နေ၏။

ထိုအခါ၌မာရ်နတ်၏သမီးတဏှာ,ရတိ,ရာဂ၊ဤသုံးယောက်တို့သည် ယခုအခါ၌ငါတို့၏အဘကိုမမြင်ကုန်၊အဘယ်အရပ်၌ရှိလေသနည်း-ဟု ကြည့်ကုန်သော် ခရီးမ၌ ထိုအခြင်းအရာဖြင့်နေသော အဘကိုမြင်၍ ကပ်လာကုန်၍ အဘယ့်ကြောင့် ဘခင်သည် နှလုံးမသာရှိသနည်း-ဟု မေးကုန်၍ ထိုအကြောင်းကိုသမီးတို့အားကြား၏၊ သမီးတို့သည်ဆိုကုန်၏၊ ဘခင်....မကြံလင့်၊ ထိုသိဒ္ဓတ်မင်းသားကို ငါတို့သည် မိမိအလို

သို့လိုက်စေ၍ ဆောင်ကုန်အံ့-ဟု ဆိုကုန်သော် သမီးတို့····မတတ်နိုင်၊ ဤသိဒ္ဓတ်ကို တစုံတယောက်သောသူသည် အလိုသို့လိုက်စိမ့်သောငှာ မတတ်နိုင်-ဆို၏၊ ဘခင်····အကျွန်ုပ်တို့သည် ယခုအခါ၌ပင် ထိုသိဒ္ဓတ်ကိုရာဂကျော့ကွင်းအစရှိသည်တို့ဖြင့်နှောင်ဖွဲ့၍ဆောင်ကုန်အံ့၊အဘ···· မကြောင့်ကြလင့်-ဟုဆိုကုန်၍ ငါ့ဘုရားသို့ကပ်လာကုန်၍ ရှင်ရဟန်း··· သင်၏ခြေရင်း၌လုပ်ကျွေးကုန်အံ့-ဟုဆိုကုန်၏။

ငါဘုရားသည် ထိုမာရ်နတ်သမီးတို့၏စကားကို နားမထောင်၊မျက်စိတော်ကိုဖွင့်၍မျှ ထိုမာရ်နတ်သမီးတို့ကိုမကြည့်၊ တဘန်မာရ်နတ်၏ သမီးတို့သည် ယောကျ်ား၏ အလိုသည် များကုန်၏၊ အချို့သော ယောကျ်ားတို့သည် သတို့သမီးငယ်တို့၌ချစ်ကုန်၏၊ အချို့တို့သည် ပဌမအရွယ်၌တည်သော မိန်းမပျိုတို့၌ချစ်ကုန်၏၊ အချို့တို့သည်မဇ္ဈိမအရွယ်၌တည်သော မိန်းမတို့၌ချစ်ကုန်၏၊ အချို့တို့သည် ပစ္ဆိမအရွယ်၌ တည်သောမိန်းမတို့၌ချစ်ကုန်၏၊ အထူးထူးအပြားပြားတို့ဖြင့် ထိုသိဒ္ဓတ်ကို ဖြားယောင်းကုန်အံ့-ဟု တယောက်သောနတ်သမီးသည် သတို့သမီးငယ်၏အသွင်ဖြင့် အရာအရာစီသောကိုယ်ကိုဘန်ဆင်း၍, အသက်နှစ်ဆယ်အရွယ်တို့ကိုဘန်ဆင်း၍,တကြိမ်သားဘွားပြီးသော မဇ္ဈိမအရွယ်တို့ကိုဘန်ဆင်း၍ ညီအစ်မသုံးယောက်တို့သည် သုံးကြိမ်စီဖြင့် ကိုးကြိမ်တိုင်မြွတ်စွာဘုရားသို့ကပ်ကုန်၍ အရှင်ရဟန်း····သင့်ခြေရင်း၌ ငါတို့သည်လုပ်ကျွေးပါကုန်အံ့-ဟုဆိုကုန်၏။

ထိုမာရ်နတ်၏ သမီးတို့ကိုမျှ ငါသည်နှလုံးသွင်းတော်မမူ၊ သင်တို့သည်အဘယ်အကျိုးကိုမြင်၍ ဤသို့လုံ့လပြုကုန်သနည်း၊ ဖဲလေကုန်၊ ငါ၏ရှေ့မှာ ဤကဲ့သို့အမှုကို ပြုခြင်းငှာမသင့်၊ ငါ့အားရာဂအစရှိသော ကိလေသာတို့ကိုပယ်ပြီ၊ အဘယ်သို့သောအကြောင်းဖြင့် မိမိ၏အလိုသို့လိုက်စိမ့်သောငှာ တတ်နိုင်ကုန်အံ့နည်း-ဟု ဆို၍ ငါပယ်တော်မူသည်” ဟု မိန့်၏။

ဒိသွာန တဏှံ အရတိ၊ ရာဂဉ္စ နာဟောသိ ဆန္ဒော။
ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊ ပါဒါပိနံ သမုဿိတံ န ဣစ္ဆေ။

ဟူသောတရားဒေသနာကို ဟောတော်မူ၏၊ ထိုတရားတော်အဆုံး၌ ‘ပုဏ္ဏားသမီးခင်ပွန်းတို့သည် အနာဂါမိဖိုလ် ၌တည်လေကုန်၏။

မာဂဏ္ဍီအားကား"ဤရဟန်းသည် ငါ့ကိုအလိုရှိလျှင်ရှိ၏၊အလိုမရှိလျှင်မရှိ-ဟူ၍သာဆိုအပ်လျက် ငါ၏ကိုယ်ကို ကျင်ငယ်, ကျင်ကြီးဖြင့်ပြည့်သည်ကို ဤရဟန်းသည်ပြ၏"ဟု မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့၍ဖြစ်နှင့်စေ၏၊ ငါ၏အမျိုးအနွယ်,အရွယ်အဆင်း, စည်းစိမ်ချမ်းသာကိုစွဲ၍ငါကဲ့သို့သဘောရှိသောလင်ကိုရ၍ ဤရဟန်းအား ပြုအပ်သည်နှင့်ယှဉ်သည်ကိုပြုအံ့"ဟု မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၏၊မြတ်စွာဘုရားသည်ကိုယ်တော်၌ မာဂဏ္ဍီရန်ငြိုးဖွဲ့လတ္တံ့သောအဖြစ်ကို မသိသလော-ဟူအံ့၊ သိ၏၊ သိတော်မူသော်လည်း မြတ်စွာဘုရားတို့သည် သူတပါးရန်ငြိုးကို မရေတွက်မူ၍ မဂ်ဖိုလ်ရခြင်းငှာ ထိုက်ကုန်သောသူတို့၏အစွမ်းအားဖြင့်တရားကိုဟောတော်မူကုန်၏။

အနာဂါမိဖိုလ်၌တည်ပြီးသော် မိဘတို့သည်ကား ထိုမာဂဏ္ဍီကိုဘထွေး မာဂဏ္ဍိယပုဏ္ဏားအား အပ်နှင်း၍ မိမိတို့မှာ ဘုရားအထံ၌ရဟန်းပြု၍ ရဟန္တာဖြစ်လေကုန်၏၊ ဘထွေးမာဂဏ္ဍိယပုဏ္ဏားသည်လည်း ငါ၏သမီးသည် ယုတ်သောသူအား မလျောက်ပတ်၊တယောက်သောမင်းသားအား လျောက်ပတ်၏-ကြံ၍ ထိုမာဂဏ္ဍီကိုယူ၍ ပုရံတပ္ပတိုင်း ကောသမ္ဗီပြည်သို့သွား၍ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်လျက် "အရှင်မင်းကြီးအား ထိုက်သောမိန်းမရတနာ"ဟု ဆို၍ဥတေနမင်းအားဆက်လေ၏၊ ထိုဥတေနမင်းသည် မာဂဏ္ဍီကိုမြင်လျှင်အားကြီးသော ချစ်ခြင်းဖြစ်သဖြင့် အဘိသိက်သွန်း၍ မောင်းမငါးရာအခြံအရံရှိသည်ကိုပြု၍ မိဖုရားကြီးအရာ၌ထားလေ၏။

---

## ၁၇၃။ ကောသမ္ဗီပြည်သူဌေးသုံးယောက်တို့ကိုပြခြင်း

ကောသမ္ဗီပြည်၌ ဃောသိတသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိယ သူဌေး-ဟူ၍ရှိ၏၊ ထိုသူဌေးသုံးယောက်တို့သည် ဝါဆိုလပြည့်နီးသော အခါ၌ ငါးရာသော ရသေ့တို့သည် ဟိမဝန္တာမှလာ၍ ကောသမ္ဗီမြို့တွင်း၌ ဆွမ်းခံ သွားကုန်သည်ကို မြင်ကုန်၍ ကြည်ညို၍ ဆွမ်းလုပ်ကျွေး၍တောင်းပန်၍ မိုယ်းလေးလတို့ပတ်လုံး မိမိတို့အထံ၌နေစေ၍ တဘန်မိုယ်းလသို့ရောက်သောအခါ လာပြန်စိမ့်သောငှာတောင်းပန်၍ ဝန်ခံ

စေ၍ လွှတ်လိုက်ကုန်၏၊ ထိုရသေ့တို့သည် ထိုအခါမှစ၍ ဆောင်း,နွေ ရှစ်လ ဟိမဝန္တာ၌နေ၍ မိုယ်းလေးလတိုင်လျှင် ထိုသူဌေးသုံးယောက်တို့၏အထံ၌ နေကုန်၏၊ ထိုရသေ့တို့သည် နောက်အဘို့၌ ဟိမဝန္တာမှ လာကုန်သော် တောအုပ်၌ တခုသော ပညောင်ပင်သို့ရောက်၍ ထိုပညောင်ပင်ရင်း၌ နားနေကုန်၏။

ထိုရသေ့တို့တွင် အကြီးဆုံးဖြစ်သောရသေ့သည် ဤပညောင်ပင်၌ စောင့်သောနတ်သည် တန်ခိုးကြီးသည်ဖြစ်လတ္တံ့၊ဤရုက္ခစိုးနတ်သည် ဤရသေ့အပေါင်းအား သောက်ရေပေးပါသော် ကောင်းလေ၏-ဟုကြံ၏၊ထိုရုက္ခစိုးသည် သောက်ရေပေး၏၊ချိုးရေကိုကြံပြန်၏၊ ချိုးရေပေး၏၊ထို့နောင် ဆွမ်းဘောဇဉ်ပေးပါသော် ကောင်း၏-ဟုကြံပြန်၏၊ ဆွမ်းဘောဇဉ်ကိုပေး၏၊ထိုအခါ ဤရုက္ခစိုးနတ်သည် ငါတို့ကြံတိုင်းအလုံးစုံကိုပေး၏၊ဤရုက္ခစိုးနတ်ကို ငါတို့မြင်ပါရသော် ကောင်းလေစွ-ဟု ကြံပြန်၏၊ထိုရုက္ခစိုးနတ်သည် ပင်စည်ကိုထက်ခြမ်းခွဲ၍ မိမိကိုယ်ကိုပြ၏၊ထိုအခါ“ရုက္ခစိုးနတ်မြတ်…. အဘယ်ကောင်းမှုကိုပြု၍ သင်ရုက္ခစိုးသည် ဤစည်းစိမ်ချမ်းသာကိုရပေသနည်း”ဟု မေး၏။

“အရှင်ရသေ့တို့…. မမေးပါကုန်လင့်”ဟူ၍ ရုက္ခစိုးနတ်ဆိုသော် “အရှင်နတ်မင်း….ကြားပါ”ဟူ၍ဆိုပြန်သော် ရုက္ခစိုးနတ်သည် မိမိပြုသောကောင်းမှု အနည်းငယ်ဖြစ်သောကြောင့် ရှက်၍မကြားတည့်ဝံ့၊ အတန်တန်မေးဘန်များသဖြင့် “ထိုသို့တပြီးကား-နားထောင်ပါကုန်” ဟုဆို၍ “အကျွန်ုပ်သည် ရှေး၌သူဆင်းရဲအဖြစ်ဖြင့် အခစားအမှုလုပ်စရာရှာသော် သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးအိမ်၌ အခစားအမှုကိုရ၍ ထိုသူဌေးကိုမှီ၍ အသက်မွေး၏၊ ထိုရောအခါ ဥပုသ်နေ့ရောက်လတ်သော် သူဌေးသည် ကျောင်းမှလာ၍ ထိုသူရင်းငှားအား တစုံတခုပြုအံ့လော-ဟု မေး၍ ပြုပါအံ့-ဟု ဆိုသဖြင့် ထိုနေ့၌ ညစာတပြည်မျှလောက်သော ဆန်ကို ချက်စေ၏။

ထိုသူရင်းငှားသည် တနေ့ပတ်လုံး တော၌အမှုလုပ်၍ ညအခါလာသော် ထမင်းခူး၍ပေးသောအခါ အလျင်တဆောမစားမူ၍ တပါးနေ့တို့၌ ဤအိမ်၌ ထမင်းပေးလော့, ဟင်းပေးလော့-ဟု အုတ်အုတ်ကျက်ကျက်အသံဖြစ်၏၊ ယနေ့ ထိုအလုံးစုံသောသူတို့သည် အသံဆိတ်ကုန်

သည်ဖြစ်၍ အိပ်ကုန်၏၊ အကြောင်းအသို့နည်းဟုကြံ၍ ငါမှကြွင်းသော သူတို့သည် စားကုန်သလော, မစားကုန်သလောဟု စဖိုသည်ကို မေးသော် မစားကုန်ဟုဆိုသဖြင့် အဘယ်အကြောင်းကြောင့်နည်းဟု မေးသော် "ဤအိမ်၌ ဥပုသ်နေ့၌ ညစာမချက်ကုန်၊အလုံးစုံသောသူတို့သည် ဥပုသ်စောင့်ကုန်၏၊ အယုတ်သဖြင့် နို့စို့သားငယ်ရှိသော အိမ်ကျွန်မသော်လည်း သားငယ်တို့ခံတွင်းကိုဆေးစေ၍ စတုမဓုကို ခံတွင်း၌ ထည့်စေ၍ သူဌေးနှင့်အတူ ဥပုသ်သုံးသည်ကိုပြုကုန်၏၊ နံ့သာဆီမီးတို့ကိုညှိလျက် လူကြီး, လူငယ်တို့သည် ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သရဇ္ဈာယ်ကုန်၏၊ သင့်အားမူကား ဥပုသ်နေ့၏အဖြစ်ကို မပြောမိ၊ထို့ကြောင့် သင်တယောက်စာသာချက်ရသည်၊ ဤထမင်းကိုစားလော့"ဟု ဆို၏။

ယခုအခါ၌လည်း ဥပုသ်သုံးသော် ရသည်ဖြစ်ပါအံ့၊ငါလည်းဥပုသ်သုံးသည်ဖြစ်ပါအံ့ဟု သူရင်းငှါးဆိုသော် ဤအကြောင်းကို သူဌေးကြီးအားမေးလော့ဟုဆို၍ မေးလေသော် "ယခုအခါ၌မစားမူ၍ ခံတွင်းကိုဆေး၍ ဥပုသ်ဆောက်တည်သော် **ထက်ဝက်သောဥပုသ်**ကိုရ၏"ဆိုသဖြင့် ထိုသူရင်းငှားလည်း ထက်ဝက်မျှသောဥပုသ်ကိုသုံး၍နေ၏၊တနေ့ပတ်လုံး အမှုလုပ်၍ ဝတ်မွတ်ဆာလောင်သဖြင့် လေတို့သည် တက်ကုန်၏၊ ထိုသူရင်းငှားသည် ကြိုးဖြင့်ဝမ်းကိုစည်း၍ ကြိုးစွန်းကိုကိုင်၍ လူးလဲ၏။

သူဌေးသည် ထိုအကြောင်းကို ကြား၍ မီးရှူးထွန်းလျက် စတုမဓုကို ယူ၍လာပြီးလျှင် "ချစ်သား....အဘယ်သို့ ရှိသနည်း" ဟု မေးသော် အကျွန်ုပ်အား လေတက်သည်ဆိုသောကြောင့် ဤဆေးကိုစားလော့ဟု ဆိုလျှင်"အရှင်သူဌေးတို့စားကုန်သလော" မေး၍ "ငါတို့အား မချမ်းသာခြင်းသည်မရှိ၊သင်သည်စားလော့"ဟု ဆိုသော် "အရှင်ဥပုသ်သုံးပါသည်၊ တနေ့ပတ်လုံးမတတ်နိုင်မူ၍ နေ့ထက်ဝက်မျှသော ဥပုသ်ကံသည် ချို့တဲ့သည်မဖြစ်စေသတည်း"ဟု မစားဘဲနေ၍ ဤသို့မပြုလင့်ဟု အထပ်ထပ်ဆိုသော်လည်း မစားမူ၍ အရုဏ်တက်သောအခါ၌ စုတေ၍ ဤပညောင်ပင်၌ ရုက္ခစိုးနတ်ဖြစ်ရ၏-ဟု အကြောင်းကိုကြားဆို၍ "ရှင်ရသေ့တို့..အနာထပိဏ်သူဌေးသည်ရတနာသုံးပါး ဘုရား,တရား,

သံဃာ၌မြတ်နိုး၏၊ထိုသူဌေးကိုမှီ၍ ထက်ဝက်မျှသောဥပုသ်ကံ၏အကျိုး ဆက်ဖြင့် ဤစည်းစိမ်ကို အကျွန်ုပ်သည်ရ၏''ဟု ဆို၏။

ဘုရားဟူသောစကားကိုကြား၍ ထိုငါးရာသောရသေ့တို့သည် ရုက္ခ စိုးနတ်ကိုလက်အုပ်ချီ၍''အရှင်ရုက္ခစိုး…ဘုရားဟူ၍ဆိုသလော''ဟုမေး ၍''ဘုရားဟုဆို၏''ဟု သုံးကြိမ်မြောက်ခွင့်ပြုစေ၏၊ ထိုရုက္ခစိုးနတ်သည် လည်း ဤဘုရားအဖြစ်မည်သည်ကို လောက၌ အလွန်ရခဲစွာ၏ဟု ဝမ်း မြောက် ဝမ်းသာစကားကိုဆိုသောကြောင့် ''နတ်မင်း‥ နတ်မင်းသည် ငါတို့အား တသိန်းမက များစွာသောကမ္ဘာတို့၌ မကြားဘူးသော ဘုရားဟူသောစကားကို ကြားပေ၏''ဟုဆိုကုန်၍ တပည့်ရသေ့တို့သည် ဆရာကို ဤသို့ဆိုကုန်၏၊ ''ဘုရားထင်ရှား ရှိပြီတကား၊ဆရာ····ငါတို့ သည် မြတ်စွာဘုရားအထံသို့သွားကုန်အံ့''ဟုဆိုသော်''ချစ်သားတို့···· သူဌေးသုံးယောက်တို့သည်ရှိ၏၊ထိုသူဌေးတို့အိမ်၌ ဆွမ်းခံ၍ ထိုသူဌေးတို့ အား ကြား၍ သွားကုန်အံ့၊ သည်းခံလော့''ဟု ဆရာဆို၍ သည်းခံ၍ မိုးသောက်သောနေ့၌ သူဌေးသုံးယောက်တို့သည် ယာဂုဆွမ်းတို့ကို ပြည့်စုံစေ၍နေရာတို့၌နေရာခင်းစေ၍ ယနေ့သည် အရှင်ရသေ့ငါးရာတို့ လာအံ့သော နေ့တည်းဟုသိ၍ ခရီးဦးကြိုဆို၍ ရသေ့တို့ကို ခင်းသော နေရာ၌ နေစေ၍ ဆွမ်းလုပ်ကျွေး၏။

ဆွမ်းစားကုန်ပြီးသော် ''သူဌေးတို့····ငါတို့သည် သွားကုန်အံ့'' ဟု ရသေ့တို့ဆိုကုန်သော် ''အရှင်ဘုရားတို့သည် မိုယ်းလေးလပတ် လုံး အကျွန်ုပ်တို့သည် ယူအပ်သော ဝန်ခံခြင်းရှိကုန်၏၊ ယခုအဘယ် အရပ်သို့ သွားကုန်အံ့နည်း'' ဟု သူဌေးတို့လျှောက်ကုန်သော် ''သူဌေး တို့····လောက၌ဘုရားသည် ထင်ရှားဖြစ်၏၊ တရားသည်၎င်း, သံဃာ သည်၎င်း ထင်ရှားဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားအထံသို့ သွား ကုန်အံ့''ဟု ဆိုကုန်သော် ''အသို့နည်းအရှင်တို့····မြတ်စွာဘုရားအထံ သို့ အရှင်တို့သာ သွားအပ်သလော''ဟု မေး၏။

''ဒါယကာတို့····တပါးသောသူတို့အားလည်း မမြစ်အပ်''ဟု ဆို ကုန်သော်''အရှင်တို့····ငံ့ပါကုန်ဦး၊ အကျွန်ုပ်တို့သည် ကံကျွေးရိက္ခာ စီရင်၍ လိုက်ပါအံ့'' ဟုဆိုသော် ''သင်တို့ကံကျွေးရိက္ခာ စီရင်ကုန်

သော် ငါတို့အား ကြာမြင့်ကုန်လတ္တံ့၊ ငါတို့သည် ရှေးဦးစွာ သွားနှင့်ကုန်အံ့၊ သင်တို့နောက်လာကုန်လော့'' ဟု ဆို၍ ရသေ့တို့ သွားကုန်၍ မြတ်စွာဘုရားအထံသို့ရောက်၍ မြတ်စွာဘုရားကိုရှိုးမွှမ်း၍ ရှိခိုး၍ တင့်အပ်သောအရပ်၌ နေကုန်သောရသေ့တို့အား ဘုရားမြတ်စွာသည် စကားအစဉ်ကို ပြောဆိုတော်မူ၍ တရားဟောတော်မူသော အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရသေ့ငါးရာတို့သည် ရောက်ကုန်၍ ရဟန်းအဖြစ်ကို တောင်းပန်သဖြင့် ''ဧထဘိက္ခဝေါ''စသည်ဖြင့်ခေါ်တော်မူ၍ **ဧဟိဘိက္ခု** ရဟန်းချည်းဖြစ်ကုန်၏။

ထိုသူဋ္ဌေးသုံးယောက်တို့သည် ငါးရာ ငါးရာစီသော လှည်းတို့ဖြင့် အဝတ်, ပုဆိုး, ခဲဘွယ်, ဘောဇဉ်, ထောပတ်, ပျား, တင်လဲတို့ကိုငင်း၊ ထမင်းအိုး, ဟင်းအိုး အစရှိသည်တို့ကိုငင်း ယူလာကုန်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်အနီး၌လှည်းစိုင်းဖွဲ့၍ မြတ်စွာဘုရားသို့ကပ်၍ ရှိခိုးသော် တရားဟောတော်မူ၏၊ တရားဒေသနာတော်အဆုံး၌သောတာပတ္တိဖိုလ်၌ တည်လေကုန်ပြီး၍ လခွဲ၌အလှူပေးလျက် မြတ်စွာဘုရားအနီး၌နေ၍ ကောသမ္ဗီသို့ ကြွလာစိမ့်သောငှာ တောင်းပန်၍ မြတ်စွာဘုရားသည် ပဋိညာဉ်ပေးသဖြင့်''သူကြွယ်တို့…. ဘုရားတို့မည်သည်ဆိတ်ငြိမ်ရာ၌မွေ့လျော်ကုန်၏''ဟုဆိုသော်''သိပါပြီ အရှင်ဘုရား….အကျွန်ုပ်တို့ကြားလျှောက်လာစေသောအခါ ကြွတော်မူပါ'' ဟုလျှောက်ကုန်၍ ကောသမ္ဗီသို့ပြန်၍ ဃောသိတ သူဋ္ဌေးသည် **ဃောသိတာရုံကျောင်း** ကို, ကုက္ကုဋသူဋ္ဌေးသည် **ကုက္ကုဋာရုံကျောင်းကို**, ပါဝါရိကသူဋ္ဌေးသည် **ပါဝါရိကာရုံကျောင်း** ကိုဆောက်ကုန်၏။

ထို သူဋ္ဌေးတို့သည် ကျောင်းပြီးကုန်သော် မြတ်စွာဘုရားကြွလာစိမ့်သောငှာ အပင့်စေလိုက်ကုန်၏၊ မြတ်စွာဘုရားသည် ထိုပင့်လျှောက်လာသောသူတို့၏ စကားကိုကြားလျှင် ကောသမ္ဗီပြည်သို့ ကြွတော်မူလေ၏၊ သူဋ္ဌေးတို့သည် ခရီးဦးကြိုဆိုကုန်၍ ကျောင်းကို အပ်လှူကုန်၍ အလှည့်အလှည့်အားဖြင့် မြတ်စွာဘုရားကို လုပ်ကျွေးကုန်၏၊ မြတ်စွာဘုရားသည် တနေ့တနေ့စီ တကျောင်း တကျောင်း၌ နေတော်မူ၍ အကြင်သူဋ္ဌေးကျောင်း၌ နေတော်မူ၏၊ ထိုသူဋ္ဌေးအိမ်၌ ဆွမ်းဘုဉ်းပေးတော်မူ၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ကိုးခုမြောက်သောဝါ၌

ကောသမ္ဗီပြည် ဃောသိတသူဌေး, ကုက္ကုဋသူဌေး,ပါဝါရိက သူဌေး၊ ဤသုံးယောက်တို့၏ အလုပ်အကျွေးတို့ကိုခံတော်မူလျက် ဝါဆိုတော်မူ၏။

ကောသမ္ဗီပြည်၌ ကိုးဝါမြောက်ဝါမဆိုမီ ဇေတဝန်ကျောင်းတော်၌နေစဉ် ကဆုန်လပြည့်နေ့၌ သိဟိုဠ်ကျွန်း ကလျာဏီအရပ်၌နေသော မဏိအက္ခိ နဂါးမင်းပင့်လျှောက်လာ၍ သံဃာတော် ငါးရာနှင့်တကွ သိဟိုဠ်ကျွန်း သို့ကြွတော်မူ၍ ကလျာဏီအရပ်၌ နဂါးတို့ ဖန်ဆင်းသော မဏ္ဍပ်သို့ ဝင်တော်မူ၍ နဂါးမင်းတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား နတ်ဆွမ်းဖြင့်လုပ်ကျွေးကုန်၏၊မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် တရားဟောတော်မူ၏၊ "နဂါးမင်းတို့....သတ္တဝါအပေါင်းတို့အား မေတ္တာမျှစေကုန်၊ အမျက်ဒေါသကို လျှော့ညံ့ကုန်၊ သံသရာဝဋ်မှ ထွက်မြောက်လွယ်အံ့သောအကြောင်းကို လုံ့လပြုကုန်" ဟုဆုံးမတော်မူ၍ သုမနဂုတ္တတောင်ထိပ်၌လက်ျာခြေတော်ရာထားခဲ့၏၊ အဘယ့်ကြောင့် ထားတော်မူခဲ့သနည်း ဟူတုံအံ့၊ သိဟိုဠ်ကျွန်းသို့ သုံးခေါက်ကြွတော်မူသည်ကို လူ,နတ်တို့အား သိစေခြင်းငှာ ထားတော်မူခဲ့သတည်း။

"သိဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ်သာသနာတော်ကို ဆောင်လတ္တံ့၊ မဟိန္ဒမထေရ်သည် သုမနသာမဏေကို တာဝတိံသာ၌ သိကြားမင်း စူဠာမဏိစေတီခုံ၌ ဌာပနာသော ငါ၏လက်ျာညှပ်ရိုးတော်ကို တောင်းစေ၍ ဒေဝါနံပိယတိဿမင်းအားနှင်း၍ ဌာပနာလတ္တံ့၊ ကာကဝဏ္ဏမင်း၏သား အဘယဒုဋ္ဌဂါမဏိမင်းသည် အစောက်အတောင်ရှစ်ရာ့ ရှစ်ဆယ်မြင့်သော စေတီတည်၍ ဓာတ်တော်ကို ဌာပနာလတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏၊ သုမနဂုတ္တတောင်ထိပ်၌ ဖလသမာပတ်ဝင်စားတော်မူ၏၊ ဒီဃဝါပိအရပ်, မဟာမေဃဝန်အရပ်, ဒက္ခိဏာသာခါ ဗောဓိတည်မည့်အရပ်,မဟာစေတီတည်မည့်အရပ်, ထူပါရုံတည်မည့်အရပ်, မနောသိလာစေတီ တည်မည့်အရပ်၊ ဤအရပ်တို့သို့လည်း သံဃာတို့နှင့်တကွ ကြွတော်မူ၍ ဖလသမာပတ်ဝင်စားပြီးမှ ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့၏။

[ဤမျှသော စကားအစဉ်သည်ကား ရှစ်ဝါဆိုတော်မူပြီးသည်မှစ၍ ကောသမ္ဗီပြည်၌ ကိုးဝါမြောက် ဝါဆိုတော်မူသည် တိုင်အောင်သော စကားအစဉ်တည်း။]

# ၁၈၄။ သာမာဝတီ ၊ မာဂဏ္ဍီတို့ အကြောင်းကို ပြခြင်း

ကောသမ္ဗီပြည်၌ ကိုးဝါမြောက်ဝါဆိုတော်မူသောအခါ "အဟံနာဂေါဝသင်္ဂါမေ" အစရှိသော တရားဒေသနာကို ကိုယ်တော်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အဘယ်ကဲ့သို့ အကြောင်းပြုသနည်း ဟူမူကား–ကောသမ္ဗီပြည်၌ ဥတေနမင်းကြီးအား ဝါသုလဒတ္တာဒေဝီ, မာဂဏ္ဍီ,သာမာဝတီဟူ၍မိဖုရားသုံးယောက်တို့သည်ရှိကုန်၏၊ထိုမိဖုရားတို့အား မောင်းမအခြံအရံငါးရာစီရှိကုန်၏၊ ထိုမိဖုရားတို့အား ဥတေနမင်းကြီးသည် ပန်းဘိုး တနေ့ ရှစ်သပြာပေး၏၊ သာမာဝတီသည် ဃောသိတစသော သူဌေးသုံးယောက်တို့၏ အလုပ်အကျွေး ဖြစ်သော သုမနပန်းသည်အိမ်သို့ မိမိအခြံအရံ မောင်းမငါးရာတို့တွင် ခုဇ္ဇုတ္တရာ အမည်ရှိသော မောင်းမယယ်ကိုစေ၍ ရှစ်သပြာရှစ်သပြာတို့ဖြင့် မြတ်လေးပန်းပွင့်တို့ကိုဝယ်စေ၏၊ခုဇ္ဇုတ္တရာသည်လည်း နေ့တိုင်းနေ့တိုင်း ထိုရှစ်သပြာတို့တွင် လေးသပြာကိုမိမိအဘို့ယူ၍ လေးသပြာဖြင့်သာမိဖုရားဘို့ဝယ်၏။

ထိုသုမနပန်းသည်သည် သူဌေး သုံးယောက်တို့ကို ဤသို့ ဆို၏၊ "အကျွန်ုပ်သည် အရှင်သူဌေးတို့အား ရှည်စွာသော နေ့ညဥ့်ပတ်လုံး ကျေးဇူးပြုပါ၏၊ မြတ်စွာဘုရားကို အကျွန်ုပ်သည် ဆွမ်းလှူလိုပါ၏၊ အကျွန်ုပ်အား တနေ့မျှ မြတ်စွာဘုရားကို ပေးပါ"ဟု ဆို၏၊ သူဌေးတို့လည်း "ထိုသို့ဆွမ်းကျွေးလိုမူ အချင်း····နက်ဖြန်ကျွေးလော့"ဟု ဆိုကုန်၏၊ သုမနလည်း ကောင်းပြီဟု မြတ်စွာဘုရားကို ဘိတ်မန်၍ ပူဇော်သက္ကာရကိုစီရင်၏၊ ထိုအခါ ပန်းဝယ်လာသော ခုဇ္ဇုတ္တရာကို သုမနသည်ဆို၏၊ "ယနေ့ငါသည် မြတ်စွာဘုရားကို ဆွမ်းကျွေးပါမည်၊ အဦးဖြစ်သော ပန်းတို့ဖြင့် ဘုရားကို ပူဇော်ပါအံ့၊သင်ငံ့ပါဦး၊ဆွမ်းလုပ်ကျွေးရာ၌ အဘော်ဖြစ်၍ တရားနာပါဦး၊ကြွင်းသော ပန်းတို့ကိုယူ၍ သွားရလတ္တံ့"ဟု ဆို၏၊ ခုဇ္ဇုတ္တရာလည်း ကောင်းပြီဟု ဝန်ခံ၍သုမနပန်းသည်သည် ဘုရားအမှူးရှိသော သံဃာကို ဆွမ်းလုပ်ကျွေးပြီးသော် မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာတရား ဟောတော်မူ၏၊ ခုဇ္ဇုတ္တရာသည် တရားဟောတော်မူသော အဆုံး၌ သောတာပတ္တိဖိုလ်၌တည်လေ၏။

ခုဇ္ဇုတ္တရာသည် တပါးသောနေ့တို့၌ လေးသပြာကို မိမိတို့ယူ၍ လေးသပြာဖြင့်သာဝယ်၍ တတုမ္ဗမျှလောက်သော ပန်းကိုယူ၍သွား၏၊ ထိုနေ့၌ကား ရှစ်သပြာလုံးဖြင့်ဝယ်၍ နှစ်တုမ္ဗမျှလောက်သော ပန်းကို ယူ၍ သာမာဝတီအား ဆက်လေသော် သာမာဝတီဆို၏၊ "အမိ ခုဇ္ဇုတ္တရာ····ယနေ့မင်းကြီးသည် ငါတို့အား နှစ်ဆတက်သော ပန်းဘိုးကို ပေးသလော"ဟု ဆို၏၊ "အရှင်မ···· မပေး"ဟု ဆိုသော် "အမယ်····ထိုသို့မပေးလျက် အဘယ့်ကြောင့် တပါးသောနေ့တို့ထက် နှစ်ဆတက်ပန်းပွင့်များလေသနည်း"ဟုမေး၏၊ "အရှင်မ···တပါးသော နေ့တို့၌ လေးသပြာကို အကျွန်ုပ်ယူ၍ လေးသပြာတို့ဖြင့်သာ ဝယ်ပေ သည်ဆိုသော် "ယနေ့အဘယ်ကြောင့် သင်မယူသနည်း" မေးပြန်၍ "ယနေ့မြတ်စွာဘုရားတရားတော်ကို နာရ၍ မဂ်ဖိုလ်တရားကိုရသော ကြောင့် မယူသည်"ဟု လျှောက်၏။

ထိုအခါ ခုဇ္ဇုတ္တရာကို "ဟယ်ကျွန်မပျက်···· ဤမျှလောက်သော ကာလပတ်လုံး တနေ့လေးသပြာစီယူသော ငါ့ပန်းဘိုးကို တွက်၍ ပေး လော့"ဟု တောင်းကောင်းလျက် မတောင်းမူ၍ "အမိခုဇ္ဇုတ္တရာ··· သင်ရအပ်သောတရားအမြိုက်ကို ငါတို့ကိုလည်း သောက်ပါစေလော့" ဆို၍ "အရှင်မ···· ထိုသို့ကြားနာလိုတပြီးကား အကျွန်ုပ် ရေချိုးပါရ စေဦး"ဆို၍ တဆယ့်ခြောက်လုံးသော နံ့သာရေတို့ဖြင့် ချိုးစေ၍ ချောညှံ့ ပြေပြစ်သော အဝတ်နှစ်ထည်ကိုပေးသဖြင့် တထည်ကို ဝတ်၍ တထည် ကို ပခုံးတဘက်ရုံတင်၍ ခင်းအပ်သောနေရာ၌နေ၍ ဆန်းကြယ်သော ယပ်ကိုကိုင်၍ မာတုဂါမ ငါးရာတို့ကိုခေါ်၍ မြတ်စွာဘုရားဟောတော် မူသောနည်းဖြင့် တရားဟော၏၊ ခုဇ္ဇုတ္တရာဟောသော တရားကိုကြား၍ သာမာဝတီအမှူးရှိသော ငါးရာသောမောင်းမတို့သည် သောတာပတ္တိ ဖိုလ်၌ တည်လေ၏။

ထိုအလုံးစုံသော မိဖုရားမောင်းမတို့သည် ခုဇ္ဇုတ္တရာကို ရှိခိုး၍ "အမယ်ခုဇ္ဇုတ္တရာ····ယနေ့မှစ၍ အမယ်သည် ညစ်ညူးသောအမှုကို မပြုပါလင့်၊ငါတို့၏ အမိအရာ၌တည်လျက် မြတ်စွာဘုရားထံသို့နေ့တိုင်း သွား၍ မြတ်စွာဘုရားဟောသော တရားကိုနာခဲ့၍ ငါတို့အားဟောပါ လော့"ဟုဆိုကုန်၏၊ ခုဇ္ဇုတ္တရာသည် ထိုသို့ဆိုတိုင်းပြု၏၊ နောက်အခါ၌

ခုဇ္ဇုတ္တရာသည် ပိဋကတ်သုံးပုံကို ဆောင်သဖြင့် မြတ်စွာဘုရားသည် "ချစ်သား ရဟန်းတို့...အကြားအမြင်များကုန်သောတရားဟောတတ်ကုန်သော ငါ၏တပည့်သားမိန်းမတို့တွင် ဤခုဇ္ဇုတ္တရာသည်မြတ်၏"ဟု ဧတဒဂ်ထားတော်မူ၏၊မြတ်စွာဘုရားအလုပ်အကျွေးသီတင်းသည်ငါးရာတို့နှင့်တကွ ဥပါသိကာမနှစ်ယောက်တို့တွင် ခုဇ္ဇုတ္တရာသည် လက်ဝဲရံ အလုပ်အကျွေးဒါယိကာမတည်း။

သာမာဝတီအမှူးရှိသော ထိုငါးရာသော မာတုဂါမတို့သည် "အမိ ခုဇ္ဇုတ္တရာ....ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုပါကုန်သည်၊မြတ်စွာဘုရားကိုငါတို့အားပြပါ၊ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ပါကုန်အံ့" ဟု ဆိုကုန်သော်"အရှင်မတို့....မင်းအိမ်မည်သည်ကား ဝန်လေးသည်၊ သင်တို့ကိုယူ၍ အပသို့သွားအံ့သောငှါလည်း မတတ်ကောင်း" ဟု ခုဇ္ဇုတ္တရာဆိုသဖြင့်"အမိ....ငါတို့ကိုမဖျက်ဆီးပါလင့်၊ ဘုရားကိုသာပြပါလော့"ဟုဆိုကုန်သောကြောင့် "ထိုသို့တပြီးကား-သင်တို့၏ နေရာတိုက်နံရံတို့၌ အကြင်မျှလောက်သော အပေါက်ဖြင့် ကြည့်လောက်၏၊ ထိုမျှလောက်သော အပေါက်ဖောက်၍ ပန်းနံ့သာတို့ကို ယူဆောင်၍ သူဌေးသုံးယောက်တို့အိမ်သို့ ဆွမ်းစားကြွသော မြတ်စွာဘုရားကို ထိုအပေါက်ရှိရာ၌ရပ်၍ ဖူးမြင်ကုန်၊ လက်တို့ကိုဆန့်၍ရှိခိုးကုန်၊ ပူဇော်ကုန်"ဟု ခုဇ္ဇုတ္တရာဆို၍ သာမာဝတီနှင့်တကွ မောင်းမငါးရာတို့သည် ထိုဆိုတိုင်းပြုကုန်၍ သူဌေးတို့အိမ်သို့ ကြွသွားသော ဘုရားကို၎င်း, သူဌေးအိမ်မှကြွလာသောဘုရားကို၎င်း ရှိခိုးပူဇော်ကုန်၏။

ထိုရောအခါ တနေ့သ၌ မာဂဏ္ဍီသည် မိမိပြာသာဒ်မှ ထွက်၍ ထိုသာမာဝတီမိဖုရားတို့၏ နေရာသို့သွား၍ တိုက်နံရံတို့၌ အပေါက်တို့ကို မြင်၍ "ဤအပေါက်များကို အဘယ်အလို့ငှါ ဖောက်သနည်း"ဟု မာဂဏ္ဍီမေးသော် ထိုမာဂဏ္ဍီ၏ မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့သော အဖြစ်ကို ထိုမောင်းမ မိဖုရားတို့သည် မသိကုန်၍ မြတ်စွာဘုရားသည် ဤမြို့တွင်းသို့ ကြွလာသောအခါ ငါတို့ဤ၌ရပ်၍ မြတ်စွာဘုရားကို ဖူးမြင်ကုန်၏၊ ပူဇော်ကုန်၏" ဟုဆိုကုန်သော် "ဪ— ရဟန်း ဂေါတမ ဤမြို့သို့ လာသည်တကား၊ ယခုအခါ ထိုရဟန်း ,

ဂေါတမီအား ပြုအပ်သည်ကိုသိရအံ့၊ ဤမိန်းမတို့သည်လည်းရဟန်းဂေါတမ၏ အလုပ် အကျွေးဖြစ်ကြကုန်သည်၊ ဤမိန်းမ တို့အားလည်းပြုအပ်သည်ကိုသိရအံ့''ဟုကြံ၍ ဥတေနမင်းကြီးအား''မြတ်သောမင်းကြီး····သာမာဝတီ အမှူးရှိသောငါးရာသောမိန်းမတို့သည် အပဉ်တောင့်တခြင်းရှိ၏၊ နှစ်ရက် သုံးရက်ဖြင့် အရှင်မင်းကြီး၏ အသက်ကိုဆောင်ကုန်လတ္တံ့''ဟု ကြား၏။

မင်းကြီးလည်း''ထိုမိန်းမတို့သည် ဤသို့သဘောရှိသော အမှုကိုမပြုလတ္တံ့''ဟု မယုံ၊အဘန်တလဲလဲ ဆိုသော်လည်း မယုံသည်သာတည်း၊ ထိုရောအခါသုံးကြိမ်မြောက်ဆို၍ မယုံလိုသောမင်းကြီးကို ''အရှင်မင်းကြီး····အကယ်၍ အကျွန်ုပ်ကို မယုံအံ့၊ ထိုမိန်းမတို့၏ နေရာသို့သွား၍ စူးစမ်းပါလော့''ဟု ဆိုသဖြင့် သွား၍ကြည့်သော် တိုက်နံရံပေါက်တို့ကိုမြင်၍''ဤအပေါက်သည် အဘယ်အပေါက်နည်း'' မေး၍အကြောင်းကိုကြားလျှောက်သော် မိဖုရားမောင်းမတို့အား အမျက်မထွက်မူ၍ တစုံတခုမျှမဆိုဘဲ အပေါက်တို့ကိုသာပိတ်စေ၍ အလုံးစုံသောအခန်းတို့၏ အထက်၌ လေသာပြတင်းတို့ကို ဖောက်ပြုစေ၏၊ ကောသမ္ဗီပြည်၌ ဥတေနမင်း၌ မိဖုရားသာမာဝတီတို့လက်ထက် နေရာအခန်းတိုက်၌ လေသာပြတင်းဖောက်ခြင်းသည်အစဖြစ်၏။

မာဂဏ္ဍီသည် သာမာဝတီတို့အား တစုံတခုပြုခြင်းငှါ မတတ်နိုင်၍ရဟန်းဂေါတမအား ပြုအပ်သည်ကိုသိအံ့-ဟု ပြည်သူတို့အား တံစိုးလက်ဆောင်ပေး၍ ''မြို့တွင်းသို့ဝင်၍ သွားသော ရဟန်းဂေါတမကိုကျွန်အမှုလုပ်ယောကျ်ားတို့ကို ဆဲရေးဆိုမြည်ပြေးစေလော့''ဟု ဆို၏၊ ရတနာသုံးပါး၌မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိအမျိုးတို့သည် မြို့တွင်းသို့ဝင်သော မြတ်စွာဘုရားကို အစဉ်လိုက်၍ ''သင်သည်ခိုးသူ, သင်သည်အမိုက်,သင်သည်တွေဝေ၏၊ သင်သည်ကုလအုပ်ဖြစ်၏၊ သင်သည်နွားဖြစ်၏၊သင်သည်မြည်းဖြစ်၏၊သင်သည်ငရဲသူဖြစ်၏၊ သင်သည်တိရစ္ဆာန်ဖြစ်၏၊ သင့်အားကောင်းသော အလားသည်မရှိ၊ သင့်အားမကောင်းသော အလားကိုသာ အလိုရှိအပ်၏၊''ဤသို့ဆယ်ပါးသောဆဲရေးခြင်းဝတ္ထုတို့ဖြင့် ဆဲရေးကုန်၏၊ အထပ်ထပ်ဆိုကုန်၏။

ထိုသို့ဆဲရေးဆိုမြည်သည်ကိုကြား၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို''ဘုန်းတော်ကြီးသောအရှင်ဘုရား…ဤသူတို့သည်အကျွန်ုပ်တို့ကိုဆဲရေးဆိုမြည်ကုန်သည်၊ ဤမြို့မှတပါးသောအရပ်သို့သွားကုန်အံ့'' ဟုလျှောက်သော်''အာနန္ဒာ‥အဘယ်အရပ်သို့သွားအံ့နည်း''ဟု မေးတော်မူသဖြင့်''အရှင်ဘုရား‥မြို့တပါးသို့သွားပါအံ့''ဟုလျှောက်သော်''အာနန္ဒာ….ထိုမြို့၌ လူတို့ဆဲရေးပြန်ခဲ့သော် အဘယ်သို့သွားပါကုန်အံ့နည်း''ဟု မေးတော်မူသဖြင့် ''အရှင်ဘုရား….ထိုမြို့မှ တပါးသောမြို့သို့သွားပါအံ့''ဟု လျှောက်သော် ''ထိုမြို့၌လည်းလူတို့သည် ဆဲရေးပြန်သော် အဘယ်သို့ သွားကုန်အံ့နည်း အာနန္ဒာ''ဟု မေးတော်မူပြန်၍''ထိုမြို့မှလည်း တပါးသောမြို့သို့ပင် သွားကုန်အံ့ အရှင်ဘုရား''ဟု လျှောက်သဖြင့်—

''အာနန္ဒာ….ဤကဲ့သို့ ပြုအံ့သောငှာမအပ်၊ အကြင်အဓိကရုဏ်းသည်အကြင်အရပ်၌ဖြစ်၏၊ ထိုအဓိကရုဏ်းသည် ထိုဖြစ်ရာအရပ်၌ငြိမ်းပြီးသော်မှ တပါးသောအရပ်သို့သွားအပ်၏၊ အာနန္ဒာ….ထိုဆဲရေးသောသူတို့သည်အဘယ်သူများတို့နည်း'' မေးတော်မူ၍''အရှင်ဘုရား‥ကျွန်အမှုလုပ်တို့မှစ၍ အားလုံးသောသူတို့သည် ဆဲရေးကုန်၏'' ဟုလျှောက်သော် ''အာနန္ဒာ…ငါဘုရားသည် စစ်မြေရန်သူဘောင်သို့ဝင်သောဆင်ပြောင်ကြီးနှင့်တူ၏၊ စစ်မြေသို့သက်သော ဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှလာသောမြှားတို့ကိုမကြောက်မရွံ့ သည်းခံအံ့သောငှာဝန်ဖြစ်သကဲ့သို့ထို့အတူ များစွာကုန်သောဒုဿီလတို့သည် ဆဲရေးဆိုမြည်သောစကားတို့ကိုသည်းခံခြင်းမည်သည် ငါ၏ဝန်တည်း'' ဟု မိန့်တော်မူ၍ ကိုယ်တော်ကိုအကြောင်းပြု၍—

အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။ ။

ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယော တိဝါကျံ တိတိက္ခတိ။ ။

ဝရာ အဿတရာ ဒန္တာ၊ အာဇာနေယျာစ သိန္ဓဝါ။
ကုဉ္ဇရာစ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

ဟူသောတရားဒေသနာတော်ကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ တံစိုးလက်ဆောင်ယူ၍ ခရီးမ,ခရီးကွေ့တို့၌ နေလျက်ဆဲရေးကုန်သော သူအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

---

## ၁၈၅။ ကောသမ္ဗီရဟန်းတို့အဓိကရုဏ်းကြောင့် တော၌ဒသဖဝါကပ်တော်မူခြင်း

ဤသို့အစရှိသောတရားတို့ကို ကောသမ္ဗီပြည်၌ ကိုးဝါမြောက်ဝါဆိုတော်မူလျက် ဟောတော်မူသဖြင့် မြတ်စွာဘုရားသည် လူနတ်တို့အားအကျွတ်တရားပေးတော်မူ၏၊ဝါကျွတ်သောအခါဒေသစာရီလှည့်လည်တော်မူခိုက် ကောသမ္ဗီပြည်ဃောသိတာရုံကျောင်းတော်၌ငါးရာ,ငါးရာ ဓိတပည့်အခြံအရံရှိကုန်သော ဝိနယဓရ,ဓမ္မကထိက ရဟန်းနှစ်ယောက်တို့သည်နေရစ်ကုန်၏၊ ထိုနေ့သ၌ ဓမ္မကထိကရဟန်းသည် ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍ သန့်သက်ဒံ၌သန့်သက်ရေကျန်ကို ခွက်၌ထား၍ထွက်၏၊ နောက်၌ဝိနယဓရရဟန်းဝင်လေသော် ထိုရေကြွင်းကိုမြင်၍ထွက်ခဲ့၍ "သင်သည်ရေကိုအကြွင်းထားအပ်သလော"ဟု ဓမ္မကထိကကိုမေးသော် "ထား၏အရှင်ဘုရား"ဟုဆို၍ ဤသို့ထားရာ၌ အာပတ်သင့်သည်ကိုသင်မသိသလော"ဟု ဝိနယဓရကမေး၍"မသိပါ"ဟု ဆိုလျှင် "ငါ့ရှင်····မသိသည်ဖြစ်စေ၊ဤသို့ရေကြွင်းထားလျှင်အာပတ်သင့်၏"ဟု ဝိနယဓရဆိုသောကြောင့်"အာပတ်ကိုဒေသနာကြားပါအံ့"ဟု ဓမ္မကထိကဆိုလျှင် "ငါ့ရှင်····သင်သတိမေ့လျော့သဖြင့် စေတနာမရှိမူ၍ပြုမိသော် အာပတ်ကိုဒေသနာကြားဘွယ်ကိစ္စမရှိ"ဟုဆို၏။

ဝိနယဓရသည်အာပတ်သင့်၏ဆိုပြီးလျက် အာပတ်မသင့်ဟူ၍အယူဖြစ်ပြန်၏၊ ထိုဝိနယဓရသည် မိမိတပည့်တို့အား"ဤဓမ္မကထိကသည် အာပတ်သင့်သည်ကိုမျှ သင့်မှန်းမသိ"ဟုပြောဆို၏၊ ထိုတပည့်တို့သည် ဓမ္မကထိက၏တပည့်တို့အား"သင်တို့၏ဥပဇ္ဈာယ်သည် အာပတ်သင့်၍

မျှလည်း အာပတ်သင့်မှန်းမသိ-ဟု ငါတို့ဆရာဆိုသည်'' ပြောကုန်၏၊ ထိုဓမ္မကထိကတပည့်တို့သည် မိမိတို့၏ဆရာ ဓမ္မကထိကထံသို့သွား၍ ကြားလေကုန်သော် ''ငါ့ရှင်တို့....ဤဝိနယဓရသည် ရှေး၌ အာပတ်မသင့်ဆိုပြီး၍ ယခုအာပတ်သင့်၏ဆိုပြန်သည်၊ဤဝိနယဓရသည် မုသားဆိုသည်''ဟုဆို၏၊ တပည့်တို့သည် သွား၍ ဝိနယဓရ၏ တပည့်တို့အား ''သင်တို့၏ဆရာသည် မုသားဆို၏''ဟု ဆိုကုန်၏။

အချင်းချင်း ဤသို့ဆိုကြသဖြင့် ထိုသံဃာနှစ်စုတို့အငြင်းအခုံဖြစ်ပွားကုန်၏၊ နောက်အခါ ဝိနယဓရသည် အခွင့်ကိုရ၍ ဓမ္မကထိကအား အာပတ်ကို မရှုလိုခြင်းကြောင့် ဥက္ခိတ္တကကံကိုပြု၏၊ ထိုဥက္ခိတ္တကကံပြုသည်မှစ၍ ထိုရဟန်းတို့၏ပစ္စည်းလေးပါးဒါယကာတို့သည်၎င်း,အလုပ်အကျွေးဒါယကာတို့သည်၎င်း နှစ်စုကွဲကုန်၏၊ ထိုရဟန်းတို့၏အဆုံးမခံသော ဘိက္ခုနီမတို့သည်လည်း နှစ်စုကွဲကုန်၏၊ ထိုသူတို့၏ကိုယ်စောင့်နတ်တို့သည်လည်း နှစ်စုကွဲလေကုန်၏၊ ထိုသူတို့၏ကိုယ်စောင့်နတ်တို့နှင့် အဆွေခင်ပွန်းဖြစ်ကုန်သောအာကာသစိုးနတ်တို့သည်လည်း ကွဲကုန်၏၊ ဤသို့လျှင် စတုမဟာရာဇ်နတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည် တိုင်အောင် ပုထုဇဉ်နတ်, ဗြဟ္မာတို့သည် နှစ်စုကွဲလေကုန်၏၊ ဤခိုက်ရန်ငြင်းခုံသော အုတ်အုတ်ကျက်ကျက်အသံသည်ကား အကနိဋ္ဌဗြဟ္မာ့ပြည် တိုင်အောင် ရောက်၏။

ထိုအခါ တယောက်သော ရဟန်းသည် မြတ်စွာဘုရားရှိရာသို့ကပ်၍ ''ဥက္ခေပကရဟန်းတို့က ဓမ္မိကကံဖြင့် ဤဓမ္မကထိကကို နှင်ထုတ်၏၊ ဥက္ခိတ္တာနုဝတ္တက ဖြစ်ကုန်သော ဓမ္မကထိက၏တပည့်တို့အားကား အဓမ္မိကကံဖြင့် နှင်ထုတ်၏၊ ဥက္ခေပကဖြစ်ကုန်သော ဝိနယဓရ၏တပည့်ရဟန်းတို့က မြစ်ကုန်သော်လည်း မယူမူ၍ ဥက္ခိတ္တာနုဝတ္တကရဟန်းတို့သည် ဓမ္မကထိကကို အဘန်တလဲလဲခြံရံ၍ နေကြကုန်၏''ဟု မြတ်စွာဘုရားအား ကြားလျှောက်၏။

မြတ်စွာဘုရားသည် ''သင်တို့အညီအညွတ်ဖြစ်ကြကုန်''ဟု နှစ်ကြိမ်စေတော်မူ၍ တဘန်ထိုရဟန်းတို့သည် မြတ်စွာဘုရားရှိရာသို့ သွားကုန်၍ ''ယခုအခါ ငြင်းခုံခြင်းဖြစ်လျက် နေကုန်၏''ဟု ကြားလျှောက်ကုန်၍ ကောသမ္ဗီပြည်သို့ ကြွတော်မူ၍ ''ချစ်သားရဟန်းတို့....ငြင်းခုံခြင်းသည်

မသင့်”ဤသို့အစရှိသည်ဖြင့် မိန့်တော်မူ၍“ချစ်သားရဟန်းတို့…‘ငြင်းခုံအံ့-ဟု တိုင်ပင်ခြင်း,ကိုယ်လက်ထိပါး၍ ငြင်းခုံခြင်း,သင်-နင်ဆို၍ ငြင်းခုံခြင်းတို့မည်သည် အကျိုးမဲ့ကို ပြုတတ်သည်၊ ငြင်းခုံခြင်းကိုမှီ၍ နှံစုတ်ငှက်ငယ်သည်လျက်လည်း ဆင်ပြောင်ကြီးကိုစင် အသက် သေခြင်းသို့ရောက်စေနိုင်၏”ဟု လဋုကိကဇာတ်ကို ဟောတော်မူ၏၊‘‘ချစ်သားရဟန်းတို့..အညီအညွတ်ဖြစ်ကုန်လော့၊ ဆန့်ကျင်သော အယူရှိသည်ကို မပြုကုန်လင့်၊ ဆန့်ကျင်သော အယူကိုမှီ၍ အထောင်မကသော ငုံးငှက်တို့သည် သေခြင်းသို့ရောက်ဘူးလေကုန်၏”ဟု ဝဋ္ဋကဇာတ်ကို ဟောတော်မူ၏။

ဤသို့ဟောတော်မူသဖြင့်လည်း တိုရဟန်းတို့သည် မြတ်စွာဘုရားစကားတော်ကို မယူလိုကုန်သည်ရှိသော် မထင်ရှားသော မြတ်စွာဘုရား၏ ပင်ပန်းခြင်းကို အလိုမရှိသော အဓမ္မဝါဒီ ရဟန်းတယောက်သည် “ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် တရား၏ အရှင်တည်း၊ ရှင်ပင်ဘုရားသည် ငြင်းခုံခိုက်ရန်ပြုခြင်း၌ ကြောင့်ကြမဲ့ဖြစ်၍ ချမ်းသာစွာနေခြင်းနှင့်ယှဉ်သည်ဖြစ်၍ နေတော်မူပါ၊ အကျွန်ုပ်တို့သည် ထိုသို့မျက်မှောက်,မျက်ကွယ်ငြင်းခုံခြင်းဖြင့်ဆန့်ကျင်သောအယူ၌ တည်ရကုန်လတ္တံ့” ဟူ၍ လျှောက်သော် “ချစ်သားရဟန်းတို့…. ဖြစ်လေဘူးသည်ကား–ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရှိသော ကာသိကရာဇ်မင်းသည်ဖြစ်၍ ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသား၏ အဘဖြစ်သော ကောသလမင်း၏စည်းစိမ်ကို လုယက်၍ မထင်ရှားသော အသွင်ဖြင့်နေသော ဒီဃာဝုမင်းသားသည် ထိုဗြဟ္မဒတ်မင်းကို သတ်စွမ်းနိုင်သော အဖြစ်သို့ရောက်ပြီးလျက် အသက်ကိုပေးသောကြောင့် ထိုအခါမှစ၍ ဗြဟ္မဒတ်မင်းနှင့် ဒီဃာဝုမင်းသားတို့ ညီညွတ်သောအဖြစ်ကို အကျယ်ဟောတော်မူ၍–

“ချစ်သားရဟန်းတို့….ယူအပ်သောဒဏ်ရှိကုန်သော ယူအပ်သော လက်နက်ထားရှိကုန်သော မင်းတို့လျက်လည်း သည်းခံခြင်း, နှလုံးကောင်းခြင်းဖြစ်ပါသေး၏၊ ရဟန်းတို့….ဤငါဘုရားသာသနာတော်၌ သင်တို့သည် အကြင်သည်းခံခြင်းဖြင့် သင့်တင့်ကုန်ရာ၏၊ ထိုသည်းခံခြင်းဖြင့် ကောင်းစွာဟောအပ်သော သုတ်,အဘိဓမ္မာ,ဝိနည်း၌ ရဟန်းဖြစ်

ကုန်သော သင်တို့သည် သည်းခံကုန်ရာ၏၊သင့်တင့်ကုန်ရာ၏”ဟု ဆုံးမတော်မူ၍လည်း ထိုကောသမ္ဗီရဟန်းတို့ကို ညီညွတ်စိမ့်သော ငှာ မတတ်နိုင်သော မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် ရောပြွမ်း၍ နေခြင်း၌ ဆန့်ကျင်သော နှလုံးတော်ရှိသည်ဖြစ်၍ ယခုအခါ၌ ငါသည် ဤရဟန်းတို့နှင့် ရောပြွမ်းသဖြင့် ဆင်းရဲစွာနေရ၏၊ ထိုရဟန်းတို့သည်လည်း ငါ၏စကားကိုမျှ မလိုက်နာပါကုန်၊ အကယ်၍ကား ငါသည်တပါးတည်း အပေါင်းမှကင်းခွာလျက် တည်သည်ဖြစ်၍ နေအံ့-ဟု ကြံတော်မူ၍—

ကောသမ္ဗီပြည်၌ ဆွမ်းခံသွားတော်မူ၍ ဆွမ်းဘုန်းပေးပြီးသော် အိပ်ရာနေရာကို သိမ်းတော်မူ၍ တစုံတယောက်သောရဟန်းသံဃာကိုမျှ မပန်ကြားမူ၍ သပိတ်,သင်္ကန်းကို ယူတော်မူ၍ ကိုယ်တော်ထီးသာလျှင် ဗာလကလောဏကရွာသို့ ကြွတော်မူ၍ တယောက်တည်း နေသော ဘဂုမထေရ်သို့ကပ်၍ ဧကစာရိကဝတ်ကို ဘဂုမထေရ်အား ဟောခဲ့၍ ပါစီနဝံသ၌ သုံးယောက် အညီအညွတ် နေကုန်သော နန္ဒိယ,ကိမိလ, အနုရုဒ္ဓါတို့အားညီညွတ်ခြင်း၌အကျိုးဆက်ကိုပြသော သမဂ္ဂါနိသံသသုတ်ကို ဟောတော်မူ၍“အကြင်အရပ်၌ ပါလိလေယျကတောသည်ရှိ၏၊ ထိုအရပ်သို့ငါသွားအံ့”ဟု မိန့်တော်မူ၍ ပါလိလေယျက ရွာငယ်၏အနီး၌ ရက္ခိတဝနသဏ္ဍာသို့ကြွတော်မူ၍ ထိုတော၌ ဘဒ္ဒသာလအမည်ရှိသော အင်ကြင်းပင်ရင်း၌ ထိုပါလိလေယျကရွာသားတို့ ဆောက်လုပ်၍ လှူအပ်သောသင်္ခမ်း၌ ပါလိလေယျက အမည်ရှိသော ဆင်သည် လုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာနေခြင်းဖြင့် နေတော်မူလျက် ထိုပါလိလေယျကရွာငယ်ကို ဆွမ်းခံအမှီပြု၍ ဆယ်ဝါမြောက်ဖြစ်သော ဝါကို ထိုပါလိလေယျကတော၌ မြတ်စွာဘုရား ဝါဆိုတော်မူ၏။

### ဒကာညီညွတ်၍ ရဟန်းတို့ညီညွတ်ကြခြင်း

ကောသမ္ဗီပြည်၌နေကုန်သော ဃောသိတသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိကသူဌေးစသော ဥပါသကာတို့သည် ကျောင်းသို့လာကုန်၍ မြတ်စွာဘုရားကိုမမြင်ကုန်သော်“အရှင်ဘုရားတို့….မြတ်စွာဘုရား အဘယ် အရပ်၌ရှိလေသနည်း”မေး၍ “ပါလိလေယျကတောသို့ကြွတော်မူ၏” ဟုဆိုသော်“အဘယ့်ကြောင့်ကြွတော်မူသနည်း”ဟုမေးပြန်၏“ငါတို့ကို

အညီအညွတ်ပြုတော်မူသည်ရှိသော် ငါတို့အညီအညွတ် မဖြစ်ကုန်သောကြောင့်"ဟု ဆိုသဖြင့်"အသို့နည်း၊အရှင်ဘုရားတို့သည် မြတ်စွာဘုရား၏အထံ၌ ရဟန်းပြုကုန်၍ ထိုမြတ်စွာဘုရားသည် အညီအညွတ်ပြုသော်လည်း အရှင်ဘုရားတို့ အညီအညွတ်မဖြစ်ကုန်သလော"မေး၍"ဒါယကာတို့….ဟုတ်၏"ဟု ဆိုကုန်သော်"ဤရဟန်းတို့သည် မြတ်စွာဘုရားအထံ၌ ရဟန်းပြုကုန်၍ မြတ်စွာဘုရား အညီအညွတ် ပြုတော်မူသည်ရှိသော် ညီညွတ်သည်မဖြစ်ကုန်၊ငါတို့သည် ဤရဟန်းတို့ကြောင့် မြတ်စွာဘုရားကို မဖူးမမြင်ရကုန်၊ဤရဟန်းတို့အား ငါတို့သည် ဆွမ်းမလှူကုန်အံ့၊ရှိခိုးခြင်းအစရှိသည်တို့ကိုမပြုကုန်အံ့"ဟု လူတို့သည် တိုင်ပင်ကုန်၍ ထိုနေ့မှစ၍ ထိုရဟန်းတို့အား အရိုအသေမျှကိုလည်း မပြုကုန်ပြီ။

ထိုရဟန်းတို့သည် နည်းသော အစာအာဟာရရှိကုန်သည်ဖြစ်၍ ခြောက်တပ်ကုန်လျက် နှစ်ရက်,သုံးရက်ဖြင့် အယူကိုဖြောင့်စွာပြုကုန်၍ အချင်းချင်းအပြစ်ကို ဒေသနာကြား၍ သည်းခံ၍"ဒါယကာတို့…. ငါတို့သည် အညီအညွတ်ဖြစ်ပါကုန်ပြီ၊သင်တို့သည် ငါတို့အား ရှေးနှင့်တူသည်ဖြစ်ပါကုန်"ဟု ဆိုကုန်၏၊"အရှင်ဘုရားတို့သည် မြတ်စွာဘုရားကိုသည်းခံစေအပ်ပြီးလော"ဟု လူတို့ကမေးကုန်၍ "ဒါယကာတို့…. သည်းမခံစေအပ်သေး"ဟု ရဟန်းတို့ဆိုသော် "ထိုသို့ဖြစ်မူကား မြတ်စွာဘုရားကိုသည်းခံစေကုန်၊အရှင်ဘုရားတို့အားမြတ်စွာဘုရား သည်းခံပြီးသောကာလ၌ ငါတို့သည်လည်း အရှင်တို့အား ရှေးနှင့်အတူဖြစ်ကုန်အံ့"ဟု လူတို့သည်ဆိုကုန်၏၊ ထိုရဟန်းတို့သည် ဝါတွင်းကာလဖြစ်သောကြောင့် ဘုရားအထံသို့ သွားအံ့သောငှာမဝံ့ကုန်၍ ဆင်းရဲငြိုငြင်သဖြင့် ဝါတွင်းသုံးလကိုလွန်စေကုန်၏။

## ပါလိလေယျကဆင်းမင်း ဘုရားကိုလုပ်ကျွေးခြင်း

မြတ်စွာဘုရားသည်ကား ပါလိလေယျကဆင်းမင်းသည် ရေပူ,ရေချမ်းကမ်း၍ လုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာဝါဆိုတော်မူရ၏၊ ထိုပါလိလေယျက ဆင်းမင်းသည် အပေါင်းကိုစွန့်၍ ထိုပါလိလေယျကတောသို့ဝင်လာ၏၊ ဝင်လာခြင်း၏ အကြောင်းကား…. ဇင်စစ်သဖြင့်ကား ငါသည် ယခုအခါ၌ ဆင်မတို့ဖြင့်၎င်း, ဆင်ရွှေတို့ဖြင့်၎င်း,

ဆင်ငယ်တို့ဖြင့်ဝိုင်း ပြွမ်းသည်ဖြစ်၍နေရ၏၊ အဖျားပြတ်ပြီးသောမြက်တို့ကိုစားရ၏၊စနောင့်စနင်းကျိုးပြီးသော သစ်ခက်တို့ကိုစားရ၏၊နောက်သောရေတို့ကိုသောက်ရ၏၊ ရေသို့သက်သောအခါ- ရေမှတက်သောအခါ ဆင်မတို့သည်ဝိုင်း, ဆင်ရွှေတို့သည်ဝိုင်း, ဆင်ငယ်တို့သည်ဝိုင်း ငါ့ကိုယ်ကိုတိုက်ပွတ်ကုန်၏၊ အကယ်၍ကား ငါသည် ဆင်အပေါင်းမှ ခွာ၍နေသော် ကောင်းအံ့-ဟုကြံ၍ ထိုဆင်းမင်းသည် ဆင်အပေါင်းမှ ဘဲလျက် အကြင်အရပ်၌ ပါလိလေယျကတောအုပ်သည်ရှိ၏၊ ဘဒ္ဒသာလ အင်ကြင်းပင်ရင်းသည်ရှိ၏၊အကြင်အရပ်၌ မြတ်စွာဘုရားသည်ရှိ၏၊ ထိုအရပ်သို့ကပ်လေ၏။

ကပ်ပြီး၍ မြတ်စွာဘုရားကိုရှိခိုး၍ ကြည်ညိုသောစိတ်ဖြင့် ဘုရားမှ တပါးတစုံတယောက်သောသူကိုမမြင်၍ ဘဒ္ဒသာလအင်ကြင်းပင်ရင်းကို ခြေဖြင့်ခတ်၍ ညီညွတ်အောင်တူးဆွ၍ နှာမောင်းဖြင့် သစ်ခက်ကိုယူ၍ တံမြက်လှည်း၏၊ထိုနေ့မှစ၍ နှာမောင်းဖြင့်ရေအိုးကိုယူ၍ သောက်ရေ,သုံးဆောင်ရေကိုလောင်းလေ၏၊ရေနွေးဖြင့်အလိုရှိသော် ရေနွေးကို စီရင်၏၊အဘယ်သို့ စီရင်သနည်းဟူမူကား–လက်ဖြင့် ထင်းတုံးတို့ကိုပွတ်၍ မီးဖြစ်စေ၏၊ ထိုမီး၌ ထင်းတို့ကိုထည့်၍ ထိုမီး၌ကျောက်တို့ကို ဖုတ်၍ သစ်ခက်လှံတံဖြင့်လှိမ့်၍ အပိုင်းအခြားရှိသော ထုံးအိုင်ငယ်၌ချ၏၊ ထို့နောင်မှ လက်ကိုရေထဲသို့ချ၍ ရေ၏ပူသောအဖြစ်ကို သိ၍လာခဲ့၍ မြတ်စွာဘုရားကိုရှိခိုး၍ "ပါလိလေယျက.... ရေကို ပူစေအပ်ပြီလော"ဟု မိန့်တော်မူ၍ ထိုအိုင်သို့သွား၍ မြတ်စွာဘုရားရေချိုးတော်မူ၏။

ထိုအခါ အထူးထူးသော သစ်သီးတို့ကိုဆောင်၍ မြတ်စွာဘုရားအားကပ်၏၊ မြတ်စွာဘုရား ရွာတွင်းသို့ဆွမ်းခံဝင်တော်မူသော အခါ၌ကား-သပိတ်,သင်္ကန်းကိုယူ၍ ဦးကင်း၌ထား၍ ငြိမ်သက်စွာ သွား၏၊ ရွာ၏ဥပစာရသို့ရောက်သောအခါ "ပါလိလေယျက....ဤအရပ်မှစ၍ သင်သည်ငါ၏နောက်မှလိုက်အံ့သော၄ာ မတတ်ကောင်း၊ငါ၏သပိတ်, သင်္ကန်းကို ဆောင်ခဲ့လော့"ဟု မြတ်စွာဘုရားမိန့်တော်မူ၍ သပိတ်, သင်္ကန်းကိုယူ၍ ရွာတွင်းသို့ဆွမ်းရပ်ဝင်လေ၏၊ ဆင်မင်းသည်လည်း မြတ်စွာဘုရားရွာတွင်းမှ ထွက်လာသည်တိုင်အောင် ထိုအရပ်၌နေ၍

မြတ်စွာဘုရားကြွတော်မူလာသောကာလ၌ခရီးဦးကြို၍သပိတ်,သင်္ကန်း ကိုယူ၍ ရှေးနည်းဖြင့်ဆောင်၍ နေရာအံရပ်၌ချ၍ ရှိခိုးဝတ်ကိုပြု၍ သစ်ခက်ဖြင့်ယပ်ခပ်၏၊ ညဉ့်အခါ၌သားရဲသစ်ကျားဘေးရန်တို့ကိုမြစ်အံ့ သောငှာ ကြီးစွာသောလှံတံကိုနှာမောင်းဖြင့်ကိုင်၍ မြတ်စွာဘုရားကို စောင့်အံ့-ဟု အရုဏ်တက်သည်တိုင်အောင် တောအုပ်၏ အကြား၌ လှည့်၏၊ ထိုအခါမှစ၍ ပါလိလေယျက တောအုပ်သည်ရက္ခိတတောအုပ် မည်သည်ဖြစ်၏၊ အရုဏ်တက်သောအခါ၌ ဒန်ပူမျက်နှာသစ်ရေကပ် ခြင်းကိုအစပြု၍ ထိုသို့သောနည်းဖြင့် အလုံးစုံသောဝတ်ကိုပြု၏။

ထိုအခါ တခုသောမျောက်သည် ပါလိလေယျက ဆင်မင်းသည် ကောင်းစွာလုံ့လပြု၍ မြတ်စွာဘုရားအား အဘိသမာစာရိကဝတ်ကို ပြုသည်ကိုမြင်၍ ငါသည်လည်းတစုံတခုသောကောင်းမှုကို ပြုပါအံ့-ဟု ကြံ၍လှည့်ပတ်သည်ရှိသော် တနေ့သ၌ ပျားငယ်မရှိသော လပို့နှင့်တကွ သော သားလက်ကိုမြင်၍ အရိုးကိုဖြတ်၍ ပျားတံနှင့်တကွ ပျားလပို့ကို မြတ်စွာဘုရားအထံသို့ယူ၍ ငှက်ပျောဘက်ကိုဖြတ်၍ ထိုငှက်ပျောဘက် ၌ထား၍ မြတ်စွာဘုရားအားလှူ၏၊မြတ်စွာဘုရားသည် ခံယူတော်မူ၏၊ မျောက်သည်မြတ်စွာဘုရားသည်သုံးဆောင်တော်မူပါလတ္တံ့လော''ဟု ကြည့်သည်ရှိသော်ကိုင်၍နေသည်ကိုမြင်၍အသို့နည်း-ဟုကြံ၍ သားလက် တံစွန်း၌ကိုင်၍ လှန်၍ကြည့်ရှုသော် အဥတို့ကိုမြင်၍ ထိုအဥတို့ကိုဖြည်း ညှင်းစွာပယ်၍ တဖန်ကပ်ပြန်၏၊ မြတ်စွာဘုရားသည် ဘုန်းပေးတော် မူ၏။

ထိုမျောက်သည် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ထိုထိုသို့သော သစ် ခက်ကိုကိုင်၍က၏၊ထိုအခါကိုင်နင်းသောသစ်ခက်သည်ကျိုး၍ ထိုမျောက် သည် တခုသောသစ်ငုတ်ပေါ်၌ကျ၍ သေလေသော် မြတ်စွာဘုရား၌ ကြည်ညိုခြင်းရှိသော စိတ်ဖြင့်သေ၍ တာဝတိံသာနတ်ပြည်၌ ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်၌ ဖြစ်လေ၏၊ နတ်သမီးတထောင်အခြံအရံ ရှိသည်ဖြစ်၏။

### ရှင်အာနန္ဒာနှင့်ရဟန်းငါးရာကြွလာခြင်း

မြတ်စွာဘုရားအား ပါလိလေယျကဆင်မင်းသည် လုပ်ကျွေးသဖြင့် ထိုပါလိလေယျကတော၌ဝါဆိုတော်မူသောအဖြစ်သည် အလုံးစုံသော

ဇမ္ဗူဒီပါကျွန်း၌ ထင်ရှားဖြစ်၏၊ သာဝတ္ထိပြည်မှ အနာထပိဏ် သူဌေး, ဝိသာခါအစရှိသောကြွယ်ဝသောအမျိုးတို့သည် အာနန္ဒာမထေရ်အား သတင်းစကားကို စေလိုက်ကုန်၏၊ "အရှင်အာနန္ဒာ....အကျွန်ုပ်တို့အား မြတ်စွာဘုရားကို ပြတော်မူပါ"ဟု စေလိုက်ကုန်၏၊ အရပ်မျက်နှာ၌ နေကုန်သော ငါးရာကုန်သော ရဟန်းတို့သည် ဝါကျွတ်ကုန်ပြီးသော်၊ အရှင်အာနန္ဒာသို့ ကပ်၍ "ရှင်အာနန္ဒာ....မြတ်စွာဘုရားမျက်မှောက်တော်မှ တရားတော်မြတ်ကို မကြားနာရသည် ကြာမြင့်ပြီ၊ငါတို့တောင်းပန်ပါ၏၊ အရှင်အာနန္ဒာ...အကျွန်ုပ်တို့သည် မြတ်စွာဘုရားမျက်မှောက်တော်မှတရားတော်ကို ကြားနာခြင်းငှာ ရလိုပါကုန်၏"ဟု တောင်းပန်ကုန်၏။

အရှင်အာနန္ဒာသည် ထိုငါးရာသော ရဟန်းတို့ကိုယူ၍ ထိုပါလိလေယျကတောသို့ကြွ၍"ဝါတွင်းသုံးလပတ်လုံး တပါးတည်းနေတော်မူသော မြတ်စွာဘုရား၏ အထံသို့ ဤမျှလောက်သော ရဟန်းတို့နှင့်တကွ ကပ်အံ့သောငှါမသျောက်ပတ်"ဟုကြံ၍ ထိုရဟန်းတို့ကိုအပ၌ထားခဲ့၍ မြတ်စွာဘုရားအထံသို့ ကပ်လေ၏၊ပါလိလေယျကဆင်မင်းသည်လည်း ထိုအရှင် အာနန္ဒာကိုမြင်၍ လှံတံကိုယူ၍ပြေး၏၊ မြတ်စွာဘုရားသည် ကြည့်၍ "ပါလိလေယျက....ဖဲလော့၊ ထိုလာသော ရဟန်းကို မမြစ်လင့်၊ ဤရဟန်းသည် ငါဘုရားကို ခစားလာသတည်း"ဟုမိန့်တော်မူ၏၊ ထိုဆင်သည် ထိုအရပ်၌လှံတံကိုစွန့်၍ **သပိတ်သင်္ကန်း**ကို ယူ၏၊ အရှင်အာနန္ဒာလည်း ပေးတော်မမူ၊"သင်သည် မသင်အပ်သော ဝတ်ရှိသည် အကယ်၍ဖြစ်အံ့၊ မြတ်စွာဘုရားနေတော်မူသော ပျဉ်၌ထားလတ္တံ့"ဟု ကြံ၍ မပေးသတည်း။

အရှင်အာနန္ဒာသည် သပိတ်,သင်္ကန်းကို မြေ၌ထား၏၊ သင်အပ်သော ဝတ်ရှိသောရဟန်းသည် ဆရာတို့၏နေရာ၌မိမိပရိက္ခရာကိုမထားကုန်၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍နေ၏၊ "အာနန္ဒာ....တယောက်တည်း လာသလော"ဟု မြတ်စွာဘုရားမေးတော်မူ၍ ငါးရာသောရဟန်းတို့နှင့်တကွလာသောအဖြစ်ကိုလျှောက်၍ "ထိုရဟန်းတို့သည် အဘယ်မှာနည်း"ဟု မေးတော်မူလျှင် "အရှင်

ဘုရား၏အလိုတော်ကိုမသိ၍ ဥပစာအပ၌ထား၍ လာပါသည်”ဟု လျှောက်သော် “ထိုရဟန်းတို့ကို ခေါ်လော့”ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာခေါ်၍ မြတ်စွာဘုရားသို့ ကပ်လာကုန်၍ ရှိခိုး၍ နေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် ပြောဟောတော်မူ၍ “ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား···· ရှင်ပင်ဘုရားသည် ဘုရားအဖြစ်ဖြင့်လည်း သိမ်မွေ့နူးညံ့တော်မူ၏၊ မင်းမျိုး၏အဖြစ်ဖြင့်လည်း သိမ်မွေ့နူးညံ့တော်မူ၏၊ ဝါတွင်းသုံးလပတ်လုံးကိုယ်တော်ရပ်ခြင်း, ထိုင်ခြင်းတို့ဖြင့် ပြုနိုင်ခဲသည်ကိုပြုတော်မူ၏၊ ဝတ်ကြီးဝတ်ငယ်ကို ပြုတတ်သော မျက်သစ်ရေ စသည်တို့ကိုမျှလည်း ပေးတတ်သောသူသည် ရှိပါမည်မထင်”ဟု ထိုရဟန်းတို့ဆိုကုန်သော် “ချစ်သားတို့····ပါလိလေယျကဆင်သည် ခပ်သိမ်းသောကိစ္စတို့ကိုပြုပေ၏၊ ဤသို့သဘောရှိသောအဆွေခင်ပွန်းကိုရသဖြင့် တကွနေခြင်းငှာလျှောက်ပတ်၏၊ မရသောသူသည်ကား တယောက်တည်းသွားခြင်းကိုပြုရာ၏”ဟု မိန့်၍–

သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေနတ္တမနော သတီမာ။ ။
နောစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။ ။
ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ နစ ပါပါနိ ကယိရာ၊
အပ္ပေါဿုက္ကော မာတင်္ဂရညေဝ နာဂေါ။ ။

ဟူသော တရားဒေသနာတော်တို့ကို ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ထိုငါးရာသောရဟန်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏။

ထိုဂါထာတို့၌ အဓိပ္ပါယ်ကား—ချစ်သားရဟန်းတို့····ရင့်ပြီးသော ပညာရှိသော တကွကျင့်ဘော်ဖြစ်သော ကောင်းသော နေခြင်းရှိသော ပညာရှိ အဆွေခင်ပွန်းကို အကယ်၍ရအံ့၊ ထိုသူတော်ကောင်းနှင့် နှစ်သက်သောနှလုံးရှိသည်ဖြစ်၍ သတိရှိသောသူသည် အလုံးစုံသော မကောင်းသောအကျင့်တို့ကိုနှိပ်စက်၍ ကျင့်ရာ၏၊ ဤသို့ရင့်ပြီးသောပညာရှိသော တကွကျင့်ဘော်ဖြစ်သော ကောင်းသော နေခြင်းရှိသောပညာရှိအဆွေခင်ပွန်းကိုမရအံ့၊ မင်းသည် မိမိတို့တိုင်းနိုင်ငံကိုစွန့်၍တယောက်တည်းသွားသကဲ့သို့ ဆဒ္ဒန်ဆင်ပြောင်သည် တော၌ တစီးတည်းသွားသကဲ့သို့သွားရာ၏၊ တယောက်အထီးတည်းသွားခြင်းသည်မြတ်၏၊ မိုက်သောသူကို အဆွေခင်ပွန်းပြု၍မနေရာ၊ တယောက်တည်းသွားရာ၏၊ မကောင်းမှုတို့ကိုမပြုရာ-ဟူလိုသည်။

### ရှင်အာနန္ဒာဘုရားရှင်ကိုပင့်လျှောက်ခြင်း

အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေးစသော ကြီးမြတ်သော အမျိုးတို့သည် စေအပ်သောသတင်းစကားကို ကြားလျှောက်၍ "ရှင်ပင်ဘုရား ···· အနာထပိဏ်သူဌေး အမှူးရှိသော ငါးရာကုန်သော **အရိယာတပည့်** အစရှိသောသူတို့သည် ရှင်ပင်ဘုရား၏ ကြွတော်မူလာခြင်းကိုတောင့်တကုန်၏"ဟုလျှောက်၏၊ မြတ်စွာဘုရားသည် "ထိုသို့တပြီးကား—အာနန္ဒာ····သပိတ်သင်္ကန်းကိုယူလော့"ဟု ယူစေ၍ထွက်တော်မူ၏၊ ဆင်မင်းသည်သွား၍ ခရီး၌တီလာရပ်၏၊"အရှင်ဘုရား···· ဆင်မင်းသည် အဘယ်သို့ပြုသနည်း"ဟု ရှင်အာနန္ဒာလျှောက်၏၊ "ချစ်သားရဟန်းတို့····သင်တို့အား ဆွမ်းလုပ်ကျွေးလို၏၊ ရှည်စွာသောနေ့ညဥ့်ပတ်လုံး ဤဆင်မင်းသည် ငါ့အားကျေးဇူးပြုပေ၏၊ ဤဆင်မင်း စိတ်ကိုဖျက်ဆီးအံ့သောငှါမအပ်၊ချစ်သားရဟန်းတို့····ပြန်ကုန်ဦး"ဟု မြတ်စွာဘုရားသည် ရဟန်းတို့ကိုယူ၍ပြန်၏။

ဆင်မင်းသည်တောအုပ်သို့ဝင်၍ **ပိန္နဲ, ငှက်ပျော** အစရှိသော အထူးထူးသောသစ်သီးတို့ကို ကောင်းစွာဆောင်၍ မိုးသောက်သောနေ့၌ ရဟန်းတို့အားလှူ၏၊ ငါးရာသောရဟန်းတို့သည် စား၍မကုန်နိုင်ကုန်၊ ဆွမ်းစားပြီးသောအဆုံး၌ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကို ယူတော်မူ၍ထွက်၏၊ ဆင်လည်းရဟန်းတို့၏ အကြားအကြားဖြင့်သွား၍

မြတ်စွာဘုရားရှေ့တော်မှာဘီလာရပ်ပြန်၏၊ "အရှင်ဘုရား....ဆင်မင်းသည် အဘယ်သို့ပြုသနည်း"ဟု မေး၏၊ "ချစ်သားတို့....သင်တို့ကို လွှတ်လိုက်၍ငါ့ကိုပြန်စေလိုသည်"ဟု မိန့်တော်မူ၍ မြတ်စွာဘုရားသည် ဆင်မင်းကို "ပါလိလေယျက....၍သွားခြင်းသည် တဘန်မပြန်သောသွားခြင်းတည်း၊ သင့်အား၍ကိုယ်၏အဖြစ်ဖြင့်ဈာန်မဂ်ဖိုလ်တရားသည် မရှိ၊ သင်နေရစ်လော့"ဟုမိန့်တော်မူ၏။

ထိုစကားကိုကြား၍ဆင်သည်နှာမောင်းကိုခံတွင်း၌ထည့်၍ ငိုလျက်နောက်တော်မှလိုက်၏၊ ထိုဆင်သည်မြတ်စွာဘုရားပြန်၍နေပါမူ ထိုဝါတွင်းသုံးလလုပ်ကျွေးသောနည်းဖြင့် တသက်ပန်လုပ်ကျွေးရာ၏၊ မြတ်စွာဘုရားသည် ရွာဥပစာရသို့ရောက်သောအခါ "ပါလိလေယျက....၍အရပ်မှစ၍ သင်၏သွားရာမြေမဟုတ်၊ လူတို့၏နေရာတည်း၊ဘေးရန်များသည်၊ နေရစ်လော့"ဟု မိန့်တော်မူ၏၊ ဆင်သည် ငိုလျက်နေရစ်၍ မြတ်စွာဘုရားသည် မျက်စိအမြင်ကို လွန်သည်ရှိသော် နှလုံးကွဲသဖြင့် သေ၍ မြတ်စွာဘုရားကို ကြည်ညိုခြင်းဖြင့်တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးတထောင်တို့၏ အလယ်၌ ဖြစ်လေ၍ပါလိလေယျကနတ်သား ဟူသောအမည်သည်ဖြစ်၏။

## ကောသမ္ဗီအဓိကရုဏ်းကို ငြိမ်းစေတော်မူခြင်း

မြတ်စွာဘုရားသည် အစဉ်သဖြင့် ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ရောက်တော်မူလေ၏၊ ကောသမ္ဗီပြည်၌နေကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသာဝတ္ထိပြည်သို့ကြွပြီဟု ကြား၍ မြတ်စွာဘုရားကို ကန်တော့အံ့သောငှာ သာဝတ္ထိပြည်သို့သွားလေကုန်၏၊ ကောသလမင်းကြီးသည် ငြင်းခုံခြင်းကို ပြုကုန်သော ကောသမ္ဗီရဟန်းတို့လာပြီကြား၍ "အရှင်ဘုရား....ထိုကောသမ္ဗီရဟန်းတို့ကို အကျွန်ုပ်၏နိုင်ငံသို့ဝင်ခြင်းငှာမပေးအံ့"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး....ဝင်ပါစေ၊ထိုရဟန်းတို့သည် ခိုက်ရန်ငြင်းခုံခြင်းဖြင့်သာငါ၏စကားကိုမယူကုန်သည်၊ယခုအခါ ငါ့ကိုသည်းခံစိမ့်သောငှာလာကုန်၏"ဟုမိန့်တော်မူ၏။

အနာထပိဏ်သူဌေးသည်လည်း "အရှင်ဘုရား.... ထိုရဟန်းတို့ကို အကျွန်ုပ်၏ကျောင်းသို့ ဝင်ခြင်းငှာမပေးအံ့"ဟုလျှောက်သော် မြတ်စွာ

ဘုရား ပယ်တော်မူသဖြင့် သာဝတ္ထိသို့ ရောက်လာကုန်ပြီးသော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် တခုသော ဆိတ်ကွယ်ရာဖြစ်သော ကျောင်း၌ အိပ်ရာကိုပေးစေ၏၊ တပါးသော ရဟန်းတို့သည် ကောသမ္ဗီ ရဟန်းတို့နှင့် အတူမနေကုန်၊ စကားမပြောကုန်၊ ရှိမခိုးကုန်၊ လာ တိုင်းလာတိုင်းသော ရဟန်းတို့သည် မြတ်စွာဘုရားကို"အရှင်ဘုရား.. ငြင်းခုံတတ်ကုန်သော ကောသမ္ဗီ ရဟန်းတို့သည် အဘယ်ရဟန်းတို့ နည်း''ဟု မေးလျှောက်ကြကုန်၏၊ "ထိုရဟန်းတို့တည်း''ဟု ဘုရား မြတ်စွာပြ၏၊ လာတိုင်းလာတိုင်းကုန်သော ရဟန်းတို့သည် ငြင်းခုံသော ရဟန်းတို့ဟူသည် ထိုရဟန်းတို့ပင်တည်းဟု လက်ညှိုးထိုးကုန်သဖြင့် ထိုကောသမ္ဗီရဟန်းတို့သည် ရှက်ကုန်၏။

ထိုရဟန်းတို့သည် ရှက်သဖြင့် ဦးခေါင်းမော်တော် မျှော်ကြည့်အံ့ သောငှာ မဝံ့ကုန်၊မြတ်စွာဘုရားခြေတော်ရင်း၌ဝပ်၍ ပူဇော်ကန်တော့ ကုန်၏၊မြတ်စွာဘုရားသည်''ချစ်သားရဟန်းတို့…သင်တို့သည်ဝန်လေး သောအမှုကိုပြုကုန်၏၊ ငါဘုရားအထံ၌ရဟန်းပြုလျက် ငါဘုရားသည် အညီအညွတ်ပြုအပ်သည်ရှိသော် ငါ၏စကားကိုမလိုက်နာကုန်၊ ရှေး၌ ဖြစ်သောပညာရှိတို့သည် သေခြင်းအနီးသို့ရောက်သော မိဘတို့၏ စကားကိုကြား၍ထိုအမိအဘတို့ကိုသတ်သောမင်းတို့၌လည်းမလွန်ကျူး မူ၍ နောက်အခါ တိုင်းနှစ်တိုင်းတို့၌ မင်း၏အဖြစ်ကိုပြုလေကုန်၏''ဟု မိန့်တော်မူ၍ တဘန်**ကောသမ္ဗီဇာတ်**ကိုဟော၍ ''ချစ်သားရဟန်းတို့…. ဒီဃာဝုမင်းသားသည် အမိအဘကိုသတ်သောမင်းတို့၌လည်း အမိ အဘတို့၏အဆုံးအမတို့ကိုမလွန်မူ၍ နောက်အခါပြဟ္မဒတ်မင်း၏သမီး ကိုရ၍ ကာသိကတိုင်း,ကောသလတိုင်းတို့၌မင်းပြုရ၏၊ သင်တို့သည် ငါ ၏စကားကိုမလိုက်နာကုန်သဖြင့် ဝန်လေးသောအမှုကို ပြုကုန်၏''ဟု မိန့်တော်မူ၍—

ပရေ နစ ဝိဇာနန္တိ၊ မယ မေတ္ထ ယမာမသေ။
ယေစ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။ ။

ဟူသောတရားကို ဟောတော်မူ၏။

**အနက်။** ပရေ၊ ပညာရှိမှတပါးကုန်သောသူမိုက်တို့သည်။ မယံ၊ ငါတို့သည်။ နဝိဇာနန္တိ၊ သေမင်း၏အထံသို့လိုက်ရကုန်အံ့ဟုမသိကုန်။

တေ၊ ထိုသူမိုက်တို့သည်။ တွေ့၊ ဤရန်ငြိုးဖွဲ့ခြင်း၌။ ယမာမသေ၊ လုံ့လပြုကုန်၏။ ယေစ၊ အကြင်ပညာရှိတို့သည်ကား။ တတ္ထ၊ ထိုသေခြင်းတရား၌။ ဝိဇာနန္တိ၊ သိကုန်၏။ တတော၊ ထိုသို့သိသောကြောင့်။ မေဓဂါ၊ ရန်ငြိုးတို့သည်။ သမ္မန္တိ၊ ငြိမ်းကုန်၏။

တရားဒေသနာတော်အဆုံး၌ ပူဇော်ကန်တော့ ရောက်လာသော ကောသမ္ဗကရဟန်းတို့သည် **သောတာပတ္တိဖိုလ်**၌ တည်လေကုန်၏၊ ဤသို့ အစရှိသော များစွာသောတရားစကားဖြင့် ပလုလဲတော၌ ဝါကျွတ်တော်မူသည်မှစ၍ တဆယ့်တဝါမဆိုမီ ကာလပတ်လုံး လူနတ်ဗြဟ္မာတို့ကိုကယ်ချွတ်တော်မူ၏။

---

## ၁၈၆။ ကောသမ္ဗပါ၌ကသိဘာရဒွါဇပုဏ္ဏားအား ဟောချွတ်တော်မူခန်း

တဆယ့်တဝါမြောက်၌ကား ဇေတဝန်ကျောင်းတော်မှ ဒေသစာရီကြွတော်မူသဖြင့် မဂဓရာဇ်တိုင်း ဒက္ခိဏာဂိရိဇနပုဒ်၌ နာဠအမည်ရှိသော ပုဏ္ဏားရွာသို့ရောက်တော်မူသောအခါ ထိုပုဏ္ဏားရွာ၌ ကသိဘာရဒွါဇမည်သော ပုဏ္ဏား၏ **သာဝကပါရမီဉာဏ်**၏ ရင့်ခြင်းကို မြင်တော်မူသဖြင့် ထိုနာဠပုဏ္ဏားရွာကို ဆွမ်းခံအမှီပြု၍ ဒက္ခိဏာဂိရိကျောင်း၌ ဝါဆိုတော်မူ၏၊ ထိုရောအခါ လယ်လုပ်ခြင်းဖြင့် အသက်မွေးသော အမျိုးအားဖြင့် ဘာရဒွါဇမည်သော ပုဏ္ဏားအား လယ်ထွန်အကျွေးအမွေးသည်ဖြစ်၏၊ ထိုအခါ ကသိဘာရဒွါဇ ပုဏ္ဏားအား ကောက်စိုက်သောအခါ ငါးရာမျှလောက်သော ထွန်တို့ကိုစီရင်ကုန်၏၊ မြတ်စွာဘုရားသည် နံနက်စောစောကလျှင် သင်းပိုင်တော်ကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူတော်မူ၍ ကသိဘာရဒွါဇပုဏ္ဏား၏ လယ်ထွန်ရာသို့ ကပ်တော်မူလေ၏။

ထိုအခါ လယ်ထွန်အမှုလုပ်တို့ကို ကျွေးမွေး၏၊ မြတ်စွာဘုရားသည် ထိုကျွေးမွေးရာသို့ကပ်၍ တင့်အပ်ရာ၌ ရပ်တော်မူ၏၊ ဘာရဒွါဇသည် ဆွမ်းရပ်တော်မူသော ဘုရားကို မြင်လျှင်''ရဟန်း....ငါသည် လယ်ထွန်

၏၊ ပျိုးပျိုး၏၊ လယ်ထွန်၍ ပျိုးပျိုး၍ ငါစား၏၊ သင်ရဟန်းသည်လည်း လယ်ထွန်လော့၊ ပျိုးပျိုးလော့၊ လယ်ထွန်၍ပျိုးပျိုး၍စားလော့”ဤသို့ လျှောက်၏၊“ပုဏ္ဏား····ငါလည်း လယ်ထွန်၏၊ ပျိုးပျိုး၏၊ လယ်ထွန်၍ ၎င်း,ပျိုးကြဲ၍၎င်း ငါဘုဉ်းပေး၏”ဟု မိန့်တော်မူသော် “အရှင် ဂေါတမ····အရှင်ဂေါတမ၏ ထွန်တုံး, ထွန်ကိုင်း, ထွန်သန်, နှင်တံ, ထွန်သွားတို့ကို အကျွန်ုပ်တို့ မမြင်ပါကုန်၊ ထိုသို့မမြင်ကုန်ဘဲလျက် ပုဏ္ဏား····ငါသည်လည်း လယ်ထွန်၏၊ ပျိုးကြဲ၏၊ လယ်ထွန်၍ပျိုးကြဲ၍ ငါဘုဉ်းပေး၏ဟု အရှင်ဂေါတမဆို၏၊ ထိုလယ်ထွန်သော ပျိုးကြဲသော အကြောင်းကို အကျွန်ုပ်တို့သည် အဘယ်သို့သိရကုန်အံ့နည်း၊ မေးအပ် သော အရှင်ဂေါတမသည် လယ်ထွန်သော ပျိုးကြဲသော အကြောင်းကို ဆိုပါလော့”ဟုဆို၍—

> ကဿကော ပဋိဇာနာသိ၊ န စ ပဿာမိ တေ ကသိံ။
> ကဿကော ပုစ္ဆိတော ဗြူဟိ၊ ကထံ ဇာနေမု တံ ကသိံ။ ။

ဟူသောဂါထာဖြင့် လျှောက်၏၊ထိုသို့လျှောက်သည်ကို အကြောင်း ပြု၍—

> သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
> ဟိရီ ဤသာ မနော ယောတ္တံ၊ သတိ မေ ဖါလပါစနံ။ ။
>
> ကာယဂုတ္တော ဝစီဂုတ္တော၊ အာဟာရေ ဥဒရေ သံယတော။
> သစ္စံ ကရောမိ နိဒ္ဒါနံ၊ သောရစ္စံ မေ ပမောစနံ။ ။
>
> ဝီရိယံ မေ ဓုရဓောရယှံ၊ ယောဂက္ခေမာဓိဝါဟနံ။
> ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ။ ။
>
> ဧဝမေသာ ကသိကဋ္ဌာ၊ သာ ဟောတိ အမတပ္ဖလာ။
> ဧတံ ကသိံ ကသိတွာန၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

ဤလေးဂါထာတို့ဖြင့် ပုဏ္ဏားမေးသောအကြောင်းကို ဖြေတော်မူ၏။

**အနက်။** ။ဗြာဟ္မဏ၊ ပုဏ္ဏား။ မေ၊ ငါ့အား။ သဒ္ဓါ၊ ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်း ဗျာဒိတ်ခံသည်မှစ၍ ရအပ်သော သဒ္ဓါ တရားသည်။ ဗီဇံ၊မျိုးစေ့မည်၏၊ တပေါ၊ ဘုရားအဖြစ်သို့ရောက်ကြောင်း

ဖြစ်သော အကျင့်သည်။ ဝုဋ္ဌိ၊ မိုယ်းရေမည်၏။ မေ၊ ငါ၏။ ပညာ၊ပညာသည်။ ယုဂနဂ်လံ၊ ထွန်ပိုးထွန်တုံးမည်၏။ ဟိရီ၊ အကုသိုလ်ဒုစရိုက်သုံးပါးတို့မှ ရှက်တတ်သောဟိရိတရားသည်။ ဤသာ၊ ထွန်ကိုင်းမည်၏။ မေ၊ငါ၏။ မနော၊စိတ်သည်။ ယောတ္တံ၊ ဘွဲ့ကြိုးမည်၏။ သတိ၊ ကုသိုလ်တရား၌ အဘန်တလဲလဲ အောက်မေ့ခြင်း သတိသည်။ ဖါလပါဇနံ၊ ထွန်သွားနှင်တံမည်၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ သည်။ ကာယဂုတ္တော၊ ကာယဒုစရိုက်သုံးပါးမှစောင့်သည်ဖြစ်၏။ ဝစီဂုတ္တော၊ ဝစီဒုစရိုက်လေးပါးမှ စောင့်သည်ဖြစ်၏။ ဥဒရေ၊ ဝမ်းကျောင်းမို့ဝဲအပ်သော၊အာဟာရေ၊ အစာ၌။ သံယတော၊ စောင့်ရှောက်၏။ နိဒ္ဒါနံ၊ စပါးကို ဖျက်တတ်သော ပေါင်းမြက်တို့ကို သင်သည် ရိတ်ဖြတ်သကဲ့သို့။ သစ္စံ၊ ကုသိုလ်ကို ဖျက်တတ်သော မုသာဝါဒကို သစ္စာစကားဖြင့် စွန့်ပစ်ခြင်းကို။ ကရောမိ၊၏။ ပမောစနံ၊ ထွန်ပြီးသော နွားကို သင်လွှတ်သကဲ့သို့။ မေ၊ ငါ၏။ စိတ္တံ၊ သည်။ သောရစ္စံ၊ နိဗ္ဗာန်၌မွေ့လျော်သည်ဖြစ်၍။ ပမောစနံ၊ နိဗ္ဗာန်ကို အာရုံပြုသဖြင့် လွှတ်အပ်၏။

ဓုရဓောရယှံ၊ သင်၏နွားသည် ဝန်ကိုဆောင်ရွက်သကဲ့သို့။ မေ၊ ငါ၏။ ဝီရိယံ၊ လုံ့လသည်။ ယောဂက္ခေမံ၊ ယောဂတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ဟူသော အသီးကို။ အဓိဝါဟနံ၊ အလွန်ဆောင်လျက်။ ယတ္ထ၊ အကြင် နိဗ္ဗာန်သို့။ ဂန္တွာ၊ ရောက်၍။ နသောစတိ၊ မစိုးရိမ်။ တတ္ထ၊ ထိုနိဗ္ဗာန်သို့။ အနိဝတ္တန္တံ၊ တဘန်မပြန်မူ၍။ ဂစ္ဆတိ၊၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဝံ၊ သို့။ မေ၊ သည်။သောကသိ၊ဤအရဟတ္တဖိုလ်တည်းဟူသော လယ်ကို။ ကဋ္ဌာ၊ ထွန်အပ်၏။ သာကသိ၊ ထိုအရဟတ္တဖိုလ် တည်းဟူသော လယ်သည်။ အမတပ္ဖလာ၊ မသေသောနိဗ္ဗာန်ဟူသော အသီးရှိသည်။ ဟောတိ၊ ၏။ ဧတံကသိံ၊ ထိုအရဟတ္တဖိုလ်တည်းဟူသော လယ်ကို။ ကသိတွာန၊ ထွန်၍။ ကဿကော၊ ရဟန္တာပုဂ္ဂိုလ်တည်းဟူသော လယ်ထွန်ယောက်ျားသည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ ပမုစ္စတိ၊ လွတ်နိုင်၏။

၎င်းဂါထာတို့ဖြင့် မြတ်စွာဘုရားသည် ပုဏ္ဏားမေးသော အမေးကို "ပုဏ္ဏား....သင်သည် မျိုးစေ့,မိုယ်းရေ, ထွန်ပိုး, ထွန်တုံး, ထွန်ကိုင်း, ထွန်သွား, နှင်တံ, ပေါင်းမြက်ကိုရိတ်ဖြတ်ခြင်း, နွားကို လွှတ်ခြင်းတို့ဖြင့် လယ်လုပ်၍စားသကဲ့သို့ ငါသည်လည်း သဒ္ဓါမျိုးစေ့,အကျင့်တည်းဟူသော မိုယ်းရေ,ပညာတည်းဟူသော ထွန်ပိုး,ထွန်တုံး,ဟိရီဟူသော ထွန်ကိုင်း, စိတ်ဟူသောကြိုး, သတိဟူသော ထွန်သွားနှင်တံ, သစ္စာဟူသောဓားဖြင့် မှသာဝါဒအကုသိုလ်ကိုဖြတ်ခြင်း၊ ရာဂ,ဒေါသ, မောဟတို့ကိုလွှတ်ခြင်းဖြင့်အရဟတ္တဖိုလ်တည်းဟူသောလယ်ကိုလုပ်ဆောင်၍နိဗ္ဗာန်တည်းဟူသောအမြိုက်သီး ကို ငါဘုဉ်းပေး၏၊ သင်လယ်လုပ်၍စားခြင်းသည်ကား မွတ်သိပ်ခြင်း အစရှိသောဘေးမှမလွတ်၊ ငါကဲ့သို့ အရဟတ္တဖိုလ်တည်းဟူသော လယ်ကိုလုပ်၍ စားတတ်သော ရဟန္တာတည်းဟူသော လယ်လုပ်ပုဏ္ဏားသည် ခပ်သိမ်းသောဆင်းရဲမှလွတ်နိုင်၏" ဟု ဖြေတော်မူ၏။

ထိုစကားကို ကြားသောအခါ ကသိဘာရဒွါဇ ပုဏ္ဏားသည် ငါလယ်လုပ်၍ရသောစပါးကိုစား၍ကား တနေ့ မိုးသောက်၍ပင်လျှင် မွတ်သိပ်ခြင်းစသော ဆင်းရဲသည်ဖြစ်၏၊ အရှင်ဂေါတမလုပ်သော အရဟတ္တဖိုလ်တည်းဟူသော လယ်သည်ကားနိဗ္ဗာန်ဟူသော အသီးကိုဆောင်၏၊နိဗ္ဗာန်ဟူသောအသီးကိုစား၍ အရှင်ဂေါတမသည် အလုံးစုံသော ဆင်းရဲခြင်းမှလွတ်၏-ဟု သိ၍ သဒ္ဓါကြည်ညိုခြင်းဖြစ်သဖြင့် ထိုအကြောင်းကို မြတ်စွာဘုရားအားသိစေခြင်းငှာ ထိုပုဏ္ဏားသည် တင်လဲ, ထောပတ်, ပျား, သကာတို့ဖြင့် ဆန်းကြယ်စွာ ပြုအပ်သော နို့ယနာကို အတိုးတသိန်းထိုက်သော ရွှေခွက်၌ပြည့်စေ၍ ဘွဲ့ဖြူပုဆိုးဖြင့် ဖုံးအုပ်၍ မြတ်စွာဘုရားသို့ ရှေးရှုဆောင်နှဲ၍ "အရှင်ဂေါတမ.... အရှင်ဂေါတမသည်အကြင့်ကြောင့်နိဗ္ဗာန်တည်းဟူသောအသီးရှိသော လယ်ကိုထွန်တတ်၏၊ ထို့ကြောင့် နိဗ္ဗာန်တည်းဟူသော အသီးရှိသော လယ်ကိုထွန်တော်မူတတ်သော အရှင်ဂေါတမသည် ၎င်းနို့ယနာကိုဘုဉ်းပေးတော်မူပါ"ဟု ဆို၍ "ဘုဉ္ဇတု ဘဝံ ဂေါတမော"စသောစကားဖြင့် မြတ်စွာဘုရားအား ရွှေခွက်နှင့်တကွသော နို့ယနာကိုကပ်၏။

ထိုအခါ၌မြတ်စွာဘုရားသည် "ဂါထာဘိဂီတံ မေ အဘောဇနေယျံ" အစရှိသောဂါထာကိုရွတ်၍၊ "ပုဏ္ဏား····ဂါထာတို့ဖြင့် အလွန်သော ဘုရားဂုဏ်ကိုဆို၍ ရအပ်သောဘောဇဉ်သည် အာဇီဝပါရိသုဒ္ဓိ ကိုရှု သောဘုရားတို့အား ဘုဉ်းပေးခြင်းငှာမထိုက်၊ ထိုသို့ သဘောရှိသော ဂါထာတို့ဖြင့်ဆို၍ ရအပ်သောအစာကိုစား၏၊ ဤသို့သဘောရှိသော အကျင့်သည် မြတ်စွာဘုရားတို့၏အကျင့်မဟုတ်၊ ထို့ကြောင့် ဂါထာကို ဆို၍ ရအပ်သောအစာကို ဘုရားတို့သည် မဘုဉ်းပေးကုန်"ဟု မိန့် တော်မူ၍ များစွာသော ဘုရားကျေးဇူးတော်တို့ကို ပြတော်မူ၍ ထို ပုဏ္ဏားကပ်လှူသော နို့ဃနာကိုပယ်တော်မူ၏။

ထိုအခါ"အရှင်ဂေါတမ····ဤနို့ဃနာကို အဘယ်သူအား လှူပါရ အံ့နည်း"ဟုလျှောက်လျှင်မြတ်စွာဘုရားလည်း"ပုဏ္ဏား··နတ်နှင့်တကွ သော လောက၌ဧင်း, ဗြဟ္မာနှင့်တကွသော လောက၌ဧင်း, ရဟန်း ပုဏ္ဏားနှင့်တကွသော သတ္တဝါ၌ဧင်း, နတ်နှင့်တကွသော လူ၌ဧင်း အကြင်သူသည် ဤနို့ဃနာကိုစား၏၊ ဘုရားကိုဧင်း, ဘုရားတပည့်ကိုဧင်း ကြဉ်၍ ထိုစားသောသူအား အစာကြေခြင်းသို့ရောက်ရာ၏၊ ထိုသူကို ငါမမြင်၊ ပုဏ္ဏား····သင်သည် ဤနို့ဃနာကိုမြက်မရှိရာအရပ်၌ဧင်း,ပိုး မရှိသောရေ၌ဧင်း သွန်လေ့"ဟု မိန့်တော်မူ၏။

ကသိဘာရဒွါဇပုဏ္ဏားသည် ထိုနို့ဃနာကို ရေ၌သွန်လေသော် ဖျစ် ဖျစ်မြည်၍ အခိုးထွက်၏၊ ပုဏ္ဏားသည် ထိုအသံကိုကြား၍ ထိုအခိုးကို မြင်၍ ထိတ်လန့်သောစိတ်ရှိသည်ဖြစ်၍ ကြက်သီးမွေးညှင်းထသည်ဖြစ် ၍ မြတ်စွာဘုရားသို့ကပ်လာ၍ ခြေတော်၌ ဦးဖြင့်ဝပ်၍ "အရှင်ဂေါ တမ····အလွန်နှစ်လိုဘွယ်ရှိစွ၊ အရှင်ဂေါတမသည် မှောက်၍ထား သောဝတ္ထုကို လှန်သကဲ့သို့, ဖုံးလွှမ်းသောဝတ္ထုကို ဖွင့်သကဲ့သို့, ခရီး မှားသောသူကို ခရီးမှန်ကိုကြားသကဲ့သို့, အမိုက်တိုက်၌ ဆီမီးကိုထွန်း သကဲ့သို့, စက္ခုအမြင်နှင့် ပြည့်စုံသောသူတို့သည် အဖြူ,အနီ စသော အဆင်းတို့ကိုမြင်ကုန်သကဲ့သို့ ထို့အတူ အရှင်ဂေါတမသည် များ စွာသော ဒေသနာတော်ဖြင့် တရားကိုပြတော်မူပေ၏၊ အရှင်ဂေါတမ ကို ကိုးကွယ်ရာဟူ၍ အကျွန်ုပ်သိ၏၊တရားတော်ကိုဧင်း, သံဃာတော်

ကိုရင်း ကိုးကွယ်ရာဟူ၍ အကျွန်ုပ်သိ၏၊ အရှင်ဂေါတမအထံ၌ ရဟန်းအဖြစ်ကို အကျွန်ုပ်သည် ရပါလို၏" ဟုလျှောက်၏၊ ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအထံ၌ ရဟန်းအဖြစ်ကို ရလေ၏၊ ရဟန်းဖြစ်၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာသို့ကပ်၍ ကမ္မဋ္ဌာန်းဘာဝနာနှင့် ယှဉ်သည်ဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဤသို့ အစရှိသော များစွာသော တရားဒေသနာတော်ဖြင့် များစွာသော လူ,နတ်,ဗြဟ္မာတို့ကို ကယ်ချွတ်တော်မူလျက် ဒက္ခိဏာဂိရိကျောင်း၌နာဠပုဏ္ဏားရွာကို ဆွမ်းအမှီပြု၍ ကောဒသမဝါဆိုတော်မူ၏။

---

## ၁၀၇။ ဒွါဒသမဝါဝေရဉ္စာမြို့၌ဝါဆိုတော်မူသည်ကို ပြခြင်း

### ဝေရဉ္စပုဏ္ဏားဝါကပ်ရန်ပင့်လျှောက်ခြင်း

ဒွါဒသမဝါကိုဝေရဉ္စာပြည်၌ ဝါဆိုတော်မူသောအကြောင်းကား— ကောဒသမဝါကျွတ်တော်မူ၍ဒေသစာရီကြွချီတော်မူသော် ကောသလတိုင်း သေတဗျမြို့သို့ရောက်၍ သီတင်းသုံးနေတော်မူသောအခါ ဝေရဉ္စပုဏ္ဏားသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် သေတဗျမြို့သို့ လာ၍ မြတ်စွာဘုရားကိုဖူးတွေ့သဖြင့် ပင့်ဘိတ်လေသောကြောင့် ဝါနီးသောကာလ၌ ငါးရာသော တပည့်ရဟန်းတို့နှင့်တကွ ဝေရဉ္စာပြည်သို့ ကြွတော်မူ၍ ဝေရဉ္စာပြည်မှ မနီးမဝေးဖြစ်သော အရပ်၌ နဠေရုအမည်ရှိသော ဘီလူးသည်သိမ်းဆည်းအပ်သော တမာပင်ရင်း၌ တည်းနေတော်မူ၏။

ထိုအခါ ဝေရဉ္စပုဏ္ဏားသည် "သာကီဝင်မင်းသားဖြစ်သော အရှင်ဂေါတမသည် ဝေရဉ္စာမြို့၌ နဠေရုဘီလူးသည် သိမ်းဆည်းအပ်သော တမာပင်ရင်း၌ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ နေတော်မူ၏၊ ထိုအရှင်ဂေါတမ၏ ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ,သတ္ထာဒေဝမနုဿာနံ,ဗုဒ္ဓေါ, ဘဂဝါ-ဟူသော ကိုးပါးသော ဂုဏ်တော်တို့ဖြင့် ကျော်စောသော အသံသည် ဗြဟ္မာ့ပြည်

တိုင်အောင် နှံ့၍တက်၏၊ ထိုမြတ်စွာဘုရားသည် ဤပစ္စုပ္ပန်လောကကို ၎င်း,တမလွန်လောကကို၎င်း ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ တရားဟောတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ,အလယ်,အဆုံး သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော အနက်သဒ္ဒါနှင့်တကွ ဖြစ်သော အလုံးစုံပြည့်စုံသော တရားကိုဟောတော်မူ၏၊ ခရုသင်းပွတ်သစ်ကဲ့သို့ ထက်ဝန်းကျင်စင်ကြယ်သော မြတ်သောအကျင့်ကို ထင်ရှား ပြတော်မူ၏၊ ထိုသို့သဘောရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဖူးမြင်ရခြင်းသည် ကောင်းသည်သာလျှင်တည်း''ဟု ကြားသည်ဖြစ်၍ မြတ်စွာဘုရားရှိတော်မူရာသို့ ကပ်လာ၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တသက်လျာအောက်မေ့အပ်သော စကားကို ပြောဟော၍ တင့်အပ်သောအရပ်၌နေ၏။

ထို့နောက် ထိုပုဏ္ဏားသည် မိမိအားခရီးကြိုခြင်း, နေရာခင်းခြင်း အစရှိသော ဝုဍ္ဍာပစာယိကဝတ်မပြုသည်ကို နှလုံးသွင်း၍ ''အရှင်ဂေါတမ.... အရှင်ဂေါတမသည် အသက်ကြီးကုန်သော တတိယအရွယ်သို့ရောက်ကုန်ပြီးသော မင်းတဆက်,နှစ်ဆက်လည်ကုန်ပြီးသော ပုဏ္ဏားတို့ကို ခရီးဦးမကြို, နေရာဖြင့်မဘိတ်, ရှိမခိုး၊ ဤသို့သောစကားကို ကြားရ၏၊ ထိုသို့ကြားတိုင်းမှန်၏''၊ ဤသို့သောစကားကို လျှောက်၍ မြတ်စွာဘုရားမိန့်တော်မူ၏၊ ''ပုဏ္ဏား.... အလုံးစုံသော လောက၌ လာခြင်းကောင်းသောငါဘုရား၏ခရီးဦးကြိုထိုက်သောသူကို၎င်း,နေရာဖြင့် ဘိတ်မန်ထိုက်သောသူကို၎င်း မမြင်၊ ပုဏ္ဏား.... ဤလောက၌ အကြင်သူကို ငါသည်ရှိမူလည်း ခိုးငြားအံ့၊နေရာဖြင့်မူလည်း ဘိတ်ငြားအံ့၊ ထိုသူ၏ဦးခေါင်းသည် ကြွေကျရာ၏''ဟု မိန့်တော်မူလျှင်–

''အရှင်ဂေါတမသည် သာမဂ္ဂိရသကင်း၏''ဟု ပုဏ္ဏားလျှောက်ပြန်၏၊ ''ပုဏ္ဏား....အကြင်အကြောင်းဖြင့် ဆိုလိုသောသူသည် ငါ့ကို အရှင်ဂေါတမသည် **သာမဂ္ဂိရသမရှိ**-ဟု ဆိုရာ၏၊ ထိုအကြောင်းသည် ငါ၌ရှိ၏၊ ပုဏ္ဏား....အကြင်ရူပါရုံ၌ သာယာခြင်း,သဒ္ဒါရုံ၌ သာယာခြင်းအစရှိကုန်သော ရူပရသအစရှိကုန်သော တဏှာတို့သည် ရှိကုန်၏၊ ထိုရူပတဏှာ, သဒ္ဒတဏှာ, ရသတဏှာ အစရှိသည်တို့ကို ငါဘုရားသည် ပယ်အပ်ကုန်ပြီ၊ တဘန်မဖြစ်ခြင်းသို့ ရောက်ကုန်ပြီ၊ ပုဏ္ဏား....

အရှင်ဂေါတမသည် သာမဂ္ဂိရသမရှိ-ဟု အကြင်အကြောင်းဖြင့် ဆိုလိုသောသူသည် ငါ့ကိုဆိုရာ၏၊ ထိုအကြောင်းသည် ငါ၌ရှိ၏၊ ပုဏ္ဏား·· သင်သည်ကား ငါ့အားအညီအညွတ်ပြုရာသော ဝတ်မရှိသည်ကိုရည်၍ သာမဂ္ဂိရသမရှိ-ဟုဆို၏၊ထိုအကြောင်းသည် ငါ့အားမရှိ-ဟု မိန့်တော်မူ၏။

ထို့နောက်မှတဘန် "နိဗ္ဗောဂေါ ဘဝံ ဂေါတမော"အစရှိသော စကားကိုဆိုပြန်၏၊ ထိုသို့ ပုဏ္ဏား များစွာဆိုသောစကားကို တပါး, တပါးသော အကြောင်းဖြင့် မိန့်တော်မူ၍ ပယ်တော်မူပြီးသောအဆုံး၌ "ခုနစ်လုံး,ရှစ်လုံးသော ကြက်ဥတို့တွင် အကြင် ကြက်သူငယ်သည် ခြေသည်း,နှုတ်သီးတို့ဖြင့် ဥခွံကိုဘောက်၍ ရှေးဦးစွာပေါက်၏၊ထိုကြက်သူငယ်ကို နောက်မှပေါက်ကုန်သော ကြက်သူငယ်အပေါင်းတို့ထက် အကြီးဟူ၍ ဆိုအပ်သကဲ့သို့—

၁။ လောကကို ဖုံးလွှမ်းအပ်သော အဝိဇ္ဇာတည်းဟူသော ဥခွံကို ညှဉ့်ဦးယံ၌ ရအပ်သောကိုယ်တော်၏ရှေး၌ နေဘူးသောခန္ဓာကို သိခြင်း-ဟူသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ် တည်းဟူသော ဝိဇ္ဇာ,

၂။ သန်းခေါင်ယံ၌ရအပ်သော သတ္တဝါတို့၏ စုတိ,ပဋိသန္ဓေကို သိခြင်း-ဟူသော ဒိဗ္ဗစက္ခုဉာဏ်တည်းဟူသော ဝိဇ္ဇာ,

၃။ မိုးသောက်ယံ၌ ရအပ်သော အာသဝေါတရားလေးပါးကိုကုန်စေတတ်သောအရဟတ္တမဂ်ဉာဏ်-ဟုဆိုအပ်သော အာသဝက္ခယဉာဏ်တည်းဟူသောဝိဇ္ဇာ။

ဤဝိဇ္ဇာဉာဏ်သုံးပါးတို့ဖြင့် ဘောက်၍ လောကသုံးပါးတို့၏ ရှေးဦးစွာဆိုအပ်ပြီးသော ကိစ္စသုံးပါးကိုပြီးစေသည်၏အဖြစ်ကြောင့်ငါသာလျှင် လောကသုံးပါးတို့ထက်ကြီးတော်မူ၏" ဟူ၍ လောကထက် ကိုယ်တော်၏ ကြီးမြတ်တော်မူသော အဖြစ်ကိုဟောပြတော်မူသော်"အရှင်ဂေါတမသည် လောကထက်ကြီးတော်မူ၏၊မြတ်တော်မူ၏၊ ဘုန်းတော်ကြီးသောအရှင်ဘုရား····အလွန်နှစ်လိုဘွယ်ရှိစွ၊ မှောက်၍ ထားသော•

ဝတ္တုကိုလှန်သကဲ့သို့, ဖုံးလွှမ်းသော ဝတ္တုကိုဖွင့်သကဲ့သို့, ခရီး၌တွေဝေသောသူကို ခရီးကိုကြားသကဲ့သို့, အမိုက်တိုက်၌ ဆီမီးကိုထွန်းသကဲ့သို့, မျက်စိအမြင်ရှိသောသူသည် ရူပါရုံကိုမြင်သကဲ့သို့ ထို့အတူ အရှင်ဂေါတမသည် များစွာသောအကြောင်းဖြင့်တရားကိုထင်ရှားပြတော်မူ၏၊ အကျွန်ုပ်သည် အရှင်ဂေါတမကိုဂုဏ်း, တရားတော်ကိုဂုဏ်း, သံဃာတော်ကိုဂုဏ်း ကိုးကွယ်ရာဟူ၍မှတ်ပါ၏၊ ယနေ့ကိုအစပြု၍ အသက်ရှည်သမျှကာလပတ်လုံး ရတနာသုံးပါးကို ကိုးကွယ်သော ဥပါသကာဟူ၍ အကျွန်ုပ်ကို အရှင်ဂေါတမသည် မှတ်တော်မူစေချင်၏၊ ငါးရာသော ရဟန်းတို့နှင့်တကွ မိုယ်းသုံးလပတ်လုံး ဤဝေရဉ္စာပြည်၌ နေခြင်းကို သည်းခံတော်မူပါ''ဟုလျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ဝန်ခံတော်မူ၏၊ မြတ်စွာဘုရားဝန်ခံသောအဖြစ်ကို ထိုပုဏ္ဏားသည်သိပြီး၍ နေရာမှထ၍ မြတ်စွာဘုရားကို လက်ျာရစ်လှည့်သည်ပြု၍ ရှိသေစွာရှိခိုး၍သွားလေ၏။

## ဝေရဉ္စာပြည်၌ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ခြင်း

မြတ်စွာဘုရားသည် ငါးရာသောရဟန်းတို့နှင့်တကွ ဝေရဉ္စပုဏ္ဏားသည်ဘိတ်မန်အပ်သည်ဖြစ်၍ ထိုဝေရဉ္စာပြည်၌ဝါကပ်တော်မူ၏၊ထိုအခါ ဝေရဉ္စာပြည်၌မိုယ်းခေါင်သည်ဖြစ်၍ ငတ်မွတ်ခြင်းသည်ဖြစ်၏၊အရိုးဖွေးဖွေးဖြူအောင်သေ၏၊ သေရအံ့လော, ရှင်ရအံ့လော-ဟု နှစ်ခွရှိ၏၊ တရက်ချန်, နှစ်ရက်ချန်စားရ၏၊ ဆင်းရဲစွာအသက်မွေးရ၏၊ အရိယာတို့အားဆွမ်းခံခြင်းဖြင့် မျှအံ့သောငှာ မတတ်နိုင်၊ ထိုရောအခါ ဥတ္တရာပထမှ မြင်းကုန်သည်ငါးရာတို့သည်မြင်းငါးရာသို့နှင့်တကွ ဝေရဉ္စာပြည်၌ မိုယ်းလနေခြင်းသို့ရောက်ကုန်၏၊ ထိုမြင်းကုန်သည်တို့သည် မြင်းတင်းကုပ်တို့၌ ထိုငါးရာသော ရဟန်းတို့အား လှူအံ့သောငှာ တယောက်မျှလောက်ရုံ တယောက်မျှလောက်ရုံတကွမ်းစားမျှလောက်သော မုယောဆန်ကို ထားကုန်၏၊ရဟန်းတို့သည် နံနက်စောစောသပိတ်,သင်္ကန်းကို ယူကုန်၍ ဝေရဉ္စာမြို့သို့ဆွမ်းခံဝင်၍ ဆွမ်းကိုမရကုန်၊ အယုတ်သဖြင့် ကန်တော့၏-ဟူသောစကားကိုမျှ မရကုန်သည်ဖြစ်၍ မြင်းတင်းကုပ်တို့သို့ ဆွမ်းခံသွားကုန်၍တကွမ်းစားမျှသော မုယောဆန်ကို ရကုန်သဖြင့် နေရာသို့ဆောင်ကုန်၍ဆုံယ်၌ထောင်း၍ ဘုဉ်းပေးကြရကုန်၏။

ထိုမထေရ်တို့အား တစုံတယောက်သော ကပ္ပိယကာရကသည် မရှိကုန်၊ ထိုတကွမ်းစားမျှသော မုယောဆန်ကို အကြင်ရဟန်းသည်ခံ၍ ယာဂုကိုဎင်း, ထမင်းကိုဎင်းချက်ရာ၏၊ ဤသို့ချက်ခြင်းသည် ပေါ့သော အသက်မွေးခြင်းသည်မဖြစ်၊ ကိုယ်တိုင်ချက်ခြင်းမှ လွတ်စေသတည်း-ဟုရှစ်ပါးသော ရဟန်းတို့သည်ဎင်း, တကျိပ်သော ရဟန်းတို့သည်ဎင်း တပေါင်းတည်းဖြစ်ကုန်၍ဆုံယမ်း၌ထောင်းကုန်၍ ညက်ပြီးသော် စုဝေး၍ မိမိအဘို့ကိုရေဖြင့်ဖျော်၍ ဘုဉ်းပေးကုန်၏၊ ဤသို့ဘုဉ်းပေးကုန်သည်ဖြစ်၍ ကြောင့်ကြမဲ့ဖြစ်၍ ရဟန်းတရားကို ပြုကုန်၏။

မြတ်စွာဘုရားအားကား-မြင်းကုန်သည်တို့သည်တကွမ်းစားမျှသော မုယောဆန်ကိုဎင်း,ထိုဆန်နှင့်လျောက်ပတ်ရုံထောပတ်,ပျား,သကာကိုဎင်းလှူကုန်၏၊ ထိုမုယောဆန်ကိုအရှင်အာနန္ဒာသည်ဆောင်၍ကျောက်ပျဉ်၌ကြိတ်၍ ဆန်ညက်ကို ထောပတ်,ပျား,သကာတို့နှင့်ယှဉ်၍ မြတ်စွာဘုရားအားကပ်၏၊ ဘုန်းရှိသော ပညာရှိသောသူတို့၏ ပြုအပ်သော အာဟာရသည်နှစ်လိုဘွယ်ရှိသည်သာဖြစ်၏၊ မြတ်စွာဘုရားလက်တော်၌ ထိုအာဟာရ၌နတ်တို့သည် နတ်သြဇာကို ထည့်ကုန်၏၊ နေ့တိုင်း, နေ့တိုင်းဤသို့သဘောရှိသော အာဟာရကိုဘုဉ်းပေးတော်မူ၍ သမာပတ်ဝင်၍နေတော်မူ၏၊ ထိုနေ့မှစ၍ မြတ်စွာဘုရား ဆွမ်းချပ်တော်မမူ၊ မြတ်စွာဘုရားအား ပဌမဗောဓိ၌ **အဝါနှစ်ဆယ်အတွင်း**မြဲသော အလုပ်အကျွေးတပည့်မည်သည်မရှိ၊ ရံခါ,ရံခါ နာဂသမာလထေရ်အစရှိသည် အလုပ်အကျွေးရှိကုန်၏၊ အရှင်အာနန္ဒာသည် အမြဲလုပ်ကျွေးခြင်းကို မရသေး၊ ဤသို့သဘောရှိသော အရာတို့၌ အာနန္ဒာသည် သင့်တင့်လျောက်ပတ်၏-ဟုသည်းခံတော်မူ၏။

မွတ်သိပ်သောအခါ၌ လူတို့သည် ကောင်းမှုကုသိုလ်ကို လွန်စွာအားထုတ်ကုန်၍ မိမိတို့သည် မစားမူ၍ ရဟန်းတို့အား လှူအပ်သည်ကို အောက်မေ့ကုန်လျက် ထိုအခါ၌ လူတို့သည် အဘယ့်ကြောင့်တယောက်မျှသောဆွမ်းကိုမျှလည်း မလှူကုန်သနည်း၊ ဝေရဉ္စပုဏ္ဏားသည် ကြီးစွာသော အားထုတ်ခြင်းဖြင့် မြတ်စွာဘုရားအား ဝါဆိုတော်မူခြင်းကို တောင်းပန်၏၊ ထိုသို့လျက် အဘယ့်ကြောင့် ထိုပုဏ္ဏားသည် မြတ်စွာဘုရားရှိတော်မူသည်၏အဖြစ်ကိုမျှမသိသနည်းဟူမူကား—

**မာရ်နတ်သား** သည် လှည့်ပတ်လေသောကြောင့် လူတို့သည်လည်း တယောက်မသောဆွမ်းကိုမျှ မလှူကြကုန်၊ ဝေရဉ္ဇ ပုဏ္ဏားသည်လည်း မြတ်စွာဘုရား ရှိတော်မူသည်၏အဖြစ်ကိုမျှ မအောက်မေ့မိသတည်း၊ မြတ်စွာဘုရားအထံမှာဘဲကာမျှဖြစ်သော ဝေရဉ္ဇပုဏ္ဏားကို၎င်း, ဝေရဉ္ဇာပြည်အလုံးကို၎င်း, မြို့ထက်ဝန်းကျင် တယူဇနာမျှသော ဆွမ်းခံသွား၍ ပြန်မှီကောင်းသောအရပ်၌ နေသောသူတို့ကို၎င်း၊ ထိုအလုံးစုံကို မာရ်နတ်လှည့်ပတ်၍ တွေဝေစေ၍ ခပ်သိမ်းသောသူတို့အား မမှတ်မိသည်၏အဖြစ်ကိုပြု၍ မာရ်နတ်သားဘဲလေ၏၊ ထိုကြောင့်တစုံတယောက်သောသူသည်မျှ မြတ်စွာဘုရားကို အရှိအသေပြုအပ်သော အဖြစ်ကိုမျှ မအောက်မေ့မိ။

ဤတဆယ့်နှစ်ဝါမြောက်နှစ်၌ မြတ်စွာဘုရားသည် ဥတ္တရကုရုကျွန်းသို့၎င်း, တာဝတိံသာသို့၎င်း သွား၍ ဝါဆိုတော်မူငြားအံ့၊ ထိုအရပ်တို့၌လည်း လူနတ်တို့ကို မာရ်နတ်သည် လှည့်ပတ်ရာ၏၊ ထိုနှစ်၌မာရ်နတ်သည် မြတ်စွာဘုရား၌ ရန်ငြိုးဘွဲ့ခြင်းပြင်းသောစိတ်ရှိ၏၊ ဝေရဉ္ဇာပြည်၌ ဝါဆိုသော်တမူကား ဥတ္တရာပထမှ လာကုန်သော မြင်းကုန်သည်တို့သည် ရဟန်းတို့အား ချီးမြှောက်ခြင်းကိုပြုကုန်လတ္တံ့-ဟု အလွန်သော အကြောင်းကို မြင်တော်မူ၍ ထိုဝေရဉ္ဇာပြည်၌သာလျှင် ဝါကပ်တော်မူသတည်း၊ ထိုမြင်းကုန်သည်တို့ကား မာရ်နတ်လှည့်ပတ်ပြီးသော အဆုံးမှရောက်လာကုန်၏၊ ထိုကြောင့် ကဖန်ပြန်၍ လှည့်ပတ်အံ့သောငှာ မဝံ့သောကြောင့် မလှည့်ပတ်သတည်း။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ "အာနန္ဒာ.... ဆုံငယ်ထောင်းသောအသံသည် အကြောင်းအဘယ်နည်း" ဟု မေးတော်မူ၏၊ အရှင်အာနန္ဒာလည်း ထိုအကြောင်းကိုမြတ်စွာဘုရားအား ကြားလျှောက်၏၊ "အာနန္ဒာ....ကောင်းစွ, ကောင်းစွ၊ အာနန္ဒာ.... သူတော်ကောင်းဖြစ်ကုန်သော သင်တို့သည် ဤသို့ရခဲသောဆွမ်းရှိသော မွတ်သိပ်သောကာလ၌ဤသို့သဘောရှိသောအသက်မွေးခြင်း ရှိသည်၏အဖြစ်ဖြင့်၎င်း, ပေါသောအသက်မွေးခြင်းရှိသည်၏ အဖြစ်ဖြင့်၎င်း မွတ်သိပ်ခြင်းကိုအောင်၏၊ နောင်သောအခါ၌ နောက်ဖြစ်သောရဟန်း

အပေါင်းသည် **သားမြွှမ်းသလေးဆွဲမ်း** ကို မထေမဲ့မြင် ပြုကုန်လတ္တံ့" ဟု မိန့်တော်မူ၏။

### **ဘေးလွှတ်ရန် ရှင်မောဂ္ဂလာန်တောင်းပန်ခြင်း**

ထိုအခါ ရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားသို့ကပ်၍ တင့်အပ် လျောက်ပတ်သောအရပ်၌နေလျက် ရှိသေစွာရှိခိုး၍ "ရှင်ပင်ဘုရား.... ယခုအခါ၌ဝေရဉ္စာပြည်သည်မွတ်သိပ်၏၊သပိတ်လက်စွဲသဖြင့် အသက် မွေးခြင်းငှာ မပြုလွယ်၊ ရှင်ပင်ဘုရား....ဤမြေကြီး၏ အောက်အပြင် သည် ပျားငယ်မရှိသော ပျားသလက်ကဲ့သို့ အရသာနှင့်ပြည့်စုံ၏၊ ရှင် ပင်ဘုရားကို အကျွန်ုပ်သည်တောင်းပန်ပါ၏၊အကျွန်ုပ်သည် ထိုမြေကြီး ကို အထက်,အောက် လှန်ပါအံ့၊ ဤသို့လှန်ပြန်သဖြင့် ထိုမြေကြီး၌ **မြေဩဇာ** ကို ရဟန်းတို့သည်ဘုဉ်းပေးရကုန်လတ္တံ့"၊ဤသို့မြတ်စွာ ဘုရားကို လျှောက်၏၊ "မောဂ္ဂလာန်....သင်သည် မြေ၌နေသော သတ္တဝါတို့ကိုအဘယ်သို့ပြုအံ့နည်း" ဟု မိန့်တော်မူ၏၊ "ရှင်ပင်ဘုရား .. အကျွန်ုပ်သည် လက်တဘက်ကိုမြေဘန်ဆင်းအံ့၊ မြေ၌နေသောသတ္တဝါ တို့ကိုဘန်ဆင်းသောမြေ၌နေစေ၍ လက်တဘက်ဖြင့် မြေကိုလှန်အံ့" ဟု လျှောက်၏၊ မောဂ္ဂလာန်....မြေကိုလှန်ခြင်း၌ မနှစ်သက်လင့်၊ သတ္တဝါ တို့သည် ဘောက်ပြန်သောအယူသို့ ရောက်ကုန်ရာ၏" ဤသို့ပယ်တော် မူ၏၊"ရှင်ပင်ဘုရား....နဋ္ဌေရုဘီလုံးသည် သိမ်းဆည်းအပ်သော တမာ ပင်မှ ဥတ္တရကုရုကျွန်းသို့ ရှေးရှုခရီးကိုဘန်ဆင်း၍ ဥတ္တရကုရုကျွန်းကို အလားအလာနှင့် ပြည့်စုံသောအရပ်၌ ဘန်ဆင်း၍ အကျွန်ုပ်ပြုအံ့၊ ရဟန်းအပေါင်းသည် **ဥတ္တရကုရုကျွန်း** သို့ ဆွမ်းခံသွားရလတ္တံ့" ဤ သို့လျှောက်၏၊ "မောဂ္ဂလာန်....ဥတ္တရကုရုကျွန်းသို့ ရဟန်းအပေါင်း ၏ဆွမ်းခံသွားခြင်းကို သင်မနှစ်သက်လင့်"၊ ဤသို့ပယ်တော်မူ၏။

### **သိက္ခာပုဒ်ပညတ်ရန် ရှင်သာရိပုတြာ တောင်းပန်ခြင်း**

ထိုအခါ အရှင်သာရိပုတြာသည် မြတ်စွာဘုရားအား သိက္ခာပုဒ် ပညတ်တော်မူပါမည့် အကြောင်းကို တောင်းပန်၏၊ထိုအခါမြတ်စွာ ဘုရားသည် "သာရိပုတြာ....ငံ့ဦး၊ သာရိပုတြာ... ငါဘုရားသည် သာလျှင် သိက္ခာပုဒ်ပညတ်သောအခါကို သိလတ္တံ့"ဟု မိန့်တော်မူ

၍ "သာရိပုတြာ····ရဟန်းအပေါင်းသည်ကင်းသောဘေးရန်ရှိ၏၊ကင်းသောအပြစ်ရှိ၏၊ ဤငါးရာသောရဟန်းအပေါင်းတို့တွင် အဆုံးစွန်ဂုဏ်ဖြင့်ငယ်သောရဟန်းသည် သောတာပန် လျှင်တည်း၊ ထိုသောတာပန်သည်မပျက်စီးသောတရားရှိ၏၊ အထက်မဂ်လျှင် လည်းလျောင်းရာရှိ၏"၊ဤသို့မိန့်တော်မူ၏။

## ဒေသစာရီကြွချီရန်ပန်ကြားခြင်း

ထိုအခါမြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏၊ "အာနန္ဒာ····အကြင်သူတို့သည်ဘိတ်အပ်သည်ဖြစ်၍မြတ်စွာဘုရားတို့သည် မိုယ်းသုံးလနေခြင်းကိုနေကုန်၏၊ ထိုဘိတ်သောသူတို့ကိုမပန်မူ၍ ဒေသစာရီမသွားကုန်၊ ဤကား ဘုရားတို့၏အလေ့အကျင့်တည်း၊ အာနန္ဒာ····ငါတို့သွားကုန်အံ့၊ **ဝေရဉ္ဇပုဏ္ဏား** ကိုပန်ကုန်အံ့"ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာလည်း "ရှင်ပင်ဘုရား····ဤသို့ ပန်ခြင်းသည် ကောင်း၏"ဟု ဝန်ခံ၍ မြတ်စွာဘုရားသည် သပိတ်,သင်္ကန်းကိုယူတော်မူ၍ ရှင်အာနန္ဒာလျှင် နောက်လိုက်ရဟန်းရှိသည်ဖြစ်၍ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ကပ်တော်မူလေ၍ ခင်းအပ်သော ဘုရားနေရာ၌နေတော်မူ၏၊ ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်လာ၍ မြတ်စွာဘုရားကိုရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။

မြတ်စွာဘုရားမိန့်တော်မူ၏၊ "ပုဏ္ဏား··သင်သည်ဘိတ်မန်အပ်သည်ဖြစ်၍ ငါတို့ဝါဆိုကုန်ပြီ၊ ပုဏ္ဏားကိုငါတို့ပန်ကုန်၏၊ ဒေသစာရီသွားခြင်းငှာအလိုရှိ၏"ဟု မိန့်တော်မူ၏၊ "အရှင်ဂေါတမ····အကျွန်ုပ်သည်ဘိတ်မန်အပ်သည်မှန်၏၊စင်စစ်သော်ကား အကျွန်ုပ်သည် လှူအပ်သောဝတ္တုကိုမလှူပါရသေး၊ ထိုသို့မလှူရခြင်းသည် အကျွန်ုပ်အား လှူဘွယ်ဝတ္တုမရှိသောကြောင့်လည်းမဟုတ်၊ မလှူလိုသည်၏အဖြစ်ကြောင့်လည်းမဟုတ်၊ အိမ်ရာထောင်သောအကျွန်ုပ်အား များသောကိစ္စရှိ၏၊ ထို့ကြောင့် မိုယ်းသုံးလပတ်လုံး လှူအပ်သောဝတ္တုသည်ရှိသော်ငည်း, လှူလိုသည်၏အဖြစ်ရှိသော်ငည်း အကြင်လှူဘွယ်ဝတ္တုကို အကျွန်ုပ်တို့သည်လှူကုန်ရာ၏၊ ထိုဝတ္တုကိုလှူခြင်းငှာမရ၊ အရှင်ဂေါတမ····နက်ဖြန်ဆွမ်းဘုဉ်းပေးခြင်းငှာ ရဟန်းအပေါင်းနှင့်တကွ သည်းခံတော်မူပါ"ဟု လျှောက်၏။

မြတ်စွာဘုရားလည်း တုဏှိဘာဝဖြင့် သည်းခံတော်မူ၏၊ မြတ်စွာဘုရားသည်ဝေရဥ္စပုဏ္ဏားအား ကာလနှင့်ယှဉ်သော တရားစကားကို ဆိုတော်မူ၍ နေရာမှထ၍ ကြွတော်မူလေ၏။

ဝေရဥ္စပုဏ္ဏားသည် ထိုညဉ့်လွန်ပြီးသော် မိမိအိမ်၌ဆွမ်းယာဂု ခဲဘွယ်ဘောဇဉ်အစရှိသည်တို့ကိုစီရင်၍ မြတ်စွာဘုရားအား''ဆွမ်းစားအံ့သောငှာ အခါတန်ပြီ၊ ဆွမ်းစီရင်ခြင်းကိစ္စသည်ပြီးပါပြီ''ဟု အခါကိုကြားလျှောက်စေ၏၊ မြတ်စွာဘုရားလည်း နံနက်စောစောကလျှင် သင်းပိုင်ကိုဝတ်၍ သပိတ်,သင်္ကန်းကိုယူတော်မူ၍ ငါးရာသောရဟန်းတို့နှင့်တကွ ဝေရဥ္စပုဏ္ဏားအိမ်သို့ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏၊ ဝေရဥ္စပုဏ္ဏားသည် ဘုရားအမှူးရှိသောရဟန်းသံဃာကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် မိမိလက်ဖြင့်လုပ်ကျွေး၍''တန်ပြီ''ဟု မြစ်စေ၍ ဆွမ်းဘုဉ်းပေးပြီးသော သပိတ်တော်မှချပြီးသောလက်တော်ရှိသောမြတ်စွာဘုရားအားအသပြာ တထောင်,တထောင်စီ အဘိုးထိုက်သောသင်္ကန်းသုံးထည်ကိုလှူ၏။

ငါးရာသောရဟန်းတို့အားလည်း တဦး,တဦးသော ပုဂ္ဂိုလ်အား ငါးရာစီအဘိုးထိုက်သော သင်္ကန်းနှစ်ထည်စီကိုလှူ၏၊ ဤသို့လျှင်ငါးရာသောရဟန်းတို့အား ငါးသိန်းအဘိုးထိုက်သော ပုဆိုးတို့ကိုလှူ၏၊ ဤမျှလောက်သော အလှူဝတ္ထုကိုလှူ၍ မရောင့်ရဲသဖြင့် ခုနစ်ထောင်,ရှစ်ထောင်အဘိုးထိုက်သော ကမ္ဗလာကိုဝင်း,ပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သောပုဆိုးကိုဝင်းဖြတ်၍ အာယောဂပတ်, အံသကိုဋ်, ခါးပန်း, ရေစစ်အလို့ငှါ လှူ၏၊ အကြိမ်တရာ,အကြိမ်တထောင်စစ်သောဆီကျက်ဖြင့် ကျည်တို့ကိုပြည့်စေ၍ တယောက်,တယောက်သောရဟန်းအား အဘိုးတထောင်ထိုက်သောဆီတို့ကို နယ်ဆီအလို့ငှါလှူ၏၊ ဤသို့အစရှိသော ရဟန်းတို့အား လျှောက်ပတ်သောသုံးဆောင်ဘွယ်ကို မလှူသောမည်သည်မရှိ၊ များစွာလှူ၏။

ထိုအခါ၌ ဝါတွင်း သုံးလပတ်လုံး မာရ်လှည့်ပတ်သောအားဖြင့် တရားနာခြင်းတည်းဟူသော အမြိုက်အရသာကို သောက်ခြင်းမှကင်းသောဝေရဥ္စပုဏ္ဏားကို မြတ်စွာဘုရားသည် တနေ့တည်းသောနေ့ဖြင့်

သာလျှင် တရားတည်းဟူသောမိုယ်းကိုရွာစေ၍ ထက်ဝန်းကျင်မှ ပြည့်စုံသောအကြီးရှိသည်ကိုပြုတော်မူ၍ တရားနှင့်ယှဉ်သောစကားကို ပြတော်မူ၍ နေရာမှထ၍ ဘဲတော်မူ၏။

---

## ၁၈၈။ ဘုရားရှင်တို့၏ဒေသစာရီကြွတော်မူရာ မဏ္ဍလ ၃–ပါးတို့ကိုပြခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဝေရဉ္ဇာပြည်၌ မွေလျှော်တော်မူသောအတိုင်းနေ၍ ဝေရဉ္ဇာပြည်ကထွက်တော်မူ၍ ယူဇနာကိုးရာ အဝန်းရှိသော မဟာမဏ္ဍလ၌ ဒေသစာရီကြွတော်မူအပ်သော ဘုရားခရီးကိုပယ်၍ မွတ်သိပ်ခြင်းဖြင့် ပင်ပန်းကုန်သော ရဟန်းတို့ကို ချီးမြှောက်တော်မူသဖြင့် အဖြောင့်ခရီးကိုယူတော်မူ၍ သွားခြင်းငှာ အလိုတော်ရှိသော မြတ်စွာဘုရားသည် သောရေယျဇနပုဒ်, သင်္ကဿပြည်, ကဏ္ဏကုဇ္ဇဇနပုဒ်တို့သို့ မကပ်မူ၍ ပယာဂပ္ပတိဋ္ဌာနသို့ကပ်တော်မူ၍ ထိုပယာဂဆိပ်မှ ဂင်္ဂါမြစ်ကိုကူး၍ ဗာရာဏသီပြည်သို့ရောက်တော်မူ၏။

မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူသော ခရီးကား-အန္တောမဏ္ဍလ,မဇ္ဈေမဏ္ဍလ, မဟာမဏ္ဍလ-ဟူ၍ သုံးကြောင်းရှိ၏၊ အန္တောမဏ္ဍလခရီးကား-အဝန်းအားဖြင့် ယူဇနာသုံးရာရှိ၏၊ မဇ္ဈေမဏ္ဍလအလယ်ခရီးကားအဝန်းအားဖြင့် ယူဇနာခြောက်ရာရှိ၏၊ မဟာမဏ္ဍလပြင်ကြောင်းခရီးကား အဝန်းအားဖြင့် ယူဇနာ ကိုးရာ ရှိ၏၊ အကြင်ဝါကျွတ်သောအခါ၌ သမထဝိပဿနာနုသောရဟန်းတို့သည် ရှိကုန်၏၊ ထိုအခါ ထိုရဟန်းတို့၏ သမထဝိပဿနာ ရင့်ခြင်းကို ငံ့တော်မူသဖြင့် တပို့တွဲလပြည့်နေ့တိုင် ငံ့နေတော်မူ၍ တပို့တွဲလပြည့်ကျော်တရက်နေ့ဝါဆိုတော်မူရာအရပ်မှထွက်၍ အန္တောမဏ္ဍလ၌ဒေသစာရီ ကြွတော်မူ၍ ငါးလဖြင့်ဆုံးစေ၏၊ နတ်တော်လပြည့်တိုင် ငံ့နေတော်မူ၍ နတ်တော်လပြည့်ကျော်တရက်နေ့ထွက်၍ မဇ္ဈေမဏ္ဍလ၌ ဒေသစာရီ ကြွတော်မူ၍ ဝါဆိုလပြည့်တိုင် ခုနစ်လဖြင့်ဆုံးစေ၏၊ သီတင်းကျွတ် လပြည့်ကျော်တရက်နေ့ထွက်တော်မူရလျှင် မဟာမဏ္ဍလ၌ ကြွတော်မူ၍ ဝါဆိုလပြည့်တိုင် ကိုးလဖြင့် ဒေသစာရီကြွခြင်းကို ဆုံးစေ၏။

အကြင်အခါ၌ မြတ်စွာဘုရားသည် အန္တောမဏ္ဍလ၌ ဒေသစာရီ ကြွတော်မူ၏၊ ထိုအခါ မဇ္ဈိမမဏ္ဍလ,မဟာမဏ္ဍလတို့၌ ပူဇော်သက္ကာရ ဝေနေယျတို့သည် အန္တောမဏ္ဍလ၌ စုဝေးလာကုန်၏၊ မဇ္ဈိမမဏ္ဍလ, မဟာမဏ္ဍလတို့၌လည်း ထို့အတူ တပါးသော မဏ္ဍလတို့၌ ရှိသော ပူဇော်သက္ကာရဝေနေယျတို့သည် ထိုကြွတော်မူရာမဏ္ဍလသို့ချည်း စု ဝေးလာကုန်၏။

---

## ၁၈၉။ ရှင်သုဒိန်ကိုအကြောင်းပြု၍ပဉ္စမပါရာဇိက ပညတ်တော်မူခြင်း

ထိုဗာရာဏသီပြည်၌လည်း မွေ့လျော်တော်မူသော အတိုင်းနေ၍ ဝေသာလီပြည် သို့ကြွတော်မူ၍ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ၌ နေတော်မူ၏၊ထိုအခါ ဝေသာလီပြည်မှ မနီး မဝေးဖြစ်သော ကလန္ဒပုဏ္ဏားရွာ၌ ကလန္ဒသူဌေးသား သုဒိန်သည် တစုံတခုသော ကိစ္စဖြင့် ဝေသာလီပြည်သို့လာရာ မြတ်စွာဘုရား အထံမှ တရားတော်ကို ကြားနာရသဖြင့် အိမ်ရာထောင်သော လူ၏ဘောင်၌ အပြစ်ကိုမြင်၍ မြတ်စွာဘုရားအထံ၌ ရဟန်းပြုလို သည်ဖြစ်၍ မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို တောင်းပန်သော် "အမိအဘတို့ ခွင့်မပြုသောသူကို ဘုရားတို့သည် ရဟန်းမပြုကုန်"ဟု မိန့် တော်မူသဖြင့် အိမ်သို့သွား၍ မိဘတို့ကိုခွင့်တောင်းလျှင် သားတယောက် တည်းဖြစ်သဖြင့် အခွင့်မပေးလိုရကား-ရဟန်းမပြုရသော် သေအံ့-ဟု မြေ၌အိပ်၍ နှစ်ရက်,သုံးရက်ပတ်လုံး ထမင်းမစားနေသော ကြောင့် အမိအဘတို့သည် "ငါတို့သားသည်သေလေသောထက် ရှင်ပါမူငါတို့ မြင်ရပါကုန်လတ္တံ့"ဟု အကြံဖြစ်၍ ရဟန်းပြုခြင်းငှာသုဒိန်အားခွင့် ပြုကုန်၍ မြတ်စွာဘုရားအထံသို့သွား၍ မိဘတို့ခွင့်ပြုသော အကြောင်း ကိုလျှောက်သော် မထင်ရှားသော ပိဏ္ဍပါတိကမထေရ်အားသုဒိန်ကို ရဟန်းပြုစေ၏။

ရှင်သုဒိန်သည် အာရညကင်, ပိဏ္ဍပါတ်, သပဒါနစာရီ, ပံသုကူ ဓုတင်တို့ကိုဆောင်လျက် ရွာငယ်တခုကိုအမှီပြု၍ တောကျောင်း၌နေ၏၊ ထိုအခါမိဘတို့သည် အရှင်သုဒိန်ကို အိမ်သို့ပင့်၍ များစွာသော ရွှေ,

ငွေဥစ္စာတို့ကိုပြ၍ ခင်ပွန်းဟောင်းကိုလည်း ဝတ်စားတန်ဆာ ဆင်ယင်စေလျက် အနီး၌ခေါ်ထား၍ "မျိုးစေ့ချပါလော့"ဟု တောင်းသဖြင့် သိက္ခာပုဒ်မပညတ်သေးဖြစ်၍ အပြစ်မရှိ-ဟု အမှတ်ရှိရကား-ခင်ပွန်းဟောင်းကို တောသို့ခေါ်၍ မေထုန်သံဝါသ ပြုသဖြင့် မျိုးစေ့ချလေ၏၊ ထိုအကြောင်းကိုမိမိကိုယ်စောင့်နတ်မှစ၍ အလုံးစုံသော ရုက္ခစိုး,ဘုမ္မစိုးစသော နတ်တို့သည် သိကုန်၍ ဗြဟ္မာ့ပြည်တိုင်အောင် ရှင်သုဒိန်မေထုန်မှီဝဲသော ကျေးဇူးမဲ့သည်ကျော်စောလေ၏၊ ထိုသုဒိန်ဝတ္ထုတွင် ပဌမပါရာဇိကကို ပညတ်တော်မူ၏။

---

## ၁၉၀။ စားကြွင်းစားငါးရာတို့ကိုအကြောင်းပြု၍ ဝါလောဒကဇာတ်ကို ဟောတော်မူခြင်း

ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ သာဝတ္ထိပြည်သူ ပြည်သားတို့သည် အာဂန္တုကဒါနအဖြစ်ဖြင့် မြတ်စွာဘုရားအား လှူဒါန်းပူဇော်ကုန်၏၊ ထိုအခါ ငါးရာသော စားကြွင်းစားတို့သည် ရဟန်းတို့ကိုမှီ၍ ပရိဝုဏ်တွင်း၌ နေကုန်၏၊ ရဟန်းတို့ စားကြွင်းဖြစ်သော မွန်မြတ်သော ဘောဇဉ်တို့ကိုစား၍ အိပ်၍ နိုးသော် မြစ်သို့သွား၍ ဟစ်ကြော်ကုန်လျက် လက်ပမ်းလက်ဝှေ့သတ်ကုန်လျက် မြူးထူးကုန်၏၊ အရံတွင်း၌ငင်း,အရံပ၌ငင်း လွန်ကျူးသောအကျင့်ကို ကျင့်ကုန်၏၊ ရဟန်းတို့သည် "အရှင်တို့…. ဤစားကြွင်းစားတို့ကို ရှုပါကုန်လော့၊ ဤသူတို့သည် ဝေရဉ္ဇာပြည်၌ မွတ်သိပ်သောအခါ တစုံတခုဘောက်ပြန်သောအမှုကိုမပြုကုန်၊ ယခုဤသို့သဘောရှိသော အစာတို့ကိုစား၍ များစွာဘောက်ပြန်ခြင်းကို ပြုကုန်၏၊ရဟန်းတို့သည် ဝေရဉ္ဇာပြည်၌လည်း ငြိမ်သက်ကုန်၏၊ ယခုလည်း ငြိမ်သက်စွာ နေကုန်၏"ဟု တရားသဘင်၌ စကားကိုဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် တရားသဘင်သို့ လာတော်မူ၍ ထိုအကြောင်းကို ကြားတော်မူလျှင် "ချစ်သားရဟန်းတို့…. ဤစားကြွင်းစားတို့သည် ရှေး၌မြည်း၏အမျိုး၌ဖြစ်ကုန်၍ ငါးရာကုန်သော သိန္ဓောမြင်းတို့အား

ပေးအပ်သော မုဒရက်အဖျော်ဖတ်ကို ရေဖြင့်နယ်၍ သင်ပန်းလျှော် ပုဆိုးဖြင့်စစ်၍ ဝါလောဒကမည်သော နည်းသော အရသာရှိသော ယုတ်သောအဖျော်ကို သောက်၍ ပျားယစ်သော သူကဲ့သို့ ဟစ်ကြော် မြူးထူးကုန်လျက် သွားကုန်၏”ဟု မိန့်တော်မူ၍ “ဝါလောဒကံအပ္ပ- ရသံ နိပိတွာန”အစရှိသောဂါထာတို့ဖြင့်တန်ဆာဆင်အပ်သော ဝါလော ဒကဇာတ်ကို ဟောတော်မူ၏၊ သူတော်ကောင်းတို့သည်ကား ချမ်းသာ သောအခါ၌၎င်း,ဆင်းရဲသောအခါ၌၎င်း လောကဓံတရားကို ဆင်ခြင် ၍ ဘောက်ပြန်ခြင်း မရှိကုန်သည် သာလျှင်တည်း”ဟု မိန့်တော်မူ၍ “သဗ္ဗတ္ထဝေသပ္ပုရိသာ”အစရှိသော တရားဒေသနာကို ဟောတော် မူ၏၊ ဒေသနာတော်အဆုံး၌ တရားနာပရိသတ်တို့သည် သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်ကုန်၏။

---

## ၁၉၁။ ရှင်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း

တဆယ့်နှစ်ဝါကျွတ်သော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါတဆယ့်ရှစ်နှစ်ရှိပြီးသော သာမဏေရပဗ္ဗဇ္ဇာအဖြစ် ဖြင့် တဆယ့်တဝါရပြီးသော သားတော်ရှင်ရာဟုလာကို ဆုံးမတော် မူလိုသဖြင့် မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူ၏၊ ဤမဟာ ရာဟုလောဝါဒသုတ်,အနုပိယသရက်တော၌ ဟောတော်မူအပ်သော အမ္ဗလဋ္ဌိယ ရာဟုလောဝါဒသုတ် တို့သည် အရှင် ရာဟုလာ အား ဝိပဿနာဉာဏ်၏ရင့်ကြောင်းမျှသာဖြစ်သတည်း။

---

## ၁၉၂။ တေရသမဝါ၌ ဝိတက်သုံးပါးနှိပ်စက်သော ရှင်မေဃိယထေရ်အား တရားဟောတော်မူခြင်း

ဤသို့အစရှိသော များစွာသော တရားဒေသနာတော်ဖြင့် လူနတ် ဗြဟ္မာသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေး ၄ဝေတော်မူလျက် ဇေတဝန် ကျောင်းတော်မှ ဒေသစာရီ ကြွတော်မူ၍ စာလိယမြို့သို့

ရောက်တော်မူသောအခါ ထိုမြို့သားတို့သည် မြို့မှမနီး မဝေးသော အရပ်၌ စာလိယတောင်၌ ကြီးစွာသောကျောင်းကို ဆောက်လုပ်၍ လှူသဖြင့် ထိုစာလိယတောင်ကျောင်း၌ တဆယ့်သုံးဝါမြောက်ဖြစ်သော ဝါကို ဆိုတော်မူ၏၊ မြတ်စွာဘုရားအား ပဌမဗောဓိအဝါနှစ်ဆယ် အတွင်း၌ အလုပ်အကျွေးတပည့်တို့သည်မမြဲကုန်၊ တရံတခါ နာဂသ မာလထေရ် လုပ်ကျွေး၏၊ တရံတခါ နာဂိတထေရ်လုပ်ကျွေး၏၊ တရံ တခါသာဂတထေရ်လုပ်ကျွေး၏၊တရံတခါ သုနက္ခတ္တထေရ်လုပ်ကျွေး၏၊ တရံတခါစုန္ဒသမဏုဒ္ဒေသ လုပ်ကျွေး၏၊ တရံတခါ ဥပဝါဏထေရ် လုပ်ကျွေး၏၊ တရံတခါ ရှင်မေဃိယထေရ်လုပ်ကျွေး၏၊ ဤစာလိယ တောင်၌ တေရသမဝါဆိုတော်မူသောအခါကား မြတ်စွာဘုရားအား အရှင်မေဃိယထေရ်လုပ်ကျွေးသတည်း။

[ဘုရားဖြစ်သည်မှစ၍ တဆယ့်ငါးဝါသည် ပဌမဗောဓိမည်၏၊ ထို့ နောက်တဆယ့်ငါးဝါသည် ဒုတိယဗောဓိမည်၏၊ ထို့နောက်တဆယ့်ငါး ဝါသည် တတိယဗောဓိမည်၏၊ ဗောဓိသုံးရပ်ကိုပေါင်းသော် လေးဆယ့် ငါးဝါဖြစ်၏။]

ထိုအခါ ရှင်မေဃိယမထေရ်သည် မြတ်စွာဘုရားသို့ကပ်၍ ရှိသေစွာ ရှိခိုး၍ "အရှင်ဘုရား.... အကျွန်ုပ်သည် ဇန္တုရွာ၌ဆွမ်းခံခြင်းငှါအလို ရှိပါ၏"ဟုလျှောက်၏၊ "မေဃိယ....ယခုအခါ သင်သည် ဇန္တုရွာ၌ ဆွမ်းခံအခါကိုသိလော့"ဟု မိန့်တော်မူသဖြင့် နံနက်စောစောဇန္တု ရွာ၌ဆွမ်းခံပြီး၍ဆွမ်းစားပြီးသော်ဆွမ်းခံရွာမှဘဲ၍ ကိမိကာလာအမည် ရှိသောမြစ်သို့ကပ်၍ ကိမိကာလာမြစ်နားဲ၌သွားသဖြင့် မွေ့လျော်ဘွယ် ရှိသောသရက်တောကိုမြင်၍ "ဤဥယျာဉ်သည် ကြည်ညိုဘွယ်ရှိလှ၏၊ မွေ့လျော်ဘွယ်ရှိလှ၏၊ ဤသရက်တော၌ ရဟန်းတရားကို ပြုခြင်းငှာ လျောက်ပတ်၏၊ မြတ်စွာဘုရားသည် အကယ်၍ခွင့်ပြုပါအံ့၊ ရဟန်း တရားကိုပြုခြင်းငှါဤသရက်တောသို့လာရအံ့"၊ဤသို့သောအကြံသည် ဖြစ်၏၊ ရှေးအခါ အရှင်မေဃိယသည် အဖြစ်ငါးရာတိုင်တိုင် ဆက် ကာ ဆက်ကာ မင်း၏အဖြစ်ဖြင့် ထိုသရက်ဥယျာဉ်၌ ဥယျာဉ်ကစား ခြင်းဖြင့် မွေ့လျော်ဘူး၏၊ ထို့ကြောင့် ထိုသရက်တောကို မြင်ကာမျှဖြင့် နေခြင်းငှာ စိတ်သည် ညွတ်၏။

ထိုအခါ မြတ်စွာဘုရားသို့ကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် ထိုသရက်တော၌ရဟန်းတရားကိုပြု၍ နေလိုသောအကြောင်းကိုလျှောက်၏၊မြတ်စွာဘုရားသည် မေဃိယထေရ်၏စကားကိုကြားတော်မူသော်-မေဃိယအား ဉာဏ်သည် မရင့်သေး-ဟု သိတော်မူသဖြင့်“မေဃိယ…အကြင်မျှလောက်တပါးသောရဟန်းသည် လာ၏၊ ထိုမျှလောက်ငံ့ဦးလော့”ဟု မိန့်တော်မူ၏၊ဤမေဃိယသည် သရက်တောသို့သွား၍ ကမ္မဋ္ဌာန်းမပြည့်စုံသည်ရှိသော် ကမ္မဋ္ဌာန်း၌အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငါ့အားချစ်သဖြင့် တဘန်လာလတ္တံ့-ဟုသိတော်မူ၍ ဤသို့မိန့်သတည်း၊ နှစ်ကြိမ်မြောက်ရင်း,သုံးကြိမ်မြောက်ရင်း မေဃိယသည် “ရှင်ပင်ဘုရားအား လေးပါးသောမဂ်ကိစ္စတို့ကို ပြုတော်မူပြီးသည်၏အဖြစ်ကြောင့် ထိုထက်အလွန် မဂ်ကိစ္စမရှိပြီ၊ ပြုပြီးသောတရားကိုလည်း တဘန်ပြုခြင်းကိစ္စမရှိပြီ၊အကျွန်ုပ်အားကား မဂ်ကိစ္စပြုဘွယ်ရှိသေး၏၊ပြုအပ်ပြီးသော တရားကိုပွားစေခြင်းငှာ အကျွန်ုပ်အားရှိ၏၊ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ခွင့်ပြုပါအံ့၊ ထိုသရက်တောသို့ ရဟန်းတရားကိုပြုခြင်းငှာ သွားပါအံ့” ဟု လျှောက်၏။

“မေဃိယ····စင်စစ်သဖြင့် ရဟန်းတရားကို ပြုပါအံ့-ဟု ဆိုသော် သင့်ကိုငါတို့သည် ကမ္မဋ္ဌာန်းမှတပါးသောအကြောင်းကို အဘယ်သို့ဆိုအံ့နည်း၊ မေဃိယ····ထိုသရက်တောသို့သွား၍ ရဟန်းတရားကိုပြုအံ့သောငှာ အခါကိုသိလော့”ဟု မိန့်တော်မူ၏၊ ထိုအခါ အရှင်မေဃိယသည် နေရာမှထ၍ မြတ်စွာဘုရားကိုရှိခိုး၍ သရက်ဥယျာဉ်တောသို့သွားပြီးလျှင် ထိုသရက်ဥယျာဉ်တော၌တခုသောသရက်ပင်ရင်း၌နေ၏၊ ရှေးသောကိုယ်၏အဖြစ်၌ အစဉ်အားဖြင့် အဖြစ်ငါးရာမင်းပြု၍ ကိုယ်လုပ်မောင်းမတို့ဖြင့်ခြံရံလျက် မင်္ဂလာရှိသောကျောက်ဖျာ၌နေဘူး၏၊ ထိုကျောက်ဖျာ၌ပင် နေ၏၊ထိုအခါ မေဃိယထေရ်အား ထိုနေရာ၌နေကာမျှဖြင့်ပင် ရဟန်းအဖြစ်ကိုစွန့်သကဲ့သို့မင်း၏အသွင်ကိုယူ၍ မောင်းမအပေါင်းခြံရံလျက် ထီးဖြူအောက်၌ မြတ်သောသူတို့အား နေခြင်းငှာ ထိုက်သောပလ္လင်၌ နေသကဲ့သို့ဖြစ်၏။

ထိုသရက်ဥယျာဉ်တော၌နေသော မင်း၏စည်းစိမ်ကိုသာယာသော မေဃိယအား များသောအားဖြင့် ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံ

သာဝိတက်တည်း-ဟူသော သုံးပါးသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုသုံးပါးသောတရားတို့၏ ဖြစ်ဟန်ကား-စည်းစိမ်ကို သာယာသောမထေရ်အား**ကာမဝိတက်**သည်ထင်ရှားဖြစ်၏၊ ထိုခဏ၌ပင် ဥစ္စာနှင့်တကွ ဖမ်းအပ်သော ခိုးသူနှစ်ယောက်တို့ကိုဆောင်၍ ရှေ့၌ထားသကဲ့သို့မြင်၏၊ ထိုခိုးသူတို့တွင် တယောက်သောသူကို သတ်ခြင်းငှာစေသောအခြင်းအရာအားဖြင့် **ဗျာပါဒဝိတက်**သည်ဖြစ်၏၊ တယောက်သော ခိုးသူကိုနှောင်ဖွဲ့ခြင်းငှာစေသောအခြင်းအရာဖြင့်**ဝိဟိံသာဝိတက်**သည်ဖြစ်၏၊ ဤသို့လျှင် မေဃိယထေရ်သည် နွယ်ယှက်သောသစ်ပင်ကဲ့သို့ဂုင်း,ယင်တို့သည် များစွာသောအပုပ်ကိုခြံရံသကဲ့သို့ဂုင်း အကုသလဝိတက်တို့ဖြင့် ပြွမ်းသည်ဖြစ်၏၊ ဤသို့လျှင် အကုသလဝိတက်တို့သည် ဖြစ်ကုန်သတည်း။

ထိုအခါ အရှင်မေဃိယသည် ငါ့အား အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ အံ့ဘွယ်ရှိစွ-ဟု ညချမ်းသောအခါ နေရာမှထ၍ ထိုသရက်ဥယျာဉ်တောမှဘဲခဲ့၍ မြတ်စွာဘုရားသို့ကပ်လာ၍ရှိသေစွာ ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသောရှင်ပင်ဘုရား‥ဤသရက်ဥယျာဉ်တော၌နေသော အကျွန်ုပ်အား များသောအားဖြင့် ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသာဝိတက်တို့သည်ဖြစ်ကုန်၏၊ အရှင်ဘုရား‥‥အကျွန်ုပ်သည် အိမ်ရာထောင်သော လူတို့၏ဘောင်မှထွက်၍ သဒ္ဒါခြင်းဖြင့် ရဟန်းပြု၏၊ ထိုသို့ပြုလျက် ယုတ်မာသောအကုသလဝိတက်တို့သည် မြိုက်ကုန်၏၊အံ့ဘွယ်ရှိစွ၊မဖြစ်စဘူးမြဲတကား၊ ဤသို့အကြံသည်ဖြစ်၏" ဟု မြတ်စွာဘုရားကို လျှောက်၏၊ မြတ်စွာဘုရားသည် "အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စဓမ္မာ" အစရှိသောတရားဒေသနာတော်ကို ဟောတော်မူ၏၊ ထိုအခါ ထိုသို့ဟောသော အကြောင်းကို သိတော်မူ၍—

ခုဒ္ဒါ ဝိတက္ကာ သုခုမာ ဝိတက္ကာ၊
အနုဂ္ဂတာ မနသော ဥပ္ပိလာဝ ဝါ။
ဧတေ အဝိဒ္ဒါမနသော ဝိတက္ကေ၊
ဟုရာဟုရံ ဓာဝတိ ကန္တစိတ္တော။ ။

ဧတေ စ ဝိဒ္ဓါမနသော ဝိတက္ကေ၊
အာတာပိယော သံဝရတီ သတိမာ။
အနုဂ္ဂတေ မနသော ဥပ္ပိလာဝေ၊
အသေသမာနေ ပဇဟာသိ ဗုဒ္ဓေါ။ ။

ဟု ကိုယ်တော်၏အဖြစ်ကို ဝမ်းမြောက်ဝမ်းသာမိန့်တော်မူ၏၊ ဤသို့လျှင် တေရသမမြောက်ဝါ၌ များစွာသော တရားဒေသနာတော်ဖြင့် များစွာသော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား မဂ်,ဖိုလ်,နိဗ္ဗာန်တရားကိုပေးတော်မူ၏။

---

## ၁၉၃။ ဝုဋ္ဌသမဝါ၌ သာရိပုတ္တထေရဝတ္ထုကို ဟောတော်မူခြင်း

**စာလိယတောင်ကျောင်း၌** တေရသမဝါကျွတ်တော်မူသောအခါ အရှင်သာရိပုတ္တရာကိုအကြောင်းပြု၍ "အာသာ ယဿ နဝိဇ္ဇတိ" စသောတရားကိုဟောတော်မူ၏၊ ထိုတေရသမဝါ၌ အရှင်သာရိပုတ္တရာသည် တပည့်ရဟန်း အခြံအရံငါးရာတို့နှင့်တကွ တခုသောရွာနီးကျောင်း၌ ဝါကပ်တော်မူ၏၊ ထိုရွာသားတို့သည် အရှင်သာရိပုတ္တရာအား များစွာသော ဝါဆိုသင်္ကန်းလှူအံ့သောအကြောင်းကို ကြားလျှောက်ကုန်၏၊ ဝါကျွတ်လျှင် ပဝါရဏာပြုပြီး၍ အလုံးစုံသော ဝါဆိုသင်္ကန်းမရောက်မီ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအထံသို့ ကြွလိုသည်ဖြစ်၍ "ရဟန်းတို့....လူတို့သည် ဝါဆိုသင်္ကန်းကိုဆောင်ခဲ့ကုန်သည်ရှိသော်ခံ၍ ပဉ္စင်းကိုသော်၎င်း,သာမဏေကိုသော်၎င်း ငါ့သို့ပို့လာစေ၊ထိုပုဆိုးတို့ကိုသိထား၍ သတင်းစကားကိုသော်လည်း ငါ့အားကြားလာကုန်" ဟု တပည့်တို့ကိုမှာဆို၍ မြတ်စွာဘုရားအထံသို့လာ၏။

ရဟန်းတို့သည် ထိုအကြောင်းကိုကြား၍"ယနေ့အရှင်သာရိပုတ္တရာအား တပ်ခြင်းသည် ဖြစ်ယောင်တကား၊ ဝါဆိုသင်္ကန်းကိုခံ၍သော်၎င်း ပို့လာစေ၊ ထိုဝတ္ထုကိုထား၍ အကြောင်းကိုသော်လည်း ကြားလာကုန်-ဟုမှာဆို၏"ဟုရဟန်းတို့သည်ပြောဆိုကုန်၏၊ထိုစကားကိုမြတ်စွာဘုရားကြားတော်မူ၍ "ချစ်သားရဟန်းတို့....သာရိပုတ္တရာအား တပ်

ခြင်းသည်မရှိ၊ လူတို့အားကောင်းမှုမှယုတ်ခြင်းသည် မဖြစ်စေသတည်း၊ ပဋ္ဌင်းငယ်သာမဏေတို့အား တရားနှင့်လျော်စွာရခြင်းမှ မယုတ်စေသတည်း-ဟု အကြံရှိ၍ ဤစကားကိုတပည့်တို့အား မှာဆိုသတည်း''ဟု မိန့်တော်မူ၏။

အာသာ ယဿ နဝိဇ္ဇတိ၊ အသ္မိံ လောကေ ပရမှိစ။
နိရာသာသံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသောတရားကိုဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ရောက်လာသောတရားနာပရိသတ်တို့သည် သောတာပန်,သကဒါဂါမိစသောမဂ်တရား,ဖိုလ်တရားသို့ရောက်ကုန်၏။

---

## ၁၉၄။ အရှင်ရာဟုလာအား ရှုဋ္ဌရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် စုဒ္ဒသမဝါကျွတ်တော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အရှင်ရာဟုလာသည် အသက်နှစ်ဆယ်ပြည့်သဖြင့် ပဋ္ဌင်းရဟန်းအဖြစ်သို့ရောက်၏၊ထိုအခါမြတ်စွာဘုရားသည် အရှင်ရာဟုလာလျှင် နောက်လိုက်ရဟန်းရှိသဖြင့် သာဝတ္ထိပြည်၌ဆွမ်းခံကြွတော်မူသည်ရှိသော် အရှင်ရာဟုလာသည် နောက်တော်မှလိုက်၍ မြတ်စွာဘုရား၏အဆင်းတော်၏ တင့်တယ်ခြင်းကိုရှုပြီးလျှင် မိမိကိုယ်အဆင်းအင်္ဂါလက္ခဏာ၏တင့်တယ်ခြင်းကိုရှုပြန်၍မြတ်စွာဘုရား၌၎င်း, မိမိကိုယ်၌၎င်း **ဂေဟသိတပေမ**ကို ဖြစ်စေ၏၊ မြတ်စွာဘုရားသည် ရှေ့မှကြွတော်မူလျက်ပင် ''နောက်တော်မှ လိုက်သော ရာဟုလာသည် အဘယ်သို့ကြံသနည်း''ဟု ဆင်ခြင်တော်မူသော် ထိုအကြောင်းကိုသိ၍ ဆွမ်းရပ်တော်မူပြီးသော် ဆွမ်းခံရွာမှဘဲ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် အရှင်ရာဟုလာအား အာသဝေါတရားလေးပါး ကုန်ခြင်းငှာဆုံးမအံ့-ဟု ကြံတော်မူသဖြင့် အရှင်ရာဟုလာကို ခေါ်တော်မူ၍ ''ရာဟုလာ····အကြင်အရပ်၌ ယင်းတိုက်တောသည်ရှိ၏၊ ထိုအရပ်သို့နေ့နေခြင်းငှာ ငါတို့ကပ်ကုန်အံ့၊ နေရာထိုင်ကို ယူခဲ့လော့''ဟု မိန့်တော်မူ၍ ယင်းတိုက်တောသို့ ကြွတော်မူ၏။

အရှင်ရာဟုလာသည်လည်း မြတ်စွာဘုရားနေရာထိုင်ကိုကိုင်၍နောက်တော်မှ အစဉ်တစိုက်လိုက်၏၊ ထိုအခါ ကုဋေတသိန်းမက များစွာကုန်သော နတ်တို့သည်လည်း "ယနေ့မြတ်စွာဘုရားသည် သားတော်ရာဟုလာအား အာသဝေါတို့ကို ကုန်စေခြင်းငှာ ဆုံးမတော်မူလတ္တံ့" ဟု မြတ်စွာဘုရား၏နောက်မှအစဉ်လိုက်ကုန်၏၊ ထိုအခါ ရှင်ရာဟုလာသည် တခုသောသစ်ပင်ရင်း၌ မြတ်စွာဘုရားအား နေရာထိုင်ကိုခင်း၏၊ မြတ်စွာဘုရားသည် ထိုင်တော်မူ၏၊အရှင်ရာဟုလာသည် တင့်အပ်သော အရပ်၌ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက်နေ၏၊ ထိုအခါ"တံကိံ မညသိ ရာဟုလ စက္ခုံ နိစ္စံဝါ အနိစ္စံဝါတိ" အစရှိသော အားဖြင့် **ရူဠရာဟုလောဝါဒသုတ်**ကို ဟောတော်မူ၏။

ထိုသုတ်ကို ဟောတော်မူသော အဆုံး၌ အရှင် ရာဟုလာသည် အာသဝေါလေးပါးကုန်သဖြင့် ရဟန္တာအဖြစ်သို့ရောက်၏၊ အကုဋေတသိန်းမကများစွာကုန်သော နတ်တို့သည်လည်း အကျွတ်တရားရကြကုန်၏။

[ထိုနတ်တို့၏အစည်းအဝေးကား တတိယာဘိသမယမည်၏၊မိဂဒါဝုန်တော၌ မင်္ဂ,ဖိုလ်ရကုန်သော အရှင်ကောဏ္ဍညထေရ် အမှူးရှိကုန်သော တဆယ့်ရှစ်ကုဋေအရေအတွက်မက များစွာကုန်သော နတ်,ဗြဟ္မာတို့၏ အစည်းအဝေးကား အရှင်ဂေါတမမြတ်စွာဘုရားအား ပဌမာဘိသမယမည်၏၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ပဌမကိုးလ သီတင်းသုံးနေတော်မူသောအခါ စကြဝဠာတိုက်ပေါင်း တသောင်း အရေအတွက်မှ စည်းဝေးလာကုန်သော နတ်,ဗြဟ္မာတို့၏ အလယ်၌ မဟာမင်္ဂလသုတ်ကို ဟောတော်မူသောအခါ ရေတွက်ခြင်းအစဉ်ကို လွန်ကုန်သည် ဖြစ်၍ မင်္ဂ,ဖိုလ်အကျွတ်တရားရကုန်သောနတ်,ဗြဟ္မာတို့၏အစည်းအဝေးသည်ကား အရှင်ဂေါတမမြတ်စွာဘုရားအား ဒုတိယာဘိသမယမည်၏။]

---

## ၁၉၅။ အရှင်ရာဟုလာအား မာရ်နတ်သားချောက်လှန့်ရာတွင် ဟောတော်မူသောတရားကိုပြခြင်း

မြတ်စွာဘုရားသည် စုဒ္ဒသမဝါကျွတ်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အရှင်ရာဟုလာထေရ်သည်လည်း ပဉ္စင်းရဟန်းအဖြစ်ဖြင့် ရဟန္တာဖြစ်၍ တဝါမျှမရသေးသောအခါ၌ ဝသဝတ္တီမာရ်

နတ်ကိုအကြောင်းပြု၍“နိဒ္ဓဂ်တော အသန္တာသီ” အစရှိသောတရားဒေသနာတော်ကို ဟောတော်မူ၏၊ အကြောင်းဝတ္ထုကား–တနေ့သ၌ များစွာကုန်သော မထေရ်တို့သည် ညမိုးချုပ်သောအခါ၌ ဇေတဝန်ကျောင်းတော်သို့ဝင်လာကုန်၍ အရှင်ရာဟုလာ၏နေရာသို့ သွားကုန်၍ အရှင်ရာဟုလာကို ထစေကုန်၏၊ အရှင်ရာဟုလာသည် တပါးသော အရပ်၌နေစရာမမြင်သည်ဖြစ်၍ မြတ်စွာဘုရား၏ ဂန္ဓကုဋီမုခ်ဦး၌ အိပ်၏၊ မာရ်နတ်သည် ဝသဝတ္တိနတ်ပြည်၌တည်လျက်ပင် ဂန္ဓကုဋီမုခ်ဦး၌ အိပ်သော အရှင်ရာဟုလာကိုမြင်၍ ဤသို့ကြံ၏။

“ရဟန်းဂေါတမအား ကြမ်းပိုးတို့ဖြင့် ကျင်နာဟန်ရှိ၏၊ ဂန္ဓကုဋီတွင်း၌အိပ်သော ဤရာဟုလာမထေရ်သည် ကြမ်းပိုးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အပ၌အိပ်သည်ဖြစ်လတ္တံ့”ဟုကြံပြီး၍ ကြီးစွာသော ဆင်ဖြူ၏အသွင်ကို ဘန်ဆင်း၍ လာလတ်၍ နှာမောင်းဖြင့် အရှင်ရာဟုလာ၏ ဦးခေါင်းကိုရစ်ပတ်၍ ပြင်းစွာသော အသံဖြင့် ဆင်ပြောင်၏မြည်ခြင်းကို မြည်၏၊ မြတ်စွာဘုရားသည် ဂန္ဓကုဋီတွင်း၌ နေတော်မူလျက် ထိုဆင်အား မာရ်နတ်၏အဖြစ်ကို သိတော်မူ၍ “မာရ်နတ်···· သင်ကဲ့သို့သဘောရှိကုန်သော မာရ်နတ်တို့၏ အသိန်း, အသန်း တို့သည်လည်း ငါ့သားရာဟုလာအား ကြောက်ခြင်းကိုဖြစ်စေအံ့သောငှာ မတတ်နိုင်သည်သာလျှင်တည်း၊ ငါ၏သားသည် ကြောက်ထိတ်လန့်ခြင်းမရှိပြီ၊ တန်ခိုးကြီး၏၊ ကြီးသော လုံ့လရှိ၏၊ ကြီးသော ပညာရှိ၏”ဟူ၍ မိန့်တော်မူ၍–

နိဋ္ဌင်္ဂတော အသန္တာသီ၊ ဝီတတဏှော အနင်္ဂဏော။
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမာယံ သမုဿယော။ ။

ဝီတတဏှော အနာဒါနော၊ နိရုတ္တိပဒကောဝိဒေါ။
အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗပရာနိ စ။
သ ဝေ အန္တိမသာရီရော၊
မဟာပညော မဟာပုရိသော-တိ ဝုစ္စတိ။ ။

ဟူသောတရားဒေသနာကိုဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်

လေကုန်၏၊ မာရ်နတ်သည် အရှင်ဂေါတမသည်ငါ့ကိုသိလေ၏-ဟုကြံ၍ ထိုအရပ်၌ပင် ကွယ်လေ၏၊ ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် စုဒ္ဒသမဝါမှ ထတော်မူသည်ကစ၍ ပန္နရသမဝါမဆိုမီ ဓာိုင်အောင် လူ့နတ်,ပြဟ္မာတို့ကို ကယ်ချွတ်တော်မူ၏။

---

## ၁၉၆။ ပန္နရသမဝါ၌မဟာနာမ်မင်းကြီး၏ပြဿနာကို ဖြေတော်မူခြင်း

သာဝတ္ထိပြည်မှ ဒေသစာရီကြွချီတော်မူ၍ သက္ကတိုင်း ကပိလဝတ်ပြည်သို့ရောက်တော်မူသောမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည်ကို ဆွမ်းခံအမှီပြု၍ နိဂြောဓသောကီဝင် မင်းသား၏ အရံဖြစ်သော ရောဟိဏီမြစ်နား၌ ဆွေတော်မျိုးတော်တို့သည် ဆောက်လုပ်အပ်သော နိဂြောဓာရုံကျောင်းတော်၌ ပန္နရသမဝါကို ဆိုတော်မူ၏၊ ထိုအခါ ဘထွေးတော်သက္ကောဒန သာကီဝင်မင်း၏ သားဖြစ်သော မဟာနာမ် မင်းသားသည် မြတ်စွာဘုရားသို့ကပ်၍ ရှိသေစွာရှိခိုးလျက် တင့်အပ်သောအရပ်၌နေ၍"ဘုန်းတော်ကြီးမြတ်သောအရှင်ဘုရား····အဘယ်မျှလောက်သော အကြောင်းဖြင့် ဥပါသကာ မည်ရာသနည်း"ဟု မေးလျှောက်သည်ကို အကြောင်းပြု၍"ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ"အစရှိသော မဟာနာမသုတ်ကို ဟောတော်မူ၏၊ ထိုသုတ္တန်ဒေသနာတော်၌ အဓိပ္ပါယ်ကား–မဟာနာမ်····အကြင်သူသည် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်၏၊ တရားတော်ကို, သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏၊ ထိုသူသည် ဥပါသကာမည်၏-ဟုလိုသည်။

ထို့နောက်"ဘုန်းတော်ကြီးလှသော အရှင်ဘုရား····ထိုဥပါသကာသည်အဘယ်မျှလောက်သော အကြောင်းဖြင့်သီလနှင့်ပြည့်စုံသည်မည်သနည်း"ဟု မေးလျှောက်ပြန်သောကြောင့် "ယတော ခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ" အစရှိသော ဒေသနာတော်ကိုဟောတော်မူ၏၊ ထိုဒေသနာတော်၌ အဓိပ္ပါယ်သော် ကား-မဟာနာမ်····ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးကို

ကိုးကွယ်ဆည်းကပ်သော ဥပါသကာသည် သူ၏အသက်ကိုသတ်ခြင်းမှ ကြဉ်၏၊ အရှင်မပေးသောသူ၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်၏၊ ကာမတို့၌ ယုတ်မာသော အကျင့်-ဟူသော သူ့သားမယားကို ပြစ်မှားလွန်ကျူး ခြင်းမှကြဉ်၏၊ မဟုတ်မမှန် ချွတ်လွဲသောစကားကို ဆိုခြင်းမှ ကြဉ်၏၊ သေအရက်ယစ်မျိုးကို သောက်ခြင်းမှကြဉ်၏၊ ထိုသို့ကြဉ်သော ဥပါသ ကာသည် သီလနှင့်ပြည့်စုံသည်မည်၏''ဟူလိုသည်။

ထို့နောက်အဘယ်မျှလောက်သောအကြောင်းဖြင့်ရတနာသုံးပါးကို ကိုးကွယ်သောဥပါသကာသည် သဒ္ဓါတရားနှင့်ပြည့်စုံသည် မည်ရာသနည်း ဟု လျှောက်ပြန်သောကြောင့် ''ဣဓ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ''အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏၊ အဓိပ္ပါယ် ကား-မဟာနာမ်....ဤသာသနာတော်၌ ဥပါသကာသည် ကံကို၎င်း, ကံ၏အကျိုးကို၎င်းယုံကြည်သည်,ရတနာသုံးပါးတို့၌ကြည်ညိုသည်ဖြစ်၍ လာခြင်းကောင်းသော ငါဘုရားကို ထိုမြတ်စွာဘုရားသည် ''ဣတိပိ သော ဘဂဝါ အရဟံ'' အစရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံ၏-ဟု ယုံကြည်၏၊ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်မည်၏-ဟူလိုသည်။

ထို့နောက် ''ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် စာဂနှင့်ပြည့်စုံသည်မည်သနည်း''ဟု လျှောက်သောကြောင့် ''ဣဓ မဟာ နာမ ဥပါသကော ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝ- သတိ'' စသောတရားကို ဟောတော်မူ၏၊ အဓိပ္ပါယ်ကား- မဟာ နာမ်....ဤသာသနာတော်၌ ဥပါသကာသည် ဝန်တိုခြင်း အညစ် အကြေး ကင်းသောစိတ်ဖြင့် အိမ်၌နေ၏၊ လွတ်လွတ်စွန့်ကြဲ၏၊ ဖြန့် သောလက်ဝါးရှိ၏၊ လွတ်လွတ်စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ ဖုန်းတောင်း ယာစကာနှင့်ယှဉ်၏၊ ဝေဘန်ခွဲခြမ်းပေးကမ်းခြင်း၌ မွေ့လျော်၏၊ ဤမျှ သောအကြောင်းဖြင့် ဥပါသကာသည် စာဂနှင့် ပြည့်စုံသည်မည်၏- ဟူလိုသည်။

ထို့နောက် ''အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံသည်မည်သနည်း''ဟု လျှောက်သောကြောင့်''ဣဓ မဟာ နာမ ဥပါသကော ပညဝါ ဟောတိ'' အစရှိသောဒေသနာကို ဟော

တော်မူ၏၊ အဓိပ္ပါယ်ကား– မဟာနာမ်….ဤသာသနာတော်၌ ဥပါသကာသည် ပညာရှိသည်ဖြစ်၏၊ လောကီ, လောကုတ္တရာအကျိုးစီးပွားနှစ်ပါးသို့ရောက်စေတတ်သော ပညာနှင့်ရင်း, မြတ်သော အဆိုင်အမျည်မရှိသော ဒုက္ခသစ္စာ၏ကုန်ခြင်းသို့ ကောင်းစွာ ရောက်စေတတ်သော ပညာနှင့်ရင်း ပြည့်စုံ၏၊ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံသည်မည်၏ဟုလိုသည်။

---

## ၁၉၇။ သုပ္ပဗုဒ္ဓမြေမျိုရာ၌ ဟောသော ဒေသနာကိုပြခြင်း

“နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ” အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ဝရီးတော် သုပ္ပဗုဒ္ဓသာကီဝင်မင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုအကြောင်းကား– ထိုသုပ္ပဗုဒ္ဓမင်းသည် ဤသိဒ္ဓတ်မင်းသားဘုရားသည် ငါ၏သမီးယသောဓရာကိုစွန့်၍ တောထွက်၏၊ငါ၏သားဒေဝဒတ်ကိုရဟန်းပြု၍ ထိုငါ့သား၏ရန်သူ့အရာ၌တည်၏၊ဤသို့လျှင်နှစ်ပါးသောအကြောင်းတို့ဖြင့် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ တနေ့သ၌“ယခုအခါ ဤသိဒ္ဓတ်မင်းသားဘုရားအား ဆွမ်းဘိတ်မန်ရာအရပ်သို့သွား၍ ဆွမ်းစားခြင်းငှာမပေးအံ့”ဟု ခရီးကိုပိတ်၍ ခရီးလမ်းမ၌ သေကိုသောက်၍ နေ၏၊ ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရံလျက် ထိုခရီးသို့ကြွတော်မူ၏။

မြတ်စွာဘုရားသည် ဤအရပ်သို့ကြွတော်မူလာ၏ဟု ထိုသုပ္ပဗုဒ္ဓမင်းအားကြားကုန်၍ သုပ္ပဗုဒ္ဓမင်းသည်ဆို၏၊ “အရပ်တပါးမှ သွားလော့ဟု ထိုဘုရားအားဆိုလေကုန်၊ဤဂေါတမဘုရားသည် ငါ့လက်မှကြီး၏တကား၊ ထိုဂေါတမဘုရားအား ခရီးကိုငါမပေး”ဟုဆို၏၊ သူတပါးတို့သည် အဘန်တလဲလဲဆိုအပ်သော်လည်း ထိုရှေးအတူဆို၍နေ၏၊ မြတ်စွာဘုရားသည် ဝရီးတော်၏အထံမှ ခရီးကိုမရ၍ ထိုအရပ်မှပြန်တော်မူရလေ၏၊ထိုသုပ္ပဗုဒ္ဓမင်းသည်လည်း မင်းချင်းယောကျ်ားတယောက်ကိုစေ၍ “သင်သွားချေ၊ ထိုသိဒ္ဓတ်မင်းသားဘုရား၏စကားကိုကြား၍ လာခဲ့

လော့''ဟုစေ၏၊မြတ်စွာဘုရားလည်း၍ပြန်တော်မူသောအခါ ပြုံးတော်မူ၏၊အရှင်အာနန္ဒာသည် ''ဘုန်းတော် အလွန်ကြီးတော်မူသော အရှင်ဘုရား…ပြုံးတော်မူခြင်း၌အကြောင်းအသို့နည်း''ဟုမေးအပ်သည်ဖြစ်၍ ''ချစ်သားအာနန္ဒာ….သုပ္ပဗုဒ္ဓမင်းကို မြင်၏လော''ဟု မိန့်တော်မူ၏၊ ''အရှင်ဘုရား….မြင်ပါ၏''ဟု လျှောက်သည်ရှိသော် ''အာနန္ဒာ…. သုပ္ပဗုဒ္ဓမင်းသည် **ဝန်လေးသောအမှု**ကိုပြုဘိ၏၊ ငါသို့သောဘုရားအား ခရီးကိုမပေးခြင်းကြောင့် ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌ပြာသာဒ်အောက်ဝယ် စောင်းတန်းလှေကား၏ အရင်း၌ မြေကြီးသို့ဝင်လတ္တံ့'' ဟုဘုရားမိန့်တော်မူ၏။

မင်းချင်းသည် ထိုစကားကိုကြား၍ သုပ္ပဗုဒ္ဓမင်း၏အထံသို့သွားလေသော် ''ငါ၏တူတော်ဖြစ်သော သိဒ္ဓတ်မင်းသားဘုရားသည် အဘယ်သို့ဆိုအပ်သနည်း''ဟု မေးသဖြင့် မြတ်စွာဘုရားအထံမှ ကြားတိုင်းသောစကားကို လျှောက်၏၊ ထိုသုပ္ပဗုဒ္ဓမင်းသည် မင်းချင်းယောကျာ်း၏စကားကိုကြား၍ ''ယခုအခါ တူဖြစ်သောဘုရားအား ပြုအပ်သောအပြစ်သည် ငါ့အားမရှိ၊ငါ့တူဘုရားသည် အကြင်စကားကို ဆို၏၊ထိုစကားသည် မချွတ်မလွဲ ဆိုတိုင်းမှန်သည်ဖြစ်စေ၊ ဤသို့မမှန်သောအခါ၌သိဒ္ဓတ်မင်းသားဘုရားကို မုသာဝါဒဖြင့် နှိပ်အံ့၊ အဘယ်သို့နှိပ်အံ့နည်းဟူမူကား- ထိုတူဘုရားသည် ငါ့ကိုခုနစ်ရက်မြောက်သောနေ့၌မြေမျိုလတ္တံ့ဟူ၍သာ အရပ်ဌာနကိုမမှတ်မူ၍မဆိုဘဲ ပြာသာဒ်အောက်၌ စောင်းတန်းခြေရင်း၌ မြေမျိုလတ္တံ့ဟူ၍ဆို၏၊ ယခုအခါ၌ ဤနေ့မှစ၍ ငါသည် ထိုပြာသာဒ်အောက်သို့မသွားအံ့၊ ထိုသို့မသွားသော် ထိုစောင်းတန်းခြေရင်း၌ ငါသည်မြေသို့မဝင်မူ၍ ထိုငါ၏တူဘုရားကို မုသာဝါဒဖြင့် နှိပ်ရအံ့''ဟု ကြံ၍ ထိုသုပ္ပဗုဒ္ဓမင်းသည် မိမိ၏ သုံးဆောင်မြဲဖြစ်သော အလုံးစုံကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်သို့တင်၍ စောင်းတန်းကိုပယ်စေ၏။

တံခါးကိုပိတ်၍ တခု,တခုသောတံခါး၌ နှစ်ယောက်,နှစ်ယောက်သော လက်ပမ်းသည်တို့ကိုထား၍''အကယ်၍ငါသည် မေ့လျော့သဖြင့် အောက်သို့သက်လိုသည်ဖြစ်အံ့၊ငါ့ကိုသင်တို့သည် မြစ်တားကုန်လော့'' ဟု ဆို၍ ခုနစ်ဆင့်မြောက်သော ပြာသာဒ်အထက်၌ အသရေရှိသော

တိုက်၌နေ၏၊ ရဟန်းတို့သည် ထိုအကြောင်းကိုကြား၍ မြတ်စွာဘုရား အား လျှောက်ကုန်၏၊ မြတ်စွာဘုရားမိန့်တော်မူ၏၊ "ချစ်သားရဟန်း တို့..သုပ္ပဗုဒ္ဓမင်းသည်စင်စစ်သဖြင့်ခုနစ်ဆင့်မြောက်ဖြစ်သောပြာသာဒ်ကိုမဆိုလင့်ဦး၊ ကောင်းကင်သို့ပျံ၍ ကောင်းကင်၌မူလည်း နေစေ၊ သဘော်လှေဖြင့်မူလည်း သမုဒြာ၌လွှင့်စေ၊တောင်၏အကြားသို့မူလည်း ဝင်စေ၊ ဘုရားတို့၏စကား ၌ နှစ်ပါးအပြားဖြင့် ဖြစ်ခြင်းမည်သည် မရှိ၊ ငါဆိုရာအရပ်၌သာလျှင် ထိုသုပ္ပဗုဒ္ဓမင်းသည် မြေသို့ဝင်လတ္တံ့."ဟု မိန့်တော်မူ၍ တရားဟောတော်မူလိုသောမြတ်စွာဘုရားသည်—

နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊
နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။ ။

ဤတရားဒေသနာကို ဟောတော်မူသော အဆုံး၌ များစွာသော တရားနာ ပရိသတ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက် ကုန်၏။

ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရား၏ဆွမ်းရပ်တော်မူသော ခရီးသို့ တက်သောအခါ၌ ပြာသာဒ် အောက်၌ သုပ္ပဗုဒ္ဓမင်း၏ မင်္ဂလာမြင်းတော် သည် ထိတ်လန့်သည်ဖြစ်၍ ထိုထိုသို့သော နံရံကို ကန်ကျောက်၏၊ ထိုသုပ္ပဗုဒ္ဓမင်းသည် ခုနစ်ဆင့်မြောက် ဖြစ်သော ပြာသာဒ်၏အထက်၌နေလျက် မြင်းဟီသံကိုကြား၍ "ဤအသံသည် အဘယ်အသံနည်း" ဟု မေး၏၊ "မင်္ဂလာမြင်းတော်သည် ထိတ်လန့် သည်" ဟု လျှောက်ကုန်၏၊ ထိုမြင်းသည် သုပ္ပဗုဒ္ဓမင်းကိုမြင်၍ နေမြဲ နေ၏၊ ထိုရောအခါ ထိုမြင်းကို သုပ္ပဗုဒ္ဓမင်းသည် ဘမ်းကိုင်လိုသည် ဖြစ်၍ နေရာမှထ၍ တံခါးသို့ရှေးရှုသွား၏၊ တံခါးတို့သည် အလိုလိုပွင့် ကုန်၏၊ စောင်းတန်းလှေကားတို့သည် မိမိအရာ၌ တည်ကုန်၏၊ တံခါး၌စောင့်ကုန်သော လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကို လည်၌ ကိုင်၍ အောက်သို့ရှေးရှု ပစ်လိုက်ကုန်၏။

ဤသို့သောနည်းဖြင့် ခုနစ်ဆင့်သောတံခါးတို့၌ တံခါးရွက်တို့သည် အလိုလိုပွင့်ကုန်၏၊ စောင်းတန်းတို့သည် မိမိတို့၏အရာတို့၌ တည်ကုန်၏၊ ခပ်သိမ်းသောတံခါးတို့၌ လက်ပမ်းသည်တို့သည် ထိုရှေးနည်းအတူလျှင် ထိုသုပ္ပဗုဒ္ဓမင်းကို လည်၌ကိုင်ကုန်၍ အောက်သို့ရှေးရှုချလိုက်ကုန်၏၊ ထိုရောအခါ အောက်စောင်းတန်းခြေရင်းသို့ ရောက်ကာမျှဖြစ်သော ထိုသုပ္ပဗုဒ္ဓမင်းကို မြေကြီးသည်ပြင်းစွာမြည်လျက် ထက်ခြမ်းခွဲ၍ခံလင့်၏၊ ထိုသုပ္ပဗုဒ္ဓမင်းသည် မြေကြီးထဲသို့ဝင်၍ အဝီစိငရဲ၌ဖြစ်လေ၏။

---

## ၁၉၈။ မဟာနာမ်မင်းကြီးအားဘုရားကိုနှစ်သက်စေနိုင်သူကို ဟောပြတော်မူခြင်း

မြတ်စွာဘုရားသည် ထိုနိဂြောဓာရုံကျောင်း၌ ဝါဆိုတော်မူသောအခါ များစွာသောရဟန်းတို့သည်"မြတ်စွာဘုရားသည် သင်္ကန်းတော်အမှုပြီးသည်ရှိသော် ဝါတွင်းသုံးလလွန်သောအခါ၌ ဒေသစာရီကြွတော်မူလတ္တံ့"ဟု မြတ်စွာဘုရား၏ သင်္ကန်းတော်အမှုကို ပြုကုန်၏၊ မဟာနာမ်မင်းသည် "ဝါတွင်းသုံးလလွန်သောအခါ၌ မြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူလတ္တံ့"ဟု ကြား၍ နိဂြောဓာရုံကျောင်းတော်သို့သွား၍ မြတ်စွာဘုရားသို့ကပ်၍"ရှင်ပင်ဘုရား....သင်္ကန်းအမှုပြီးသောအခါ၌ ရှင်ပင်ဘုရားသည် ဒေသစာရီကြွလတ္တံ့-ဟု ကြား၏၊ ရှင်ပင်ဘုရား....ရှင်ပင်ဘုရားသည် ဒေသစာရီကြွသော် ရှင်ပင်ဘုရားနှင့်ကင်း၍နေသည်ရှိသော် အဘယ်သို့သော နေခြင်းဖြင့် အကျွန်ုပ်သည် နေရပါအံ့နည်း"ဟု လျှောက်၏။

"မဟာနာမ်....ရှင်ပင်ဘုရားနှင့် ကင်း၍နေသော် အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ်သည် နေရပါအံ့နည်း–ဟု မဟာနာမ်မင်းတို့သည် လာခြင်းကောင်းသော ငါဘုရားအား အကြင်မေးခြင်းကို မေးအပ်၏၊ ထိုမေးခြင်းသည် အမျိုးသားဖြစ်ကုန်သောမဟာနာမ်မင်းပို့အား လျောက်ပတ်၏၊ ချီးမွမ်းဘွယ်ရှိ၏၊မဟာနာမ်....သဒ္ဓါတရားရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏၊ သဒ္ဓါတရား

မရှိသောသူသည် မြတ်စွာဘုရားတို့ကို မနှစ်သက်စေနိုင်၊အားထုတ်အပ်သော လုံ့လရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏၊ ပျင်းသောသူသည် မနှစ်သက်စေနိုင်၊ ထင်သောသတိရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်၏၊ လွတ်သောသတိရှိသောသူသည် မနှစ်သက်စေနိုင်၊ တည်ကြည်သောသူသည် ဘုရားတို့ကို နှစ်သက်စေနိုင်၏၊ မတည်ကြည်သောသူသည် မနှစ်သက်စေနိုင်၊ ပညာရှိသောသူသည် ဘုရားတို့ကိုနှစ်သက်စေနိုင်၏၊ပညာမရှိသောသူသည် ဘုရားတို့ကိုမနှစ်သက်စေနိုင်၊မဟာနာမ်..ဤသို့သဘောရှိကုန်သော သဒ္ဓါ,ဝီရိယ,သတိ, သမာဓိ,ပညာ တည်းဟူသော ဤငါးပါးသော တရားတို့၌တည်၍ ခြောက်ပါးသော တရားတို့ကိုဆောင်၏၊ ထို့ထက်အလွန် မဟာနာမ်သည် ပွားလော့''၊ ဤသို့အစရှိသဖြင့် များစွာသောတရားတို့ကိုဟောတော်မူ၏။

[ဤမျှသော စကားအစဉ်သည်ကား ဗောဓိသုံးပါးတွင် ပဌမဗောဓိ အဆုံးဖြစ်သော တဆယ့်ငါးဝါမြောက်တိုင် မြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိကို ဆိုသောစကားတည်း။]

---

## ၁၉၉။ သိကြား၏ပြဿနာ ၄-ပါးကိုဖြေတော်မူခြင်း

ဤပဌမဗောဓိတဆယ့်ငါးဝါပတ်လုံး တပည့်သား ရဟန်းတို့အား ဒါယကာဘိတ်မန်၍ဆွမ်းစားရာ၌ ဆွမ်းအနုမောဒနာတရားဟောခြင်းကိုခွင့်ပြုတော်မမူသေး၊ ပဌမဗောဓိတဆယ့်ငါးဝါလွန်မှ ဆွမ်းစားရာ၌ အနုမောဒနာတရားဟောခြင်းကို ခွင့်ပြုတော်မူသတည်း၊ မြတ်စွာဘုရားသည် တဆယ့်ငါးဝါ ကျွတ်တော်မူ၍ ဒေသစာရီ ကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ဇကျောင်းတော်၌ နေတော်မူသောအခါ သိကြားမင်းသည်မေးလျှောက်သည်ကို အကြောင်းပြု၍''သဗ္ဗဒါနံ'' အစရှိသောတရားကိုဟောတော်မူ၏၊ ဝတ္ထုအကြောင်းကား ဤသို့တည်း၊ တပါးသောအခါ၌ တာဝတိံသာနတ်ပြည်၌ များစွာသော နတ်တို့သည် စည်းဝေးကုန်၍ လေးပါးသောပြဿနာတို့ကိုဖြစ်စေကုန်၏၊ လေးပါးသောပြဿနာဟူသော်ကား—

၁။ အလှူတို့တွင်အဘယ်အလှူသည် ကြီးမြတ်သနည်း။
၂။ အရသာတို့တွင် အဘယ်အရသာသည် ကြီးမြတ်သနည်း။
၃။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် ကြီးမြတ်သနည်း။
၄။ တဏှာ၏ ကုန်ခြင်းသည်သာလျှင် အဘယ်ကြောင့် ကြီးမြတ်သနည်း။

ဤအမေးလေးပါးတို့ကို ဖြစ်စေကုန်၏၊ ထိုအမေးလေးပါးတို့ကို တယောက်သောနတ်သည်မျှ ဆုံးဖြတ်ခြင်းငှာမတတ်နိုင်၊နတ်တယောက်သည် နတ်တယောက်ကိုမေး၏၊ ထိုမေးအပ်သောနတ်သည် တပါးသောနတ်ကိုမေး၏၊ ဤသို့အချင်းချင်း တယောက်သည် တယောက်ကို မေးသဖြင့် တသောင်းသောစကြဝဠာတိုက်တို့၌ တဆယ့်နှစ်နှစ်ပတ်လုံး ကျင်လည်ကုန်၏၊ ဤမျှလောက်သော ကာလ၌လည်း ထိုပြဿနာလေးပါးတို့၏အနက်ကိုမမြင်နိုင်ကုန်၍ တသောင်းသောစကြဝဠာ၌နေသောနတ်တို့သည် စည်းဝေးကုန်၍ စတုမဟာရာဇ်နတ်မင်းလေးယောက်တို့၏အထံသို့ လာကုန်သောကြောင့် "အချင်းတို့....အဘယ့်ကြောင့်များစွာသောနတ်တို့သည် စည်းဝေးကုန်သနည်း"ဟု မေးသည်ရှိသော် လေးပါးသောပြဿနာတို့ကိုဖြစ်စေကုန်၍ ထိုပြဿနာတို့၏ အနက်ကိုဆုံးဖြတ်ခြင်းငှာမတတ်နိုင်ကုန်၍ အရှင်နတ်မင်းတို့၏အထံသို့ လာပါကုန်၏"ဟုဆိုသော် "အချင်းတို့....ဤပြဿနာသည် အဘယ်သို့နည်း" ဟုမေးသဖြင့်—

၁။ အလှူတို့တွင် အဘယ်အလှူမြတ်သနည်း။
၂။ အရသာတို့တွင် အဘယ်အရသာမြတ်သနည်း။
၃။ မွေ့လျော်ခြင်းတို့တွင်အဘယ်မွေ့လျော်ခြင်းမြတ်သနည်း။
၄။ တဏှာ၏ကုန်ခြင်းသည်သာလျှင်အဘယ်ကြောင့်မြတ်သနည်း။

ဤပြဿနာလေးပါးတို့ကိုမဆုံးဖြတ်နိုင်သောကြောင့်လာပါကုန်၏၊ "အရှင်နတ်မင်းကြီးလေးပါးတို့သည် အနက်ကိုဆုံးဖြတ်ပါကုန်လော့" ဟုဆိုသော်"အမောင်နတ်များတို့....ငါတို့သည်လည်း ဤပြဿနာတို့၏ အနက်တို့ကိုမသိပါကုန်၊ ငါတို့အရှင်ဖြစ်သော သိကြားမင်း သည်ကား တထောင်သောသူသည် ကြံအပ်သောအနက်တို့ကို တခဏခြင်းကြံ၍

သိနိုင်၏၊ ထိုသိကြားမင်းသည်ငါတို့ထက်ပညာဖြင့်ထူးမြတ်၏၊ အမောင်တို့····လာကုန်လော့၊ ထိုသိကြားမင်း၏အထံသို့ ငါတို့သွားကုန်အံ့''ဟု ထိုတသောင်းသောစကြဝဠာမှ လာကုန်သော နတ်အပေါင်းတို့ကို ယူ၍ စတုမဟာရာဇ်နတ်မင်းကြီးတို့သည် သိကြားမင်းအထံသို့သွားလေကုန်၏။

သိကြားမင်းသည်လည်း''အကြောင်းအဘယ်သို့နည်း၊ နတ်အစည်းအဝေးသည်များလှစွာ၏''ဟုဆိုသည်ရှိသော် ထိုပြဿနာလေးပါးတို့၏အနက်ကို မဆုံးဖြတ်နိုင်ကြောင်းကိုကြား၍ ''အချင်းနတ်သားတို့····ဤပြဿနာတို့၏အနက်ကို ဘုရားမှတပါးသောသူသည် သိအံ့သောငှာ မတတ်နိုင်၊ ဤပြဿနာလေးပါးတို့သည် မြတ်စွာဘုရားတို့၏ အရာဖြစ်ကုန်၏၊ မြတ်စွာဘုရားသည်ယခုအဘယ်အရပ်၌နေတော်မူသနည်း'' ဟုမေး၍ ''ဇေတဝန်ကျောင်းတော်၌နေသည်''ဟုကြားကုန်၍''အချင်းနတ်များတို့····လာကုန်လော့၊ ထိုမြတ်စွာဘုရား၏ အထံသို့ငါတို့သွားကုန်အံ့''ဟု များစွာသောနတ်အပေါင်းနှင့်တကွ ညဉ့်အဘို့၌ အလုံးစုံသောဇေတဝန်ကျောင်းတော်ကို ထွန်းလင်းစေ၍ မြတ်စွာဘုရားသို့ကပ်၍ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ရပ်၏။

''မြတ်သော သိကြားနတ်မင်း····အဘယ့်ကြောင့်များစွာသောနတ်အပေါင်းနှင့်တကွ လာသနည်း''ဟု မိန့်တော်မူသော်''အရှင်ဘုရား····နတ်အပေါင်းသည် ဤပြဿနာ လေးပါးတို့ကို ဖြစ်စေအပ်ကုန်၏၊ ဤပြဿနာတို့၏အနက်ကို သိခြင်းငှာစွမ်းနိုင်သော သူသည်မရှိပါ၊ အကျွန်ုပ်တို့အားဤလေးပါးကုန်သောပြဿနာတို့၏အနက်ကိုထင်ရှားပြတော်မူပါ''ဟု လျှောက်သည်ရှိသော် မြတ်စွာဘုရား မိန့်တော်မူ၍၊ ''သိကြားမင်း····ငါသည်သုံးဆယ်သောပါရမီတို့ကိုဖြည့်၍စွန့်ခြင်းကြီးငါးပါးတို့ကိုစွန့်၍သင်ကဲ့သို့ သဘောရှိကုန်သောနတ်တို့၏ယုံမှားသက်ာကို ဖြတ်ခြင်းငှာလျှင် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိအပ်၏။

၁။ ခပ်သိမ်းသော အလှူတို့တွင် တရားဟူသော အလှူသည် မြတ်၏။

၂။ ခပ်သိမ်းသော အရသာတို့တွင် တရားဟူသော အရသာသည် မြတ်၏။

၃။ ခပ်သိမ်းသော မွေ့လျော်ခြင်းတို့တွင် တရားဖြင့် မွေ့လျော်ခြင်း သည်မြတ်၏။

၄။ တဏှာ၏ ကုန်ခြင်းသည်ကား-ရဟန္တာ၏အဖြစ်သို့ ရောက်စေတတ်သောကြောင့် အလွန်လျှင်မြတ်စွာ၏''ဟု မိန့်တော်မူ၍—

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

ဟူသောတရားဒေသနာကို ဟောတော်မူ၏၊ ဤတရားဒေသနာတော် အဆုံး၌ **ရှစ်သောင်း,လေးထောင်** ကုန်သော နတ်ဝေနေယျတို့သည် မဂ်ဖိုလ်နိဗ္ဗာန်အကျွတ်တရားကိုရကုန်၏။

၁။ ဤဂါထာ၌ခပ်သိမ်းသောအလှူကို တရားအလှူသည်အောင်၏ ဆိုရာ၌ အဓိပ္ပါယ်ကား-အလုံးစုံသော စကြဝဠာတိုက်တို့ကို အထက် ဗြဟ္မာ့ပြည်တိုင်အောင် အခြားမရှိသည်ကိုပြု၍ နေကုန်သော ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့အား ငှက်ပျောဖူးနှင့်တူသော ဥပမာရှိသော သင်္ကန်းတို့ကို အကြွင်သူသည် တထည်စီလှူငြားအံ့၊ ထိုဘုရားပစ္စေက ဗုဒ္ဓါရဟန္တာတို့၏ အပေါင်း၌ တဦးသောပုဂ္ဂိုလ်သည်လေးပုဒ်ရှိသော ဂါထာဖြင့် သင်္ကန်းအနုမောဒနာပြုခြင်းသည်လျှင် ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ငှက်ပျောရွက်နုသဏ္ဍာန်ရှိသော သင်္ကန်းကို လှူသော ထက်မြတ်၏၊ ထိုသင်္ကန်းအလှူ၏အကျိုးသည် ထိုတဂါထာဖြင့် အနုမော ဒနာပြုခြင်းဟူသော **တရားအလှူ၏အကျိုး**ကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှလည်းမတူ၊ ဤသို့ဖြစ်သဖြင့် တရားကိုဟောခြင်းသည်၎င်း, တရားကိုသင်ခြင်းသည်၎င်း, တရားကိုနာခြင်းသည်၎င်း အကျိုးကြီး မြတ်၏။

အကြင်ပုဂ္ဂိုလ်သည်လည်း တရားနာခြင်းကို ပြုစေ၏၊ တရားနာပါ ဟူ၍ နှိုးဆော်တိုက်တွန်း၏၊ ထိုပုဂ္ဂိုလ်အားလည်း အကျိုးကြီးမြတ်၏၊ ဤသို့ဆိုအပ်ပြီးသောသဘောရှိသော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့ သပိတ်တို့ကိုမွန်မြတ်သောဆွမ်းဖြင့် ပြည့်စေ၍လှူသော အလှူထက်၎င်း,

ထောပတ်,ဆီအစရှိသော ဆေးတို့ကို သပိတ်တို့ကိုပြည့်စေ၍ လှူသော အလှူထက်ငှင်း၊ သီဟိုဠ်ကျွန်း၌ မဟာဝိဟာရကျောင်းကဲ့သို့ အသိန်းမကသော ကျောင်းတို့ကိုငှင်း၊ကြေးပြာသာဒ်ကဲ့သို့ အသိန်းမကသော ပြာသာဒ်တို့ကိုငှင်း ဆောက်လုပ်၍ လှူသောကျောင်းအလှူထက်ငှင်း၊ အနာထပိဏ်သူဌေးအစရှိသော ဒါယကာတို့သည် ကျောင်းကို ရည်၍ ပြုအပ်သော စွန့်ကြဲခြင်းထက်ငှင်း လေးပုဒ်သာရှိသော ဂါထာ တဂါထာဖြင့် အနုမောဒနာပြုခြင်းတည်းဟူသော တရားအလှူသာလျှင် မြတ်၏။

အဘယ့်ကြောင့်နည်းဟူမူကား-ဤသို့သဘောရှိသော ကောင်းမှုတို့ကို ပြုကုန်သောသူတို့သည် တရားကိုကြား၍သာလျှင်ပြုကုန်၏၊ တရားကိုမကြားသော်မပြုကုန်ရာ၊အကယ်၍ ဤအလုံးစုံသော သတ္တဝါတို့သည် တရားကိုမကြားကုန်အံ့၊ တဟင်းချိုမျှသော ယာဂုကိုငှင်း, တယောက်မျှသော ဆွမ်းကိုငှင်း မလှူကုန်ရာ၊ ဤသို့သော အကြောင်းကြောင့် ခပ်သိမ်းသော အလှူတို့ထက် တရားဟူသောအလှူသည်မြတ်၏။

တနည်းလည်း-ဘုရား, ပစ္စေကဗုဒ္ဓါတို့ကိုထား၍ တကမ္ဘာပတ်လုံး ရွာသော မိုဃ်းပေါက်ကို ရေခြင်းငှာစွမ်းနိုင်သော ပညာနှင့်ပြည့်စုံသော အရှင်သာရိပုတ္တရာ အစရှိသည်တို့သည်လည်း မိမိတို့၏သဘော ဓမ္မတာအားဖြင့် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ခြင်းငှာ မစွမ်းနိုင်ကုန်၊ အဿဇိမထေရ် အစရှိသည်တို့သည် ဟောအပ်သော တရားကို ကြား၍သာလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကုန်၏၊ မြတ်စွာဘုရား တရားဒေသနာတော်ကိုကြား၍ သာဝကပါရမီဉာဏ်ကို မျက်မှောက်ပြု၏၊ ဤသို့သောအကြောင်းကြောင့် ဓမ္မဒါနသည်သာလျှင်မြတ်၏၊ထို့ကြောင့် ခပ်သိမ်းသောအလှူကို တရားတည်းဟူသော အလှူသည်အောင်၏-ဟူ၍ ဆိုသည်။

၂။ ခပ်သိမ်းကုန်သော ခန္ဓရသ, သာခရသ, ပုပ္ဖရသ, ဖလရသတို့သည်ငှင်း၊ ခါဒနီယရသ, ဘောဇနီယရသ အစရှိသည်တို့သည်ငှင်း သံသရာဝဋ်၌ကျစေ၍ ဆင်းရဲခံရခြင်း၏ အကြောင်းသာဖြစ်၏၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရား-ဟု ဆိုအပ်သော ကိုးပါးသော

လောကုတ္တရာ တရားရသသည်ကား ခပ်သိမ်းသော အရသာတို့ထက် မြတ်၏၊ ထို့ကြောင့် ဓမ္မရသသည် ခပ်သိမ်းသော အရသာကို အောင်၏-ဟု ဆိုသည်။

၃။ အကြင် သား၌ မွေ့လျော်ခြင်း, သမီး၌ မွေ့လျော်ခြင်း, ဥစ္စာ၌ မွေ့လျော်ခြင်း, မိန်းမ၌မွေ့လျော်ခြင်း, ကခြင်း- သီခြင်း- တီးမှုတ်ခြင်း၌ မွေ့လျော်ခြင်းတို့သည် သံသရာဝဋ်၌ကျစေ၍ ဆင်းရဲကြီးစွာခံရခြင်း၏ အကြောင်းဖြစ်၏၊ တရားဟောသောသူ၏၎င်း,တရားကို သင်သောသူ၏ ၎င်း,တရားကို နာသောသူ၏၎င်း ကိုယ်တွင်း၌ဖြစ်သော အကြင်နှစ်လို ခြင်းသည် ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏၊ မျက်ရည်တို့ကို ဖြစ်စေ၏၊ အမွေး၏ရွှင်ခြင်းကို ဖြစ်စေ၏၊ ထိုနှစ်လိုခြင်းပီတိသည် သံသရာဝဋ်၏ အဆုံးကိုပြု၏၊ အရဟတ္တဖိုလ်အဆုံးရှိသည်ဖြစ်၏၊ ဤသို့သဘောရှိသော တရား၌ မွေ့လျော်ခြင်းသည် ခပ်သိမ်းသော မွေ့လျော်ခြင်းတို့ထက်မြတ် ၏၊ ထို့ကြောင့် ခပ်သိမ်းသော မွေ့လျော်ခြင်းကို တရား၌ မွေ့လျော် ခြင်းသည် အောင်၏-ဟူ၍ ဆိုသတည်း။

၄။ တဏှာ၏ကုန်ခြင်းအဆုံး၌ အကြင် အရဟတ္တဖိုလ်သည် ဖြစ်၏၊ ထိုအရဟတ္တဖိုလ်သည် အလုံးစုံသော ဝဋ်ဆင်းရဲကို နှိပ်စက်တတ် သောကြောင့် တဏှာ၏ကုန်ခြင်းသည် ခပ်သိမ်းသော ကုန်ခြင်းတို့ထက် မြတ်၏၊ ထို့ကြောင့် တဏှာ၏ကုန်ခြင်းသည် ခပ်သိမ်းသော ဆင်းရဲကို အောင်၏-ဟူ၍ ဆိုသတည်း။

သိကြားမင်းသည် မြတ်စွာဘုရား၏တရားစကားကိုကြား၍ ဤသို့ လျှောက်၏၊ "ရှင်ပင်ဘုရား.... ဤသို့ကြီးမြတ်သောတရားအလှူ၌လည်း အလှူ၏အဘို့ကို အကျွန်ုပ်တို့အား အဘယ့်ကြောင့် မဝေငှစေပါသနည်း၊ ယနေ့မှစ၍ အကျွန်ုပ်တို့အား တရားအလှူ၏အဘို့ကို ပေးဝေပါစေ၊ ရဟန်းသံဃာအား ဆိုတော်မူပါ"ဟု လျှောက်၏၊ ထိုသိကြားမင်း လျှောက်သောစကားကိုကြား၍ မြတ်စွာဘုရားသည် ရဟန်းသံဃာကို စည်းဝေးစေ၍ "ချစ်သားရဟန်းတို့...ယနေ့ကို အစပြု၍ များစွာသော လူဘို့၏တရားဟောခြင်းကို၎င်း, ပကတိတရားနာခြင်းကို၎င်း, တရား ဟောသော ပုဂ္ဂိုလ်၏အနီး၌နေ၍ အဓိပ္ပါယ် ပြောဟောခြင်းကို၎င်း,

အယုတ်သဖြင့် ဆွမ်း,သက်နံ့းစသောအလှူ၏အနုမောဒနာကိုငှင်း ဆို၍ ဟော၍ သတ္တဝါတို့အား တရားအလှူ၏အဘို့ကို အမျှပေးဝေရာ၏”ဟု မိန့်တော်မူ၏။

---

## ၂၀၀။ သောဠသမဝါ၌ အာဠဝကဘီလူးအား ချွတ်တော်မူခြင်း

### အာဠဝကဘီလူးပိုင်နက်သို့အာဠဝကမင်းဝင်မိခြင်း

သာဝတ္ထိပြည်မှ ဒေသစာရီကြွတော်မူ၍ အာဠဝီပြည်သို့ ရောက်တော်မူသဖြင့် အာဠဝီပြည်၌ မြတ်စွာဘုရားသည် တဆယ့်ခြောက်ဝါ မြောက်ဝါဆိုတော်မူ၏၊ ရောက်တော်မူသော အကြောင်းကား ဤသို့တည်း၊အာဠဝီတိုင်း အာဠဝီပြည်၌ အာဠဝကအမည်ရှိသောမင်းသည် ခိုးသူတို့မှဖြစ်သောဘေးကို မြစ်ခြင်းငှာငှင်း,တိုင်းကား ဇနပုဒ်ပုန်ကန်ခြင်းကိုမြစ်ခြင်းငှာငှင်း,တပါးသောမင်းတို့မှဘေးရန်ကို မြစ်ခြင်းငှာငှင်း လုံ့လပြုသဖြင့် ခုနစ်ရက်တကြိမ် ကိုယ်လုပ်မောင်းမတို့ဖြင့် သုံးဆောင်အပ်သော မင်း၏စည်းစိမ်ကိုစွန့်၍ သမင်တောသို့ သွားလေ့ရှိ၏၊ တရံရောအခါ ဗိုလ်ပါအပေါင်းတို့နှင့်တကွ သွားသည်ရှိသော်“အကြင်သူ၏အနီးဖြင့် သမင်သည်ပြေး၏၊ ထိုသူ၏အဘို့ဖြစ်စေသတည်း”ဟု **ကတိကဝတ်**ပြု၍သမင်ကိုလိုက်ကြကုန်သော် ဇောမည်သောသားသည် မင်း၏အနီးဖြင့် ပြေးလေသဖြင့် ကတိကဝတ်ပြုသည်နှင့်အညီ ကတိကဝတ်ကို မလွန်မူ၍ လေးကိုကိုင်၍ တယောက်ချင်း ခြေလျင်သာလျှင် လိုက်လေ၍ သုံးယူဇနာခရီးသို့ ရောက်လေ၏။

ဇောမည်သော သားတို့၏ သဘောသည်လည်း သုံးယူဇနာတိုင်သာပြေးနိုင်၏၊ ထို့ထက်လွန်၍ မပြေးနိုင်သောကြောင့် ခြေကုန်၍ မိလေ၏၊ မိသောအခါ၌ သမင်သားဖြင့်အလိုမရှိသော်လည်း ရသောအဖြစ်ကို သိစိမ့်သောငှာ နှစ်ပိုင်းဖြတ်၍လေးဖြင့် ထမ်း၍ ပြန်ခဲ့သော် ပညောင်ပင်ကြီးတခုကိုမြင်၍ အပင်ပန်းဖြေအံ့သောငှာ ထိုပညောင်ပင်ရိပ်သို့ဝင်နားလေ၏၊ ထိုပညောင်ပင်ကြီး၌ **အာဠဝက** အမည်ရှိသော ရုက္ခစိုးဘီလူးနတ်သည် စတုမဟာရာဇ်နတ်မင်းကြီးတို့၏အထံမှ ပွန်း

တည့်ရိပ်နှင့်အမျှ ဤပညောင်ပင်ရိပ်သို့ဝင်သောသူကို အပိုင်စားရသော ဗိမာန်ဖြစ်သောကြောင့် မွန်းတည့်အခါ ပညောင်ပင်ရိပ်အတွင်းသို့ ဝင်လာသောသတ္တဝါကိုစားလျက် စောင့်နေ၏၊ ထိုဘီလူးသည်အာဠဝက မင်းကိုမြင်လျှင် စားအံ့သောအခြင်းအရာကိုပြ၏။

မင်းသည် မိမိအား စားအံ့သောအခြင်းအရာကိုမြင်လျှင် အလွန်ကြောက်သည်ဖြစ်၍''အရှင်နတ်မင်း....ငါ့ကိုလွှတ်ပါ၊ဤသမင်သားကိုစားပါ''ဟုဆိုသော် သမင်လည်း ငါ့အစာ,သင်လည်းငါ့အစာဖြစ်သည်ဆိုသောကြောင့် ''ယင်းသို့တပြီးကား ငါ့ကိုလွှတ်ပါ၊ ငါ၏ကိုယ်စားနေ့တိုင်း, နေ့တိုင်း သင်၏ အစာအလို့ငှာ ထမင်းကျက်အိုးတလုံးနှင့် လူတယောက်ပို့လာပါစိမ့်မည်''ဟူ၍ဆို၏၊ဘီလူးလည်း''သင်သည် ယခုတမူကားကြောက်၍ဆို၏၊သင်၏နေရာသို့ရောက်သောအခါ မင်း၏စည်းစိမ်ချမ်းသာဖြင့်ယစ်၍ ငါ့ကိုမေ့လျော့လတ္တံ့၊ ငါမူကား ငါ့ဗိမာန်သို့မရောက်လာသောသူကိုဂင်း,ဤသူကိုစားလေတော့-ဟု စတုမဟာရာဇ်နတ်မင်းတို့ ..င့်မပြုသော သူကိုဂင်း စားအံ့သောငှာမရ၊ ယင်းသို့ဖြစ်သောကြောင့် သင့်ကိုငါမလွှတ်ပြီ''ဟုဆို၏။

''အရှင်ဘီလူးနတ်မင်း....အကြင်နေ့၌ အရှင်နတ်မင်းအား အစာအလို့ငှာ မပို့လာအံ့၊ထိုနေ့၌လာ၍ ငါ့ကိုစားပါလော့''ဟု မင်းဆို၏၊ထိုအခါ မိမိကိုယ်ကိုမိမိခွင့်ပြုပြီ-ဟု နှလုံးသွင်း၍ အာဠဝကဘီလူးသည် မင်းကိုလွှတ်လိုက်သည်ဖြစ်၍ နေရာပြည်သို့ ရှေးရှုပြန်လေ၏၊ထိုမင်းနှင့်ကွဲလေသော စစ်သည်ဗိုလ်ပါတို့သည် ခရီး၌ သစ်ခက်တဲဆောက်၍ ငံ့နေကြသဖြင့် ပြန်လာသောမင်းကြီးကိုမြင်၍''အရှင်မင်းကြီးသည် အဘယ့်ကြောင့် သူကဲ့ရဲ့ကာမျှသောအပြစ်ကိုကြောက်၍ ဤသို့စင် ကိုယ်တော်ကိုပင်ပန်းစွာပြု၍ တယောက်အထီးတည်း သမင်ကိုလိုက်ဘိသနည်း'' ဟု ဆိုကုန်၍ ခရီးဦးကြို၍ လက်ကိုလှမ်းလင့်ကုန်၏၊ထိုမင်းသည် သမင်ရခဲ့သောအကြောင်း, ဘီလူးဖမ်းမိသောအကြောင်း, ဘီလူးနှင့်ကတိကဝတ်ပြု၍ ပြန်ခဲ့ရကြောင်းအလုံးစုံကို စစ်သည်ဗိုလ်ပါတို့အားကြားပြီး၍ မြို့သို့ပြန်လေကုန်၍ မိုးသောက်၍ နံနက်စာစားပြီးသော် မြို့ကွပ်စာချီကိုခေါ်၍ အကြောင်းအလုံးစုံကိုပြန်လေ၏။

## ဘီလူးစားရန် တနေ့လူတယောက်ကျပေးရခြင်း

စာချီလည်း အကြောင်းကိုကြားလျှင် "အရှင်မင်းကြီးသည် အာဠဝကဘီလူးအား ဤမျှသောလ,ဤမျှသောနှစ်တိုင်ရုံအရှင်နတ်မင်းအား အစာပေးပါမည်-ဟူ၍ ကာလအပိုင်းအခြားကိုပြုခဲ့၏လော"ဟု ဆို၏၊ "အချင်းစာချီ....ငါမပြုခဲ့မိချေ"ဟု ဆို၏၊စာချီသည်ဆို၏၊ "အရှင်မင်းကြီးသည် ကာလကိုမပိုင်းခြားမူ၍ ဘီလူးနှင့်ပြုသောကတိကဝတ်သည် မကောင်းသောကတိကဝတ်မည်၏၊ လူတို့သည် ပိုင်းခြားခြင်းကိုသာရချေ၏၊မပိုင်းမခြားခဲ့ချေသော် ဇနပုဒ်တိုင်းသားတို့သည် ချောက်ချားခြင်းဖြစ်လတ္တံ့၊ထိုသို့ နှစ်,လကို မပိုင်းမခြားခဲ့မိသည်မူလည်းဖြစ်စေ၊ အရှင်မင်းကြီးသည် ကြောင့်ကြမရှိသည်ဖြစ်၍ မင်း၏စည်းစိမ်ကို ခံစားတော်မူလော့၊အကျွန်ုပ်သည် ဤအရာ၌စီရင်အံ့"ဟု လျှောက်ပြီးသော် နံနက်စောစောထ၍ နှောင်အိမ်တံခါး၌ရပ်၍ အကြင်သူတို့ကိုသတ်အံ့-ဟု ထား၏၊ထိုသူတို့ကိုရည်၍"အကြင်သူသည် အသက်ရှင်လို၏၊ထိုသူသည် နှောင်အိမ်မှထွက်စေသတည်း"ဟု ဆို၏။

ထိုသူတို့တွင် ရှေးဦးစွာထွက်သောသူကို အိမ်သို့ခေါ်၍ ရေချိုးစေ၍ ဝတ်စားတန်ဆာဆင်စေ၍ ထမင်းစားစေပြီးလျှင် "ဤထမင်းကျက်အိုးကို ဘီလူးအားပေးချေလော့"ဟူ၍ စေလိုက်၏၊ထိုသူ့ကို ပညောင်ပင်ရင်းသို့ ရောက်ကာမျှ၌သာလျှင် ရုက္ခစိုးဘီလူး အာဠဝကသည် ကြောက်မက်ဘွယ်သော ကိုယ်ကိုဘန်ဆင်း၍ ကြာစွယ်,ကြာရင်းကဲ့သို့ စားလေ၏၊လူတို့၏ ဆံ,အမွေး, ခြေသည်း,လက်သည်း,အရိုး စသော အလုံးစုံသည် ဘီလူး၏အာနုဘော်အားဖြင့် ထောပတ်ဆီဦးအစိုင်ကဲ့သို့ အရသာချည်းဖြစ်၍မြွေမြွေကြေလေကုန်၏၊ ထိုနေ့မှစ၍နှောင်အိမ်၌သူခိုးတို့ကိုတနေ့တယောက်ယူ၍ပေးရ၏၊ နှောင်အိမ်၌ ခိုးသူတို့သည် ကုန်လေ၏၊ပေးဘန်များသဖြင့်ဘီလူးစာပေးရသောအဖြစ်သည် ထင်ရှားစွာဖြစ်၏၊ ဥစ္စာကိုခိုး၍မိလျှင် ဘီလူးစာပေးလတ္တံ့သည်ကိုကြောက်၍ ခိုးသူအမှုမှကြဉ်ရှောင်ကုန်၏၊ ထို့ကြောင့်ခိုးသူဟောင်းလည်းကုန်၊ ခိုးသူသစ်လည်း မရှိရကား ခိုးသူထားရာ နှောင်အိမ်လည်း ဟင်းလင်းဖြစ်၏။

ထို့အကြောင်းကိုစာချီသည်မင်းအားကြားလေ၏၊ မင်းလည်းကြားလျှင်ဤသို့ပြုသော် ခိုးသူပေါ်ရာ၏-ဟုကြံ၍ မင်းဥစ္စာကိုခရီးဆုံစသည်တို့၌စွန့်ပစ်ထားကုန်၏၊ လမ်းတွင်ရသည်-ဟုယူသသူကိုဥစ္စာခိုးဟု ဖမ်း၍ ဘီလူးစာပေးလေ၏၊ ဤသို့ပြုဘန်များသဖြင့် အကြောင်းကိုသိကုန်သော်ထိုဥစ္စာကိုခြေဖျားနှင့်မှတို့ဝံ့သောသူမရှိ၊ ထို့ကြောင့် ခိုးသူမရသော် ထိုအကြောင်းကို အမတ်တို့အားကြားပေ၏၊ အမတ်တို့သည် "အိမ်စဉ်အားဖြင့် တယောက်,တယောက်သော သူအိုကိုယူ၍ ဘီလူးစာပေးအံ့"ဟု လျှောက်ကုန်၏၊ မင်းသည် ထိုအကြောင်းကိုကြားလျှင်လူတို့သည် ငါတို့အဘကို,ငါတို့အဘိုးကို ဘီလူးစာပေးသည်-ဟု အုတ်အုတ်ကျက်ကျက် ဖြစ်လတ္တံ့သည် ဖြစ်သောကြောင့် ဤသို့ပြုခြင်းသည် မသင့်-ဟုမြစ်၏။

"ထိုသို့တပြီးကား အရှင်မင်းကြီး.... ပက်လက်အိပ်တတ်ကာမျှသူငယ်ကို တနေ့တယောက်ပေးအံ့၊ ထိုသူငယ်တို့အား ငါ့မိ,ငါ့ဘ-ဟူ၍ချစ်ခြင်းမရှိသေးဖြစ်သောကြောင့် ပေးသော်လည်း အပြစ်မရှိရာ" ဟု လျှောက်ကုန်၏၊ မင်းလည်း နှစ်သက်၍ခွင့်ပြု၏၊ အမတ်တို့သည် ထိုဆိုတိုင်းသောသူငယ်ကို တနေ့တယောက်စီယူ၍ပေးကုန်၏၊ထိုအခါသူငယ်မိဘတို့သည် သူငယ်ကိုယူ၍ တပါးသောဇနပုဒ်သို့ ပြေးလေကုန်၏၊ ကိုယ်ဝန်ဆောင်သော မိန်းမတို့သည်လည်း တပါးသောဇနပုဒ်တို့သို့ပြေးသွား၍ သားဘွားခြင်းကိုစွကိုပြု၍ သားငယ်ကြီးသော အရွယ်သို့ရောက်မှ သာကုန်၏၊ ဤသို့သောနည်းဖြင့် တဆယ့်နှစ်နှစ်ပတ်လုံး တယောက်စီယူ၍ ပေးသဖြင့် သူငယ်တို့သည်ကုန်ခဲ့၏။

ထို့နောင်မှ မြို့တွင်း,မြို့ပြင် သူငယ်ကိုရှာသော်မရ၍ အကြောင်းကိုမင်းအား "အရှင်မင်းကြီး....သားတော် အာဠဝကမင်းသားကိုထား၍ ပြည်သူတို့၌သားငယ်မရှိပြီ"ဟု လျှောက်ကုန်၏၊ မင်းသည်လည်း"အမတ်တို့....ငါ့သားသည် ငါ့ထက်မြတ်အံ့လော၊ထို့ကြောင့် ငါ့သားကိုပင် ဘီလူးစာပေးလော့"ဟုဆို၏၊ မင်းချင်းတို့သည် မင်း၏အာဏာဖြင့်နန်းတော်သို့သွား၍ တသောင်း,ခြောက်ထောင်ဟုန်သောမောင်းမတို့နှင့်တကွမိဖုရားကြီးငိုကြွေးစဉ်**အာဠဝကမင်းသား**ကို နက်ဖြန်ဘီလူးစာပေးရအံ့"ဟု ယူ၍သွားကုန်၏။

## အာဠဝကဗိမာန်သို့ဘုရားရှင်ဝင်၍နေတော်မူခြင်း

ထိုနေ့၌လျှင် မြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ နေတော်မူလျက် ပစ္ဆိမယာမကိစ္စ၌ဘည်၍ သဗ္ဗညုတဉာဏ်ဖြင့် လောကကို ကြည့်တော်မူသော် အာဠဝက မင်းသားအား အနာဂါမိဖိုလ်ကို ရခြင်း၏အကြောင်းကိုင်း, အာဠဝက ဘီလူးအား သောတာပတ္တိဖိုလ်ကိုရခြင်း၏ အကြောင်းကိုင်း, တရားဟောတော်မူသောအဆုံး၌ ရှစ်သောင်း,လေးထောင်ကုန်သော ပရိသတ်တို့အား မဂ်ဖိုလ်ရခြင်း၏အကြောင်းကိုင်း မြင်တော်မူ၍ မိုးသောက်ထအခါ၌ ကိစ္စငါးပါးတို့တွင် ပုရေဘတ္တကိစ္စကိုပြုပြီး၍ ပြီးစေအပ်သောပစ္ဆာဘတ္တကိစ္စရှိသော မြတ်စွာဘုရားသည် နယုန်လဆန်း ဥပုသ်နေ့၌ ကိုယ်တော်ထီး ပရိက္ခရာ ရှစ်ပါးကို လွယ်တော်မူ၍ ခြေကြောင်းခရီးဖြင့် သာဝတ္ထိပြည်မှသည်ယူဇနာသုံးဆယ်ရှိသော အာဠဝီတိုင်းသို့ကြွတော်မူ၍ အာဠဝီပြည်သို့မရောက်မီ တဂါဝုတ်မျှကွာသော အရပ်၌ ပညောင်ပင်ကြီး၌ အာဠဝကဘီလူး၏ ဗိမာန်သို့ဝင်၍ နေရစ်တော်မူ၏။

ထိုရောအခါ အာဠဝကဘီလူးသည် ဟိမဝန္တာတောင်ထိပ် နက်မင်းကြီးတို့၏ သဘင်၌စည်းဝေး၍နေခိုက်ဖြစ်ခဲ့ရကား ဂဒြဘအမည်ရှိသော တံခါးစောင့်သာရှိနှင့်၏၊ ဤသို့မြတ်စွာဘုရား နေတော်မူပြီးသောအခါ ဂဒြဘမည်သောတံခါးစောင့်သည် မြတ်စွာဘုရားသို့ကပ်လာ၍ ရှိခိုးလျက် "ရှင်ပင်ဘုရား.... အဘယ့်ကြောင့်အခါမဟုတ်သည်၌လာတော်မူသနည်း"ဟုမေး၏၊ မြတ်စွာဘုရားလည်း အခါမဟုတ်သည်၌ လာတော်မူကြောင်းကိုမိန့်၍"ဂဒြဘ....သင်သည်ဝန်မလေးပါသည်ဖြစ်အံ့၊ ယနေ့တည အာဠဝကဘီလူး၏ဗိမာန်၌ငါနေပါအံ့"၊ဤသို့သောစကားကိုလည်းမိန့်တော်မူ၏၊ထိုနောင်မှဂဒြဘသည်"ရှင်ပင်ဘုရား..အကျွန်ုပ်အားဝန်မလေး၊ စင်စစ်သဖြင့် အာဠဝကဘီလူးသည် ခက်ထန်သော စောင်မာန်ရှိ၏၊ ကြမ်းကြုတ်၏၊ အမိအဘတို့အားသော်လည်း ရှိခိုးခြင်းအစရှိသော အရိုအသေကိုမပြု၊ ထို့ကြောင့် ရှင်ပင်ဘုရား၏ ဤဗိမာန်၌နေခြင်းကို မနှစ်သက်လတ္တံ့" ဤသို့လျှောက်၏။

မြတ်စွာဘုရားလည်း "ဂဒြဘ····အာဠဝကဘီလူး၏ သဘောကို ငါသိ၏၊ အာဠဝကဘီလူးကြောင့် ငါ့အားတစုံတခုသော အန္တရာယ်သည်မဖြစ်လတ္တံ့၊ အကယ်၍သင်ဝန်မလေးပါမူ တညဉ့်မျှဤဗိမာန်၌ ငါနေပါအံ့"ဟု မိန့်တော်မူ၏၊ ဂဒြဘသည်လည်းနှစ်ကြိမ်မြောက်လျှင် "ရှင်ပင်ဘုရား····အကျွန်ုပ်သည် ဝန်မလေး၊ အာဠဝကသည် ကျက်သောအိုးကင်းပူနှင့်တူ၏၊ အမိအဘဟူ၍၎င်း,ရဟန်းပုဏ္ဏားဟူ၍၎င်း, တရားဓမ္မဟူ၍၎င်းမသိ၊ ဤဗိမာန်သို့လာသောသူတို့ကိုနှလုံးပျို့လွင့်အောင်သော်လည်းပြုတတ်၏၊ နှလုံးကိုသော်လည်းခွဲတတ်၏၊ ခြေကိုကိုင်၍ သမုဒ္ဒရာတဘက်သို့သော်၎င်း, စကြဝဠာတပါးသို့သော်၎င်း ပစ်တတ်၏၊ ဤသို့လျှောက်၏၊မြတ်စွာဘုရားလည်း သုံးကြိမ်မြောက် "ဂဒြဘ····အာဠဝက၏သဘောကိုငါသိ၏၊ သင်သည်ဝန်မလေးအံ့၊တညဉ့်မျှငါတည်းနေပါအံ့"ဟုမိန့်တော်မူ၏၊ဤစကားကိုကြား၍ ဂဒြဘလျှောက်၏၊ "ရှင်ပင်ဘုရား····အကျွန်ုပ်တို့အား ဝန်မလေး၊ ထိုအာဠဝကသည် မိမိအားမကြားဦးဘဲ နေတော့-ဟု ခွင့်ပြုချေသော် အကျွန်ုပ်ကိုသော်လည်း သတ်ရာ၏၊ ထို့ကြောင့် အကျွန်ုပ်သည် အာဠဝကဘီလူးအား အကြောင်းကိုကြားပါဦးအံ့"ဟုလျှောက်၏။

"ဂဒြဘ····သင်သည်အလိုအလျောက် ကြားပါမူကား ကြားချေ" ဟုမိန့်တော်မူ၏၊ "ထိုသို့တပြီးကား ရှင်ပင်ဘုရား····ရှင်ပင်ဘုရားသည် ဤဗိမာန်၌ နေသင့်သောအကြောင်းကို သိတော်မူ"ဟု လျှောက်၍ မြတ်စွာဘုရားကိုရှိခိုး၍ ဟိမဝန္တာသို့ရှေးရှုသွားလေ၏၊ ထိုအခါဗိမာန်တံခါးသည်အလိုလိုပွင့်၏၊ မြတ်စွာဘုရားသည် ဝင်၍ ရတနာဖြင့်ပြီးသောနတ်တို့၏ ပလ္လင်၌နေတော်မူ၍ ရွှေသောရောင်ခြည်ကိုလွှတ်တော်မူ၏၊ ထိုရောင်ခြည်တော်ကြောင့် အာဠဝကဘီလူး၏ ကိုယ်လုပ်မောင်းမတို့သည်လာကုန်၍ မြတ်စွာဘုရားကိုခြံရံကုန်၏၊ မြတ်စွာဘုရားသည် "သင်တို့သည် ရှေးသောဘဝ၌ အလှူပေးသောကြောင့်, သီလသီတင်းသုံးသောကြောင့်, ပူဇော်အပ်သောသူကို ပူဇော်သောကြောင့် ဤသို့သောကိုယ်၏အဖြစ်ကို ရကုန်သည်၊ ယခုဘဝ၌လည်း ဒါန, သီလစသော ကုသိုလ်ကောင်းမှုကို ပြုကုန်ရာ၏၊ အချင်းချင်း ငြူစူခြစောင်း မြောင်းခြင်းကိုမပြုမူ၍ နေကုန်ရာ၏"ဟုဤသို့အစရှိသောတရားစကား

ကို ထိုဘီလူးအာဠဝက၏ ကိုယ်လုပ်မောင်းမတို့အား ဟောတော်မူ၏၊ ထိုကိုယ်လုပ်မောင်းမတို့သည် မြတ်စွာဘုရား၏ အလွန်သာယာစွာသောအသံကိုကြား၍ သာဓု, သာဓု-ဟု ကောင်းချီးပေးကုန်၏။

## အာဠဝကဘီလူးကြီးဝါးခြင်း

ဂဒြဘသည်ဟိမဝန္တာသို့သွား၍ ဗိမာန်၌မြတ်စွာဘုရားနေကြောင်းကို အာဠဝကအားကြားပေ၏၊ထိုစကားကိုကြားလျှင် အာဠဝကသည် ဂဒြဘကို "သင်တိတ်တိတ်နေကာမူ ငါသွား၍ ရဟန်းဂေါတမအား စစ်ထိုးခြင်းအမှုကို ပြုအံ့" ဟု အမှတ်ကိုပေး၏၊ သင်တိတ်တိတ်နေ ဟူသောအမှတ်ကို အဘယ့်ကြောင့် ပေးသနည်း ဟူတုံအံ့၊ အာဠဝကသည် ယောကျ်ားမာန်ကြောင့် ရှက်သည်ဖြစ်၍ နတ်မင်းကြီးတို့၏ အလယ်၌ တစုံတယောက်သောသူကိုမျှ မကြားစေလင့်ဟု အမှတ်ပေးသတည်း၊ ထိုအခါ **သာတာဂိရိနတ်မင်း, ဟေမဝတနတ်မင်း** တို့သည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားကိုရှိခိုး၍ နတ်တို့၏အစည်းအဝေးသို့သွားကုန်အံ့-ဟူ၍ မိမိတို့၏အခြွေအရံနှင့်တကွ အထူးထူးသောယာဉ်ကိုစီးလျက် ကောင်းကင်ခရီးဖြင့် သွားကုန်သော် သုံးယူဇနာအရပ်ရှိသော မြေကိုမှီ၍ဖြစ်သော အာဠဝကဘီလူး၏ ဗိမာန်အထက်သို့ရောက်လျှင် မြတ်စွာဘုရား၏ တန်ခိုးအားဖြင့် မိမိတို့၏ယာဉ်သည် ကောင်းကင်သို့ သွားခြင်းကိုစွ မပြီးနိုင်ကုန်ရကား အကြောင်းရှိမည်-ဟု အောက်သို့ ကြည့်သော် အာဠဝက ဗိမာန်၌ မြတ်စွာဘုရားကိုမြင်၍ ကောင်းကင်မှသက်၍ မြတ်စွာဘုရားကိုရှိခိုး၍ တရားတော်ကိုနာ၍ လကျ်ာရစ်လှည့်၍ နတ်တို့၏ အစည်းအဝေးသို့ သွားကုန်အံ့ဟု မြတ်စွာဘုရားကိုပန်၍ သွားလေကုန်၏။

အာဠဝကဘီလူးသည် ကိုနတ်မင်းတို့ကိုမြင်၍ ဤနေရာ၌နတ်မင်းတို့ နေကုန်ဟု ထ၍ မိမိနေရာ၌နေစေ၏၊ ထိုနတ်တို့သည် အာဠဝကဘီလူးအား "အာဠဝက....သင်သည် ဤကိုယ်၏အဖြစ်ကို ရတော်စွ၊ သင်၏ ဗိမာန်၌ရှင်ပင်ဘုရားသည် နေတော်မူ၏၊သင်သွား၍ဆည်းကပ်ပါချေ" ဟု ဆိုကုန်၏၊ ထိုစကားကိုကြားလျှင် အိုးကင်းပူ၌ထည့်အပ်သောဆားကဲ့သို့ မိမိကိုယ်တွင်း၌ အမျက်ဖြင့် **ဖျစ်ဖျစ်မည်** သောနလုံး ရှိသည်ဖြစ်၍

“အကြင်သူသည် ငါ၏ဗိမာန်၌နေ၏၊ ထိုသူသည် ဘုရားဟူသည်ကား အဘယ်ဘုရားနည်း” ဟူ၍ဆို၏၊ ထိုစကားကို သာတာဂိရိနတ်,ဟေမဝတနတ်မင်းတို့ကြားလျှင် “အာဠဝက….သင်သည် ငါတို့၏ဆရာ ရှင်ပင်ဘုရားကိုမသိ”ဟုဆို၏၊ ထိုဘုရားသည် မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူသောအခါ,ဘုရားဖြစ်သောအခါ,ဓမ္မစကြာတရားကို ဟောတော်မူသောအခါတို့၌ တသောင်းသော စကြဝဠာတိုက်၌ မြေကြီးတုန်လှုပ်၏၊သုံးဆယ့်နှစ်ပါးသောနိမိတ်တို့သည် ဖြစ်ကုန်၏၊ ဤအံ့ဘွယ်သရဲတို့ကို မမြင်ပါသလော” ဟုဆိုကုန်၏။

အာဠဝကသည် ထိုနိမိတ်တို့ကိုမြင်လျက်လည်း အမျက်နှိပ်စက်သည်ဖြစ်၍“မမြင်”ဟုဆို၏၊ထိုစကားကိုကြား၍ထိုနတ်မင်းကြီးတို့သည် “အာဠဝက….သင်သည် မြင်သည်ဖြစ်စေ, မမြင်သည်ဖြစ်စေ သင်၏မြင်ခြင်း,မမြင်ခြင်းသည်အဘယ်အကျိုးရှိအံ့နည်း၊ငါတို့၏ဆရာဘုရားကိုသင်သည် အဘယ်သို့ပြုနိုင်လတ္တံ့နည်း၊အလွန်ခွန်အားတန်ခိုးကြီးသော ဥသဘအာဇာနည်၏အနီး၌ ယနေ့မွေးသောနွားသူငယ်ကဲ့သို့ မြတ်စွာဘုရားကိုထောက်၍ သင်သည်ဖြစ်လတ္တံ့၊ နှာမောင်း, သိုဖျား, နားတည်းဟူသောအရပ်သုံးပါးတို့မှ ယိုသောမုန်ရှိသော ဆင်အာဇာနည်၏အနီး၌ ဘားသူငယ်ကဲ့သို့ဖြစ်လတ္တံ့၊ ကေသရာဇာ ခြင်္သေ့မင်း၏အနီး၌ မြေခွေးငယ်ကဲ့သို့,ယူဇနာတရာ့ငါးဆယ်ရှိသော ဂဠုန်မင်း၏အနီး၌ အတောင်ကျိုးသောကျီးငယ်ကဲ့သို့ ဖြစ်လတ္တံ့၊ သင်သွားချေ၊ ဘုရားအား **ပြိုင်အပ်သောအမှု** ကိုပြုချေလော့”ဟူ၍ဆိုကုန်၏။

ထိုစကားကိုကြားသော် **အာဠဝက**သည် ပြင်းစွာ အမျက်ထွက်၍ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ လက်ဝဲခြေဖြင့်နင်း၍ “နတ်မင်းတို့….နတ်မင်းတို့ဆရာဂေါတမ၏ တန်ခိုးအာနုဘော် ရှိသည်ကို၎င်း, ငါ၏တန်ခိုးအာနုဘော်ရှိသည်ကို၎င်း ကြည့်ကုန်လော့”ဟု ကြုံးဝါး၍ ယူဇနာခြောက်ဆယ်ရှိသော ကေလာသတောင်ထွဋ်ကို လက်ျာခြေဖြင့်နင်း၏၊ ထိုတောင်ထွဋ်သည် ပြောင်ပြောင်တောက်သောသံတွေကို တူဖြင့်ရိုက်သောအခါ သံချေးပွင့်တို့သည် အလွှား,အလွှားကွာသကဲ့သို့ကျ၏၊ ထိုတောင်ထွဋ်၌ရပ်၍ **အဟံအာဠဝကော** ဟူ၍ ကြုံးဝါး၏၊ ထို

အသံသည် ယူဇနာ တသောင်းအပြင်ရှိသော ဇမ္ဗူဒီပါကျွန်းလုံးနှံ့၍၊ အာဠဝကဘီလူးကြီးဝါးသော အသံသည် ယူဇနာ သုံးထောင်ရှိသော ဟိမဝန္တာ၌ မြေကြီးတုန်လှုပ်ခြင်းကို ဖြစ်စေ၏။

## လက်နက်အမျိုးမျိုးဖြင့်အာဠဝကစစ်ထိုးခြင်း

ထို့နောင်မှ ရဟန်းဝေါတမကို လေဖြင့်လွင့်၍ ပြေးစေအံ့ဟု မိမိ အာနုဘော်ဖြင့် လေလက်နက်ကိုလွှတ်၏၊ ထို့နောက် မိုယ်းရေဖြင့် မွန်း၍သေစေအံ့ဟု မိုယ်းကြီးရွာစေ၏၊ ထို့နောက်ကျောက်ဖျာမိုယ်း ကြီးကိုရွာစေ၏၊ ထို့နောက်လက်နက်မိုယ်းကြီးကိုရွာစေ၏၊ ထို့နောက် သဲမိုယ်းကိုရွာစေ၏၊ ထို့နောက် မီးကျီးမီးခဲမိုယ်းကိုရွာစေ၏၊ ထို့နောက် ပြာပူမိုယ်းကို ရွာစေ၏၊ ထို့နောက် ညွန်နှစ်မိုယ်းကို ရွာစေ၏၊ ထို့ နောက် မှောင်ကြီးမိုယ်းကို ဖြစ်စေ၏၊ ဤလက်နက်ကြီး ကိုးပါးတို့၏ အာနုဘော်ကိုဋင်း, ဤလက်နက် ကိုးပါးတို့သည် မြတ်စွာဘုရား၏ ရှေတော်သို့ရောက်လျှင် အာနုဘော် မရှိသည်ဖြစ်၍ ပန်းပွင့်တို့သာ ဖြစ်ဟန်ကိုဋင်း မာရ်မင်းလက်နက်ကြီးကိုးပါး၌ ဆိုအပ်ပြီးသော နည်းဖြင့် သိရာ၏၊ ထို့နောင်အထူးထူးသောလက်နက်တို့ကို ကိုင်ကုန် သော အထူးထူးသော အဆင်းသဏ္ဌာန်တို့ကို ဘန်ဆင်းတတ်ကုန်သော အင်္ဂါလေးပါးရှိသော ဘီလူးကုမ္ဘဏ်စစ်သည် အပေါင်းတို့နှင့် တကွ အာဠဝကဘီလူးသည် ပြောင်ပြောင်အရောင်တောက်သော သံတွေကို ဖြုတ်ခြင်ယင်ရဲတို့သည် ချဉ်းခြင်းငှာ မဝံ့သကဲ့သို့ မြတ်စွာဘုရား၌ ချဉ်းခြင်းငှာ မဝံ့သည်ဖြစ်ကုန်၏။

ဤသို့လျှင် ညဉ့်ဦးယံကသည် သန်းခေါင်ယံတိုင်အောင် ကြောက် မက်ဘွယ်အဆင်းသဏ္ဌာန်ကိုပြ၍ ထိုးပစ်ခြင်းကိုပြုသဖြင့် ရှင်ပင်ဘုရား ကို တုန်လှုပ်စေခြင်းငှာ မတတ်နိုင်သော် အာဠဝကသည် လက်နက်ကြီး ကိုးပါးတို့တွင် တစုံတခုသော လက်နက်တို့ဖြင့် မအောင်နိုင်သဖြင့် ဒုဿာဝုဓဆိုးလက်နက်ကိုလွှတ်၏၊ ဤဒုဿာဝုဓဆိုးလက်နက်၏ တန်ခိုးအာနု ဘော်ကား ကောင်းကင်သို့ ဤပုဆိုးလက်နက်ကိုပစ်အံ့၊ တဆယ့်နှစ်နှစ် ပတ်လုံးမိုယ်းမရွာ၊ အကယ်၍မြေ၌ပစ်အံ့၊ ခပ်သိမ်းသော မြက်သစ်ပင် တို့သည် ခြောက်တပ်၏၊ တဆယ့်နှစ်နှစ်လွန်မှ အညွန့်ထွက်နိုင်ရာ၏၊

သမုဒ္ဒရာရေ၌ပစ်ပြေးအံ့၊ အိုးကင်းပူ၌ချသော ရေပေါက်ကဲ့သို့ အလုံးစုံသော မဟာသမုဒ္ဒရာသည် ခန်းခြောက်ရာ၏၊ မြင့်မိုရ်တောင်နှင့်တူသော ဟောင်ကို ပစ်ပြေးအံ့၊ ထိုတောင်သည် အတုံးအပိုင်းကျိုးသည်ဖြစ်၍ ဖရိုဖရဲကွဲပြိုရာ၏။

ဤသို့ကြီးသော အာနုဘော်ရှိသော ဘုံဖြူပုဆိုး လက်နက်ဖြင့် မြတ်စွာဘုရားကိုပစ်အံ့ဟု ကြံ၍ အာဠဝကသည် မိမိဝတ်ရုံသော ပုဆိုးကို ကိုယ်မှခွါ၍ ကိုင်၏၊ ထိုရောအခါ စကြဝဠာတသောင်း၌ နေကုန်သော နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားသည် ယနေ့ အာဠဝကဘီလူးကို ဆုံးမတော်မူလတ္တံ့၊ မြတ်စွာဘုရားတရားဟောကို နာကုန်အံ့ဟု လျင်စွာစည်းဝေးလာကုန်၏၊ ထိုမှတပါး မြတ်စွာဘုရားနှင့် အာဠဝက စစ်ထိုးခြင်းကို ရှုလိုကုန်သော နတ်တို့သည်လည်း စည်းဝေးလာကုန်၏၊ ထိုအခါ အာဠဝကသည် မိမိရုံသောပုဆိုးလက်နက်ကို လွှတ်၏၊ထိုပုဆိုးလက်နက်သည် ကြောက်မက်ဘွယ်သော အသံကိုပြု၍ အခိုးအလျှံထွက်သည်ဖြစ်၍ လာလတ်၍ မြတ်စွာဘုရား ခြေတော်ရင်းသို့ ရောက်လျှင် ခြေသုတ်ကြိုးဝန်းဖြစ်၍ကျ၏။

အာဠဝကသည် ဤအခြင်းအရာကိုမြင်၍ ဦးချိုကျိုးသောနွားကဲ့သို့, အစွယ်ကျွတ်သော မြွေကဲ့သို့ အာနုဘော်မရှိသည်ဖြစ်၍ ကျိုးပြီးသော မာန်တည်းဟူသော တံခွန်ရှိသည်ဖြစ်၍ ငါ၏လက်နက်ကြီးစင်လျက် ရဟန်းဂေါတမကို ကြောက်လန့်စေခြင်းငှာ မတတ်နိုင်ဘဲ ရှိခဲ့သော် အကြောင်းကား အဘယ်သို့နည်းဟု ကြံ၍ ရဟန်း ဂေါတမသည် **သဗ္ဗသတ္တာ အဝေရာ ဟောန္တု၊**-စသော မေတ္တာဗြဟ္မဝိဟာရနှင့် ယှဉ်၍ နေ၏၊ "ယခုအခါ ရဟန်းဂေါတမကို အမျက်ထွက်သဖြင့် မေတ္တာဗြဟ္မဝိဟာရမှကင်းစေအံ့"ဟုကြံ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍"ရှင်ဂေါတမ....ငါ၏ဗိမာန်မှ ထွက်လေလော့၊ အဘယ့်ကြောင့် ငါ့ခွင့်မပြုဘဲ ငါ့ဗိမာန်သို့ဝင်၍ အိမ်ရှင်ကဲ့သို့ ကိုယ်လုပ်မောင်းမတို့၏ အလယ်၌ နေသနည်း၊ အရှင်မပေးသော ငါ့ဗိမာန်ကိုသုံးဆောင်ခြင်းသည် မအပ်၊ မိန်းမနှင့် ရောယှက်၍ နေခြင်းသည်လည်းမအပ်၊ သင်၏ အကျင့်သည် မကောင်း"ဟု ဆို၏။

## အကြမ်းမှုကိုအနုဖြင့်အောင်တော်မူခြင်း

ထိုစကားကိုကြားလျှင် မြတ်စွာဘုရားသည် စောင်မာန်ခက်ထန်သဖြင့် ဆိုးမခြင်းငှာ မတတ်ကောင်း၊ ဥပမာကား- ကြမ်းထမ်းကိုက်ခဲတတ်သော ခွေးကို မကြမ်းတမ်းစိမ့်သောငှာ ခွေး၏နှာခေါင်း၌ ဓားငယ်ဖြင့်ခွဲလျှင် ထိုခွေးသည် အတိုင်းထက်အလွန်လျှင် ကြမ်းတမ်းကိုက်ခဲသည်ဖြစ်ရာ၏၊ ထို့အတူ စောင်မာန်ခက်ထန်သူကို အတုံ့ပြန်လျက် စောင်မာန်ခက်ထန်၍ ဆိုးမသော် အတိုင်းထက်အလွန် စောင်မာန်ခက်ထန်၍ မဆိုးမ နိုင်သည်ဖြစ်ရာ၏၊နူးညံ့သောစကားဖြင့် ဆိုးမသည်ဖြစ်သော်ကား ထိုအာဠဝကသည် ဆိုးမလွယ်သည် ဖြစ်ရာ၏၊ မဂ်ဖိုလ်ရခြင်းငှာ တတ်ကောင်း၏ဟု သိတော်မူ၍ **သာယာသာယာ အာဝုသော**စသည်ဖြင့် ချစ်ဘွယ်သောစကားကိုမိန့်၍ "ကောင်းပြီ ဒါယကာ အာဠဝက···· ငါ့ကိုသင်၏ဗိမာန်၌ မနေစေလိုသော် ငါထွက်ပါတော့မည်"ဟု ထွက်တော်မူ၏။

ထိုအခါ "ဤရဟန်းသည် စကားဆိုလွယ်သောအဖြစ်ရှိ၏၊ တခွန်းတည်းသောစကားဖြင့်သာလျှင် ငါ၏ဗိမာန်မှထွက်၏၊ ဤသို့သဘောရှိသော ဆိုလွယ်သောစကားရှိသောရဟန်းကို ငါသည် အကြောင်းမရှိဘဲလွန်စွာတည်ဥ္စပတ်လုံးစစ်ထိုးခြင်းကိုပြုမိ၏"ဟုနူးညံ့သောစိတ်ရှိသည်ဖြစ်၍ ယခုအခါ တခွန်းတည်းသောစကားဖြင့် ဗိမာန်မှထွက်ဖြားသော်လည်း သိခြင်းငှာမတတ်ကောင်းသေး၊အကြောင်းအသို့နည်း၊ ဆိုလွယ်သောအဖြစ်၌ တည်သည်ဖြစ်၍ ထွက်သလော၊ထိုသို့မဟုတ် အမျက်ရှိ၍ ထွက်သလော၊စုံစမ်းဦးအံ့ဟု ကြံ၍"ရဟန်းဂေါတမ··· ငါ့ဗိမာန်တွင်းသို့ဝင်ဦးလော့"ဟူ၍ ဆိုပြန်၏၊ ထိုစကားကိုကြားသော် ဆိုလွယ်သောစကားရှိသော မြတ်စွာဘုရားသည် အာဠဝကအား နူးညံ့သောစိတ်ရှိသည်၏အဖြစ်ကိုပြုခြင်း၌ ဥပမာကား-ကျိုက်ကျိုက်ဆူသောရေပူ၌ စန္ဒကူးသရက္ခန်ကိုထည့်သည်ရှိသော်- တခဏခြင်းငြိမ်းလေသကဲ့သို့ ကျိုက်ကျိုက်ဆူသော နှလုံးရှိသော အာဠဝက၏ အမျက်တည်းဟူသော မီးပုံကြီးကို ငြိမ်းစိမ့်သောငှာ အလွန်ချစ်ဘွယ်သာယာနူးညံ့စွာသောစကားဖြင့်"ဒါယကာ အာဠဝက····ငါ့ကိုသင့်ဗိမာန်တွင်းသို့ ဝင်စေလိုလျှင် ဝင်ပါဦးတော့မည်"ဟု မိန့်တော်မူ၍ ဝင်တော်မူ၏။

ထိုအခါ အာဠဝကလည်း စကားဆိုလွယ်သောအဖြစ်ကို စူးစမ်းပြန်လို၍ "ရဟန်းဂေါတမ····ငါ့ဗိမာန်မှထွက်ဦးလော့"ဆိုပြန်၏၊ ထိုစကားကိုကြားသော် ရှင်တော်ဘုရားလည်း စကားဆိုလွယ်တော်မူလှသောအဖြစ်ဖြင့်"ဒါယကာ···· သင့်ဗိမာန်မှထွက်ပြန်စေလိုလျှင် ထွက်ပါအံ့"ဟု ထွက်တော်မူပြန်၏၊ ဤသို့လျှင် သုံးကြိမ်စေ့အောင် ထွက်ဆိုလည်းထွက်တော်မူ၏၊ ဝင်ဆိုလည်းဝင်တော်မူ၏၊ အကယ်၍ မြတ်စွာဘုရားသည် အာဠဝကဆိုတိုင်း လိုက်နာတော်မမူအံ့၊ သဘောအားဖြင့်ကြမ်းတမ်းခက်ထန်စောင်မာန်ရှိသော အာဠဝကသည်အတိုင်းထက်အလွန်ကြမ်းတမ်းခက်ထန်သည်သာဖြစ်ရာ၏၊ တရားစကား၏တည်ရာလည်းမဖြစ်ရာ။

ဥပမာကား-သဘောအားဖြင့် ငိုမြည်တမ်းသောသားငယ်ကို အမိသည် ရိုက်ခတ်မောင်းမဲခြင်းကို ပြုသည်ရှိသော် အတိုင်းထက်လွန်စွာငိုမြည်တမ်းသည်ဖြစ်ရာ၏၊ ဤသို့ဖြစ်သော် ထိုသားငယ်သည် လွန်၍ပင်ပန်းခြင်းသို့လည်းရောက်ရာ၏၊ အမိ၏အဆုံးအမစကားသည်လည်းသူငယ်၌ မတည်သည်သာဖြစ်ရာ၏၊ ရိုက်ခတ်မောင်းမဲခြင်းကိုမပြုမူ၍သားငယ်၌ လှည့်ပတ်ဖြားယောင်းခြင်း၌ လိမ်မာသော အမိသည်ငိုမြည်တမ်းသောသားငယ်ကို အလိုသို့လိုက်၍ သားချစ် ဘခင်သားရွှေစင်အစရှိသဖြင့် ဖြည်းညှင်းသာယာနာပျော်ဘွယ်သော စကားကိုဆို၍ငှင်း,ဆင်ရုပ်မြင်းရုပ်စသောအထူးထူးသောကစားဘွယ်ကိုပေး၍သော်ငှင်း,အချိုအချဉ် အဆိမ့်အအိန့်စသော အထူးထူးသော ခဲဘွယ် စားဘွယ်သောက်ဘွယ်တို့ကိုပေး၍သော်ငှင်း, ရင်ခွင်ပိုက်ထားခြင်း အစရှိသော သားချစ်ပျူငှာကိုပြု၍သော်ငှင်း ဖြားယောင်းသည်ကို ပြုမူကားထိုသားငယ်သည် ငိုမြည်တမ်းခြင်းကင်းသဖြင့် ပင်ပန်းခြင်း မဖြစ်ရာ၊ မိခင် ဆုံးမပဲ့ပြင် သွန်သင်သော စကားသည်လည်း သားငယ်၌ တည်ရာ၏။

အဿတိုရ်မြင်းကိုဆုံးမတတ်သော ရထားထိန်းကဲ့သို့ မယဉ်ကျေးသော လူ,နတ်,ဗြဟ္မာတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူသော မြတ်စွာဘုရားသည် ချစ်ဘွယ် သာယာနာပျော်ဘွယ်သောစကားကို ဆိုတတ်ခြင်း

စသော သုဂတဂုဏ်နှင့်လည်း ပြည့်စုံတော်မူသဖြင့် အာဠဝကဘီလူး၏ ကြမ်းတမ်းခက်ထန် စောင်မာန်အမျက် တည်းဟူသော မီးပုံကြီးကို ငြိမ်းစေခြင်းငှာ တရားတည်းဟူသော စတုမဓုအရသာကို အာဠဝက၏ နှလုံး၌ တည်စိမ့်သောငှာ.... ချစ်ဘွယ် သာယာနာပျော်ဘွယ်သော စကားဖြင့်“ဒါယကာအာဠဝက....သင့်ဗိမာန်သို့ဝင်စေလိုလျှင် ဝင်ပါဦးမည်”ဟု သုံးကြိမ်စေ့အောင် ထွက်ခြင်းဝင်ခြင်းကိုပြုတော်မူသတည်း။

ဤသို့မြတ်စွာဘုရားသည် အာဠဝက၏အလိုသို့လိုက်၍ သုံးကြိမ်စေ့အောင် ထွက်ခြင်းဝင်ခြင်းကို ပြုတော်မူသောနောက်မှ အာဠဝကအား ဤသို့အကြံဆိုးသည်ဖြစ်၏၊“ဤရဟန်းသည် စကားဆိုလွယ်လှ၏၊ ဗိမာန်မှ ထွက်ဆိုလျှင်လည်း တခွန်းတည်းဖြင့်ထွက်သည်၊ ဝင်လော့ဆိုလျှင်လည်း တခွန်းတည်းဖြင့်ဝင်သည်၊ငါကြံအောက်မေ့သည်ကား သုံးကြိမ်စေ့အောင်ထွက်လေ,ဝင်ပြန်လေ-ဟူ၍ ဆိုသည့်အတူ၊ တညဉ့်ပတ်လုံး ထွက်လေ,ဝင်ပြန်လေ-ဟူ၍ ငါဆိုအံ့၊ဤရဟန်းသည်ကား စကားဆိုလွယ်သသူဖြစ်သောကြောင့် ငါ့စကားကိုလိုက်နာ၍ တညဉ့်ပတ်လုံး ထွက်ခြင်း ဝင်ခြင်းကို ပြုသဖြင့် ပင်ပန်းလတ္တံ့၊ ဤသို့ပင်ပန်းစေပြီးမှ ရဟန်း၏ခြေကိုကိုင်၍ဂင်္ဂါမြစ်၏ တဘက်သို့ပစ်လိုက်အံ့”ဟု မကောင်းသော အကုသိုလ်စိတ်ကိုဖြစ်စေ၍ လေးကြိမ်မြောက်လျှင်“ရဟန်းဂေါတမ....ငါ့ဗိမာန်မှ သင်ထွက်လော့”ဟူ၍ ဆိုပြန်၏၊ မြတ်စွာဘုရားလည်း အာဠဝက၏ ထိုမကောင်းသောအကြံကို စေတောပရိယဉာဏ်ဖြင့် သိတော်မူ၍“အာဠဝက....ယခုအခါငါသည်ဤဗိမာန်မှမထွက်ပြီ၊ ငါ့အားသင်သည် အကြင်အမှုကိုပြုလို၏၊ ထိုအမှုကိုပြုလော့”ဟူ၍ မိန့်တော်မူ၏။

ထိုစကားကို ကြား၍ “ရဟန်း....သင့်ကို ငါပြဿနာမေးအံ့၊ အကယ်၍သင်သည် ပြဿနာကိုမဖြေနိုင်အံ့၊ သင်၏စိတ်ကိုသော်လည်း ပျံ့လွင့်စေအံ့၊ နှလုံးကိုသော်လည်း ခွဲအံ့၊ ခြေကိုသော်လည်း ကိုင်၍ ဂင်္ဂါတဘက်သို့ သင့်ကိုပစ်လိုက်အံ့”ဟု အာဠဝကဆို၏၊ ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် “အာဠဝက....ငါသည် နတ်နှင့်တကွသောလူ၌, ဗြဟ္မာနှင့်တကွဖြစ်သောလူ၌, ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော နတ်လူအပေါင်း၌ အကြင်သူသည် ငါ၏စိတ်ကိုပျံ့လွင့်အောင်

ပြုနိုင်ရာ၏၊ ငါ၏နှလုံးကိုခွဲနိုင်ရာ၏၊ ငါ၏ခြေကိုကိုင်၍ မြစ်တဘက်သို့ ပစ်နိုင်ရာ၏၊ ထိုသူကိုငါမမြင်၊စင်စစ်သဖြင့် သင်သည်အကြင်ပြဿနာကို မေးလို၏၊ ထိုပြဿနာကို မေးလော့''ဟု မိန့်တော်မူ၏။

### အာဠဝကအမေးကိုဖြေဆိုတော်မူခြင်း

ထိုအာဠဝက၏ သဘောကား-ရှေးသောအခါ ဤဗိမာန်သည် ရွှေဗိမာန်လော, ငွေဗိမာန်လော, ပတ္တမြားဗိမာန်လော-ဟု ကြည့်အံ့ သောငှာ လာကုန်သော တန်ခိုးရှိကုန်သော ကောင်းကင်ဖြင့်သွားလေ့ ရှိကုန်သော ရသေ့မုနိတို့ကို ပြဿနာမေး၍ ထိုပြဿနာကို ဖြေခြင်းငှာ မစွမ်းနိုင်ကုန်သော ရသေ့မုနိတို့ကို စိတ်ပျံ့လွင့်အောင် ပြုခြင်းအစရှိ သည်ဖြင့် ညှဉ်းဆဲ၏၊ ဤသို့ပြဿနာကို မဖြေနိုင်သော ရသေ့တို့ကို ညှဉ်းဆဲလေ့ ရှိသောကြောင့် မြတ်စွာဘုရားကိုလည်း မဖြေနိုင်လျှင် ညှဉ်းဆဲအံ့ဟုကြံ၍''သင်ရဟန်းကိုပြဿနာမေးအံ့''အစရှိသောစကား ကို ဆိုသတည်း၊ အကြင်ပြဿနာကို ငါ့ကိုသင်မေးလို၏၊ထိုပြဿနာကို မေးလော့-ဟူသော မြတ်စွာဘုရားစကားတော်ကိုကြား၍ မေးအံ့ သောငှာ—

ကိံသူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ကိံသု သုစိဏ္ဏော သုခ မာဝဟာတိ။
ကိံသု ဟဝေ သာဒုတရံ ရသာနံ၊
ကထံ ဇီဝိံ ဇီဝိတ မာဟု သေဋ္ဌံ။ ။

ဟူသောလေးပါးသော အမေးဖြင့်ဘွဲ့သော ဥပဇာတိ ဂါထာကို ရွတ်၏။

ဤဂါထာ၌ အဓိပ္ပါယ်ကား-အိုအရှင်ဂေါတမ····ဤလောက၌ ယောကျ်ား၏ မြတ်သောဥစ္စာသည် အဘယ်နည်း၊ အဘယ်မည်သော ကောင်းစွာ လေ့ကျက်အပ်သောတရားသည် ချမ်းသာကို ရွက်ဆောင် တတ်သနည်း၊စင်စစ်သဖြင့်အရသာတို့တွင် ကောင်းမြတ်သောအရသာ သည် အဘယ်နည်း၊ အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်း-ဟူ၍ ဘုရားစသော ပညာရှိတို့သည် ဆိုကုန်သနည်း ဟူလိုသည်။

ဤအမေးဂါထာတို့ကို အာဠဝကသည် အဘယ်မှာရချေအံ့နည်း-ဟူအံ့၊ ကဿပဘုရားဖြစ်တော်မူသောအခါ၌အာဠဝက၏ အမိအဘတို့သည် ကဿပမြတ်စွာဘုရား အထံသို့ ဆည်းကပ်၍ ရှစ်ပါးသော အမေးတို့ကို အဖြေနှင့်တကွ တတ်အောင်သင်ကုန်၏၊ ထိုအမိအဘတို့သည် အာဠဝကကိုလည်း ငယ်သောအခါ၌ သင်စေကုန်၏၊ကာလရှည်သဖြင့် အာဠဝကသည် အဖြေကိုမေ့ခဲ့၍ အမေးကိုမျှလည်း မမေ့ပါစေသတည်း-ဟုကြံ၍ရွှေပြား၌ဆေးဒန်းမြင်းသီလာဖြင့်"ကိံ သူဓ ဝိတ္တံ" အစရှိသော အမေးရှစ်ပါးသော ဂါထာကိုရေး၍ မိမိဗိမာန်၌ထား၏၊ အာဠဝကအမေးကိုဖြေတော်မူလို၍ မြတ်စွာဘုရားသည်—

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊
ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

ဤဂါထာ၌ အဓိပ္ပါယ်သော်ကား-ဤလောက၌ ဘုရား, တရား, သံဃာတို့၌ကြည်ညိုခြင်း လက္ခဏာရှိသော ကုသိုလ်စိတ်၌ ယှဉ်သော သဒ္ဓါသည် ယောကျ်ားတို့အား မြတ်သောဥစ္စာမည်၏၊ ကောင်းစွာ လေ့ကျက်အပ်သော ကုသိုလ်ကမ္မပထတရားဆယ်ပါး,ပုညကြိယာဝတ္ထုဆယ်ပါး, ကုသိုလ်သုစရိုက်သုံးပါးသည် ချမ်းသာသုံးပါးကို ရွက်ဆောင်တတ်၏၊ မှန်သောစကားကို ဆိုခြင်းတည်းဟူသော ရသာသည် စင်စစ်အားဖြင့် ခပ်သိမ်းသော အရသာတို့ထက် ကောင်းမြတ်သော အရသာမည်၏၊ ပညာဖြင့်အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟူ၍ ဘုရားအစရှိသောပညာရှိတို့သည် ဆိုကုန်၏-ဟူလိုသော်။

ဤသို့လျှင် မြတ်စွာဘုရား ဖြေတော်မူအပ်သော အဖြေလေးပါးကို ကြား၍အာဠဝကဘီလူးသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ ကျန်ကြွင်းသော အမေးလေးပါးတို့ကို မေးမြန်းလိုသည်ဖြစ်၍—

ကထံ သု တရတိ ဩဃံ၊ ကထံ သု တရတိ အဏ္ဏဝံ။
ကထံ သု ဒုက္ခမစ္စေတိ၊ ကထံ သု ပရိသုဇ္ဈတိ။ ။

ဟူသောဂါထာကိုရွတ်၍မေး၏။

ဤဂါထာ၌ အဓိပ္ပါယ်သော်ကား-ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော အရှင်ဂေါတမ····အဘယ်သို့သော အကြောင်းဖြင့်လျှင် သံသရာတည်းဟူသောသြဃမှ ကူးမြောက်နိုင်သနည်း၊ အဘယ်မည်သောအကြောင်းဖြင့် သံသရာတည်းဟူသောသမုဒ္ဒရာကို ကူးမြောက်နိုင်သနည်း၊ အဘယ်မည်သောအကြောင်းဖြင့်လည်း ဝဋ်သုံးပါးတည်းဟူသောဆင်းရဲကို လွန်မြောက်နိုင်သနည်း၊ အဘယ်မည်သောအကြောင်းဖြင့်လျှင် သတ္တဝါတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးမှ စင်သနည်း-ဟူလိုသည်။

အမေးလေးပါးကိုဖြေတော်မူလို၍—

သဒ္ဓါယ တရတိ သြဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။ ။

ဟူသောဂါထာကိုဟောတော်မူ၏။

အဓိပ္ပါယ်ကား-ရတနာသုံးပါးကို သဒ္ဓါယုံကြည်ခြင်းဟူသောသဒ္ဓါတရားဖြင့် သံသရာတည်းဟူသော သြဃကို ကူးမြောက်နိုင်၏၊ ကုသိုလ်ဆယ်ပါးတရားတို့၌ မမေ့မလျော့ခြင်းတည်းဟူသောသတိဖြင့် သမုဒ္ဒရာကိုကူးမြောက်နိုင်၏၊ ကုသိုလ်ကောင်းမှုကို အားထုတ်ခြင်းလက္ခဏာရှိသော လုံ့လဝီရိယတည်းဟူသောတရားဖြင့် ဝဋ်သုံးပါးဟူသောဆင်းရဲကိုလွန်နိုင်ရာ၏၊မဂ်စိတ်လေးခု၌ယှဉ်သော ပညာ-ဟူသောတရားဖြင့် သတ္တဝါတို့သည် ကိလေသာမှစင်၏-ဟူလိုသည်။

## အာဠဝကဘီလူးသောတာပန်တည်ခြင်း

ဤသဒ္ဓါယတရတိ-အစရှိသောဂါထာကို ဟောတော်မူသောအဆုံး၌ အာဠဝကဘီလူးသည် **သောတာပတ္တိဖိုလ်၌** တည်လေ၏၊ ဤဂါထာ၌ "ပညာယ ပရိသုဇ္ဈတိ"ဟူသော စတုတ္ထပါဒဖြင့် မြတ်စွာဘုရားသည် သစ္စာလေးပါးကိုပြတော်မူ၏။

သောတာပတ္တိဖိုလ်၌ တည်ပြီးသော အာဠဝကသည် "ပညာယ ပရိသုဇ္ဈတိ" ဟူသောပုဒ်၌ ပညာကိုရခြင်း၏ အကြောင်းကို မေးပြန်လိုသည် ဖြစ်၍—

ကထံ သု လဘတေ ပညံ၊ ကထံ သု ဝိန္ဒတေ ဓနံ။
ကထံ သု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။ ။

ဟူသောဂါထာကိုရင်း,

အသ္မာ လောကာ ပရံလောကံ၊ ကထံ ပေစ္စ န သောစတိ။

ဟူသောဂါထာဝက်ကိုရင်း ရွတ်၍မေး၏။

အဓိပ္ပါယ်ကား-ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်ဂေါတမ....အဘယ်သို့သော အကြောင်းဖြင့် ပညာကိုရရာသနည်း၊ အဘယ်သို့သောအကြောင်းဖြင့် ဥစ္စာကိုရရာသနည်း၊ အဘယ်သို့သော အကြောင်းဖြင့် ကျော်စောခြင်းသို့ရောက်ရာသနည်း၊ အဘယ်သို့သော အကြောင်းဖြင့် မိတ်ဆွေခင်ပွန်းကောင်းကို ရရာသနည်း၊ အဘယ်သို့သောအကြောင်းဖြင့် တမလွန်ဘဝ၌မစိုးရိမ်ရသနည်း-ဟူလိုသည်။

အာဠဝက သောတာပန်ဖြစ်ပြီးမှမေးသော အမေးငါးပါးကိုမြတ်စွာဘုရားသည်ဖြေတော်မူလိုသည်ဖြစ်၍—

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။ ။

ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။
သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။ ။

ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ န သောစတိ။ ။

ဣင်္ဃ အညေပိ ပုစ္ဆဿု၊ ပုထူ သမဏဗြာဟ္မဏေ။
ယဒိ သစ္စာ ဒမာ စာဂါ၊ ခန္တျာ ဘိယျောဓ ဝိဇ္ဇတိ။ ။

ဟူသောလေးဂါထာသို့ကို ဟောတော်မူ၏။

ထိုဂါထာတို့၌ အဓိပ္ပါယ်သော်ကား-ဒါယကာအာဠဝက နိဗ္ဗာန်သို့ရောက်ခြင်းငှာ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာသာဝကတို့၏ အကျင့်တရားဖြစ်သော သုစရိုက်သုံးပါး, ကုသိုလ်ကမ္မပထတရားဆယ်ပါး, ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကို ယုံကြည်သည်ဖြစ်၍ မမေ့မလျော့ကျင့်သော ပညာရှိသူတော်ကောင်းသည် ဘုရားအစရှိသော အရိယာတို့၏တရားကို ကြားနာရသည်ဖြစ်၍ မဂ်နှင့်ယှဉ်သော ပညာကို ရရာ၏။

ဥစ္စာ ၂ ရခြင်း၄ာ လျှောက်ပတ်သောအကြောင်းကိုပြုလေ့ရှိသောသူ, အားလုံ့လဟူသော၀န်ရှိသော အချမ်းအပူမမှတ် ထကြွလုံ့လပြုလေ့ရှိသောသူသည်ဥစ္စာကိုရရာ၏၊လောကီဖြစ်သော ရွှေငွေဥစ္စာ,လောကုတ္တရာဖြစ်သောမဂ်ဖိုလ်ဥစ္စာကိုရရာ၏၊မှန်သောစကားကို ဆိုခြင်းတည်းဟူသော ပရမတ္ထသစ္စာဖြင့် ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာ၀ကဟူသော ကျော်စောခြင်းသို့ရောက်ရာ၏၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းကိုပြုလေ့ရှိသောသူသည် အဆွေခင်ပွန်းကိုယူနိုင်ရာ၏။

သဒ္ဓါယုံကြည်ခြင်းရှိသည်ဖြစ်၍ အိမ်ရာထောင်သောလူ၌ ကာမဂုဏ်ဟုဆိုအပ်သော စည်းစိမ်ချမ်းသာကို ရှာလေ့ရှိသော အကြင်သူအား ဟုတ်မှန်စွာဆိုခြင်းတည်းဟူသော သစ္စာ, ပညာ, ထကြွလုံ့လဟူသောဝီရိယ, လှူဒါန်းပေးကမ်းခြင်းဟူသောစာဂ၊ ဤတရားလေးပါးတို့သည်ရှိကုန်၏၊ ထိုတရားလေးပါးနှင့် ပြည့်စုံသောသူသည် စင်စစ်သဖြင့် ၈၁မလွန်ဘ၀၌စိုးရိမ်ခြင်းမရှိ။

ဥပါသကာ အာဠ၀က····သင့်ကိုငါတိုက်တွန်းပါ၏၊အကယ်၍ မှန်သောစကားရှိခြင်းတည်းဟူသော ၀စီသစ္စာ,အပြားအားဖြင့် သိတတ်သောပညာ, လှူဒါန်းပေးကမ်းခြင်းဟူသောစာဂ, ထကြွခြင်းဟူသောဝီရိယ၊ ဤအကြောင်းလေးပါးတို့ထက်အလွန်မဂ်ဉာဏ်ကိုရခြင်း,လောက်-လောကုတ္တရာဥစ္စာကိုရခြင်း, ကျော်စောခြင်းသို့ရောက်ခြင်း, အဆွေခင်ပွန်းယူနိုင်ခြင်း၊ဤလေးပါးတို့၏အကြောင်းသည်ဤလောက၌ရှိငြားအံ့၊ငါမှပါပါး များစွာကုန်သော ရဟန်း,ပုဏ္ဏားတို့ကိုလည်း သင်သည် မေးလေဦးလော့-ဟုလိုသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် ပညာအစရှိသည်တို့ကို ရခြင်း၏အကြောင်းတို့ကို ဖြေတော်မူပြီးသည့် နောက်၌ အာဠ၀ကဘီလူးသည် မိမိရသော သောတာပတ္တိမဂ်ဖြင့် အကြင်အကြင်သို့သော ယုံမှားခြင်းဝိစိကိစ္ဆာရှိ၏၊ ထိုထိုသို့သော ဝိစိကိစ္ဆာကို ပယ်အပ်ပြီးသည်ဖြစ်သောကြောင့် မြတ်စွာဘုရား၏အဖြေတော်၌ ယုံမှားသက်ာမရှိပြီဖြစ်၍ ပညာအစရှိသည်တို့ကိုရခြင်း၏အကြောင်းတပါးကို ဘုရားမှတပါး ရဟန်းပုဏ္ဏားတို့ကို မမေးလိုသောအဖြစ်ကို မြတ်စွာဘုရားအားကြားလျှောက်လိုသည်ဖြစ်၍—

ကထံနု ဒါနိ ပုစ္ဆေယျံ၊ ပုထု သမဏဗြာဟ္မဏေ။
ယောဟံ အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော။ ။

အတ္ထာယဝတ မေ ဗုဒ္ဓေါ၊ ဝါသာယာဠဝိ မာဂမာ။
ယောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။ ။

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။ ။

ဟူသော သုံးဂါထာကို ရွတ်၏။

ထိုဂါထာတို့၏အဓိပ္ပါယ်သော်ကား—ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား‥အကြင်ပညာအစရှိသောအကျိုးလေးပါးကိုရခြင်း၏အကြောင်းသည်၎င်း, တမလွန်ဘဝ၌ အကြင်စိုးရိမ်ခြင်းမရှိသည်၏အကြောင်းသည်၎င်းရှိ၏၊ ထိုအကြောင်းကို မြတ်စွာဘုရားဟောတော်မူသောတရားကို ကြားသဖြင့် အကြင်အကျွန်ုပ်သည်သိ၏၊ ထိုအကျွန်ုပ်သည် အဘယ့်ကြောင့် ယခုအခါ၌ ရှင်ပင်ဘုရားမှတပါး များစွာသော ရဟန်းပုဏ္ဏားတို့ကို မေးပေတုံအံ့နည်း။

အကြင်မြတ်စွာဘုရားသည် အာဠဝီပြည်သို့နေခြင်းငှာ ကြွတော်မူလာ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်အားအကျိုးစီးပွား အလို့ငှာ စင်စစ်ဖြစ်တော်မူပေ၏၊ အကြင်မြတ်စွာဘုရားတည်းဟူသော အလှူခံပုဂ္ဂိုလ်၌ လှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏-ဟု အကြင်အကျွန်ုပ်သည် ယခုအခါ၌သိ၏။

ထိုအကျွန်ုပ်သည် နတ်ရွာတရွာမှ နတ်ရွာတရွာသို့, နတ်ပြည်တပြည်မှ နတ်ပြည်တပြည်သို့ ထိုအင်္ဂါဒက်ဗ္ဗဏ္ဏေယျဖြစ်သော မြတ်စွာဘုရား၏ သစ္စာလေးပါးတရားကို ကောင်းစွာသိသော အဖြစ်ကို၎င်း, တရားတော်၏သွာချာတတာစသော ဂုဏ်နှင့်ပြည့်စုံသော အဖြစ်ကို၎င်း,သံဃာတော်၏သုပ္ပဋိပန္နတာစသော ဂုဏ်နှင့်ပြည့်စုံသောအဖြစ်ကို၎င်း အဘန်တလဲလဲချီးမွမ်း၍ ရှိခိုးလျက်သွားပါအံ့-ဟူလိုသည်။

### မိမိစားရန်ဆက်လာသောမင်းသားကို ဘုရားအားလှူခြင်း

ဤသို့လျှင် "သော အဟံ ဝိစရိဿာမိ" အစရှိသော ဂါထာကို အာဠဝကရွတ်သည်၏အဆုံး၌ ညဉ့်၏လင်းခြင်းသည်၎င်း, အာဠဝကကို

ဆုံးမရာ၌ မြတ်စွာဘုရားတရားတော်ကိုနာအံ့-ဟူ၍စကြဝဠာတသောင်း မှစည်းဝေးလာကုန်သော သမ္မာဒိဋ္ဌိနတ်ဗြဟ္မာ, အာဠဝကနှင့် မြတ်စွာ ဘုရားစစ်ထိုးခြင်းကို ကြည့်အံ့-ဟူ၍ စည်းဝေးလာကုန်သော မိစ္ဆာဒိဋ္ဌိ နတ် ဗြဟ္မာတို့၏ ကောင်းချီးပေးသော အသံ၏ ဖြစ်ခြင်းသည်၎င်း, အာဠဝကမင်းသားကို အာဠဝီပြည်မှ အာဠဝကဘီလူး၏အစာပို့လာ၍ အာဠဝက၏ဗိမာန်သို့ရောက်သော အခါသည်၎င်း တပြိုင်နက်ဖြစ်၏။

ဘီလူးစာပို့လာကုန်သောမင်းချင်းတို့သည် ကောင်းချီးသံကိုကြား၍ ဤသို့သော ကောင်းချီးသံသည် ဘုရားကိုထား၍ တပါးသောသူတို့အား မဖြစ်၊ မြတ်စွာဘုရားသည် အာဠဝက၏အကြောင်းကို ဉာဏ်တော်၌ မြင်၍ ဆုံးမအံ့သောငှာ ကြွတော်မူလာသလော-ဟု ဆင်ခြင်ကုန်သည် ရှိသော် မြတ်စွာဘုရားကို၎င်း,ရှိခိုး၍နေသောဘီလူးကို၎င်း မြင်ကုန်၍ ရှေး၌ကဲ့သို့အပ၌မရပ်မူ၍ ပညောင်ပင်ရင်းသို့ဝင်၍ ရပ်ကုန်လျက် "ကြီးမြတ်သောတန်ခိုးရှိသော ဘီလူး....ဤမင်းသားငယ်ကို ပေးမြဲ သောဝတ်ဖြင့် အစာအလို့ငှာ ဆောင်ခဲ့ကုန်ပြီ၊ စားလော့"ဟု ဆိုကုန် ၏၊ အာဠဝကဘီလူးသည် သောတာပန်ဖြစ်ပြီးဖြစ်သောကြောင့် အစာ ၏အဖြစ်ဖြင့် ပို့လာသောမင်းသားကိုမြင်လျှင် အလွန်ရှက်သည်ဖြစ်၍ မင်းသားကိုလက်နှစ်ဘက်ဖြင့်ခံ၍ မြတ်စွာဘုရားရှေ့တော်၌ အထူးထူး အပြားပြားအားဖြင့်ဆို၍ "ရှင်ပင်ဘုရား....ဤမင်းသားကို အကျွန်ုပ် ၏အစာအဖြစ်ဖြင့် ပို့လာသည်၊ ဤမင်းသားကို ရှင်ပင်ဘုရားအား ကပ်လှူပါတော့သည်၊ ခံတော်မူပါ"ဟု မြတ်စွာဘုရားအား ကပ်၍ ဆောင်နှင်း၏၊ ထိုအကြောင်းကို ဤသို့ဂါထာလာ၏။

ဣမံ ကုမာရံ သတပုညလက္ခဏံ၊
သဗ္ဗင်္ဂပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။
ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊
ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမာ။

ဟူ၍ဂါထာလာ၏။

အဓိပ္ပါယ်ကား--ဘုန်းတော်ကြီးသောရှင်ပင်ဘုရား... ကမ္ဘာတသိန်း မကသောကာလ၌ ဆည်းပူးအပ်သော ကုသိုလ်ကံသည် ပြုအပ်သော

လက္ခဏာကြီးရှိထသော ခြေ,လက်အစရှိသော ခပ်သိမ်းသော အင်္ဂါကြီး,ငယ်တို့နှင့် ပြည့်စုံသော နား, နှာခေါင်း အစရှိသော အစိတ်စိတ်သော လက္ခဏာငယ်နှင့် ပြည့်စုံသော ဤမင်းသားကို ဝမ်းမြောက်ဝမ်းသာ အကျွန်ုပ်သည် ရှင်ပင်ဘုရားအား ကပ်လှူပါ၏၊ လူတို့၏အကျိုးစီးပွားများစိမ့်သောငှာ ခံတော်မူပါ-ဟူလိုသတည်း။

ဤသို့လျှောက်သောအဆုံး၌ မင်းသားကိုမြတ်စွာဘုရားခံတော်မူ၍ မင်းသားအားရင်း, ဘီလူးအားရင်း မင်္ဂလာအလို့ငှာ—

ဒီဃာယုကော ဟောတု အယံ ကုမာရော၊
တဝဥ္စ ယက္ခ သုခိတော ဘဝါဟိ။
အဗျာဓိကာ လောကဟိတာယ တိဋ္ဌထ။ ။

ဟူ၍ သုံးပါဒရှိသော ဒဏ္ဍကဂါထာကို ရွတ်တော်မူ၏။

အဓိပ္ပါယ်ကား—အာဠဝက····ဤမင်းသားသည်လည်း ချမ်းသာသည်ဖြစ်စေသတည်း၊ သင့်အားလည်း ချမ်းသာသည် ဖြစ်စေသတည်း၊ သင်တို့သည် အနာမရှိကုန်သည်ဖြစ်၍ လူတို့၏ အကျိုးစီးပွားအလို့ငှာ တည်ကုန်လော့-ဟူလိုသည်။

မြတ်စွာဘုရားမင်္ဂလာပြုပြီးသော် အာဠဝကသည် မင်းသားငယ်ကို သရဏဂုံဆောက်တည်စေလို၍မြတ်စွာဘုရား၏ဒဏ္ဍကဂါထာသုံးပါဒတွင် တပိုဒ်ဖြည့်၍—

အယံ ကုမာရော သရဏံ ဥပေတိ ဗုဒ္ဓံ, ဓမ္မံ, သံဃံ—

ဟူသောပုဒ်ဖြင့်ရွတ်၏။

အဓိပ္ပါယ်ကား—ဤမင်းသားသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ရောက်၏၊တရား,သံဃာတို့ကိုလည်း ကိုးကွယ်ခြင်းသို့ ရောက်ပါ၏-ဟူလိုသည်။

ထိုနောက်မှ မြတ်စွာဘုရားသည် ဤမင်းသားကို ကြီးစေ၍ တဖန်ငါ့အားပေးလှည့်ကုန်-ဟုမိန့်တော်မူ၍ မင်းချင်းတို့အား ပေး၏၊ ဤသို့မင်းသားသည် ဘီလူးလက်မှ မြတ်စွာဘုရားလက်သို့ရောက်၏၊ ဤသို့အဆင့်ဆင့်ရောက်သည်ကို အကြောင်းပြု၍ ထိုမင်းသားအား ဟတ္ထာဠဝက-ဟူသောအမည်သည်ဖြစ်၏။

ဘုရားရှင်တရားဟော၍ ကျွတ်တမ်းဝင်ကြခြင်း

ထိုမင်းသားကိုယူ၍ ပြန်ကုန်သောမင်းချင်းတို့ကို လယ်လုပ် တော သွား အစရှိသော သူတို့သည် မြင်ကုန်၍ မင်းသားငယ်လွန်းသော ကြောင့် ဘီလူးအလိုမရှိချေတော့သလော-ဟု ကြောက်လန့်လျက်မေး ကုန်၏၊ မင်းချင်းတို့သည်“သင်တို့မကြောက်ကြကုန်လင့်၊ မြတ်စွာဘုရား သည် အလုံးစုံသောသူတို့အား ဘေးမရှိသောအဖြစ်ကို ပြုတော်မူပြီ” ဟု ကြားကုန်၏၊ ထိုစကားကို ကြားကုန်သောကြောင့် **ကောင်းစွ, ကောင်းစွ** ဟူ၍ အာဠဝီမြို့အလုံး တပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏၊မြတ်စွာဘုရားလည်း ဆွမ်းခံသောအခါကိုမှတ်၍ ကြွတော်မူ အံ့သောအခြင်းအရာကို ပြုတော်မူလျှင် အာဠဝကဘီလူးသည် သပိတ်, သင်္ကန်းတော်ကိုယူ၍ ထက်ဝက်သောခရီးတိုင်အောင်ပို့၍ ပြန်၏၊မြတ် စွာဘုရားလည်း အာဠဝီမြို့၌ဆွမ်းခံတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီး သော် မြို့တံခါးအနီး၌ဆိတ်သောသစ်ပင်ရင်း၌ ခင်းအပ်သောဘုရားနေ ရာ၌နေတော်မူ၏။

မင်းနှင့်တကွ များစွာသော ပြည်သူ, ပြည်သားတို့သည် တပေါင်း တည်း မြတ်စွာဘုရားသို့ကပ်လာကုန်၍ ရှိသေစွာ ရှိခိုးကုန်ပြီးသော် “ရှင်ပင်ဘုရားတို့သည် ဤသို့သဘောရှိသော ကြမ်းတန်းသော ဘီလူး ကို အဘယ်သို့ဆုံးမကုန်သနည်း” ဟု-လျှောက်ကုန်၏၊ မြတ်စွာဘုရား လည်း အာဠဝကဘီလူးနှင့်စစ်ထိုးခြင်းကိုအစပြု၍ ဤသို့သဘောရှိသော အထူးထူးသော မိုယ်းဘို့ကိုရွာစေကုန်၏၊ ဤသို့သဘောရှိသော အထူး ထူးသော ကြောက်မက်ဘွယ်ကိုပြု၏၊ ဤသို့သဘောရှိသော ပြဿနာကို မေး၏၊ ထိုဘီလူး၏အမေးကို ဤသို့သောအပြားဖြင့် ဖြေ၏-ဟု ထို **အာဠဝကသုတ်** ကိုပင်လျှင် ဟောတော်မူ၏၊ ထိုသုတ်ကိုဟောတော်မူ သောအဆုံး၌ ရှစ်သောင်း,လေးထောင်သော ပရိသတ်တို့အား တရား မဂ်ဖိုလ်ရခြင်းသည်ဖြစ်၏။

ထိုနောင်မှ ဝေဿဝဏနတ်မင်း၏နတ်ကွန်းကို အာဠဝကဘီလူး၏ ဗိမာန်အနီး၌ဆောက်၍ ပန်းနံ့သာအစရှိသော ပူဇော်သက္ကာရတို့ဖြင့် အမြဲပူဇော်ခြင်းကို ဖြစ်စေကုန်၏၊မြတ်စွာဘုရားအားလည်း အာဠဝက

ဘီလူးသည် သိမ်းဆည်းအပ်သော ပဉ္စောင်ပင်အနီး၌ ကျောင်းဆောက်၍ လှူဒါန်းပူဇော်ခြင်းကို ပြုကုန်၍ ဝါဆိုစေခြင်းငှာ လျှောက်တောင်းပန်ကုန်၍ ဝါဆိုတော်မူ၏၊ သိကြားလိမ်မာခြင်းသို့ ရောက်သောမင်းသားကိုလည်း မင်းသားသည် မြတ်စွာဘုရားကိုမှီ၍ အသက်ကိုရ၏၊ ဘုရားအားဍင်း,တရား-သံဃာအားဍင်းဆည်းကပ်လေ့-ဟု လွှတ်လိုက်ကုန်၏၊ထိုဟတ္ထာဠဝကမင်းသားသည်ဘုရားကိုဍင်း,တရား-သံဃာကိုဍင်း ဆည်းကပ်၍မမြင့်မီလျှင် အနာဂါမိဖိုလ်၌တည်၍ အလုံးစုံသောမြတ်စွာဘုရား၏တရားတော်ကိုသင်၍ ငါးရာသော အခြံအရံရှိသည်ဖြစ်၏၊ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့်ချီးမြှောက်၏၊ မြတ်စွာဘုရားသည်လည်း ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ကုန်သော ဒါယကာတို့တွင် မြတ်၏-ဟု တော်ဂ်ကား တော်မူ၏။

မြတ်စွာဘုရားသည် အာဠဝီပြည်ကို ဆွမ်းခံအမှီပြု၍ ဝါဆိုတော်မူ၏၊ကုဋိကာရသိက္ခာပုဒ်ကိုအကြောင်းပြု၍“ယေမေအဟံနဇာနာမိ၊အဋ္ဌိသေနဝဏိဗ္ဗကေ”အစရှိသော ဒေသနာတော်ဖြင့် **အဋ္ဌိသေနဇာတ်**ကိုဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ များစွာသော လူ,နတ်, ဗြဟ္မာတို့သည် အကျွတ်တရားရကုန်၏၊ အဂ္ဂါဠဝစေတီယကျောင်း၌ နေတော်မူသောနိဂြောဓကပ္ပမထေရ်ပရိနိဗ္ဗာန်ပြုတော်မူသောကြောင့်တပည့်ဖြစ်သောဝင်္ဂီသမထေရ်သည် ဆရာပရိနိဗ္ဗာန်ပြုပြီလောဟု မြတ်စွာဘုရားအား မေးလျှောက်သည်ကို အကြောင်းပြု၍ နိဂြောဓကပ္ပသုတ်ကို ဟောတော်မူ၏၊ ထိုဒေသနာတော်အဆုံး၌ တရားတော်နာပရိသတ်တို့သည် မဂ်,ဖိုလ်အကျွတ်တရားကို များစွာရကုန်၏။

## ၂၀၁။ သတ္တရသမဝါ၌ သီရိမာကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း

ဤသို့အစရှိသော ဒေသနာတော်ဖြင့် ဝေနေယျတို့အား တရားအမြိုက်တိုက်တော်မူလျက် အာဠဝီပြည် အဂ္ဂါဠဝစေတီယကျောင်း၌ တဆယ့်ခြောက်ဝါမြောက် ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် ဒေသစာရီ

ကြွတော်မူသဖြင့် ရာဇဂြိုဟ်ပြည်သို့ရောက်တော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ တဆယ့်ခုနစ်ဝါမြောက် ဝါဆိုတော်မူ၏၊ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဇီဝက၏နှမ သီရိမာကိုအကြောင်းပြု၍ "ပဿစိတ္တီကတံဗိမ္ဗံ" အစရှိသော တရားဒေသနာတော်ကိုဟောတော်မူ၏။

အကြောင်းဝတ္ထုကား—ရာဇဂြိုဟ်ပြည်၌ ဇီဝက၏နှမ ဖြစ်သော အလွန်အဆင်းလှသော သီရိမာအမည်ရှိသော ပြည့်တန်ဆာမသည် ရှိ၏၊ အခါတပါးသော် ဝါတွင်း၌ သုမနသူဌေးသား ပုဏ္ဏသူဌေး၏သမီး ဥတ္တရာကိုသေစိမ့်သောငှာ ကျိုက်ကျိုက်ဆူသောဆီပူဖြင့်သွန်၍ ဖြစ်မှားပါသောအပြစ်ကို သည်းခံစေလိုသည်ဖြစ်၍ ထိုဥတ္တရာအိမ်၌ ရဟန်းအပေါင်းနှင့်တကွ ဆွမ်းဘုဉ်းပေးသောမြတ်စွာဘုရားကို သည်းခံစေ၍ မြတ်စွာဘုရား ဆွမ်းအနုမောဒနာကြွေးတော်မူပြီးလျှင်—

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊သစ္စေနာလိကဝါဒိနံ။ ။

ဟူသောဂါထာကို ဟောတော်မူသောအဆုံး၌ အမြဲအရံမာတုဂါမ ငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်၏၊ ဤသို့သောတာပန်ဖြစ်ပြီးသောသီရိမာသည် မြတ်စွာဘုရားကိုဆွမ်းဘိတ်၍ မိုးသောက်သောနေ့၌ ကြီးစွာသောအလှူကိုလှူ၏၊ သံဃာအားလည်း အဋ္ဌကဘတ်ကိုမပြတ်လှူ၏၊ ထိုဘိတ်သောနေ့မှစ၍ ရှစ်ပါးသောသံဃာသည် မပြတ်အိမ်သို့ ဆွမ်းစားသွားရ၏၊ ထိုရဟန်း ၎ါအား ထောပတ်ကိုခံကုန်လော့၊ နို့ ဓမ်းကိုခံကုန်လော့၊ ဤသို့အစရှိသည်ဖြင့်ဆို၍ သပိတ်တို့ကိုပြည့်စေ၍လှူ၏၊ တယောက်ပုဂ္ဂိုလ် ရသောဆွမ်းသည် သုံးပါး, လေးပါး တို့အား မျှလောက်၏၊ နေ့တိုင်းတဆယ့်ခြောက်သပြာသောကံကျေးဖြင့် ဆွမ်းကိုလှူ၏၊ တယောက်သောရဟန်းသည် ထိုသီရိမာအိမ်၌ အဋ္ဌကဘတ်ကို ဘုဉ်းပေး၍ သုံးယူဇနာရှိသောအရပ်၌ တခုသောကျောင်းသို့လာ၏။

ထိုအခါ မထေရ်တို့စည်းဝေးရာ၌ နေလာသောထိုရဟန်းကို "သခင်အဘယ်အရပ်၌ ဆွမ်းခံ၍လာသနည်း"ဟု မေးကုန်၏၊ "အရှင်ဘုရားတို့····အကျွန်ုပ်သည် သီရိမာအိမ်၌ အဋ္ဌကဘတ်ကို ဘုဉ်းပေး၍ လာ

၏”ဆိုသော် “နှစ်လို့ဘွယ်ကိုပြု၍ လှူ၏လော”ဟု မေးမြန်းကုန်လျှင် “ထိုသီရိမာ၏ဆွမ်းကို ချီးမွမ်းခြင်းငှါမတတ်နိုင်၊ အလွန်လျှင်မွန်မြတ်၏၊တယောက်ရသောဆွမ်းသည် လေးယောက်တို့အား မျှလောက်၏၊ ထိုသီရိမာ၏အလှူထက် သီရိမာကိုမြင်ရခြင်းသည် အလွန်မြတ်သေး၏၊ ထိုသီရိမာသည် ဤသို့သဘောရှိ၏၊ အလွန်လှပတင့်တယ်၏”ဟု ထိုသီရိမာ၏ကျေးဇူးကိုဆို၏။

ထိုအခါ တယောက်သောရဟန်းသည် ထိုသီရိမာ၏ကျေးဇူးကိုကြား၍ မြင်ခြင်းငှါသင့်၏ဟု ကြံ၍ ဝါအစဉ်ကိုဆို၍ ထိုရဟန်းကိုမေး၍ အရှင်သည် နက်ဖြန်ပင်သီရိမာ၏အိမ်၌ သံဃာ့ထေရ်အကြီးဖြစ်၍ အဋ္ဌကဘတ်ကိုရလတ္တံ့ဟု မေးအပ်သော ရဟန်း၏စကားကို ကြား၍ ထိုခဏ၌ပင် သပိတ်သက်န်းကိုယူ၍ ရာဇဂြိုဟ်ပြည်သို့သွား၍ မိုးသောက်သောနေ့၌ နေအရုဏ်တက်သည်ရှိသော် နံနက်စောစောစာရေးတံဝေရာသို့ဝင်၍ သံဃာ့ထေရ်အဖြစ်ဖြင့် သီရိမာ၏အိမ်၌ အဋ္ဌကဘတ်ကိုရ၍ သီရိမာအိမ်သို့လာ၏၊ သီရိမာသည်လည်း ထိုပြောဆိုသောရဟန်းသည် ယမန်နေ့၌ သီရိမာ၏ဆွမ်းကိုဘုဉ်းပေး၍ ဖဲခဲ့သည့်နောက် ကိုယ်မကျန်းဖြစ်ခဲ့၍ အလုံးစုံသော တန်ဆာကိုခွါချွတ်၍အိပ်၏၊ မိုးသောက်သောနေ့၌ အဋ္ဌကဘတ်ကိုရ၍လာသောရဟန်းတို့ကို ကျွန်မတို့မြင်လျှင် ကြားကုန်၏၊ သီရိမာသည် မိမိလက်ဖြင့် သပိတ်ကိုလှမ်းယူ၍ နေရာ၌ နေစိမ့်သောငှါရင်း, ဆွမ်းလုပ်ကျွေးအံ့သောငှါရင်း မတတ်နိုင်သည်ဖြစ်၍ “အမိတို့....သပိတ်တို့ကိုယူ၍ အရှင်ကောင်းတို့ကို ထိုင်စေ၍ ယာဂုခဲဘွယ်ကပ်ပြီး၍ ဆွမ်းဘုဉ်းပေးအံ့သောအခါ၌ သပိတ်တို့ကို ပြည့်စေ၍ ကပ်ကုန်လော့”ဟု ကျွန်မတို့ကိုစေ၏။

ကျွန်မတို့သည်လည်း“ကောင်းပြီ”ဟု ဝန်ခံကုန်၍ရဟန်းတို့ကိုဝင်စေ၏၊ယာဂုခဲဘွယ်လှူပြီးသော် ဆွမ်းဘုဉ်းပေးအံ့သောအခါ၌ သပိတ်တို့ကို ပြည့်စေ၍ သီရိမာအား ကြားကုန်၏၊ သီရိမာသည် “ငါ့ကိုပွေ့၍ ဆောင်ပါကုန်၊ အရှင်ကောင်းတို့အား ရှိခိုးအံ့”ဟုဆို၏၊ ထိုကျွန်မတို့သည် ရဟန်းတို့၏အထံသို့ဆောင်၍ တုန်လှုပ်သော ကိုယ်ရှိသည်ဖြစ်၍ ရဟန်းတို့ကို ရှိခိုး၏၊ ထိုသံဃာ့ထေရ်ဖြစ်သော ရဟန်းသည် သီရိမာကိုကြည့်၍ နာသော သီရိမာ၏ တင့်တယ်ခြင်းသည်မျှ ဤသို့သဘောရှိ၏

ရှင့်၊ မနာသောအခါ၌ ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်သော သီရိမာ၏ အဆင်း၏တင့်တယ်ခြင်းသည် အဘယ်ဆိုဘွယ်ရှိအံ့နည်း'' ဟု ကြံသော ထိုရဟန်းအားများသော အကုဋေမကသော နှစ်တို့ ပတ်လုံးကျင်လည်သော **ကိလေသာ**သည် နှိပ်စက်သဖြင့် ထိုရဟန်းသည် စိတ်မရှိသကဲ့သို့ဖြစ်၍ ဆွမ်းဘုဉ်းပေးအံ့သောငှာ မတတ်နိုင်၊ ကျောင်းသို့သွား၍ သပိတ်ကိုပိတ်၍ သင့်တင့်ရာ၌ထား၍ သင်္ကန်းကိုခြုံ၍ အိပ်၏။

ထိုအခါ ထိုရဟန်းကို တယောက်သောအဆွေခင်ပွန်းရဟန်းသည် တောင်းပန်သော်လည်း စားစိမ့်သောငှာ မတတ်နိုင်၊ ထိုရဟန်းသည် အစာပြတ်သည်ဖြစ်၏၊ ထိုနေ့၌ပင် သီရိမာသည် ညချမ်းအခါ၌လွန်၏၊ ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားအား ''ရှင်ပင်ဘုရား.... ဇီဝကနှမငယ်ဖြစ်သော သီရိမာသည် လွန်ခဲ့ပြီ''ဟု ကြားလျှောက်စေ၏၊မြတ်စွာဘုရားလည်းထိုစကားကိုကြားတော်မူ၍''သီရိမာ၏အလောင်းကို ကျီး, လင်းတမစားရအောင် လုံစွာစောင့်စေကုန်''ဟုမင်းအားတဘန်ကြားစေ၏၊ ဗိမ္ဗိသာရမင်းကြီးလည်း မြတ်စွာဘုရား မိန့်မှာတော်မူတိုင်းပြု၏၊ သေသည်မှလေးရက်မြောက်သောနေ့၌ အလောင်းသည် ဖူးဖူးရောင်၏၊ ကိုးပေါက်သောအပေါက်တို့မှ ပိုးလောက်တို့သည် ယိုထွက်ကုန်၏၊ ကိုယ်အလုံးကွဲအက်သဖြင့် သလေးထမင်းကဲ့သို့ဖြစ်၏။

ဗိမ္ဗိသာရ မင်းသည် အိမ်၌အစောင့်မျှကို ထား၍ ''သီရိမာ၏အလောင်းကိုရှုလှည့်ကုန်၊ မရှုကုန်သောသူတို့အား **ရှစ်သပြာသော ဒဏ်**ကိုဖြစ်စေအံ့''ဟု မြို့၌စည်လည်စေ၏၊''ဘုရားအမှူးရှိသော သံဃာသည်လည်း ကြွလာစေသတည်း''ဟု မြတ်စွာဘုရားအား ကြားလျှောက်စေ၏၊ မြတ်စွာဘုရားသည် သီရိမာကို ရှုခြင်းငှာသွားကုန်အံ့-ဟုရဟန်းတို့အား ကြားစေ၏၊ထိုရဟန်းသည် လေးရက်ပတ်လုံး တခွန်းသောစကားကိုမျှ မဆိုမူ၍ ပြတ်သောအာဟာရရှိသျက်အိပ်၏၊ သပိတ်၌ဆွမ်းသည် သိုးပုပ်၏၊ အညစ်အကြေးတက်၏၊ ထိုအခါ၌ အိပ်သောရဟန်းကို အဆွေခင်ပွန်းရဟန်းသည်သွား၍ ''ငါ့ရှင်.... မြတ်စွာဘုရားသည် သီရိမာကိုရှုအံ့သောငှာ သွားတော်မူ၏''ဟု ဆို၏။

ထိုရဟန်းသည် ထိုသို့မွတ်သိပ်သော ကိုယ်ရှိလျက် **သီရိမာ**ဟူ၍ ဆိုသောအသံကို ကြားလျှင် အဆောတလျင်ထ၍ ''အဘယ်သို့ဆို

သနည်း''ဟုမေး၏၊ ''မြတ်စွာဘုရားသည် သီရိမာကိုရှုအံ့သောငှာ သွားတော်မူ၏၊ သင်လည်းသွားပါလော့''ဟု ဆိုသည်ရှိသော် ကောင်းပြီ၊ သွားအံ့-ဟု ထ၍ သပိတ်၌ ထမင်းကိုသွန်၍ သပိတ်ကိုဆေး၍အိတ်၌ သွတ်၍ ရဟန်းအပေါင်းနှင့်လာ၏၊ မြတ်စွာဘုရားလည်း ရဟန်းအပေါင်းခြံရံလျက် တဘက်သော နံပါး၌ ရပ်၏၊ မင်းအစရှိသော ဥပါသကာ, ဥပါသိကာပရိသတ်သည် နံပါးတဘက်၌ရပ်၏၊ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကို ''ဤသူသည် အဘယ်သူနည်း''ဟု မေး၏၊ ''အရှင်ဘုရား····ဇီဝကနှမသီရိမာတည်း''ဟု လျှောက်၏။

''ဤသူသည် သီရိမာပင်လော''ဟုမိန့်တော်မူပြန်၏၊ ''သီရိမာပင်တည်း''ဟု လျှောက်ပြန်သော် ''မြတ်သောမင်းကြီး··အသပြာတစ်ထောင်ပေး၍ သီရိမာကိုယူစေသတည်း-ဟု မြို့၌စည်လည်စေ''ဟုမိန့်တော်မူ၏၊ ဗိမ္ဗိသာရမင်းလည်း ဘုရားမိန့်တိုင်း စည်လည်စေသော် တစုံတယောက်မျှ ငါယူအံ့ဟု ဆိုသောသူမည်သည် မရှိဖြစ်၍ ''ရှင်ပင်ဘုရား···· မယူကုန်''ဟု လျှောက်သော် ''မြတ်သောမင်းကြီး····အဘိုးကို ထက်ဝက်ထက်ဝက်ဆုတ်စေလော့''ဟု မိန့်တော်မူ၏၊ ဗိမ္ဗိသာရမင်းကြီးလည်း ''ငါးရာပေး၍ ယူစေ''ဟု စည်လည်စေ၏၊တစုံတယောက်ယူမည့်သူကို မမြင်၍ အစဉ်သဖြင့် ထက်ဝက်,ထက်ဝက် ဆုတ်ခဲ့၏၊ အယုတ်သဖြင့် အသပြာတချင်ရွေးကိုမျှ ပေး၍ယူစေသတည်းဟု စည်လည်စေ၏၊ ငါယူအံ့-ဟုဆိုသောသူမည်သည်မရှိ၍ ''ရှင်ပင်ဘုရား···· အချည်းနှီးပင်ယူလိုသောသူမရှိပါပြီ''ဟု လျှောက်၏။

''ချစ်သားရဟန်းတို့·· လူအပေါင်းတို့သည် ချစ်အပ်သောသီရိမာကို ရှုပါကုန်လော့၊ ဤမြို့၌ အသပြာတထောင်ပေးမှ တနေ့မွေ့လျော်ခြင်းကိုရ၏၊ယခုကား တချင်ရွေးမျှပေး၍ယူမည့်သူမရှိ၊ ဤသို့သဘောရှိသော အဆင်းသည် ကုန်ခြင်းပျက်ခြင်းသို့ရောက်၏၊ ချစ်သားရဟန်းတို့····နာသောသူအား အကြင်အပြစ်သည်ရှိ၏၊ ထိုအပြစ်ကို ရှုပါကုန်လော့''ဟု မိန့်တော်မူ၍—

ပဿ စိတ္တံ ကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတံ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

အမိပ္ပါယ်ကား- ချစ်သားရဟန်းတို့….အကြင်သီရိမာအား အမြဲတည်ခြင်းသည်မရှိ၊ ထိုသီရိမာ၏အဝတ်တန်ဆာတို့ဖြင့် အဆန်းအကြယ်ပြုအပ်သော သုံးရာသော အရိုးတို့ဖြင့်ဆောက်အပ်သော အခါခပ်သိမ်းဗျာရိယာပုထ်လေးပါးတို့ဖြင့် ဆောင်အပ်သည် အဖြစ်ကြောင့် အမြဲလျှင်ကျင်နာတတ်သော ကိုးပါးသော အပေါက်တို့မှ ယိုသော သွေးပြည်ပိုးလောက်ရှိသော များစွာသောသူတို့သည် အထွေထွေ အပြားပြားကြံအပ်သည်တို့ကိုရှုပါကုန်လော့ဟုလိုသည်။

ဒေသနာတော်အဆုံး၌ရှစ်သောင်းလေးထောင်ကုန်သော ပရိသတ်တို့အား သစ္စာလေးပါးကိုသိ၍ အကျွတ်တရားရခြင်းသည်ဖြစ်၏၊ သီရိမာ၏အသင်း၌ပာပ်၍ လေးရက်ပတ်လုံးအွမ်းမစားသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏၊ ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် များစွာသော လူ,နတ်,ဗြဟ္မာတို့အား သဗ္ဗရသမဝါ၌ မဂ်ဖိုလ်အမြိုက် တိုက်ကျွေးပွဲဝတော်မူ၏၊

## ၂၀၂။ ဝေါနန္ဒဥပါသကာကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း

ပါကျွတ်လျှင် ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၌နေ၏၊ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ တနေ့သ၌ ဝေနေယျတို့ကို ကြည့်တော်မူသော် မဂ်ဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံသော ဆင်းရဲစွာသော ပုဏ္ဏားကို မြင်၍ သံဃာတော် ၅၀၀ ခြံရံလျက် အာဠဝီပြည်သို့ ကြွတော်မူလေ၏၊ အာဠဝီပြည်သူတို့သည် မြတ်စွာဘုရားကို အွမ်းဘိတ်မန်ကုန်၏၊ ထိုသူဆင်းရဲသည်လည်း မြတ်စွာဘုရား ရောက်တော်မူလာသည်ဟု ကြား၍ မြတ်စွာဘုရားအထံ၌ တရားနာအံ့ဟုစိတ်ကိုပြု၏၊ထိုနေ့၌ထိုသူဆင်းရဲ၏နွားတခုသည် ခြံမှထွက်၍ပြေးခဲ့၏၊ ထိုသူဆင်းရဲသည်နွားကိုဟည်းရှာရအံ့လော၊ သို့မဟုတ် တရားတော်ကို သော်တည်းနာရအံ့လော-ဟု ကြံသော် နွားကိုရှာဦးအံ့၊နွားကိုရှာ၍ခြံသို့သွင်းပြီး၍ နောက်မှတရားနာအံ့-ဟု စိတ်ကိုဆုံးဖြတ်၍ နံနက်စောစော အိမ်မှ

ထွက်လေ၏၊ အာနန္ဒာမြည်သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာ ဂါးရာကို နေရာ၌နေစေ၍ ဆွမ်းလုပ်ကျွေး၍ အနုမောဒနာ ပြုစိမ့်သော ငှာ သပိတ်ကိုယူကုန်၏၊

မြတ်စွာဘုရားသည် အကြင်သူဆင်းရဲကို အမှီပြု၍ ယူဇနာသုံးဆယ် ခရီးကိုငါလာ၏၊ ထိုသူဆင်းရဲသည် နွားပျောက်ရှာခြင်းငှာ တောသို့ဝင် လေသေး၏၊ ထိုသူဆင်းရဲလာမှသာလျှင် ငါတရားဟောရအံ့-ဟု ဆိတ် ဆိတ်နေတော်မူ၏၊ထိုသူဆင်းရဲသည်လည်း နေမြင့်သောအခါ၌ နွားကို ရ၍ နွားအပေါင်း၌ထည့်ခဲ့၍ ငါ့အားတပါးသော လူ့ဘွယ်ဝတ္ထုသည် မရှိသော်လည်း ဘုရားမြတ်စွာအားရှိခိုးခြင်းကိုမျှ ပြုရစေတော့-ဟု ထမင်းမွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော်လည်း အိမ်သို့သွားအံ့သောငှာ စိတ်ကိုမပြုမူ၍ မြတ်စွာဘုရားအထံသို့လျှင်စွာလာ၍ ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏၊ ထိုအခါမြတ်စွာဘုရားသည်အမှုစိုးကိုဆို၏၊ "ရဟန်းသံဃာ၏အကြွင်းထမင်းအစရှိသောတစုံတခုသည်ရှိပါသေး၏ လော"ဟု မေး၍ "အရှင်ဘုရား····အလုံးစုံထမင်းဟင်းစသည် ရှိပါ သေး၏"ဆိုသော် "ထိုသို့တပြီးကား-ဤသူဆင်းရဲကိုလုပ်ကျွေးပါ"ဟု ဆို၏။

ထိုအမှုစိုးသည်လည်း ထိုသူဆင်းရဲကို မြတ်စွာဘုရားမိန့်တော်မူရာ ၌ပင် နေစေ၍ ယာဂုဘောဇဉ်တို့ဖြင့် ကောင်းမွန်စွာ လုပ်ကျွေး၏၊ ထိုသူဆင်းရဲသည် ထမင်းစားပြီးသော် ခံတွင်းဆေး၍ငြိမ်သက်စွာနေ၏၊ ဤသူဆင်းရဲကို ကျွေးမွေးစေသော အရာကိုထား၍ ပိဋကတ်သုံးပါး၌ ဘုရားမြတ်အား ဤသူဆင်းရဲကိုကဲ့သို့ တပါးသောအရာ၌ ထမင်းဟင်း ကို စီရင်သောမည်သည်မရှိ၊ ငြိမ်းပြီးသောပူပန်ခြင်းရှိသော ထိုသူ ဆင်းရဲ၏စိတ်သည် တည်ကြည်သည်ဖြစ်၏၊ထိုအခါမြတ်စွာဘုရားသည် ဒါနကထာ,သီလကထာစသော အစဉ်စကားကိုပြောဆို၍ သစ္စာလေး ပါးကို ထင်ရှားပြတော်မူ၏၊ တရားဟောသော အဆုံး၌သူဆင်းရဲသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ မြတ်စွာဘုရားသည်ဆွမ်းအနုမောဒနာ ပြုပြီးသော် နေရာမှထ၍ကြွတော်မူလေ၏၊ များစွာသော လူအပေါင်း သည် မြတ်စွာဘုရားကိုပို့၍ပြန်၏။

ဘုရားနှင့်အတူသွားကုန်သောရဟန်းတို့သည် ဘုရားမြတ်ကိုကဲ့ရဲ့ကုန်၏၊ "ငါ့ရှင်တို့....မြတ်စွာဘုရား၏အမှုကို ရှုပါကုန်လော့၊ တပါးသော နေ့၌ ထမင်းဟင်းတို့ကို ဤသို့သဘောရှိသောစီရင်ခြင်းမည်သည် မရှိ၊ ယနေ့မူကား သူဆင်းရဲတယောက်ကိုမြင်၍ ယာဂုထမင်းပေးစေသည်" ဟုကဲ့ရဲ့ကုန်၏၊ မြတ်စွာဘုရားလည်း နောက်သို့လည်၍ရပ်လျက် "ချစ်သားတို့.... အသို့ဆိုကုန်သနည်း"ဟုမေး၍ ထိုအကြောင်းကိုကြားသော် "ချစ်သားရဟန်းတို့....ဩော်-ဟုတ်၏၊ယူဇနာသုံးဆယ်ရှိသောခရီးခဲကို လာသောငါသည် ဤဥပါသကာ၏ ဥပနိဿယကိုမြင်၍ လာပေသည်၊ ထိုသူသည်လည်း အလွန်ထမင်းမွတ်ခြင်းပြင်းလှ၏၊ နံနက်စောစော ထ၍နွားကိုရှာလျက် တောသို့ လှည့်ပတ် သွားလာရလေသည်၊ ငတ်မွတ်ခြင်းဆင်းရဲဖြင့် နှိပ်စက်သောသူအား တရားဟောငြားသော်လည်း တရားကိုထိုးထွင်း၍သိခြင်းငှာမတတ်နိုင်လတ္တံ့-ဟုကြံ၍ဤသို့ငါပြုသည်၊ ထမင်းမွတ်သိပ်ခြင်းနှင့်တူသော အနာမည်သည် မရှိကုန်"ဟုမိန့်တော်မူ၍—

ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုခါ။
ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခန္တိ။ ။

ဟူသောတရားကို အာဠဝီပြည်၏အနီး၌ရပ်လျက် ဟောတော်မူ၏၊ ဒေသနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ရောက်ကုန်၏။

## ၂၀၃။ အဋ္ဌာရသမဝါ၌ မေဃိယထေရ်နှင့်ရက်ကန်းသည် သမီးကိုအကြောင်းပြု၍တရားကိုဟောတော်မူခြင်း

ဒေသစာရီကြွတော်မူ၍ စာလိယမြို့သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် စာလိယတောင်ကျောင်းကြီး၌ တဆယ့်ရှစ်နှစ်မြောက် ဝါကိုဆိုတော်မူ၏၊ ထိုစာလိယတောင်ကျောင်းတော်၌ နှစ်ဝါထပ်၍ ဝါဆိုတော်မူသောအခါ၌လည်း အရှင်မေဃိယထေရ် အစရှိသည်တို့ကို အကြောင်း၍ "ဖန္ဒနံ စပလံ စိတ္တံ"အစရှိသော များစွာသောတရားဒေသနာတော်ဖြင့်များစွာသောဝေနေယျတို့ကိုတရားအမြိုက်တိုက်ကျွေးတော်မူ၏။

စာလိယတောင်ကျောင်း၌တဆယ့်ရှစ်ဝါမြောက်ဝါကျွတ်တော်မူ၍ ဒေသစာရီကြွတော်မူလျှင် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်၌နေတော်မူ၏၊ တနေ့သ၌ ကျွတ်ထိုက်သောဝေနေယျတို့ကို ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူလျှင် အာဠဝီပြည်၌ **ရက်ကန်းသည်သ္မီး** အားသောတာပတ္တိမဂ်၏ ဥပနိဿယနှင့်ပြည့်စုံခြင်းကိုမြင်တော်မူ၍ အာဠဝီပြည်သို့ကြွတော်မူ၍ အာဠဝီပြည်၌ ရက်ကန်းသည်သမီးကိုအကြောင်းပြု၍"အဒ္ဓိဘူတော အယံလောကော"အစရှိသောတရားဒေသနာတော်ကိုဟောတော်မူ၏၊ အကြောင်းဝတ္ထုကား—

မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီယကျောင်း၌ ဝါဆိုတော်မူသောအခါ အာဠဝီပြည်သူတို့သည် မြတ်စွာဘုရားကိုဆွမ်းဘိတ်၍ အလှူပေးကုန်၏၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော်—

အဓုဝံ ဇီဝိတံ၊ ဓုဝံ မရဏံ၊ အဝဿံ မယာ မရိတဗ္ဗံ၊ မရဏပရိ-
ယောသာနံ မေ ဇီဝိတံ၊ ဇီဝိတံ မေ အနိယတံ၊ မရဏံ နိယတန္တိ။

ဟူ၍အနုမောဒနာပြုတော်မူ၍ ဤသို့မရဏဿတိ ပွားစေကုန်၊ အကြင်သူတို့အား မရဏဿတိကိုမပွားစေအပ်၊ ထိုသူတို့သည်နောက်အခါ၌ မြွေကိုမြင်၍ကြောက်သောယောကျ်ားကဲ့သို့ သေခြင်းသို့ရောက်သောအခါ၌ မြည်တမ်းလျက်သေရကုန်၏၊ အကြင်သူတို့သည် မရဏဿတိကိုပွားစေအပ်ကုန်၏၊ ထိုသူတို့သည် အဝေးမှမြွေကိုမြင်၍ လှံတံဖြင့်ယူ၍စွန့်၍တည်သော ယောကျ်ားကဲ့သို့သေသောအခါ မထိတ်လန့်ကုန်၊ ထို့ကြောင့် မရဏဿတိကိုပွားစေအပ်၏-ဟု မိန့်တော်မူ၏၊ ထိုတရားဒေသနာတော်ကိုကြား၍ တပါးသောသူတို့သည် မေ့လျော့၍နေကုန်၏၊ **တဆယ့်ခြောက်နှစ်** အရွယ်ရှိသော ရက်ကန်းသည်၏ သမီးတယောက်သည်ကား မြတ်စွာဘုရားတို့၏ တရားသည် အံ့ဘွယ်ရှိစွ၊ မရဏဿတိကို ပွားစေအပ်၏-ဟု နေ့အခါ၌ရင်း, ညဉ့်အခါ၌ရင်း မရဏဿတိကိုပွားစေ၏။

မြတ်စွာဘုရားသည် ထိုအာဠဝီပြည်မှ ထွက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏၊ သတို့သမီးသည် သုံးနှစ်ပတ်လုံး မရဏဿတိကိုပွားစေသလျှင်ကတည်း၊ ထိုရောအခါတနေ့သ၌မြတ်စွာ

ဘုရားသည် မိုးသောက်သောအခါ၌ လောကကိုကြည့်ရှုတော်မူသော် ထိုသတို့သမီးကို ဉာဏ်တော်ကွန်ယက်အတွင်း၌ ဝင်သည်ကိုမြင်တော်မူ၍ အသို့လျှင်ဖြစ်လတ္တံ့နည်း-ဟု စုံစမ်းသော် ဤသတို့သမီးသည် ငါ၏ တရားဒေသနာတော်ကို ကြားသောနေ့မှစ၍ သုံးနှစ်ပတ်လုံး မရဏာဿတိကို ပွားစေအပ်ပြီ၊ ယခုအခါ ငါသည် ထိုအာဠဝီပြည်သို့ သွား၍ ဤသတို့သမီးကို ပြဿနာလေးပါး ကိုမေး၍ ထိုသတို့သမီး သည် ဖြေသည်ရှိသော် လေးပါးသောအရာတို့၌ ကောင်းချီးပေး၍ "အန္ဓဘူတော" အစရှိသော ဂါထာကိုဟောအံ့၊ ဂါထာ၏အဆုံး၌ ထိုသတို့သမီးသည် သောတာပတ္တိဖိုလ်၌ တည်လတ္တံ့၊ ထိုသတို့သမီး ကိုမှီ၍ များစွာသော လူအပေါင်းအားလည်း အကျိုးများသည်ဖြစ် လတ္တံ့-ဟု သိတော်မူ၍ ငါးရာသောရဟန်းအပေါင်း အခြံအရံရှိသည် ဖြစ်၍ ဇေတဝန်ကျောင်းတော်မှထွက်၍ အစဉ်သဖြင့် အာဠဝီပြည်၌ အဂ္ဂါဠဝစေတိယကျောင်းသို့ ရောက်တော်မူ၏။

အာဠဝီပြည်သူတို့သည် မြတ်စွာဘုရားကြွတော်မူလာသည်-ဟုကြား၍ ကျောင်းသို့သွား၍ ဆွမ်းဘိတ်ကုန်၏၊ ထိုသတို့သမီးသည်လည်း မြတ်စွာဘုရားကြွတော်မူလာပြီ-ဟုကြား၍ ငါ၏အဘသည်လာသတတ်၊ ထို အဘသည်ကား ငါ့ဆရာဖြစ်သော လပြည့်ဝန်းနှင့်တူသော မျက်နှာရှိ သော မြတ်သောဂေါတမဘုရားတည်း-ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ် ၍ "ငါသည် ဤနှစ်မှ သုံးနှစ်တို့၏အထက်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြတ်စွာဘုရားကိုမြင်ဘူး၏၊ ယခုအခါ၌ ထိုမြတ်စွာဘုရား ၏ရွှေအဆင်းနှင့်တူသော ကိုယ်တော်ကိုဖူးမြင်အံ့သောငှာ သာယာစွာ သောတရားကို နာအံ့သောငှာ ငါသည်ရလတ္တံ့"ဟု ကြံ၏၊ ထိုသတို့ သမီး၏အဘသည်ကား ရက်ကန်းရက်ရာစရပ်သို့ သွားသည်ရှိသော် "အမိ··ဘခင်သည် သူတပါး၏ဉစ္စာဖြစ်သော ပုဆိုးကိုရက်ကန်းစင်၌ တင်ဆက်အပ်ပြီ၊ ထိုပုဆိုးအား တထွာမျှလောက်သည် မပြီးသေး၊ ယနေ့ ထိုပုဆိုးကိုပြီးစေအံ့၊ လျင်စွာရက်ဘောက်ယောက်၍ အပို့လာ လှည့်"ဟုမှာခဲ့၏။

ထိုသတို့သမီးသည်ကြံ၏၊ ငါသည် မြတ်စွာဘုရား၏ တရားတော်ကို နာခြင်းငှာအလိုရှိ၏၊ အဘသည်လည်းရက်ဘောက်ယောက်၍ပို့လှည့်-

ဟု ငါ့ကိုမှာခဲ့၏၊ အသို့နည်း၊ မြတ်စွာဘုရား တရားကိုရှေးဦးစွာနာရအံ့လော၊ ရက်ဘောက်ယောက်၍သော်လည်း ပို့ရအံ့လော-ဟု ကြံသောအခါ ထိုသတို့သမီးအား ဤသို့အကြံဖြစ်၏၊ အဘသည် ငါ့ကိုရက်ဘောက်မပို့လာသော် သတ်ခတ်ရာ၏၊ထိုကြောင့်ရက်ဘောက်ယောက်၍ အဘအားပေးချေ၍ နောက်မှတရားကိုနာအံ့-ဟု အကြံဖြစ်၍ ပျဉ်ငယ်၌ထိုင်၍ ရက်ဘောက်ယောက်၏၊ပြည်သူတို့သည် ဆွမ်းလုပ်ကျွေး၍ သပိတ်ကိုယူ၍ အနုမောဒနာပြုစိမ့်သောငှာရပ်၏၊ မြတ်စွာဘုရားသည် ငါသည် အကြင်ရက်ကန်းသည် သမီးကိုအမှီပြု၍ ယူဇနာသုံးဆယ်ခရီးကိုလာခဲ့၏၊ ထိုရက်ကန်းသည်သမီးသည် ယခုအခါ၌ တရားနာခွင့်ကိုမရသေး၊ ထိုသတို့သမီးအခွင့်ရမှ အနုမောဒနာပြုအံ့-ဟု ဆိတ်ဆိတ်နေတော်မူ၏။

ဤသို့ဆိတ်ဆိတ်နေသော မြတ်စွာဘုရားကို နတ်နှင့်တကွသောလူ၌ တစုံတယောက်သောသူသည် တစုံတခုသော စကားကိုဆိုခြင်းငှာမဝံ့၊ ထိုသတို့သမီးသည် ရက်ဘောက်ယောက်၍ တောင်း၌ထည့်၍ အဘ၏အထံသို့သွားသည်ရှိသော် ပရိသတ်၏အစွန်းသို့ရောက်၍မြတ်စွာဘုရားကိုတစောင်းကြည့်၍သွား၏၊မြတ်စွာဘုရားသည်လည်း လည်တော်ကိုကြွချီ၍ ကြည့်တော်မူ၏၊ထိုသတို့သမီးသည်ဘုရားကြည့်တော်မူသောအခြင်းအရာဖြင့် မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ပရိသတ်၏အလယ်၌နေတော်မူ၍ ငါ့ကိုကြည့်သော် ငါ၏လာခြင်းကိုတောင့်တ၏၊ ကိုယ်တော်၏အထံသို့ ငါ၏လာခြင်းကိုသာလျှင် တောင့်တတော်မူ၏-ဟု သိသဖြင့် ထိုသတို့သမီးသည် ရက်ဘောက်တောင်းကို တခုသောအစွန်း၌ထားခဲ့၍ မြတ်စွာဘုရားအထံသို့သွားလေ၏။

အဘယ့်အကြောင်းကြောင့်ထိုသတို့သမီးကိုမြတ်စွာဘုရားသည်လည်တော်ကိုချီမြင့်၍ ကြည့်သနည်းဟူမူကား- မြတ်စွာဘုရားအား ဤသို့အကြံတော်သည်ဖြစ်၏၊''ဤသတို့သမီးသည် ထိုရက်ကန်းရက်ရာ စရပ်သို့သာသွားလေသည်ရှိသော် ပုထုဇဉ်၏အဖြစ်ဖြင့် သေခြင်းကိုပြု၍ မမြဲသောဂတိရှိသည်ဖြစ်လတ္တံ့၊ ငါ၏အထံသို့လာ၍ သွားသော်ကား သောတာပတ္တိဖိုလ်သို့ရောက်၍ မြဲသောဂတိရှိသည်ဖြစ်၍ တုသိတာနတ်ပြည်၌

ဖြစ်လတ္တံ့-ဟု အကြံတော်ရှိ၍ ကြည့်သတည်း၊ ထိုသတို့သမီးအား ထို နေ့၌ သေခြင်းမှလွတ်သောမည်သည်မရှိ၊ ကြည့်တော်မူသောအမှတ်ဖြင့် မြတ်စွာဘုရားသို့ကပ်၍ ရောင်ခြည်တော်ခြောက်သွယ် တို့၏ အကြားသို့ ဝင်၍မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌ရပ်၏။

ဤသို့သဘောရှိသော ပရိသတ်၏အလယ်၌ ဆိတ်ဆိတ်နေတော်မူ သောမြတ်စွာဘုရားသည် သတို့သမီး ရှိခိုး၍ ရပ်သောခဏ၌သာလျှင် "အို-သတို့သမီးငယ်.... အဘယ်အရပ်မှ သင်သည် လာခဲ့သနည်း"ဟု မေးတော်မူ၏၊ "ရှင်ပင်ဘုရား....အကျွန်ုပ်မသိ" ဟု သတို့သမီးဆို၏၊ "အဘယ်အရပ်သို့ သင် သတို့သမီးငယ် သွားလိမ့်မည်နည်း" ဟုမေး တော်မူပြန်၏၊ "ရှင်ပင်ဘုရား....အကျွန်ုပ်သည်မသိပါ" ဟု ဆိုပြန်၏၊ "သင်သည်မသိလော"ဟု မေးတော်မူပြန်သော် "ရှင်ပင်ဘုရား.... သိပါ၏"ဟု သတို့သမီးလျှောက်၏၊ "သင်သိ၏လော"ဟု ဘုရားမေး ပြန်သော်"ရှင်ပင်ဘုရား....မသိပါ"ဟု လျှောက်ပြန်၏၊ဤသို့လျှင် မြတ် စွာဘုရားသည် ထိုသတို့သမီးကို လေးပါးသောပြဿနာကိုမေးတော် မူ၏။

လူများအပေါင်းသည် ကဲ့ရဲ့၏၊ "အမောင်တို့....ကြည့်ပါကုန်လော့၊ ဤရက်ကန်းသည်သမီးသည် မြတ်စွာဘုရားနှင့်တကွ ဆိုချင်တိုင်း ဆို၏၊ စင်စစ် အဘယ်မှလာခဲ့သနည်း မေးတော်မူလျှင် ရက်ကန်းသည်အိမ် မှလာပါသည်-ဟု ဤသတို့သမီးသည်ဆိုအပ်၏၊အဘယ်သို့သွားလိမ့်မည် နည်း-ဟုမေးတော်မူပြန်လျှင်လည်း ရက်ကန်းရက်ရာစရပ်သို့ သွားပါ မည်ဆိုအပ်၏၊ သို့ကိုလျက် ဆိုချင်တိုင်းဆို၏"ဟု ကဲ့ရဲ့၏၊ မြတ်စွာဘုရား လည်း လူအပေါင်းကိုအသံဆိတ်သည်ကို ပြုတော်မူ၍"သတို့သမီး.... အဘယ်မှလာသနည်းဟု ငါမေးလျှင် သင်သည် အကျွန်ုပ်မသိပါ- ဟု အဘယ့်ကြောင့်ဆိုသနည်း" မေးတော်မူ၏၊ "ရှင်ပင်ဘုရား.... ရှင်ပင်ဘုရားတို့သည် အကျွန်ုပ်ကို ရက်ကန်းသည်အိမ်မှ လာသော အဖြစ်ကိုသိတော်မူကုန်လျက် အဘယ်မှလာခဲ့သနည်း-ဟု မေးတော်မူ သည်မှာ အဘယ်ဂတိမှလာ၍ ဤလူ၏အဖြစ်၌ သင်ဖြစ်လာသနည်း-ဟု မေးတော်မူကုန်၏၊ အကျွန်ုပ်သည် အဘယ်ဂတိမှလာ၍ ဤလူအဖြစ်၌ ဖြစ်သည်ကို မသိသောကြောင့် မသိ-ဆိုပါသည်"ဟုလျှောက်၏။

မြတ်စွာဘုရားသည် ထိုသူငယ်မအား ''ကောင်း၏, ကောင်း၏၊ သတို့သမီးငယ်····ငါမေးသောပြဿနာကို သင်သည်သာ ဖြေနိုင်၏'' ဟု ကောင်းချီးပေးတော်မူ၍ အလွန်လျှင်မေးတော်မူပြန်၏၊ ''အဘယ် အရပ်သို့ သွားလေအံ့နည်း-ဟု ငါမေးအပ်သော် အဘယ့်ကြောင့် မသိ-ဆိုသနည်း''ဟုမေး၏၊''ရှင်ပင်ဘုရား ··အရှင်တို့သည်ရက်ဘောက် တောင်းကိုယူ၍ ရက်ကန်းရက်ရာ စရပ်သို့သွား၏-ဟု သိလျက် မေး တော်မူသည်မှာ ဤလူ၏အဖြစ်မှ တဖန်သွား၍ အဘယ်ဂတိ၌ ဖြစ်လိမ့် သနည်း-ဟု မေးတော်မူကုန်၏၊ အကျွန်ုပ်သည်လည်း ဤကိုယ်၏အဖြစ် မှ စုတေသော် အဘယ်ဂတိသို့သွား၍ ဖြစ်လတ္တံ့သည်ကို မသိသော ကြောင့် မသိ-ဆိုပါသည်''ဟု လျှောက်၏၊ထိုအခါ မြတ်စွာဘုရားသည် ကောင်း၏, ကောင်း၏၊ သတို့သမီး····ငါ၏အမေးကို သင်သာ ဖြေနိုင် ၏''ဟု ကောင်းချီးပေးတော်မူ၍ တဖန်မေးတော်မူ၏။

''အဘယ့်ကြောင့် သင်သည်မသိလော-ဟု ငါမေးသော် သိပါ၏- ဟုလျှောက်သနည်း''ဟူ၍မေးတော်မူပြန်သော် ''ရှင်ပင်ဘုရား····သေ ရအံ့သောအဖြစ်ကို သိပါ၏၊ ထို့ကြောင့် ဤသို့လျှောက်ပါသည်'' ဟု လျှောက်သောအခါ ရှေးပြဿနာတို့ကို ဖြေရာ၌ကဲ့သို့ ကောင်းချီး ပေးတော်မူ၏၊ ''သင်သည် သိ၏လော-ဟု ငါမေးသော် မသိပါ-ဟု အဘယ့်ကြောင့်သင်ဆိုသနည်း''မေးတော်မူသော် ''ရှင်ပင်ဘုရား···· သေရလတ္တံ့သည်၏ အဖြစ်ကိုသာသိ၍ နေ့သေရအံ့, ညဉ့်သေရအံ့, နံနက်သေရအံ့၊ဤသို့အစရှိသည်ဖြင့်သေရအံ့သောအခါကိုမသိပါသော ကြောင့် အကျွန်ုပ် မသိ-ဆိုပါသည်''ဟု လျှောက်၏၊ ထိုအခါ၌လည်း ''ကောင်း၏, ကောင်း၏၊ သတို့သမီး····သင်သည်သာလျှင် ငါ၏အမေး ကိုဖြေနိုင်၏'' ဟု ကောင်းချီးပေးတော်မူ၍ ပရိသတ်ကို ဆိုတော်မူ၏။

ဤမျှလောက်များစွာကုန်သော သင်တို့သည် ဤသတို့သမီးငယ်ဆို သောအခြင်းအရာကို မသိကုန်၊ စင်စစ် ကဲ့ရဲ့တတ် ကုန်သည်သာလျှင် တည်း၊ အကြင်သူတို့အား ပညာမျက်စိသည်မရှိ၊ထိုသူတို့သည် သူကန်း မည်ကုန်၏၊ အကြင်သူတို့အား ပညာမျက်စိရှိကုန်၏၊ ထိုသူတို့အား မျက်စိအမြင်ရှိကုန်၏-ဟု မိန့်တော်မူ၍—

အန္ဓီဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ၊
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

**အနက်။** ။ဘောဂန္ဓော၊အို-လူများအပေါင်းတို့။အယံလောကော၊ဤလောကသည်။ အန္ဓီဘူတော၊ပညာမျက်စိမရှိသည်ဖြစ်၍ အမိုက်အတိသာဖြစ်၏၊ ဧတ္ထ၊ ဤလောက၌။ တနုကော၊ အနည်းငယ်မျှသောသူသည်။ဝိပဿတိ၊ အနိစ္စအစရှိသည်ဖြင့် မြင်နိုင်၏။ ဇာလမုတ္တော၊ ငှက်ခတ်သမား၏ပိုက်တွင်းမှ ထွက်မြောက်နိုင်သော။သကုဏော၊ငှက်သည်။ အပ္ပေါဣဝ၊ နည်းသကဲ့သို့။ အပ္ပေါ၊ အနည်းငယ်သော သူသည်သာ။ သဂ္ဂါယ၊ နတ်ပြည်အကျိုးငှာ။ ဂစ္ဆတိ၊ သွား၏။

ဤဒေသနာတော်အဆုံး၌ သတ္တိုသမီးငယ်သည် **သောတာပတ္တိဖိုလ်**၌တည်လေ၏၊ များစွာသောလူအပေါင်းအားလည်း သောတာပတ္တိဖိုလ်ကိုရခြင်းအစရှိသော အကျိုးရှိသည်သာဖြစ်၏၊ ထိုသတ္တိုသမီးသည်လည်း ရက်ဘောက်တောင်းကိုယူ၍ အဘ၏အထံသို့သွား၏၊ အဘသည်ထိုင်လျက် အိပ်ပျော်နှင့်၏၊ အိပ်ပျော်သောအခြင်းအရာကို မမှတ်မူ၍ ရက်ဘောက်တောင်းကိုကမ်းသော် ထိုသတ္တိုသမီး၏ တောင်းသည်လက်ခတ်စွန်းကိုခတ်မိ၍အသံကိုပြု၍ကျ၏၊အဘသည် ကိုင်မြဲတိုင်းသောအမှတ်ဖြင့်လက်ခတ်ကိုငင်၏၊ လက်ခတ်စွန်းသည် ထိုသတ္တိုသမီးငယ်၏ရင်၌ခတ်မိ၏၊ သတ္တိုသမီးသည် ခတ်မိရာ၌ပင်သေ၍ လဲလေ၏၊ ထိုအခါ၌ အဘသည် ထိုသတ္တိုသမီးကိုကြည့်သော် ကိုယ်၌သွေးလိမ်းကျံသဖြင့်သေသည်ကိုမြင်၍ ကြီးစွာသောစိုးရိမ်ခြင်းသည်ဖြစ်၏။

ထိုစိုးရိမ်ခြင်းကို ဘုရားမှတပါးသောသူသည် ငြိမ်းစေခြင်းငှာမတတ်နိုင်လတ္တံ့-ဟု ငိုကြွေးလျက် မြတ်စွာဘုရား၏အထံသို့သွား၍အကြောင်းကိုကြားလျှောက်၍ "ရှင်ပင်ဘုရား....အကျွန်ုပ်၏စိုးရိမ်ခြင်းကို ငြိမ်းပါစေကုန်လော့"ဟု လျှောက်၏၊ထိုရက်ကန်းသည်ကိုမြတ်စွာဘုရားသည် သက်သာစေ၍ "ဒါယကာ....မစိုးရိမ်လင့်၊ အစမထင်သောသံသရာဝဋ်၌ ဤယခုအခါ၌ကဲ့သို့ သင့်သမီး၏သေသောအခါ၌ ယိုသောသင်၏မျက်ရည်သည် မဟာသမုဒ္ဒရာလေးစင်းရေထက် လွန်မြတ်၏-ဟု မိန့်တော်မူ၍ အစမထင်သံသရာဝဋ်၌ ယှဉ်သောစကားကို ပြောဆိုတော်

မူ၏၊ ထိုအဘရက်ကန်းသည်သည် စိုးရိမ်ခြင်းခေါင်းပါးသည်ဖြစ်၍ မြတ်စွာဘုရားအထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၍ ပဉ္စင်းရဟန်းအဖြစ်ကိုရ၍ မကြာမြင့်မီရဟန္တာအဖြစ်သို့ရောက်လေ၏။

## ၂၀၄။ ကျေနဗီသတိမဝါ၌ကုက္ကုဋမိတ္တမူဆိုးမယားကို အကြောင်းပြု၍တရားဟောတော်မူခြင်း

အာဠဝီပြည်၌ မွေ့လျော်တော်မူသော အတိုင်းနေ၍ ဒေသစာရီကြွတော်မူသောအခါ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ တဆယ့်ကိုးနှစ်မြောက်သောဝါကို ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူ၏၊ "ပါဏိမိုစေ" အစရှိသောတရားဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ကုက္ကုဋမိတ္တအမည်ရှိသော မူဆိုးကိုအကြောင်းပြု၍ ဟောတော်မူ၏၊ အကြောင်းကား—

ရာဇဂြိုဟ်ပြည်၌ တယောက်သောသူဌေးသမီးသည်အရွယ်သို့ရောက်သည်ရှိသော် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အထက်၌ အသရေရှိသောတိုက်၌ စောင့်ရှောက်အံ့သောငှာ တယောက်သော အလုပ်အကျွေးကိုပေး၍ အမိအဘတို့သည် ထားအပ်သတည်း၊ တနေ့သ၌ ညချမ်းသောအခါ လေသာတံခါးဖြင့် ခရီးမကို ကြည့်သည်ရှိသော် ကျော့ကွင်းငါးရာ,တံကျင်ငါးရာတို့ကိုယူ၍ သမင်တို့ကိုသတ်၍ အသက်မွေးသော ကုက္ကုဋမိတ္တအမည်ရှိသောမူဆိုးကို ငါးရာသောသမင်တို့ကို သတ်၍ ထိုသမင်တို့၏အသားဖြင့် ကြီးစွာသောလှည်းကို ပြည့်စေ၍ လှည်းဦး၌နေပြီးလျှင်အမဲရောင်းအံ့သောငှာ မြို့သို့ဝင်လာသည်ကိုမြင်၍ ထိုမူဆိုး၌တပ်သောစိတ်ရှိသည်ဖြစ်၍အလုပ်အကျွေးငယ်၏လက်၌လက်ဆောင်ပဏ္ဏာကိုပေး၍ "သင်သွားချေ၊ ထိုလှည်းသမား၏သွားအံ့သောအခါကိုသိအောင်မေး၍လာခဲ့"ဟု စေလိုက်၏။

ထိုအလုပ်အကျွေးငယ်သည်သွား၍ ထိုလှည်းသမားအား လက်ဆောင်ပဏ္ဏာကိုပေး၍ ယနေ့အမဲကိုရောင်း၍ နက်ဖြန်နံနက်စောစော ၌မည်သောတံခါးဖြင့် ထွက်၍သွားအံ့-ဟု ထိုမူဆိုးဆိုသောစကားကို ကြား၍ လာခဲ့၍ ထိုသူဌေးသမီးအားကြား၏၊ သူဌေးသမီးသည် မိမိယူ

အပ်သည့်နှင့်ယှဉ်သောအ၀တ်ပုဆိုးတန်ဆာကိုစီရင်၍နံနက်စောစောက ညစ်နွမ်းသောအ၀တ်ကို၀တ်၍ ရေအိုးကိုယူ၍ကျွန်မတို့နှင့်တကွ ရေဆိပ်သို့သွားသကဲ့သို့ထွက်၍ ထိုတံခါးအရပ်သို့သွား၍ ထိုမူဆိုး၏အလာကို ကြည့်လျက်နေ၏၊ ထိုမူဆိုးသည်လည်း နံနက်စောစော လှည်းကိုနှင် လျက်ထွက်လေ၏၊ ထိုသူဌေးသမီးသည် ထိုလှည်း၏နောက်မှ သွားလေ၏၊ ထိုမူဆိုးသည် ထိုသူဌေးသမီးကိုမြင်၍ "ငါတို့သည် သင့်ကို ဤမည်သောသူ၏သမီး-ဟူ၍မသိကုန်၊ငါ့သို့အစဉ်မလိုက်ပါလင့်"ဟုဆို၏။

"သင်သည် ငါ့ကိုမခေါ်၊ ငါသည်မိမိသဘောအားဖြင့်လာ၏၊ သင်သည်ဆိတ်ဆိတ်သာနေ၍ သင်၏လှည်းကိုသာနှင်လေလော့"ဟု ဆို၏၊ ထိုမူဆိုးသည် အဘန်တလဲလဲ ထိုသူဌေးသမီးကို မြစ်သလျှင်ကတည်း၊ ထိုအခါသူဌေးသမီးသည် ထိုမူဆိုးကိုဆို၏၊ "အမောင်....မိမိ၏အထံသို့**အသရေ**မည်သည် လာသည်ကို မြစ်အံ့သောငှာမအပ်"ဟူ၍ ဆို၏၊ ထိုမူဆိုးသည် ယုံမှားမရှိလျှင် မိမိ၏အထံသို့ ထိုသူဌေးသမီးလာသောအကြောင်းကိုသိ၍ ထိုသူဌေးသမီးကို လှည်းထက်သို့တက်စေ၍သွားလေ၏၊ ထိုသူဌေးသမီး၏ မိဘတို့သည်ကား ထိုမှ,ဤမှ ရှာ၍မရလျှင် သေလေတော့သည်ဖြစ်လတ္တံ့-ဟု သူသေအားရည်၍ ထမင်းကျွေးခြင်းကိုပြုကုန်၏၊ ထိုသူဌေးသမီးသည် မူဆိုးနှင့်တကွပေါင်းဘော်ခြင်းကိုစွဲ၍ အစဉ်သဖြင့် သားယောကျာ်း ခုနစ်ယောက်ဘွားမြင်၍ ထိုသားတို့ အရွယ်သို့ရောက်သောအခါ အိမ်ရာထောင်ခြင်းဖြင့် နှောင်ဖွဲ့၏။

ထိုရောအခါ မြတ်စွာဘုရားသည် တနေ့သ၌မိုးသောက်သောအခါ လောကကိုကြည့်တော်မူသော် သားခုနစ်ယောက်, ချွေးမခုနစ်ယောက်တို့နှင့်တကွ ကုက္ကုဋမိတ္တမူဆိုးကို ဉာဏ်တော်၏အတွင်း၌၀င်သည်ကိုမြင်၍ "ဤသူအပေါင်းသည် အဘယ်သို့ဖြစ်လတ္တံ့နည်း"ဟု စူးစမ်းတော်မူသည်ရှိသော် ထိုတကျိပ်ငါးယောက်ကုန်သော သူတို့အား သောတာပတ္တိမဂ်၏**ဥပနိဿယ**ကို မြင်တော်မူ၍ နံနက်စောစောကလျှင် သပိတ်, သင်္ကန်းကိုယူတော်မူ၍ ထိုမူဆိုး၏ကျော့ကွင်းထောင်ရာအရပ်သို့ ကြွတော်မူလေ၏၊ ထိုနေ့၌ ကျော့ကွင်း၌မိသော တခုသောသမင်မည်သည် မရှိ၊ မြတ်စွာဘုရားသည် ထိုမူဆိုး၏ကျော့ကွင်းရင်း၌ ခြေတော်ရာကိုပြ၍ ရှေ့မှတခုသော ခြုံအောက်အရိပ်၌နေတော်မူ၏။

ကုက္ကုဋမိတ္တမုဆိုးသည်လည်း လေးကိုယူလျက် ကျော့ကွင်းထောင်ရာသို့သွား၍ အစမှစ၍ ကျော့ကွင်းတို့ကို ကြည့်သည်ရှိသော် ကျော့ကွင်း၌မိသော သမင်တခုကိုမျှမမြင်၊ မြတ်စွာဘုရား ခြေတော်ရာကိုသာ မြင်လေ၏၊ ထိုအခါ မုဆိုးအား ဤသို့အကြံဖြစ်၏၊ "ဤခြေရာပြုသောသူသည် ငါ၏ကျော့ကွင်း၌မိသော သမင်တို့ကို လွှတ်လတ္တံ့"ဟုကြံလျက် ထိုမုဆိုးသည် မြတ်စွာဘုရား၌ရန်ငြိုးဖွဲ့၍ သွားသော် ခြုံရိပ်၌နေသော မြတ်စွာဘုရားကိုမြင်၍ ဤသူသည်ပင် ငါ၏သမင်တို့ကို လွှတ်အပ်သည် ဖြစ်လတ္တံ့၊ ထိုသူကိုသတ်အံ့ဟု လေးကိုတင်၏၊ မြတ်စွာဘုရားသည် မြှားကိုလွှတ်အံ့သောငှာလည်း, ချအံ့သောငှာလည်း ပေးတော်မမူ၊ မုဆိုးသည် မြှားကိုလွှတ်အံ့သောငှာလည်း, ချအံ့သောငှာလည်း မတတ်နိုင်သည်ဖြစ်၍ နံရိုးကျိုးအံ့သကဲ့သို့ ခံတွင်းမှတံတွေးအမြှုပ်ယိုသဖြင့် ပင်ပန်းသောသဘောရှိသည်ဖြစ်၏။

ထိုအခါ ထိုမုဆိုး၏သားတို့သည် အဘ၏အိမ်သို့သွား၍ ငါတို့၏အဘသည် ကြာလေစွ၊ ဤသို့ကြာမြင့်ခြင်းသည် အကြောင်းအသို့နည်းဆို၍ "ချစ်သားတို့....အဘ၏ အထံသို့သွားကုန်လော့"ဟု အမိသည် စေအပ်ရကား သားတို့သည် လေးကိုယူ၍ သွားကုန်သော် လေးကိုမတင်နိုင်မချနိုင်ဘဲရှိသော အဘကိုမြင်၍"ဤခြုံအောက်၌ နေသောသူသည် ငါတို့အဘ၏ရန်သူဖြစ်လတ္တံ့"ဟုခုနစ်ယောက်သောသားတို့သည် လေးကိုတင်ကုန်၏၊ မြတ်စွာဘုရား တန်ခိုးတော်အားဖြင့် ထိုသူတို့၏ အဘသည်လေးကို မတင်နိုင် မချနိုင်ဘဲ အမြှုပ်ထွက်၍ပန်းဟိုက်သကဲ့သို့ ထိုသားခုနစ်ယောက်တို့သည်လည်း ရှိလေကုန်၏၊ ထိုအခါအမိသည် ငါ၏သားတို့သည် အဘယ့်ကြောင့် ကြာလေကုန်သနည်းဟု ခုနစ်ယောက်သောချွေးမတို့နှင့်တကွ သွားလေ၍ ထိုအခြင်းအရာဖြင့် တည်ကုန်သော သားအဘရှစ်ယောက်တို့ကိုမြင်၍ အဘယ်သူအားပစ်အံ့ဟု ဤသူတို့သည် လေးတင်၍ နေကုန်သနည်းဟု ကြည့်သည်ရှိသော် မြတ်စွာဘုရားကိုမြင်၍ လက်မောင်းကိုမြှောက်၍ ငါ၏အဘကို မဖျက်ဆီးပါကုန်လင့်ဟု သည်းစွာသော အသံကို ပြု၏။

ကုက္ကုဋမိတ္တမုဆိုးသည် ထိုအသံကိုကြား၍"ငါသည်စင်စစ်ဖျက်ဆီးသည်ဖြစ်၏၊ ဤသူသည် ငါ၏ယောက္ခမပေတည်း၊ ငါသည် ဝန်လေး

သောအမှုကို ပြုမိချေ၏တကား''ဟုကြံ၏၊ထိုမုဆိုး၏သားတို့သည်လည်း ''ဤသူသည် ငါတို့အဘိုးဖြစ်သတည်း၊ငါတို့အမှုသည် ဝန်လေး၏''ဟု ကြံကုန်၏၊ ကုက္ကုဋမုဆိုးသည် ဤသူသည်ငါ၏ ယောက္ခမ ပေတည်းဟု မေတ္တာစိတ်ကို ဖြစ်စေ၏၊ သားခုနစ်ယောက်တို့သည် ငါတို့၏အဘိုး တည်းဟု **မေတ္တာစိတ်**ကိုဖြစ်စေကုန်၏၊ ထိုရောအခါ၌ သားတို့၏အမိ သည် လျင်စွာလေးတို့ကို စွန့်ပစ်စေ၍ ငါ၏အဘကို သည်းခံပါစေဟု ဆို၏။

မြတ်စွာဘုရားသည် ထိုသူတို့၏ နှုးညံ့သောစိတ်ကို သိတော်မူ၍ လေးကိုချနိုင်စေခြင်းငှာ အခွင့်ပေးတော်မူ၏၊ ထိုအလုံးစုံသော သူတို့ သည် မြတ်စွာဘုရားကို ရှိခိုး၍ ''ရှင်ပင်ဘုရား.... အကျွန်ုပ်တို့အား သည်းခံတော်မူပါ''ဟုသည်းခံစေ၍ တင့်အပ်သောအရပ်၌ နေကုန်၏၊ ထိုအခါ ထိုသူတို့အား မြတ်စွာဘုရားသည် ဒါန,သီလ အစရှိသော အစဉ်စကားကို ပြောဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ကုက္ကုဋ မိတ္တမုဆိုးသည် သားခုနစ်ယောက်တို့နှင့်ငင်း, ချွေးမခုနစ်ယောက်တို့နှင့် ငင်း တကွ မိမိလျှင် တကျိပ်ငါးယောက်မြောက်ဖြစ်၍**သောတာပတ္တိဖိုလ်** ၌ တည်လေကုန်၏။

မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီး သော် ကျောင်းသို့ကြွတော်မူလေ၏၊ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ''ရှင်ပင်ဘုရား.... အဘယ်အရပ်သို့ ကြွတော်မူချေ သနည်း''ဟု မေး၏၊''အာနန္ဒာ....ကုက္ကုဋမိတ္တမုဆိုး၏အထံသို့ သွား ချေသည်''ဟု မိန့်တော်မူ၏၊ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ပါဏာတိပါတ်ကို ပြုသောသူ၏အထံသို့ အရှင်ဘုရားတို့၏ကြွခြင်းသည် အကြောင်းအသို့ဖြစ်သနည်း''ဟုလျှောက်သော်''ဩော်–အာနန္ဒာ.... ထိုကုက္ကုဋမိတ္တမုဆိုးသည် သားချွေးမတကျိပ်လေးယောက်တို့နှင့်တကွ မိမိကိုယ်လျှင်တကျိပ်ငါးယောက်မြောက်ဖြစ်၍ မတုန်လှုပ်သော သဒ္ဓါ ခြင်း၌တည်၍ သုံးပါးသော သရဏဂုံတို့၌ ယုံမှားကင်းသည်ဖြစ်၍ မကောင်းမှုကို မပြုသည်ဖြစ်ကုန်ပြီ''ဟု မိန့်တော်မူလျှင် ရဟန်းတို့သည် လျှောက်ပြန်ကုန်၏။

"ရှင်ပင်ဘုရား····ထိုမှူးဆိုးအား မယားသည်လည်း ရှိသည်မဟုတ်လော"ဟု လျှောက်ကုန်၏၊ "ချစ်သားရဟန်းတို့····မယားရှိသည်ဟုတ်၏၊ ထိုမယားသည် အမိအဘတို့၏အိမ်၌သတို့သမီးငယ်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ရောက်၏"ဟု မိန့်တော်မူ၏၊ ရဟန်းတို့သည် စကားကိုဖြစ်စေကုန်၏၊ကုက္ကုဋမိတ္တမှူးဆိုး၏မယားသည်သတို့သမီးငယ်ဖြစ်သောအခါ၌ပင် သောတာပတ္တိဖိုလ်သို့ရောက်၏၊ ထိုမှူးဆိုး၏အိမ်သို့ ရောက်၍ ခုနစ်ယောက်သော သားတို့ကိုရ၏၊ ဤမျှသောကာလပတ်လုံး မိမိလင်သည် လေးကိုဆောင်ခဲ့လော့၊ လှံကိုဆောင်ခဲ့လော့၊မြှားတို့ကိုဆောင်ခဲ့လော့၊ ပိုက်တို့ကိုဆောင်ခဲ့လော့-ဟု ဆိုအပ်သည်ရှိသော် ထိုအလုံးစုံကိုယူ၍ပေး၏၊ ထိုမှူးဆိုးသည်လည်း ထိုမယားပေးအပ်သော လေး,မြှားစသည်တို့ကိုယူ၍ တောသို့သွား၍ ပါဏာတိပါတ်ကိုပြု၏၊ အကြောင်းအသို့နည်း၊ သောတာပန်တို့ပင်တည်း သူ့အသက်သတ်ခြင်းကို ပြုကုန်သေးသလော"ဤသို့စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည်တရားသဘင်သို့လာတော်မူ၍"ချစ်သားရဟန်းတို့····ယခုငါလာတော်မူသောအခါ၌အဘယ်မည်သော စကားကြောင့်စည်းဝေးကြကုန်သနည်း"ဟုမေးတော်မူ၍ ဤမည်သောစကားကြောင့်ဟူ၍ နားတော်လျှောက်သော်"ချစ်သားရဟန်းတို့····သောတာပန်တို့သည် ပါဏာတိပါတ်ကို မပြုကုန်၊ ထိုကုက္ကုဋမိတ္တမှူးဆိုး၏ မယားသည်ကား-လင်၏စကားကိုလိုက်နာအံ့ဟူ၍ ထိုလေး,မြှား,လှံအစရှိသည်တို့ကို ပေးခြင်းကိုပြု၏၊ ဤလက်နက်ကိုယူ၍"ဤမှူးဆိုးသည် တောသို့သွား၍ သူ့အသက်သတ်ခြင်းကို ပြုစေသတည်း"ဟု မှူးဆိုးမယားအား စိတ်သည်မရှိ၊ဥပမာကား-လက်ဝါး၌ အမာမရှိသောသူအား အဆိပ်ကိုပင်ကိုင်သော်လည်း ထိုအဆိပ်သည်လောင်အံ့သောငှာ မတတ်နိုင်သကဲ့သို့ ထို့အတူ အကုသိုလ်စေတနာ၏ မဖြစ်ခြင်းဖြင့် မကောင်းမှုကို ပြုသောသူအား လေးအစရှိသည်တို့ကို ထုတ်၍ပေးငြားသော်လည်း မကောင်းမှုမည်သည်မဖြစ်"ဟု မိန့်တော်မူ၍ တရားဟောတော် မူလိုသော မြတ်စွာဘုရားသည်—

ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။ ။

ဟူသောဂါထာကိုဟောတော်မူ၏။

အမိပ္ပါယ်ကား–လက်ဝါး၌ အမာရှိသည်မဖြစ်အံ့၊ လက်ဝါးဖြင့် အဆိပ်ကိုဆောင်ငြားအံ့၊ အမာမရှိသော လက်ဝါးသို့ အဆိပ်သည် မလိုက်သကဲ့သို့အသက်သတ်ခြင်းကို မပြုမူ၍ လေး, လှံကိုကိုင်ကာမျှဖြစ်သောသူအား မကောင်းမှုသည်မရှိဟုလိုသည်။

ဒေသနာတော်၏ အဆုံး၌များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ကုန်၏။

---

## ၂၀၅။ ကုက္ကုဋမိတ္တမုဆိုးလင်မယားသားချွေးမတို့၏ အတိတ်ဝတ္ထုကိုဟောတော်မူခြင်း

သားချွေးမနှင့် တကွ ကုက္ကုဋမိတ္တအား သောတာပတ္တိ မဂ်၏ ဥပနိဿယသည် အကြောင်းအဘယ်သို့နည်း-ဟု ရဟန်းတို့သည်စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားလာတော်မူ၍ ''ချစ်သားရဟန်းတို့·· ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း''ဟု မေးတော်မူ၍ ဤမည်သောစကားကြောင့်တည်းဟု လျှောက်ပေသော် ''ချစ်သား တို့····လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ **ဓာတ်တော်စေတီ**ကို စီရင်ကုန်သော် ဤသို့ဆိုကုန်၏၊ ဤစေတီအား သလွတ်မြေသည် အဘယ်သို့ ဖြစ်လတ္တံ့နည်း၊ ရေသည်အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု တိုင်ပင်ကုန်သော် ဆေးဒန်းမြင်းသီလာသည် သလွတ်မြေဖြစ်လတ္တံ့၊ နှမ်းဆီသည် ရေဖြစ်လတ္တံ့-ဟု ကြံကုန်၏၊ ထိုသူတို့သည် ဆေးဒန်းမြင်း သီလာကိုညက်စွာထောင်းထု၍နှမ်းဆီဖြင့်နယ်၍ အုဋ္ဌတို့ကိုစီ၍ ရွှေဖြင့် အတွင်း၌စီကုန်၏၊အပမုခ်၌ကား-တခဲနက် ရွှေအုဋ္ဌတို့သည် ဖြစ်ကုန်၏၊ တချပ်တချပ်သော အုဋ္ဌတို့သည် အဘိုးအသပြာတထောင်ထိုက်ကုန်၏။

ထိုသူတို့သည် ဓာတ်တော်စေတီဌာတ်ပြီးလျှင် ကြံကုန်၏၊ ''ဓာတ်တော် မြှုပ်ထားသောကာလ၌ များစွာသော ဥစ္စာဖြင့် လိုအပ်၏၊ အဘယ်သူ့ကို အကြီးပြုကုန်အံ့နည်း''ဟု ကြံကုန်သော် ထိုသူတို့တွင် တယောက်သောရွာနေသူဌေးသည် ငါသည် အကြီးဖြစ်အံ့-ဟု ဓာတ်တော်မြှုပ်ထားသောအခါ၌ တကုဋေသောငွေကိုထည့်၏၊ ထိုသို့ထည့်သည်ကိုမြင်၍ ဤမြို့နေသူဌေးသည် ဥစ္စာပေါများပါလျက် ဤသို့သဘော

ရှိသောစေတီတော်၌ အကြီးဖြစ်အံ့သောငှာမတတ်နိုင်၊ ရွာနေသူဌေး သည် သပြာတကုဋေကိုထည့်၍ အကြီးဖြစ်လေပြီဟု ကဲ့ရဲ့ကုန်၏၊ မြို့နေ သူဌေးသည် ထိုသူတို့၏ကဲ့ရဲ့သောစကားကိုကြား၍ ငါသည် အသပြာ နှစ်ကုဋေထည့်၍ အကြီးဖြစ်အံ့ဟုပေး၏၊ရွာနေသူဌေးသည် ငါသာလျှင် အကြီးဖြစ်လတ္တံ့-ဟူ၍ သုံးကုဋေသောအသပြာကိုပေး၏၊ ဤသို့သော နည်းဖြင့်ပွား၍ မြို့နေသူဌေးသည် ရှစ်ကုဋေသော အသပြာတို့ကိုပေး၏။

ရွာနေသူဌေး၏အိမ်၌ကား ကိုးကုဋေသော အသပြာသည်သာရှိ၏၊ မြို့နေသူဌေး၏အိမ်၌ကား လေးဆယ်လေးကုဋေသော အသပြာဥစ္စာ သည်ရှိ၏၊ထိုကြောင့် ရွာနေသူဌေးသည်ကြံ၏၊ ငါသည် ကိုးကုဋေသော အသပြာတို့ကိုပေးအံ့-ဟု အကယ်၍ဆိုအံ့၊ ထိုမြို့နေသူဌေးသည် ဆယ် ကုဋေသောအသပြာကိုပေးလတ္တံ့၊ ထိုအခါ၌ ငါ့အားမြှုပ်ထားသော ဥစ္စာသည်လည်း မထင်လတ္တံ့၊ ဤသို့ကြံပြီး၍ ထိုရွာနေသူဌေးသည် ဤ သို့ဆို၏၊"ငါသည် ကိုးကုဋေအသပြာကိုလည်းပေးအံ့၊ သားမယားနှင့် တကွ စေတီတော်၏ကျွန်သည်လည်း ဖြစ်လတ္တံ့"ဟုဆို၍ ခုနစ်ယောက် သောချွေးမ-ခုနစ်ယောက်သောသားတို့ကိုဂုဏ်း, မယားသူဌေးမကိုဂုဏ်း ယူ၍ မိမိကိုယ်နှင့်တကွ စေတီတော်အားဆောက်နှင်း၏၊ တိုင်းနေသူတို့ သည်"ဥစ္စာမည်သည်ကိုဖြစ်စေခြင်းငှာတတ်ကောင်း၏၊ကိုယ်ကိုဆောက် နှင်းခြင်းငှာသာခဲခက်သည်၊ဤရွာနေသူဌေးသည်ကား သားမယားနှင့် တကွ မိမိကိုယ်ကိုဆောက်နှင်းပေ၏၊ ဤသူသည်သာ အကြီးဖြစ်စေ သတည်း"ဟု ထိုရွာနေသူဌေးကိုသာလျှင် အကြီးတင်ကုန်၏။

ဤသို့အားဖြင့် ထိုတကျိပ်ခြောက်ယောက်သောသူတို့သည် စေတီ တော်၏ကျွန်ဖြစ်ကုန်၏၊ လူများတို့သည် ထိုသူတို့ကိုတော်လှန်သည်ကို ပြုကုန်၏၊ဤသို့ တော်လှန်ပြီးသော်လည်း စေတီတော်ကိုသာ သုတ်သင် လျက် အသက်ရှည်သမျှသော ကာလပတ်လုံးတည်၍ ထိုကိုယ်၏အဖြစ် မှစုတေကုန်သော် နတ်ပြည်၌ဖြစ်လေကုန်၏၊ထိုသူတို့သည် ဘုရားတဆူ နှင့်တဆူအကြား နတ်ပြည်၌ ကျင်လည်ကုန်ပြီးသော် ဤငါတို့ဘုရားဖြစ် တော်မူသောအခါ၌ မယားသည်နတ်ပြည်မှစုတေခဲ့၍ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်လေ၏၊ ထိုသူဌေးသမီးသည် သတ္တုသမီးငယ်ဖြစ်သော

အခါကပင် သောတာပန်ဖြစ်၏၊မမြင်အပ်သေးသော သစ္စာရှိသောသူအား ပဋိသန္ဓေနေခြင်းမည်သည်ကား ဝန်လေး၏၊ ထိုကြောင့် ထိုသတို့သမီး၏လင်သည် နတ်ပြည်မှ လူ့ပြည်သို့ပြန်သည်ရှိသော် မှုဆိုး၏အိမ်၌ဖြစ်လေ၏၊ ထိုမှုဆိုးအားမြင်သည်နှင့်တကွ သူဌေးသမီး၏ချစ်ခြင်းသည် လွှမ်းမိုး၏။

> ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နေ ဟိတေနဝါ၊
> ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။ ။

ဟူ၍ ဘုရားဟောတော်မူ၏၊ ထိုသတို့သမီးသည် ရှေး၌ချစ်ခြင်းဖြင့် မုဆိုးအိမ်သို့ရောက်လေ၏၊ သားတို့သည်လည်း နတ်ပြည်မှစုတေ၍ ထိုသူဌေးသမီးဝမ်း၌ ပဋိသန္ဓေယူကုန်၏၊ ချွေးမတို့သည် ထိုထိုသို့သောအမျိုးတို့၌ ဖြစ်ကုန်၍လည်း အရွယ်ရောက်သောအခါ ထိုသူတို့၏အိမ်သို့သာရောက်ကုန်၏၊ ဤသို့လျှင် ထိုအလုံးစုံသောသူတို့သည် ကဿပဘုရားဖြစ်သောအခါ စေတီတော်ကိုပြုစုသုတ်သင်ပြင်ဆင်သောကောင်းမှု၏အာနုဘော်ကြောင့် သောတာပတ္တိဖိုလ်သို့ရောက်ကုန်၏၊ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် တဆယ့်ကိုးဝါမြောက်ဝါ၌ များစွာသောဝေနေယျတို့ကို တရားအမြိုက်တိုက်ကျွေးတော်မူ၏။

ဘုရားဖြစ်တော်မူသည်မှစ၍ ဤတဆယ့်ကိုးဝါမြောက်ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူသည့်တိုင် မြတ်စွာဘုရားသည် **အနိယတဝုဋ္ဌ** မမြဲသောနေခြင်းဖြင့် အလှည့်အလည် ဝါဆိုတော်မူသတည်း၊အဝါနှစ်ဆယ်ပြည့်ဝါမှစ၍ နှစ်ဆယ့်ငါးဝါမြောက်တိုင်အောင် နှစ်ဆယ့်ခြောက်နှစ်ပတ်လုံးကား သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး,ဝိသာခါ ဒါယိကာမတို့၏ ကျေးဇူးကြီးသော အဖြစ်ကိုစွဲ၍ အမြဲဝါဆိုတော်မူ၏၊ ဇေတဝန်ကျောင်းတော်၌ အဝါနှစ်ဆယ်၊ ပုဗ္ဗါရုံကျောင်းတော်၌ ခြောက်ဝါဆိုတော်မူ၏၊အဆုံးစွန် လေးဆယ့်ငါးဝါမြောက်၌ကား ဝေသာလီပြည်၏အနီး ဗေလုဝရွာ၌ ဝါဆိုတော်မူသတည်း။

## ၂၀၆။ ဝိသတိမဝါ၌ အာနန္ဒာသူဌေးကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း

တဆယ့်ကိုးဝါမြောက် ဝါကျွတ်တော်မူလျှင် ဒေသစာရီကြွတော်မူသောအားဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဇေတဝန်ကျောင်းတော်၌နေတော်မူ၏၊ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အာနန္ဒာသူဌေးကို အကြောင်းပြု၍ "ပုတ္တမတ္ထိ" အစရှိသောတရားကိုဟောတော်မူ၏၊ အကြောင်းဝတ္ထုကား-သာဝတ္ထိပြည်၌ **ကုဋေရှစ်ဆယ်** ကြွယ်သော အာနန္ဒာသူဌေးသည်ရှိ၏၊ ထိုသူဌေးသည် အလွန်ဝန်တိုသည်ဖြစ်၏၊ ထိုသူဌေးသည် လခွဲတကြိမ် အဆွေအမျိုးတို့ကို စည်းဝေးစေ၍ မူလသိရီအမည်ရှိသောသားကို သုံးပါးသောအခါတို့၌ ဤသို့ဆုံးမ၏၊ ကုဋေလေးဆယ်သောဥစ္စာကို များ၏ဟု အမှတ်မပြုလင့်၊ ထင်ရှားရှိသောဥစ္စာကို သူတပါးအားမပေးအပ်၊ အသစ်ဖြစ်သောဥစ္စာကို ဖြစ်စေအပ်၏၊ တသပြာ,တသပြာကိုပင် သုံးဆောင်ခြင်းကို ပြုသောသူအား ဥစ္စာသည် ကုန်လတ်သလျှင်ကတည်း၊ ထိုကြောင့် မျက်စဉ်းတို့၏ကုန်ခြင်းကိုမြင်၍ ခြတို့၏မြူမှုန်ပေါင်းစုခြင်းကို၎င်း,ပျားတို့၏ဝတ်ရက်ပေါင်းစုခြင်းကို၎င်းမြင်၍ ပညာရှိသောသူသည် အိမ်၌နေရာ၏-ဟု"အဉ္ဇနာနံ ခယံ ဒိသွာ"စသော ဂါထာကိုရွတ်၍ဆုံးမ၏။

ထိုသူဌေးသည်အခါတပါးသော်မိမိမြှုပ်ထားအပ်သော**ရွှေအိုးငါးလုံး**တို့ကို သားအားမကြားမူ၍လျှင် ဝန်တိုခြင်းဟူသော အညစ်အကြေးလိမ်းကျံသည်ဖြစ်၍သေခဲ့သော် ထိုသာဝတ္ထိပြည်၌သာလျှင် တခုသောတံခါးအနီး ဒွန်းစဏ္ဍားတို့နေရာ အိမ်ခြေတထောင်ရှိသောရွာဝယ် တယောက်သော ဒွန်းစဏ္ဍားမ၏ဝမ်း၌ ပဋိသန္ဓေယူလေ၏၊မဟာကောသလမင်းကြီးသည် ထိုသူဌေးသေသောအကြောင်းကို ကြား၍ ထိုသူဌေး၏သား မူလသိရီကိုခေါ်စေ၍ သူဌေးအရာ၌ထား၏၊ ထိုဒွန်းစဏ္ဍားတထောင်သည် တပေါင်းတည်းအခစားသဖြင့် အမှုကိုပြု၍ အသက်မွေးသည်ရှိသော်ထိုသူဌေး၏ပဋိသန္ဓေနေသောအခါမှစ၍ အခကိုမရ၊ မျှလောက်ရုံသောထမင်းမှ အလွန်ဖြစ်သော ထမင်းတခဲကိုမျှလည်းမရ။

ထိုဒွန်းစဏ္ဍားတထောင်တို့သည်''ငါတို့သည်ယခုအခါ၌ ထမင်းတခဲကိုမျှမရကုန်၊ငါတို့အပေါင်း၌ တယောက်သော သူယုတ်မာရှိသည်ဖြစ်ရာ၏''ဟု နှစ်စုခွဲ၍၊အကြင်မျှလောက် ထိုသူ၏အမိ,အဘတို့သည် အသီးဖြစ်ကုန်၏၊ထိုမျှလောက်ခွဲ၍ ဤအိမ်၌ သူယုတ်သည်ဖြစ်၏-ဟု အမိကိုစွန့်ပစ်နှင်ထုတ်ကုန်၏၊ထိုအမိသည်လည်း အကြင်မျှလောက်သောကာလပတ်လုံး ထိုသူသည်ဝမ်း၌ဖြစ်၏၊ထိုမျှလောက်ထမင်းကိုငြိုငြင်သဖြင့်ရှာ၍ သားဘွားရ၏၊ထိုသူငယ်အား လက်,ခြေ,မျက်စိ,နား,နှာခေါင်းတို့သည်ဝင်း၊ခံတွင်းသည်ဝင်း၊တည်မြဲတိုင်းအရာ၌မတည်ကုန်၊ထိုသူသည်ဤသို့သဘောရှိသောအင်္ဂါကြီး,ငယ်၏-ချို့တဲ့ခြင်းဖြင့် မြေဘုတ်ဘီလူးကဲ့သို့အဆင်းမလှသည်ဖြစ်၏၊ဤသို့ဖြစ်သော်လည်း ဝမ်း၌အောင်းသောသား၌ ချစ်ခြင်းအားကြီးသည်ဖြစ်၍ အမိသည် ထိုသားကိုမစွန့်၊ထိုအမိသည်ထိုသားကိုငြိုငြင်သဖြင့် မွေးကျွေးသည်ရှိသော် ထိုသူငယ်ကိုယူ၍ လှည့်ပတ်သွားလာ တောင်းစားသောနေ့၌ တစုံတခုမျှမရ၊ အိမ်၌ထားခဲ့၍မိမိချည်းသွား၍ တောင်းစားသောနေ့၌ စားလောက်ရုံရ၏။

ထိုအခါ ထိုသူငယ်၏ မိမိအလျောက်တောင်းစား၍ အသက်မွေးစွမ်းနိုင်လောက်သော အရွယ်သို့ရောက်လျှင် ခွက်ကို လက်၌ထား၍''ချစ်သား····ငါတို့သည် သင့်ကိုမှီ၍ ကြီးစွာသောဆင်းရဲသို့ရောက်ပြီ၊ယခုအခါ ငါတို့သည် သင့်ကိုမမွေးနိုင်ပြီ၊ ဤမြို့၌အထီးကျန် ခရီးသွားစသည်တို့အား စီရင်အပ်သော ထမင်းတို့သည် ရှိကုန်၏၊ ထိုအရပ်၌တောင်းစား၍ အသက်မွေးလေတော့''ဟု ထိုသူငယ်ကိုလွှတ်လိုက်၏၊ထိုသူငယ်သည် အိမ်စဉ်အတိုင်း အတောင်းစားသွားသော် အာနန္ဒာသူဌေးဖြစ်စဉ်က နေရာအရပ်သို့ရောက်၍ အမျိုးမာန်ဖြင့် ယစ်သည်ဖြစ်၍ မိမိအိမ်သို့ဝင်လေ၏၊ တံခါးသုံးတန်တို့၌ တစုံတယောက်သောသူသည် ထိုသူကိုမမှတ်မိ၊ လေးခုသောတံခါးမုခ်၌ မူလသိရီသူဌေးသားသည်မြင်၍ ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍ငို၏။

ထိုအခါ ထိုသူကိုသူဌေးကျွန်ယောက်ျားတို့သည် ''ဟယ်သူယုတ်····ထွက်လေ''ဟု သတ်ပုတ်တွန်းထိုးနှင်ထုတ်၍ တံမြက်ချေးစွန့်ရာ၌ ပစ်ထားကုန်၏၊အာနန္ဒာမထေရ် နောက်လိုက်ရဟန်းရှိသည်ဖြစ်၍ ဆွမ်းခံ

ကြွသောမြတ်စွာဘုရားသည် ထိုသူ့အကောင်ကိုမြင်၍ အရှင်အာနန္ဒာကို ပြန်၍ ကြည့်တော်မူသဖြင့် အရှင်အာနန္ဒာက မေးလျှောက်သော် ထိုအကြောင်းကိုကြားတော်မူ၍ ရှင်အာနန္ဒာကို မူလသိရီသူဌေးကိုခေါ်စေ၏၊ များစွာသော လူအပေါင်းသည်လည်း စည်းဝေး၏၊ မြတ်စွာဘုရားသည်မူလသိရီသူဌေးကိုခေါ်၍"ဤသူကိုသင်သိ၏လော"ဟုမေး၍ "မသိပါ"ဟု လျှောက်သော်"သင်၏အဘ အာနန္ဒာသူဌေးပင်တည်း" ဟုမိန့်၍မယုံသော်"အာနန္ဒာသူဌေး…သင်၏ ရွှေအိုးငါးလုံးတို့ကိုကြားဘိလော"ဟု ကြားစေ၍ မူလသိရီသူဌေးကိုယုံကြည်စေ၏၊ ထိုမူလသိရီသူဌေးသည် မြတ်စွာဘုရားကိုကိုးကွယ်ခြင်းသို့ရောက်၏၊ မြတ်စွာဘုရားသည် သူဌေးအား တရားဟောလိုသည်ဖြစ်၍—

ပုတ္တာ မတ္ထိ ဓနာ မတ္ထိ၊ ဣတိဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊ကုတော ပုတ္တော ကုတော ဓနံ။

ဟူ၍ဟောတော်မူ၏။

အဓိပ္ပါယ်ကား—သားသည်ရှိ၏၊ ဥစ္စာသည်ရှိ၏၊ ဤသို့သား၌တပ်သဖြင့်,ဥစ္စာ၌တပ်သဖြင့် သူမိုက်သည်ဆင်းရဲပင်ပန်း၏၊ မိမိကိုယ်သည်ပင်လျှင် မိမိ၏ကိုးကွယ်ရာမဖြစ်၊ သားသည်၎င်း,ဥစ္စာသည်၎င်း အဘယ်မှာကိုးကွယ်ရာဖြစ်အံ့နည်း-ဟူလိုသည်။

ဒေသနာတော်၏အဆုံး၌ရှစ်သောင်း,လေးထောင်သောဝေနေယျတို့သည်သစ္စာလေးပါးတရားကိုသိကုန်၏၊ဤသို့အစရှိသောဒေသနာတော်ဖြင့်များစွာသော ဝေနေယျတို့ကို တရားဟောရွတ်ကယ်ချွတ်တော်မူ၏၊ ဤဝါသည် နှစ်ဆယ်ပြည့်ဝါတည်း။

---

## ၂၀၇။ မြတ်စွာဘုရားပေးအပ်သောဆုရှစ်ပါးကိုယူ၍ ရှင်အာနန္ဒာလုပ်ကျွေးခြင်း

ဤသို့လျှင် ပဌမဗောဓိအဝါနှစ်ဆယ်တို့ပတ်လုံးမြတ်စွာဘုရားအား အလုပ်အကျွေးတို့သည် အမြဲမရှိကုန်၊ တရံတခါ နာဂသမာလထေရ်လုပ်ကျွေး၏၊ တရံတခါဥပဝါဏထေရ်သည်လည်း လုပ်ကျွေး၏၊ တရံတခါ သုနက္ခတ္တထေရ်,တရံတခါစုန္ဒသာမဏေကြီး, တရံတခါသာဂတ

ထေရ်, တရံတခါ ရာဓထေရ်, တရံတခါ မေဃိယထေရ် လုပ်ကျွေးသတည်း၊ အရှင်မေဃိယထေရ်ကား-တဆယ့်ရှစ်ဝါမှစ၍ နှစ်ဆယ်ပြည့်ဝါတိုင်အောင် လုပ်ကျွေးသတည်း။

နာဂသမာလ ထေရ်လုပ်ကျွေးသောအခါ၌ မြတ်စွာဘုရားသည် ထိုမထေရ်နှင့်တကွ ခရီးသွားတော်မူသော် နှစ်ဖြာခွဲသော ခရီးသို့ရောက်လေလျှင် ထိုမထေရ်သည် ခရီးလွဲ၍ "အရှင်ဘုရား....အကျွန်ုပ်သည် ဤခရီးဖြင့်သွားပါအံ့"ဟုလျှောက်၏၊မြတ်စွာဘုရားလည်း"ရဟန်း....လာလော့၊ ဤခရီးဖြင့်သွားကုန်အံ့"ဟုမိန့်၏၊ ထိုအခါ ထိုမထေရ်သည် "ရှင်ပင်ဘုရား....သပိတ်,သင်္ကန်းကိုယူတော်မူ၊ ဤခရီးဖြင့် အကျွန်ုပ်သွားပါအံ့"ဟုဆို၍ သပိတ်,သင်္ကန်းကိုမြေ၌ချမည်ပြု၏၊ထိုအခါမြတ်စွာဘုရားသည် "ရဟန်း....ဆောင်ယူခဲ့လော့"ဟု မိန့်တော်မူ၍ သပိတ်, သင်္ကန်းကိုယူ၍ ကြွတော်မူရ၏၊ ခရီးတကြောင်းဖြင့် သွားလေသော် ထိုမထေရ်၏ သပိတ်,သင်္ကန်းတို့ကို ခိုးသူယူလေ၏၊ ဦးခေါင်းကိုလည်း ကွဲအောင်ရိုက်ပုတ်ကုန်၏၊ ထိုရဟန်းသည် ယခုအခါ ဘုရားသာလျှင်ကိုးကွယ်ရာဖြစ်တော့သည်၊ တပါးကိုးကွယ်ရာမရှိပြီ-ဟုကြံ၍ သွေးယိုသော ဦးခေါင်းဖြင့် မြတ်စွာဘုရား၏ အထံတော်သို့ လာပြန်သောကြောင့် "ရဟန်း....ဤအမှုသည် အသို့နည်း"ဟု မိန့်တော်မူသော် ထိုအကြောင်းကိုကြားလျှောက်၏၊ထိုအခါ"ရဟန်း..မကြံလင့်၊ဤအကြောင်းကိုမြင်၍ သင့်ကိုငါမြစ်တားပြီ"ဟုမိန့်တော်မူ၍သက်သာစေ၏။

မေဃိယထေရ်လုပ်ကျွေးသောအခါ၌လည်း ထိုမထေရ်နှင့်တကွ မြတ်စွာဘုရားသည် ပါစီနဝံသဒါယ၌ ဇန္တုရွာသို့ကြွတော်မူ၏၊ ထိုမထေရ်သည် ထိုဇန္တုရွာ၌ ဆွမ်းခံလေသော် မြစ်နား၌ကြည်ညိုဘွယ်ရှိသောသရက်တောကိုမြင်၍"ရှင်ပင်ဘုရား...သပိတ်,သင်္ကန်းကိုယူတော်မူ၊ အကျွန်ုပ်သည် ဤသရက်ဥယျာဉ်၌ ရဟန်းတရားကို ပြုပါအံ့"ဟုဆို၍ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်အောင် မြစ်တားသော်လည်းသွား၍ အကုသလဝိတက်ဖြင့် အဘန်တလဲလဲနှိပ်စက်သည်ဖြစ်၍တဘန်ပြန်လာ၍ အကြောင်းကိုလျှောက်၏၊ထိုမေဃိယထေရ်ကိုလည်း "ဤအကြောင်းကိုမြင်၍ သင့်ကိုငါမြစ်တားအပ်ပြီ"ဟု မိန့်တော်မူ၍ နှစ်သိမ့်စေ၏။

နှစ်ဆယ်ပြည့်ဝါ ဝေဠုဝန်ကျောင်းတော်၌ဝါဆို၍ ဒေသစာရီကြွ တော်မူလျှင် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်တော်မူ၍ ဇေတဝန် ပရိဝုဏ်၌ခြင်းအပ်သော ဘုရားနေရာ၌နေတော်မူလျက် ရဟန်းသံဃာ ခစားခြံရံလာသောအခါ၌ ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သား ရဟန်းတို့....ယခုအခါ၌ ငါသည်အသက်အရွယ်ကြီးသည်ဖြစ်ခဲ့၏၊အချို့ သောရဟန်းတို့သည် ဤခရီးဖြင့်သွားအံ့-ဟု ဆိုသော် တပါးသောခရီး ဖြင့် သွားကုန်၏၊ အချို့သောရဟန်းတို့သည် ငါ၏သပိတ်, သင်္ကန်းကို မြေ၌ချကုန်၏၊ ငါ့အား အမြဲလုပ်ကျွေးသော ရဟန်းတယောက်ကို သိကုန်လော့"ဟု မိန့်တော်မူ၏၊ ရဟန်းတို့အား တရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည် ဖြစ်၏။

ထိုအခါ**အရှင်သာရိပုတ္တရာ**သည် နေရာမှထ၍ ရှိခိုးလျက် "အရှင် ဘုရား....အကျွန်ုပ်သည် အရှင်ဘုရားတို့ကို တောင့်တ၍ကမ္ဘာတသိန်း အလွန်ရှိသော တသင်္ချေကာလပတ်လုံး ပါရမီတို့ကိုဖြည့်၏၊ အကျွန်ုပ် ကဲ့သို့ သဘောရှိသော ပညာကြီးသောသူသည် လုပ်ကျွေးသင့်ပါသည် မဟုတ်လော၊ အကျွန်ုပ်လုပ်ကျွေးပါအံ့"ဟု လျှောက်၏၊ "ချစ်သား သာရိပုတ္တရာ....အကြင်အရပ်၌သင်နေ၏၊ထိုအရပ်သည်မဆိတ်ညံသည် ဖြစ်၏၊သင်၏ အဆုံးအမသည် ဘုရားရှင်တို့၏ အဆုံးအမနှင့်တူ၏၊ ထို့ ကြောင့် ငါ့အား သင်သည်လုပ်ကျွေးအပ်သော ကိစ္စမည်သည်မရှိ"ဟု ရှင်သာရိပုတ္တရာကို ပယ်တော်မူ၏၊ ဤသို့သော နည်းဖြင့် အရှင် မောဂ္ဂလာန်ကို အစပြု၍ ရှစ်ကျိပ်သော မဟာသာဝက တို့သည် လျှောက် တောင်းပန်ကုန်၏၊ ထိုအလုံးစုံကို ပယ်တော်မူ၏၊ အရှင် အာနန္ဒာမထေရ်မူကား ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။

ထိုရေအခါ **အရှင်အာနန္ဒာ**ကို ရဟန်းတို့သည် ဆိုကုန်၏၊ "အရှင် **အာနန္ဒာ**....ရဟန်းသံဃာသည် အလုပ်အကျွေး၏အရာကို တောင်းပန် ၏၊ သင်သည်လည်း တောင်းပန်ပါလော့"ဟု ဆိုကုန်၏၊"ငါ့ရှင်တို့.... တောင်းပန်၍ရသောအရာမည်သည်ကား အဘယ်သို့ သဘောရှိသည် ဖြစ်အံ့နည်း၊ ငါ့ကိုမြတ်စွာဘုရားသည် မမြင်ပါသလော၊ ငါ့ကိုအကယ် ၍နှစ်သက်အံ့၊အာနန္ဒာ....ငါ့ကို လုပ်ကျွေးလော့-ဟု ဆိုလတ္တံ့" ဟူ၍ ဆို၏၊ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရဟန်းတို့.... **အာနန္ဒာ**

ကို တပါးသောသူသည် မတိုက်တွန်းအပ်၊ မိမိကိုယ်တိုင်ပင်သိ၍ ငါ့ကို လုပ်ကျွေးလတ္တံ့" ဟု မိန့်တော်မူ၏၊ ထိုနောင်မှ ရဟန်းတို့သည် "ထလော့၊ ငါ့ရှင် အာနန္ဒာ....မြတ်စွာဘုရားထံအလုပ်အကျွေးအရာ ကိုတောင်းပန်လေလော့"ဟူ၍ ဆိုကုန်၏၊ အရှင်အာနန္ဒာမထေရ်သည် ပယ်ဆုလေးပါး,ပန်ဆုလေးပါးအားဖြင့် ရှစ်ပါးသောဆုတို့ကို တောင်း ပန်၍ လုပ်ကျွေး၏။

ပယ်ဆုလေးပါးမည်သည်ကား–

၁။ "ဘုန်းတော်ကြီးသောအရှင်ဘုရား....အရှင်ဘုရားသည် ကိုယ် တော်ရအပ်သောမွန်မြတ်သောသင်္ကန်းကိုအကယ်၍ အကျွန်ုပ် အား မပေးပါလတ္တံ့,

၂။ မွန်မြတ်သော ဆွမ်းကို အကယ်၍ မပေးပါလတ္တံ့,

၃။ တခုသောဂန္ဓကုဋီ၌အတူတကွ နေစိမ့်သောငှာ မပေးပါလတ္တံ့,

၄။ ဆွမ်းဘိတ်မန်ရာအရပ်သို့ အကျွန်ုပ်ကိုခေါ်၍မသွားပါလတ္တံ့–

ဤသို့ မပေးပါသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာဘုရားကို လုပ် ကျွေးပါအံ့"ဟု လျှောက်ဆို၍ "အာနန္ဒာ.... ဤပယ်ဆု လေးပါး၌ အဘယ်အပြစ်ကိုမြင်သနည်း"ဟု မိန့်တော်မူသော် "ဘုန်းတော်ကြီး သော အရှင်ဘုရား... ဤလေးပါးသော ဝတ္ထုတို့ကို အကျွန်ုပ်သည် အကယ်၍ရအံ့၊ သူတပါးတို့သည် ဆိုကုန်လတ္တံ့၊အာနန္ဒာသည်မြတ်စွာ ဘုရားထံမှ ရအပ်သော မွန်မြတ်သော သင်္ကန်းကိုဝတ်ရ၏၊ ဆွမ်းကို ဘုဉ်းပေးရ၏၊ တခုတည်းသော ဂန္ဓကုဋီ၌ အတူတကွနေရ၏၊တပေါင်း တည်းဆွမ်းဘိတ်မန်ရာသို့သွားရ၏၊ဤလာဘ်ကိုရ၍သာ မြတ်စွာဘုရား ကို လုပ်ကျွေး၏၊ဤသို့လာဘ်ကိုရသဖြင့်လုပ်ကျွေးသောသူအား အဘယ် သို့ ဝန်လေးအံ့နည်း-ဟု ဆိုကုန်ရာ၏၊ဤအပြစ်ကိုမြင်၍ဤပယ်ဆုလေးပါး ကို တောင်းပါသည်"ဟု လျှောက်၏။

ပန်ဆုလေးပါးမည်သည်ကား–

၁။ "ဘုန်းတော်ကြီးသော အရှင်ဘုရား..အကျွန်ုပ်ဝန်ခံအပ်သော ဘိတ်မန်ရာသို့ အကယ်၍ အရှင်ဘုရားသည် ကြွပါအံ့,

၂။ တိုင်းတပါးဇနပုဒ်တပါးမှ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှာ လာသော ပရိသတ်တို့ ရောက်သော ခဏ၌သာလျှင် အရှင်ဘုရားကိုပြခြင်းငှာ အကယ်၍ရပါအံ့,

၃။ အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသက်ာဖြစ်၏၊ ထိုခဏ၌ မြတ်စွာဘုရားသို့ကပ်ခြင်းငှာ အကယ်၍ရပါအံ့,

၄။ မြတ်စွာဘုရားသည် အကျွန်ုပ်၏မျက်ကွယ်၌ အကြင်တရားကို ဟော၏၊ ထိုတရားကို လာ၍ အကျွန်ုပ်အားဟောပါအံ့—

ဤဆုလေးပါးကိုရပါမူကားအကျွန်ုပ်သည် အရှင်ဘုရားကိုလုပ်ကျွေးပါအံ့''ဟု လျှောက်၏၊''အာနန္ဒာ···· ဤဆုလေးပါး၌ အဘယ်သို့သော အကျိုးကို မြင်သနည်း''ဟု မိန့်တော်မူသော် ''အရှင် ဘုရား···· ဤလောက၌ သဒ္ဓါကြည်ညိုသော အမျိုးသားသည် မြတ်စွာဘုရားအား လျှောက်ထားခွင့်မရသဖြင့် အကျွန်ုပ်ထံ အရှင်အာနန္ဒာ····နက်ဖြန် မြတ်စွာဘုရားနှင့်တကွ အကျွန်ုပ်အိမ်၌ ဆွမ်းခံပါ-ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ထိုအိမ်သို့ အကယ်၍မကြွခဲ့အံ့၊ အလိုရှိတိုင်းသော ခဏ၌ ပရိသတ်ကို ပြခြင်းငှာ အကယ်၍မရပါအံ့၊ ယုံမှားသက်ာကို ဖျောက်ခြင်းငှာ အလိုရှိသောခဏ၌မရပါအံ့၊ သူတပါးတို့ဆိုကုန်သည် ဖြစ်လတ္တံ့၊ ဤအာနန္ဒာသည် မြတ်စွာဘုရားကို မပြတ်လုပ်ကျွေး၏၊ ထိုအာနန္ဒာအားမြတ်စွာဘုရားသည်ဤမျှသောအခွင့်ကိုမျှမချီးမြှောက်ပါ-ဟု ဆိုကုန်ရာ၏၊ မြတ်စွာဘုရား၏ မျက်ကွယ်၌ အကျွန်ုပ်ကို ငါ့ရှင် အာနန္ဒာ····ဤဂါထာကို, ဤသုတ်ကို, ဤဇာတ်ကို အဘယ်အရပ်၌ မြတ်စွာဘုရား ဟောတော်မူသနည်း-ဟု မေးသောအခါ အကယ်၍ ထိုအမေးကိုအကျွန်ုပ်သည် မပြည့်စုံစေနိုင်ရှိခဲ့မူ၊ ငါ့ရှင်အာနန္ဒာ···· ဤမျှကိုလည်း သင်သည်မသိ၊ အဘယ့်ကြောင့် သင်သည် မြတ်စွာဘုရားကိုအရိပ်ကဲ့သို့ မစွန့်မူ၍ရှည်စွာသော နေ့,ညဉ့်ပတ်လုံးနေသနည်း-ဟုဆိုကုန်လတ္တံ့၊ ထို့ကြောင့် အကျွန်ုပ်၏ မျက်ကွယ်၌ ဟောသောတရားကို တဘန်ဟောခြင်းကိုအလိုရှိပါ၏''ဟု ဤလေးပါးသောပန်ဆုကို မြတ်စွာဘုရားအားလျှောက်၏၊ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအားပေးတော်မူ၏၊ အရှင်အာနန္ဒာသည် ဤဆုရှစ်ပါးတို့ကိုယူ၍ အမြဲအလုပ်အကျွေးသည်ဖြစ်၏။

ထိုအရှင်အာနန္ဒာသည် အလုပ်အကျွေးအရာကို ရသောနေ့မှစ၍ မြတ်စွာဘုရားကိုရေပူ-ရေချမ်း ကမ်းခြင်း,ဒန်ပူထု-ဒန်ပူပါး-မပါးမထူသောဒန်ပူအားဖြင့် တနေ့သုံးချောင်း, သုံးချောင်းသော ဒန်ပူကိုကပ်ခြင်း,ခြေဆုပ်နယ်ခြင်း, ဂန္ဓကုဋိပရိဝုဏ်၌ တံမြက်လှည်းခြင်း၊ ဤသို့အစရှိသော ကိစ္စတို့ဖြင့် လုပ်ကျွေးသည်ရှိသော် ဤမည်သောအရာ၌ မြတ်စွာဘုရားအား ဤမည်သောဝတ္ထုကိုရခြင်းငှာ,ဤမည်သောအမှုကိုပြုခြင်းငှာအပ်၏-ဟုအကြံဖြစ်၏၊ ထိုကြောင့်ဆီမီးတိုင်ကိုကိုင်၍ ကိုးကြိမ်ဂန္ဓကုဋိပရိဝုဏ်ကိုအစဉ်လှည့်၏။

ဤသို့သော အကြံသည်လည်းဖြစ်၏၊ အကယ်၍ ငါသည် ငိုက်မျဉ်းခြင်းသို့ရောက်အံ့၊ မြတ်စွာဘုရားခေါ်တော်မူသည်ရှိသော် စကားတုံ့ကိုပေးခြင်းငှာမတတ်နိုင်ရာ-ဟုအကြံဖြစ်၏၊ထိုကြောင့်ဆီမီးတိုင်ကိုညဉ့်သုံးယာမ်ပတ်လုံး လက်၌မလွှတ်သတည်း၊နောက်အခါ၌ မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌နေတော်မူလျက် များစွာသော အကြောင်းဖြင့်တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာ၏ကျေးဇူးကို ဆိုတော်မူ၍ ဤသာသနာတော်၌ ဗဟုဿုတ, သတိမန္တ, ဂတိမန္တ, ဓိတိမန္တ,ဥပဋ္ဌာက ပုဂ္ဂိုလ်တို့တွင် မြတ်သောအရာ၌ထားတော်မူ၏၊မြတ်စွာဘုရားအသက်တော်ငါးဆယ့်ငါးနှစ်ပြည့်မှ အရှင်အာနန္ဒာအလုပ်အကျွေးဖြစ်၍ နှစ်ဆယ့်ငါးဝါပတ်လုံးလုပ်ကျွေး၏။

---

## ၂၀၈။ အရှင်အာနန္ဒာအလုပ်အကျွေးဆုကို ပန်ခဲ့ဘူးသောရှေးဝတ္ထုကိုပြခြင်း

အရှင်အာနန္ဒာထေရ်သည် အလုပ်အကျွေးအရာကို ရလိုသည်ဖြစ်၍ ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားညီတော် သုမနမင်းသားဖြစ်သောအခါ၌ ဟံသာဝတီပြည်မှယူဇနာတရာ့နှစ်ဆယ်ခြားသောအရပ်၌ အဘအာနန္ဒာမင်းကကျွေးစားပေး၍ပုန်ကန်သောဇနပုဒ်တိုင်းကားကိုငြိမ်းစေသဖြင့် ခမည်းတော်နှစ်သက်သောကြောင့် ဆုပေးရာတွင် တပါးသောဆုကိုမယူမူ၍ ဘုရားအား ဝါတွင်းသုံးလတို့ပတ်လုံး လုပ်ကျွေးပါရအံ့သော ဆုကိုယူ၍ မိမိစားသောမြို့သို့ ဝါဆိုကြွတော်မူစိမ့်သော အကြောင်းကို မြတ်စွာ

ဘုရားအားလျှောက်ထားတောင်းပန်၍ ဟံသာဝတီပြည်မှယူဇနာတရာ့နှစ်ဆယ်ကွာသောခရီး၌တယူဇနာ, တယူဇနာလျှင် ကျောင်းတဆောင်, တဆောင်စီဆောက်ခဲ့၍ မိမိနေရာမြို့၌ သောဘဏာဥယျာဉ်၌ ရဟန်းတို့အား ညဉ့်နေရာ,နေ့နေရာ,ကုဋိတိုက်,စင်္ကြံတို့နှင့်တကွ သောဘဏာရာမကျောင်းကို တသိန်းသောဥစ္စာတို့ဖြင့် ဆောက်လုပ်၍ မြတ်စွာဘုရားအား ပင့်လျှောက်၍ကြွတော်မူလာသောအခါ ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရား အလုပ်အကျွေးဖြစ်သော အရှင်သုမနထေရ်၏ အနီး၌နေ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား လေးပါးသောပစ္စည်းတို့ဖြင့်လုပ်ကျွေး၍''အရှင်ဘုရားကဲ့သို့ တဆူသောဘုရားရှင်၏ အလုပ်အကျွေး တေဒဂ်ရဖြစ်ရပါလို၏''ဟု ဆုတောင်း၏၊ထိုမှစ၍ငါကို့ဘုရားဖြစ်သည်တိုင်အောင် ပါရမီကိုဖြည့်၍ အလုပ်အကျွေးအရာကို ရသတည်း၊ နှစ်ဆယ်ပြည့်ဝါကို အစပြု၍ သာဝတ္ထိပြည်၌သာ ဝါဆိုတော်မူ၏၊ ဆိုတော်မူသောဝါပေါင်းကား နှစ်ဆယ့်ငါးဝါတည်း။

---

## ၂၀၉။ မာရ်နတ်ကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း

သာဝတ္ထိပြည်၌ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူ၍ကောသလတိုင်းပဉ္စသာလကပုဏ္ဏားရွာ၌နေတော်မူလျက် မာရ်နတ်ကိုအကြောင်းပြု၍''သုသုခံဝတ ဇီဝါမ'' အစရှိသော တရားကိုဟောတော်မူ၏၊ ဝတ္ထုကား-တနေ့သ၌ မြတ်စွာဘုရားသည် ငါးရာသောသတို့သမီးငယ်တို့၏ သောတာပတ္တိမဂ်၏ ဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ ထိုပဉ္စသာလကရွာသို့ ဆွမ်းခံအမှီပြုလျက် နေတော်မူ၍ တနေ့သော် နက္ခတ်သဘင်၌ ထိုသတို့သမီးတို့သည် မြစ်သို့သွား၍ရေချိုးကုန်ပြီးလျှင် တန်ဆာဆင်အပ်ကုန်လျက် ရွာသို့ရှေးရှုလာကုန်၏၊ မြတ်စွာဘုရားသည် ထိုရွာသို့ဝင်၍ဆွမ်းရပ်တော်မူသည်ရှိသော် မာရ်နတ်သည် အလုံးစုံသောရွာသူတို့၏ကိုယ်၌ဝင်၍ အကြင်အခြင်းဖြင့် မြတ်စွာဘုရားအား တယောက်မျှသောဆွမ်းကိုမရ၊ ထိုအခြင်းဖြင့် ထိုရွာသူတို့ကိုလှည့်ပတ်၍ တယောက်မျှသောဆွမ်းကိုမလှူစေ၊ကန့်တော့ပါ၏-ဟူ၍သာ တရွာလုံးကိုဆိုစေ၏။

ဆေးတိုင်းသောသပိတ်ဖြင့် ရွာမှထွက်တော်မူသော မြတ်စွာဘုရားကို မာရ်နတ်သည်ရွာတံခါး၌ ရပ်နေနှင့်၍ "ရဟန်းကြီး....ဆွမ်းရပါစ"ဟု မေး၏၊ မြတ်စွာဘုရားလည်း "ယုတ်မာသော အလိုရှိသော မာရ်နတ်....အကြောင်းအခြင်းဖြင့်ပြုသော် ငါသည်ဆွမ်းမရ၊ ထိုအခြင်းဖြင့် သင်သည် ပြုသည်မဟုတ်လော"ဟု မိန့်တော်မူသော် "ထိုသို့တပြီးကား အရှင်ဘုရား...တဖန်ဝင်၍ဆွမ်းရပ်တော်မူဦးလော့" ဟူ၍ဆို၏၊ အကယ်၍ ဤရဟန်းကြီးသည် ဆွမ်းခံဝင်ပြန်အံ့၊ ခပ်သိမ်းသော သူတို့၏ကိုယ်၌ဝင်၍ ဤရဟန်းကြီးရှေ့၌ရပ်၍ လက်ခုတ်တီး၍ ပျက်ရယ်မှုကိုပြုအံ့-ဟု မာရ်နတ်အား အကြံသည်ဖြစ်၏။

ထိုခဏ၌ ထို သတို့သမီးငါးရာ တို့သည် ရွာတံခါးသို့ ရောက်လာ၍ မြတ်စွာဘုရားကိုရှိခိုး၍တင့်အပ်သောအရပ်၌ နေကြကုန်၏၊ မာရ်နတ်သည် မြတ်စွာဘုရားကိုဤသို့ဆို၏၊ "အရှင်ဘုရား....ဆွမ်းမရ၍မစားရသော် ငတ်မွတ်ခြင်းဆင်းရဲသည် မနှိပ်စက်ပါလော"ဟု မေး၏၊မြတ်စွာဘုရားက "ဟယ်-မာရ်နတ်....ယနေ့တစုံတခုကို မရသော်လည်း အာဘဿရဗြဟ္မာကဲ့သို့ ပီတိသုခဖြင့် လွန်စေအံ့"ဟု မိန့်တော်မူ၏။

သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။ ။
ဟူသောတရားတော်ကို ဟောတော်မူ၏။

**အနက်။** ။ပါဠိမ၊ ဟယ်-မာရ်ယုတ်။ ယေသံ နော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ရာဂ,ဒေါသစသော ကိလေသာဟူသော ကြောင့်ကြခြင်းသည်။ နတ္ထိ၊မရှိ။ တေ မယံ၊ ထိုငါတို့သည်။ အာဘဿရာ ဗြဟ္မာ-ယထာ၊ အာဘဿရဗြဟ္မာတို့ကဲ့သို့။ ပီတိဘက္ခာ၊ ဈာန်ဝင်စားခြင်း၌ နှစ်သက်ခြင်းပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ၊ဖြစ်ကုန်အံ့။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ၊ အသက်ရှည်ကုန်၏။

ဤတရားဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော သတို့သမီးတို့သည် သောတာပတ္တိမဂ်ကိုရ၍ သောတာပန်ဖြစ်လေကုန်၏။

## ၂၁၀။ အင်္ဂုလိမာလထေရ်ကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အင်္ဂုလိမာလထေရ်ကိုအကြောင်းပြု၍ "ယဿပါပံ ကတံကမ္မံ" အစရှိသော တရားဒေသနာတော်ကိုဟောတော်မူ၏၊ အကြောင်းဝတ္ထုကား သာဝတ္ထိပြည်၌ ပသေနဒိကောသလမင်း၏ အမတ်ပုရောဟိတ် အဂ္ဂပုဏ္ဏားအားခေါင်ပွန်း မန္တာနီမည်သော ပုဏ္ဏေးမသည် ရင့်သောကိုယ်ဝန်ရှိသဖြင့် ဆယ်လစေ့သော် တနေ့သောညဉ့်၌ သားဘွား၏၊ ထိုသားဘွားဆဲသောခဏ၌ သာဝတ္ထိပြည်အလုံး၌ ရှိသော လေး, မြား, ဓား, လှံ, သန်လျက်, ခက်ရင်း စသော လက်နက် တို့သည် တပြိုင်နက် အလျှံတောက်ကုန်၏၊ မင်းကြီးအိပ်ရာနံပါး၌ ထားသော မင်္ဂလာသံလျက်သည်လည်း အလျှံပြောင်ပြောင်တောက်၏။

ထိုဘွားသောအခါ အဘပုဏ္ဏားသည် နက္ခတ်ကိုကြည့်သော် ခိုးသူနက္ခတ်ယှဉ်သည်ကိုမြင်သောကြောင့် ငါ၏သားသည်ခိုးသူဖြစ်လတ္တံ့-ဟု နှလုံးသွင်း၍ မိုးသောက်သောနံနက်ထ၍ နန်းတော်သို့သွား၍ မင်းကြီးအား ချမ်းသာစွာအိပ်ရကြောင်းကိုမေး၏၊ "ဆရာ....အဘယ်မှာချမ်းသာစွာ အိပ်ရအံ့နည်း၊ ယမန်နေ့ညဉ့်အခါ ငါ့စွဲသောသန်လျက်သည် ပြောင်ပြောင်တောက်သောကြောင့် ဤအကြောင်းသည် ငါ့အား မင်းအဖြစ်မှ ရွေ့လိုသောကြောင့်ဖြစ်သလော၊ အသက်၏အန္တရာယ် ဖြစ်လိုသောကြောင့်တည်း ဖြစ်သလောဟု ကြီးစည်အောက်မေ့၍စိုးရိမ်ခြင်း ရှိ၏"ဟု မင်းကြီးဆိုသော် "အရှင်မင်းကြီး....စိုးရိမ်တော်မမူလင့်၊ ယမန်နေ့ညဉ့်အခါ အကျွန်ုပ်အိမ်၌ သားဘွားသည်၊ ထိုသား၏ အာနုဘော်ကြောင့် တပြည်လုံး၌ရှိသော ဓား, လှံ အစရှိသောလက်နက် တို့သည် အလျှံပြောင်ပြောင်တောက်ကုန်၏"ဟု ပုဏ္ဏားလျှောက်၍ "ထိုသို့တပြီးကား ဤသူငယ်သည် အဘယ်သို့ ဖြစ်လတ္တံ့-နည်း"ဟု မင်းကြီးမေးလျှင်"အရှင်မင်းကြီး....ခိုးသူဖြစ်လတ္တံ့" ဟုလျှောက်၏၊ "ဆရာ.... တယောက်ခိုးသူတည်းဖြစ်လတ္တံ့လော၊ ယင်းသို့မဟုတ် အစုဖွဲ့၍ ရွာဖျက်ပြည်ဖျက် ခိုးသူတည်းဖြစ်လတ္တံ့လော"ဟု မင်းကြီး မေးပြန်၏။

"အရှင်မင်းကြီး····တယောက်တည်းသော ခိုးသူသာဖြစ်လတ္တံ့"ဟု ဆိုပြီး၍ "အရှင်မင်းကြီး····ခိုးသူဖြစ်လတ္တံ့သော ဤသူငယ်ကိုသတ်တော်မူ"ဟုဆိုသော်"တယောက်တည်းသော ခိုးသူသာဖြစ်သည်ရှိသော် ပယ်တထောင်လယ်ကွက်၌ ရောက်သော နတ်ကောက်သလေးတနှံကဲ့သို့ပမာဏမပြုလောက်၊ သတ်ဘွယ်ကိစ္စမရှိ၊ သင့်သားကိုမွေးလေတော့"ဟု မင်းကြီးဆို၍ မွေးမြူသဖြင့် အမည်မှည့်အံ့သောအခါ မိဘတို့သည် "ငါတို့သား၏ တန်ခိုးအာနုဘော်ကြောင့် အလုံးစုံသော သာဝတ္ထိပြည်၌ အလုံးစုံသောလက်နက်တို့သည် အလျှံတောက်ပရကုန်၏၊တစုံတယောက်သောသူသည်မျှ ငါတို့သားကို မညှဉ်းဆဲနိုင်ကုန်ရာ" ဟု နှလုံးသွင်း၍ **အဟိံသက** ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုသူသည် အတတ်ပညာသင်လောက်သော အရွယ်သို့ရောက်သောအခါ အတတ်ပညာသင်စိမ့်သောငှာ မိဘတို့သည် ထိုလုလင်ကို တက္ကသိုလ်ပြည်သို့ ပို့လေကုန်၏။

ထိုလုလင်သည် ဆရာ့အထံ၌ အကျင့်အာစာရနှင့် ပြည့်စုံသော တပည့်ကောင်းဖြစ်၍ အတတ်သင်၏၊ ထိုလုလင်သည် ဆရာ၌ ရှိသေကျိုးနွံခြင်းရှိ၏၊ နှလုံးကိုပွါးစေတတ်သော ချစ်ဘွယ်သော အကျင့်နှင့် ပြည့်စုံ၏၊ ထို့ကြောင့် ဆရာ၌အလွန်အကျွမ်းဝင်၏၊ တပည့်ဟောင်းတို့သည်"ငါတို့သည် အဟိံသက လုလင်ရောက်လာသည်မှစ၍ မထင်ရှားချေကုန်"ဟု နှလုံးမသာရှိကုန်သဖြင့် အဟိံသကလုလင်၌ ရန်ငြိုးဖွဲ့၍ ဆရာနှင့် ကွဲပြားစိမ့်သောငှာ ချောပစ်အံ့သောအကြောင်းကို တိုင်ပင်ကုန်၍ ထိုတပည့်တို့သည် သုံးစုပြု၍ တစုသောတပည့်တို့သည် ဆရာ့အိမ်သို့သွား၍ "ဆရာ····ဤအိမ်၌ **တခွန်းသောစကား**ကို ကြားကုန်၏" ဟုဆို၍ "အဘယ်သို့ ကြားကုန်သနည်း" မေးသည်ရှိသော် "အဟိံသကလုလင်သည် သင်ဆရာတို့၏အကျွင်း၌ ဖျက်ဆီး၏ဟု တီးတိုးပြောသံကြားသည်"ဟု ဆိုကုန်၏။

ထိုစကားကိုကြားသော် ဆရာလည်း "သူယုတ်တို့···· သွားလေကုန်၊ငါ့၏သားအဟိံသကနှင့် ငါ၏အကြားကို မဖျက်လင့်"ဟုနှင်ထုတ်လိုက်၏၊ ထို့အတူ တစုသောတပည့်တို့သည် ချောပစ်သောစကားကို ဆရာအား ဆိုကုန်၏၊ ဆရာလည်းရှေးနည်းအတူပယ်လေ၏၊တစုသော

တပည့်တို့သည်လည်း ဖျက်ပြန်ကုန်၏၊ ထိုသူတို့၏စကားကိုလည်း ဆရာသည်ပယ်၏၊ထို့နောင် သုံးစုသောတပည့်သည် ပေါင်းပြန်၍ "ဆရာ.... ကျွန်ုပ်တို့စကားကို မယူသော် စူးစမ်း၍သိတော်မူ"ဟု ဆိုကုန်၏၊ ဆရာလည်း သွားလေကုန်သော တပည့်တို့ကို မြင်၍ ချစ်သနားသဖြင့် ဤသို့သောစကားသည် အကြောင်းရှိအံ့ဟု နှလုံးသွင်း၍ ထိုအဟိံသကကို သတ်အံ့ဟု ကြံ၏။

ထို့နောင် "အကယ်၍ငါသတ်အံ့၊ ဒိသာပါမောက္ခဆရာသည် မိမိအထံသို့ အတတ်သင်အံ့ဟု လာသောတပည့်ကို သတ်လေ၏ဟု ကြားကုန်လျှင် တယောက်သောသူမျှ အတတ်သင်အံ့သော ငါ့သို့မလာလတ္တံ့၊ ဤသို့မလာသော် ငါ့အားလာဘ်သပ္ပကာနည်းလတ္တံ့၊ စင်စစ်ကား အဟိံသကလုလင်ကို အတတ်၏အဆုံးကိုပြမည်၊ တထောင်သောလူတို့ကိုသတ်လောဟု ဆိုအံ့၊ အကယ်မလွဲသဖြင့် ထိုတထောင်သော လူတို့တွင် တယောက်ယောက်သည် အဟိံသကကို သတ်လတ္တံ့၊ ဤသို့သတ်၍ အဟိံသကသေမှ ငါ၏အိမ်တွင် ပြစ်မှားခြင်း, ဖျက်ဆီးခြင်းအမှုသည် ငြိမ်းလတ္တံ့"ဟု ကြံပြီး၍ "ချစ်သား အဟိံသက.... သင်သည် တထောင်သောလူတို့ကို သတ်လေလော့၊ ဤသို့သတ်သော သင့်အားအတတ်၏အဆုံးကို ပြုအပ်သည်ဖြစ်လတ္တံ့"ဟု ဆို၏။

ထိုစကားကိုကြား၍ "ဆရာ.... အကျွန်ုပ်သည် သူတပါးအား နှိပ်စက်ညှဉ်းဆဲခြင်းကို မပြုသောအမျိုး၌ဖြစ်၏၊ထို့ကြောင့် တယောက်သောသူကိုမျှသတ်ခြင်းငှာ မစွမ်းနိုင်"ဟု ဆို၏၊ ဆရာသည် "ချစ်သား အဟိံသက...မရအပ်သောအဆုံးရှိသော အတတ်သည် အကျိုးမရှိ" ဟု ဆို၏၊"ယင်းသို့သော်ကား-ဆရာ....ကောင်းပြီ"ဟု ဝန်ခံ၍ အဟိံသကသည် လက်နက်ငါးပါးကိုယူ၍ ဆရာကို ရှိခိုး၍ တောအုပ်၌နေလျက် တောသို့ဝင်သောသူ, တော်မှထွက်သောသူတို့ကို သတ်လေ၏၊ သတ်၍ ထိုသူတို့၏ပုဆိုးဦးရစ်တို့ကို ယူသည်လည်းမဟုတ်၊ တယောက်သေပြီ၊ နှစ်ယောက်သေပြီဟု မှတ်ကာမျှကို ပြု၍သွား၏၊ တထောင်အရေအတွက်တွင် ဤမျှသော အရေအတွက်သေနှင့်ပြီ၊ ဤမျှသော အရေအတွက် ကြွင်းသေး၏ဟု အမှတ်ကိုမပြု၊ တချောင်းတချောင်းသော လက်ညှိုးကိုသာဖြတ်၍ထား၏။

ထား၏တိုင်းထားတိုင်းသော လက်ညှိုးတို့သည် ကျိုး၄က်စား၍ပျောက်ကုန်၏၊ ထို့နောက်မှ ကစဉ့်ကလျားထားအပ်သော လက်ညှိုးတို့သည် ပျောက်ကုန်၏ဟု နှလုံးသွင်း၍ နောက်၌ ရရသမျှသော လက်ညှိုးတို့ကို ဘောက်၍ ကြိုးဖြင့်သီ၍ လည်၌ ပန်းအမှတ်ပြု၍ဆောင်၏၊ ထိုသို့ လက်ညှိုးတို့ကိုဆောင်သောကြောင့် အဟိံသကဟူသော အမည်ကွယ်၍ အင်္ဂုလိမာလဟူသောအမည်သည် ထင်ရှားဖြစ်၏၊ ထိုအင်္ဂုလိမာလသည် အချင်းခပ်သိမ်းတော၌သွားခြင်း,နေခြင်း,အိပ်ခြင်းကိုပြု၏၊ဟင်းရွက်ခူးထင်းခွေ အစရှိသည်အလို့ငှာမျှ လူတို့သည် တောသို့သွားခြင်းငှာ မဝံ့ကုန်၊ တောသို့မလာသော် ညဥ့်အခါ၌ ရွာတွင်းသို့လာ၍ တံခါးရွက်ကို ခြေဖြင့်ကျောက်၍လှစ်၍ အိပ်ပျော်သူတို့ကိုသတ်၍ လက်ညှိုးကို ဖြတ်ယူ၍ သွားလေ၏။

ရွာ၌နေသော သူတို့သည် ရွာမှထွက်၍ နိဂုံးဇနပုဒ်ကိုဝင်၍ နေကုန်၏၊ မြို့၌နေသောသူတို့သည် သုံးယူဇနာအရပ်မှစ၍ အိမ်တို့ကိုစွန့်၍ သားမြေးတို့ကို လက်ကိုင်ကာလာ၍ သာဝတ္ထိပြည်ကိုရံ၍ တပ်တောင်တာခိုင်ခန့်စွာဘွဲ့၍ မင်းရင်ပြင်၌စည်းဝေး၍ "အရှင်မင်းကြီး၏နိုင်ငံ၌ အင်္ဂုလိမာလအမည်ရှိသော ခိုးသူသည်ရှိ၏" ဟု အုတ်အုတ်ကျက်ကျက်မြည်တမ်းဟစ်ကြော်ကုန်၏၊ ထိုအခါ အဘဖြစ်သော အဂ္ဂပုဏ္ဏားသည် ခိုးသူဟူသည် ငါ့သားဖြစ်လတ္တံ့-ဟုသိ၍ ပုဏ္ဏေးမကို "အိမ့်ရှင်မ....အင်္ဂုလိမာလအမည်ရှိသော ခိုးသူသည်ဖြစ်၏၊ ထိုခိုးသူသည် တပါးသူမဟုတ်၊ သင်၏သားဖြစ်သော အဟိံသကပင်တည်း၊ ယခုအခါ ကောသလမင်းသည် ထိုခိုးသူကိုဘမ်းအံ့သောငှာထွက်လတ္တံ့၊ အဘယ်သို့ပြုပါအံ့နည်း" ဟု ဆို၏၊ ပုဏ္ဏေးမလည်း ထိုစကားကိုကြားလျှင် အရှင်သွား၍ ငါ့သားကိုယူပါ-ဟုစေ၏၊ပုဏ္ဏားလည်း "ပုဏ္ဏေးမ.. ခိုးသူဟူသည်ကား- အကျွမ်းတဝင့်မပြုအပ်သူတယောက်ပင် ဖြစ်သောကြောင့် ငါသွား၍မယူဝံ့ချေ" ဟု ဆို၏၊ မိခင်တို့၏ နှလုံးသည်ကား နူးညံ့သောသဘောရှိ၏၊ထို့ကြောင့် အမိဖြစ်သောပုဏ္ဏေးမသည် ငါ့သားကိုငါသွား၍ယူအံ့-ဟု အိမ်မှထွက်၍သွား၏။

ထိုနေ့၌ မြတ်စွာဘုရားသည် လောကကိုကြည့်တော်မူသော် အင်္ဂုလိမာလကိုမြင်၍ "ငါကြွသွားတော်မူသော် အင်္ဂုလိမာလအား ချမ်း

သာခြင်းရှိလတ္တံ့၊ လေးပုဒ်သောဂါထာကိုကြား၍ ငါ့အထံ၌ ရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလတ္တံ့၊ငါမသွားမူ အမိ၌ပြစ်မှား၍ သံသရာဝဋ်ဆင်းရဲမှ မထွက်နိုင်လတ္တံ့၊ထို့ကြောင့် အင်္ဂုလိမာလအား သင်္ဂြိုဟ်ခြင်းကိုပြုအံ့''ဟု နံနက်စောစောက သက်နိးကိုရုံတော်မူ၍ သပိတ်တော်ကိုယူ၍ မြို့တွင်း၌ဆွမ်းခံတော်မူ၍ ဆွမ်းစားပြီးသော် အင်္ဂုလိမာလကို သင်္ဂြိုဟ်အံ့သောငှါ ကြွသွားတော်မူ၏။

ထိုအခါ၌ နွားကျောင်း,ကျွဲကျောင်း, ခရီးသွားစသောသူတို့သည် ''ရှင်ပင်ဘုရား··ထိုခရီးကိုမသွားပါလေနှင့်၊ထိုခရီး၌ အင်္ဂုလိမာလခိုးသူသည်ရှိ၏၊ ထိုသူသည်ကြမ်းတမ်းလှ၏၊ သွေးဖြင့်စွန်းသောလက်ရှိ၏၊ထိုးခြင်း,ခုတ်ခြင်း,သတ်ခြင်း၌ ယှဉ်သောနှလုံးရှိ၏၊သတ္တဝါတို့၌ သနားခြင်းကင်း၏၊ထို့ကြောင့် ရွာနိဂုံးဇနပုဒ်တို့၌ နေကုန်သောသူတို့သည် အင်္ဂုလိမာလကိုကြောက်သဖြင့် ရွာနိဂုံးဇနပုဒ်တို့ကိုစွန့်၍ပြေးလေကုန်၏၊ထိုရွာနိဂုံးဇနပုဒ်တို့သည် တောဖြစ်ခဲ့ကုန်၏၊ ထိုအင်္ဂုလိမာလသည် လူတို့ကိုသတ်၍ လက်ညှိုးကို ပန်ဆောင်၏၊ ထိုခရီးသို့ တကျိပ်,နှစ်ကျိပ်, သုံးကျိပ်,လေးကျိပ်စသည်ပေါင်းစု၍ သွားကုန်၏၊ထိုသူတို့သည် အင်္ဂုလိမာလ၏လက်၌သာ သေပျောက်ခြင်းသို့ရောက်ကြကုန်၏'' ဟု မသွားသင့်ကြောင်းကိုလျှောက်ကုန်၏၊ ထိုသို့လျှောက်သော်လည်း မြတ်စွာဘုရားသည်ဆိတ်ဆိတ်နေတော်မူ၍သွား၏၊ နှစ်ကြိမ်မြောက်လည်း ရှေးနည်းအတူလျှောက်၏၊နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရား ဆိတ်ဆိတ်နေတော်မူ၍သွား၏၊ သုံးကြိမ်မြောက်လည်း နွားကျောင်းသားတို့သည် ရှေးနည်းအတူ မသွားသင့်ကြောင်းကိုလျှောက်ကုန်၏၊သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍သွား၏။

ထိုအခါ အင်္ဂုလိမာလသည် မြတ်စွာဘုရားကိုမြင်၍ အံ့ဘွယ်သရဲရှိစွတကား၊မဖြစ်ဘူးမြဲတကား၊ ဤခရီးကို တကျိပ်တပူး, နှစ်ကျိပ်တပူး, သုံးကျိပ်တပူး,လေးကျိပ်တပူးစု၍စု၍ လူတို့သည်သွားရကုန်၏၊ ထိုသူတို့သည် ငါ၏လက်၌ သေပျောက်ခြင်းသို့ရောက်ကုန်၏၊ စင်စစ်သဖြင့် ဤရဟန်းသည် ဘေးမရှိသကဲ့သို့ တယောက်တည်း မယိမ်းမြဲပြု၍ လာဘိ၊

၏၊ဤရဟန်းကိုငါသတ်အံ့၊ ဤသို့အကြံဖြစ်၏၊ ထိုသို့ ကြံပြီးမှ အင်္ဂုလိမာလသည် သန်လျက်ကိုကိုင်၍ အံသွားခဲလျက် မြတ်စွာဘုရားကိုလိုက်၏၊ထိုသို့လိုက်သောအခါ မြတ်စွာဘုရားသည် အကြင်သို့သောဘန်ဆင်းခြင်းကိုဘန်ဆင်းသော် အင်္ဂုလိမာလသည် လိုက်၍မှီခြင်းငှာ မစွမ်းနိုင်၊ ထိုအခြင်းဖြင့် ဘန်ဆင်းတော်မူ၏။

အဘယ်သို့ဘန်ဆင်းသနည်းဟူမူကား—ရေညွှန် ဘန်ဆင်းတော်မူ၍ ၎င်း, ချောက်ကမ်းပါးပြတ် ဘန်ဆင်းတော်မူ၍၎င်း သုံးယူဇနာ တိုင်အောင်ဘန်ဆင်း၍ ကြွတော်မူ၏၊အင်္ဂုလိမာလသည် မြတ်စွာဘုရားကို လိုက်သော် ရေကိုကူးရခြင်း,ညွှန်ကိုရှုန်းရခြင်း,ချောက်ကိုဆင်းရခြင်း, တောင်ကိုတက်ရခြင်းတို့ဖြင့် အလွန်ပင်ပန်း၍ ခံတွင်း၌ တံတွေးခြောက်၏၊လက်ရင်းတို့၌ ချွေးသည်ထွက်ကုန်၏၊ "အို-အချင်းတို့····အံ့ဘွယ်ရှိစွ၊လျင်စွာပြေးသော သမင်ကိုသော်လည်း ထမင်းမွတ်၍ ထိုသမင်သားကိုစားအံ့ဟု လိုက်သော် အဘယ့်ကြောင့် မမိဘဲရှိတုံအံ့နည်း၊ ပြကတေ့သွားမြဲဖြင့်သွားခဲ့သော ဤရဟန်းကို ငါအားကြီး၍လိုက်ပါသော်လည်း မှီခြင်းငှာမစွမ်းနိုင်"ဟု အကြံရှိ၍ "ရဟန်းကြီး····ရပ်ဦးလော့"ဟု ဆို၏၊ထိုစကားကိုကြား၍ မြတ်စွာဘုရားသည် "အင်္ဂုလိမာလ····ငါရပ်တော်မူ၏၊သင်သာမရပ်သည်"ဟု မိန့်တော်မူ၏။

ထိုစကားကိုကြား၍ အင်္ဂုလိမာလသည် သာကီဝင် မင်းသားရဟန်းတို့သည် မှန်သောစကားကို ဆိုကုန်၏၊ မှန်သည်ကိုသာ ဝန်ခံကုန်၏၊ ထိုသို့လျက် ဤရဟန်းသည် သွားလျက်ပင် ငါရပ်၏၊ သင်သာမရပ်သည်"ဟုဆို၏၊ အကြင်ငါကြံအောက်မေ့သည်ကား-ဤအရဟန်းကြီးကို ငါမေးအံ့-ဟုကြံပြီး၍ အင်္ဂုလိမာလသည် မေးလိုသည်ဖြစ်၍—

ဂစ္ဆံ ဝဒေသိ သမဏ ဌိတောမှိ၊
မမဉ္စ ဗြူသိ ဌိတမဋ္ဌိတောတိ။
ပုစ္ဆာမိ တံ သမဏ ဧတမတ္ထံ၊
ကထံ ဌိတော တွံ အဟံ မဋ္ဌိတောမှိ။ ။

ဟူသောဂါထာကို ရွတ်၍မေး၏။

အဓိပ္ပါယ်ကား-ရှင်ရဟန်း····သင်သည် သွားလျက်ပင် ငါရပ်၏-ဟုဆို၏၊ရပ်၍နေသောအကျွန်ုပ်ကိုသင်သာမရပ်-ဟုဆို၏၊ရှင်ရဟန်း····

သင့်ကို ဤအကြောင်းကိုမေးပါအံ့၊ အဘယ်အကြောင်းကြောင့် သင် ရပ်တန်းသည်ကား-ရပ်သည်မည်သနည်း၊ ငါကား-မရပ်သည် မည်သနည်း-ဟုလိုသည်။

အင်္ဂုလိမာလအမေးကို ဖြေလိုသော မြတ်စွာဘုရားသည်–

ဌိတော အဟံ အင်္ဂုလိမာလ သဗ္ဗဒါ၊
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ။
တုဝဉ္စ ပါဏေသု အသညတောသိ၊
တသ္မာ ဌိတော အဟံ တွေ မဋ္ဌိတောသိ။ ။

ဟူသောဂါထာကိုမိန့်တော်မူ၏။

ဤဂါထာ၌အဓိပ္ပါယ်ကား-အင်္ဂုလိမာလ....ငါသည် အခါခပ်သိမ်း အလုံးစုံသော သတ္တဝါတို့၌ ဒဏ်ထားခြင်း, ဓားလက်နက်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲခြင်းကိုပယ်၍ သူတော်ကောင်းတရား၌တည်၏၊ ထို့ကြောင့် ငါသည်ရပ်၏-ဟုဆိုသည်၊ သင်သည်ကား-သတ္တဝါ အပေါင်းတို့၌ ကိုယ်,နှုတ်နှလုံးမစောင့်သည်ဖြစ်၍ ဓား,လှံအစရှိသော လက်နက်ဖြင့် ထိုးခုတ် သတ်ပုတ် ညှဉ်းဆဲခြင်းပြုသဖြင့် သူတော်ကောင်းတရား၌ မတည်၊ ထို့ကြောင့်သင်သည်သာ မရပ်-ဟု ငါဆိုသည်-ဟူလို သတည်း။

ထို့နောင်မှ အင်္ဂုလိမာလသည် ''ဌိတောအဟံ အင်္ဂုလိမာလ'' အစရှိသော သီဟနာဒသည် တပါးသောသူသည် ဟောအပ်သော ဂါထာသည်မဖြစ်လတ္တံ့၊မဟာမာယာ၏သားဖြစ်သော သိဒ္ဓတ်အမည်ရှိသော မင်းသား၏ သီဟနာဒဂါထာတည်း၊''ကုန်ပြီးသော အာသဝေါ ရှိသော ရှင်တော်ဘုရားသည် ငါသူတော်ကောင်းတရား၌ မတည်သော အဖြစ်ကို မြင်တော်မူပေစွတကား၊ ရှင်ပင်ဘုရားသည် ငါ့အားသင်္ဂြိုဟ် ခြင်းကိုပြုအံ့သောငှာ ဤတောကြီးသို့ လာပေသည်တကား''ဟုကြံ၍–

စိရဿံ ဝတ မေ မဟာတော မဟေသီ၊
မဟာဝနံ သမဏောယံ ပစ္စုပါဒိ။
သောဟံ စရိဿာမိ ပဟာယ ပါပံ၊
သုတွာန ဂါထံ တဝ ဓမ္မယုတ္တံ။ ။

ဟူသောဂါထာကိုရွတ်၏။

ဤဂါထာ၌အဓိပ္ပါယ်ကား-ရှင်ရဟန်း…ဤလူ့နတ်,ဗြဟ္မာတို့သည် ပူဇော်အပ်သော သီလအစရှိသော ကျေးဇူးကို ရှာတော်မူလေ့ရှိသော ရှင်ရဟန်းသည်မြင့်ရှည်မှ အကျွန်ုပ်အား သဂြိုဟ်ခြင်းကို ပြုတော်မူလို၍ ဤတောကြီးသို့ကြွလာတော်မူ၏၊ ထိုအကျွန်ုပ်သည် ရှင်ပင်ဘုရားတရားတော်ကို ကြားသောကြောင့် သူ့အသက်ကို သတ်ခြင်းတည်းဟူသော မကောင်းသော အကျင့်ကိုပယ်၍ သူတော်ကောင်း၏တရားကိုသာလျှင် ကျင့်ပါတော့အံ့၊ ဤသို့လျှင် မြတ်စွာဘုရားကို ကြားလျှောက်၏-ဟူလိုသည်။

ထို့နောင် အင်္ဂုလိမာလသည် သန်လျက်, လေး, လှံအစရှိသော အလုံးစုံသော လက်နက်တို့ကို ချောက်ကမ်းပါးပြတ်၌ စွန့်ပစ်၍ ဘုရားခြေတော်တို့ကို ရှိသေစွာရှိခိုး၍ ထိုအရပ်၌ပင်လျှင် "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား….ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုတော်မူပါလော့"ဟု တောင်းပန်၍ ခပ်သိမ်းသောသတ္တဝါ အပေါင်းတို့၌ သနားခြင်း ရှိတော်မူသော မြတ်စွာဘုရားသည် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ျာလက်မောင်းတော်ကိုဆန့်၍"ဧဟိဘိက္ခု သမ္မာစရထ" အစရှိသဖြင့် ခေါ်တော်မူလျှင် အင်္ဂုလိမာလအား ဆံ, မုတ်ဆိတ်, လူဝတ်ပုဆိုးတို့သည် ကွယ်လေ၍ "သပိတ်, သင်္ကန်းစသော ရဟန်းပရိက္ခရာရှစ်ပါးနှင့် ပြည့်စုံစွာထက်ကြပ်ပါလျက် အဝါခြောက်ဆယ်ရှိပြီးသော မထေရ်ကြီးကဲ့သို့ မြတ်စွာဘုရားသို့ ညွတ်သော ဦးခေါင်းဖြင့် ရှိခိုးလျက် ဧဟိဘိက္ခုပဥ္စင်းရဟန်းဖြစ်လေ၏။

အင်္ဂုလိမာလ ဧဟိဘိက္ခုရဟန်းဖြစ်ပြီးသော် နောက်လိုက်ရဟန်း ဖြစ်သော အင်္ဂုလိမာလနှင့်တကွ ဇေတဝန်ကျောင်းတော်သို့ ပြန်၍ နေတော်မူ၏၊ နောက်အခါ၌ အင်္ဂုလိမာလမထေရ်သည် ဝိပဿနာကို ပွားစေ၍ အာသဝေါလေးပါး အကြွင်းမရှိကုန်သည်ဖြစ်၍ ရဟန္တာ အဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလေ၏၊ ရဟန်းတို့သည် တရားသဘင်၌ စုဝေး၍"အရှင်တို့….အင်္ဂုလိမာလထေရ်သည် အဘယ်အရပ်၌ ဖြစ်ရှာလေသည်မသိ"ဟု စကားကိုဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည်ကြွလာတော်မူ၍"ချစ်သားရဟန်းတို့..အဘယ်စကားကို ပြောဆိုကြသနည်း" ဟု မေးတော်မူ၍"ဘုန်းတော်ကြီးသော အရှင်ဘုရား….အင်္ဂုလိမာလ

ထေရ်၏ ဖြစ်ရာအရပ်ကို ပြောဆိုကြပေသည်'' ဟု လျှောက်သော် ''အင်္ဂုလိမာလ ထေရ်သည် ပရိနိဗ္ဗာန်ယူလေပြီ''ဟု ဘုရားမိန့်တော်မှလျှင်''အရှင်ဘုရား....ဤမျှလောက်သော သူတို့ကိုသတ်၍ ပရိနိဗ္ဗာန် ပြုရ၏လော''ဟု နားတော်လျှောက်သဖြင့်''ဩော်—ပရိနိဗ္ဗာန်ပြုရ၏၊ ချစ်သားရဟန်းတို့....အင်္ဂုလိမာလသည် ရှေး၌ကောင်းသော အဆွေခင်ပွန်းကိုမရပါ၍ ဤမျှလောက်မကောင်းမှုကိုပြုရသည်၊ နောက်အခါ၌ ဘုရားဟူသော အဆွေခင်ပွန်းကောင်း အထောက်အပံ့ရ၍ မမေ့မလျော့ကမ္မဋ္ဌာန်းကိုပွားစေသဖြင့် အကြင်မကောင်းမှုကို ရှေး၌ပြု၏၊ ထိုမကောင်းမှုကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ပိတ်အပ်ပြီ''ဟု မိန့်တော်မူ၍—

ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓိယတိ။
သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ဟူသောတရားကိုဟောတော်မူ၏၊ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ ရောက်ကုန်၏။

---

## ၂၁၁။ ပသေနဒီကောသလမင်းကြီး၏ အသဒိသဇါနကိုပြခြင်း

''နဝေကဒရိယာ''အစရှိသော တရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အသဒိသအလှူကိုအကြောင်းပြု၍ ဟောတော်မူ၏၊ တပါးသောအခါ ဇေတဝန်ကျောင်းတော်မှ ဝါကျွတ်တော်မူလျှင်ဒေသစာရီကြွတော်မူ၍ ငါးရာသော ရဟန်းတို့ဖြင့်ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၏၊ ပသေနဒီကောသလမင်းကြီးသည် ကျောင်းသို့သွား၍ မြတ်စွာဘုရားကိုဆွမ်းဘိတ်၍ မိုးသောက်သောနေ့၌ အာဂန္တုကအလှူကိုစီရင်၍''ငါ၏အလှူကိုရှုလှည့်ကုန်''ဟု ပြည်သူတို့ကိုခေါ်စေ၍ ပြည်သူတို့သည်လာကုန်၍မင်း၏အလှူကိုမြင်၍ နက်ဖြန်အလို့ငှာမြတ်စွာဘုရားကို ပြည်သူတို့သည် ဘိတ်မန်၍ အလှူကိုစီရင်၍ ''ငါတို့၏အလှူကို အရှင်မင်းကြီးသည်ရှုတော်မူလှည့်ပါ''ဟု စေလိုက်ကုန်၏၊ မင်းကြီးသည် ထိုပြည်သူ

တို၏အလှူကိုမြင်ပြီး၍ ဤပြည်သူတို့သည် ငါ၏အလှူထက်လွန်မြတ်စွာ ပြုအပ်ပြီ၊ငါသည်တဖန်ပြုဦးအံ့-ဟု တမိုးသောက်သောနေ့၌ အလှူကို စီရင်ပြန်၏။

ပြည်သူတို့သည်ထိုအလှူကိုမြင်၍တမိုးသောက်သောနေ့၌ အလှူကိုစီရင်ကုန်၏၊ဤသို့လျှင်မင်းကြီးသည်ပြည်သူတို့ကိုရှုံးစေအံ့သော၄ာမတတ်နိုင်၊ပြည်သူတို့သည်မင်းကြီးကိုရှုံးစေအံ့သော၄ါမတတ်နိုင်ကုန်၊ထိုအခါ ခြောက်ကြိမ်မြောက်၌ ပြည်သူတို့သည်အဆအရာ,အဆအထောင်ပွား စေ၍ အကြင်အခြင်းဖြင့် ဤသူတို့၏အလှူ၌ ဤမည်သောဝတ္ထုသည်မရှိ ဟူ၍ဆိုအံ့သော၄ာမတတ်ကောင်း၊ ထိုအခြင်းဖြင့်ပြည်သူတို့သည် အလှူကိုစီရင်ကုန်၏၊ ပသေနဒီကောသလမင်းကြီးသည် ဤပြည်သူတို့၏အလှူထက်လွန်မြတ်စွာ ငါသည်မပြုနိုင်လတ္တံ့၊ ငါ့အားအသက်ရှင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း-ဟု ကြံ၍အိပ်၏၊ ထိုရောအခါမလ္လိကာမိဖုရားသည် မင်းကြီးသို့ကပ်၍"အဘယ့်ကြောင့် အရှင်မင်းကြီး ဤသို့အိပ်သနည်း၊ အဘယ်ကြောင့်အရှင်မင်းကြီးအား မျက်စိစသောဣန္ဒြေတို့သည် ညှိုးငယ်ကုန်သနည်း"ဟုမေးလျှောက်၏၊ "မိဖုရား··ယခုအခါသင်သည် မသိပါလော"ဟု ဆို၍ "အရှင်မင်းကြီး··အကျွန်ုပ်မသိပါ"ဟုလျှောက်သော် မင်းကြီးသည် မိဖုရားအားထိုပြည်သူတို့ကို အလှူပေးရာ၌မသာနိုင်ကြောင်းကိုကြား၏။

ထိုအခါမင်းကြီးကို "အရှင်မင်းကြီး····မကြံလင့်၊ အဘယ်အရာ၌ သင်မင်းကြီးသည်ရေ,မြေကိုအစိုးရသောမင်းကြီးသည် ပြည်သူတို့မှရှုံးသည်ကိုမြင်ဘူးသနည်း, ကြားဘူးသနည်း၊ အရှင်မင်းကြီးတို့၏ အလှူကို အကျွန်ုပ်သည်စီရင်အံ့"ဟု ဆိုပြီးလျှင် ထိုမလ္လိကာမိဖုရားသည် အသဒိသ အလှူကိုစီရင်အံ့သော၄ာ—

"မြတ်သောမင်းကြီး··သာလကလျာဏီအမည်ရှိသော သစ်သားပျဉ်ဖြင့် ငါးရာသောရဟန်းတို့၏ နေရာမဏ္ဍပ်ကို အတွင်းအကွေ့၌ပြုလော့၊ ကြွင်းသောလူပရိသတ်တို့သည် အပအကွေ့၌ နေကုန်လတ္တံ့၊ ငါးရာကုန်သောထီးဖြူတို့ကို ပြုစေလော့၊ ထိုထီးဖြူတို့ကိုကိုင်၍ ငါးရာသောဆင်တို့သည် ငါးရာကုန်သောရဟန်းတို့၏အထက်၌ ဆောင်းကုန်

လျက်ရပ်ကုန်လတ္တံ့၊ရှစ်စင်း,ဆယ်စင်းသောရွှေလှေတို့ကို ပြုစလော့၊ ထိုရွှေလှေတို့သည် မဏ္ဍပ်၏အလယ်၌ဖြစ်ကုန်လတ္တံ့၊ နှစ်ယောက်,နှစ်ယောက်ကုန်သောရဟန်းတို့၏အကြား၌ တယောက်,တယောက်သော မင်းသမီးတို့သည်နေကုန်၍ နံ့သာမှုန့်တို့ကိုကြိတ်ကုန်လတ္တံ့၊တယောက်, တယောက်သော မင်းသမီးတို့သည် ယပ်ကိုကိုင်၍ နှစ်ယောက်, နှစ်ယောက်သောရဟန်းတို့ကိုယပ်ခံလျက် ရပ်ကုန်လတ္တံ့၊ ထိုမှကြွင်းသော မင်းသမီးတို့သည် ကြိတ်ပြီး,ကြိတ်ပြီးကုန်သော နံ့သာမှုန့်တို့ကိုဆောင်ကုန်၍ ရွှေလှေတို့၌ထည့်ကုန်လတ္တံ့၊ ထိုမင်းသမီးတို့တွင် အချို့သော မင်းသမီးတို့သည် ကြာညိုပန်းအစည်းတို့ကိုကိုင်၍ ရွှေလှေ၌ထည့်ကုန်ပြီးသော်နံ့သာတို့ကိုလှုပ်ချောက်မွှေ၍ နံ့သာဖြင့်ထုံခြင်းကို ယူစေကုန်လတ္တံ့၊ ပြည်သူတို့အားမင်းသမီးတို့သည်လည်း မရှိကုန်၊ ထီးဖြူတို့သည်လည်း မရှိကုန်၊ ဆင်တို့သည်လည်းမရှိကုန်၊ ဤအကြောင်းတို့ဖြင့် ပြည်သူတို့သည်ရှုံးကုန်လတ္တံ့၊ အရှင်မင်းကြီး....ဤဆိုတိုင်းပြုတော်မူလော့" ဟု မလ္လိကာဆိုသော် "မိဖုရား....ကောင်း၏, ကောင်း၏၊ သင်သည် ကောင်းသောစကားကိုဆိုအပ်၏" ဟု ထိုမိဖုရားဆိုတိုင်းသောအမှတ်ဖြင့်အလုံးစုံကိုပြုစေ၏။

တယောက်သောရဟန်းအားကား ဆင်တစီးသည် မလောက်ငါ၊ ထိုအခါ မင်းကြီးသည် မလ္လိကာကို "ရှင်မိဖုရား....တယောက်သော ရဟန်းအား တစီးသောဆင်သည်မလောက်၊ အဘယ်သို့ပြုအံ့နည်း" ဟုဆို၏၊ "အရှင်မင်းကြီး....ငါးရာသောဆင်တို့သည် မရှိကုန်လော" ဟုမေးသဖြင့်"မိဖုရား....ရှိပါ၏၊ရေတွက်သောဆင်မှ ကြွင်းသောဆင်တို့သည် ဆိုးလှ, ပျက်လှကုန်၏၊ ထိုဆင်တို့သည် ရဟန်းတို့ကို မြင်၍ **ဝေရမ္ဘလေ** ကဲ့သို့ ကြမ်းတန်းသည်ဖြစ်ကုန်၏"ဟုဆိုသော်"အရှင်မင်းကြီး....တခုသော ဆင်ပျက်ယယ်၏ ထီးဖြူကိုကိုင်၍ ရပ်ရာအရပ်ကို အကျွန်ုပ်သိပါ၏"ဟု မလ္လိကာမိဖုရားဆိုသဖြင့်"အဘယ်အရပ်၌ ဆင်ပျက်ယယ်ကို ထားရအံ့နည်း" ဟု မင်းကြီးမေးသော် "အင်္ဂုလိမာလ မထေရ်၏အနီး၌ထားလော့"ဟုဆို၍မလ္လိကာမိဖုရားဆိုတိုင်းပြု၏၊ထိုဆင်ပျက်ယယ်သည် အမြီးကိုပေါင်ကြား၌ထား၍ နားရွက်နှစ်ဘက်တို့ကိုချ၍ မျက်စိတို့ကိုမှိတ်၍ ယဉ်လှစွာသောဆင်ကဲ့သို့ရပ်၏၊ လူများအပေါင်း

သည် ဤသို့ပျက်ချော်ကြမ်းတမ်းသော သဘောရှိသော ဆင်ကိုသာ ကြည့်၏။

ပသေနဒီကောသလမင်းကြီးသည် ဘုရားအစရှိသော သံဃာတော်ကိုဆွမ်းလုပ်ကျွေးပြီးသော် မြတ်စွာဘုရားကိုရှိခိုး၍ ''ဘုန်းတော်ကြီးသောအရှင်ဘုရား....ဤအလှူဝတ္ထုအဘို့၌ အပ်သော ဘဏ္ဍာတော်သည်၎င်း, မအပ်သောဘဏ္ဍာတော်သည်၎င်း ဖြစ်၏၊ ထိုအလုံးစုံကို အရှင်ဘုရားတို့အားသာလျှင် လှူပါ၏'' ဟုလျှောက်၏၊ ထိုအလှူပေးရာ၌ တနေ့ခြင်းဖြင့်သာလျှင် **တဆယ့်လေးကုဋေ** အရေအတွက်ရှိသော အသပြာဥစ္စာကို စွန့်အပ်သည်ဖြစ်၏၊ မြတ်စွာဘုရားသည် ရအပ်သော ထီးဖြူ, နေရာပလ္လင်, သပိတ်, ခြေဆေးအင်းပျဉ် ဤလေးပါးတို့သည် အဘိုးအတိုင်းမသိ ထိုက်ကုန်၏၊ ဤသို့ သဘောရှိသည်ကိုပြု၍ မြတ်စွာဘုရားတို့အား ဤအလှူနှင့်အမျှ အတူလှူခြင်းငှာ စွမ်းနိုင်သောသူ မည်သည်မရှိ၊ ထို့ကြောင့် ဤအလှူသည် အသဒိသအလှူမည်၏၊ ခပ်သိမ်းသော ဘုရားရှင်တို့အား ဤအသဒိသ အလှူသည် တကြိမ်သာဖြစ်၏၊ ခပ်သိမ်းသော ဘုရားရှင်တို့အား အသဒိသအလှူကိုလည်း မိန်းမသာလျှင် စီရင်သတည်း။

မင်းကြီးအားကား **ကာဠအမတ်, ဇုဏှအမတ်** ဟူ၍ အမတ်ကြီး နှစ်ယောက်တို့သည်ရှိကုန်၏၊ထိုအမတ်တို့တွင် ကာဠအမတ်သည် ဤသို့ကြံ၏၊''မင်းမျိုးအား စည်းစိမ်ယုတ်ခဲ့ပြီ၊တနေ့ခြင်းဖြင့်တဆယ့်လေးကုဋေသော ဥစ္စာသည် ကုန်ခြင်းသို့ရောက်၏၊ ဤရဟန်းတို့သည် ဤအလှူကိုစား၍ ကျောင်းသို့သွား၍ လျောင်းလျက် အိပ်ကုန်လတ္တံ့၊ ဩော်-မင်းမျိုးသည်ပျက်စီးခဲ့ပြီ''ဟု ကြံ၏၊ဇုဏှအမတ်သည်ဤသို့ကြံ၏၊''ဩော် အံ့ဘွယ်ရှိစွ၊ မင်းအဖြစ်၌ မတည်သောသူသည် ဤသို့သဘောရှိသော အလှူကိုပေးခြင်းငှာ မတတ်နိုင်၊ ခပ်သိမ်းသောသတ္တဝါတို့အား အလှူအဘို့ကိုမပေးဝေပါ၊ ငါမူကား ဤအလှူကို ဝမ်းမြောက်ပါ၏'' ဤသို့ကြံ၏၊ မြတ်စွာဘုရား၏ ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌ အနုမောဒနာပြုစိမ့်သောငှာ မင်းကြီးသည် သပိတ်ကိုယူ၏။

မြတ်စွာဘုရားသည် ကြံတော်မူ၏၊ မင်းကြီးသည် သည်းစွာသော အယဉ်ကို ဖြစ်စေသကဲ့သို့ ကြီးစွာသောအလှူကိုလှူ၏၊ လူများအပေါင်း

သည် စိတ်ကိုကြည်စိမ့်သော၄ာ တတ်နိုင်ပါအံ့လော၊ မတတ်နိုင်ပါအံ့လော-ဟုကြံတော်မူသော မြတ်စွာဘုရားသည် ထိုအမတ်တို့၏ စိတ်ကိုသိတော်မူ၍ အကယ်၍ငါသည် မင်းကြီး၏အလှူနှင့် လျောက်ပတ်စွာ အနုမောဒနာကိုပြုအံ့၊ ကာဠအမတ်၏ **ဦးခေါင်း** သည် ခုနစ်စိတ်ကွဲလတ္တံ့၊ ဇုဏှအမတ်သည်ကားသောတာပတ္တိဖိုလ်၌ တည်လတ္တံ့-ဟု သိတော်မူ၍ ကာဠအမတ်၌ သနားခြင်းကိုစွဲ၍ ဤသို့သောအလှူကြီးကိုပေးသောမင်းကြီးအား လေးပုဒ်ရှိသောဂါထာမျှကိုသာဟော၍ နေရာမှထ၍ ကျောင်းသို့ကြွသွားတော်မူ၏။

ရဟန်းတို့သည် အင်္ဂုလိမာလကို"ငါ့ရှင်....အသို့နည်း၊ ပျက်သော ကြမ်းသောဆင်သည် ထီးမိုး၍ တည်သည်ကိုမြင်သော် ငါ့ရှင်သည် မကြောက်လော"ဟု မေးကုန်၏၊"အရှင်တို့....ငါသည်မကြောက်"ဟု၍ဆို၏၊ရဟန်းတို့သည် မြတ်စွာဘုရားသို့ကပ်၍ "အရှင်ဘုရား....အင်္ဂုလိမာလသည် အရဟတ္တဖိုလ်ကိုကြားသည်"ဟု လျောက်ကုန်၏၊မြတ်စွာဘုရားသည်"ချစ်သားရဟန်းတို့....အင်္ဂုလိမာလသည် မကြောက်သည်မှန်၏၊အင်္ဂုလိမာလသည် ကုန်ပြီးသော အာသဝေါရှိသောယောကျ်ားမြတ်တို့၏အကြား၌ အကြီးဖြစ်သောယောကျ်ားမြတ်တည်း၊ ငါ၏သား အင်္ဂုလိမာလနှင့်တူသောရဟန်းတို့သည် မကြောက်ကုန်"ဟု မိန့်တော်မူ၍—

ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ပသေနဒီကောသလမင်းကြီးသည် နှလုံးမသာယာသည်ဖြစ်၍ ဤသို့သဘောရှိသော ပရိသတ်ဖြင့် အလှူပေး၍တည်သော ငါ့အား လျောက်ပတ်စွာ အနုမောဒနာမပြုမူ၍ တဂါထာမျှကိုသာဟော၍ နေရာမှထ၍ မြတ်စွာဘုရားကြွတော်မူလေသည်၊ ငါသည်မြတ်စွာဘုရားသခင်အား လျောက်ပတ်သောအလှူကိုမပြုမိ၊ မလျောက်ပတ်သည်ကို ပြုမိသည်ဖြစ်လတ္တံ့၊အပ်သောဘဏ္ဍာကို မလှူမိ၊ မအပ်သောဘဏ္ဍာကို လှူမိသည်ဖြစ်လတ္တံ့၊ မြတ်စွာဘုရားသည် ငါ့အား အမျက်ထွက်သည် ဖြစ်ရာ၏၊

ဤငါ၏အလှူသည် အသဒိသအလှူကြီးမည်၏၊ ထိုအလှူနှင့် လျောက်ပတ်သော အနုမောဒနာကိုပြုအံ့သောငှာအပ်၏-ဟု ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ဤသို့လျှောက်၏။

"အသို့ပါနည်း ရှင်ပင်ဘုရား···· အကျွန်ုပ်သည် လှူအပ်သည်နှင့်ယှဉ်သောဝတ္ထုကို လှူမိပါ၏လော၊ သို့တည်းမဟုတ် မလှူအပ်သည်ကို လှူမိလေသလော၊ ရဟန်းတို့အား အပ်သောဘဏ္ဍာကို မလှူမူ၍ မအပ်သောဘဏ္ဍာကို လှူမိလေသလော"ဟူ၍ လျှောက်သော် "မြတ်သောမင်းကြီး··ဤသို့လျှောက်ခြင်းသည် အဘယ်ကြောင့်နည်း"ဟု မြတ်စွာဘုရားမေးတော်မူသဖြင့်"အရှင်ဘုရားတို့သည် အကျွန်ုပ်အား အလှူနှင့်လျှောက်ပတ်စွာ အနုမောဒနာ မပြုပါသောကြောင့်တည်း" ဟု လျှောက်၍ "မြတ်သောမင်းကြီး·· သင်မင်းကြီးသည် လျှောက်ပတ်သောအလှူကိုသာလျှင် လှူအပ်၏၊ ဤသို့အသဒိသအလှူကြီးမည်သည်ကို ဘုရားတဆူအား တကြိမ်သာလျှင် ပေးခြင်းငှာ တတ်နိုင်၏၊ တဖန်ဤသို့သဘောရှိသော အလှူကိုပေးခြင်းငှာ မတတ်နိုင်"ဟု မိန့်တော်မူလေသော် "ထိုသို့လျက် ရှင်ပင်ဘုရားသည် အဘယ်ကြောင့် အကျွန်ုပ်ကိုအလှူနှင့် လျှောက်ပတ်စွာ အနုမောဒနာပြုတော်မမူပါသနည်း"ဟု လျှောက်ပြန်၍"မြတ်သောမင်းကြီး···ပရိသတ်မစင်ကြယ်သောကြောင့်တည်း"ဟု မိန့်တော်မူသဖြင့် "အရှင်ဘုရား····ပရိသတ်၌ အဘယ်အပြစ်ရှိသနည်း"ဟု လျှောက်၏။

ထိုသို့ လျှောက်သောအခါ မြတ်စွာဘုရားသည် မင်းကြီးအား **အမတ်နှစ်ယောက်**တို့၏နှလုံးသွင်းခြင်းကိုကြား၍ ကာဠအမတ်၌သနားခြင်းကိုစွဲ၍ အနုမောဒနာကို အလှူနှင့်လျှောက်ပတ်စွာ မပြုသောအဖြစ်ကို ကြားတော်မူ၏၊ မင်းကြီးသည် "ကာဠ·· ဤသို့အကြံဖြစ်သည်မှန်၏လော"ဟု မေး၍ "အရှင်မင်းကြီး····မှန်ပေ၏"ဟု လျှောက်သော် "ကာဠ···သင်၏ဥစ္စာကိုမယူမူ၍ ငါ၏သားမယားတို့နှင့်တကွ ငါ၏ဥစ္စာကို ငါလှူသည်၊ သင့်အားအဘယ်နှိပ်စက်ခြင်းကိုပြုသနည်း၊ သင်သွားလေ၊ အကြင်ဥစ္စာကို သင့်အားငါပေး၏၊ ထိုဥစ္စာသည် ပေးတိုင်းဖြစ်လော့၊ ငါ၏တိုင်းမှကား သင်ထွက်လေ"ဟု ကာဠအမတ်ကို နှင်ထုတ်၏။

ဇုဏှအမတ်ကိုခေါ်စေ၍ "ဇုဏှ....သင့်အား ဤသို့အကြံရှိသည် မှန်၏လော"ဟု မေး၍ မှန်ကြောင်းကို လျှောက်သော် "ဦးရီးတော်.... ကောင်း၏၊သင်ဦးရီးတော်အား ကြည်ညိုသည်ဖြစ်၏၊ငါ့အလုပ်အကျွေး ကိုယူ၍ ငါသည်လှူအပ်သောနည်းဖြင့် ခုနစ်ရက်ပတ်လုံး အလှူကိုပေး လော့"ဟု ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကို ဇုဏှအား ဆောင်နှင်း၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးသော အရှင်ဘုရား.... သူမိုက်၏ ဖြစ်ခြင်းကို ရှုတော်မူပါ၊ အကျွန်ုပ်သည် ဤသို့ပေးအပ်သော အသဒိသ အလှူကြီး၌ ဤသူမိုက်သည် ပုတ်ခတ်ခြင်းကိုပေးဘိ၏"ဟု လျှောက်၏၊ မြတ်စွာဘုရားသည်လည်း"ဩော်–မြတ်သောမင်းကြီး....သူမိုက်သည် သူတပါး၏အလှူ၌မနှစ်သက်မူ၍ အပါယ်လေးပါးသို့ လားရ၏၊ ပညာ ရှိသောသူတို့ကား သူတပါးတို့၏အလှူ၌ နှစ်လိုဝမ်းမြောက်ခြင်းဖြစ်၍ နတ်ရွာသို့လားရသည်သာလျှင်တည်း"ဟု မိန့်တော်မူ၍–

န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ။
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရောစ ဒါနံ အနုမောဒမာနော။
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။ ။

ဟူသော တရားဒေသနာကိုဟောတော်မူ၏၊ဒေသနာတော်၏အဆုံး၌ ဇုဏှအမတ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

**အနက်**။ ။ကဒရိယာ၊ စဉ်းလဲဝန်တိုသောသူတို့သည်။ ဒေဝလော-ကံ၊ နတ်ပြည်သို့။ နဝဇန္တိ၊မသွားရကုန်။ဟဝေ၊စင်စစ်။ ဗာလာ၊သူမိုက်တို့သည်။ ဒါနံ၊ အလှူကောင်းမှုကို။ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ ဓီရောဝ၊ ပညာရှိသောသူတော်ကောင်းသာလျှင်။ ဒါနံ၊အလှူကောင်းမှုကို။ အနု-မောဒမာနော၊ဝမ်းမြောက်သည်ဖြစ်၍။ တေနေဝ၊ထိုသို့ဝမ်းမြောက်ကာ မျှကြောင့်သာလျှင်။ သော၊ထိုအလှူဒါန၌ ဝမ်းမြောက်သောသူသည်။ပရတ္ထ၊ တမလွန်လောက၌။ သုခီ၊ ချမ်းသာကိုခံစားရသည်။ ဟောတိ၊ဖြစ်၏။

## ၂၁၂။ သုန္ဒရီပရိဗိုဇ်မစွပ်စွဲသည်ကိုပြခြင်း

"အဘူတဝါဒီ"အစရှိသောတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌နေတော်မူလျက် သုန္ဒရီပရိဗိုဇ်မကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရောအခါ၌ မြတ်စွာဘုရားအားငှင်း, ရဟန်းသံဃာအားငှင်း ဇမ္ဗုဒိပါကျွန်းကိုလွှမ်းမိုး၍စီးသော မြစ်ကြီးငါးသွယ်တို့၏ သည်းစွာသောအယဉ်နှင့်အတူ လာဘ်ပူဇော်သက္ကာမြတ်နိုးခြင်းဖြစ်သည်ရှိသော် ယုတ်သောလာဘ်သပ္ပကာရှိကုန်သော တိတ္ထိ တို့သည် နေထွက်သောအခါ၌ ပိုးစုန်းကြူးသည် အရောင်မရှိသကဲ့သို့ဖြစ်ကုန်၍ တပေါင်းတည်း စည်းဝေးကုန်၍ တိုင်ပင်ကုန်၏၊"ငါတို့သည် ရဟန်းဂေါတမဖြစ်လာသောအခါမှစ၍ ချို့တဲ့သော လာဘ်သပ္ပကာရှိကုန်၏၊ ငါတို့ကို တစုံတယောက်သည်မျှ ရှိသောအဖြစ်ကိုမသိပြီ၊အဘယ်သူနှင့်အတူတကွဖြစ်၍ ရဟန်းဂေါတမ၏ကျေးဇူးမဲ့ကိုဖြစ်စေလျက် တိုဂေါတမအားလာဘ်သပ္ပကာပူဇော်သက္ကာရကိုကွယ်ပျောက်စေရအံ့နည်း"ဟု တိုင်ပင်ကုန်၏။

ထိုအခါ တိတ္ထိတို့သည်"သုန္ဒရီပရိဗိုဇ်မနှင့်တကွ တပေါင်းတည်းဖြစ်၍ ယုတ်စေနိုင်ကုန်လတ္တံ့"ဟု တိုင်ပင်ကြကုန်၍ ထိုတိတ္ထိတို့သည် တနေ့သ၌သုန္ဒရီပရိဗိုဇ်မသည်မိမိတို့၏အရံသို့ဝင်၍ ရှိခိုးလျက်နေသော်စကားမပြောဘဲနေကုန်၏၊ထိုသုန္ဒရီမသည် အဘန်တလဲလဲ စကားပြောဆိုပါသော်လည်း စကားတုံ့ကိုမရ၍ "အရှင်တို့....စင်စစ်သဖြင့် တစုံတယောက်သောသူသည် အရှင်တို့ကိုနှိပ်စက်ညှဉ်းဆဲသလော"ဟုမေး၏၊ တိတ္ထိတို့သည်ဆိုကုန်၏၊"အသို့နည်း၊ နှမ သုန္ဒရီ..ငါတို့ကိုနှိပ်စက်ညှဉ်းဆဲလျက် လာဘ်သပ္ပကာချို့တဲ့အောင်ပြု၍သွားလာသော ရဟန်းဂေါတမကို သင်မမြင်ပါသလော"ဟုဆို၏၊ "ဤအရာ၌အကျွန်ုပ်သည် အသို့ပြုခြင်းငှာ သင့်မည်နည်း"ဟုမေးသော်"နှမ သုန္ဒရီ....နှမသည် အလွန်အဆင်းလှ၏၊တင့်တယ်ခြင်းသို့ရောက်၏၊ရဟန်းဂေါတမအား အကျော်အစောမဲ့ကိုတင်၍ လူအပေါင်းတို့အား နှမစကားကိုယူစေ၍ လာဘ်သပ္ပကာ ကင်းပျောက်သည်ကိုပြုလော့"ဟုဆိုကုန်၏။

ထိုသုန္ဒရီမသည်"ကောင်းပြီ"ဟုဝန်ခံ၍ဘဲလေ၍ထိုနေ့မှစ၍ပန်း,နံ့သာ,နံ့သာပျောင်း,အကျော်,ကရမက်စသည်တို့ကိုယူ၍ညအခါလူများ

အပေါင်းတို့၏တရားနာပြီး၍ မြို့သို့ဝင်သောအခါ၌ ဇေတဝန်ကျောင်းတော်သို့ရှေးရှုသွား၏၊ "အဘယ်သို့သွားသနည်း" ဟု မေးသော် သုန္ဒရီသည် "ရဟန်းဂေါတမ၏အထံသို့သွား၏၊ ငါသည် ထိုရဟန်းဂေါတမနှင့်အတူတကွ တခုသောဂန္ဓကုဋီ၌နေ၏" ဟု ဆို၍ အမှတ်မဲ့ တပါးပါးသောတိတ္ထိကျောင်း၌နေ၍ နံနက်စောစောကဇေတဝန်ကျောင်းတော်ခရီးသို့သက်၍ မြို့သို့ရှေးရှုသွား၏၊ "သုန္ဒရီ..သင်သည် အဘယ်မှလာသနည်း"ဟုမေးသော်"ရဟန်းဂေါတမနှင့်တကွတခုသောဂန္ဓကုဋီ၌နေ၍ ထိုဂေါတမကို ကိလေသာ၏မွေ့လျော်ခြင်းဖြင့် မွေ့လျော်စေ၍လာ၏" ဟုဆို၏၊ထိုရောအခါ သုန္ဒရီကို သုံး,လေးရက်လွန်သဖြင့် သေသောက်ကြူးတို့အားအသပြာတို့ကိုပေး၍"အမောင်တို့....သွားချေကုန်၊ သုန္ဒရီကိုသတ်၍ ရဟန်းဂေါတမ၏ ဂန္ဓကုဋီအနီး ပန်းခြုံကြား၌ ပစ်ထား၍လာလှည့်ကုန်"ဟုစေလိုက်၏။

ထိုသေသောက်ကြူးတို့သည် ဆိုတိုင်းပြုကုန်၏၊ တဘန်တိတ္ထိတို့သည် သုန္ဒရီမကိုမမြင်ပါကုန်-ဟု**အုတ်အုတ်ကျက်ကျက်**ပြုကုန်၍ ပသေနဒီကောသလမင်းအားကြား၍ "သင်တို့သည် အဘယ်အရပ်၌ သက်ာရှိကုန်သနည်း"ဟု မေးအပ်သောတိတ္ထိတို့သည် "ဤနေ့၌ဇေတဝန်ကျောင်းတော်၌နေ၏၊ ထို့ကြောင့် သုန္ဒရီအကြောင်းကို မသိ"ဟု ဆို၏၊ "ထိုသို့တပြီးကား သင်တို့သွား၍ သုန္ဒရီကိုရှာချေကုန်"ဟု မင်းသည် ခွင့်ပြုအပ်သဖြင့် မိမိတို့၏အလုပ်အကျွေးတကာတို့ကိုခေါ်၍ ဇေတဝန်ကျောင်းတော်သို့သွား၍ ရှာဖွေကုန်သော် ပန်းခြုံကြား၌မြင်၍ ညောင်စောင်းငယ်ထက်သို့တင်၍ မြို့တွင်းသို့သွင်း၍ "ရဟန်းဂေါတမ၏တပည့်တို့သည် ဆရာပြုသောမကောင်းသောအမှုကို ဖုံးလွှမ်းကုန်အံ့-ဟု ငါတို့နှမသုန္ဒရီကိုသေအောင်သတ်၍ ပန်းခြုံကြား၌ ထားကြကုန်သည်" ဟု မင်းကြီးအားကြားကုန်၏။

မင်းသည်ဆို၏၊ "ထိုသို့တပြီးကား သင်တို့သွားလေကုန်၊ မြို့သို့လှည့်လေကုန်"ဟုဆို၏၊ ထိုတိတ္ထိတို့သည်မြို့၏ခရီးမတို့၌ "အို-အချင်းတို့....သာကီဝင်မင်းသားရဟန်းတို့၏အမှုကို ရှုပါကုန်လော့၊ ဤသို့အစရှိသောစကားတို့ကိုဆိုကုန်၍ တဘန်မင်း၏နန်းတော်တံခါးသို့ လာပြန်ကုန်၏၊ မင်းကြီးသည် သုန္ဒရီ၏အလောင်းကိုသုသာန်တစ၌ **စင်ငယ်တခု**

သို့တင်၍ထားစေ၏၊ အရိယာဖြစ်သောတပည့်တို့ကိုထား၍ ကြွင်းသော သာဝတ္ထိပြည်သူတို့သည် များသောအားဖြင့် ''အချင်းတို့....ရှုပါကုန် လော့၊ သာကီဝင်မင်းသားရဟန်းတို့၏ အမှုတည်း၊ ဤသို့အစရှိသည် တို့ကိုဆိုကုန်၍ မြို့တွင်း၌၎င်း, တော၌၎င်း ရဟန်းတို့ကို ဆဲရေးလျက် သွားကုန်၏၊ ထိုရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရား အားကြားကုန်၏၊''ထိုသို့တပြီးကား-သင်တို့သည် ထိုလူတို့ကို ဤသို့စော ဒနာလေကုန်''ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၍—

အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော စာပိ ကတွာ နကရောမိ စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။ ။

ဟူ၍ဟောတော်မူ၏။

**အနက်။** ။အဘူတဝါဒီ၊ အပြစ်မရှိသော သူကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲသောသူသည်။ နိရယံ၊ ငရဲသို့။ ဥပေတိ၊ ကပ်ရ၏။ ယော စာပိ၊ အကြင်သူသည်လည်း။ ပါပံ၊ မကောင်းသော အမှုကို။ ကတွာ၊ပြု၍။ အဟံ၊ ငါသည်၊နကရောမိ၊ မပြု။ ဣတိ၊ ဤသို့။အာဟ၊ဆို၏။ ဥဘော၊ နှစ်ယောက်ကုန်သော။ နိဟီနကမ္မာ၊ ယုတ်မာသော အမှုရှိ ကုန်သော။ တေမနုဇာ၊ ထိုလူတို့သည်။ ပေစ္စပရတ္ထ၊ တမလွန်ဘဝ၌။ သမာ၊ ဂတိအားဖြင့်တူကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။

ပသေနဒီကောသလ မင်းကြီးသည် ''သုန္ဒရီကို သတ်သောသူကို သိအောင်ပြုကုန်လော့''ဟု မင်းချင်းယောကျ်ားတို့ကို စေလွှတ်၏၊ထိုသို့ လွှတ်သော အခါ၌ ထိုသေသောက်ကြူးတို့သည် တိတ္ထိတို့ပေးသော အသပြာတို့ဖြင့်သေဝယ်၍သောက်ကုန်လျက် အချင်းချင်း ငြင်းခုံခြင်းကို ပြုကုန်၏၊ တယောက်သည်တယောက်ကို ''နင်သည် သုန္ဒရီကို တချက် တည်းရိုက်သဖြင့် သေအောင်သတ်၍ ပန်းမှိုက်ကြား၌ထား၍ ထို့နောင် မှသတ်၍ရသော အသပြာတို့ဖြင့် သေဝယ်၍သောက်သည်''ဟူ၍ ဆို၏၊

“ဖြစ်စေတော့,ဖြစ်စေတော့”ဟူ၍ထိုသူလည်းဆို၏၊မင်းချင်းယောကျ်ားတို့သည် ထိုသေသောက်ကြူးတို့ကိုဘမ်း၍ မင်းကြီးအားပြလေကုန်၏။

ထိုရောအခါ မင်းကြီးသည် ထိုသေသောက်ကြူးတို့ကို “နင်တို့သည် သုန္ဒရီကိုသတ်အပ်ကုန်သည်မှန်၏လော”ဟုမေးသော်“အရှင်မင်းကြီး‥ သတ်သည်မှန်၏”ဟုဆိုသဖြင့်“အဘယ်သူသည်နင်တို့ကိုစေသနည်း”ဟု မေးစစ်သော်“အရှင်မင်းကြီး‥‥တိတ္ထိတို့သည်စေအပ်၏”ဟု လျှောက်၍ မင်းကြီးသည်တိတ္ထိတို့ကိုခေါ်၍ နင်တို့သည်သွားလေကုန်၊ဤသို့ဆို၍ မြို့ကိုလှည့်ချေကုန် “ဤသုန္ဒရီကို ရဟန်းဂေါတမအား ကျေးဇူးမဲ့ အကျော်အစောမဲ့ကို တင်လို၍ ငါတို့သတ်စေအပ်ကုန်သည်၊ ရဟန်း ဂေါတမ၏တပည့်သားတို့အား အပြစ်မရှိပေ၊ ငါတို့အားသာ အပြစ်ရှိ ပေသည်ဆို၍လှည့်ချေကုန်၊သုန္ဒရီအကောင်ကိုလည်းထမ်းလေကုန်”ဟု ထမ်း၍လည်စေ၏၊ တိတ္ထိတို့သည် မင်းဆိုတိုင်းပြုရကုန်၏၊ မိုက်သော လူများအပေါင်းတို့သည် သာသနာ၌ယုံကြည်၏၊ တိတ္ထိတို့သည်ရင်း, သေသောက်ကြူးတို့သည်ရင်း လူသတ်ဒဏ်ပေးခြင်းသို့ရောက်လေကုန်၏၊ မြတ်စွာဘုရားအား ထိုအခါမှစ၍ လာဘ်သက္ကာအတိုင်းထက်အလွန် ပြန့်ပွား၏။

ဤသို့သုန္ဒရီစွပ်စွဲခြင်းကို ခံရသော အကြောင်းမှာ ငါတို့ဘုရား လောင်းသည် မုနာဠိအမည်ရှိသော သေသောက်ကြူးဖြစ်သော အခါ သုရာဘိအမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါကို **ဒုဿီလပါပဓမ္မ** ဟူ၍ ဆဲရေး စွပ်စွဲချေသောကြောင့်ခံရသတည်း။

## ၂၁၃။ ဂရဟာဒိန္နနှင့်သိရိဂုတ္တတို့အကြောင်းကိုပြခြင်း

“ယထာသင်္ကာရဋ္ဌာနသ္မိံ”အစရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ ဂရဟာဒိန္နမည်သောနိဂဏ္ဌတို့၏ တပည့်ကို အကြောင်းပြု၍ ဟော တော်မူ၏၊ ဝတ္ထုကား-သာဝတ္ထိပြည်၌ သိရိဂုတ္တအမည်ရှိသော သူ, ဂရ ဟာဒိန္နအမည်ရှိသောသူ၊ ဤသူနှစ်ယောက်တို့သည် အဆွေခင်ပွန်းဖြစ် ကုန်၏၊ ထိုသူနှစ်ယောက်တို့တွင် သိရိဂုတ္တသည် မြတ်စွာဘုရားအား

ကိုးကွယ်ဆည်းကပ်သော ဒါယကာတည်း၊ ဂရဟဒိန္နကား-နိဂဏ္ဌ တိတ္ထိတို့၏ တပည့်တည်း၊ နိဂဏ္ဌတို့သည် ဂရဟဒိန္နကို ဤသို့မပြတ်ဆိုကုန်၏၊ ''သင်၏အဆွေဖြစ်သောသိရိဂုတ္တကို သင်သည်ရဟန်းဂေါတမကို ဆည်းကပ်၏၊ဂေါတမအထံမှ သင်သည် အဘယ်ကိုရသနည်း''ဟု ဆို၍ အကြင်အခြင်းဖြင့်ဆုံးမသော် သိရိဂုတ္တသည် ငါတို့သို့ ဆည်းကပ်၍ ငါတို့အားလှူဘွယ်ဝတ္ထုကိုလှူလတ္တံ့၊ ထိုအခြင်းဖြင့် ဆုံးမအံ့သောငှာ မအပ်လော''ဟု ဆိုကုန်၏။

ဂရဟဒိန္နသည် ထိုတိတ္ထိတို့၏စကားကိုကြား၍ မပြတ်သွား၍ရပ်ရာ, ထိုင်ရာအစရှိသည်တို့၌ သိရိဂုတ္တကို ''အချင်း သိရိဂုတ္တ····သင့်အား ရဟန်းဂေါတမဖြင့် အဘယ်ပြုအံ့နည်း၊ ထိုဂေါတမသို့ ဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း၊ သင်သည် ငါ၏အရှင်တို့ကို ဆည်းကပ်အံ့သောငှာမသင့်သလော၊ထိုငါ၏အရှင်တို့အား လှူအံ့သောငှာမအပ်သလော''ဟူ၍ ဆို၏၊ သိရိဂုတ္တသည် ထိုသူ၏စကားကိုကြား၍ များစွာသောနေ့တို့၌ တိတ်တိတ်နေပြီး၍ တနေ့သ၌''အချင်းဂရဟဒိန္န····သင်သည် မပြတ်ငါ့ကိုရပ်ရာ,ထိုင်ရာစသည်တို့၌ ဤသို့ဆို၏၊အချင်း····သင်သည် ရဟန်းဂေါတမကိုဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း၊ ငါ၏အရှင်တို့ကိုဆည်းကပ်၍ ထိုအရှင်တို့အား အလှူကိုပေးလော့-ဟု ဆို၏၊ရှေးဦးစွာ သင်၏အရှင်တို့သည် အဘယ်ကိုသိမြင်ကုန်သနည်း''ဟု မေး၏။

''အံ့ဘွယ်ရှိစွ အချင်း····ဤသို့မဆိုပါလင့်၊ ငါ၏အရှင်တို့အား မသိသောမည်သည်မရှိ၊အလုံးစုံ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကိုသိ၏၊ ဤအလုံးစုံသောကာယကံ,ဝစီကံ,မနောကံကိုသိကုန်၏၊ဤသည်ဖြစ်လတ္တံ့၊ ဤသည်မဖြစ်လတ္တံ့၊ဤအလုံးစုံဖြစ်ထိုက်သည် မဖြစ်ထိုက်သည်ကိုသိကုန်၏''ဟု ဆို၏၊''သို့သော် ဤမျှလောက်ကာလပတ်လုံး ဤအကြောင်းကို သင်သည် ငါ့အားမကြားမူ၍အကြင်အမှုကိုပြု၏၊ထိုအမှုသည် ဝန်လေး၏၊ယခုငါသည် အရှင်ကောင်းတို့၏ ဉာဏ်၏အာနုဘော်ကို သိအပ်ပြီ၊ အရှင်ဂရဟဒိန္န····သွားချေ၊သင်၏အရှင်ကောင်းတို့ကို ငါ၏စကားဖြင့် ဆွမ်းဘိတ်ချေ''ဟု ဆို၏၊ထိုဂရဟဒိန္နသည် နိဂဏ္ဌတို့၏အထံသို့သွား၍ ရှိခိုး၍ ''အကျွန်ုပ်၏ခင်ပွန်းဖြစ်သော သိရိဂုတ္တသည် နက်ဖြန်အလို့ငှာ

အရှင်ဘုရားတို့ကိုဆွမ်းဘိတ်ပါ၏''ဟုဆို၏၊ ''သိရိဂုတ္တသည် ကိုယ်တိုင် ပင် သင်းဆိုသလော''ဟုမေး၍''အရှင်ကောင်းတို့....ဩော်-ဟုတ်၏'' ဟုဆိုသော် တိတ္ထိတို့သည်နှစ်သက်ကုန်သည်ဖြစ်၍ ''ငါတို့၏ဟိစ္စသည် ပြီးပြီ၊သိရိဂုတ္တသူဌေး၏ ငါတို့၌ကြည်ညိုသောအခါမှစ၍ အဘယ်မည် သော မပြည့်စုံခြင်းသည် ငါတို့အားရှိလတ္တံ့နည်း''ဟု ဆိုကုန်၏။

**တိတ္ထိတို့ကိုကျွေးမွေးရန်စီမံခြင်း**

သိရိဂုတ္တအိမ်သည်ကား ကြီးစွာ၏၊ ထိုသိရိဂုတ္တအိမ်၌ နှစ်အိမ်တို့၏ အကြား၌ အလျားအားဖြင့် ရှည်စွာသောတွင်းကိုတူးခစေ၍ မစင်ရေ ညွန်ဖြင့်ပြည့်စေ၍ တွင်း၏အပ၌ နှစ်ဘက်သောအစွန်းတို့၌ သစ်ငုတ်တို့ ကိုနှက်စေ၍ ထိုသစ်ငုတ်တို့၌ ကြိုးတို့ကိုဖွဲ့၍ ညောင်စောင်းရှေ့ခြေတို့ ကို တွင်း၏ရှေ့နံပါး၌ထားစေ၍ နောက်ခြေတို့ကို ကြိုးတို့၌ထားစေ၏၊ ဤသို့ပြုသဖြင့် ထိုင်သောအခါ၌သာလျှင် မစင်ညွန်ပြည့်သောတွင်းသို့ **ဦးခေါင်းစောက်ထိုး**ကျကုန်လတ္တံ့-ဟု မှတ်လျက် အကြောင်အခြင်းဖြင့် တွင်းသည်မထင်၊ ထိုအခြင်းဖြင့် အပေါ်လွှမ်းခင်းနှီးတို့ကို ခင်းစေ၏၊ ကြီးစွာကြီးစွာကုန်သော အိုးစရည်းတို့ကိုတည်စေ၍ ငှက်ပျောရွက်တို့ ဖြင့်၎င်း, ပုဆိုးပုဝါတို့ဖြင့်၎င်း အိုးမျက်နှာတို့ကိုပိတ်ဖွဲ့စေ၍ အချည်း စည်းဖြစ်ကုန်သောအိုးတို့၌သာလျှင် ယာဂုထမင်းလုံး, ထောပတ်,တင် လဲ, မုံ့တို့ဖြင့် လိမ်းကျံသည်တို့ကို ပြုစေ၍ အိမ်၏ နောက်အတို့၌ ထားစေ၏။

ဂရဟာဒိန္နသည်''နံနက်စောစော ထိုသိရိဂုတ္တ၏အိမ်သို့ လျင်စွာလာ ၍''အရှင်ကောင်းတို့အားပူဇော်သက္ကာရကိုစီရင်၍ ပြီးပါပြီလော''ဟု မေး၏၊ ''အချင်း.... စီရင်၍ပြီးပါပြီ''ဟု ဆိုသော် ''ထိုအလုံးစုံသည် အဘယ်၌ရှိလေသနည်း''ဟု မေး၍ ''ဤမျှကုန်သောအိုးတို့၌ ယာဂု, ဤအိုးတို့၌ထမင်း,ဤမျှကုန်သောအိုးတို့၌ ထောပတ်, တင်လဲ, မုံ့အစရှိ သည်တို့သည် ရှိကုန်ပြီ၊နေရာတို့ကိုလည်း ခင်းအပ်ပြီ'' ဟုဆို၏၊ ထိုဂရ ဟာဒိန္နသည်''ကောင်းပြီ''ဟုဆို၍သွားလေ၏၊ဂရဟာဒိန္န၏ သွားလေပြီး သောအခါ၌ ငါးရာသော နိဂဏ္ဍတို့သည်လာကုန်၏၊ ထိုသိရိဂုတ္တသည် အိမ်မှထွက်၍ ငါးပါးသောထိခြင်းဖြင့် နိဂဏ္ဍတို့ကိုရှိခိုး၍ ထိုတိတ္ထိတို့၏ ရှေ့မှ လက်အုပ်ချီလျက်ရပ်၍ စိတ်ထဲကကြံ၏။

“သင်တို့သည် အတိတ်,အနာဂတ်အစရှိသော အလုံးစုံကိုသိကုန်သည်-ဟု သင်တို့အလုပ်အကျွေး ဂရဟဒိန္နသည် ငါ့အားပြောဆို၏၊ အကယ်၍နင်တို့သည် မှန်စွာသိကုန်အံ့၊ငါ၏အိမ်သို့မဝင်ကုန်လင့်၊ငါ၏အိမ်သို့ဝင်ကုန်သောနင်တို့အား ယာဂုထမင်းလည်းမရှိ၊ ထောပတ်, တင်လဲစသည်တို့သည်လည်းမရှိကုန်၊ အကယ်၍မသိသာဖြင့် နင်တို့ဝင်လာကုန်အံ့၊ မစင်ဖြင့်ပြည့်သောတွင်း၌နင်တို့ကိုချ၍ရိုက်ပုတ်အံ့”၊ ဤသို့ကြံပြီး၍ကျွန်ယောကျ်ားတို့အားအမှတ်ကိုပေး၏၊“ထိုသူတို့၏ထိုင်သောအဖြစ်ကိုသိ၍ နောက်အတို့၌ရပ်၍ ညောင်စောင်းတို့၏အထက်၌ ခင်းနှီးတို့ကို ရုပ်ကုန်လော့၊ထိုသူတို့သည် မစင်တွင်း၌ကျ၍ မစင်ဖြင့်လိမ်းကျံစေသတည်း”ဟု အမှတ်ပေးပြီးသောအခါ၌ နိဂဏ္ဌတို့ကို “အရှင်ဘုရားတို့....လာတော်မူကုန်လော့”ဟု ဆိုသော် နိဂဏ္ဌတို့သည်ဝင်ကုန်၍ ခင်းအပ်သောနေရာ၌ထိုင်အံ့သောငှာ အားထုတ်ကုန်၏။

ထိုအခါထိုနိဂဏ္ဌတို့ကို သူဌေးကျွန်တို့သည်ဆိုကုန်၏၊“အရှင်ဘုရားတို့..ငံ့ဦးလော့၊ရှေးဦးစွာမထိုင်တည့်ပါကုန်လင့်၊ အဘယ့်ကြောင့်နည်းဟူမူ ငါတို့အိမ်သို့ဝင်ကုန်သောသူတို့အား ဝတ်ကိုသိ၍ ထိုင်အံ့သောငှာအပ်၏”ဟုဆို၍ “ဒါယကာတို့..အဘယ်သို့ပြုခြင်းငှာ အပ်သနည်း”ဟု မေးသော် မိမိတို့အား ရောက်သောနေရာ၏အရင်း၌ ရပ်၍နေပြီးမှ ခပ်သိမ်းသောသူတို့သည် တပြိုင်နက်တည်းထိုင်အပ်၏”ဟု ဆိုကုန်၏၊ ထိုနိဂဏ္ဌတို့သည်ထိုသူတို့ဆိုသောစကားကိုလိုက်နာအံ့သောငှာအပ်၏-ဟု ကြံကုန်၍ အလုံးစုံပါးရာသောနိဂဏ္ဌတို့သည်မိမိတို့အားရောက်သောနေရာ၏အရင်း၌ ရပ်ကုန်၏၊ ထိုအခါ၌“အရှင်ဘုရားတို့.... လျင်စွာတပြိုင်နက်တည်းဖြင့် ထိုင်ကုန်လော့”ဟု ဆို၍ ထိုတိတ္ထိတို့၏ထိုင်သောအဖြစ်ကိုသိလျှင် ညောင်စောင်းတို့၏အထက်၌ ခင်းနှီးတို့ကိုရုပ်လိုက်ကုန်၏၊ နိဂဏ္ဌတို့သည် တပြိုင်နက်တည်းထိုင်ကုန်သော် ကြိုးတို့၏အထက်၌ ညောင်စောင်းခြေတို့သည် လျှောကျ၍ ဦးခေါင်းစောက်ထိုး မစင်တွင်း၌ ကျလေကုန်၏။

## တိတ္ထိတို့ မစင်တွင်းသို့ကျ၍ ထွက်ပြေးရခြင်း

သိရိဂုတ္တသည်ထိုနိဂဏ္ဌတို့ကျကုန်ပြီးသော်အိမ်တံခါးတို့ကိုပိတ်စေ၍ တက်လာတိုင်း,တက်လာတိုင်းသောနိဂဏ္ဌတို့ကို အတိတ်, အနာဂတ်,

ပစ္စုပ္ပန်ကို အဘယ့်ကြောင့် နင်တို့မသိကုန်သနည်း''ဟု တုတ်,လှံကန်တို့ဖြင့် ရိုက်ခတ်၍ ဤမျှဖြင့် သင့်လတ္တံ့-ဟု တံခါးကိုဖွင့်စေ၍ ထိုနိဂဏ္ဌတို့သည် ထွက်ပြေးခြင်းငှာ အားထုတ်ကုန်၏၊ ထိုတိတ္ထိတို့၏ပြေးရာခရီး၌ ကား-နရပစတေတို့ဖြင့် အပြေအပြစ်ပြုအပ်သောမြေ၌ အခင်းတို့ကိုပြုစေ၏၊ ထိုတိတ္ထိတို့သည် ထိုအခင်း၌ မတည်ကုန်မူ၍ လည်းကုန်သောတိတ္ထိတို့ကို တဘန်ရိုက်ပုတ်ပြန်၍ ဤမျှသည် နင်တို့အားတန်ပြီ-ဟုလွှတ်လိုက်၏၊ထိုတိတ္ထိတို့သည်''သင်သည် ငါတို့ကိုဖျက်ဆီးအပ်ပြီ၊သင်သည်ငါတို့ကိုဖျက်ဆီးအပ်ပြီ''ဟု မြည်တမ်း၍ ဂရဟာဒိန္နအိမ်သို့လာကုန်၏။

ဂရဟာဒိန္နသည် ထိုသို့သော ဘောက်ပြန်ခြင်းကိုမြင်လျှင် အမျက်ထွက်၍ ''သိရိဂုတ္တသည်ဖျက်ဆီး၏၊ လက်ကိုဆန့်၍ ရှိခိုးကုန်သောသူတို့အား နတ်ပြည်ခြောက်ထပ်၌ အလိုရှိတိုင်းပေးခြင်းငှာ စွမ်းနိုင်သော ကောင်းမှု၏လယ်မြေသဘွယ်ဖြစ်သော ငါ၏အရှင်ကောင်းတို့ကို ပျက်စီးခြင်းသို့ ရောက်စေ၏'' ဟု မင်းအိမ်သို့သွား၍ ထိုသိရိဂုတ္တအား အသပြာတထောင်ဒဏ်ကိုပြုစေ၏၊ထိုရောအခါ သိရိဂုတ္တအား ပသေနဒီကောသလမင်းကြီးသည် သတင်းစကားကိုစေလိုက်၏၊ သိရိဂုတ္တလည်း မင်းကြီးထံသွား၍ ရှိခိုးလျက်''မြတ်သောမင်းကြီး....စိစစ်၍ ဒဏ်ကိုယူတော်မူကုန်လော၊မစိစစ်မူ၍ ယူတော်မမူပါလင့်''ဟု လျှောက်၏၊စိစစ်ဆင်ခြင်၍ယူအံ့-ဟု မင်းကြီးဆိုသော် ''အရှင်မင်းကြီး.... အကျွန်ုပ်၏အဆွေခင်ပွန်းဖြစ်သော ဂရဟာဒိန္နသည် အကျွန်ုပ်သို့ကပ်၍ ရပ်ရာထိုင်ရာအစရှိသည်တို့၌ မပြတ် ဤသို့ဆို၏၊ 'အချင်းသိရိဂုတ္တ....သင့်အား ရဟန်းဂေါတမဖြင့် အဘယ်ပြုအံ့နည်း၊ ထိုဂေါတမကိုဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း''စသည်ဖြင့် ဂရဟာဒိန္နဆိုသော အလုံးစုံသော စကားကို သိရိဂုတ္တပြန်ကြား၍ ''အရှင်မင်းကြီး.... ဤအကြောင်း၌ အကျွန်ုပ်အားဒဏ်ကိုယူခြင်းငှာ အကယ်၍သင့်အံ့၊ယူတော်မူ''ဟုဆို၏။

မင်းကြီးသည် ဂရဟာဒိန္နကိုကြည့်၍''သင်သည် ဤသို့ဆိုသည်မှန်၏လော''ဟု မေး၏၊ ''အရှင်မင်းကြီး....မှန်ပေ၏''ဟု လျှောက်သော် ''သင်သည် ဤမျှသောအမှုကိုမျှလည်း မသိသောတိတ္ထိတို့ကို ငါ့အရှင်တို့သည် အလုံးစုံကိုသိ၏-ဟု အဘယ်ကြောင့် သိရိဂုတ္တအားဆိုသနည်း၊

သင်တင်အပ်သောဒဏ်သည် သင့်အားသာလျှင် ဖြစ်စေလော့”ဟု ထို ဂရုဟဒိန္နအား ဒဏ်ကိုရောက်စေ၏၊ ထိုဂရုဟဒိန္န၏ဆရာ တိတ္ထိတို့ကို လည်း ပုတ်ခတ်၍ နှင်ထုတ်လိုက်လေ၏။

## မြတ်စွာဘုရားကို ဆွမ်းကျွေးရန် စီမံခြင်း

ထိုဂရုဟဒိန္နသည် သိရိဂုတ္တကိုအမျက်ထွက်၍ ထိုနေ့မှစ၍ လခွဲမျှ ကာလပတ်လုံး သိရိဂုတ္တနှင့် စကားမဆိုနေလျက် ကြံပြန်၏၊ “ဤသို့ လက်တို့မပြန်ဘဲ နေအံ့သော်ငှာ ငါ့အားမထိုက်၊ သိရိဂုတ္တ၏ဆရာ ရဟန်းဂေါတမတို့အားလည်း ပျက်စီးခြင်းကို ငါသည်ပြုအံ့သောငှာ အပ်၏”ဟု ကြံပြီးလျှင် သိရိဂုတ္တသို့ကပ်၍ အရွယ်တူ သိရိဂုတ္တ ဟု ခေါ် လေ၏၊အသို့နည်း၊ အချင်းဂရုဟဒိန္နဟူ၍ ဆိုလေသော် “အချင်းသိရိ ဂုတ္တ····အဆွေခင်ပွန်းကောင်းသော နှလုံးရှိသောသူတို့အား ကိုယ်လက် တွန်းထိုး၍ ဆန့်ကျင်သော သင်,နင်စသောစကားကိုဆိုခြင်း, ငြင်းခုံခြင်း မည်သည် ဖြစ်ကြလေတော့သည်၊ သင်သည် တစုံတခုသောစကားကိုမျှ မဆို၊အဘယ့်ကြောင့်ဤသို့ပြုသနည်း” ဆိုသော်“အချင်း····ငါနှင့်တကွ သင်၏စကားမဆိုသည်၏အဖြစ်ကြောင့် ငါလည်းစကားမဆို”ဟုဆိုလျှင် “အချင်းသိရိဂုတ္တ···· အကြင်စကားမဆိုခြင်းကို ငါသည်ပြုအပ်၏၊ ထို စကားမဆိုခြင်းကိုပြုမိသည်ဖြစ်စေ၊ သင်တို့ငါတို့သည် အချစ်ကိုမပျက် ကြကုန်လတ္တံ့”ဟုဆို၍ ထိုနေ့မှစ၍ ထိုနှစ်ယောက်တို့သည် အတူတကွ ရပ်ကုန်ထိုင်ကုန်၏။

ထိုရောအခါ တနေ့သ၌ သိရိဂုတ္တသည် ဂရုဟဒိန္နကို “အချင်း···· သင့်အား နိဂဏ္ဍာတို့ဖြင့် အဘယ်ပြုအံ့နည်း၊ ထိုနိဂဏ္ဍာတို့ကို ဆည်း ကပ်၍ အဘယ်ကိုရလတ္တံ့နည်း၊ ငါ၏ဆရာ မြတ်စွာဘုရားကို ဆည်း ကပ်အံ့သောငှာဝင်း, လှူအံ့သောငှာဝင်း သင့်အား မပြုအပ်ပါသ လော”ဟူ၍ဆိုသော် ထိုဂရုဟဒိန္နသည် ဤမျှသောစကားကိုပင် တောင့် တ၏၊ထို့ကြောင့် ထိုဂရုဟဒိန္နအား ယားသောအရာ၌ ဖျောက်မိသကဲ့ သို့ဖြစ်၏၊ ထိုဂရုဟဒိန္နသည် သိရိဂုတ္တကို သင်၏ ဆရာဘုရားသည် အဘယ်ကိုသိသနည်း”ဟု မေး၏၊ “အိုအချင်း····ဤသို့ မဆိုပါလင့်၊ ငါ၏ဆရာဘုရားသည် မသိသောမည်သည်မရှိ၊ အတိတ်အစရှိသော

အလုံးစုံကို သိတော်မူ၏၊ တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သတ္တဝါတို့၏ စိတ်ကိုပိုင်းခြားတော်မူ၏''ဟု ဆိုသော် ''အချင်း သိရိဂုတ္တ····ငါသည် ဤအကြောင်းကိုမသိပါ၊ အဘယ့်ကြောင့် ငါ့အား ဤမျှလောက်သော ကာလပတ်လုံး ဤအကြောင်းကို မပြောဆိုပါသနည်း၊ ထိုသို့တပြီးကား-သိရိဂုတ္တ····သင်သည်သွား၍ သင်၏ ဆရာဘုရားကို ဘိတ်မန်ပါချေ၊ ဆွမ်းကျွေးပါအံ့၊ ငါးရာသော ရဟန်းတို့နှင့်တကွ နက်ဖြန်နေ့၌ ငါ၏ဆွမ်းကိုခံစိမ့်သောငှာ ဆိုပါချေ''ဟုဆို၏။

သိရိဂုတ္တသည် မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍''ဘုန်းတော်ကြီးသော အရှင်ဘုရား····အကျွန်ုပ်၏ အဆွေ ဂရဟဒိန္နသည် ရှင်ပင်ဘုရားတို့အား ဆွမ်းဘိတ်စေအပ်၏၊ ရှင်ပင်ဘုရားတို့သည် ငါးရာသောရဟန်းတို့နှင့်တကွနက်ဖြန်နေ့၌ ထိုဂရဟဒိန္နဆွမ်းကိုခံတော်မူပါကုန်''ဟုလျှောက်၍ တဘန်လျှောက်ပြန်၏၊ ''စင်စစ်ကား-ရှေးဦးစွာသောနေ့၌အကျွန်ုပ်သည် ထိုဂရဟဒိန္န၏ဆရာတိတ္ထိတို့အား ဤသို့သော အမှုကိုပြုအပ်ပြီ၊ အကျွန်ုပ်ပြုအပ်သည်ကို အစားပြုလိုသည်-ဟူ၍လည်း အကျွန်ုပ်မသိ၊ အရှင်ဘုရားတို့အား စင်ကြယ်သောစိတ်ဖြင့် ဆွမ်းလှူလိုသည်၏အဖြစ်ကိုလည်း အကျွန်ုပ်မသိ၊ ဆင်ခြင်တော်မူ၍ သင့်သည်ဖြစ်အံ့၊ သည်းခံတော်မူပါ၊ မသင့်လျှင် သည်းခံတော်မမူပါလင့်''ဟုလျှောက်၏။

မြတ်စွာဘုရားသည် ငါတို့အား ဂရဟဒိန္နသည် လှူလို၏လော-ဟု ဆင်ခြင်တော်မူသော် နှစ်အိမ်တို့၏အကြား၌ ကြီးစွာသော တွင်းကို တူးစေ၍ လှည်းအစီးရှစ်ဆယ်မျှကုန်သော ရှားသားထင်းတို့ကို ဆောင်စေ၍ တွင်းကိုပြည့်စေပြီးလျှင် မီးကျီးကိုပြု၍ ငါတို့ကိုမီးကျီးတွင်း၌ချ၍ နှိပ်ခြင်းငှာအလိုရှိ၏-ဟု မြင်တော်မူပြီး၍ တဘန်မြတ်စွာဘုရားသခင်သည် ဆင်ခြင်တော်မူပြန်၏၊ အသို့နည်း၊ ထိုဂရဟဒိန္နအိမ်သို့သွားခြင်းအကြောင်းကြောင့် အကျိုးရှိမည်လော,မရှိမည်လော-ဟု ဆင်ခြင်တော်မူသော် ဤအကြောင်းကို မြင်တော်မူ၏၊ ငါသည်ရှားမီးကျီးတွင်း၌ ခြေကိုချအံ့၊ ထိုတွင်းကိုဖုံးအုပ်၍ ထားသော ဖျာသည် ကွယ်လတ္တံ့၊ မီးကျီးစုကိုခွဲ၍လှည်းဘီးမျှလောက်သော ပဒုမာကြာပွင့်ကြီးသည်ပေါက်လတ္တံ့၊ ထိုအခါငါသည် ပဒုမာကြာပွင့်ချပ်ကိုနင်းလျက်သွား၍နေရာ၌

ထိုင်ရလတ္တံ့၊ ငါးရာကုန်သော ရဟန်းတို့သည်လည်း ထို့အတူသွား၍ နေရကုန်လတ္တံ့၊ လူများအပေါင်းသည်စည်းဝေးလတ္တံ့၊ ငါသည် ထို အစည်းအဝေး၌ နှစ်ဂါထာဖြင့်အနုမောဒနာကိုပြုအံ့၊ အနုမောဒနာ ပြုသောအဆုံး၌ ရှစ်သောင်း,လေးထောင်ကုန်သောဝေနေယျသတ္တဝါ တို့အားမဂ်ဖိုလ်ရခြင်းသည်ဖြစ်လတ္တံ့၊ သိရိဂုတ္တသည်ဇင်း, ဂရဟဒိန္န သည်ဇင်း သောတာပန်တည်သည် ဖြစ်ကုန်လတ္တံ့၊ မိမိ၏ဥစ္စာအစုကို ငါ၏သာသနာတော်၌ ဖရိုဖရဲကြဲလတ္တံ့၊ ဤအကျိုးကိုမှီ၍ ငါသည်သွား အံ့သောငှာအပ်၏”ဟု ဆင်ခြင်တော်မူလျက် ဆွမ်းကိုဝန်ခံတော်မူ၏။

## မီးကျီးတွင်းမှကြာပွင့်ကြီးပေါက်လာခြင်း

သိရိဂုတ္တသည်သွား၍ မြတ်စွာဘုရား၏ဝန်ခံတော်မူခြင်းကို ဂရဟ ဒိန္နအားကြား၍“လူသုံးပါးတို့ထက်ကြီးမြတ်သောမြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုလော့”ဟု ဆို၏၊ဂရဟဒိန္နသည်လည်း ယခုအခါ၌ ငါသည် ပြုအပ်သည်နှင့် ယှဉ်သည်ကို သိရလတ္တံ့-ဟု နှစ်အိမ်တို့၏ အကြား၌ ကြီးစွာသောတွင်းကို တူးစေ၍ လှည်းအစီး ရှစ်ဆယ်ကုန် သော ရှားသားတို့ဖြင့်ပြည့်စေ၍ ပြာကိုကင်းစေ၍ တည်၍ပတ်လုံး နှိုးဆော်လျက် ရှားမီးခဲအစုကိုပြု၍ တွင်း၏အထက်၌ပျဉ်ပြားတို့ကို ခင်း စေ၍ဖျာဖြင့်ဖုံးလွှမ်းလျက် နွားချေးဖြင့်လိမ်းကျံ၍ နံပါးတဘက်ဖြင့် အားနည်းသောလှံတံကိုခင်း၍ သွားရာခရီးကိုပြု၍စေ၏၊ ဤသို့ပြုသဖြင့် နင်းသောအခါ၌ဝါးခြမ်းတို့သည်ကျိုးကုန်သော်မီးကျီးတွင်း၌ကျလတ္တံ့-ဟု မှတ်လျက်ပြု၏။

ကိုဂရဟဒိန္နသူဌေးသည် အိမ်၏နောက်အဘို့၌သိရိဂုတ္တသူဌေးသည် ထားအပ်သောနည်းဖြင့် အိုးစရည်းကြီးတို့ကို ထားစေ၏၊ နေရာတို့ ကိုခင်းစေ၏၊ သိရိဂုတ္တသည် နံနက်စောစောကလျှင် ထိုဂရဟဒိန္နအိမ် သို့သွား၍“အဆွေ ဂရဟဒိန္န….သင်သည် ပူဇော်သက္ကာရကိုပြုအပ်ပြီ လော”ဟု မေးသော် “အဆွေ….ဩော်–ပြုအပ်ပြီ”ဟုဆို၍ “ထိုအ လုံးစုံသည် အဘယ်မှာနည်း”မေးသော်“အဆွေ…လာလှည့်”ဟု သိရိ ဂုတ္တပြသော နည်းဖြင့်ပြ၏၊ သိရိဂုတ္တသည်လည်း “ကောင်းပြီ၊အဆွေ” ဟုဆို၍သွား၏၊ လူများအပေါင်းသည် စည်းဝေး၏၊ မိစ္ဆာဒိဋ္ဌိတို့သည်

ဘိတ်မန်အပ်သည်ရှိသော် များစွာသောသူတို့၏ အစည်းအဝေးသည် ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့သည်လည်း "ရဟန်းဂေါတမ၏ ပျက်စီးခြင်းကို ရှုကုန်အံ့"ဟု စည်းဝေးကုန်၏၊ သမ္မာဒိဋ္ဌိအယူရှိသော သူတို့သည်"ယနေ့မြတ်စွာဘုရားသည် ကြီးစွာသော တရားဒေသနာကို ဟောတော်မူလတ္တံ့၊ဘုရား၏တင့်တယ်ခြင်းကိုရှုပါကုန်အံ့"ဟုစည်းဝေး ကုန်၏။

မိုးသောက်သောနေ့၌ မြတ်စွာဘုရားသည် ငါးရာသော ရဟန်း တို့နှင့်တကွ ဂရဟာဒိန္န၏အိမ်သို့ ကြွတော်မူ၏၊ ဂရဟာဒိန္နသည် အိမ်မှ ထွက်၍ ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍ လက်အုပ်ချီ၍ရပ်လျက် ကြီ၏၊ "အရှင်ဘုရား.... အရှင်ဘုရားတို့သည် အတိတ်, အနာဂတ်စသော အလုံးစုံကို သိကုန်၏၊ သတ္တဝါတို့၏စိတ်ကို တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြားနိုင်ကုန်၏-ဟု အရှင်ဘုရားတို့၏ အလုပ် အကျွေးသိရိဂုတ္တသည် အကျွန်ုပ်အား ဆိုအပ်ပြီ၊ထိုအလုံးစုံကို အရှင် ဘုရားတို့သည် အကယ်၍သိကုန်အံ့၊ အကျွန်ုပ်တို့၏အိမ်သို့ မဝင်ပါကုန် လင့်၊ဝင်ကုန်သော အရှင်ဘုရားတို့အား ယာဂုလည်းမရှိ၊ ထမင်း,ဟင်း အစရှိသော အလုံးစုံတို့သည် မရှိကုန်၊ စင်စစ်သော်ကား အရှင်ဘုရား တို့အားလုံးကို မီးကျီးတွင်း၌ချ၍ နှိပ်စက်အံ့"ဟု ကြီလျက် မြတ်စွာ ဘုရား၏သပိတ်တော်ကိုယူ၍ "ရှင်ပင်ဘုရား.. ဤအရပ်မှကြွတော်မူပါ ကုန်"ဟုဆို၍ "အရှင်ဘုရား.... အကျွန်ုပ်တို့၏ အိမ်သို့လာကုန်သော သူတို့အား ဝတ်ကိုသိ၍လာအံ့သောငှာ အပ်၏"ဟု ဆို၏။

"ဒါယကာ..အဘယ်သို့ပြုအံ့သောငှာ အပ်သနည်း"ဟု ဘုရားမေး တော်မူသော် တယောက်,တယောက်စီဝင်လျက် ရှေ့မှသွား၍ ထိုင်ပြီး သောအခါ၌ နောက်မှတပါးသောသူသည် လာအံ့သောငှာ အပ်၏"ဟု လျှောက်၏၊ဂရဟာဒိန္နအား ဤသို့သော အကြံသည် ဖြစ်သတတ်၊"ရှေ့မှ သွားသောသူ၏ မီးကျီးတွင်း၌ကျသည်ကို မြင်လျှင် ကြွင်းသောရဟန်း တို့သည် မလာကုန်လတ္တံ့၊တယောက်,တယောက်စီ ခွဲခြား၍သွားစေမှ အလုံးစုံသောရဟန်းတို့အားမီးကျီးတွင်းသို့ချရလတ္တံ့"ဟုကြံသတည်း၊ မြတ်စွာဘုရားသည်"ကောင်းပြီ"ဟု မိန့်တော်မူ၍ တယောက်အထီး တည်းကြွတော်မူ၏၊ဂရဟာဒိန္နသည် မီးကျီးတွင်းသို့ရောက်လျှင် ရပ်လျက်

နောက်သို့ဆုတ်၍ ''ရှင်ပင်ဘုရား····ကြွတော်မူပါ''ဟု လျှောက်၏၊ မြတ်စွာဘုရားသည် မီးကျီးတွင်း၏ အထက်၌ခြေတော်ကိုနင်းဖြန့်တော်မူလျှင် ဖိုးသောဖျာသည်ကွယ်ပျောက်လေ၏၊ မီးကျီးကိုခွဲလျက် လှည်းဘီးမျှလောက်ကုန်သော ပဒုမာကြာပွင့်တို့သည် ပေါက်ကုန်၏၊မြတ်စွာဘုရားသည် ပဒုမာကြာပွင့်ချပ်၌ နင်းတော်မူလျက် ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌နေတော်မူ၏။

ရဟန်းတို့သည်လည်း ထို့အတူသွား၍နေကုန်၏၊ ဂရဟဒိန္န၏ ကိုယ်၌အပူသည် တက်၏၊ထိုဂရဟဒိန္နသည် လျင်စွာပြေး၍ သိရိဂုတ္တသို့ ကပ်၍''အရှင်သိရိဂုတ္တ···ငါ့အား တကိုယ်လုံးပူလောင်ခဲ့၏''ဟူ၍ဆို၏၊ ''ဤသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း''ဟု မေးသော် ''ငါးရာသောရဟန်းတို့သုံးဆောင်ရန် ငါ့အိမ်၌ ယာဂု,ထမင်းစသည်တို့သည် မရှိပါ၊ အဘယ်သို့ပြုရအံ့နည်း''ဟု ဆို၏၊ ''သင်သည် အဘယ်သို့ပြုသနည်း''ဟု မေးပြန်သော် ''ငါသည် နှစ်အိမ်တို့၏အကြား၌ကြီးစွာသော တွင်းကို မီးကျီးဖြင့် ပြည့်သည်ကိုပြုစေ၍ ထိုတွင်း၌ချ၍ နှိပ်စက်အံ့-ဟုကြံ၏၊ထိုအခါထိုမီးကျီးတွင်းကိုခွဲ၍ ကြီးစွာသော ပဒုမာကြာပွင့်တို့သည် ပေါက်ခဲ့ကုန်၏၊ ဘုရားအစရှိသော အလုံးစုံသော ရဟန်းတို့သည် ပဒုမာကြာပွင့်ချပ်၌နင်းလျက်သွားကုန်၍ ခင်းအပ်သောနေရာ၌ နေကုန်ပြီ၊ ယခုအခါ၌ အဘယ်သို့ပြုပါရအံ့နည်း''ဟု ဆို၏။

''အဆွေ····သင်သည် ငါ့အား ဤမျှသော အိုးတို့သည် ယာဂု, ဤမျှသောအိုးတို့သည် ထမင်းအစရှိသည်တို့တည်း-ဟု ပြသည်မဟုတ်တုံလော''ဟု ဆိုသော် ''အရှင်သိရိဂုတ္တ····မဟုတ်မမှန် ပျက်မှုစကားသာတည်း၊ အိုးစရည်းတို့သည် အချည်းစည်းတို့သာ ဖြစ်ကုန်၏''ဟု ဆိုသော်''ဖြစ်စေတော့ အဆွေ···သွားချေ၊ထိုအိုးတို့၌ ယာဂုအစရှိသည်တို့ကိုကြည့်ချေလော့''ဟုဆို၏၊ ထိုခဏ၌ ထိုဂရဟဒိန္နသည် အကြင်အိုးတို့၌ ယာဂု-ဟုဆို၏၊ ထိုအိုးတို့၌ ယာဂုတို့သည်ပြည့်ကုန်၏၊ အကြင်အိုးတို့၌ထမင်းအစရှိသည်ကိုပြ၏၊ ထိုအိုးတို့၌ ထမင်းအစရှိသည်တို့သည်ပြည့်ကုန်၏၊ ထိုသို့ပြည့်စုံခြင်းကိုမြင်၍ ဂရဟဒိန္နသည် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပြည့်စုံ၏၊ စိတ်သည်ကြည်ညို၏၊ ထိုဂရဟဒိန္နသည်

ရှိသေစွာဘုရားအမှူးရှိသော ရဟန်းသံဃာကို လုပ်ကျွေး၍ ဆွမ်းဘုဉ်းပေးပြီးသော် မြတ်စွာဘုရားအား အနုမောဒနာ ပြုစိမ့်သောငှာ **သပိတ်တော်**ကိုယူ၏။

**မြတ်စွာဘုရားအနုမောဒနာပြုတော်မူခြင်း**

မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူပြီးသော် ဤသတ္တဝါတို့သည် ပညာမျက်စိမဖြစ်ခြင်းကြောင့် ငါ၏ဂုဏ်, တပည့်သားတော်တို့၏ဂုဏ် ကျေးဇူးကိုမသိကုန်၊ ဘုရားသာသနာတော်၏ ကျေးဇူးကိုလည်း မသိကုန်၊ ပညာမျက်စိမှကင်းသော သူတို့သည် သူကန်းမည်ကုန်၏၊ ပညာရှိကုန်သောသူတို့သည် မျက်စိအမြင် ရှိကုန်သည်မည်ကုန်၏" ဟု မိန့်၍—

ယထာ သင်္ကာရဋ္ဌာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။ ။
ဧဝံ သင်္ကာရဘူတေသု၊ အန္ဓိဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။ ။

ဟူ၍ ဟောတော်မူ၏။

**အနက်**။ ။မဟာပထေ၊ ခရီးမ၌။ ဥဇ္ဈိတသ္မိံ၊ စွန့်အပ်သော။ သင်္ကာရဋ္ဌာနသ္မိံ၊ တံမြက်ချေးစုံအရပ်၌။ သုစိဂန္ဓံ၊ ကောင်းသောအနံ့ရှိသော။ ပဒုမံ၊ပဒုမာကြာသည်။ဇာယေထ၊ဖြစ်ငြားအံ့။တတ္ထ၊၌။ရာဇာဒိနံ၊ မင်းအစရှိသောသူတို့အား။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ်သည်။ ဘဝေယျယထာ၊ ဖြစ်သကဲ့သို့။ ဧဝံဟထာ၊ ထို့အတူ။ သင်္ကာရဘူတေသု၊ တံမြက်ချေးစုသဘွယ်ဖြစ်ကုန်သော။ အန္ဓိဘူတေ၊ အမိုက်အတိဖြစ်ကုန်သော။ ပုထုဇ္ဇနေ၊ ပုထုဇဉ်၌။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား၏တပည့်သားသည်။ ပညာယ၊ ပညာဖြင့်။ အတိရောစတိ၊ လွန်၍တင့်တယ်၏။

ဤဒေသနာတော်၏အဆုံး၌ ရှစ်သောင်း, လေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည် မဂ်ဖိုလ်အကျွတ်တရားကိုရကုန်၏၊ သိရိဂုတ္တ, ဂရဟာဒိန္န အဆွေခင်ပွန်း သူဌေးနှစ်ယောက်တို့သည်လည်း သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏၊ ထိုသူဌေးနှစ်ယောက်တို့သည် မိမိတို့၏ ဥစ္စာကို ဘုရားမြတ်စွာ သာသနာတော်၌ ဖရိဖရဲကြဲကြကုန်၏။

မြတ်စွာဘုရားသည်ထ၍ ကျောင်းတော်သို့ကြွလေ၏၊ ညချမ်းသော အခါ၌ ရဟန်းတို့သည် တရားသဘင်၌ ''ငါ့ရှင်တို့····ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးသည် အံ့ဘွယ်သရဲရှိ၏၊ ဤသို့သဘောရှိသော ရှားမီးခဲ အစု၌ ခွဲ၍,ခွဲ၍ ပဒုမာကြာတို့သည် ပေါက်ကုန်၏''ဟု စကားကိုဖြစ်စေ ကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ''ကာယနုတ္တ''စသည် ဖြင့်မေးတော်မူ၍''ဤမည်သော စကားကြောင့်တည်း''ဟု လျှောက်ကြ လေသော်''ချစ်သားရဟန်းတို့···ယခုအခါ၌ဘုရားဖြစ်ပြီးသော ငါ့အား ရှားမီးကျီးအစုမှ အကြင်ပဒုမာပေါက်ခြင်းသည်ရှိ၏၊ထိုသို့ပေါက်ခြင်း သည် အံ့ဘွယ်မရှိသေး၊တစိတ်တဒေသသောဉာဏ်၌တည်သော ဘုရား လောင်းဖြစ်သော ငါ့အားလည်း ပေါက်ဘူးကုန်သည် သာလျှင် တည်း''ဟုမိန့်တော်မူ၍ရဟန်းတို့တောင်းပန်ကုန်သဖြင့်''ကာမံ ပတာ-ပနိရယံ''အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော ခဒိရင်္ဂါရ ဇာတ် ကိုဟောတော်မူ၏။

---

## ၂၁၄။ နန္ဒောပနန္ဒနဂါးမင်းကိုအရှင်မောဂ္ဂလာန် ဆုံးမတော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ နန္ဒော ပနန္ဒောဝါဒကသုတ်ကို ဟောတော်မူ၏၊ ဟောတော်မူကြောင်းကား– တနေ့သ၌ အနာထပိဏ်သူဌေးသည် ညချမ်းသောအခါ၌ တရားနာပြီး လျှင်''ဘုန်းတော်ကြီးသောအရှင်ဘုရား····နက်ဖြန်နေ့၌ သံဃာတော် ငါးရာနှင့်တကွ အကျွန်ုပ်၏အိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါ'' ဟု ဘိတ်၍သွားလေ၏၊ မြတ်စွာဘုရားသည် တုဏှိဘာဝဖြင့် ဝန်ခံတော် မူလျက် နက်ဖြန်မိုးသောက်သော အခါ သဗ္ဗညုတဉာဏ်တော်ဖြင့် လောကကိုကြည့်သည်ရှိသော် နန္ဒောပနန္ဒနဂါးမင်းကိုမြင်တော်မူ၍ ထို နဂါးမင်းအား သရဏဂုံတည်ခြင်း၏ဥပနိဿယ ကိုဆင်ခြင်တော်မူပြန် သော် နဂါးမင်းသည် မိစ္ဆာဒိဋ္ဌိအယူရှိ၏၊ ရတနာသုံးပါး၌ ကြည်ညို ခြင်းမရှိ-ဟု မြင်တော်မူပြီးလျှင် ''ငါ၏တပည့်တို့တွင် အဘယ်သူသည် ဤနဂါး၏မိစ္ဆာဒိဋ္ဌိအယူကို ခွာဖျောက်နိုင်အံ့နည်း''ဟု ဆင်ခြင်တော် မူသော် အရှင်မဟာမောဂ္ဂလာန်သည် ခွာဖျောက်နိုင်အံ့-ဟုမြင်တော်

မူ၍ နံနက် နေထွက်သောအခါ၌ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်အစရှိသော သံဃာငါးရာတို့နှင့်တကွ "ချစ်သားတို့....အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းစီရင်ခြင်းကိုစွမပြီးမီ တာဝတိံသာသို့ ငါတို့သွားကြကုန်အံ့"ဟု ဇေတဝန်ကျောင်းတော်မှထွက်၏။

ထိုနေ့၌ နန္ဒောပနန္ဒနဂါးမင်းသည် ကြီးစွာသော သဘင်ကိုစီရင်သည်ဖြစ်၍ ရတနာဖြင့်ပြီးသောပလ္လင်ထက်၌ ထီးဖြူဆောင်း၍ များစွာသော နဂါးအပေါင်းတို့ဖြင့် ခြံရံလျက်နေ၏၊ ထိုအခါမြတ်စွာဘုရားသည် ငါးရာသောသံဃာတော်နှင့်တကွ နဂါးမင်းဗိမာန်၏ အထက်ကောင်းကင်ခရီးဖြင့် နတ်ပြည်သို့ကြွတော်မူ၏၊ ထိုသို့ကြွတော်မူသည်ကို နဂါးမင်းမြင်၍ အမျက်ထွက်သဖြင့် ဦးခေါင်းပြည်းစည်းဖြစ်ကုန်သော ဤရဟန်းတို့သည် ငါ၏အထက်ခရီးဖြင့် နတ်ပြည်သို့တက်ကုန်၏၊ ယခုအခါမှစ၍ ငါ၏အထက်၌ ခြေဘဝါးမြူမှုန်ကိုချခြင်းငှာ ငါမပေး-ဟုကြံပြီးသော် နောက်မှထ၍ မြင်းမိုရ်တောင်ခြေရင်းသို့ကပ်လေ၍ မြင်းမိုရ်တောင်ကို ခုနစ်ကြိမ်မိမိအခွေဖြင့်ပတ်၍ တောင်ထိပ်ထက်၌ ပါးပျဉ်းကိုဖြန့်၍ တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းအောက်၌ထား၍ မမြင်ရအောင် ဖုံးလွှမ်းလျက်နေ၏။

ထိုအခါ ရှင်ရဋ္ဌပါလထေရ်သည် မြတ်စွာဘုရားကိုမေးလျှောက်၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ရှေးသောအခါ ဤအရပ်သို့ ရောက်လျှင် မြင်းမိုရ်တောင်ကို မြင်၏၊ တာဝတိံသာနတ်ပြည်ကို မြင်၏၊ ဝေဇယန္တာပြာသာဒ်ကို မြင်၏၊ ပြာသာဒ်ဖျား၌ စိုက်သော ငှက်မြတ်နားကိုမြင်၏၊ ယခုအခါ၌မမြင်ပါ၊ အကြောင်းအဘယ်သို့ရှိပါသနည်း"ဟုလျှောက်၏၊ ထိုစကားကိုကြား၍ "ချစ်သားရဋ္ဌပါလ....နန္ဒောပနန္ဒနဂါးမင်းသည် သင်ချစ်သားတို့ကိုအမျက်ထွက်သဖြင့်မြင်းမိုရ်တောင်ကို မိမိအခွေဖြင့် ခုနစ်ကြိမ်ပတ်၍ တောင်ထိပ်ထက်၌ပါးပျဉ်းမိုးလျက် အလုံးစုံကိုမမြင့်ရအောင်ပြု၍နေသတည်း"ဟု မြတ်စွာဘုရားမိန့်တော်မူ၏၊ "ယင်းသို့ဖြစ်မူကား ရှင်ပင်ဘုရား....ထိုနဂါးမင်းကို အကျွန်ုပ်ဆုံးမပါရစေအံ့"ဟူ၍ ရှင်ရဋ္ဌပါလလျှောက်သော် မြတ်စွာဘုရားသည်အရှင်ရဋ္ဌပါလအားခွင့်ပြုတော်မမူ၊ထို့အတူ အရှင်

ဘဒ္ဒိယ,အရှင်ရာဟုလာ အစရှိသော ငါးရာကုန်သော တပည့်တို့သည် အသီးသီးလျှောက်ကုန်သော်လည်း မြတ်စွာဘုရားသည် အလုံးစုံသော အရှင်တို့အား အခွင့်ပေးတော်မမူ၊ အရှင်မောဂ္ဂလာန်သည် "အရှင်ဘုရား....နဂါးမင်းကို အကျွန်ုပ်ဆုံးမပါရစေအံ့"ဟုလျှောက်၏။

မြတ်စွာဘုရားလည်း **အရှင်မောဂ္ဂလာန်** သာလျှင် ဆုံးမနိုင်မည်ကို မြင်တော်မူ၍"ချစ်သားမောဂ္ဂလာန်...ဤနဂါးမင်းကို သင်ဆုံးမချေ"ဟု ခွင့်ပြုတော်မူသောအခါ အရှင်မောဂ္ဂလာန်သည် ကြီးလှစွာသောနဂါးမင်း၏အရုပ်ကိုဘန်ဆင်း၍တဆယ့်လေးခွေသောအခွေဖြင့်ထိုနဂါးမင်း၏အပေါ်မှမြင်းမိုရ်တောင်ကိုပတ်၍ ထိုနဂါးမင်း၏ ပါးပျဉ်းအထက်၌ အရှင်မောဂ္ဂလာန်သည် ပါးပျဉ်းကိုဖြန့်၍ မြင်းမိုရ်တောင်နှင့်တကွ မလွန့်သာအောင် ကြပ်ကြပ်နှိပ်၏၊ထိုအခါနဂါးမင်းသည်အခိုးလွှတ်၏၊ အရှင်မောဂ္ဂလာန်လည်း "သင်၏ကိုယ်၌သာ အခိုးရှိသည်မဟုတ်၊ ငါ၏ကိုယ်၌လည်း အခိုးရှိသည်သာလျှင်တည်း"ဟု ပြင်းစွာသော အခိုးကို လွှတ်၏၊ ထိုနဂါးမင်း၏အခိုးသည် ရှင်မောဂ္ဂလာန်ကို မထိပါးလေ၊ အရှင်မောဂ္ဂလာန်၏ အခိုးသာလျှင်နဂါးမင်းကိုလွှမ်းလေ၏။

ထိုရောအခါနဂါးမင်းသည် အလျှံကိုတောက်စေ၏၊ရှင်မောဂ္ဂလာန်လည်း"သင်၏ကိုယ်၌သာ အလျှံရှိသည်မဟုတ်၊ငါ၏ကိုယ်၌လည်း အလျှံရှိသည်"ဟု အလျှံကိုတောက်စေ၏၊ ထိုအလျှံတို့တွင် နဂါးမင်း၏အလျှံသည် အရှင်မောဂ္ဂလာန်သို့မထိလာ၊ အရှင်မောဂ္ဂလာန်၏အလျှံသည်သာလျှင် နဂါးမင်း၏ကိုယ်သို့ထိလေ၏၊ ထိုအခါနဂါးမင်းသည် ဤသူသည်ငါ့ကိုမြင်းမိုရ်တောင်နှင့်တကွညှပ်၍ အခိုးအလျှံထွက်၏၊အဘယ်သူဖြစ်သနည်း-ဟုကြံ၍"သင်ကား-အဘယ်မည်သောသူနည်း"ဟုမေး၏၊ အရှင်မောဂ္ဂလာန်သည်"အို-နဂါးမင်း..ငါကား- မောဂ္ဂလာန်တည်း" ဟု မိန့်၏၊ထိုစကားကိုကြား၍နဂါးမင်းသည်"အို-ရဟန်း....သင်သည် ရဟန်း၏အဖြစ်ဖြင့် ရပ်လော့"ဟု ဆို၏၊အရှင်မောဂ္ဂလာန်သည် ဘန်ဆင်းသောနဂါး၏အဖြစ်ကိုစွန့်၍ ရဟန်းအသွင်ဖြင့် ထိုနဂါး၏လကျ်ာနားတွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းမှထွက်၏၊ လက်ဝဲနားတွင်းဖြင့်ဝင်၍ လကျ်ာနားတွင်းမှထွက်၏၊ လကျ်ာနှာခေါင်းပေါက်ဖြင့်ဝင်၍ လက်ဝဲ

နှာခေါင်းပေါက်မှထွက်၏၊ လက်ဝဲနှာခေါင်းပေါက်ဖြင့်ဝင်၍ လက်ျာနှာခေါင်းပေါက်မှထွက်၏၊ ထိုအခါနဂါးမင်းသည် ပေါက်သတ်အံ့-ဟု ကြံ၍ ခံတွင်းကိုဖွင့်၏၊အရှင်မောဂ္ဂလာန်လည်း နဂါး၏ခံတွင်းဖြင့်ဝင်၍ နဂါးမင်း၏ဝမ်းတွင်း၌ စင်္ကြံသွား၏။

ထိုအခါမြတ်စွာဘုရားသည်"ချစ်သားမောဂ္ဂလာန်....ဤနဂါးမင်းသည် ကြီးသောတန်ခိုးရှိ၏၊ နှလုံးသွင်းခြင်းကိုပြုလော့၊ သတိကိုပြုလော့"ဟုမိန့်တော်မူ၏၊ ထိုအခါအရှင်မောဂ္ဂလာန်သည် "ဘုန်းတော်ကြီးသောအရှင်ဘုရား....အကျွန်ုပ်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားစေအပ်ကုန်ပြီ၊ အလေ့အလာများစွာပြုအပ်ကုန်ပြီ၊ နန္ဒောပနန္ဒနဂါးမင်းနှင့်တူသောနဂါးအရာတို့ကိုငဲ့,အထောင်တို့ကိုငဲ့ ဆုံးမခြင်းငှာတတ်နိုင်ပါ၏"ဟုလျှောက်၏၊ထိုနဂါးမင်းသည် ရဟန်းသည်ဝမ်းတွင်းသို့ဝင်လေသောအခါ ငါမမြင်လိုက်မိသောကြောင့် လွတ်နှင့်စေ၊ ထွက်သောအခါ၌ ရဟန်းကို အစွယ်ကြား၌ထား၍ မှုန့်မှုန့်ညက်ညက်ကြေအောင်ဝါးအံ့-ဟု ကြံ၍ "အို-ရဟန်း....ထွက်လှည့်လော့၊ ငါ၏ဝမ်းတွင်း၌ ထိုမှ ဤမှ လူးလာခေါက်တင်စင်္ကြံသွား၍ ငါ့ကိုမနှိပ်စက်လင့်" ဟုဆို၏၊ ထိုစကားကိုကြားသော် အရှင်မောဂ္ဂလာန်သည် ခံတွင်းမှထွက်၍ နဂါးမင်း၏ ရှေ့တူရူ၌ရပ်၏။

နဂါးမင်းလည်း ဤသူသည် ငါ၏ဝမ်းတွင်း၌ စင်္ကြံသွားသော ရဟန်းတကား-ဟု ပြင်းပြစွာနှာခေါင်းလေကိုလွှတ်၏၊ ထိုခဏ၌အရှင်မောဂ္ဂလာန်သည် စတုတ္ထဈာန်ကိုဝင်စား၍နေ၏၊ နဂါး၏နှာခေါင်းလေသည် အရှင်မောဂ္ဂလာန်၏ ကိုယ်တော်၌ အမွေးတချောင်းကိုမျှ လှုပ်စေခြင်းငှာ မတတ်နိုင်သည်ဖြစ်၏၊ဤနဂါးကိုဆုံးမရာ၌ ရှင်ရဋ္ဌပါလ အစရှိသော မထေရ်တို့သည် နဂါးကိုမြင့်မိုရ်တောင်ဖြင့် ညှပ်ခြင်း, နားတွင်းဖြင့်ဝင်ခြင်း, ထွက်ခြင်းအစရှိသော အလုံးစုံသော တန်ခိုးပြာဋိဟာတို့ကိုပြုခြင်းငှာ စွမ်းနိုင်ကုန်သည်ချည်းတည်း၊ ခံတွင်းဖြင့်ထွက်၍ ရှေ့၌ရပ်သောအခါ နှာခေါင်းလေဖြင့် လွှတ်သောခဏ၌ ကား-အရှင်မောဂ္ဂလာန်ကဲ့သို့ လျင်စွာသမာပတ်ဝင်စားခြင်းငှာ မတတ်နိုင်ကုန်၊ အရှင်မောဂ္ဂလာန် တပါးသာလျှင် လျင်စွာသမာပတ်ကိုဝင်စားခြင်းငှာ

တတ်နိုင်သတတ်၊ထို့ကြောင့် အရှင်ရဋ္ဌပါလစသော ငါးရာကုန်သော မထေရ်တို့အား အခွင့်ပြုတော်မမူသတည်း။

နဂါးမင်းသည် နှာခေါင်းလေဖြင့် နှိပ်စက်အံ့သောငှာ မတတ်နိုင်သဖြင့် ဤရဟန်းအား နှာခေါင်းလေဖြင့်လွှတ်၍လည်း အမွေးတချောင်းကိုမျှလှုပ်စေခြင်းငှာ မတတ်နိုင်ဖြစ်ခဲ့၏၊ရဟန်းသည် တန်ခိုးကြီးလှ၏-ဟု အကြံရှိ၏၊ ထိုအခါ အရှင်မောဂ္ဂလာန်သည် နဂါး၏အကြံကို သိ၍ ကိုယ်တော်၏အဖြစ်ကိုစွန့်၍ ဂဠုန်ကိုယ်ကိုဘန်ဆင်းပြန်၍ ပြင်းစွာသောတောင်သံကိုပေး၍ နဂါးမင်းကိုဖမ်းအံ့သောငှာ လိုက်လတ်၏၊ ထိုအခါ နဂါးမင်းသည် နဂါး၏ကိုယ်ကိုစွန့်၍ လူ့အသွင်ဘန်ဆင်း၍ ''အို-သခင်ဘုရား....သခင်ဘုရားသည် ငါ၏ကိုးကွယ်ရာဟု သိရပါပြီ'' ဟု ခြေကိုကိုင်၍ အရှင်မောဂ္ဂလာန်ကို ရှိခိုး၏၊ အရှင်မောဂ္ဂလာန် မထေရ်မြတ်လည်း ''နဂါးမင်း....လူသုံးပါးတို့၏ ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ယခုလာတော်မူ၏၊ နဂါးမင်း....လာလှည့်'' ဟုခေါ်၍ ဆုံးမ၍ အမျက်ဒေါသမရှိသည်ကိုပြု၍ မြတ်စွာဘုရားအထံသို့သွားစေ၏။

ထိုအခါ နဂါးမင်းသည် မြတ်စွာဘုရားကိုရှိခိုး၍ ''ဘုန်းတော်ကြီးသောအရှင်ဘုရား .... အရှင်ဘုရားတို့ကို ငါ၏ကိုးကွယ်ရာဖြစ်၏ဟု သိပြီ''ဟု နားတော်လျှောက်၏၊ မြတ်စွာဘုရားသည် ''အို-နဂါးမင်း.... သင့်အား ချမ်းသာခြင်းသည် ဖြစ်စေသတည်း''ဟု မိန့်၍ ငါးရာသောရဟန်းတို့ဖြင့်ခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ ဆွမ်းစားကြွတော်မူလေ၏၊အနာထပိဏ်သူဌေးသည်''ရှင်ပင်ဘုရား....ယနေ့သည် အလွန်နေမြင့်မှ လာတော်မူသည်ကား အကြောင်းအသို့ရှိပါသနည်း''ဟု မေးလျှောက်၏၊ ထိုအခါ ''သူဌေး....ယနေ့၌ မောဂ္ဂလာန်၏ငှင်း,နန္ဒောပနန္ဒနဂါးမင်း၏ငှင်း စစ်ထိုးကြခြင်းသည်ဖြစ်၏၊ ထို့ကြောင့် နေမြင့်သတည်း''ဟု မိန့်၏။

''ထိုသို့တပြီးကား ရှင်ပင်ဘုရား‥အဘယ်သူအားအောင်ခြင်းသည် ဖြစ်သနည်း၊ အဘယ်သူအား ရှုံးခြင်းသည်ဖြစ်သနည်း''ဟု သူဌေးလျှောက်သဖြင့် ''အိုသူဌေး....မောဂ္ဂလာန်အား အောင်ခြင်းသည်ဖြစ်

၏၊နန္ဒောပနန္ဒနဂါးမင်းအားသာလျှင် ရှုံးခြင်းသည်ဖြစ်၏''ဟု ဘုရား မိန့်တော်မူ၏၊ သူဌေးသည် အလွန်ဝမ်းမြောက်၍ ''ရှင်ပင်ဘုရား.... အောင်ခြင်းတည်းဟူသော မင်္ဂလာဆွမ်းကို ခုနစ်ရက်ပတ်လုံးအကျွန်ုပ် သည်ကျွေးပါအံ့၊အရှင်မောဂ္ဂလာန်အားလည်းအောင်သူကြီး၏ ပူဇော် သက္ကာရကို ပြုပါအံ့၊ ခံတော်မူပါဟု''လျှောက်၍ ဘုရားအမှူးရှိသော သံဃာငါးရာတို့အား ခုနစ်ရက်ပတ်လုံး ကြီးစွာသောပူဇော်သက္ကာရ ကိုပြု၏၊ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် မြတ်စွာဘုရားသည် နန္ဒောပနန္ဒ နဂါးကို လက်ဝဲရံအဂ္ဂသာဝကဖြစ်သော အရှင်မောဂ္ဂလာန်အား တန် ခိုးဖြင့်ဆုံးမစေ၍ သရဏဂုံတည်စေ၏။

---

## ၂၁၅။ မြတ်စွာဘုရားသခင် ဗကဗြဟ္မာအား ဆုံးမချေချွတ်တော်မူခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ ဗကဗြဟ္မာသုတ်ကို ဟောတော်မူခြင်း၏ အဋ္ဌုပ္ပတ္တိကား ဤသို့ တည်း၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ကို ဆွမ်းခံအမှီပြု၍ ဇေတဝန် ကျောင်းတော်၌ နေတော်မူသောအခါ မဟာဗြဟ္မာဘုံ၌ ဖြစ်သော ဗကဗြဟ္မာအား ဤသို့သော မိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏၊ ဤဘုံနှင့်တကွ သောဗြဟ္မာအရပ်သည် မပြတ်တည်၏၊မရေတွက်နိုင်သောသဘောရှိ၏၊ ဤဗြဟ္မာအရပ်သည်ကား ဖြစ်ခြင်းလည်းမရှိ၊ ပျက်ခြင်းလည်းမရှိ၊ ဤ ဗြဟ္မာအရပ်ထက်ငြိမ်းချမ်းသော အရပ်မည်သည်မရှိ၊ ဤသို့ယုတ်မာ သော မှားသောအယူသည်ဖြစ်၏၊ ''ဗြဟ္မာအရပ်ထက်ငြိမ်းချမ်းသော တပါးသောအရပ်မည်သည်မရှိ၊ မင်္ဂလေးပါး, ဖိုလ်လေးပါး,အသင်္ခတ ဓာတ်တည်းဟူသော ဤတရားကိုးပါးသည် ချမ်းသာမရှိ''ဟု ဗြဟ္မာ မင်းအား အယူသည်ဖြစ်၏။

အဘယ်အခါ၌ ဤဗကဗြဟ္မာအား မှားသောအယူဖြစ်သနည်းဟူမူ ကား—ပဋ္ဌမဈာန်ဘုံ၌ ဖြစ်သောအခါ မှားသောအယူသည်ဖြစ်၏၊ ဤ ဗကဗြဟ္မာသည် ရှေးသောအခါ သာသနာတော်အပ၌ ရသေ့ရဟန်း ပြု၍ ကသိုဏ်းပရိကံကိုစီးဖြန်း၍ သမာပတ်ရှစ်ပါးကိုဖြစ်စေ၍ မယုတ်

သောဈာန်ရှိသည်ဖြစ်၍ စုတေသော် စတုတ္ထဈာန်ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၍ ကမ္ဘာငါးရာအသက်ရှည်သဖြင့်နေ၏၊ ကသိုဏ်းပရိကံကိုစီးဖြန်း၍ ရူပါဝစရကုသိုလ် တတိယဈာန်ကိုရ၍ ဝေဟပ္ဖိုလ်ဘုံမှစုတေသော် တတိယဈာန်သုံးဘုံတွင် သုဘကိဏှာဘုံ၌ဖြစ်၍ ခြောက်ဆယ့်လေး ကမ္ဘာပတ်လုံး အသက်နေ၏၊ ထိုဘုံ၌ ကသိုဏ်းပရိကံကိုစီးဖြန်းသော် ရူပါဝစရကုသိုလ် ဒုတိယဈာန်ကိုရ၍ စုတေသော် ဒုတိယဈာန် သုံးဘုံတွင် အာဘဿရာဘုံ၌ ဖြစ်လေ၍ ရှစ်ကမ္ဘာပတ်လုံး အသက်နေ၏၊ ထိုဘုံ၌ ကသိုဏ်းပရိကံကို စီးဖြန်းသော် ရူပါဝစရကုသိုလ် ပဌမဈာန်ကိုရ၍ ထိုအာဘဿရာဘုံမှစုတေသော် ပဌမဈာန်သုံးဘုံတွင် မဟာဗြဟ္မာဘုံ၌ဖြစ်လေ၍ အသင်္ချေယျကပ် တကပ်ပတ်လုံး အသက်နေ၏။

၎င်းမဟာဗြဟ္မာဘုံ၌ ဖြစ်သောအခါ ဗကဗြဟ္မာသည် မိမိပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံကိုငင်း, ရှေး၌မိမိ၏ဖြစ်ဘူးရာ ဘုံကိုငင်း ဥပပါတ်ပဋိသန္ဓေ၏အစွမ်းကြောင့်သိ၏၊ပဌမဈာန်ဘုံ၌ရှည်လျားလတ်သော် ကံကိုငင်း, ဖြစ်ရာဘုံတို့ကိုငင်း နှစ်ပါးကို မေ့လျော့သောကြောင့် ၎င်းငါ၏ခန္ဓာကိုယ်သည်ငင်း,၎င်းခန္ဓာကိုယ်၏ ဖြစ်ရာဘုံသည်ငင်း နိစ္စ,ဓုဝ,သဿတဖြစ်၏ဟု မှားသောမိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏၊ထိုအခါ မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏မှားသောအယူကို ယူသောအဖြစ်ကို သိတော်မူ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်လေသကဲ့သို့သော လျင်ခြင်းဖြင့် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ ထိုဗကဗြဟ္မာမင်း၏ဘုံ၌ ထင်ရှားဖြစ်တော်မူ၏။

ထိုအခါ ဗကဗြဟ္မာသည် မြတ်စွာဘုရား အဝေးမှလာတော်မူသည်ကိုမြင်၍ "ဆင်းရဲမရှိသော ရှင်ပင်ဘုရားသည် လာတော်မူသလော၊ ရှင်ပင်ဘုရား၏ ဗြဟ္မာ့ပြည်သို့လာခြင်းသည် ကောင်းသောလာခြင်းတည်း၊ ကြာမြင့်မှ ရှင်ပင်ဘုရားသည် ၎င်းဗြဟ္မာ့ပြည်သို့ အကြင် လာတော်မူခြင်း၏ အကြောင်းသည်ရှိ၏၊ ထိုအကြောင်းကိုပြုတော်မူပါ"ဟု နားတော်လျှောက်၏၊ ထိုမှတပါးလည်း "ငါကဲ့သို့ ဆင်းရဲမရှိသော အို-ရှင်ပင်ဘုရား....၎င်းဘုံနှင့်တကွသောဗြဟ္မာအရပ်သည် နိစ္စ,ဓုဝဖြစ်၏၊ အခါခပ်သိမ်းထင်ရှားဖြစ်၏၊ မကျိုးမပျက် ဖြစ်၍တည်၏၊ မရွေ့

တတ်သောသဘောရှိ၏၊ ဤအရပ်သည်ကား ဖြစ်ခြင်းလည်းမရှိ၊ ပျက်ခြင်းလည်း မရှိ၊ ဤအရပ်ထက်လွန်ကဲသော ငြိမ်းချမ်းခြင်းမည်သည် မရှိ''ဟူ၍ နားတော်လျှောက်၏။

ထိုစကားကိုကြား၍ မြတ်စွာဘုရားသည် ဗကဗြဟ္မာကိုဆို၏၊ ''အို-အချင်းဘို…. ဗကဗြဟ္မာသည် မိုက်စွတကား၊ အို-အချင်းတို့ .. အနိစ္စတရားသည် ထင်ရှားရှိလျက် အကြင်ကြောင့် ဗကဗြဟ္မာသည် နိစ္စဟူ၍ ဆိုဘိ၏၊ ထို့ကြောင့် မိုက်စွတကား၊ အခါခပ်သိမ်း ထင်ရှားမရှိပါဘဲလျက် အခါခပ်သိမ်းထင်ရှားရှိ၏-ဟူ၍ဆိုဘိ၏၊ ကျိုးပျက်ခြင်းသည် ထင်ရှားရှိလျက် မကျိုးမပျက်ဆိုဘိ၏၊ ရွေ့တတ်သော သဘောသည် ထင်ရှားရှိလျက် မရွေ့တတ်သော သဘောရှိ၏-ဟု ဆိုဘိ၏၊ အကြင်အရပ်၌ဖြစ်ခြင်းသည်ရှိ၏၊ ပျက်ခြင်းသည်ရှိ၏၊ ရွေ့တတ်သော သဘောရှိ၏၊ တည်ခြင်းသဘောမရှိ၊ ထိုအရပ်ကိုဖြစ်ခြင်းသည်မရှိ၊ ပျက်ခြင်းသည်မရှိ၊ ရွေ့ခြင်းလည်းမရှိ၊ တည်ခြင်းသာရှိ၏-ဟု ဆိုဘိ၏၊ ဤအရပ်ထက်လွန်သော တပါးသော ငြိမ်းခြင်းသည်ရှိလျက် ဤအရပ်ထက်လွန်သောတပါးသောငြိမ်းခြင်းမည်သည်မရှိ-ဟု ဆိုဘိ၏''ဟု မိန့်တော်မူ၏။

ထိုစကားကိုကြား၍ ဥပမာကား—ခိုးသူကို ဖမ်းမိသောယောကျ်ားသည် အပေါင်းအဘော်ကို ညွှန်ပြစေလို၍ နှစ်ချက်,သုံးချက်ရိုက်ခတ်၍ မေးသော် ယင်းနှစ်ချက်,သုံးချက်ရိုက်ခတ်ခြင်းကို ခံနိုင်၍ အပေါင်းအဘော်ကိုညွှန်ပြခြင်းမပြု၊ ထို့ထက်လွန်၍ လေးချက်,ငါးချက်စသည် ရိုက်ခတ်ခြင်းကိုပြု၍မေးသော် ထိုလေးချက်,ငါးချက်သော ရိုက်ခတ်ခြင်းကိုမခံနိုင်သည်ဖြစ်၍ အပေါင်းအဘော်တို့ကို ညွှန်ပြသကဲ့သို့ ထို့အတူ ရှင်ပင်ဘုရားသည် ''ဗကဗြဟ္မာသည် မိုက်စွတကား၊ ဤဗြဟ္မာအရပ်သည် အမြဲမရှိသော သဘောသည် ထင်ရှားရှိလျက် မြဲ၏ဟု ဆိုဘိ၏တကား''၊ဤသို့အစရှိသော စကားဖြင့် ခြိမ်းတော်မူသည် ရှိသော် ဗကဗြဟ္မာသည် မိမိအယူကဲ့သို့သော အယူကိုယူသော အပေါင်းအဘော် မိစ္ဆာဒိဋ္ဌိဗြဟ္မာတို့ကို ညွှန်ပြလိုသဖြင့် ''ဒွါသတ္တတိဂေါတမ ပုညကမ္မာ''အစရှိသော ဂါထာကိုရွတ်၍—

"အို-အရှင်ဂေါတမ····ပြဘူးသော ကောင်းမှုကံရှိကုန်၍ ဤဗြဟ္မာပြည်၌ ဖြစ်ကုန်သော အကျွန်ုပ်နှင့်တကွ ခုနစ်ကျိပ်,ခုနစ်ယောက်ကုန်သော ဗြဟ္မာတို့သည် မိမိတို့၏အလိုသို့သူတပါးတို့ကိုလိုက်စေတတ်ကုန်၏၊ ပဋိသန္ဓေနေခြင်းကိုရင်း, အိုခြင်းကိုရင်း လွန်ကုန်၏၊ ဗြဟ္မာမင်းတို့၏ ဖြစ်ခြင်းသည် ပညာနှင့်ပြည့်စုံသော အဆုံးစွန်သော ဖြစ်ခြင်းတည်း၊တပါးမကများစွာကုန်သော သူတို့သည် အကျွန်ုပ်တို့ကို ဤဗြဟ္မာအပေါင်းတို့သည် ကြီးမြတ်သော ဗြဟ္မာမည်၏၊သူတပါးတို့ကို နှိပ်စက်၍ဖြစ်၏၊ သူတပါးတို့သည် မနှိပ်စက်နိုင်သည်ဖြစ်၍တည်၏၊ စင်စစ်သဖြင့် ထိုဗြဟ္မာကြီးသည် လူများအပေါင်းကို မိမိအလိုသို့ လိုက်စေတတ်၏၊ လူတို့ကို အစိုးရ၏၊ လူတို့ကိုပြုတတ်၏၊ မြေ,တောင်, မြင့်မိုရ်, ဟိမဝန္တာ, စကြဝဠာ, လ, နေ, ကြယ်တို့ကို ဘန်ဆင်းတတ်၏၊ လူတို့ထက်မြတ်၏၊ လူတို့ကို သင်သည် မင်းမည်သည် ဖြစ်လော့၊ သင်သည် ပုဏ္ဏားမည်သည် ဖြစ်လော့၊ သင်သည်သူကြွယ်ဖြစ်လော့၊ သင်သည် သူဆင်းရဲဖြစ်လော့၊ သင်သည် လူဖြစ်လော့၊ သင်သည် ရဟန်းဖြစ်လော့၊ သင်သည် ကလအုပ်ဖြစ်လော့၊ သင်သည် နွားဖြစ်လော့၊ ဤသို့အစရှိသည်ဖြင့် စီရင်တတ်၏၊ဤဗြဟ္မာကြီးသည်ကား- ဖြစ်ပြီးသော သတ္တဝါ,မဖြစ်သေးသောသတ္တဝါတို့၏အဘလည်းမည်၏-ဟု အကျွန်ုပ်တို့ကို လူတို့သည် အလွန်တောင့်တအပ်ကုန်၏" ဟူ၍ ဗကဗြဟ္မာသည် လျှောက်၏၊ ထိုစကားကိုကြားတော်မူ၍ ဗကဗြဟ္မာအား ထိုအယူကို ဖျောက်စိမ့်သောငှာ—

အပ္ပံ ဟိ ဧတံ န ဟိ ဒီဃမာယု၊
ယံ တွံ ဗက မညသိ ဒီဃမာယု။
သတံ သဟဿာန နိရဗ္ဗုဒါနံ၊
အာယုံ ပဇာနာမိ တဝါဟံ ဗြဟ္မေ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

ဤဂါထာ၏အဓိပ္ပါယ်သော်ကား-ဗကဗြဟ္မာ····သင်သည်ဤဗြဟ္မာ့ပြည်၌ သင်၏အကြင်အသက်ကြွင်းသည်ရှိ၏၊ထိုအသက်ကြွင်းကို ရှည်၏ဟူ၍ အောက်မေ့၏၊ထိုသင်၏ အသက်ကြွင်းသည်နည်းပြီ၊ တသိန်း

ကုန်သော နိရဗ္ဗုဒတို့၏ အရေအတွက်မျှသာ သင်၏ အသက်ကြွင်းရှိ တော့သည်-ဟု ငါဘုရားသိတော်မူ၏-ဟူလို။

ဤဂါထာဖြင့် ဗကဗြဟ္မာ၏ ငါတို့ဗြဟ္မာ အဖြစ်သည်မြဲ၏-ဟူသော မှားသော အယူကိုပယ်တော်မူလို၍ သင်၏အသက်ကြွင်းသည် နိရဗ္ဗုဒ အရေအတွက်ဖြင့် တသိန်းမျှသာ ကြွင်းတော့သည်၊ နိရဗ္ဗုဒတသိန်းစေ့ လျှင် သင်သည် အနိစ္စသဘောကို မလွန်နိုင်သည်ဖြစ်၍ ဤဗြဟ္မာ၏ အဖြစ်မှ စုတေ့ရတော့အံ့သည်တကား-ဟု မိန့်တော်မူ၏၊ ထို့နောင် ဗကဗြဟ္မာသည် ရှေး၌ဆောက်တည်ခဲ့ဘူးသော မိမိ၏အကျင့်သီလကို မြတ်စွာဘုရားအားမေးလို၍—

အနန္တဒဿီ ဘဂဝါ တွ မသ္မိ၊
ဇာတိံ ဇရံ သောကမုပါတိ ဝတ္တော။
ကိံ မေ ပုရာဏံ ဝတသီလဝတ္တံ၊
အာစိက္ခ မေ တံ ယမဟံ ဝိဇညာ။ ။

ဟူသောဂါထာကိုရွတ်၏။

ဤဂါထာ၌အဓိပ္ပါယ်သော်ကား-ဘုန်းတော်ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား....ရှင်ပင်ဘုရားသည် အဆုံးမရှိသော အာရုံကိုမြင်တော် မူလေ့ရှိသည်ဖြစ်၍ ပဋိသန္ဓေနေခြင်း, အိုခြင်း, စိုးရိမ်ခြင်းကိုလွန်၍ ဖြစ်တော်မူ၏၊ အကျွန်ုပ်၏ ဟောင်းလေပြီးသော အကျင့်သီလကို ရှင်ပင်ဘုရားသည် အဘယ်သို့ဆိုအံ့နည်း၊အကျွန်ုပ်၏ ဟောင်းလေသော အကျင့်သီလကို အကျွန်ုပ်သည်သိရာ၏၊ ထိုအကျင့်သီလကို ရှင်ပင်ဘုရား သည် အကျွန်ုပ်အားကြားတော်မူပါလော့-ဟူလိုသည်။

ထို့နောင်မှ ဘုရားမြတ်စွာသည် ဗကဗြဟ္မာ၏ ရှေး၌ဖြစ်သော အကျင့်သီလကိုကြားတော်မူလိုသည်ဖြစ်၍—

ယံ တွံ အပါယေသိ ဗဟူမနုဿေ၊
ပိပါသိတေ ဃမ္မနိ သမ္ပရေတေ။
တန္တေ ပုရာဏံ ဝတ သီလဝတ္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။

ယံ ဧကိကူလသ္မိံ ဇနံ ဂဟိတံ၊
အမောစယိ ဂယှတံ နိယျမာနံ။
တန္တေ့ ပုရာဏံ ဝတ သီလဝတ္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။

ဂင်္ဂါယ သောတသ္မိ ဂဟိတနာဝံ၊
လုဒ္ဒေန နာဂေန မနုဿကမျာ။
ပမောစယိတ္ထ ဗလသာ ပသယှ၊
တန္တေ့ ပုရာဏံ ဝတ သီလဝတ္တံ။
သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။

ကပ္ပေါစ တေ ပဋ္ဌစရော အဟောသိ၊
သမ္ဗုဒ္ဓိဝန္တံ ဝတိနံ အမညိ။
တန္တေ့ ပုရာဏံ ဝတ သီလဝတ္တံ၊
သုတ္တပ္ပဗုဒ္ဓေါဝ မနုဿရာမိ။ ။

ဟူသောဂါထာတို့ကို ဟောတော်မူ၏။

ထိုဂါထာတို့တွင် ပဌမဂါထာတို့၌ အဓိပ္ပါယ်သော်ကား-အို-ဗက ဗြဟ္မာ…အကြင်သင်သည် နွေလအခါ၌ နေ၏ ပူခြင်းဖြင့် နှိပ်စက်ကုန် သောရေမွတ်သိပ်ခြင်းရှိကုန်သော များစွာသောသူတို့ကို သင်၏တန်ခိုး ဖြင့် ရေသောက်စေပြီ၊ ထိုသင်၏ရှေး၌ဖြစ်သော ထိုအကျင့်သီလကို ငါ သည် အိပ်၍နိုးသောယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏ဆိုလိုသည်။

ဒုတိယဂါထာ၌ အဓိပ္ပါယ်သော် ကား-အို-ဗကဗြဟ္မာ….ဧကိ မည်သော ဂင်္ဂါမြစ်နား၌ အကြင်လူအပေါင်းကို ခိုးသူတို့သည် ဖမ်းယူ အပ်သည်ရှိသော် ချည်နှောင်၍ ဆောင်အပ်သည်ရှိသော် ထိုလူများကို သင်၏ တန်ခိုးအားဖြင့် လွတ်စေပြီ၊ သင်၏ထိုရှေး၌ဖြစ်သော အကျင့် သီလကို ငါဘုရားသည် အိပ်၍နိုးသော ယောကျ်ားကဲ့သို့ အောက်မေ့ တော်မူ၏-ဟူလိုသည်။

တတိယဂါထာ၌ အဓိပ္ပါယ်ကား-အို-ဗက ဗြဟ္မာ….ကြမ်းတမ်း သော ဂင်္ဂေယျကမည်သော နဂါးသည် လူတို့ကို နှိပ်စက်ညှဥ်းဆဲလို သည်ဖြစ်၍ ဂင်္ဂါ၏ရေအယဉ်၌ ဖမ်းကိုင်အပ်သောလှေကို ဗကဗြဟ္မာ၏

အလောင်း ကေသဝရသေ့၏ တန်ခိုးအစွမ်းဖြင့် နှိပ်စက်၍သေဘေး မှ လွတ်စေပြီ၊ သင်၏ရှေး၌ဖြစ်သော ထိုအကျင့်ကိုငှင်း, ထိုသီလကိုငှင်း ငါဘုရားသည် အိပ်၍နိုးသောယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏- ဟူလိုသည်။

စတုတ္ထဂါထာ၌ အဓိပ္ပါယ်ကား-အို—ဗကမြဟ္မာ····သင်ဗကမြဟ္မာ ၏ အလောင်းဖြစ်သော ကေသဝရသေ့၏ ငါဘုရား၏အလောင်းဖြစ် သော ကပ္ပလုလင်သည် အလုပ်အကျွေးတပည့်ကြီးဖြစ်ဘူးပြီ၊ထိုတပည့် လုလင်ကို ပညာရှိတို့၏အကျင့်ဝတ်နှင့်ပြည့်စုံ၏-ဟုသင်သည်အောက်မေ့ ပြီ၊ သင်၏ရှေး၌ဖြစ်သော ထိုအကျင့်သီလကို ငါဘုရားသည် အိပ်၍ နိုးသော ယောကျ်ားကဲ့သို့ အောက်မေ့တော်မူ၏-ဟူလိုသည်။

[ဤကား ပါဠိလျှောက်အဓိပ္ပါယ်တည်း။]

အဓိပ္ပါယ်အကျယ်ကား-“ဤဗကမြဟ္မာသည် ရှေးသောအခါ ဝေ ဟပ္ဖိုလ်ဘုံ၌မဖြစ်မီ လူ့ပြည်တွင် သူကြွယ်အမျိုး၌ဖြစ်သောအခါ ကာ မဂုဏ်စည်းစိမ်ချမ်းသာကိုစွန့်၍ တောထွက်၍ ရသေ့ပြုသဖြင့် သမာ ပတ်ရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဂင်္ဂါမြစ်နား၌ သင်္ခမ်းဆောက်၍နေ ၏၊ ကေသဝရသေ့-ဟု အမည်တွင်၏၊ ထိုရေအခါ လှည်းကုန်သည် ငါးရာတို့သည် ရေမရှိသောခရီးသို့ရောက်လျှင်ရေမသောက်ရကုန်သည် ဖြစ်၍ ယခုအခါငါတို့၏အသက်သည် မရှိချေပြီ၊ သေရကြကုန်အံ့သည် တကား-ဟု မှတ်၍ နေကြကုန်၏၊ ထိုအကြောင်းကို ဗကမြဟ္မာ အလောင်း ကေသဝရသေ့သိ၍ ငါသို့သောသူထင်ရှားလျက် ဤလှည်း ကုန်သည်တို့သည် အဘယ်ကြောင့် သေပျောက်ရအံ့နည်း-ဟု မိမိ တန်ခိုးဖြင့်ဖန်ဆင်း၍ ဂင်္ဂါမြစ်ရေကို ကမ်းသို့လျှံစေ၍ လှည်းကုန်သည် တို့ရှိရာအရပ်သို့ စီးစေ၍ ချိုးသောက်ရကုန်သည်ဖြစ်၍ သေဘေးမှ လွတ်ကုန်၏။

အခါတပါး ရွာကိုဖျက်ဆီးသော ခိုးသူတို့သည် ရွာငယ်တခုကို လုယက်ဖျက်ဆီးလျက် လူသူတို့ကို ဖမ်းဆီးချည်နှောင်၍ ကျွဲ,နွားစ သည်တို့ကို သတ်ပုတ်စားသောက်ကုန်၏၊•လူတို့သည် ငိုမြည်တမ်းခြင်း ကိုပြုကုန်၏၊ ထိုအကြောင်းကို ကေသဝရသေ့သိ၍ ငါသို့သောသူသည် သိမြင်လျက် ဤသူတို့သည် မပျက်စီးစေကုန်သတည်း-ဟု အဘိညာဉ်၏

အခြေဖြစ်သော သမာပတ်ကို ဝင်စားလျက် အင်္ဂါလေးပါးရှိသော စစ်သည်ကိုဘန်ဆင်း၍ ခိုးသူတို့လာလတ္တံ့သောခရီးဖြင့်ရင်ဆိုင်လာ၏၊ ထိုစစ်သည်တို့ကို ခိုးသူတို့မြင်လျှင် ပြည့်ရှင်မင်းသည် ငါတို့ကို စစ်ပြုအံ့သော၄ာ လာလတ်ပြီတကား-ဟု ကြောက်လန့်ကုန်သဖြင့် လူသူ့,ကျွဲ,နွားတို့ကို လွှတ်၍ပြေးလေကုန်၏၊ ထိုသူတို့သည် ရသေ့တန်ခိုးကြောင့် ချမ်းသာစွာ နေရကုန်၏။

တပါးသောအခါ ဂင်္ဂါမြစ်နား၌နေသော ဂင်္ဂေယျနဂါးမင်းသည် အမျက်ထွက်သည်ဖြစ်၍ လှေကုန်သည်တို့ကို သမုဒ္ဒရာ၌မျောစေကုန်အံ့-ဟု ကြီးစွာသောနဂါးတို့၏ကိုယ်ကို ဘန်ဆင်းလျက် ရေကိုနှစ်ဖြာခွဲ၍ ပါးပျဉ်းမိုးကာ ရှုးရှုးမြည်၍နေ၏၊ လူများအပေါင်းသည် နဂါးကိုမြင်လျှင် သေဘေးမှ ကြောက်ကုန်သောကြောင့် ငိုမြည်တမ်းကုန်၏၊ ထိုအသံကိုကြား၍ ကေသဝရသေ့သည် ဂဠုန်၏ကိုယ်ကိုဘန်ဆင်းလျက် နဂါးအားပြလေ၏၊ နဂါးမင်းသည် ဂဠုန်ကိုမြင်လျှင် ကြောက်လန့်သဖြင့် ရေထဲသို့ပြေးဝင်လေ၏၊ လူအများတို့သည် ရသေ့၏ တန်ခိုးကြောင့်ချမ်းသာခြင်းသို့ရောက်ကုန်၏၊ သင်ဗကဗြဟ္မာသည် ကေသဝရသေ့ဖြစ်သောအခါ၌ ငါဘုရား၏ အလောင်းဖြစ်သော ကပ္ပလုလင်သည် ထိုရသေ့၏တပည့်ကြီးဖြစ်၍ အလွန်ပညာရှိသဖြင့် ဝတ်ကြီး,ဝတ်ငယ်နှင့်ပြည့်စုံစွာ သင်ဗြဟ္မာ၏အလောင်းရသေ့အား ခစားလုပ်ကျွေးခြင်းကိုပြု၏၊"ရသေ့သည် နှစ်သက်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ဘူး၏''ဟု မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ ရှေး၌ ဖြစ်သောအကျင့်သီလကိုကြားတော်မူ၏။

ဤသို့ဟောကြားတော်မူသောအဆုံး၌ ဗကဗြဟ္မာမင်းသည် မှားသောမိစ္ဆာဒိဋ္ဌိအယူကိုစွန့်၍ သမ္မာဒိဋ္ဌိအယူ၌ တည်ပြီးလျှင် မြတ်စွာဘုရားအား ချီးမွမ်းထောမနာပြုလိုသဖြင့်—

> အဒ္ဓါ ပဇာနာသိ မမေတမာယုံ။
> အညေပိ ဇာနာသိ တထာဟိ ဗုဒ္ဓေါ။
> တထာဟိ တျာယံ ဇလိတာနုဘာဝေါ။
> ဩဘာသယံ တိဋ္ဌတိ ဗြဟ္မလောကံ။

ဟူသောဂါထာကို ရွတ်၏။

အနက်။ ။ဘန္တေ၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ တွံ၊ ရှင်ပင်ဘုရားသည်။မမ၊အကျွန်ုပ်၏။တေံအာယုံ၊ထိုနိရဗ္ဗုဒ အရေအတွက်ဖြင့် တသိန်းသာကြွင်းသော အသက်၏ အပိုင်းအခြားကို။ အဒ္ဒါ၊စင်စစ်။ ပဇာနာသိ၊ သိတော်မူ၏။ အညေပိ၊ အကျွန်ုပ်မှတပါးသော ဗြဟ္မာတို့ကိုလည်း။ ဇာနာသိ၊ သိတော်မူ၏။ တထာဟိ-တတောဝေ၊ ထိုသို့သိတော်မူသောကြောင့်သာလျှင်။ ဗုဒ္ဓေါ၊ ဘုရားဖြစ်တော်မူ၏။ တထာ-ဟိ-တတောဝေ၊ ထိုသို့ဘုရားဖြစ်တော်မူသောကြောင့်လျှင်။တေ၊ ရှင်ပင်ဘုရား၏။ အယံဇလိတာနုဘာဝေါ၊ ဤတောက်ပသော တန်ခိုးအာနုဘော်သည်။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်သို့။ ဩဘာသယံ–ဩဘာ-သယန္တော၊ ထွန်းလင်းစေလျက်။ တိဋ္ဌတိ၊ တည်တော်မူ၏။

[ဤကား မြတ်စွာဘုရားကို ဗကဗြဟ္မာ ချီးမွမ်းထောမနာ ပြုသော စကားတည်း၊ ဤသို့ဆိုအပ်ပြီးသည်ကား ဗကဗြဟ္မာသုတ်၏ အမိပ္ပါယ် တည်း။]

---

## ၂၁၆။ စူဠသုဘဒ္ဒါနှင့်ဥဂ္ဂသူဌေးတို့ကိုအကြောင်းပြု၍ တရားဟောတော်မူခြင်း

“ဒူရေသန္တော” အစရှိသောတရားတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဟောတော်မူ၏၊ အဋ္ဌုပ္ပတ္တိကား– အနာထပိဏ်သူဌေးအား ငယ်သောအခါမှစ၍ ဥဂ္ဂမြို့၌နေသော ဥဂ္ဂသူဌေးနှင့် အဆွေခင်ပွန်း ဖြစ်ကြ၏၊ ထိုသူနှစ်ယောက်တို့သည် တဆရာတည်း၌ အတူအတတ်သင်ကုန်သောအခါ အချင်းချင်း ကတိကဝတ်ပြုကုန်၏၊“ငါတို့အား အရွယ်သို့ရောက်သော အခါ၌သား,သမီးတို့သည် ဖွားကုန်သော် သားယောကျ်ားဘွားသော သူအား သမီးဘွားသောသူသည် ထိုသားယောကျ်ားအလို့ငှာ မိမိသမီးကိုပေးအပ်၏”ဟူ၍ကတိကဝတ်ကိုပြုလေကုန်၏၊ထိုနှစ်ယောက်တို့သည် အရွယ်ရောက်သောအခါ၌ မိမိတို့၏အဘ်သူဌေးအရာ၌တည်လေကုန်၏။

အနာထပိဏ်သူဌေးအား မဟာသုဘဒ္ဒါ, စူဠသုဘဒ္ဒါ, သုမနဒေဝီ ဟူ၍ သမီးသုံးယောက်,ကာလဟူ၍ သားတယောက်မြင်၏၊ ဥဂ္ဂသူဌေး

အားကား—သားယောက်ျားတယောက်သာ မြင်၏၊ တပါးသောအခါ၌ ဥဂ္ဂသူဌေးသည် ကုန်ရောင်းဝယ်လို၍ ငါးရာသောလှည်းတို့ဖြင့် သာဝတ္ထိ ပြည်သို့သွား၍ အနာထပိဏ်သူဌေးအိမ်၌တည်းနေလေ၏၊ အနာထပိဏ် သူဌေးသည် သမီးစူဠသုဘဒ္ဒါကို ခေါ်၍“ချစ်သမီး....သင်၏အဘဥဂ္ဂ သူဌေးသည် လာ၏၊ ထိုသူဌေးအားပြုဘွယ်ကိစ္စအလုံးစုံသည် သင်၏ ဝန်တည်း”ဟုစေ၏၊ ထိုစူဠသုဘဒ္ဒါသည်“ကောင်းပြီ”ဟု ဝန်ခံ၍ ထိုဥဂ္ဂ သူဌေး၏လာသောအခါမှစ၍မိမိလက်ဖြင့်သာလျှင်ဟင်း,ထမင်းစသည် တို့ကို ပြည့်စုံစေ၏၊ ပန်း,နံ့သာ,နံ့သာပျောင်း အစရှိသည်တို့ကိုလည်း စီရင်လေ၏။

ထမင်းစားပြီးသောအခါ၌ ထိုသူဌေးအား ချိုးရေစီရင်၍ ရေချိုးပြီး သောအခါမှစ၍ အလုံးစုံသောကိစ္စကို ကောင်းစွာပြု၏၊ ဥဂ္ဂသူဌေးသည် ထိုစူဠသုဘဒ္ဒါ၏ အကျင့်နှင့် ပြည့်စုံခြင်းကိုမြင်၍ ကြည်ညိုသည်ဖြစ်၍ တနေ့သ၌ အနာထပိဏ်သူဌေးနှင့် ချမ်းသာစွာစကားပြောဟောလျက် “ငါတို့သည် ငယ်သောအခါ၌ ဤသို့သောကတိကဝတ်ကိုပြုကြကုန်၏” ဟု အောက်မေ့စေ၍ စူဠသုဘဒ္ဒါကို မိမိ၏သားအလို့ငှာ တောင်း၏၊ ထိုဥဂ္ဂသူဌေးသည်ကားသဘောအားဖြင့်မိစ္ဆာဒိဋ္ဌိအယူရှိ၏၊ထို့ကြောင့် မြတ်စွာဘုရားအား အကြောင်းကို လျှောက်၍ မြတ်စွာဘုရားသည် ဆင်ခြင်တော်မူသဖြင့် ဥဂ္ဂသူဌေးအား မဂ်ဖိုလ်၏ ဥပနိဿယကို မြင် တော်မူ၍ ခွင့်ပြုတော်မူပြီးသော် သူဌေးမနှင့် တိုင်ပင်၍ ထိုဥဂ္ဂသူဌေး၏ စကားကို ဝန်ခံ၏။

နေ့ရက်ကို ချိန်းချက်မှတ်သား၍ အနာထပိဏ်သူဌေးသည် စူဠ သုဘဒ္ဒါကိုခေါ်၍ “ချစ်သမီး.... တပါးသောသူ၏အိမ်၌ နေသောသူ မည်သည်ကား-အတွင်းမှမီးကိုပြင်သို့မထုတ်အပ်၊ ပြင်မှမီးကို အတွင်း သို့မသွင်းအပ်၊ ပေးပြန်တတ်သောသူအား ပေးအပ်၏၊ မပေးပြန်တတ် သောသူအား မပေးအပ်၊ ရောက်သောသူ, မရောက်သောသူအား အလှည့်ပေးအပ်၏၊ ချမ်းသာစွာနေအပ်၏၊ ချမ်းသာစွာစားအပ်၏၊ ချမ်းသာစွာအိပ်အပ်၏၊ မီးကိုလုပ်ကျွေးအပ်၏၊နတ်ကို ရှိခိုးအပ်၏”ဟု ဤဆယ်ပါးသော အဆုံးအမကိုပေး၍ “အကယ်၍ ငါ့သမီးအားသွား လေရာရာအရပ်၌ အပြစ်သည်ဖြစ်အံ့၊ သင်တို့သည် သုတ်သင်အပ်၏”

ဟူ၍ ရှစ်ယောက်ကုန်သော သူကြွယ်တို့ကို ထည့်လိုက်၏၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကိုလည်း"ငါ၏သမီးနှင့်လိုက်လိုသသူတို့သည် လိုက်ကြကုန်"ဟူ၍ ထည့်လိုက်၏။

အသပြာဖြင့် ပြည့်သောလှည်း, ရွှေအိုးတို့ဖြင့် ပြည့်သောလှည်း, ငွေအိုးတို့ဖြင့်ပြည့်သောလှည်း, ပိုးချည်ပုဆိုးတို့ဖြင့် ပြည့်သောလှည်း, တင်လဲဖြင့် ပြည့်သောလှည်း, သလေးဆန်တို့ဖြင့် ပြည့်သောလှည်း, ထမင်းအိုး-ဟင်းအိုးတို့ဖြင့် ပြည့်သောလှည်း, ထွန်ပိုး-ထွန်တုံး-ထွန်သွားစသော အဆောက်အဦတို့ဖြင့်ပြည့်သောလှည်းတို့ကို ငါးရာစီပေးလိုက်၏၊နွားတို့ကိုလည်း ခြံငယ်တခုကိုဖွင့်၍ အလျားသုံးဂါဝုတ်, အနံတဥသဘအရပ်၌ ပြည့်အောင်ထုတ်၍ ပေးလိုက်၏၊ဤသို့ အနာထပိဏ်သူဌေးသည် သမီးစူဠသုဘဒ္ဒါအား ကြီးစွာသောပူဇော်သက္ကာရကိုပြု၍ အဆွေခင်ပွန်းဥဂ္ဂသူဌေးအား ချွေးမအလို့ငှာ ပေးအပ်လိုက်၏၊အနာထပိဏ်သူဌေးသည် သမီးကိုလွှတ်လိုက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသော အလှူကိုပေး၍ ရှေးဘဝ၌ သမီးသည် ပြုအပ်သောကောင်းမှုအကျိုး၏တင့်တယ်ခြင်းကို လောကအားထင်ရှားပြု၍ ပြသကဲ့သို့ ကြီးစွာသော ပူဇော်သက္ကာရဖြင့် လွှတ်လိုက်၏။

အစဥ်သဖြင့် ဥဂ္ဂမြို့သို့ရောက်သောအခါ ယောက္ခမ၏ အမျိုးနှင့် တကွ လူများအပေါင်းတို့သည် ထိုစူဠသုဘဒ္ဒါအား ခရီးဦးကြိုဆိုခြင်းကိုပြု၏၊ထိုသုဘဒ္ဒါသည်လည်း မိမိအသရေ၏တင့်တယ်ခြင်းကိုထင်ရှားပြုခြင်းငှာ တပြည်လုံးအား မိမိကိုယ်ကိုပြလျက် လှည်းစီး၍မြို့သို့ဝင်၏၊ ပြည်သူ, ပြည်သားတို့ ပို့လာအပ်သော ပဏ္ဏာကာရတို့ကို သိမ်းယူ၍ အထိုက်အလျောက် အားဖြင့် ထိုသူတို့အားလည်း ပဏ္ဏာလက်တုံ့ကိုပို့စေ၍ တပြည်လုံးကို မိမိဂုဏ်နှင့်တစပ်တည်းပြု၏၊ မင်္ဂလာပြုသောနေ့၌ကား ထိုစူဠသုဘဒ္ဒါ၏ ယောက္ခမသည် ဆရာဖြစ်သော အဝတ်မဝတ်အချည်းစည်းနေသော တက္ကတွန်းတို့အားပင့်၍ "ချွေးမသည် ငါတို့၏ဆရာရဟန်းတို့ကို ရှိခိုးလာစေသတည်း"ဟု စေလိုက်၏။

ထိုစူဠသုဘဒ္ဒါသည် ရှက်သဖြင့် အချည်းစည်း အဝတ်မဝတ်သော ထိုတက္ကတွန်းတို့ကို ရှုအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ သွားအံ့သောငှာ အလိုမရှိ၊ ယောက္ခမသည် အဘန်တလဲလဲစေသော်လည်း ချွေးမ

သည့် ပယ်အပ်သည်ဖြစ်၍ အမျက်ထွက်သဖြင့်“ဤချွေးမကိုနှင်ထုတ်လေကုန်”ဟု ဆို၏၊ထိုစူဠသုဘဒ္ဒါသည်“ငါ့အားအကြောင်းမရှိဘဲ နှင်ထုတ်အံ့သောငှာ မတတ်ကောင်း”ဟုရှစ်ယောက်သောသူကြွယ်တို့ကိုခေါ်စေ၍ ထိုအကြောင်းကိုကြား၏၊ထိုသူကြွယ်တို့သည် သုဘဒ္ဒါအား အပြစ်ကင်းသောအဖြစ်ကို ထိုသူဌေးအားကြားကုန်၏၊ ထိုသူဌေးသည် “ဤချွေးမသည် ငါ၏ဆရာရဟန်းတို့ကို ရှိမခိုးလို”ဟု မိမိမယားအားကြား၏။

ထိုသူဌေးမသည် “ဤချွေးမကား-ငါတို့ဆရာရဟန်းတို့ကိုရှိမခိုးဘဲ မိမိဆရာဖြစ်သောရဟန်းတို့၏ဂုဏ်ကျေးဇူးကိုသာများစွာချီးမွမ်း၏၊ထို့ကြောင့်ချွေးမအားအကြောင်းကိုမေးဦးအံ့-ဟု ကြံလျက်“ချွေးမသစ်··· သင်၏ဆရာရဟန်းတို့သည် အဘယ်သို့သဘောရှိကုန်သနည်း၊သင်သည် များစွာသင့်ဆရာတို့ကိုချီးမွမ်း၏၊သင်၏ဆရာရဟန်းတို့သည် အဘယ်သို့အလေ့ရှိကုန်သနည်း၊အဘယ်သို့ကောင်းသောအကျင့်ရှိကုန်သနည်း၊ထိုအကြောင်းကို ငါ့အားသင်သည်ကြားလော့”ဟု ဆို၏၊ ထိုရောအခါ ယောက္ခမမိန်းမသူအား သုဘဒ္ဒါသည် မြတ်စွာဘုရားတို့၏ဂုဏ်,ဘုရားတပည့်သားတော်တို့၏ဂုဏ် ကျေးဇူးကိုထင်ရှားပြလိုသည်ဖြစ်၍—

သန္တိန္ဒြိယံ သန္တမနံ၊သန္တံ တေသံ ဂတံ ဌိတံ။
ဩက္ခိတ္တစက္ခု မိတဘာဏီ၊တာဒိသာ သမဏာ မမ။ ။

အစရှိသော ရှစ်ဂါထာတို့ကိုဆို၏၊ထိုဂါထာတို့၌ အဓိပ္ပါယ်ကား-

၁။ “ငါ၏ဆရာရဟန်းတို့သည်ငြိမ်သက်သောဣန္ဒြေရှိကုန်၏၊ငြိမ်သက်သောစိတ်ရှိကုန်၏၊ထိုငါ့ဆရာတို့အား သွားခြင်းသည် ငြိမ်သက်၏၊ရပ်ခြင်းသည်ငြိမ်သက်၏၊ ချသောမျက်လွှာရှိ၏၊ အတိုင်းအရှည်နှင့်ယှဉ်၍ စကားကိုဆို၏၊ ငါ၏ဆရာရဟန်းတို့သည် ထိုသို့ဆိုအပ်ပြီးသော ကျေးဇူးနှင့် ယှဉ်ကုန်၏။

၂။ ထိုဆရာတို့အား ကာယကံသည် စင်ကြယ်၏၊မနောက်သော ဝစီကံသည်ရှိ၏၊ မနောကံသည် စင်ကြယ်၏၊ ငါ၏ဆရာတို့သည် ထိုဆိုအပ်ပြီးသော ကျေးဇူးနှင့်ပြည့်စုံကုန်၏။

၃။ အညစ်အကြေးကင်းသောရွှေသင်း,ပုလဲအရောင်ရှိ၏၊ကိုယ်တွင်း,ကိုယ်ပ၌ စင်ကြယ်၏၊ စင်သောတရားတို့နှင့်ပြည့်စုံ၏၊ ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသောကျေးဇူးရှိကုန်၏။

၄။ လူအပေါင်းသည် လာဘ်ရသဖြင့် မာန်တက်၏၊ လာဘ်မရသဖြင့် မာန်ယုတ်၏၊ ပညာရှိသည် လာဘ်ရ, မရနှစ်ပါးဖြင့် မျှသောတည်ခြင်းရှိ၏၊ ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသော ဂုဏ်ရှိကုန်၏။

၅။ လူအပေါင်းသည် အခြံအရံများသဖြင့် မာန်တက်၏၊ အခြံအရံနည်းသဖြင့် မာန်ယုတ်၏၊ အခြံအရံနည်းခြင်း,များခြင်း၌ ပညာရှိတို့သည် မျှသောတည်ခြင်း ရှိကုန်၏၊ ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသော မျှသောတည်ခြင်းဟူသော သဘောရှိကုန်၏။

၆။ လောကသည် ချီးမွမ်းခြင်းများသည်ဖြစ်၍ မာန်တက်၏၊ ကဲ့ရဲ့ခြင်းရှိသဖြင့် မာန်ယုတ်၏၊ ပညာရှိတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့၌ အမျှတည်၏၊ ငါ၏ဆရာရဟန်းတို့သည် ထိုသို့ အမျှတည်ခြင်း သဘောရှိကုန်၏။

၇။ လောကသည် ချမ်းသာခြင်းဖြင့်မာန်တက်၏၊ ဆင်းရဲခြင်းဖြင့်မာန်ယုတ်၏၊ ပညာရှိတို့သည် ချမ်းသာ,ဆင်းရဲဖြစ်သော အခါတို့၌ မတုန်လှုပ်သော သဘောရှိကုန်၏၊ ငါ၏ဆရာရဟန်းတို့သည် ချမ်းသာခြင်း, ဆင်းရဲခြင်းဖြင့် မတုန်လှုပ်သောသဘောရှိကုန်၏''။

ဤသို့အစရှိသောစကားတို့ဖြင့် ယောက္ခမကိုနှစ်သက်စေ၏။

ထိုအခါ သုဘဒ္ဒါကို ''သင်၏ဆရာတို့ကို ငါတို့အားပြခြင်းငှာ တတ်နိုင်ပါအံ့လော''ဟု မေး၍ ''တတ်နိုင်ပါ၏'' ဆိုသော် ''ထိုသို့တမူကား အကြင်အခြင်းဖြင့် ထိုသင်၏ဆရာတို့ကို ငါတို့သည် ဖူးမြင်ရကုန်၏၊ ထိုအခြင်းဖြင့်ပြုပါလော့''ဟု ဆိုသော် သုဘဒ္ဒါသည် ''ကောင်းပါပြီ''ဟု ဝန်ခံ၍ ဘုရားအမှူးရှိသော သံဃာ့ငါးရာအား ကြီးစွာသောအလှူကို စီရင်၍ အထက်ပြာသာဒ်အပြင်၌ရပ်လျက် ဇေတဝန်ကျောင်းတော်သို့ ရှေးရှုရှိသေစွာ ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍ မြတ်စွာဘုရား ကျေးဇူးတော်တို့ကို ဆင်ခြင်လျက် နံ့သာဖြင့် ထုံအပ်သောပန်းအခိုးတို့ဖြင့်ပူဇော်ပြီးလျှင် ''ဘုန်းတော်ကြီးသောအရှင်ဘုရား....နက်ဖြန်အလို့ငှာဘုရားအမှူးရှိသောသံဃာကို အကျွန်ုပ်သည် ဆွမ်းဘိတ်မန်

ပါ၏၊ ဤမြတ်လေးပန်းအမှတ်ဖြင့် ဆွမ်းဘိတ်မန်သောအဖြစ်ကိုရှင်ပင် ဘုရားသည် သိတော်မူပါ''ဟု ရှစ်ဆုပ်သောမြတ်လေးပန်း တို့ကိုကောင်းကင်၌မြှော်က်၏၊ မြတ်လေးပန်းရှစ်ဆုပ်တို့သည် မြတ်စွာဘုရားရှိတော်မူရာသို့လာကုန်၍ ပရိသတ်လေးပါးတို့၏အလယ်၌ တရားဟောတော်မူသောမြတ်စွာဘုရား၏အထက်၌ ဗိတာန်ကြက်သကဲ့သို့ဖြစ်၍ တည်၏

ထိုခဏ၌ အနာထပိဏ်သူဌေးသည်ကြည့်လျက် တရားနာပြီးလျှင် ''နက်ဖြန်အလို့ငှာဆွမ်းဘိတ်၏၊ နက်ဖြန်အလို့ငှာဆွမ်းကိုငါသည်ဝန်ခံအပ်ပြီ''ဟု မြတ်စွာဘုရားသည် မိန့်တော်မူသော် ''အရှင်ဘုရား···· အကျွန်ုပ်မှရှေးဦးစွာလာသောသူမည်သည်မရှိပါ၊ အရှင်ဘုရားတို့သည် အဘယ်သူအား ဝန်ခံကုန်သနည်း''ဟု အနာထပိဏ် သူဌေးသည် လျှောက်အပ်သည်ရှိသော် ''သူကြွယ်···· စူဠသုဘဒ္ဒါသည် ဘိတ်မန်အပ်ပြီ''ဟု မိန့်တော်မူ၏၊ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား···· စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိပြည်မှယူဇနာ-၁၂၀ဝေးသောအရပ်၌နေပါသည်''ဟု လျှောက်သော်''သူကြွယ်··ချော်-ဝေးသောအရပ်၌နေ၏၊ သူတော်ကောင်းတို့သည် ဝေးသောအရပ်၌ နေသော်လည်း ရှေးရှု အရပ်၌ တည်ကုန်သကဲ့သို့ထင်ရှားဖြစ်ကုန်၏''ဟု မိန့်တော်မူ၍—

ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။
အသန္တေတ္ထ နဒိဿန္တိ၊ ရတ္တိံ ခိတ္တော သရော ယထာ။ ။

ဟူသောဂါထာကိုဟောတော်မူ၏။

**အနက်**။ ။ဂဟပတိ၊သူကြွယ်။ဒူရေ၊ဝေးသောအရပ်၌။ သန္တော၊သူတော်ကောင်းတို့သည်။ဟိမဝန္တော၊ ဟိမဝန္တာအမည်ရှိသော။ပဗ္ဗတောဣဝ၊ တောင်ကဲ့သို့။ဗုဒ္ဓါနံ၊ ဘုရားတို့အား။ ပကာသေန္တိ၊ ထင်ရှားဖြစ်ကုန်၏။ဧတ္ထ၊ ဤငါဘုရား၏အနီး၌။ ဝသန္တာ၊နေကုန်သော။အသန္တော၊ သူတော်ကောင်းမဟုတ်ကုန်သောသူတို့သည်။ ရတ္တိံ၊ညဉ့်၌။ ခိတ္တော၊ ပစ်အပ်သော။ သရောယထာ၊မြှားကဲ့သို့။ နောငါတို့အား။ နပကာ-သေန္တိ၊ ထင်ရှားမဖြစ်ကုန်။

ဒေသနာတော်၏အဆုံး၌ များစွာသော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့၌ တည်လေကုန်၏။

သိကြားနတ်မင်းသည် စူဠသုဘဒ္ဒါ၏ဆွမ်းဘိတ်မန်ခြင်းကို မြတ်စွာဘုရားသည် ဝန်ခံတော်မူ၏-ဟုသိ၍ ဝိသုကြံနတ်သားကို ခေါ်ပြီးလျှင် "အချင်းဝိသုကြံနတ်သား····စုလစ်မွန်းချွန်တပ်သော ပြာသာဒ်ငါးရာ ဘန်ဆင်း၍ နက်ဖြန်စောစောကလျှင် ဘုရားအမှူးရှိသောသံဃာတော်ငါးရာကိုတင်လျက် ဥဂ္ဂမြို့သို့ဆောင်ပို့လော့"ဟုစေ၏၊ဝိသုကြံနတ်သားသည်နက်ဖြန်မိုးသောက်သောနေ့၌ ပြာသာဒ်ငါးရာ ဘန်ဆင်း၍ ဇေတဝန်ကျောင်းတော်မုခ်တံခါးဝ၌ ရပ်လာ၏၊ မြတ်စွာဘုရားသည် အထူးသဖြင့်စင်ကြယ်သော ကုန်ပြီးသော အာသဝေါရှိသော ငါးရာသော ရဟန်းတို့ကို ရွေးကောက်ယူတော်မူ၍ ရဟန္တာ အခြံအရံငါးရာနှင့်တကွ ပြာသာဒ်ငါးရာတို့၌ တပါးစီနေတော်မူ၍ ဥဂ္ဂမြို့သို့ကြွတော်မူလေ၏။

ဥဂ္ဂသူဌေးသည်လည်း သုဘဒ္ဒါသည်ပေးအပ်သောနည်းဖြင့် အခြံအရံတို့နှင့်တကွ မြတ်စွာဘုရားကြွတော်မူလာရာ ကောင်းကင်ခရီးကို ကြည့်လျက်နေ၏၊များစွာသောဘုရား၏အသရေတော်ဖြင့် ထွန်းပလျက်ကြွတော်မူလာသော မြတ်စွာဘုရားကိုမြင်သော် ကြည်ညိုသောနှလုံးရှိသည်ဖြစ်၍ ပန်း,နံ့သာစသည်တို့ဖြင့် ပူဇော်သက္ကာရကိုပြုလျက် မြတ်စွာဘုရားကိုရှိခိုး၍ ကြီးစွာသောအလှူကိုပေးပြီးလျှင် အထပ်ထပ်ဆွမ်းဘိတ်မန်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၏၊ မြတ်စွာဘုရားသည် ထိုဥဂ္ဂသူဌေးအားလျောက်ပတ်သောတရားကို ဟောတော်၏၊ ဥဂ္ဂသူဌေးကိုအစပြု၍ ရှစ်သောင်း,လေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည် အဘျွတ်တရားရကြကုန်၏၊"စူဠသုဘဒ္ဒါကိုချီးမြှောက်သဖြင့် သင်သည် ဤမြို့၌နေရစ်လော့"ဟု အရှင်အနုရုဒ္ဓါကိုထားခဲ့၍ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလေ၏၊ ထိုအခါမှစ၍ ဥဂ္ဂမြို့၌နေကုန်သောသူတို့သည် ရတနာသုံးပါး၌ကြည်ညိုကုန်၏။